မန္တလေးမြို့

ဓမ္မစကြာပဋိပတ်သာသနာပြုအဖွဲ့ချုပ်

မှ

မဟာသတိပဋ္ဌာန်ပဋိပတ်လုပ်ငန်းစဉ်

# တရားတော်ဟောစဉ်ကျမ်း

ဒုတိယတွဲ

မူပိုင်



ကျမ်းစာ

ဓမ္မစကြာပဋိပတ်သာသနာပြုရိပ်သာ
မင်္ဂလာဥယျာဉ်ရပ်-အရှေ့ပြင်
မန္တလေးမြို့

ဓမ္မစကြာ ပဋိပတ်သာသနာပြုအဖွဲ့ချုပ်

မှ

မဟာသတိပဋ္ဌာန် ပဋိပတ်လုပ်ငန်းစဉ်

# တရားတော် ဟောစဉ်ကျမ်း။

ဒုတိယတွဲ

မူပိုင် ☆ ကျမ်းစာ

---

ဓမ္မစကြာ ပဋိပတ် သာသနာပြုရိပ်သာ
မင်္ဂလာဥယျာဉ်ရပ်–အရှေ့ပြင်
မန္တလေးမြို့။



ကျေးဇူးရှင် ဓမ္မစကြာ မူလမဟာနာယက ဆရာတော်ဘုရား၊

# မာတိကာ။


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁။ | အကြောင်းပြ နိဒါန်း (၁) | ၁ |
| ၂။ | အကြောင်းပြ နိဒါန်း (၂) | ၃ |
| ၃။ | စိတ်အကြောင်း ရုပ်နာမ်ခွဲစိတ်ပုံ<br>ပုံစံနံပါတ် (၁၁) ဟောစဉ် | ၅ |
| ၄။ | အဟိတ်ခန္ဓာပေါ်ပုံ<br>ပုံစံနံပါတ် (၁၂) ဟောစဉ် | ၅၉ |
| ၅။ | ကံအကြောင်းတရားနေပုံ<br>ပုံစံနံပါတ် (၁၃) ဟောစဉ် | ၁၀၈ |
| ၆။ | ကံအကြောင်း သဘာဝ<br>ပုံစံနံပါတ် (၁၄) ဟောစဉ် | ၁၅၂ |
| | ခန္ဓာပိုင်း အာနာပါန ကဏ္ဍ | |
| ၇။ | လက်တွေ့သတိပဋ္ဌာန်ပေါ်ပုံ<br>ပုံစံနံပါတ် (၁၅) ဟောစဉ် | ၁၈၁ |
| ၈။ | မျက်စေ့နား သတိပဋ္ဌာန်ပေါ်ပုံ<br>ပုံစံနံပါတ် (၁၆) ဟောစဉ် | ၂၂၈ |
| ၉။ | အာနာပါနတံခါး ၄-ပါးနေပုံ<br>ပုံစံနံပါတ် (၁၇) ဟောစဉ် | ၂၇၂ |
| ၁၀။ | အာနာပါန ပဌမ တံခါးပေါက်နေပုံ<br>ပုံစံနံပါတ် (၁၈) ဟောစဉ် | ၃၂၉ |
| ၁၁။ | ပဌမ တံခါးပေါက် ရုပ်နာမ်ပေါ်ပုံ<br>ပုံစံနံပါတ် (၁၉) ဟောစဉ် | ၃၉၁ |

# အကြောင်းပြ-နိဒါန်း ( ၁ )

မဂ်ဖိုလ် နိဗ္ဗာန် တရားမှန်ကို ရှာကြံကြိုးကုတ် အားထုတ် ရှာမှီး ဆည်းပူးလေ့လာလျက်ရှိကြကုန်သော ပါရမီရှင် ဓမ္မမိတ်ဆွေ အပေါင်းတို့ထံသို့ ဓမ္မစကြာပဋိပတ်သာသနာပြုရိပ်သာကြီးမှ မဟာသတိပဋ္ဌာန် ပဋိပတ်လုပ်ငန်းစဉ်တရားတော် ဟောစဉ်ကျမ်း ပဌမတွဲကို အောင်မြင်စွာဖြင့် ပညာရှိများထံသို့ တင်ဆက်ထုတ်ဝေပြီးပါပြီ၊ ဒုတိယတွဲကိုလည်း ယခုဘဖန် တာဝန်ကျေပြွန်စွာဖြင့် ဆက်လက်ထုတ်ဝေသိုက်ပါပြီ။

ဤကဲ့သို့ "မဟာသတိပဋ္ဌာန်ပဋိပတ်လုပ်ငန်းစဉ်တရားတော်ဟောစဉ်ကျမ်း" ကို ဓမ္မမိတ်ဆွေအပေါင်း သူတော်ကောင်းတို့ထံ တင်ဆက်ထုတ်ဝေရာတွင် ဓမ္မစကြာပဋိပတ် သာသနာပြုရိပ်သာ "ဝန်ဆောင်သံဃာတော်များအဖွဲ့" မှ ဦးဆောင်လျက် ၁–ဖေါ်ထုတ်ရေး ၂–ပေါ်ထွက်ရေး၊ ၃-ကိန်းဝပ်တည်နေရေး အဖွဲ့မှ တာဝန်ယူ ဆောင်ရွက်ထုတ်ဝေရပါသည်။

ဤမဟာသတိပဋ္ဌာန်ပဋိပတ်လုပ်ငန်းစဉ်တရားတော်ဟောစဉ်ကျမ်းသည်၊ ကျေးဇူးရှင် "ဓမ္မစကြာ မဟာနာယက ဆရာတော်ဘုရား" ဝါတွင်း ၃-လပတ်လုံး သင်တန်းပေးသနားတော်မူခဲ့သော တရားတော်ဟောစဉ်ဖြစ်ပါသည်၊ ၎င်းတရားတော်ဟောစဉ်ကို နည်းမှန် လမ်းမှန် တရားမှန်ကို ရှာကြံလေ့လာကြကုန်သော ဓမ္မမိတ်ဆွေအပေါင်း သူတော်ကောင်းတို့ထံ တင်ဆက်ရာတွင်........

၎င်းတရားတော်ဟောစဉ်ကျမ်းတွင် ချို့တဲ့သော အကြောင်းအရာများကို တွေ့ရှိပါကရင်း၊ သို့လော သို့လော တွေးတော

ယုံမှားခြင်းများ တွေ့ရှိပါကငြင်း၊ ရှင်တော်မြတ်၏ သာသနာနှင့် ဆန့်ကျင်ဖီလာ မသင့်မတင့်သော အရာများ တွေ့ရှိခဲ့သော်ငြင်း၊ ကိုယ် နှုတ်လုံပိတ် ဆိတ်ဆိတ်မနေကြပါဘဲ ရတနာသုံးပါး၏ ဂုဏ်တော် ကျေးဇူးတော် ပါရမီတော်များကို ထာဝရလေးစား ယုံကြည် စောင့်ရှောက်ထိန်းသိမ်းသောအားဖြင့် ပုဂ္ဂလဓိဋ္ဌာန် မဖက် ဓမ္မဓိဋ္ဌာန်သက်သက်ဖြင့် သျှောက်ထား တင်ပြကြပါရန် ပန်ကြားလိုက်ပါသည်။

ငြင်းနောက် ဤမဟာသတိပဋ္ဌာန်ပဋိပတ်လုပ်ငန်းစဉ်တရား တော်ဟောစဉ်ကျမ်း၌ ပါရှိသော သဘာဝအချက်အလက်များ ကိုလည်း အသိမရှင်း ဉာဏ်မလင်းနိုင်သော သဘာဝများ တွေ့ရှိပါကလည်း ဝန်ဆောင်သံဃာတော်များအဖွဲ့သို့ လျှောက် ထားနိုင်ပါကြောင်း၊ သဒ္ဓါတရားရှေ့ထားလျက် ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း မိန့်ဆိုတင်ပြအပ်ပါသည်။

**ဝန်ဆောင်သံဃာတော်များအဖွဲ့**

**ဓမ္မစကြာ ပဋိပတ် သာသနာပြုရိပ်သာ**

**နန်းရှေ့**

**မန္တလေးမြို့။**

# အကြောင်းပြ-နိဒါန်း ( ၂ )

ယခုပုံစံနံပါတ် ( ၁၁ ) မှာ သမ္မာသနဥာဏ်နေပုံ (တနည်း) စိတ်အကြောင်း- ရုပ် နာမ်-ခွဲစိတ်ပုံအားဖြင့် သင်တန်းပေးဟောစဉ်ဖြင့်ဖေါ် ထုတ်ဟောပြသွားမည်ဖြစ်၍ ဤပုံစံ နံပါတ်(၁၁)၏ သဘောကို သဘောပေါက်နားလည်ထားရန်အတွက် နောက်က ဟောလာခဲ့တဲ့တရား ဥကွောင်းလေးကို ပုံစံနှင့်တကွအပိုင်မိလာခဲ့ဘို့ အလွန်အရေးကြီးပါတယ် ဒါမှလဲဘဲ ယခုပုံစံရဲ့ သင်တန်းပေးဟောစဉ်ကို သဘောပေါက်နာယူနိုင်ပါလိမ့်မယ် ။

ဘာဖြစ်လို့လဲဆိုရင် ဝိပဿနာအစ သမ္မသနကဖြစ်လေတော့ ဝိပဿနာ ဥာဏ်စခမ်းကိုစပြီးတော့ တက်တော့မဲ့ သင်တန်းဖြစ်ပါတယ်၊ နောက်အကြောင်းဘကြောင်းကလဲ ကာလသုံးပါး ယန္တရားကြီးရဲ့အစ ဖြစ်တည်ပုံကို သင်တန်းပေး ဟောစဉ်ဖြစ်ပါ၍ ဥာဏ်သက်ဝင်နိုင်ရန် "တနည်း" ဥာဏ်ကိုမိရန် အလွန်အရေးကြီးပါကြောင်း။ ၎င်းအပြင် မဟာသတိပဋ္ဌာန်လုပ်ငန်းစဉ်တရားတော်ကြီးရဲ့ ရုပ်နာမ်ပိုင်းကိုဟောကြား ဆုမ္မတဲ့လုပ်ငန်းစဉ်စခမ်းဖြစ်သောကြောင့် အပိုင်မျှိနိုင်ဘို့ကလည်း အရေးကြီးပါတယ်။

ပြီးခဲ့တဲ့ပစ္စယပရိဂ္ဂဟဥာဏ် စခမ်းကအပိုင်မသိမ်းဆည်းနိုင်လို့ ကျန်နေတဲ့ အာဟာရအကြောင်းတရား (၄)ပါးဖြစ်တဲ့ဝေဒနာ, ဖဿ, စေတနာ, ကံ ဆိုတဲ့ပရမတ်သန္တတိ "တနည်း"နိမိတ္တ-သန္တတိလေးဟာကဖြင့် သဘာဝရဲ့သဘောအနေနဲ့ (တနည်း) သဘာဝ အနတ္တာလေးအနေနဲ့ ရှိနေပါတယ်၊ ယခုအဲဒီပရမတ် သန္တတိလေးတွေရဲ့ ပဋိပြန် အကြောင်းရိပ်ဖြစ်တဲ့ အဝိဇ္ဇာသဘော

တကျာသဘော ကံသဘော” ဝေဒနာ သဘောလေးတွေကို ပုံစံနံပါတ် ( ၁၁ ) မှာ ဖေါ်ထုတ်ထားသည်ကို စိတ်သဘာဝ (၄) ချက်အားဖြင့် “သင်တန်းပေးဟောစဉ်ကို ဟောကြား ဆုမွတော်မူသွားပါလိမ့်မည်ကို စိတ်ဝင်စားထားသင့်ပါသည်”

ဤအထက်ပါရည်ညွှန်းချက်များသည် ယခု “ ကျေးဇူးရှင် ” မဟာနာယက ဆရာတော်ဘုရား၏ တရားတော်များကို ဖေါ်ထုတ်ရေး ပေါ်ထွက်ရေး ကိန်းဝပ်တည်ရှိရေး “အဖွဲ့”ဆရာတော် ဘုရား၏တပည့် သာဝကများက ကျေးဇူးပြုပါ၏။

ပုံစံနံပါတ် (၁၁)



မဟာသတိပဋ္ဌာန်ပဋိပတ်လုပ်ငန်းစဉ်

# တရားတော်ဟောစဉ်ကျမ်း

ဒုတိယတွဲ

---

ဝါခေါင်လဆန်း ( ၉ ) ရက် နေ့ဟောစဉ်။

## ပုံစံနံပါတ် (၁၁)

ဒီနေ့ စိတ်အကြောင်းကိုပြရမယ်ဆိုတော့ရင်စိတ်အကြောင်း ဆိုတာ ဘယ်ဟာကိုခေါ်သလဲ၊ စိတ်ကိုတွေ့အောင် ရှာရမယ်၊ အခု-ဥတုအကြောင်း, အာဟာရအကြောင်းတွေပြီးသွားပြီ၊ အခု စိတ်အကြောင်းကို ရှာရတော့မယ်၊ ကိုင်းစိတ်ဆိုတာ ဘယ်ဟာလဲ၊အကြောင်းဆိုတာ ဘယ်ဟာလဲ၊ဘယ်မှာသွားရှာမလဲ၊ဒီတော့ ပစ္စယပရိဂ္ဂဟဉာဏ်မှာ အာဟာရအကြောင်း ရုပ် - နာမ်ကို ဥကျောင်းချသိုက်တဲ့အခါမှာ စိတ်ဆိုတဲ့သဘာဝ ပေါ်ထွက်လာတယ် ဒီတော့ စိတ်အကြောင်းကို ရှာရမယ်၊ ဘယ်မှာသွားရှာမှာလဲ"အာရမ္မဏံ စိန္တေတီတိ စိတ္တံ" အာရမ္မဏံ၊ အာရုံကို။ စိန္တေတိ၊ ကြံစည်တတ်၏။ ဣတိ၊ ထို့ကြောင့်။ စိတ္တံ၊ စိတ်မည်၏။ ( တနည်း ) ကြံတတ် သိတတ်တာကို စိတ်လို့ခေါ်တယ်။

အဲဒါဟာ-ဋီကာဆရာကြီးတွေက ရေးလာကြတယ်၊ ဒါက အဘိဓမ္မာနည်းပါ၊ အခုဝိပဿနာဖက်ကနေပြီး ရှာရင်စိတ်ဆို တာဟာဘာလဲ၊ အောက်ကဏ္ဍတွေက ဘယ်လိုတက်လာသလဲ၊ အဲဒါအကြောင်းအကျိုးကို နည်း ( ၄ ) ပါးနဲ့သိမ်းလိုက်တဲ့ အခါမှာ သန္တတိလေးအနေနဲ့ ကျန်နေသေးတယ်၊ သန္တတိဟာ ပညတ်သန္တတိ၊ ပရမတ်သန္တတိဆိုပြီး ( ၂ ) မျိုးရှိတယ်၊ ဒီတော့ ပညတ်သန္တတိဆိုတာ ဘယ်ဟာလဲ "အတီတာနာဂတ ပစ္စုပ္ပန္န အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီ တံဝါ ယံ ဒူရေ သန္တိကေဝါ"လို့ပြလာတဲ့အတိုင်း -

အတိတ်- အနာဂတ်- ပစ္စုပ္ပန်အတွင်းအပြင်၊ အကြမ်းအနု၊ အယုတ်အမြတ် အဝေးအနီး ဆိုပြီး ပညတ်သန္တတိကို လာတွေ့ တယ်၊ ဒါကိုသမ္မသနဉာဏ်က စိတ်ဆိုပြီးတင်လာတာပါ၊ ဒါကို အခုသမ္မသနဉာဏ်က လက်မခံတော့ပါ၊ ပရမတ်သန္တတိလေးမှ လက်ခံမယ်၊ ဒီတော့ နိမိတ္တသန္တတိ ( တနည်း ) ပရမတ်သန္တတိ ဝေဒနာ, ဖဿ, စေတနာ, ကံလေးတွေဟာ ရုပ်နာမ်လေးတွေ အနေနဲ့ ကေတ္တနည်း,နာနတ္တနည်းအားဖြင့် ကျန်နေသေးတယ်၊ အဲဒါ-ပစ္စယပရိဂ္ဂဟာဉာဏ်က သိမ်းသော်လဲ ပါမသွားသေးပါ၊ ကျန်နေသေးပါတယ်။

ဒါကို ယခုသမ္မသန-ဉာဏ်မှာ စိတ်ဆိုပြီးတော့ တင်လာပါ တယ်၊ ဒီတော့စိတ်ဆိုတာဟာ သန္တတိပါလားလို့ ဆိုတာကို လာတွေ့ပြီ၊ ဒီတော့ စိတ်ဆိုတာဘာကိုခေါ်သလဲလို့ မေးရင်ဘဲ အဲဒါအဘိဓမ္မာဆရာတွေက " အာရမ္မဏံ စိန္တေတီတိ စိတ္တံ " ဆိုပြီးပြလာတယ်၊ ဝိပဿနာဖက်ကျတော့ သန္တတိပါလို့ဆိုပြီး တော့ ပြလာပါတယ်၊သန္တတိဆိုတာဟာ ဆက်စပ်တဲ့သဘာဝရဲ့

သဘောကလေးဘဲလို့ဆိုတာကို စိတ်လို့ခေါ်တာပါ၊ ဒါကိုမှီ အောင်ကိုင်ထားပါ၊ ပျောက်သွားမယ်၊ ဒါဟာသဘာဝနည်းနဲ့ ပြောတာပါ၊ ဒီတော့သန္တတိဆိုတာဟာကလဲ (၂) မျိုးရှိပါ တယ်၊ ပညတ်သန္တတိနဲ့ ပရမတ်သန္တတိဆိုပြီး ရှိပါတယ်၊ ဒီတော့ " အာရမ္မဏံ စိန္တေတီတိ စိတ္တံ " ဆိုတာက ပညတ်သန္တတိလေးကို ပြောတာပါလို့ယူပါ။

ဝိပဿနာကျတော့မှ ပရမတ်သန္တတိပါ၊ ဒီတော့ ပညတ် သန္တတိဆိုတာ အဆင်းရယ် အကြည်ရယ် (၂)ပါးဆုံတော့ မြင်မှုလေးပေါ်လာတယ်၊ ဒီ (၃)ပါးဆုံလိုက်တော့ ပေါ်လာ တဲ့ သိတယ်ဆိုတာလေးကို စိတ်လို့ပြောတာ၊ ဒါဟာ အဘိဓမ္မာ ကပြောတာပါ၊ ဒါဟာ ဘယ်လောက် တိမ်နေသလဲ၊ အဲဒါ ဟာ သညာဝိညာဏ်နဲ့ ကြည့်နေလို့၊ ပညာအနေနဲ့ဆိုရင် အင် မတန်မှ နက်သွားပါတယ်၊ ဒီတော့ ဒီလိုပညတ်သန္တတိအနေနဲ့ ပေါ်လာအောင်လို့ ဘုရားရှင်က အဇ္ဈတ္တံဝါ-အတွင်းသဘော လည်းဖြစ်သော (လ) သန္တိကေဝါ အနီးသဘောလဲဖြစ်သော လို့ ပြလာတာပါ။

အဲဒါ အဆင်းနဲ့အကြည် ဆုံတဲ့အခါမှာ အဆင်းက ခန္ဓာ ကြီးရဲ့ အပြင်ဘက်မှာရှိလို့ "အပြင်" အကြည်လေးက ခန္ဓာ ကိုယ်ကြီးရဲ့ အတွင်းမှာရှိလို့ "အတွင်း" လို့ဆိုပြီး ပြလာ တယ်၊ နောက်တခါ အဆင်းလေးက ခန္ဓာရဲ့အပြင်မှာရှိလို့ " အကြမ်း " အကြည်ကျတော့ အတွင်းမှာရှိလို့ "အနု" နောက် အဆင်းက အပြင်ဘက်မှာရှိလို့ "အယုတ်" အကြည်ကျတော့ အတွင်းမှာရှိလို့ " အမြတ် " နောက်အဆင်းက ခန္ဓာရဲ့အပြင် မှာရှိလို့ " အဝေး " အကြည်က အတွင်းမှာရှိလို့ "အနီး" ဆိုပြီး ပညတ်သန္တတိလေးတွေကို ပြလာပါတယ်။

ဒါကို ပရိယတ် အဘိဓမ္မာလောကအနေနဲ့ ဒါကိုစိတ်လို့ သာ ရှာလို့ရတယ် ဒီတော့ အခုပစ္စယပရိဂ္ဂဟဉာဏ်က အဆင်းကို အခြေခံထားပြီးတော့ နည်း ၄ ပါးနဲ့ ချေလိုက်တာဟာ ယခု အဆင်း အကြည်လို့ဆက်လို့တောင် မရတော့ပါ၊ အဲဒါ ၅ ပါး သော ပသာဒတွေမှာ မဟာသတိပဋ္ဌာန်ကြီးတွေ ထွက်နေ ပြီးတော့ အခု စိတ်ပေါက် (ဝါ) မနောဝိညာဏ်ပေါက်ကြီးဘဲ ရှိတော့တယ်၊ ဒါကြောင့် အဆင်းဟာ အပြင်ဘက်မှာ မရှိ တော့ပါ၊ အကုန်လုံးသိမ်းလာပြီ၊ ဒါကိုအဘိဓမ္မာက ငါးပါး သော ပသာဒတွေနဲ့ ဆက်နေတုံးဘဲ။ ဒါကြောင့် သညာဝိညာဏ် အဘိဓမ္မာလောကကို အခြေခံထားပြီး ပညာမြင် အဘိဓမ္မာထဲ ဝင်အောင် သွင်းမှရမယ်၊ ဒီတော့ စိတ်ဆိုတာဟာ ဘာလဲ၊ အဆင်း၊ အကြည်၊ အမြင်၊ အသိ ၄-ပါးပေါင်းလို့ သိတာကို စိတ်လို့ခေါ်တယ် ဒါဟာ သဘာဝလေးနဲ့ ဆက်နေတာဘဲ မဟုတ်လား ဒီတော့ ဒီလိုဆက်နေတာတောင်မှ အခုအဆင်းဟာ အပြင်ဘက်မှာကို မရှိတော့ဘဲ အကြည်လေးက ဆွဲထားတဲ့ အဆင်းလေးသာလျှင် ရှိတော့တယ်။

ဒီတော့ အတွင်းအပြင်လို့ပြောနေတာဟာ ပညတ်သဏ္ဌာန်တိ ပါ၊ ဒါဟာ သညာဝိညာဏ်သမားတွေ ဆွဲနေတာပါ၊ ဆွဲပုံကို ပြောပြမယ်၊ ဒီတော့ အဆင်းနဲ့အကြည် ၂-ပါးဆုံတဲ့အခါမှာ သညာက အဆင်းကို အပြင်လို့ပြောလာတယ်၊ ဒါဘာကြောင့် ပြောသလဲ၊ အတွင်းကိုထောက်ပြီးတော့ ပြောတာပါ၊ ဒီလိုလဲ သညာကထောက်လိုက်ရော၊ ဝိညာဏ်ကလဲ တခါပြန်ထောက်ပြီး အကြည်လေးက အတွင်းဆိုပြီး ဆက်လာပြန်တယ်၊ အဲဒါက ဥတုဆက် ဆက်နေတာပါ။

နောက် အကြမ်းအနု–အာဟာရဆက်၊အယုတ်အမြတ်–စိတ်ဆက်၊ အဝေးအနီး–ကံဆက်ဆိုပြီးတော့ အဲဒီလို ဆက်သာတော့တယ်၊ ဒါကို သမ္မသနဉာဏ်က ဘာနဲ့ဘဲဆက်ဆက် ဖြတ်ပစ်မယ်၊ ဒီတော့ ဒီလိုဆက်နေတာသည်ပင် နာမနဲ့ သဏ္ဌာနပညတ်ရိပ်တို့ဟာ သမူဟသန္တတိအနေနဲ့ လိုက်နေသေးတယ်၊ နာမပညတ်က သမူဟနဲ့၊ သဏ္ဌာနပညတ်က သန္တတိအနေနဲ့ လိုက်နေသေးတယ်၊ ဒီသဘာဝတွေကို အခု မဟာသတိပဋ္ဌာန်တရားကြီးက ကျူပြင်ခုတ်ရင် ကျူငုတ်ပါမကျန်အောင် ဖြတ်ပစ်တော့မယ်၊ ဒါကိုစဉ်းစားပါ၊ ဒီတော့သန္တတိဆိုတာ ဆက်စပ်တာပါ၊ ဆက်စပ်တာ ဘာကြောင့်ဆက်စပ်သလဲ၊ သညာဝိညာဏ်ရိပ် (ဝါ) နာမနဲ့သဏ္ဌာနပညတ်ရိပ် မကင်းသေးလို့ ဆက်စပ်တာပါ၊ ကင်းနေရင် မဆက်စပ်တော့ပါ။

ဒီတော့ အခုလုပ်ငန်းစဉ်အနေနဲ့ နှိုက်လိုက်ရင် နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်က ရုပ်နာမ်တွေဟာ သညာဝိညာဏ်က လုပ်ကြံနေတဲ့ ရုပ်နာမ်ဘေ့ပါ၊ ဒါကို အခုချေရမယ်၊ ဒီသညာဝိညာဏ်ကို ဝိပဿနာဘရားတွေက ဖြုတ်ချင်သော်လဲ အဲဒါ ဥတုအကြောင်း၊ အာဟာရအကြောင်းဖြစ်တဲ့ ကာဘာကြီးတွေကို ဖျက်လို့မရလို့ ဒီသညာဝိညာဏ်ကို မသတ်နိုင်ကြပါ၊ အခု နာမရူပ-ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟ-ဉာဏ်တို့က ကာဘာကြီးတွေ၊ အန္တာကရောင်းကြီးတွေ၊ တတိုင်းကြီးတွေကို ဖျက်ဆီးခဲ့ပြီ၊ (ဝါ) ဗုံးတွေနဲ့ကြဲချခဲ့ပြီ။

ဒီတော့ ဥတုသဘော၊ အာဟာရသဘောတွေဟာ အကုန်လုံးပျက်စီးကုန်ပြီ၊သညာဝိညာဏ်တို့ရဲ့ ပုန်းအောင်းရာဌာနတွေဟာ ပျက်ကုန်ပြီ၊ ဒီတော့အပေါက်ငါးပေါက်ကိုပိတ်ပြီး အပေါက်

အပေါက်ကနေဖွတ်ငှက်ကြီးကိုဖမ်းရတော့မယ်၊အခုအပေါက်ငါးပေါက်ကို ပိတ်ခဲ့ပြီ၊ စိတ်ပေါက်သာလျှင် ကျန်တော့တယ်၊ အခုစိတ်သဘော သညာကအဲဒါသန္တတိ ဆက်စပ်တယ်လို့ပြောနေပြန်ပြီ၊ ဒါကိုလိုက်ရှာရမယ်၊ ဒီတော့လုပ်ငန်းစဉ်အနေနဲ့ ပြောပြမယ်။

အဆင်းနဲ့အကြည် ဆုံလိုက်တဲ့အခါမှာ အကြည်လေးကို ဝိညာဏ်ကြီးက အတွင်းလို့လဲ ပြောလိုက်ရော သညာကလဲ အဆင်းလေးကို အပြင်လို့ပြောလာပြန်ပြီ၊ ဒီလိုပြောတာနဲ့ ကျေနပ်နေမည်လား၊ ဒါကိုမကျေနပ်နဲ့အုံး။ ထပ်ပြီးတော့ ရှာရတော့မယ်၊ ဒီတော့ ဒီလိုအတွင်းအပြင်လို့ ဆက်နေတာ သည်ပင် သညာဝိညာဏ်ရိပ် မကင်းလို့ ဒီထဲမှာ မြောနေတဲ့ သူလေးရှိနေတယ်၊ အခုဒီနေရာက အတွင်းအပြင်လို့ပြောနေတဲ့သညာဝိညာဏ် သဘောတွေကို မလိုချင်ဘူး၊ ပညာအနေနဲ့ သာ အလိုရှိတယ်၊ အဲဒါဟာသညာ ဝိညာဏ်ရိပ်တွေသာ ကင်းနေရင် ဆက်စပ်တယ်ဆိုတာဟာမရှိရဘူး။

ကိုင်းပညာအနေနဲ့ ပြောစမ်း၊ သန္တတိဆိုတာ ဘယ်ဟာလဲ၊ အတွင်းအပြင်လို့သာ ပြောနေရင် သညာဝိညာဏ် သမားတွေသာဖြစ်နေမယ်၊ အဆင်းအကြည် ဆက်နေတာဟာ သန္တတိလား၊ သန္တတိအစစ်ကိုမတွေ့သေးပါ၊ ဒါကိုမြင်အောင်ကြည့်ပါ၊ အတွင်းအပြင်လို့ ပြောနေတာသည်ပင် ဒါဟာ သညာဝိညာဏ် လှည့်နေတဲ့သဘောပါ၊ ဒီလိုသညာဝိညာဏ်လှည့်နေတဲ့ ဘက်ကို မလိုက်ပါနဲ့၊ ပညာအနေနဲ့မြင်အောင် သန္တတိအစစ်ကိုရှာပါ၊ ဝိပဿနာသမားဆိုတာ သန္တတိလေးကိုမြင်ရမယ်၊ အဲဒါဆက်စပ်တယ်ဆိုတဲ့ သဘာဝလေးကို မြင်အောင်ကြည့်ပါ၊ မြင်ရင်

ဖမ်းပြီးတော့ ကာလသုံးပါး ခံ့ရှုံးကိုတင်ပြီး ဖြတ်တော့မယ်၊ ဒါကတရားတက်ပုံ တကကွာပါ၊ ဒါ့ကိုစဉ်းစားပါ။

ဒီတက်ပုံ ကဏ္ဍကိုဘဲ ထပ်ရှင်းပြပါအုံးမယ်၊ ဒီတော့ရင် သန္တတိဆိုတာ ဘယ်ဟာလဲပြောစမ်းပါ၊အဲဒါကိုဘဲသန္တတိလုား၊ ဒါကိုသာ ပြောရင် အဲဒါ သညာဝိညာဏ် သမားကြီးတွေသာ ဖြစ်နေမယ်၊ ဒီတော့ အဆင်းနဲ့ အကြည် ဆက်တာဟာ သန္တတိလား၊ သန္တတိအစစ်ကိုမတွေ့သေးဘူး၊ ဒါကိုမြင်အောင် ကြည့်ပါ၊ ဒီတော့အခုအတွင်းအပြင်လို့ ပြောနေတာသည်ပင် သညာဝိညာဏ်က လှည့်နေတာပါ၊ ဒီဘက်ကိုမလိုက်ပါနဲ့၊ အခု ပညာနဲ့မြင်အောင် သန္တတိအစစ်ကိုရှာပါ၊ ဒီတော့ဝိပဿနာ သမားက သဘာဝလေးကိုမြင်ရမယ်၊ အဲဒါဆက်စပ်တယ်လို့ ဆိုတဲ့သဘာဝလေးကို မြင်အောင်ကြည့်ပါ မြင်ရင်ဖမ်းပြီးတော့ ကာလသုံးပါး ခံ့ရှုံးတင်ပြီးဖြတ်တော့မယ်၊ အဲဒါတွေကိုအဝင် သဘောတွေကို ဖေါ်ပြနေပါ၍ မရှင်းခဲ့လျှင် ဆွေးနွေးညှိ နှိုင်းပါ။

နောက် ဒုတိယတကကွာက ပစ္စုပ္ပန်လို့ဖြေတာ မှန်တယ်၊ ပစ္စုပ္ပန်ဆိုတာဘယ်ဟာလဲ၊ ဒီတော့သန္တတိလေး ဆက်စပ်နေတာ ဟာဘယ်ဟာလဲ၊ ပစ္စုပ္ပန်လို့ဖြေတာမှန်တယ်၊ ပစ္စုပ္ပန်ဆိုတာ ဘာလဲ၊ ဒါကတကကွာပါ၊ ဒီတော့ရှေ့ပိုင်းက နာမရူပပရိစ္ဆေဒ ဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်တို့က ဉတုနဲ့ အာဟာရ တို့ကိုလဲ ချေလိုက်ရော အဆင်းလေးဟာ တစင်မထောင်နိုင်တော့ဘဲ အဲဒါအပြင်မှာ မရှိတော့ဘဲ မျက်စေ့ အကြည်လေးထဲမှာသာ ရှိတော့တယ်၊ ဒါကပညတ်သန္တတိပါ။

အခုသမ္မသနဉာဏ်က ရှာမှာကပရမတ်သန္တတိလေးကိုရှာမှာ ပါ၊ဒါကြောင့် ပညတ်သန္တတိလေးကို အစထားပြီး ဆရာဝန်ကြီး

ဦးဝင်းဖေကို မေးရတာပါ၊ အခုသမ္မသနဉာဏ်ကနေ ပရမတ် သန္တတိလေးကို ရှာရတော့မယ်၊ ရှာရတော့မယ်ဆိုတော့ ပုံစံ နံပါတ်(၂၂)ကို ကြည့်ပါ၊ အခုဒီသဘာဝလေးဝေ့ပ.ာ ငါ.ပါး သော အာရုံကလေးတွေချုပ်နေပြီ၊ အခုဓမ္မာရုံခေါ်တဲ့ မနော စိတ်ထဲကို ရောက်နေပြီ၊ ဒီတော့ ပုံစံမှာပြထားတယ်၊ နှလုံး အကြည်ရယ်, ဓမ္မာရုံဘဝင်စိတ် မနောဝိညာဏ် ဒီ ၄-ချက် ဆက်နေတာကို ပရမတ်သန္တတိလို့ခေါ်တယ်။

ဒီလေးပါးဘယ်လိုဆက်သလဲ ထပ်ပြောပြမယ်၊ ပုံစံအကွက် ထဲမှာရှိတဲ့ မနောဝိညာဏ်ဝေဒနာ သဘောလေးတခုကို စစ်ပြ မယ်၊ ဒီတော့မနောဝိညာဏ်ကြီးဟာ နှလုံးအကြည်ထဲမှာ ဖြစ် တယ်လို့အဘိဓမ္မာက ပြလာတယ်။

ဘယ်လိုပြသလဲ....

စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။ ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။ ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ။ ကာယဉ္စ ပဋိစ္စ ဖေါဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယ ဝိညာဏံ။ မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ။ လို့ အသီးသီးခွဲပြလာခဲ့ပါတယ်။

ဒီတော့ မနောဝိညာဏ်ကြီးဟာ ဘာကြောင့် နှလုံးသွေးက ပေါ်သလဲ၊ နှလုံးသွေးထဲမှာ ဘာရှိနေလို့ပေါ်တာလဲ၊ ဒါက သဘာဝတွေပါ၊ အဲဒါ ဝေဒနာအင်္ဂုပ်လေးရှိနေလို့ပါ။

ဒါက သဘာဝတွေပါ၊ မနောဝိညာဏ်ကြီးက ဝေဒနာ ပေါ်ပုံကို ပြောပြမယ်၊ ဒီတော့ ဝေဒနာဟာ အရိပ်ကင်းတဲ့

ဝေဒနာ(ဝါ)သညာဝိညာဏ်ကင်းတဲ့ဝေဒနာ, သညာဝိညာဏ်ရိပ် မကင်းတဲ့ဝေဒနာ (ဝါ) အရိပ်မကင်းတဲ့ ဝေဒနာဆိုပြီး ၂-မျိုး ရှိတယ်၊ ယခု သမ္မာသနဉာဏ်က သညာဝိညာဏ်ရိပ် မကင်းတဲ့ ဝေဒနာကို သိမ်းရတော့မယ်၊ ဒီနေရာမှာ ဘုရားရှင်က မဟာ သတိပဋ္ဌာန်ပါဠိတော်မှာ "သာမိသံဝါ နိရာမိသံဝါ ပဇာနာတိ" လို့ ဟောတော်မူပါတယ်။

ဒီတော့ သညာဝိညာဏ်ရိပ်မကင်းတဲ့ ဝေဒနာကို ပြောပြမယ်၊ မနောဝိညာဏ်ကြီးပေါ် ရတော့မယ်ဆိုရင်ဘဲ နှလုံးသွေးအကြည် ကလဲ ရှိရမယ်၊ မွေ့ရုံကလဲ ရှိရမယ်၊ (၂)ပါးဆုံတဲ့အခါ ဘဝင် စိတ်ကလဲ ပြတ်ပေးရမယ်၊ ဒါမှ မနောဝိညာဏ်ကြီးက ဝင်ပြီး သိတယ်လို့ ပေါ်လာတာမဟုတ်လား၊ အဲဒါ ဘဝင်စိတ်ပြတ်မှ ငိထိစိတ်ဖြစ်လို့ ရတာမဟုတ်လား၊ ဒီလို (၄)ခုစုံညီလာမှ စိတ်လို့ ပြောတာပါ၊ (ဝါ) သိတယ်လို့ ပြောတာပါ၊ ဒါကိုသိပြီး နောက်မှ အသေးစိတ်ရှင်းပြမယ်၊ ကိုင်းဝေဒနာလေးကိုရှာစမ်း၊ အရိပ်မကင်းတဲ့ဝေဒနာဆိုတာ သညာဝိညာဏ်ရိပ်ကို ခံစားတာကို ခေါ်တယ်၊ အခု ဝေဒနာကတော့ (၂)ပါးဆုံတဲ့ဟာကို ခံစား တဲ့သဘောလေး ရှိနေတယ်၊ ဒါကြောင့် အခုဝေဒနာလေးကို အရိပ်မကင်းတဲ့ ဝေဒနာလို့ ခေါ်တယ်။

အရိပ်ကင်းတဲ့ ဝေဒနာကျတော့ သူ့သဘောလေးအနေနဲ့ ပေါ်ထွက်တာပါ၊ ပရမတ်သန္တတိအနေနဲ့ ပြောရရင် ဝေဒနာ လေးကနေပြီး မနောဝိညာဏ်ကြီးဖြစ်လာတယ်၊ ယခု ဒီဝေဒနာ က အရိပ်မကင်းသေးပါ၊ ပြောပြမယ် အရင်ကအဆင်းနဲ့ အကြည် ဆုံလိုက်တဲ့အခါမှာ မြင်မှုလေး ပေါ်လာတာဟာ မျက်စေ့ အကြည်မှာ သညာလေးပေါ်လာသလို နှလုံးအိမ်မှာလဲ သညာ

လေး သွားပေါ်တာဘဲ၊ ဒီလိုပေါ်မှ ဝိညာဏ်ကြီးက ခံစားလို့ ရတာပါ၊ ဒီလိုနှလုံးအိမ်မှာ သွားပေါ်တဲ့သညာလေးဟာ အခု ဒီနေရာမှာ ဝေဒနာလေးအနေနဲ့ ရှိနေတယ်။

ဒါကြောင့် ငါးပါးသောပသာဒရုပ်နဲ့ ထိတွေ့လို့ရတဲ့အခါ မှာ သညာလေးတွေ ပေါ်ထွက်လာသလိုဘဲ နှလုံးအိမ်ကြီးမှာလဲ သညာလေးတွေ ရှိနေတယ်၊ ဒါတွေကို ခြေလိုက်တော့ အဲဒါဟာ အခု ဒီနေရာမှာ ဝေဒနာသဘောအနေနဲ့ ရှိနေတယ်၊ သူ့ သဘာဝကတော့ သညာဘဲ၊ ဒါပေမယ့်လို့ အရင်ကတွေ့ထိခံစား လာခဲ့တဲ့ဟာကို ပြန်စဉ်းစားလိုက်တဲ့အခါမှာ ပြန်ပြီးပေါ်လာတဲ့ အတွက်ကြောင့် ဝေဒနာလို့ပြောတာပါ၊ ဒီတော့ တခုခုကို ခံစားမယ်ဆိုတာနဲ့ ဒီသညာလေးကို ပြန်ကိုင်ရတာဘဲ၊ ဒီသညာ ကိုမှ မကိုင်ရင် ခံစားလို့မရပါ၊ အဲဒါ အဆင်းနဲ့အကြည် ဆုံလိုက် လို့ ပေါ်လာတဲ့ သညာက အာဂန္တုက သညာပါ။

အာဝါသိက သညာကျတော့ နှလုံးအိမ်ထဲမှာ အစဉ်ရှိနေ တယ်၊ ဒီသညာလေးတွေကို ထုတ်ပြီးမှ ခံစားရတာဖြစ်ခြင်း ကြောင့် ဝေဒနာလို့ပြောတာပါ၊ ဒီတော့ ဝေဒနာဟာ အရိပ် ကင်းပြီလား မကင်းသေးပါ၊ အဲဒါ အဆင်းနဲ့အကြည် ဆက် တုံးက ပါလာတဲ့အရိပ်လေးဟာ ရှိနေသေးတယ်၊ ဒီဝေဒနာကို သေသေချာချာမှတ်ထားပါ၊ ဒီတော့ဝိသာခါတရားနာတုံးက သညာဝိညာဏ် လက်မဲချောင်းချပြီး ခန္ဓာပေါ်ခဲ့သော်လဲ အဲဒါ သဘာဝကို နားမလည်ခဲ့သေးပါ။

အခု ဒီကဏ္ဍမှာ ခန္ဓာပေါ်ရတော့မယ်၊ ဒီဝေဒနာက အဆင်း နဲ့အကြည် ဆုံစဉ်က ပေါ်လာတဲ့သညာလေးပါ. ယခု အရင်က

ဟာကို ပြန်စဉ်းစားတဲ့အခါမှာ ဝေဒနာဆိုပြီးတော့ ပြောလာတာပါ၊ ဒီဝေဒနာဟာ အစစ်လား မဟုတ်ပါ၊ ဟိုတုံးက နှစ်ပါးဆုံစဉ်အခါက ပါလာတဲ့သညာလေးဖြစ်ခြင်းကြောင့် ဝေဒနာမစစ်ပါ၊ အဆင်းနဲ့ အကြည်ဆုံစဉ်က ပေါ်လာတဲ့သညာလေးပါဒါကြောင့် ဒီဝေဒနာဟာ အရိပ်မကောင်းပါ၊ ဒီကနေ ခန္ဓာထွက်ဆိုရင် အဲဒါ သညက္ခန္ဓာသာ ထွက်ရမယ်၊ ဒါဟာ နှလုံးအိမ်ထဲမှာ ရှိနေတယ်၊ မှတ်မှုရဲ့ အပေါင်းအစု မြင်မှု ကြားမှုတွေကို စုပေါင်းနေတဲ့အတွက် သညာက္ခန္ဓာကစပြီး ပေါ်ရမယ် ဒါကို မှတ်ထားပါ၊ ဒါက ပရမတ်သန္တတိအနေနဲ့ ပြောတာပါ၊ ပညတ်သန္တတိအနေနဲ့ ဆိုရင် အဆင်းနဲ့ အကြည် (၂)ပါးဆုံတဲ့အခါမှာ သညာက အဆင်းလေးကို အပြင်လို့ ပြောတယ်၊ ဝိညာဏ်က အကြည်လေးကို အတွင်းလို့ ပြောလာတယ်။

ဒါကို ပညတ်သန္တတိလို့ ပြောတာ၊ ဒီသန္တတိလေးဟာ ဘာကြောင့်ဆက်စပ်သလဲ ဒါကိုစဉ်းစားပါ၊ ဒီတော့ အနိစ္စတရားဟာ သတ္တဝါတွေမှာ ပွားရမယ်လို့ ထင်နေကြတယ်၊ အဲဒါ အနိစ္စဆိုရင်ဘဲ ပွားတဲ့ဘက်ကို အားသန်နေကြတယ်၊ အမှန်ကတော့ သဘာဝကိုမြင်အောင် လုပ်ရမှာပါ၊ ဒီသဘာဝကို မမြင်ကြလို့ အဲဒါ ပညတ်ပေါ်တင်ပြီးတော့သာ အနိစ္စ အနိစ္စ ဆိုပြီး ပွားနေကြတာပါ။

ဒီတော့ ဘုရားရှင်က အနိစ္စကို ပြတဲ့အခါမှာ သဘာဝဆိုပြီး ပြလာတယ်၊ ဒါကို သတ္တဝါတွေက အကျင့်တရားဖြင့် လိုက်ရှာနေကြတယ်၊ ဒီတော့ ဘယ်လိုဘဲရှာရှာ မတွေ့ကြပါ၊ အဲဒီလို အနိစ္စ, ဒုက္ခ, အနတ္တဆိုပြီး ပုတီးစိတ်တာဟာ ရှမ်းသိုဟန်ဘွား လက်ထက်မှာ အင်းဝနိုင်ငံကြီးကိုတက်တော့ အင်းဝနိုင်ငံကြီး

ဟာ ပျက်စီးသွားတယ်၊ ဒီတော့ ရှမ်းမင်းသိုဟန်ဘွားက ပိဋကတ်တော်တွေကို ဖျက်ဆီးလာတော့တယ်၊ ဒီတော့မှ လူရှင်ရဟန်းတွေဟာလဲ ဒီဘေးရန်က ကင်းရှင်းအောင်ဆိုပြီး အဲဒါပုတီးစိတ်လာကြတော့တယ်။

အဲဒီကနေ ပုတီးစိတ်တာ ဆင်းသက်လာတာပါ၊ ဒီတော့ ဘယ်လိုဘဲလုပ်လုပ်မရပါ၊ (ဝါ) မတွေ့ပါ၊ အဲဒါသဘာဝနဲ့ လိုက်ရမယ်၊ ဒါကြောင့် ယခုသဘာဝတွေကို လိုက်ပြီး နှိုက်နေတာပါ၊ ဒါဟာမဟာသတိပဋ္ဌာန် တရားတော်ကြီးကို တက်နိုင်အောင်လို့ နှိုက်လာတာပါ၊ ဒီတော့သူ့နေရာနဲ့သူ နှိုက်လာရပါတယ်၊ အခုအရင်က ဟောလာတဲ့တရားနဲ့ ယခုဟောလာတဲ့တရားဟာ ဆက်စပ်လို့မရသေးပါ၊ နောက်မှ ပြပါတော့မယ်၊ ပြလိုက်ရင်လဲ အားလုံးသောတရားတွေဟာ ဒီမဟာသတိပဋ္ဌာန် တရားတော်ကြီးထဲမှာဘဲ ဥဒ္ဒေါင်းကျတာကို တွေ့လာမယ်။

အခု သတိပဋ္ဌာန်တရားတော်ကြီးကို တက်နိုင်အောင်လို့ ယခုလိုနှိုက်လာတာပါ၊ ဒါဟာအနိစ္စကိုသဘာဝနှင့်တကွ မတွေ့သေးသို့နှိုက်ပြနေရတာပါ၊ ဒီတော့နိဗ္ဗာန်ကိုသွားမယ် ယာဉ်လို့ဆိုရင်ဘဲ ဒီလက္ခဏာရေးသုံးပါးကို တွေ့ရတော့မယ်၊ ဒါကြောင့် သူ့ကို ဉာဏ်ကုန်နှိုက်ရတော့မယ်၊ နှိုက်ပြမယ် အဆင်းနဲ့ အကြည်ဆိုလိုက်တဲ့အခါမှာ အဆင်းအပြင်လို့ပြောတာ ဘယ်သူကပြောတာလဲ၊ အကြည်ကဘာကြောင့် အတွင်းလို့ပြောသလဲဆိုရင် အဆင်းဆိုတဲ့အပြင်သဘောရှိလို့ ပြောတာ။

ဟိုဒီလက်ညှိုးထိုးနေတာဟာ သညာရဲ့သဘောပါ၊ ဒီဟာ နာမ်မပညတ်ပါ၊ နောက်တခါ လိုက်စစ်တော့ရင် ဒီ ၂-ကောင်

အတွင်းအပြင်လို့ ပြောနိုင်ဘာဟာ ဘာကြောင့်ပြောနိုင်သလဲ၊ ဒါဟာသညာနာမပညတ်၊ ဝိညာဏ်သဏ္ဍာနပညတ် ရှိနေလို့ပါ၊ ဒါကိုထပ်ပြောဦးမယ် - အတွင်းဘာကြောင့်ဖြစ်သလဲ၊ အဆင်းလေးကိုထောက်ပြီးပြောတာပါ၊ ထောက်တဲ့သဘောကဝိညာဏ်၊ ပေါ်တဲ့သဘောကသညာ၊ နောက်အပြင်လို့ ဘာကြောင့်ပြောသလဲ၊အကြည်လေးကိုထောက်ပြီးတော့ပြောတာဘဲမဟုတ်လား၊ ယခု အကြည်ဓာတ်လေးက ဆွဲထားတဲ့အနေနဲ့ တနည်းဝိညာဏ်ရိပ်က ဆွဲထားတဲ့သဏ္ဍာန် ပညတ်ရိပ်အနေနဲ့ဘဲရှိတယ်၊ အဲဒါကိုငါးပါးသောအာရုံလေးတွေဟာ အပြင်မှာကို ဒီး-ဒီးအနေနဲ့ မရှိတော့ဘူးလို့ပြောတာ ဒါကြောင့်သန္တတိလို့ ပြောတာပါ။

ဒီသန္တတိဟာ သညာဝိညာဏ် (ဝါ) ပညတ်သန္တတိပါ၊ ဒါဟာ သညာဝိညာဏ်နယ်လောကမှာ လုပ်နေတဲ့သူတွေမှန်ရင် ဒီသဘာဝ "၂" ချက်နဲ့ထောက်ပြီး လုပ်နေတာဘဲ မဟုတ်လား၊ ဒီ၂ချက်ကိုမှ မထောက်နိုင်တဲ့သူတွေဟာ ဆင်းရဲနေတာပါ၊ (ဝါ) မကြီးပွါးတာပါ၊ "အဲဒါ" သညာဝိညာဏ်နယ်ကျယ်မှ ကြီးပွါးရေးစီးပွားရေးတွေ ထွက်လာတာပါ၊ ဒါဟာ ကံကံရဲ့ အကျိုး ပေါ်လာတာဘဲ မဟုတ်လား၊ ဒီတော့ပစ္စုပ္ပန်ကံရိပ်ဟာ ဝိညာဏ်က ထွက်လာတာပါ၊ ဒီပစ္စုပ္ပန်ကံရိပ်လေး ရှိလာရင် လောကစီးပွားရေးတွေမှာ လက်မောင်းတန်းနိုင်လာပါတယ်။

ဒီ ကံရိပ်လေးမှ မရှိရင် ဆင်းရဲအိုးမှာဘဲ မဟုတ်လား၊ (ဝါ) စီးပွားရေးနယ် မကျယ်တော့ပါ၊ ဒီတော့ အခုလဲဒီမှာ သညာနဲ့ ဝိညာဏ်တို့ဟာ ထောက်နေပြီးတော့ နာမနဲ့သဏ္ဍာနပညတ်တွေဟာ လိုက်နေတယ်၊ ဒီသဘာဝတွေကို မြင်အောင်ကြည့်ပါ၊

အဲဒါဟာ အပြင်ကထွက်ဆွဲတဲ့ သညာနှင့်ဝိညာဏ် မဟုတ်ပါ၊ မိမိရဲ့နှလုံးအိမ်ထဲမှာရှိနေတဲ့ သညာနဲ့ဝိညာဏ်ပါ၊ ဒါကြောင့် ဒီသညာဝိညာဏ်ကြီးကို ဖွတ်ကောင်ကြီးဘဲလို့ ဖော်ထုတ်ပြလိုက်ပါတယ်၊ ဒါကိုဖမ်းရတော့မယ်၊ ဒီသညာဝိညာဏ် ဖွတ်ကောင်ကြီးကို အလကားအကောင်ကြီးလို့ မထင်နဲ့၊ အဲဒါကို တကယ်အပိုင်မြင်လာရင်ဘဲ အဲဒါ ဥဒယဗ္ဗယဉာဏ်စခန်းကို တက်တော့မယ်၊ ဒီတော့ သညာဝိညာဏ်နယ်ကြီး ကျယ်သလောက်ကို ကျက်မစားနိုင်လို့ ဆင်းရဲနေတာပါ၊ အဲဒါကို ကံမရှိလို့ပါလို့ ပြောနေတာဟာ ဘယ်ဟုတ်မှာလဲ၊ အဲဒါဟာ မိမိကိုယ်မှာကိုက ပစ္စုပ္ပန်ကံလေးမှမရှိဘဲ ကံကံ၏အကျိုးဟာ ပေါ်လာပါ့မလား၊ သညာဝိညာဏ်နယ်မှာ ကျယ်လာမှ ပစ္စုပ္ပန်ကံလေး ပေါ်လာမယ်၊ ဆင်းရဲကင်းပြီး ချမ်းသာရေးကိုရလာမယ်။

ဒီ သဘာဝလေးအထိကို လောကကြောင်း ဓမ္မကြောင်း အနေနဲ့ ရေလည်လာမှ ပညာရှိ (ဝါ) ပဏ္ဍိတဖြစ်လာနိုင်မယ်၊ ဒီတော့ သညာဝိညာဏ်ဟာ ဆက်နေတယ်၊ ဒီတော့ သညာဝိညာဏ်ကို သတ်ရတော့မယ်၊ ဒါဖြင့်ရင် သတ်တော့မယ်ဆိုတော့ (ဝါ) ဖမ်းတော့မယ်ဆိုတော့ ငါးပေါက်ကို ပိတ်ပြီးတော့ တပေါက်ကိုဖွင့်ပြီး ဖမ်းရတော့မယ်၊ အခုငါးပေါက်ကို ပိတ်ခဲ့ပြီးနောက် တပေါက်ကနေပြီးတော့ ဖမ်းရပါမယ်။

ကိုင်း....ဖမ်းစမ်းဆိုတော့ရင် အတွင်းအပြင်လို့ ဘာကြောင့်ဆက်နေသလဲ၊ ပစ္စုပ္ပန်သဘောလေးရှိနေလို့၊ ပစ္စုပ္ပန်ဆိုတာ ဘယ်သဘာဝလဲ၊ ဒါကို ဆရာဝန်ကြီးက ဝေဒနာလို့ပြောတာဟာ အနတ္တလက္ခဏသုတ် အဆုံးပိုင်း ရဟန္တာတွေတက်တဲ့ နေရာကို

ရောက်သွားပြီ၊ ယခုဒီနေရာလေးမှာက ဖမ်းနိုင်ဘို့ အရေးကြီးပါတယ် ဒီနေရာမှာသာ မြင်အောင်ကြည့်ပါ၊ ဒါကို မြင်သွားရင်ဘဲ အနိစ္စဆိုရင် သဘာဝအနေနဲ့ ပေါ်လာနေပြီ၊ မပွားရတော့ပါ၊ ဒီတော့ အဆင်းနဲ့ အကြည်ထောက်နေတာဟာ ဘာရှိနေလို့လဲ၊ ဒီပစ္စုပ္ပန်လေးရှိနေလို့၊ ဒါဟာ ဘာပစ္စုပ္ပန်လဲ၊ ခဏပစ္စုပ္ပန်ပါ၊ ခဏဆိုတာ ဘယ်ဟာလဲ၊ ဒီပစ္စုပ္ပန်ရဲ့ ရေသောက်မြစ်ကိုပြောတာ၊ ခဏကိုရှာပြမယ်.... ဒီတော့ အဆင်းဆိုတာ ရုပ် (၈) ပါး, ရုပ်(၉)ပါးက ထွက်လာတာ၊ အကြည်ဓာတ်က ကာယပသာဒက ထွက်လာတာပါ၊ ဒီတော့ ဒီ ၂-ပါးဆုံတာကို အတွင်းအပြင်လို့ ပြောတာ၊ ဒါဟာ ဘာကြောင့် ပြောတာလဲ၊ ခဏပစ္စုပ္ပန်ကြောင့်ပါ။

ခဏပစ္စုပ္ပန်ကို ပြောပြမယ်၊ အဆင်းအကြည်ကို ပြန်ရှုလိုက်ရင် ဘာကိုတွေ့မလဲ၊ ဒီတော့ နာမ်တရားမှာ ဥပါဒ်, ဋ္ဌီ, ဘင် အနေနဲ့ ပြထားတယ်၊ အခု ဒီနေရာမှာ နာမ်တရားထဲကို သွင်းလို့မရသေးပါ၊ ဒါကြောင့် ခဏဟာ ဘယ်ခဏကို ယူမလဲလို့ ဆိုရင်ဘဲ ဒီတော့ ဋ္ဌီ သုံးချက်ကို လိုက်ကြည့်ပါ၊ ခဏဋ္ဌီဆိုတာက ဥပါဒ်, ဋ္ဌီ, ဘင်တွေနဲ့ ဖြစ်လာတာပါ၊ သန္တတိဋ္ဌီကျတော့ စိတ်လေးတွေ အစဉ်ဆက်နေတာကို ခေါ်တယ်၊ နောက်ပဗ္ဗန္ဓဋ္ဌီကျတော့ ဒီရုပ်ကြီးဖြစ်နေတာကို ခေါ်တယ်၊ ဒါကိုပြောပြမယ်၊ အပူနဲ့ အဟော အပူ—ပူလာရင်လဲ ဒီသစ်ပင်မှာ ဝင်နေတယ်၊ နောက်ညပိုင်းကျပြန်တော့လဲ အဓောတ်တွေ ဖြစ်လာပြန်တယ်၊ ဒီတော့ ဒီသစ်ပင်မှာ အပူနဲ့ အလေ ပေါင်းဆုံလိုက်ရော အဲဒါ ရုပ်တွေကို ပွါးစီးလာတယ်၊ ဒါကိုပဗ္ဗန္ဓဋ္ဌီလို့ ခေါ်တယ်၊ အဲဒီမှာ ဉုတုမီးဓာတ်နဲ့ သန္တတိပွနမီးဓာတ်အနေနဲ့ ရှိတယ်။

ဒါကြောင့်ခဏဆိုတာဟာ ပဗ္ဗန္ဓဋ္ဌိကိုယူပါ၊ နောက်ဥပါဒ်၊ ဋ္ဌိ ဘင်အနေနဲ့ကော မယူနိုင်ဘူးလား၊ နာမရူပ-ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ကိုပိုင်ရင် ခဏဋ္ဌိ ဥပါဒ်၊ ဋ္ဌိ၊ ဘင် အနေနဲ့ ဖြစ်နေတာကို ယူနိုင်ပါတယ်၊ ဒီဉာဏ် ၂ ပါးကို မပိုင်တဲ့သူကျတော့ ခဏဆိုတာကိုပဗ္ဗန္ဓဋ္ဌိအနေနဲ့ ရှိနေတယ်၊ ကိုင်း—ဒီတော့ အတွင်းနဲ့အပြင်ဟာ ဘာကြောင့်ဆက်နေသလဲ၊ ပစ္စုပ္ပန်ရှိလို့ ဆက်နေတယ်၊ ပစ္စုပ္ပန်ဆိုတာဘာလဲ၊ ခဏဋ္ဌိလေးပါ၊ ဒါဟာ ဥတုသန္တတိပါ၊ ဒါဟာသန္တတိ မီးခါတ်နဲ့ ဥဟာမီးခါတ်တွေ ဆက်နေတာပါ၊ ဒါဟာနာမရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟ ဉာဏ်ပိုင်တဲ့ ပုဂ္ဂိုလ်တွေအတွက်၊ မပိုင်တဲ့ပုဂ္ဂိုလ်တွေကျတော့ ပဗ္ဗန္ဓဋ္ဌိလို့ယူပါ။

ဒီတော့ ဒီခဏဋ္ဌိလေးဟာ ဘယ်ကစပြီးဖြစ်လာသလဲလို့ ဆိုတော့မှ သူ့ရဲ့ရေသောက်မြစ်ဟာ ဝေဒနာလေးကို လာတွေ့မယ် လို့ဒီလိုလာမယ်၊ အခုတော့ဝေဒနာလေးကို မကိုင်သေးပါ၊ ဒီတော့သညာနဲ့ဝိညာဏ်ဟာ အတွင်းအပြင် အနေနဲ့ထောက်ပြီးတော့ ဆက်နေတယ်၊ ဘာကြောင့်ဆက်နေသလဲ၊ ပစ္စုပ္ပန်ရှိနေလို့ပါ၊ ဒါဘယ်သဘာဝလဲဆိုတော့ ခဏဋ္ဌိလေးပါ၊ ဒါကို ဥတုသန္တတိလို့ပြောတာ၊ ဒီဥတုသန္တတိလဲ ရလာရော အဲဒါ နောက်အကြမ်း အနုဆုံပြီးတော့ ထပ်ဆက်လာပြန်တယ်၊ ဒါဘာကြောင့် ထပ်ဆက်လာပြန်တာလဲ၊ ဒီလိုကိုနှိုက်လာမှ အနိစ္စဟာ ကိုယ့်လက်ထဲကို ရောက်လာမယ်။

ဒီတော့အတွင်းအပြင်လို့ ပြောနေတာသည်ပင် အဲဒါဟာ အဝိဇ္ဇာရိုင်ကြီးဖုံးနေပြီ၊ အဲဒါဒီဥတုသန္တတိဆက်ကို လက်ခံလိုက်လိုက်ရင် ဒီအဝိဇ္ဇာရိုင်ကြီး ဖုံးထားပြီ၊ အဝိဇ္ဇာရိုင်ကြီး ဖုံးသွား

ရှင်ဘဲ တဏှာရိပ်ကြီးကလဲကပ်လာပြန်ပြီ၊ အဲဒါအဆင်းက အပြင်မှာရှိနေလို့ ကြမ်းတယ်၊ အကြည်ကျတော့ အတွင်းမှာရှိနေလို့ နူးညံ့တယ်လို့ဆိုပြီးတော့ အာဟာရသန္တတိက ထပ်ဆက်လာပြန်ပြီ၊ ဒါကတဏှာရိပ်ပါ၊ နောက်အကြမ်းအနု ရှိတယ်လို့လဲ ဝန်ခံလိုက်ရော (ဝါ)ဒါကိုလဲ လက်ခံလိုက်ရော အကြမ်းကျတော့ ကိုယ်က မကျိုက်ဘဲ့အတွက် ယုတ်တဲ့သဘော၊ အနုကျတော့ ကိုယ်ကြိုက်တဲ့အတွက်ကြောင့် အမြတ်သဘောဆိုပြီး စိတ်သန္တတိဆက်လာပြန်ပြီ၊ ဒါက ကံရဲ့သဘောပါ။

ဒီတော့ ဒီကနေပြီးတော့မှ ကောင်းတဲ့ကံ, မကောင်းတဲ့ကံ ဆိုပြီး ပေါ်လာတာပါ၊ စိတ်သန္တတိကျတော့ ကံရိပ်လေးကို လှက်ရပ်ခေါ်နေပြီ၊ ဒီစိတ်သန္တတိကိုလဲ လက်ခံလိုက်ရော အဲဒါ အဝေးအနီးဆိုပြီးတော့ လာတော့မယ်၊ ဒီတော့အဆင်းလေးဟာ ခန္ဓာကိုယ်ရဲ့အပြင်ဘက်မှာရှိလို့ အဝေးသဘော၊ အကြည်လေးကျတော့ ခန္ဓာကိုယ်ရဲ့အတွင်းမှာရှိလို့ အနီးသဘောဆိုပြီး ထပ်ဆက်လာပြန်ပြီ၊ ဒါက ကံသန္တတိပါ၊ ဒီတော့အဝေးဟာ ဘယ်ထိအောင်ဝေးသလဲ၊ ကမ္ဘာတသိန်းက ပြုလာခဲ့တဲ့ ကုသိုလ်ကံ, အကုသိုလ်ကံတွေကို ဒီသညာဝိညာဏ်တွေက လက်ရပ်ခေါ်နေပြီ၊ ဒီတော့ ဒီကုသိုလ်ကံ, အကုသိုလ်ကံတွေဟာ ဒီကံသန္တတိကနေပြီး ဝင်လာတော့မယ် မဟုတ်လား။

ဒီတော့ ထိုပုဂ္ဂိုလ်မှာ သေခါနီးကာလလေးမှာ ဒီကမ္ဘာတသိန်းက ပြုလာခဲ့တဲ့ နွားသတ်ကံကြီးတွေ၊ ဆိတ်သတ်ကံကြီးတွေကဝင်ပြီး ခဲ့လိုက်ရင် ... ကျဦးမှာဘဲ မဟုတ်လား၊ ဒါ ကံသန္တတိ ... ကိုအခြေခံထားပြီး

... စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်
၁၀၆၇၇

ဆက်တာ ဖြစ်ခြင်းကြောင့် အာဟာရအရိပ်ပါ၊ နာမ်ကဆက်လာမှ ဝေဒနာအရိပ်လို့ယူပါ၊ ယခု သန္တတိတွေဆက်နေတာကို ပညတ်သန္တတိလို့ခေါ်တယ်၊ ဒီသန္တတိ ၄-ချက် ရှိနေသေးရင် သုဒ္ဓါဝါသငါးဘုံမှာရှိတဲ့ပုဂ္ဂိုလ်တွေလွတ်မယ်၊ ကျန်တဲ့ဘုံတွေကို အားလုံးဆွဲချမယ်၊ ဒီတော့ ဥတုသန္တတိလေး ဆက်နေလိုက်တာနဲ့ အာဟာရ, စိတ်, ကံ,သန္တတိတွေ အကုန်လုံး ဆက်ကုန်ပြီးတော့ လယ်တာပါဘဲ။

ဒီတော့ ဘယ်သူလူစွမ်းကောင်း လုပ်ချင်သေးသလဲ၊ ဒီသန္တတိ ၄-ချက်ကို ဘာနဲ့ဖြတ်မလဲ၊ ဒီတော့ ဘုရားရှင်က အနိစ္စ, ဒုက္ခ, အနတ္တ,လက္ခဏာယဉ်(၃)ပါးနဲ့ ဖြတ်ရမယ်လို့ ပြလာပါတယ်၊ ဒီ သဘာဝတွေကို ဝိသာခါတရားခေတ် အနုလောမပိုင်းမှာ ဟောကြားခဲ့ပါပြီ၊ အခု ဒီပညတ်သန္တတိကို မကိုင်တော့ပါ၊ ဒီပညတ်သန္တတိတွေကို အသာထားပြီးတော့ အခုသတိပဋ္ဌာန်တရားတော်ကြီးထဲကို ဝင်မဲ့သန္တတိကိုရှာရတော့မယ်။

ဒီတော့ သမ္မသနဉာဏ်က သန္တတိကိုတွေ့ချင်ရင် စိတ်အကြောင်းကို အရင်ရှာရမယ်၊ စိတ်ဆိုတာ နှလုံးအကြည်ရယ်, ဓမ္မာရုံရယ်, ဘဝင်စိတ်ရယ်, မနောဝိညာဏ်ရယ် ဒီ ၄-လုံးပေါင်းတာကို စိတ်လို့ခေါ်တယ်၊ ဒါဟာ သန္တတိလေးပါ။

# ( ညဟောစဉ် )

"သာသနာ ၃-ရပ်-ပဋိပတ်တွင် ခေတ် ၄-ပါး, ခေတ် ဂ-ပါး ( လု )ကမ္ဘာလောင်ဆူဝေလို့မကြာစတမ်း"လို့ရှေးကတရားပိုင် ခေတ်ပိုင်တော်မူသော ပုဂ္ဂိုလ်ကြီးများ မိန့်တော်မူခဲ့တဲ့အတိုင်း ယခုတက်လာတဲ့ တရားတွေမှာဥတုအကြောင်းရုပ်နာမ်အာဟာရ **အကြောင်း** ရုပ်နာမ်တွေကိုဒွာန် ၄-ချက်,နည်း၄-**ပါး**တို့ဖြင့်**သိမ်း** ဆည်းလိုက်တဲ့ ထိုယောဂီမှာ ဘယ်လိုအကျိုးတရားတွေ ရသွား ပြီလဲဆိုရင်....။

"ရုပ်သည်ငါ၊ ငါသည်ရုပ်၊ ရုပ်၌ငါရှိ၏၊ ငါ၌ရုပ်ရှိ၏" ဒိအစွဲကြီးတွေဟာ ရုပ်နာမ်တရားကို မနာခဲ့ဘူးတဲ့သူတွေစွဲတဲ့ အစွဲပါ၊ ဒါကို အဋ္ဌကထာဆရာကြီးတွေက "အရိယာနံ အဒဿာ ဝီ၊ အရိယာဓမ္မေ အကောဝိဒေါ၊ အရိယာဓမ္မဿ အဝိနိတော" လို့ပြလာပါတယ်၊ ဒီအစွဲကြီး(၄)ချက်ကို ဖြုတ်လိုက်တာကလဲ တကဏ္ဍပါ၊ ဒီတော့ဘယ်မှာစွဲနေတာလဲ၊ လုဘက်ရည်ရေပုဂံ ကိုရှေ့မှာချပြီး စမ်းပါ၊ ဘာတွေသလဲ၊ မာတာကိုတွေ့ပါတယ်၊ ဒါကို ကိုယ်တွေ့အဘိဓမ္မာအနေနဲ့ဆိုရင် အဲဒါသဘာဝ ၄-ပါး ပေါင်းဆုံမှ မာတယ်လို့ ပြောလာတာပါ။

လဘက်ရေပုဂံမှာက ဖေါဋ္ဌဗ္ဗပထဝီရှိတယ်၊ လက်ညှိုးမှာ ကာယပသာဒပထဝီရှိတယ်၊ ၂-ပါးဆုံလိုက်တာက သညာပထဝီ၊ ၃-ပါးဆုံမှပေါ်လာတာကျတော့ ဝိညာဏ်ပထဝီလို့ ခေါ်တယ်၊ ဒီပထဝီလေး ၄-လုံးကို အခုချေလာတာ၊ ဖေါဋ္ဌဗ္ဗပထဝီကြီး ဇာတ်သိမ်းသွားတော့ "ရုပ်သည်ငါ ငါသည်ရုပ်၊ ရုပ်၌ငါရှိ၏၊ ငါ၌ရုပ်ရှိ၏" လို့ဆိုတဲ့အစွဲ ၄ ချက်တွေလဲ ပြုတ်သွားပြီ၊ ဒါကို ( ၁၅ ) ရက်တိတိဟောကြားလာခဲ့ပါတယ်။

အခုလာဘက်ရည်ပုဂံမှာရှိတဲ့ ဖေါဋ္ဌဗ္ဗပထဝီကြီးဟာ ကျေသွားပြီ၊ ဒီတော့ဘယ်ပထဝီကျန်နေသေးသလဲဆိုရင် ကာယပသာဒပထဝီ ၂ ပါးဆုံတဲ့အခါပေါ်လာတဲ့သညာပထဝီ နောက်ဝိညာဏ်ပထဝီတွေ ကျန်နေသေးတယ်၊ ဒါကိုပစ္စယပရိဂ္ဂဟဉာဏ်က ကာယပသာဒ ပထဝီကိုချေလိုက်တယ်၊ ဒါကိုချေလိုက်တဲ့အခါမှာ ဝိသမဟေတုက ဒိဋ္ဌိကြီးဟာပြုတ်သွားတယ်၊ အဲဒါယုံမှားခြင်း (၈)ပါးတွေပါ တခါထဲ ပြုတ်သွားပြီ၊ ဒီတော့မှ ဘုရားစစ်၊ တရားစစ်၊ သံဃာစစ်ကိုတွေ့လာပြီ၊ ဒီတော့လက်တွေ့နည်းနဲ့ ရှာလိုက်တဲ့အခါမှာ အဆင်းမှာရှိတဲ့ ဖေါဋ္ဌဗ္ဗပထဝီ၊ အကြည်မှာရှိတဲ့ကာယပသာဒ ပထဝီ၊ ဒီ ၂ပါးဟာ ဇာတ်သိမ်းသွားပြီ၊ ဒီတော့အခုသညာပထဝီနဲ့ဝိညာဏ်ပထဝီ ဒီ ၂-ပါးသာကျန်တော့တယ်၊ အခုသညာပထဝီလေးကို လက်ပြန်ကြိုးတုပ်ပြီးတော့ချေရတော့မယ်၊ ဒီတော့သညာဟာ ဝိပ္ပလ္လာသတရားမှာ သညာဝိပ္ပလ္လာသအနေနဲ့ တပါး ပါနေတယ်။

ဒီတော့ ဒီသညာပထဝီလေးကို ချေလိုက်တဲ့အခါမှာ အစမထင်တဲ့ဘဝကစပြီးတော့ စွဲလာခဲ့တဲ့သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိတို့ဟာ တခါထဲပြုတ်သွားမယ်၊ ဒီတော့ဒိဋ္ဌိ ၂-ပါးဟာအရေးကြီးပါတယ်၊ ဘုရားရှင်ပွင့်တော်မူလာတာဟာ ဒိဋ္ဌိ ၂ ပါးကိုမဇ္ဈိမပဋိပဒါလမ်းဖြင့် ဖြုတ်တော်မူရအောင် ကြွလာတာပါ၊ (ဝါ)ပွင့်တော်မူလာတာပါ၊ ဒိဋ္ဌိကြီးတွေကို ဘာနဲ့ဖြုတ်မလဲ၊ သမ္မသနဉာဏ်နဲ့ ဖြုတ်ရတော့မယ်၊ သုံးရက်လေးရက်နဲ့ ဘဲ အပြီးဖြုတ်ရမယ်၊ ဒီ"သညာလေးရဲ့" သတ်ပွဲဟာအရေးကြီးပါတယ်။

ဒီတော့ သညာလေးဟာ သညာဝိပ္ပလ္လာသဖြစ်လာမှ ဝိညာဏ်ကြီးက အမှားကိုမြင်ပြီး၊ ဒိဋ္ဌိကြီးဝင်ကပ်လို့ ရလာမယ်၊ ဒီသညာ

လေးက အမြင်မှန်သွားရင် ဝိညာဏ်ကြီးကို ဒိဋ္ဌိဟာကပ်လို့မှရ တော့ပါ၊ ဒီတော့ ဒီသညာဟာ သံသရာကို ချုပ်တဲ့အထဲမှာလဲ ဒီသညာလေးဟာ လူမွေ့လေးသဲ၊ ဒါနဲ့ ဒီသညာလေးကို သတ်ရ တော့မယ်၊ အဲဒါ သမ္မာသနဉာဏ်ရဲ့ ခုံရုံးမှာတင်ပြီး သတ်ရတော့ မယ်၊ ဒီတော့ သညာလေးကို လိုက်ရှာကြဦးစို့၊ ယခုပြောလိုက် တာက တရားတက်ပုံပါ၊ အခု သဲတလောကကြီး တခုလုံးမှ အကုန်လုံးကို ရိုက်ထုတ်လိုက်ပြီ။

အခု သညာဝိညာဏ်သာ ကျန်တော့တယ်၊ ဒီသညာဝိညာဏ် ကနေ ခိုင်းထားတဲ့ရုပ်နာမ်တွေကို အခုရှင်းခဲ့ပါပြီ၊ (၀၁)အန္တာ ကရောင်းကြီးတွေကို ရှင်းခဲ့ပါပြီ၊ အခု သညာဝိညာဏ်သာ ကျန် တော့တယ်၊ အာနာပါနနည်း, ဝိပဿနာနည်းနဲ့ ကြည့်မယ် ဆိုရင် ပေါ်ဋ္ဌိလရဟန်းကြီးကို (၇) နှစ်သား ရဟန္တာကိုယ်ရင် လေးက အပေါက် (၆)ပေါက်ရှိတဲ့ တောင်ပို့ကြီးထဲတွင်ရှိတဲ့ ဖွတ်ကောင်ကြီးကို ဖမ်းတဲ့အခါ ဘယ်လိုဖမ်းရမလဲ ဆိုတော့ ပေါဋ္ဌိလရဟန်းကြီးက (၅)ပေါက်ကိုပိတ်ပြီးမှ တပေါက်ကနေ ဖွတ်ကောင်ကြီးကို ဖမ်းရမယ်ဆိုတဲ့ ဥပမာအတိုင်း အခုငါးပါး သောအပေါက်တွေကို ပိတ်ကုန်ပြီ၊ ဒီအပေါက်တွေကို ပိတ်ပြီးမှ ဖွတ်ကောင်ကြီးကို ဖမ်းရမှာဖြစ်ခြင်းကြောင့် အခု ၅-ပေါက်ကို ပိတ်နေတာပါ၊ သညာဝိညာဏ်ရဲ့ အန္တာကရောင်းကြီးတွေဟာ အကုန်လုံး ပျက်စီးကုန်ပြီ။

ဒီတော့ ၅-ပါးသောပသာဒမှာ မဟာသတိပဋ္ဌာန်တရားတွေ ထွက်နေတဲ့အတွက် ကလျာဏမျက်စေ့ ပေါက်ပါပြီ၊ အဲဒါ အဘိဇ္ဈာ ဒေါမနဿလောကကြီးကိုပါ တခါသဲပယ်နိုင်လာပြီ၊ အခု သညာဝိညာဏ်သာ ကျန်တော့တယ်၊ ဒီအကောင်ကို သတ်ရ

တော့မယ်၊ ဒီတော့ ဒီထွက်လာတဲ့ ဖွတ်ကောင်ကြီးကို တခါထဲ မိအောင်ဖမ်းပြီး ရိုက်သတ်လိုက်တာနဲ့ ဟင်းအိုးကြီးထဲ ရောက်သွားသလိုဘဲ ကိုင်း....ဒီသညာဝိညာဏ်ကိုဘယ်လိုဖမ်းမလဲ၊ အဲဒါဟာ မဟာသတိပဋ္ဌာန်တရားအနေနဲ့ တက်စဉ်ပါ၊ ကိုင်း....သညာဝိညာဏ်ကို ဘယ်လိုရှာမလဲ။

"အတီတာနာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီတံဝါ ယံ ဒူရေ သန္တိကေဝါ"လို့ အနတ္တလက္ခဏသုတ်မှာ ပြလာတဲ့အတိုင်း....

ကိုင်း....ဒီတော့ သညာဝိညာဏ်ရဲ့ အန္တာကရောင်းကြီးကိုလဲ ဖျက်ဆီးလိုက်ရော ဘာသာကျန်တော့သလဲလို့ နောက်ကတက်လာခဲ့တဲ့ တရားကိုပြန်ကြည့်လိုက်ရင် အခုသန္တတိ ဆက်စပ်တဲ့ သဘောလေးအနေနဲ့ ကျန်သေးတဲ့ ဒီ သန္တတိလေးကို တွေ့လာမှ သညာဝိညာဏ်တွေကိုတွေ့မယ်၊ ဒီတော့ ဘာကျန်သလဲ၊ သန္တတိကို ရှာသိတဲ့ ပုဂ္ဂိုလ်ဟာ အနတ္တလက္ခဏသုတ်မှာ ပြထားတဲ့အတိုင်း သဘောအားဖြင့် (၈) ချက် ဆက်နေတော့ အတွင်းသဘော (၄) ချက်နဲ့ အပြင်သဘော (၄) ချက်၊ "တနည်း" အဆက်အားဖြင့် ၄—ဆက် ဖြစ်နေပါတယ်။

ဒီတော့ ဒီ ၄·ဆက်ထဲမှာ (တနည်း) အတွင်း ၄—ချက် အပြင် ၄·ချက်ဆက်တဲ့အထဲမှာ ရှာရမယ်၊ ဒါမှသညာဝိညာဏ်ကို တွေ့မယ်၊ ဒါကအတွင်းနဲ့ အပြင်ဆက်နေတာဟာ ဥတုသန္တတိ ဆက်ပါ၊ အကြမ်းအနု ဆက်နေတာကျတော့ အာဟာရသန္တတိ ဆက်ပါ၊ အယုတ်အမြတ်ဆက်နေတာကျတော့လဲ စိတ်သန္တတိ ဆက်ပါ၊ အဝေးအနီးကျတော့ ကံ·သန္တတိဆက်ပါ၊ (ဥပမာ)

ဧရဒီယိုများမှာ အသံဖမ်းလို့ရတာဟာ ဥတုသန္တတိသဘော အဆက်ပါ၊ နောက် ရုပ်မြင် သံကြားကျတော့ အာဟာရသန္တတိ သဘောအဆက်ပါ၊ စျာန်အဘိညာဉ်တန်ခိုးများ ရနေတာကျ တော့စိတ်သန္တတိသဘောအဆက်ပါ၊ ကံသန္တတိသဘောအဆက် ကျတော့ ကမ္မာဘသိန်းက ပြုလုပ်လာခဲ့တဲ့ ( ၂၉ ) ပါးသော ကံတွေကို ဆက်နိုင်လာတယ်။

ဒီတော့ အဲဒီ ၄-ချက်ထဲမှာ ရှာမှသညာဝိညာဏ်ကို တွေ့မယ်၊ ရှာပြမယ်–အတွင်းနဲ့အပြင် ဆက်တယ်လို့ဆိုတာဟာ အတွင်း ဆိုတာ မိမိရဲ့မျက်စေ့အကြည်ဘဲ မဟုတ်လား၊ အဆင်းကျ တော့ အပြင်သဘောပါ၊ ဒီအတွင်းနဲ့အပြင် ဆက်နေတာကို သန္တတိလို့ခေါ်တယ်၊ ဒါဟာဥတုသန္တတိလေးလို့ ခေါ်တယ်၊ ဒီ-ဥတုသန္တတိလေးရလာရော အဲဒါထပ်လာပြန်ပြီးတော့အဆင်း လေးက အပြင်မှာရှိနေလို့ "အကြမ်း" စက္ခုအကြည်လေးကျ တော့ ခန္ဓာကိုယ်ကြီးမှာရှိနေလို့ "အနုပါ" ဒါကိုအာဟာရသန္တ တိလို့ခေါ်တယ်၊ နောက်မျက်စေ့ အကြည်လေးကတော့ ခန္ဓာ ကိုယ်ကြီးအတွင်းမှာရှိလို့အမြတ်၊ အဆင်းလေးကျတော့အယုတ် ဆိုပြီး စိတ်သန္တတိလေး ဆက်လာပြန်တယ်။

နောက် စက္ခုအကြည်လေးကျတော့အနီး၊ အဆင်းကျတော့ အဝေး၊ ဒါက ကံသန္တတိပါ၊ ဒီတော့လဘက်ရည်ပုဂံကို ရှေ့ မှာချပြီး မျက်စေ့နဲ့ကြည့်လိုက်ပါ၊ အဲဒီမှာဆက်နေတဲ့သန္တတိ လေးတွေဟာ အတွင်းအပြင်ဆက်တာက ဥတုသန္တတိ၊ အကြမ်း အနုဆက်တာက အာဟာရသန္တတိပါ၊ အယုတ် အမြတ်ဆက် တာက စိတ်သန္တတိပါ၊ အဝေးအနီးဆက်တာက ကံသန္တတိပါ၊ ဒါကိုရည်တော်မူပြီး၊ ဘုရားရှင်က အနတ္တလက္ခဏသုတ်မှာ....။

အတီတာ နာဂတ ပစ္စုပ္ပန္န် အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီတံဝါ ယံဒူရေ သန္တိကေဝါ လို့ဟောကြားတော်မူတာပါ။

ကိုင်း ဒါကိုတွေ့ပြီလား၊ တွေ့ပါပြီ၊ အဝေးနဲ့ အနီးဆိုတာ ကံသန္တတိသဘောဆက်ပါ။

ဒီတော့ ဥဘုသန္တတိရဲ့သဘောကို အမှီပြုပြီးတော့ အာဟာရ သန္တတိ၊ စိတ်သန္တတိ၊ ကံသန္တတိဆိုပြီး ပြလာတယ်၊ ဒီတော့ ကံသန္တတိ အနီးအဝေး ဆက်တာကျတော့ အနီးသဘောလေး ရှိလာရင်ဘဲ အဝေးသဘောဟာ ဘယ်ထိအောင် ဝေးလာမလဲ အဲဒါ ကမ္ဘာတသိန်းကပြုလာခဲ့တဲ့ ကုသိုလ်ကံ၊အကုသိုလ်ကံတွေ ထိအောင် ဆက်နေပြီ၊ ဒီတော့ သေခါနီးအခါကာလမှာ ကမ္ဘာ တသိန်းက ပြုလုပ်လာခဲ့တဲ့ နွားသတ်ကံကြီးတွေ၊ ဆိတ်သတ်ကံ ကြီးတွေမရှိဘူးလို့ ပြောနိုင်သလား....မပြောနိုင်ပါ။

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ၄-ပါးသော ပစ္စည်းတွေကို လှူခဲ့ဘူးတဲ့ကံတွေမရှိဘူးလို့ ပြောနိုင်သလား .... မပြောနိုင်ပါ၊ ဒီတော့ အခု သေခါနီးကာလမှာ အာဠာရ၊ ဥဒ္ဒကကြီးတို့လို ကုသိုလ်ဂရုကံကြီးတွေကသော်ငြင်း၊ ဒေဝဒတ်ကြီးလို အကုသိုလ် ဂရုကံကြီးတွေက လာဆွဲလိုက်ရင် ဘုရားရှင်နဲ့ တွေ့သော်လဲ ဆုံးရှုံးခြင်းသို့ ရောက်ကြရတာဘဲမဟုတ်လား၊ ဒီကံမဲကြီးလေး တွေက ဝင်ဆွဲလာရင် ကုသိုလ်ကံကဆွဲရင်လဲ ကောင်းရာဘုံကို ရောက်မှာဘဲ၊ အကုသိုလ်ကံကဆွဲရင်လဲ အပါယ် ၄-ပါးသို့ကျဦး မှာဘဲ မဟုတ်လား၊ ဒါကြောင့် ဘုရားရှင်က အစမထင်တဲ့ ဘဝ ကစပြီး ပါလာတဲ့ သဿတနဲ့ ဥစ္ဆေဒဒိဋ္ဌိတွေကို ဘယ်သူမှမဖြုတ် နိုင်၍ ငါဘုရားကြွလာတော်မူတာလို့ မိန့်တော်မူလာတယ်။

"တိက္ခပညာသ၊ ဇဝနဂမ္ဘီ၊ ဉာဏ်လေးလီဖြင့်၊ အခွံကိုခွါ၊ အကာကိုရှား၊ အသားကိုချေ၊ အနှစ်ကိုတေနိုင်မှ၊ သဘာဝ အနတ္တဉာဏ် ထင်မြင်နိုင်သည်၏အဖြစ်ကြောင့်ရင်း"လို့ပြလာတဲ့ အတိုင်း ကိုယ်ရဲ့မဲကြိုးလေးကို ကိုယ်တွေ့ကြရဲ့လား၊ နွားများကို ကြိုးရှည်ရှည်နဲ့ လှန်ထားသလို အခုလဲ ကြိုးရှည်ရှည်ကြီးနဲ့ လှန်ထားပြီး၊ ဒီကြိုးကို အခုဖြတ်ရတော့မယ်၊ ဒီတော့ ကိုယ့် လည်ပင်းမှာ ဆွဲထားတဲ့ကြိုးကို ကိုယ်ကမြင်ပြီလား၊ အဲဒါ ဗုဒ္ဓဘာသာတွေ လုပ်နေသော်လဲ အခုထိ မမြင်ကြသေးပါ၊ ဒီတော့ သညာဝိညာဏ်ကို တွေ့ချင်ရင် ဒီသန္တတိ ၄-ချက်မှာ ရှာပါ၊ ကိုင်း....ဒီသညာဝိညာဏ်ကို ရှာပြမယ်၊ ဒီတော့ မိမိမှာ ရှိတဲ့ မဲကြိုးလေး ပြုတ်သွားရင်.... တဏှာသံယောဇနာနံ၊ ဒိဋ္ဌိ သံယောဇဉ်၊ ဝိကိစ္ဆာသံယောဇဉ်၊ သီလဗ္ဗတသံယောဇဉ်ဆိုတဲ့ သံယောဇဉ်တွေကို ဒီကဏ္ဍက အပြုတ်ချတော့မယ်။

ကိုင်း—ဒီသညာနဲ့ဝိညာဏ်ကိုလက်တွေ့ရှာပြမယ်၊လဘက်ရေ ပုဂံလေးကို ရှေ့မှာချပြီးကြည့်ပါ၊ လဘက်ရေပုဂံဆိုတဲ့အဆင်း လေးက အပြင်၊ မျက်စေ့အကြည်လေးက အတွင်းပါ၊ ဒီတော့ မျက်စေ့အကြည်က အတွင်းအတွင်းလို့ပြောနေတာဟာ ဘယ် သူ့ကိုထောက်ပြီး ပြောနေတာလဲ၊ ဒါဟာ ပုလိပ်စစ် စစ်နေ တာပါ၊ သူ့သဘောသူ ပြောနေတာလား— ဘယ်သူ့ကို ထောက် ပြီး ပြောနေတာလဲဆိုရင် အဆင်းသဘောဆိုတဲ့ အပြင်လေးကို ထောက်ပြီးမှ အတွင်းလို့ပြောနေတာဘဲ မဟုတ်လား၊ နောက် အဆင်းလေးကို ထပ်မေးပါဦး မင်းအပြင်လို့ ပြောနေတာဟာ ဘာကိုထောက်ပြီး ပြောနေတာလဲဆိုရင် အဲဒါ အကြည်ဆိုတဲ့ အတွင်းသဘောကိုထောက်ပြီး ပြောနေတာပါ။

ဒီတော့ ထောက်တဲ့သဘောက ဝိညာဏ်၊ ပြောတဲ့သဘော လေးက သညာပါ ( တနည်း ) ထောက်တဲ့သဘောက သဏ္ဌာန ပညတ်ပါ၊ နောက်ပြောတဲ့သဘောက နာမပညတ်ပါ၊ ဒီတော့ ဆက်တယ်ဆိုတာဟာ တခုနဲ့တခုထောက်ပြီး ပြောနေတဲ့သ ဘောပါ၊ ဒီသဘာဝကို အဲဒီလိုတွေ့တော့ရင် လုပ်ငန်းစဉ်ကို ထပ်ပြောပြဦးမယ်၊ ထောက်တဲ့သဘောကဝိညာဉ် အနာဂတ် သဘောပါ၊ ပြောတဲ့သဘောကသညာ အတိတ်သဘောပါ၊ ဒီတော့ရင်အပြန်အလှန် အဆင်းနဲ့အကြည် ပေါင်းတာက ပစ္စုပ္ပန်သဘောပါ။

အဲဒါဟာ အဲဒီလိုအတိတ်နဲ့ အနာဂတ်ဆက်ပြီး မျက်တောင် ခတ်နေတာကို သန္တတိလို့ခေါ်တယ်၊ ဒါကိုသညာဝိညာဏ်လို့ ခေါ်တယ်၊ သညာဝိညာဉ်ကို လက်တွေ့ရှာလိုက်ရင် အတိတ်နဲ့ အနာဂတ်ကို လာတွေ့တယ်၊ ဒီအတိတ်နဲ့အနာဂတ်က ပစ္စုပ္ပန် ကို မတွေ့အောင် ( ဝါ ) မမြင်အောင် ဖုံးကွယ်ထားပါတယ်၊ ( ဝါ ) မျိုထားတယ်၊ ဒီတော့အတိတ်နဲ့အနာဂတ် (ဝါ) နာမ ပညတ်နဲ့သဏ္ဌာနပညတ် (ဝါ) သညာနဲ့ဝိညဉ်တို့က (ဝါ) ဒါတွေ က ဆက်ထားတာဟာပစ္စုပ္ပန်သဘောကို မမြင်အောင်လို့ ဆက် ထားတာပါ။

ဒီတော့သညာဝိညာဉ်ကို ပရမတ်လို့မျှားထင်နေသလားလို့ လုပ်ငန်းစဉ်နဲ့ကြည့်လိုက်ရင် အတိတ်နဲ့အနာဂတ်ကို ထောက် နေတာဖြစ်ခြင်းကြောင့် ပညတ်ပြဋ္ဌာန်းနေတဲ့ပရမတ်ပါ၊ ဒီဟာ ကို လိုက်ဆွဲနေကြတဲ့အတွက် သံသရာကြီး လယ်နေတာပါ၊ ( တနည်း ) သံသရာကြီးထဲကမထွက်သေးတာပါ၊ အခုဒီသညာ

နဲ့ ဝိညာဉ်ကိုဖြတ်ရတော့မယ်၊ အခုဒီသညာဝိညာဉ်ဆက်နေတာကို တွေ့ပြီလား။

ဒီတော့သန္တတိ ၄–ချက်မှာ လိုက်ရှာတဲ့အခါမှာ သညာဝိညာဉ်ကိုတွေ့ပြီ၊ တွေ့တော့ရင်ကိုယ်ရဲ့နှလုံးအိမ်ထဲကို သွင်းကြည့်လိုက်ပါဆိုရင် အဲဒါအတိတ်နဲ့ အနာဂတ် သဘောအနေနဲ့ သွင်းရပါတယ်၊ ဒီတော့အတိတ်ဆိုတာအာရုံသဘောပါ၊ အနာဂတ်ဆိုတာအာရမ္မဏ သဘောပါ၊ ဒါဟာအာရုံတခုခုနဲ့တွေ့လို့ပေါ်လာတဲ့အခိုက် ပစ္စုပ္ပန်သာရပါတယ်၊ နောက်ပြီးတော့နှလုံးအိမ်ကြီးထဲမှာ (ဝါ) သညာဝိညာဉ်ကြီးထဲမှာ အတိတ်အနာဂတ်အနေနဲ့သာ ရှိနေပါတယ်၊ ပြန်ပြီးတွေးမှ ပေါ်လာတာပါ၊ ဒီတော့အတိတ်နဲ့အနာဂတ်ကို တွေးကြံကြတယ်၊ ဒါဟာ ပညတ်သဘောပါ၊ ပစ္စုပ္ပန်ကိုယူတာက ပညာရဲ့သဘောပါ။

ဒီတော့ ငယ်ရွယ်စဉ်အခါကထဲက မှတ်လာခဲ့တဲ့ အမှတ်တွေကို အခုမဟာသတိပဋ္ဌာန်ကြီးနဲ့ တင်ကြည့်လိုက်ရင် ဘယ်မှာလဲမရမတ်၊ အဲဒါအတိတ်နဲ့အနာဂတ်ဟာ သညာဝိညာဉ်ဘဲမဟုတ်လား၊ အဲ့ဒါဒီတော့တွေးကြံလိုက်တာသည်ပင် အတိတ်နဲ့အနာဂတ်ဘဲ မဟုတ်လား၊ ဒီသညာဝိညာဉ်လို့ ပြောတာကိုဝိပဿနာအနေနဲ့ သူ့သဘာဝကို ရှာရင် အတိတ်အနာဂတ်သဘာဝပါလား၊ ဒါကိုဘုရားရှင်က အတိတ်လို့ ပြောတဲ့သညာလေးကိုသဿတဒိဋ္ဌိ၊ အနာဂတ်လို့တွေးကြံနေတဲ့ ဝိညာဉ်ကဥစ္ဆေဒဒိဋ္ဌိပါ၊ ဒီ ၂–ကောင်ဟာ လူမွေ့ကောင်လေးတွေပါလို့ဆိုပြီးတော့ ဘုရားရှင်ကပြောလာတာပါ။

ဒါကိုမဟာသတိပဋ္ဌာန်ကြီးနဲ့ တင်ကြည့်လိုက်ရင် သဘာတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိတို့ကိုလာတွေ့နေပြီ၊ အခုဒီဒိဋ္ဌိကြီးတွေရှိနေကြတာဘဲ မဟုတ်လား၊ သေတော့လဲ ဒီဒိဋ္ဌိကြီးတွေနဲ့ဘဲ ဒါနသီလဘာဝနာတွေကို လုပ်တဲ့အတွက် ဒီဒိဋ္ဌိကြီးတွေကို လည်ပင်းစွပ်ပြီး သေကြတော့မယ် ဒီဒိဋ္ဌိကြီးတွေနဲ့ဘဲ သေကြရပြန်တယ်၊ဒီတော့ တယ်မှာသံသရာက လွတ်တော့မလဲ၊ အခုသညာဝိညာဉ်ကြီးကို အနတ္တလက္ခဏာသုတ်နည်းနဲ့ ဖမ်းပြလိုက်ပါပြီ၊ နောက်မဟာသတိပဋ္ဌာန်ကြီးနဲ့ ဒီထက်နက်တဲ့ သဘာဝကို ပြပါဦးမယ်။

ကိုင်း....သာ့ခုံသာ ခေါ်ကြပါတော့၊

သာဓု—သာဓု—သာဓု။

စါခေါင်လဆန်း ( ၁၀ ) ရက်နေ့ဟောစဉ်

# ပုံစံနံပါတ် (၁၁)

မနေ့ကရှာလိုက်တာက ပညတ်သန္တတိနေပုံပါ၊ ဒီတော့ သညာနဲ့ ဝိညာဏ်ကိုတွေ့ပြီလား ...၊ တွေ့ပါပြီဘုရား....၊ သညာ ဝိညာဏ်ကနေ အတိတ်နဲ့ အနာဂတ် ဖြစ်လာပြီး အတိတ်နဲ့ အနာဂတ်တွင် မကတော့ဘဲ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိဖြစ်လာပြီ၊ ဒါကိုအနိစ္စ, ဒုက္ခ, အနတ္တနဲ့ ဖြတ်ရတော့မယ်၊ ဒီသဘာဝတွေ ဟာရှေ့ပိုင်းကျရင် ထင်ရှားမယ်၊ ဒါကိုဖြတ်လိုက်ရင် ဘာကျန်မှာလဲ၊ ဒါလဲရှေ့ကျရင် ထင်ရှားမယ်၊ ယခုတော့ တရားခံကိုသာ အရင်ရှာနေတာပါ။

ယခုဆက်ပြလိုက်တဲ့ သန္တတိက ငါးပါးသော ပသာဒကနေ ဆက်နေတဲ့ ပညတ်သန္တတိပါ၊ ဒါကိုဝိသာခါ တရားခွတ် အနုလောမပိုင်းမှာ ပြခဲ့ပါပြီ၊ ယခုမဟာသတိပဋ္ဌာန်ကြီး ကျတော့ရင် ဒီသန္တတိဟာရုပ်ပေါ်ကို ထောက်ပြီး ဆက်လာတဲ့ရုပ် သန္တတိ၊ တနည်းပညတ်သန္တတိဖြစ်ခြင်းကြောင့် အင်မတန်မှ ကြမ်းထန်းတဲ့အတွက် မဟာသတိပဋ္ဌာန်က လက်မခံသေးပါ၊ ဒါကြောင့် သဘာဝကိုထပ်ပြီး နှိုက်ပြအုံးမယ်၊ ဒီထက်သိမ်မွေ့တဲ့နာမ်ကိုထောက်ပြီး ဆက်လာတဲ့ပရမတ်သန္တတိကို ရှာရအုံးမယ်။

ဒီတော့ ယခုရုပ်ပေါ်မှာ ဆက်ထားတဲ့ ပညတ်သန္တတိကို အနတ္တလက္ခဏသုတ်မှာ....

အတီတာနာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ သုခုမံဝါ ဟီနံဝါ-ပဏီတံဝါ ယံဒူရေ သန္တိကေဝါ...။

လို့ဟောကြားခဲ့တဲ့ အနတ္တ လက္ခဏသုတ်ကြီးအတိုင်း ဟော ကြားလိုက်တာပါ၊ ဒီတော့ ဒီသဘာဝတွေကို မသိကြတော့ဘဲ သဘာဝတွေဟာ တဖြည်းဖြည်းနဲ့ တိမ်ကောပြီးတော့ သောတာ ပန်ခေတ်ဟာ တဖြည်းဖြည်းပျောက်နေပြီ၊ဒွါဟာဝိသာခါတရား ခေတ်ကို နာယူကြတဲ့ပုဂ္ဂိုလ်တွေအတွက် သညာဝိညာဏ်ပေါ်ပုံ ပါ၊ ဒီတော့သညာဝိညာဏ်ဟာ အတိတ်နဲ့ အနာဂတ်ဘဲမဟုတ် လား၊ အတိတ်ကိုဆွဲတာက သညာ၊ အနာဂတ်ကို ဆွဲဘာက ဝိညာဏ်၊ ဒါကိုသဘာဝနဲ့ကြည့်ရင် အတိတ်သညာက သဿတ ဒိဋ္ဌိ၊ အနာဂတ်ဝိညာဏ်က ဥစ္ဆေဒဒိဋ္ဌိဘဲမဟုတ်လား...။

ဒါကိုပယ်ရအောင်ဘုရားရှင်က သမ္မသနဉာဏ်ကို ဟောတာ ဘဲမဟုတ်လား၊ အဲဒါကာလသုံးပါးရုပ်နာမ်ကို သိမ်းတဲ့အခါမှာ အချို့ဝိပဿနာဆရာတွေက အဒ္ဓါန ပစ္စုပ္ပန်အနေနဲ့ သိမ်းသွား ကြတယ်၊ ဒါကြောင့် သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိကို ပေါ်အောင် မသိမ်းနိုင်ကြပါ၊ ကိုင်း...ဒီသဘာဝတွေကို အပြီးသတ်ပြီထား လိုက်ပါတော့၊ ဒီတော့ပုံစံကိုသွားပါ၊ အခုငါးပါးသောပသာ ဒကဆက်တဲ့ ပညတ်သန္တတိကိုတွေ့သွားပြီ၊ ဒါကဝိသာခါတရား ခေတ်မှာ ပေါ်ပြခဲ့တဲ့သန္တတိပါ၊ အခုမဟာသတိပဋ္ဌာန် တရား တော်ကြီးကျတော့ ငါးပါးသောပသာဒက ဆက်တဲ့ရုပ်သန္တတိ၊ ( တနည်း ) ပညတ်သန္တတိနဲ့မရသေးပါ၊ မနောဝိညာဏ်ကြီးက ဆက်တဲ့ပရမတ်သန္တတိကို ရှာရအုံးမယ်။

ကိုင်း ပုံစံမှာကြည့်ပါ၊ မနောဝိညာဏ်ကဆက်တဲ့သန္တတိကို ရှာရတော့မယ်၊ ဒါဟာ ဝိသာခါတရားခေတ်မှာ မပါသေးပါ၊ အခု မဟာသတိပဋ္ဌာန်တရားကြီး ကျမှ ပေါ်လာတာပါ၊ ဒီတော့ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိတွေဟာ အရေးကြီးပါတယ် သညာ ဝိညာဏ်ကို သတ်ချင်ရင် ဒီသဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိကို မျက်ခြေ မပြတ်အောင်ကြည့်ပါ၊ ဒါမှ သတ်လို့ရမယ်၊ ကိုင်း – မနော ဝိညာဏ်ကြီးက ဆက်တဲ့သန္တတိကျတော့ ရုပ်ရုံအဆင်းမှာမူ မထားတော့ပါ၊ ငါးပါးသောအကြည်ခေတ်က ဆွဲလာတဲ့သညာ လေးလောက်သာ ဆက်တော့မယ်၊ ဒါ့ကြောင့် ဒါက ပရမတ် သန္တတိပါ။

ဒီတော့ မျက်စေ့အကြည်က ဆွဲလာတဲ့ သညာလေးဟာ ဘယ်အနေနဲ့ မနောဝိညာဏ်ကြီးထဲရောက်သလဲ၊ အဲဒါရုပ်ရုံနဲ့ မျက်စေ့အကြည်ဆုံဘဲ့အခါမှာ မျက်စေ့အကြည်ကသာ ပွင့်တာ မဟုတ်သေးပါ၊ ငါးပါးသော ပသာဒတွေက ၂ါ အားလုံးပွင့်လာ ပြီးတော့ သညာလေးတွေက လိုက်ဆွဲလာတယ်၊ ဒါပေမဲ့ မျက်စေ့အကြည်ကသာ ပြဋ္ဌာန်းပါတယ်၊ ဒီတော့ ဒီကနေမှတ်ပြီး တော့မှ နှလုံးအိမ်ထဲမှာရှိတဲ့ သညာလေးနဲ့ ဆက်လာတယ်၊ ဒီလိုဆက်လိုက်တော့ အဲဒါ ငါးပါးသောပသာဒသညာလေးတွေ ကသာ ဆက်ပြီးတော့ ချုပ်သွားသော်လည်း မနောဝိညာဏ်ကြီး ထဲမှာရှိတဲ့ သညာက မပျောက်ပျက်အောင် တခါထဲမှတ်ထား လိုက်တော့တယ်၊ ဒီသညာကနေ ပဋိစ္စသမုပ္ပါဒ်ကြီး ပတ်နိုင်တယ်၊ ဒီသညာရဲ့သဘောလေးကို နားလည်ထားရမယ်၊ ဒါမှ ပရမတ် သန္တတိလေးကိုတွေ့မယ်။

ဒီတော့ ၂-ဖက်စည်ကြီးကို တီးလိုက်တဲ့အခါမှာ ဒီဘက်က တီးလိုက်ရင် ဟိုမှာဘက်ပါ လှုပ်သာသလို ငါးပါးသောပသာဒ

မှာ သညာလေးတွေ ပေါ်လာတာနဲ့ မနောဝိညာဏ်ကြီးထဲမှာလဲ သညာလေးတွေ သွားပေါ်တာဘဲ၊ ငါးပါးသော ပသာဒက သညာကျတော့ နာမန့်သဏ္ဌာနပညတ်ကို မှတ်တဲ့သညာပါ၊ ပညတ်ကို ထင်အောင် စွဲရတာဖြစ်ခြင်းကြောင့် ဒါက ပညတ်သညာပါ၊ မနောဝိညာဏ်ကြီးထဲမှာရှိတဲ့သညာကျတော့ ပရမတ်သညာပါ၊ ဒီတော့ ငယ်ထိပ်ဦးကျောက်အိမ်ထဲမှာ သညာလေး ငါးလုံးရှိတယ်၊ (ဝါ) ဝိညာဏ်လေး ငါးလုံးရှိတယ်၊ ဒါဟာ သန္တပ္ပနမီးခါတ်ကနေ ဖြစ်လာတာပါ၊ ဒီတော့ အာနာပါန ကြီးကို ရှုတဲ့အခါမှာ သညာကိုတော့ မြင်ရတယ်လို့ မဟုတ်ပါ၊ အာရုံကြီး ကြည်လာတဲ့အခါမှာ သဏ္ဌာန်အရိပ် နိမိတ်လက္ခဏာ ပေါ်လာတာသည်ပင် ပိုးစုန်းကြူးလေးများ ပွင့်နေသလို လက်လက်လက်လက်နဲ့ ပွင့်နေတယ်၊ ဒါဟာ သညာရဲ့နာမ်ခါတ် လေးတွေဘဲ မဟုတ်လား၊ ဒါကို အာနာပါန အားထုတ်ပြီး ကြည့်ရင် ထင်ရှားလာပါလိမ့်မယ်။

ကိုင်း—ဒါက ငါးပါးသောပသာဒက ဆက်လာတဲ့ သညာရဲ့ အမှတ်၊ ဝိညာဏ်ရဲ့အသိဖြစ်တဲ့ ရုပ်သန္တတိ၊ တနည်း ပညတ်သန္တတိကတော့ ပြီးသွားပြီ၊ ဒီတော့ မနောဝိညာဏ်ကြီးက ဆက်တဲ့ ပရမတ်သန္တတိကို ရှာရတော့မယ်၊ မိမိ၏ နှလုံးအိမ် ထဲမှာ နှလုံးသည်းပွတ်ဆိုတာရှိတယ်၊ အဲဒီထဲမှာ တလက်ခုပ် လောက်မျှသော နှလုံးသွေးဟာ အဆက်မပြတ် တစက်တစက်နဲ့ ကျနေတယ်၊ ဒီလိုကျပြီး ခန္ဓာကိုယ်ကြီးထဲကို တနာရီလျှင် အပတ်ပေါင်း (၆၀) လှည့်လည်ပြီးတော့ ခန္ဓာကိုယ်ကြီးကို စောင့်ရှောက်နေတယ်၊ ဒါကိုနှလုံးသွေးလို့ခေါ်တယ်၊ အဲဒါကို အဘိဓမ္မာက ဟဒယဝတ္ထုလို့ခေါ်တယ်၊ ဟဒယဆိုတာကသွေးကို

ခေါ်တယ်၊ ဝတ္ထုဆိုတာက ဒီသွေးမှာမှီပြီး စိတ်စေတသိက်တွေ ဖြစ်နေတာကိုခေါ်တယ်။

နှလုံးအိမ်ရင်ချိုင့်အရပ်မှာရှိတဲ့ ဒီဟဒယဝတ္ထုမှာ ရုပ်ပေါင်း ဆယ်ပါးရှိတယ်၊ ခေတ်ကြီး ( ၈ ) ပါး (ဝါ) ရှစ်ပါးနှင့်ဇီဝိတ ရုပ်နဲ့ ဟဒယဝတ္ထုရုပ်ပါ ပေါင်းတော့ ဆယ်ပါးဖြစ်တယ် ဒီသွေး အိမ်ထဲမှာကို ဥသမ-မီးခေတ်လဲရှိတယ်၊ နောက်ပဋိသန္ဓေဝိပါက် ဝိညာဏ်စိတ်လဲရှိတယ်၊ ဒီပဋိသန္ဓေဝိပါက်ဝိညာဏ် စိတ်ဟာပဋိ သန္ဓေကိစ္စပြီးတာနဲ့ ဘဝင်ကိစ္စကို အမြဲဆောင်ရွက်နေရတယ်၊ အဲဒါ အာရုံတခုနဲ့တခု မဆက်အောင် အမြဲဆောင်ရွက်ခါ ခြားဆီးပေးနေရတယ်၊ နောက်ဒီအထဲမှာဘဲ အဆင်းနဲ့ အကြည် ဆက်လိုက်တဲ့ အခါမှာလဲ သညာလေးတွေဟာ ဒီအထဲမှာဘဲလာ ပေါ်ရတယ်၊ မနောဝိညာဏ်ကြီးကလဲ ဒီထဲမှာဘဲရှိနေတယ်၊ သညာလေးတွေ ဒီထဲရောက်ဖို့ရာအဘက်မှာက ဓမ္မာရုံနဲ့ ဆက်ပြီး မှ ဝင်ရတယ်၊ ရောက်ရတယ်၊ အဲဒါတွေဟာ ဒီသွေးအိမ်ကြီးထဲ မှာဘဲ ပေါ်တာပါဘဲ=မှတ်ချက်ယူထားပါ။

ဒီဥသမမီးခေတ်ကြီးကို စရိုက် ( ၆ ) ပါးနှင့်လဲဝေဘန်ကြပါ သေးတယ်၊ ( ၁ )ဟဒယဝတ္ထုရုပ်လို့လဲခေါ်တယ်၊ (၂)နှလုံး အကြည့်လို့လဲခေါ်တယ်၊ (၃) စိတ်လို့လဲခေါ်တယ်၊ (၄) ပဋိသန္ဓေစိတ်လို့လဲခေါ်တယ်၊ (၅) ဘဝင်ကိစ္စကို ဆောင်ရွက် နေတဲ့အခါမှာ ဘဝင်စိတ်လို့လဲခေါ်တယ်၊ ( ၆ ) သိမှုကြီးပြ ငှာန်းတဲ့အခါကျတော့မှ ဝိထိစိတ်လို့ခေါ်တယ်၊ ( တနည်း ) ဒီသွေးအိမ်ကြီးရဲ့ အရောင်ဟာ ဆယ်မျိုးအထိရှိတယ်၊ ဒါကို တော့နောက်မှာဘဲ ရှင်းပြအုံးမယ်။

ဒီတော့သညာဝိညာဏ်ကို ဖမ်းမဲ့ပုဂ္ဂိုလ်ဟာ ပရမတ်သန္တတိကိုရှာရင် ပဌမနှလုံးသွေးထဲမှာ ရှိတဲ့သဘာဝတွေကို အရင်သိရမယ်၊ နားလည်ရမယ်၊ ဒီနှလုံးသွေးကို နှလုံးအကြည်လို့လဲခေါ်တယ်၊ ဘဝင်သွေးလို့လဲခေါ်တယ်၊ ဟဒယဝတ္ထုရုပ်လို့လဲခေါ်တယ်၊စိတ်လို့လဲခေါ်တယ်၊ ( တနည်း ) ဒီသွေးအိမ်ကြီးရဲ့အရောင်ဟာ ဆယ်မျိုးအထိရှိတယ်၊ ဒါကိုတော့နောက်မှဘဲရှင်းပြအုံးမယ်။

ဒီတော့သညာဝိညာဏ်ကို ဖမ်းမဲ့ပုဂ္ဂိုလ်ဟာပရမတ်သန္တတိကိုရှာရင် ပဌမနှလုံးသွေးထဲမှာရှိတဲ့သဘာဝတွေကို အရင်သိရမယ်၊ နားလည်ရမယ်၊ ဒီနှလုံးသွေးကို နှလုံးအကြည်လို့လဲခေါ်တယ်၊ ဘဝင်သွေးလို့လဲခေါ်တယ်၊ ဟဒယဝတ္ထုရုပ်လို့လဲ ခေါ်တယ်၊ စိတ်လို့လဲခေါ်တယ်၊ အဲဒါနှလုံးသွေးထဲမှာ အကုန်လုံးလာဆုံရတဲ့အတွက်ကြောင့် စိတ်လို့လဲခေါ်တယ်၊ ဒီတော့ ဒီပဋိသန္ဓေကိစ္စပြီးသွားတာနဲ့ ဘဝင်စိတ်အနေနဲ့ ဘဝင်ကိစ္စကိုဆောင်ရွက်နေရတယ်၊ အဲဒါအမြဲမပြတ် ရေစီးကြောင်းကြီးလို တသွင်သွင်ဖြစ်နေရတယ်။

ဒီလိုစီးနေတဲ့အခါမှာ အာရုံနဲ့တွေ့လိုက်တာနဲ့ ဘဝင်စိတ်ဟာပြတ်ပေးရတယ်၊ (ဝါ) ခြားဆီးပေးရတယ်၊ ဒီတော့မှအာရုံတွေဟာ တခုနဲ့တခုမရောမယှက်ဘဲ တခုစီတခုစီဖြစ်နေတာပေါ၊ ဒီတော့ဘုရားရှင် (၆) ဝါရမှာ ရေအစုံမီးအစုံနဲ့ တန်ခိုးပြာဋိဟာပြတဲ့အခါမှာ ဘဝင်နှစ်ကြိမ်သာလျှင်ခြားတယ်၊ ဒီဘဝင်နှစ်ကြိမ်ခြားပြီး ပြတယ်၊ အရှင်သာရိပုတ္တရာကြီးတို့ကျတော့ ဘဝင်တဆယ့်ခြောက်ကြိမ် ခြားပြီးတော့မှ ပြလို့ရတယ်၊ ကျန်တဲ့သာဝကတွေကျတော့ ဘဝင်အများကြီးခြားပြီးတော့မှ ပြလို့

ရတယ်၊ ရေအစုံမီးအစုံနဲ့ ပြလို့ရတာဟာ ဘုရားရှင်တပါးသာလျှင် ပြလို့ရပါတယ်။

ကျန်တဲ့သာဝကတွေ ပြလို့မရပါ၊ ဘုရားရှင်ပြတဲ့ အဗ္ဘုတဓမ္မဟာ အများသော ပုဂ္ဂိုလ်တွေ ကြည်ညိုတဲ့ အဗ္ဘုတဓမ္မပါ၊ အရှင်ပိဏ္ဍောလမထေရ်တို့ပြတဲ့ အဗ္ဘုတဓမ္မကျတော့ ပုဂ္ဂိုလ်တွေ ကြောက်လန့်အောင် ပြတဲ့ အဗ္ဘုတဓမ္မပါ၊ အဲဒါ ဘဝင်တွေ အများကြီးခြားနေလို့ မဆန်းကြယ်တာပါ၊ ဒီလိုကွာခြားလာတယ်၊ ကိုင်း—နှလုံးအိမ်ထဲမှာရှိတဲ့ သဘာဝတွေကို နားလည်ထားရမယ်၊ နားလည်ရင် ပြောပြမယ်၊ မနောဝိညာဏ်ကြီး ပေါ်တော့မယ်ဆိုတော့ [၁] နှလုံးသွေးအကြည်ကလဲရှိရမယ်၊ [၂] ဓမ္မာရုံကလဲရှိရမယ်၊ စိတ်နဲ့ဝိညာဏ်နဲ့ တွေ့ကြုံလိုက်တဲ့ အခါမှာ ပေါ်လာတဲ့ အတိတ်အာရုံ, အနာဂတ်အာရုံတွေကို ဓမ္မာရုံလို့ခေါ်တယ်၊ ဒီဓမ္မာရုံကလဲရှိရမယ်။

ဒီတော့ ဒီ ဓ မ္မ ာ ရုံ ဟ ာ ခြောက်ပါးတောင် ရှိပါတယ် (က) ပသာဒရုပ်၊ ခ) သုခုမရုပ်၊ (ဂ) စိတ်၊ (ဃ) စေတသိက်၊ (င) နိဗ္ဗာန်၊ (စ) ပညတ် ဓမ္မာရုံဆိုပြီး ရှိတယ်၊ ဒီတော့ နှလုံးအကြည်နဲ့ ဓမ္မာရုံဆုံလိုက်တဲ့အခါမှာ (၃) ဒီထဲမှာ ရှိနေတဲ့ ဘဝင်စိတ်အစဉ်ကြီးကလဲတန့်ပြီးတော့ ပြတ်ပေးရတယ်၊ ဒီလိုပြတ်လိုက်တာနဲ့ (၄) မနောဝိညာဏ်ကြီးကလဲ ဝင်လာရတယ်၊ ဒီတော့မှ မနောဝိညာဏ်ပေါ်ပြီး ဒီလေးပါးဆုံမှ သိတယ်လို့ပြောတာပါ၊ (ဝါ) စိတ်ပေါ်လာတာပါ (ဝါ) ခံစားလာတယ်၊ ဒါကိုမှတ်ထားပါ၊ ဒါကိုနားလည်ပြီ၊ ဒါဟာ အာနာပါနကြီးကို အားထုတ်လာရင်ဘဲ ပိုပြီးတော့ ထင်ရှားလာပါပြီ။

ဒီတော့ ဘုရားရှင်က ဒီနှလုံးသွေးကြီးဟာ ပြိုးပြိုးပြက်ပြက်နဲ့ ဖြစ်နေတယ်လို့ ဟောဘယ်၊ ဘာ့ကြောင့်ဖြစ်နေသလဲ၊ ဘဝင်စိတ်ကြီးဟာ အစဉ်စီးနေတယ်၊ အခုတော့ ဘာ့ကြောင့် မဖြစ်သလဲဆိုတော့ အာဂန္တုကဖြစ်တဲ့ ကံကိလေသာ အကုသိုလ်တရားတွေဖြစ်နေလို့ မဖြစ်တာပါလို့ (တနည်း) ညစ်နွမ်းရတာပါလို့ ဟောကြားပါတယ်၊ ကိုင်း ဒီတော့ လေးခုဆုံမှု[တနည်း] ညီညွတ်မှ သိမှုပေါ်တယ်ဆိုတာကို နားလည်ပြီ၊ နားလည်ရင် ရှေ့ကိုတခါသွားပါ၊ ဒီလေးပါးပေါင်းလိုက်တာကို သန္တတိလို့ ခေါ်တယ်၊ ဒါ မနောဝိညာဏ်က ဆက်တဲ့နာမ်သန္တတိပါ၊ ဒါကို ပရမတ်သန္တတိလို့ ယူပါ။

ငါးပါးသောပသာဒကနေဆက်တာကျတော့ နာမနဲ့သဏ္ဍာန ပညတ်ကိုဆွဲတာဖြစ်ခြင်းကြောင့် ရုပ်သန္တတိ၊ [တနည်း] ပညတ်သန္တတိလို့ ခေါ်တယ်၊ ယခု သဘာဝလေးချက်ပေါင်းလိုက်တာကျတော့ ပရမတ်သန္တတိလို့ ခေါ်တယ်၊ ဒါဖြင့်ရင် ဒီလေးပါး ဘာကြောင့်ပေါင်းသလဲ၊ ဒီဝိညာဏ်ကြီးကို သတ်ချင်လို့ လိုက်ရှာနေတာပါ၊ စာပေါက်ကတော့ လေးပါးညီညွတ်လို့ ပေါင်းတာလို့ ပြောတယ်၊ အခု သမ္မသနဉာဏ်ကို တက်မဲ့ ပုဂ္ဂိုလ်ကျတော့ ဒီစာပေါက်တွေကို လိုက်နေလို့ မရတော့ဘူး၊ ဘာကြောင့်ပေါင်းသလဲ၊ ဒါကိုပြောနိုင်လာရမယ်၊ ဒီဝိညာဏ်ကြီးကို သတ်လိုက်တာနဲ့ သညာလေးဟာ တခါထဲ ပျောက်သွားတော့မယ်၊ မနောဝိညာဏ်ကြီးကိုတော့ သတ်လို့ မရသေးပါ။

ဒီတော့ မနောဝိညာဏ်ကြီး (၀၁) စိတ်ဘာကြောင့် ပေါ်သလဲဆိုရင် လေးခုပေါင်းလို့ (၀၁) နှလုံးသွေးရယ်, ဓမ္မာရုံရယ်, ဘဝင်စိတ်, မနောဝိညာဏ် ဒီလေးပါး ပေါင်းလို့ ပေါ်တာပါ၊

ဒီခေလးပါး ဘာကြောင့်ပေါင်းသလဲ၊ ဒီတော့ သူရဲ့အကြောင်း (၄) ချက်ကိုမြင်အောင်ရှုပါ၊ အဲဒါ သူရဲ့အကြောင်း (ဝါ) ရေသောက်မြစ်တွေဟာ အဝိဇ္ဇာသဘော၊ တဏှာသဘော၊ ကံသဘော၊ ဝေဒနာသဘော ဒီလေးချက်ကို မြင်အောင်ရှုပါ၊ အခု သမ္မသနခုံရုံးကို တင်ရတော့မယ်။

ဒီတော့ ဘာ့ကြောင့်ပေါင်းသလဲဆိုရင် နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ကိုပိုင်လာရင်ဘဲ သူပြောတတ်လာတော့မယ်၊ ကိုင်း.... အကြောင်းတရားရှာပုံကို ပြောပြမယ်၊ နောက်ကပစ္စယပရိဂ္ဂဟဉာဏ်ကို တက်လာခဲ့ပြီ၊ အဲဒီဉာဏ်က ဘယ်လောက်အခြေခံရလာပြီလဲ၊ ဒီတော့ရုပ်ဆက်တုံးကတော့ "စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော" လို့ပြလာတယ်၊ အခုနာမ်ဘက်ကျတော့ "မနဉ္စ ပဋိစ္စ ဓမ္မေဥပ္ပဇ္ဇတိ မနောဝိညာဏံ တိဏ္ဏံ သင်္ဂတိဖဿော" လို့ပြလာတယ်၊ ဒီလိုသုတ္တန်နည်းက သုံးချက်သာပြတယ်၊ အခုဆရာတော်က အဘိဓမ္မာနည်းနဲ့ ဘဝင်စိတ်ဆိုပြီးထည့်လိုက်တာပါ၊ ဘခုသမ္မသနခုံရုံးက ဝိညာဏ်ကြီးကို သတ်ရတော့မယ်၊ အဲဒီလိုဝိပဿနာဉာဏ်ကြီးတွေကို ယခုလိုတက်ယူနေရတာဟာ ဒီမနောဝိညာဏ်ကြီးကို သတ်နေဘာ မသေဘဲ နွားပိန်တွယ်တွယ်နေလို့၊ ခတ်တတ်တဲ့ ကျွဲ မင်းတကယ်ရဲသလားလို့ဆိုပြီးသတ်နေတာပါ။

ဒါကြောင့် ... ဟေ့ မနောဝိညာဏ်ကြီး မင်းဘယ်သူ့ကြောင့်ပေါ်သလဲ-ဒီလိုမေးရင် ဘယ်လိုပြောမလဲဆိုတော့ အဲဒီနှလုံးအကြည်လေးက အဝိဇ္ဇာရိပ်သဘောရှိနေလို့ပေါ်တာပါ၊ ဓမ္မာရုံကျတော့တဏှာရိပ်ရှိနေဘယ်၊ ဘဝင်စိတ်က ကံရိပ်၊ မနော

ဝိညာဏ်ကဝေဒနာရိပ်ရှိနေလို့ ယခုဖေါ်ထုတ်လိုက်တဲ့အကြောင်း ရိပ် ၄-ချက်ကြောင့်ပေါ်တာပါ၊ ဒီရေသောက်မြစ် လေးချက် ရှိနေလို့ အဲဒီအဘိဓမ္မာ " လေး " ချက်ဟာ ပေါ်နေတာပါ၊ ဒါကိုနားလည်ပြီ၊ ဒီတော့ထပ်ပြောပြမယ်၊ နှလုံးအကြည်ဟာ အဝိဇ္ဇာရိပ်ကြောင့် ဖြစ်လာရင် ဒီနှလုံးအကြည်မှာ ဒီအဝိဇ္ဇာဟာ ဘယ်အနေနဲ့ရှိနေသလဲ၊ အခုလိုအဝိဇ္ဇာရဲ့ ရေသောက်မြစ်လို့ ပြောလိုက်တာဟာ ဥဒယဗ္ဗယဉာဏ်ကို ကြည့်ပြီး ပြောလိုက် တာပါ—။

ဥဒယဗ္ဗယဉာဏ်ကျတော့ ရုပ်ဘက်ကနေပြောရင် အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ ဆိုပြီးပြလာတယ်၊ နာမ်ဘက်ကနေပြော ရင် အဝိဇ္ဇာ,တဏှာ,ကံဝေဒနာ ဆိုပြီးပြောရတယ်၊ အဲဒါဟာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီးအတိုင်းပြတာပါ၊ ကိုင်း... ရှိပုံကိုပြောပြ မယ်၊ အဆင်းနဲ့အကြည်ဆုံလိုက်တဲ့အခါမှာ သညာလေးပေါ် လာတယ်၊ ဒါတွေဟာအဆင်းသညာ, အကြည်သညာတွေပေါင်း နေ့တာဘဲမဟုတ်လား၊ ဒီတွင်မပြီးသေးဘဲ နှလုံးအိမ်ကြီးထဲ ကိုပါ သညာလေးတွေ ရောက်လာတယ်၊ ဒီနှလုံးအိမ်ထဲမှာ ငါး ပါးသောပသာဒနဲ့ အာရုံငါးပါးနဲ့တိုက်တုံးက ပေါ်တဲ့သညာ လေးတွေဟာ ရှိနေလို့ပြန်စဉ်းစားလိုက်တာနဲ့ ပေါ်လာတာဘဲ မဟုတ်လား။

ဒီတော့မနောဝိညာဏ်ကြီး ပေါ်တော့မယ်ဆိုရင် ဒီသညာ လေးတွေကို ဆွဲရတယ်၊ အဲဒါကြောင့်နှလုံးအိမ်ထဲမှာ ရှိနေတဲ့ ဒီသညာလေးတွေကို အဝိဇ္ဇာလို့ပြောတာပါ၊ အဲဒါဟာနွား များ စမြုံ့ပြန်တဲ့သဘောအနေနဲ့ အဆင်းကို မှတ်တဲ့သညာ, အကြည်ကိုမှတ်တဲ့ သညာလေးတွေဟာ ဒီနှလုံးအိမ် မှနော

ဝိညာဏ်ကြီးထဲမှာရှိနေလို့၊ အဲဒါတခုခုကို တွေးလိုက်တဲ့အခါ မှာ ဖြုန်းဆိုသတိမရ သေးသော်လဲ ပြန်စဉ်းစားလိုက်တဲ့အခါမှာ ဒါဟာဘာဘဲဆိုတာကို ပြန်သိလိုက်သလိုဘဲ၊ ဒီလိုစဉ်းစားလို့ ရတာဟာ အတိတ်ကမှတ်လာခဲ့တဲ့ သညာလေးတွေဟာ ဒီနှလုံး အိမ်ထဲမှာရှိနေတယ်၊ ဒါကို အဝိဇ္ဇာသဘောလို့ ပြောတာပါ၊ ဒီတော့ ငါးပါးသော ပသာဒအကြည်ခါတ်တွေက ထွက်လာတဲ့ သညာလေးတွေကျတော့ အဘိတ်စွန်းလို့ခေါ်တယ်၊ (ဝါ) အတိတ်သညာလို့ ခေါ်တယ်၊ ဒီအတိတ်သညာလေးတွေဟာ နှလုံးအိမ်ထဲမှာ အဝိဇ္ဇာရိပ်အနေနဲ့ရှိနေတယ်။

နောက်ဓမ္မာရုံဆိုတာကလဲ သူ့မှာ တဏှာရိပ် ရှိနေတယ်၊ အရင်ကအဆင်းနဲ့အကြည် ဆုံတုံးက ခံစားလာတဲ့ အာရုံလေး တွေဟာလဲ ယခုအဲဒါဟာ နှလုံးအိမ်ထဲမှာ ရှိနေတယ်၊ အခု အဆင်းနဲ့ အကြည်ဆုံလိုက်တဲ့အခါမှာ အရင်က ခံစားလာတဲ့ အာရုံလေးဘွေကို ပြန်ဆွဲပြီးတော့မှ ကောင်း၊ မကောင်းဆိုပြီး ဆုံဖြတ်လာတယ်၊ ဒါကအနာဂတ်သညာအနေနဲ့ ရှိနေတယ်၊ ဒါဟာ နှလုံးအိမ်ထဲမှာ တဏှာရိပ်အနေနဲ့ ရှိနေတယ်၊ ဒီတော့ အဆင်းသညာ အတိတ်သဘော အဝိဇ္ဇာရိပ်၊ အကြည်သညာ အနာဂတ်သဘော တဏှာရိပ်တွေဟာ နှလုံးအိမ်ကြီးထဲမှာ ရှိနေ ကြတယ်၊ ဒီတော့နှလုံးအိမ်ကြီးက မဆွဲသေးလို့ပါ၊ (တနည်း) အာရုံနဲ့မတွေ့သေးလို့ မပေါ်ထွက်သေးတာပါ၊ (ဝါ) ထွက် မဆွဲသေးတာပါ။

အာရုံနဲ့လဲတွေ့လိုက်ရော တခါထဲထွက်ဆွဲလာတယ်၊ ဒီတော့ မှ နှလုံးသွေးကြီးဟာ လှုပ်လာတယ်၊ ငါးကြင်းပွက်သလိုနှလုံး အိမ်ကြီးထဲမှာ ပေါ်လာတော့တယ်၊ အဲဒီလိုအဝိဇ္ဇာရိပ်၊တဏှာ

ရိပ်တို့ဟာရှိနေကြတယ်၊ ဒါကိုပုံစံမှာတင်တော့ အကြည်သညာလေးတွေက နှလုံးအိမ်ထဲမှာ အဝိဇ္ဇာရိပ်အနေနဲ့ ရှိနေတယ်၊ အဆင်း သညာလေးကျတော့ တဏှာရိပ်အနေနဲ့ ရှိနေတယ်၊ ဒီတော့ အဝိဇ္ဇာတဏှာတို့ဟာ ဘယ်သူတွေလဲလို့ဆိုရင် အဆင်းနဲ့အကြည် ဆုံတုံးက ပါလာတဲ့သညာလေးတွေပါ၊ ဒီတော့ တခုကိုတခုထောက်ပြီးတော့ အဝိဇ္ဇာရိပ်, တဏှာရိပ်ဆိုပြီးတော့ ပြောနေပြီ ဒီတော့နှလုံးအိမ်ထဲမှာကို အဆင်းသညာ, အကြည်သညာလေးတွေဟာအစဉ်ရှိနေတယ်။

အဲဒါ ကလေးအရွယ်ကစပြီး မှတ်လာတဲ့ - အဆင်းမှာရှိတဲ့ သညာ,အကြည်မှာရှိတဲ့သညာတွေဟာ ဒီနှလုံးအိမ်ထဲမှာ အမြဲရှိနေတယ်၊ (ဝါ) ကိန်းနေတယ်၊ ဒါကြောင့်— ဒါကြောင့် "မိဘဆရာ လက်ဦးစွာကား၊သည်မှာကားဆား၊သည်မှာငါးနှင့်၊ ငပါးပြောင်း နှမ်း၊ ငေါ်ရိုးတန်းဖြင့်၊ကျမ်းကြီးအသွင်၊ဆင့်ဆင့်သင်ခဲ့" လို့ပြလာတာပါ၊စာပြန်စာရွတ်တာလဲ ဒီသညာတွေဘဲ။

အဲဒါဟာ အတိတ်သညာ, အနာဂတ်သညာအရိပ်တွေအနေနဲ့ရှိနေတာပါ၊ ယခု မနောဝိညာဏ်ကြီးထဲ ရောက်နေတော့ သူတို့က အဝိဇ္ဇာရိပ်, တဏှာရိပ်ဆိုပြီးတော့ ပြောနေတာပါ၊ နှလုံးအကြည်မှာက အဝိဇ္ဇာရိပ်၊ ဓမ္မာရုံမှာက တဏှာရိပ်ရှိနေတယ်၊ ဒါဟာ နှလုံးအကြည်ထဲမှာရှိနေတဲ့ သညာလေးတွေပါ၊ နောက် ဘဝင်စိတ်မှာ ကံရိပ်ရှိပုံကို ပြောပြအုံးမယ်၊ ကံဟာ အကြမ်းအားဖြင့် ဇနကကံ, ဥပထမ္ဘကကံအားဖြင့် နှစ်မျိုးရှိတယ်၊ ဇနကကံဆိုတာ ဒီပဋိသန္ဓေ ဝိပါက်ဝိညာဏ် စိတ်လေးကို ပစ်ချလိုက်တဲ့ ကံပါ၊ ဥပထမ္ဘကကံဆိုတာက ဒီပစ်ချလိုက်တဲ့ ပဋိသန္ဓေ

ဝိပါက်ဝိညာဏ်စိတ်လေးကို မပြိုပျက်မကွဲပြားသွားအောင် အစဉ်စောင့်ရှောက်ထိန်းသိမ်းနေရတဲ့ ကံကိုခေါ်တယ်။

ဒီ ကံနှစ်ပါးကို ဥပမာပြတဲ့အခါမှာ ဇနကကံက မင်းသားလေးနဲ့ တူတယ်၊ ဥပထမ္ဘကကံက အထိန်းတော်တွေနဲ့ တူတယ်၊ ဒီ မင်းသားလေးကို ဘေးမသီ ရန်မခရအောင် အထိန်းတော်တွေက ကျွေးမွေးသုခ်သင် စောင့်ရှောက်ထားသလို ဇနကကံက ပစ်ချလိုက်တဲ့ ပဋိသန္ဓေဝိပါက်ဝိညာဏ်စိတ်လေးကိုလဲ ဥပထမ္ဘကကံက အစဉ်စောင့်ရှောက် ထိန်းသိမ်းရတယ်၊ ဒီတော့ ဇနကကံကြောင့်လဲ ချမ်းသာတယ်၊ ဥပထမ္ဘက ကံကြောင့်လဲ ချမ်းသာလာပါတယ်၊ ဒီတော့ ဥပထမ္ဘကကံကို တကယ်မြင်လာရင်ဘဲ အဲဒါ ချမ်းသာလာပါတယ်၊ ဒါကြောင့် တရားပေးတဲ့ဆရာတော်တွေကလဲ ဒီကံတွေကိုမြင်မှ တရားပေးလို့ရပါတယ်၊ အဲဒါ ဒီကံတွေကိုကြည့်ပြီးတော့ အဲဒါ မဂ်ဖိုလ်နဲ့ဆိုင်တဲ့ ကံတွေကို ပြုခိုင်းလာရတယ်၊ ဥပထမ္ဘကကံကို ပဋ္ဌာန် ပညတ်သန္တတိမှာ ထုတ်ခဲ့ပြီ၊ အခု ပရမတ်သန္တတိမှာ ဇနကကံကို ထုတ်လာရမယ်။

ဒီတော့ ဘဝင်စိတ်ဆိုတာဘာလဲ၊ အဲဒါဟာ ပဋိသန္ဓေဝိပါက်ဝိညာဏ်စိတ်ဘဲမဟုတ်လား၊ ဒီ စိတ်ဟာ ဇနကကံရဲ့သတ္တိကြောင့် ဖြစ်လာတာပါ၊ ဒီတော့ ဘဝင်စိတ်ရဲ့ အကြောင်းကိုရှာရင် ကံ ဘာကံလဲ့ ဇနကကံပါ၊ အခု ဒီနေရာမှာ ဇနကကံလေးဝင်လာပြီ၊ ဒါဟာ တကာကြီး တရားပေါက်ဖို့သည်ပင် ဒီကံက တကာကြီးရဲ့ ဝိညာဏ်ကြီးကို နှိုးပေးနေပြီ၊ ဒီတော့ ဒီကံလေးတွေဟာ ဇနကကံ, ဥပထမ္ဘကကံတွေကို နှိုးပေးလာတယ် မဟုတ်လား၊ ဒီတော့မှ ဒီကံက ပရိပါစကမီးဓာတ်ကို အားပေးလာတယ်၊

အဲဒါ ထကာကြီး " ဘိုးစွန် " လဲ ဆင်ခြင်လာရင် မီးခုတ်တွေ ညီညွတ်ပြီးတော့ အဲဒါ အသိဥာဏ်တွေဟာ တဖြည်းဖြည်းဝင်လာတော့မယ်၊ ကိုင်း....ဘာဝင်စိတ်ရဲ့ အကြောင်းမှာ ဇနကဇ ရိုပ်ပါ၊ နောက် မနောဝိညာဏ်က ဝေဒနာရိပ်ပါ၊ ဒီတော့ဝေဒနာဟာ အရိပ်ကင်းတဲ့ ဝေဒနာ, အရိပ်မကင်းတဲ့ ဝေဒနာဆိုပြီး နှစ်မျိုးရှိတယ်။

ဒီတော့ ပစ္စယပရိဂ္ဂဟဉာဏ်က အရိပ်ကင်းတဲ့ ဝေဒနာကို ထုတ်ခဲ့ပြီ၊ ယခု ဒီနေရာမှာ အရိပ်မကင်းတဲ့ဝေဒနာကို ထုတ်ရတယ်၊ ဒီတော့ရင် အရိပ်မကင်းတဲ့ ဝေဒနာဆိုတာဟာ အဆင်းနဲ့ အကြည် ဆိုတဲ့အခါမှာ မြင်မှုပေါ်တာသည်ပင် နာမနဲ့ သဏ္ဌာနပညတ်ကို ဆွဲတယ်၊ ဆွဲပြီးတော့ ကောင်း, မကောင်း ခံစားချလိုက်တဲ့ ဒီဝေဒနာဟာ ဝိညာဏ်ကြီးဘဲ မဟုတ်လား၊ ဒီတော့ အဆင်းနဲ့ အကြည်တို့ ချုပ်သွားသော်လဲ ဒီခံစားမှု ဝေဒနာလေးဟာ မပျောက်ပျက်ဘဲ (ဝါ) မချုပ်သွားဘဲ ဒီဝိညာဏ်ကြီးထဲမှာ အစဉ်ရှိနေတယ်၊ အရင်က ခံစားလာခဲ့တဲ့ ဝေဒနာလေးဟာ အစဉ်ရှိနေတယ်၊ အဲဒီဝေဒနာရဲ့ ရေသောက်မြစ်လေးရှိနေလို့ ဒီဝိညာဏ်ကြီးက ကောင်း, မကောင်းဆိုပြီး ခံစားနိုင်တာပါ၊ တနည်း ဒီ မနောဝိညာဏ်ကြီးပေါ်နိုင်တာပါ၊ ဒီ ဝေဒနာလေးမှ မရှိရင် ဝိညာဏ်ကြီးက ခံစားလို့ မရပါ၊ တနည်း မနောဝိညာဏ်ကြီးဟာ ပေါ်လို့မရပါ။

ဒါကြောင့် အဆင်းနဲ့ အကြည်ဆုံစဉ်က ခံစားခဲ့တဲ့ ဒီဝေဒနာလေးဟာ (ဝါ) ယူလာတဲ့ ဝေဒနာလေးဟာ ယခု မနောဝိညာဏ်ကြီးထဲမှာ အစဉ်ရှိနေတယ်၊ ဒီဝေဒနာဟာ အကြောင်းရိပ်ရှိတဲ့ ဝေဒနာပါ၊ (ဝါ) အဝိဇ္ဇာရိပ်, တဏှာရိပ်, ဏံရိပ်ဆိုတဲ့

အကြောင်းရိပ်တွေရှိနေတဲ့ဝေဒနာပါ၊ ဒီတော့ ဒီမနောဝိညာဏ်ကြီးရဲ့ ရေသောက်မြစ်ဟာ (ဝါ) အကြောင်းရေသောက်မြစ်ဟာ ဝေဒနာပါ၊ ဒီတော့ ဘာစိတ်ပဲပေါ်ပေါ် စိတ်ပေါ်လာတာသည်ပင် (ဝါ) မနောဝိညာဏ်ကြီးက သိမှုကြီးပေါ်လာတာသည်ပင် (တနည်း) မနောဝိညာဏ်ကြီးရဲ့ အကြောင်း ၄-ပါး ပေါင်းဆုံတာသည်ပင် အဘိဓမ္မာက ( ၁ ) နှလုံးအကြည်၊ ( ၂ ) ဓမ္မာရုံ၊ ( ၃ ) ဘဝင်စိတ်၊ ( ၄ ) မနောဝိညာဏ်လို့ ၄-ပါးပြသော်လဲ သဘာဝနဲ့ကြည့်လိုက်ရင် –

အဝိဇ္ဇာရိပ်, တဏှာရိပ်, ကံရိပ်, ဝေဒနာရိပ် ဒီလေးကောင် ဆုံနေတာကို လာတွေ့တယ်၊ ဒီလေးကောင် ပေါင်းနေတာကို သန္တတိလို့ခေါ်တယ်၊ ဒါဟာ ပရမတ်သန္တတိပါ၊ ဝိညာဏ်ကြီးကို သတ်တော့မယ်ဆိုတော့ (တနည်း) ဒီ အကြောင်း ၄-ချက်မှာ ဆက်နေတဲ့ သဘောလေးကိုသာ သတ်ရမယ်၊ ဆက်နေတဲ့သန္တတိလေးကို ဖြတ်ရတော့မယ်၊ ဒီတော့ ဒီဆက်နေတဲ့ သန္တတိကို အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဆိုပြီးတော့ ကာလသုံးပါး ဖွဲ့ပြီးတော့မှ အနိစ္စ ဒုက္ခ အနတ္တနဲ့ သတ်ရတော့မယ်၊ ဒီတော့မှ ဒီ မနောဝိညာဏ်ကြီးသေမယ်။

# ( ညဟောစဉ် )

ယခုဘက်လာတဲ့သန္တတိရဲ့လုပ်ငန်းစဉ်ဟာအင်မတန်မှ နက်နဲ သိမ်မွေ့လှပါတယ်၊ အခုသာသနာတော်ကြီးရဲ့ နောက်ပိုင်းမှာ ပုတီးစိတ်ကြတယ်၊ အဲဒါ အနိစ္စ-ဒုက္ခ-အနတ္တ-ဆိုပြီး ပုတီးတွေ စိတ်လာတယ်၊ ဒီတော့အနိစ္စဆိုတာ ဘာကိုခေါ်သလဲ-ဒီလိုမေး လိုက်ရင်ဘဲ သဘာဝတွေကို မသိကြတော့ဘဲ အိုးကျကွဲတာ, ပုဂံကျကွဲတာ, သူသေတာတွေကို အနိစ္စ ဒုက္ခ အနတ္တလို့ရှုနေ ကြတော့တယ်၊ သူရဲ့သဘာဝတွေကို မတွေ့ကြတော့ပါ၊ဒီအနိစ္စ တွေကို ယခုသမ္မသနဉာဏ်က ပေါ်လာမဲ့အနိစ္စနဲ့ ကပ်လိုက် ရင်ကပ်လို့မရတော့ပါ။

ယခုသမ္မသနဉာဏ်ရဲ့ လုပ်ငန်းစဉ်မှာ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယာဉ်လေးကို ပေါ်လာတော့မယ်၊ ဒီတော့အနိစ္စအစစ် ကိုတွေ့ချင်သလား၊ တွေ့ချင်ရင် သန္တတိအဆက်လေးကို တွေ့ အောင် ရှာရမယ်၊ (၁) အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ (၂) သြဠာ ရိကံဝါ-သုခုမံဝါ (၃) ဟီနံဝါ ပဏီတံဝါ (၄) ဒူရေဝါ သန္တိကေဝါလို့ဆိုပြီးတော့ အနတ္တ လက္ခဏာသုတ်မှာကို အဲဒါ ဟာသန္တကိ ၄-ချက်ဆက်နေပုံကို ပြလာပါတယ်၊ ဒီတော့ဥတု သန္တတိကို လက္ခံလာရင်ဘဲ အဲဒါအာဟာရသန္တတိ, စိတ်သန္တတိ, ကံသန္တတိဆိုတဲ့ ကျန်တဲ့သန္တတိတွေဟာလဲ ပါလာပြီ၊ ဒီတော့ ကမ္ဘာသိန်းက ပြုလုပ်လာခဲ့တဲ့ ဆိတ်သတ်ကံကြီးတွေကို လက် ရပ်ပြီးခေါ်နေတဲ့အနေနဲ့ အဝေး အနီးဆိုတဲ့ ကံသန္တတိလေးက ခေါ်နေပြီ၊ ဒီတော့ အဲဒီဖေါ်တုတ်ပြလိုက်တဲ့ သန္တလေးတွေကို ပြတ်အောင် ဖြတ်ရတော့မယ်။

အခုအနုတ္တိလက္ခဏာသုတ်ကပြလာတဲ့သန္တတိဆက် ( ၄ ) ခုကို ပြလိုက်ပါပြီ၊ အဲဒီသန္တတိဆက်လေးတွေကို ပြတ်အောင်ဖြတ်ရတော့မယ်၊ ဘာနဲ့ဖြတ်မလဲ၊ "အတီတာနာဂတပစ္စုပ္ပန္န် အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန" လို့ပြလာတဲ့အတိုင်း ဒီလက္ခဏာယာဉ်သုံးပါးနဲ့ ဖြတ်လိုက်မှ ကမ္ဘာတသိန်းကပြုလာခဲ့တဲ့ကုသိုလ် အကုသိုလ်ကံတွေဟာပြတ်သွားတော့မယ်၊ ဒီတော့ အာဋ္ဌာရ ဥဒကကြီးတို့မှာ ဒီသန္တတိဆက်လေးတွေ ရှိနေကြသေးတယ်၊ ဒါကြောင့် ကမ္ဘာပေါင်း ရှစ်သောင်းလေး ထောင်ကြာလို့စုံတဲ့အခါမှာ ဒီသန္တတိကနေပြီး အကုသိုလ်ကံတွေကို ဆွဲရင်အပါယ်လေးပါးသို့ ကျအုံးမှာဘဲမဟုတ်လား၊ ဒီတော့လေးဆယ်သော သမထတွေဟာ သညာဝိညာဏ် အရောင်တောက်အောင်သာရပါတယ်၊ ဒီအာဋ္ဌာရဥဒက တို့ဟာလဲ သညာဝိညာဏ်တွေ အရောင်တောက်နေတာပါ။

ဒီသညာ ဝိညာဏ်အရောင် တောက်တာဟာ ဘယ်လောက် ကြောက်ဖို့ကောင်းသလဲ၊ ဒါကြောင့်အခုသန္တတိ ဆက်လေးကို ဖြုတ်ပစ်ရမယ်၊ ( ဝါ ) ဖြတ်ပစ်ရမယ်၊ "အတီတာနာဂတ ပစ္စုပ္ပန္န် အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံဘယဋ္ဌေန၊ အနတ္တာ အသာရ ကဋ္ဌေန" ဆိုတဲ့ပါဠိတော်ရဲ့လုပ်ငန်းစဉ်ကို နက်ဖြန်ကျရင်ရောက် ပါတော့မယ်၊ ဒီတော့ အခုဒီသန္တတိ ဆက်တွေကို ပြလာပါပြီ၊ ဒီတော့ဥတုအနေနဲ့ ဆက်လိုက်တာနဲ့ နောက်ဆုံးကံကပါဆက် လာတော့မယ်၊ အဲဒါဟာအဆင်းဆိုတဲ့ ဥတုသန္တတိလေးကို ( တနည်း ) ရုပ်ရုံလေးကို ချည်တိုင်ထားပြီး အာဟာရသန္တတိ၊ စိတ်သန္တတိ၊ ကံသန္တတိဆိုတဲ့ဒီသုံးပါးတို့က ဘေးကနေဆက် နေကြတယ်၊ ဒီလိုဆက်နေတဲ့အတွက်ကြောင့် သေခါနီးအခါမှာ

ကံဆက်ကနေပြီးတော့ ကမ္ဘာတသိန်းက ပြုလာခဲ့တဲ့ အကုသိုလ်ကံတွေက ( ၀၁ ) နှားသတ်ကံတွေ, ဆိတ်သတ်ကံတွေကဝင်ပြီး ဆွဲလိုက်ရင် အပါယ်လေးပါးကို မကျနိုင်ဘူးလား၊ ဒါကြောင့်.... တိက္ခ, ဟာသ, ဇဝန, ဂမ္ဘီ ဆိုတဲ့ဉာဏ်လေးပါးနဲ့ တွေးကြပါ ကြံကြပါလို့ ဆိုတာကို ဆုံးမခဲ့ပါတယ်။

ဒါကြောင့် ဒီမဲကြိုးလေးကို အခုမဟာသတိပဋ္ဌာနိတရားတော်ကြီးရဲ့အစ ရုပ်နာမ်ပိုင်းကြီးကနေသတ်ဖို့ ဖြတ်ဖို့သာလုလ္လကြီးတွေမွေးကြပါတော့၊ ဒီမဟာသတိပဋ္ဌာန် တရားတော်ကြီးကို အားထုတ်လာရင်ဘဲ အာတာပီ, သမ္ပဇာန, သတိမာ, ဝိနေယျ ဒိလေးချက်နဲ့ညီမှ လုပ်ငန်းစဉ်ကို အားထုတ်လို့ ရပါတယ်၊ ဒါကမနေ့က ပြောလာခဲ့တဲ့ သဘာဝလေးတွေ ပြန်ပြီးနွေးလိုက်တာပါ၊ ကိုင်း....ဒီနေ့ဘယ်လိုတက်မလဲ၊ ဒီတော့အသိဆိုတာဟာ သညာသိနဲ့ ဝိညာဏ်သိဆိုပြီးနှစ်မျိုးရှိတယ်၊ ဒီတော့သညာသိဆိုတာ ဦးနှောက်အိမ်ကနေပြီးတော့ သိတဲ့အသိပါ ဝိညာဏ်သိဆိုတာ နှလုံးအိမ်ကနေသိတာပါ၊ အဲဒီနှလုံးသွေးအိမ်လေးကို မှီပြီးတော့ဖြစ်တဲ့ဝိညာဏ်ကို မနောဝိညာဏ်လို့ခေါ်တယ်။

ဒီတော့နှလုံးအိမ်မှာ နှလုံးအကြည်ရှိတယ်၊ ဒါကအဘိဓမ္မာက ဟဒယဝတ္ထုရုပ်လို့ခေါ်တယ်၊ နှလုံးသွေးလို့လဲခေါ်တယ်၊ ဒီတော့ နှလုံးအိမ်ဆိုတာ မိမိရဲ့ခန္ဓာကိုယ်ထဲမှာ နှလုံးသည်းပွတ်ဆိုတာရှိတယ်၊ ဒီနှလုံးသည်းပွတ်ထဲမှာ တလက်ဖက်မျှလောက်ရှိတဲ့သွေးတွေဟာ အစဉ်ကျနေတယ်၊ တစက်တစက်နဲ့ ကျနေတယ်၊ ဒီသွေးဟာ ခန္ဓာကိုယ်ကြီးမှာ တနာရီကိုအပတ်ပေါင်းခြောက်ဆယ်ပတ်နေတယ်၊ ဒါကိုသဠရဏ သွေးလို့ခေါ်တယ်၊ သူဟာအဗဒ္ဓသည်းခြေနဲ့ယှဉ်ပြီးလှည့်နေတယ်။

ဒီနှလုံးအိမ်မှာရှိတဲ့နှလုံးသွေးကို ကိုယ်ဌေးလို့လဲ ခေါ်တယ်၊ မနောဝိညာဏ်လို့လဲ ခေါ်တယ်၊ ဒီထဲမှာ ဥဿမမီးခတ်လေးရှိတယ်၊ ဒီကနေ့သိတဲ့အသိကိုဝိညာဏ်သိလို့ခေါ်တယ်၊ဒါကြောင့် သိမှုကိုခွဲရင် သညာသိ ဝိညာဏ်သိဆိုပြီးနှစ်မျိုး ဖြစ်လာတာပါ၊ ဒါကို မီးခတ်အနေနဲ့ ပြောရင် ချက်တိုင်မှာရှိတဲ့ ပရိပါစက မီးခတ်လေးဟာ ကမ္မဇတေဇောလေးနဲ့ တက်လာတဲ့အခါမှာ နှလုံးအိမ် ရင်ချိုင့်အရပ်မှာကို ဥဿမမီးခတ်နဲ့ လာပေါင်းတယ်။

နောက် ဦးနှောက်အိမ်ကို ရောက်လာဘော့သန္တပ္ပန မီးခတ်နဲ့လာပေါင်းပြန်တယ်၊ ဒီတော့အာရုံငါးပါးနဲ့ တွေ့လိုက်တဲ့အခါမှာ ဒီသန္တပ္ပနမီးခတ်လေးဟာ ပွင့်လာတယ်၊ ဒါကိုသညာသိလို့ခေါ်တာပါ၊ တနည်း-ဒီသန္တပ္ပနမီးခတ်လေးဟာ သညာနာမ်ခတ်လေးပါ၊ အဲဒီသညာနာမ်ခတ်လေးက အာရုံငါးပါးနဲ့ တွေ့လိုက်ဘဲ့အခါမှာ ထွက်ဆွဲလာတယ်၊ ဒီလိုဆွဲလိုက်တော့မှ ဒီသန္တပ္ပနမီးခတ်လေးဟာ အာနာပါန လုပ်ငန်းစဉ်နဲ့ ရှုပိုက်ဘဲ့အခါမှာ ပိုးစုန်းကြူးလေးများ လက်သလို မီးခတ်လေးပွင့်လာဘယ်။

ဒါကို အာနပါန အားတုတ်လာရင် သိလာပါလိမ့်မယ်၊ ဒီသန္တပ္ပနမီးခတ်ကို သုဘာန်နည်းနဲ့ ပြောရရင်သညာပါ၊ အဘိဓမ္မာနည်းနဲ့ပြောရင် စက္ခုဝိညာဏ်စတဲ့ဝိညာဏ်သေးလေး ငါးလုံးပါ ဒါကသညာသိအသိပါ၊ နောက်ဝိညာဏ်သိအသိကျတော့ ခုနပြောခဲ့ဘဲ့ နှလုံးအိမ်ကြီးကို မှီပြီးတော့ဖြစ်တဲ့ မနောဝိညာဏ်ကနေသိဘဲ့အသိပါ၊ အဲဒါ ဘာဘယ်လိုသိသလဲ၊ ဒါကိုရှာရတော့မယ်၊ ဒီတော့ယခုလုပ်ငန်းစဉ်မှာ ပဋ္ဌမဥတုအကြောင်းကို ချေ

လိုက်တော့ အာဟာရအကြောင်းပေါ်လာတယ်၊ အာဟာရအကြောင်းကိုချေလိုက်ပြန်တော့ အခုစိတ်အကြောင်း ပေါ်လာပြန်ပြီ။

ဒီတော့ ဒီစိတ်အကြောင်းကို ယခု ချေရတော့မယ်၊ ပြောလိုတာက စိတ်အကြောင်းကို ချေတဲ့အခါမှာ ကံအကြောင်းဟာလဲ ပါလာပါတယ်၊ ဘာ့ကြောင့်လဲဆိုရင် အဲဒီစိတ်ကြောင့်လဲ ကံဖြစ်လာတယ်၊ အဲဒီကံကြောင့်လဲ စိတ်ဟာဖြစ်လာရပါတယ်၊ ကံကြောင့်စိတ်ဖြစ်လာတယ်ဆိုတာက အတိတ်အကြောင်း ဇနကကံကြောင့် ပဋိသန္ဓေဝိပါက်ဝိညာဏ်စိတ်၊ တနည်း ပဋိသန္ဓေအကျိုး ဇနကကံလေး ဖြစ်လာရတာပါ၊ စိတ်ကြောင့် ကံဖြစ်တယ်ဆိုတာက ယခုရနေတဲ့ စိတ်လေးကနေပြီး ပဋိသန္ဓေအကြောင်း ဥပထမ္ဘကကံတွေ ဖြစ်လာတာပါ၊ ဒါကြောင့် စိတ်အကြောင်းကိုရှာရင် **ကံ**အကြောင်းလဲပါလာပါတယ်။

ဒီတော့ ဥာဏ်မမီးခတ်မှာရှိတဲ့ မနောဝိညာဏ်သိကြီးကို (ဝါ) သိမှုဝိညာဏ်ကြီးကို ရှာရတော့မယ်၊ ဘယ်လိုရှာမလဲ ရှာပြမယ်၊ ပဉ္စမ သိမှုမနောဝိညာဏ်ကြီး ပေါ်လာတော့မယ် ဆိုတော့ ဒ.ယ်သဘာဝတွေ ပေါင်းဆုံသလဲ ပြောပြမယ်၊ (၁) နှလုံးသွေးအကြည်ဓာတ်ကလဲရှိရမယ် (၂) ဓမ္မာရုံကလဲ ရှိရမယ်၊ ဒီတော့ အရင်ကငါးပါးသောအာရုံတွေကို တကဏ္ဍထုတ်ခဲ့ပြီ၊ ယခု ဒီကဏ္ဍက ဓမ္မာရုံကိုထုတ်လာပြီ၊ ဓမ္မာရုံကို အမျိုးသမီးကြီးတွေ သိအောင်ပြောရရင် အတိတ်အာရုံနဲ့ အနာဂတ်အာရုံလေးတွေကို ဆွဲနေဒါကို ဓမ္မာရုံလို့ခေါ်တယ်၊ ဒီတော့ပျော်ကြရွှင်ကြတာတွေဟာလဲ ဒီအတိတ် အနာဂတ်အာရုံတွေကို ဆွဲပြီးတော့ နှစ်သက်လို့ ပျော်ကြရွှင်ကြတာဘဲ မဟုတ်လား။

ဒီတော့ ပဌမ နှလုံးအကြည့်, ဒုတိယ ဓမ္မာရုံကလဲရှိရမယ်၊ အဲဒီ နှစ်ပါးရှိရုံနဲ့ မသိသေးပါ၊ (ဝါ) သိမှုမနောဝိညာဏ်ကြီးမပေါ် သေးပါ၊ အဲဒီ နှလုံးသွေးအကြည်ထဲမှာကို ဒီအတိတ်အကြောင်း ဇနကကံကချလိုက်တဲ့ ယခု ပဋိသန္ဓေဝိပါက်ဝိညာဏ်စိတ်လေးဟာ ရှိတယ်၊ ဒီ စိတ်ဟာ ပဋိသန္ဓေအခါမှာ ပဋိသန္ဓေကိစ္စကို ဆောင် နေဘယ်၊ ဒီကိစ္စကို ပြီးသွားတာနဲ့ ဒီစိတ်လေးဟာ ဘဝင် ကိစ္စကို ဆောင်ရွက်နေရတယ်၊ အဲဒီ ဘဝင်စိတ်ဟာ မြစ်ရေ အယဉ်ကြီးများစီးသလို အမြဲတန်းစီးနေရတယ်၊ ဒီတော့ အာရုံ တခုကို မြင်လိုက်တာနဲ့ (တနည်း) ပဌမ နှလုံးအကြည်ခေတ်နဲ့ ဒုတိယ ဓမ္မာရုံပေါင်းဆုံလိုက်တာနဲ့ ဒီဘဝင်စိတ်ကြီးဟာ ရပ်တန့် သွားတယ်၊ ဒါမှ အာရုံကို သိလို့ရတယ်၊ ဒီတော့ ဒီဘဝင်စိတ် ကလဲ ပြတ်ရမယ်၊ ဒီလိုဘဝင်စိတ်ပြတ်လိုက်မှ မနောဝိညာဏ် ကြီးကလဲ ဘွားကနဲပေါ်လာပြီး ဝင်လာရတယ်၊ ဒါကို ဒီလေး ပါး ပေါင်းဆုံမှ လောကကြောင်းအနေနဲ့ သိမှုကြီးဟာ ပေါ် လာတော့တယ်။

ဒီတော့ နှလုံးအကြည်ရယ်, ဓမ္မာရုံရယ်, နောက် ဘဝင်စိတ် ကလဲ ပြတ်ရမယ်၊ မနောဝိညာဏ်ကလဲရှိရမယ်၊ ဒီလေးပါးဆုံမှ သိတယ်ဆိုတဲ့ မနောဝိညာဏ်ကြီးက သိမှုကြီးကိုဖြစ်လာတာပါ၊ ဒီသဘာဝကို နားလည်ထားရမယ်၊ နားလည်လာမှ ရှေ့ကို တခါတက်လို့ရပါတယ်၊ ဒီတော့ ဘာကြောင့် ဒီလိုခွဲနေရသလဲ၊ ဒီတော့ ကိုယ်က အနိစ္စ ဒုက္ခ အနတ္တကို ရှုချင်လို့ပါ၊ ဒီတော့ ဘာကိုရှုရမလဲ၊ ရုပ်နာမ်တွေကို ရှုရမှာလား မဟုတ်ပါ၊တကယ် ရှုချင်ရင် ကာလသုံးပါးကိုသာ ရှုရမှာပါ၊ အဒါဟာ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်တဲ့ ကာလသုံးပါး ဆက်စပ်နေတဲ့သန္တတိ

လေးကို ရမယ်၊ အဲဒါ နှလုံးအကြည်ရယ်၊ ဓမ္မာရုံရယ်၊ ဘဝင် စိတ်ရယ်မနောဝိညာဏ်ရယ်တို့ကို အနိစ္စဘဲ ဒုက္ခဘဲ အနတ္တဘဲလို့ ရှုလို့မရပါ၊ ဘာကြောင့်လဲဆိုရင် စိတ်တို့ရဲ့ ဥပါဒ်၊ ဌီ၊ ဘင် တို့ကို ရှုလို့မရပါ၊ ဘာကြောင့်လဲ ဒါတွေက သဘာဝရဲ့ အရာပါ၊ (ဝါ) ဘုရားရှင်တို့ရဲ့ ကျက်စားရာ သဘာဝပါ။

ဒီတော့ ဘာကိုရှုရမလဲ သန္တတိကို ရှုရမယ်၊ အဲဒါ နှလုံး အကြည်ရယ်၊ ဓမ္မာရုံရယ်၊ ဘဝင်စိတ်ရယ်၊ မနောဝိညာဏ်ရယ် ဒီလေးပါးတို့ကို ဆက်စပ်နေတဲ့သန္တတိကိုသာရှုရမယ် (တနည်း) ဒီလေးပါးပေါင်းနေတဲ့ သန္တတိကို ရှာရမယ်၊ ဘယ်လိုရှာမလဲ၊ ဒီတော့ နှလုံးအကြည်ရယ်၊ ဓမ္မာရုံရယ် ဆက်နေတာဟာ သန္တတိ တချက်ဘဲ မဟုတ်လား၊ နောက် ဓမ္မာရုံရယ်၊ ဘဝင်စိတ်ရယ် ဆက်နေတာလဲ သန္တတိတချက်ဘဲ မဟုတ်လား၊ နောက် ဘဝင် စိတ်ရယ်၊ မနောဝိညာဏ်ရယ် ဆက်စပ်နေတာလဲ သန္တတိတချက် ဘဲ မဟုတ်လား၊ အဲဒီလိုဆက်နေတဲ့သန္တတိကိုရှာရမယ်၊ ဒီတော့ ဥပမာ လက်လေးချောင်းထောင်လိုက်ပါ၊ လက်လေးချောင်းမှာ လက်ညှိုးနဲ့ လက်ခလယ်တို့က တချက်ဆက်စပ်နေတယ်၊ နောက် လက်ခလယ်နဲ့ လက်သူကြွယ်က တချက်ဆက်နေကယ်၊ နောက် လက်သူကြွယ်နဲ့ လက်သန်းက တချက်ဆက်နေတယ်။

ဒီတော့ ဒီဥပမာလိုဘဲ ဒီလိုအဆက်သုံးဆက်၊ ဆက်နေတာကို ဘုရားရှင်က ဒါတွေကို နာမည်ပေးတဲ့အခါမှာ အတိတ်ဆက်၊ အနာဂတ်ဆက်၊ ပစ္စုပ္ပန်ဆက်လို့ ဆိုပြီးတော့ နာမည်ပေးလာ တယ်၊ ဒီတော့ ဒီသဘာဝလေးခုကို ဆက်နေတဲ့ အဆက်ဟာ သုံးခုရှိပါတယ်၊ ဒီသုံးချက်ရဲ့ သဘာဝကို ယခုရှာနေရပြီ၊ဒီဆက်

နေတဲ့ အဆက်လေးကို ပြောတတ်လာရမယ်၊ ဒီအဆက်လေးတွေကိုမှ "အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန" အနိစ္စ ဒုက္ခ အနတ္တလို့ ရှုရမယ်လို့ ဘုရားရှင်က ဟောကြားလာတာပါ၊ ဒီတော့ အနိစ္စ ဒုက္ခ အတ္တနလို့ ပုတီးစိတ်လို့မရပါ၊ ပုတီးစိတ်ဖို့ရာကို မဆိုထားနဲ့ ယခု ဒီနှလုံးအကြည်လေးကိုပင် လက်ညှိုးထိုးပြီးတော့အနိစ္စလို့ ရှုလို့မရပါ၊ အဲဒါဟာ ပညတ်ပေါ်မှာ ရှုနေတာပါ၊ လက်ညှိုးထိုးပြီးတော့ကို အနိစ္စလို့ ရှုလို့မရပါ။

ဒီတော့ နာမရူပ ပရိစ္ဆေဒဉာဏ်က ဥတုဇရုပ်လောကကြီးကို သုဉ်းဆိတ်ခဲ့ပြီးနောက် ပစ္စယ ပရိဂ္ဂဟဉာဏ်က အာဟာရဇရုပ်လောကကြီးကို သုဉ်းဆိတ်ခဲ့ပြီ၊ အဲဒီလို သုဉ်းဆိတ်ခဲ့တဲ့သူမှာ အခု သမ္မသနဉာဏ်မှာ ဆက်စပ်တဲ့ သန္တတိလေးသာ ကျန်ပါတော့တယ်၊ ဒီတော့မှ ဒီသန္တတိလေးတွေကို ရှာနိုင်လာရင် ထိုပုဂ္ဂိုလ်မှာ ဒီဆက်စပ်နေတဲ့ သန္တတိလေးတွေကို နာမည်လေးတွေ တပ်နိုင်လာတော့မယ်၊ (ဝါ) ပေးနိုင်လာတော့မယ်။

ဒီလိုကို ထွင်းဖေါက်ပြီးတော့မြင်လာမှ အနိစ္စတလုံးကို ပိုင်မယ်၊ ဒီတော့အနိစ္စဆိုတာ ရုပ်တရား နာမ်တရား အပေါ်မှာ ရှာဘာမဟုတ်ပါ၊ ယခုဒီသမ္မသနဉာဏ်ရဲ့လုပ်ငန်းစဉ်နဲ့ကြည့်တဲ့အခါမှာ ဆက်စပ်နေတဲ့ သန္တတိလေးကို ရှုတာပါ၊ ဒီတော့ခုနက ပြောခဲ့တဲ့နှလုံးအကြည်ရယ်, ဓမ္မာရုံရယ်, ဘဝင်စိတ်ရယ်, မနောဝိညာဏ်ရယ်လို့ဆိုတဲ့ ဒီလေးပါးမှာ အဆက်လေးသုံးခုရှိနေတယ်၊ (တနည်း) အဆက်ကလေးသုံးဆက်ရှိနေပါတယ်၊ ဒါကသညာဝိညာဏ်ပါ။

ဒီတော့နှလုံးအကြည်နဲ့ မမြာရုံနဲ့ ဆက်နေတာကဘာအဆက်လဲ၊ နောက်မမြာရုံ ဘဝင်စိတ်ရယ်ဆက်နေတာက ဘာအဆက်လဲ၊ နောက်ဘဝင်စိတ်ရယ်၊ မနောဝိညာဏ်ရယ်ဆက်နေတာက ဘာအဆက်လဲ၊ ဒါကိုပြောပြစမ်းပါ၊ ဒါကိုပညာနဲ့ သိအောင်လုပ်ရမယ်၊ ယခုပြောလိုက်တာတွေက သညာဝိညာဏ်သိတွေပါ၊ ဒီကနေ ပညာသိဖြစ်အောင် အကြောင်းတရားတွေကို ထပ်ရှာရမယ်၊ ဒီတော့ဒီဆုံတဲ့လေးကောင်ဟာ ဘယ်သူ့ကြောင့်ဖြစ်လာတာလဲ၊ အဲဒီအကြောင်းကိုရှာရမယ်၊ ဒီတော့မှ အကြောင်းတရားတွေကိုတွေ့ပြီး ပညာသိဖြစ်လာမယ်။

ပြောပြမယ်…၊ နှလုံးအကြည်ဟာက အဝိဇ္ဇာ ငြိပ်ကြောင့်ဖြစ်တယ် အဝိဇ္ဇာရိပ်သဘောဆိုတာ အရင်က အဆင်းနဲ့အကြည်ဆုံလိုက်တဲ့အခါမှာ ပေါ်လာတဲ့သညာလေးတွေဟာ အဆင်းနဲ့အကြည်တို့က ချုပ်သွားသော်လဲ ယခုဒီနှလုံးအိမ်အကြည်ဓာတ်မှာရှိနေတယ်၊ ဒါကြောင့်အာရုံကို ပြန်စဉ်းစားလိုက်တဲ့အခါမှာပေါ်လာတာပါ၊ ( တနည်း ) သိလာတာပါ၊ အဲဒီသညာလေးတွေကို ထွက်ဆဲလိုက်ရင်ဘဲ အတိတ်အာရုံတွေဟာ ပေါ်လာတာသည်ပင် အဆင်းနဲ့အကြည် ဆုံခဲ့စဉ်က ဖြစ်ပေါ်လာတဲ့သညာလေးတွေဟာ အဆင်းနဲ့အကြည်တို့ ချုပ်သွားသော်လဲ ဒီသညာလေးတွေဟာ နှလုံးအိမ်ထဲမှာ အစဉ်ရှိနေတယ်၊ ဒါဟာအတိတ်သညာပါ၊ အတိတ်သညာ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာသဘောပါ။

အဲဒါက နှလုံးအကြည်ထဲမှာရှိနေတယ်၊ နောက်မမြာရုံမှာရော ဘယ်အကြောင်းရှိသလဲဆိုရင် ဒီတော့အဆင်းနဲ့ အကြည်

ဆုံပြီး ဇာတ်သိမ်းသွားသော်လဲ အဆင်းသညာလေးဟာလဲနှလုံး အိမ်ထဲမှာဘဲ ရှိတယ်၊ အဲဒီအကြည်သညာလေးဟာလဲ နှလုံးအိမ် ထဲမှာဘဲရှိတယ်၊ အဲဒီအကြည်သညာလေးဟာလဲ နှလုံးအိမ်ထဲမှာ ဘဲရှိနေတယ်၊ ဒီဟာကိုဓမ္မာရုံလို့ခေါ်တယ်၊ ဒီဓမ္မာရုံမှာတဏှာ သဘောရှိတယ်၊ အဲဒါအနာဂတ်သဘောပါ၊ ကိုင်းဒီတော့ အကြောင်းနှစ်ခုထွက်လာပြီ။

နောက်ဘဝင်စိတ်ရဲ့အကြောင်းကျတော့ကံရိပ်လို့ခေါ်တယ်၊ (တနည်း) ကံသဘောပါ၊ ဒီတော့ မနောဝိညာဏ်ကြီးကျတော့ ဝေဒနာရိပ်သဘောပါ၊ ဒီတော့ ဘဝင်စိတ် ကံရိပ်သဘောဆို တာက ပစ္စုပ္ပန်အကျိုးဇနကကံကိုယူပါ၊ ဘာကြောင့်လဲဆိုတော့ ဒီဘဝင်စိတ်ဟာ အတိတ်ဇနက အကြောင်းကံကြောင့် ဖြစ်လာ တာမဟုတ်လား၊ ဒါ့ကြောင့်ပစ္စုပ္ပန်အကျိုး ဇနကကံကိုယူပါ၊ နောက် မနောဝိညာဏ် ဝေဒနာရိပ်သဘောဆိုတာက အဆင်းနဲ့ အကြည်ဆုံလိုက်တဲ့အခါမှာ နာမနဲ့သဏ္ဍာနပညတ်ရိပ် နှစ်ပါးကို ဆွဲပြီးတော့ဣဋ္ဌ-အနိဋ္ဌပေါ်လာတယ်၊ဒါကသညာရဲ့ဗျာပါရလို့ ခေါ်တယ်၊ ဒီလိုသညာရဲ့ဗျာပါရလဲ ဖြစ်လာရော သုခဒုက္ခ ကောင်း မကောင်းဆိုပြီးတော့ ခံစားလာတယ်၊ အဲဒါကဝိညာဏ် ရဲ့ဗျာပါရပါ၊ အဲဒီသို ဝိညာဏ်ကြီးက ခံစားလာတဲ့ ဝေဒနာ လေးဟာ ဒီမနောဝိညာဏ်မှာ အစဉ်ရှိနေတော့တယ်။

တနည်း ဒီလိုခံစားလာတဲ့ဝေဒနာဟာ မနောဝိညာဏ်ရိပ်ထဲ မှာရှိနေတယ်၊ဒါကြောင့်မနောဝိညာဏ်ကြီးမှာ ဝေဒနာသဘော ရှိနေတယ်၊ နှလုံးအကြည်မှာ အဝိဇ္ဇာသဘော, ဓမ္မာရုံမှာ တဏှာသဘော, ဘဝင်စိတ်မှာ ကံသဘော, မနောဝိညာဏ်မှာ

ဝေဒနာသဘောရှိနေကြတယ်၊ ဒီအကြောင်းတရားလေးပါးကို မြင်အောင်ကြည့်ပါ၊ဒီအကြောင်းတရားလေးပါးမှာရှိတဲ့ သန္တတိ လေးတွေကိုမှ အနိစ္စ ဒုက္ခ အနတ္တနဲ့ ရှုရတော့မယ်၊ ဒီတော့မှ သဿတဒိဋ္ဌိ- ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ပြီးတော့ ရှေ့ကိုတက်သွားတော့ မယ်။

ကိုင်း....သာဓုသာခေါ်ကြပါတော့။

သာဓု–သာဓု–သာဓု။

ပုံစံနံပါတ် (၁၂)


အဟိတ်ခန္ဓာပေါ်ပုံ
သမ္မသန-ခန္ဓာ
သသတဒိဋ္ဌိပယ်
အနိစ္စလက္ခဏာ
အဝိဇ္ဇာအတိတ်ကာလ
ပစ္စုပ္ပန်အာရုံ
ဝေဒနာ

ဝါခေါင်လဆန်း ( ၁၁ ) ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၁၂)

ကိုင်းအနိစ္စတလုံးကိုတွေ့အောင် ဘယ်လိုရှာမလဲ၊ အခုဝိပဿနာဉာဏ်ထဲကိုသက်ဝင်လာပြီ၊ ဒီတော့ဘုရားရှင်က "လက္ခဏတ္တယ ယာနေ၊ လက္ခဏာယာဉ်သုံးပါးဖြင့်။ ဩရောဟိတွာ၊ တက်စီး၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဂစ္ဆတိ၊ သွား၏။" လို့ပြလာပါတယ်၊ ထို့ကြောင့်လက္ခဏာရေးသုံးပါးကို ထုတ်ပြီးဟောလာတာပါ၊ ဒီလက္ခဏာရေးသုံးပါးကိုဘယ်လို ရှုမလဲ၊ ယခုရှုနေကြတာဟာ အိုးကျက်ပွဲတာ, ပုဂ္ဂိုလ်ကျက်ပွဲတာ, လူသေတာတွေကိုမှ အနိစ္စလို့ရှုနေကြတယ်၊ ဒီတော့ ရှေ့ပိုင်းက တရားတက်လာတာမှာ ရုပ်သေရင်ဘယ်ခန္ဓာထွက်သလဲ၊ နာမ်သေရင် ဘယ်ခန္ဓာထွက်မလဲ၊ ဒီလိုမေးပြီး ဘက်သာပါတယ်။ ယခုတော့ဒီလိုမတက်တော့ပါ၊ ရုပ်သေ-နာမ်သေဆိုတဲ့ သဘာဝနည်းကို တန်ဆာဆင်ပြီးတော့တက်မယ်၊ အခုဒီကဏ္ဍမှာ ခန္ဓာပေါ်ရတော့မယ်။

ဒီတော့ ခန္ဓာဟာ အဟိတ်ခန္ဓာ, ဒွိဟိတ်ခန္ဓာ, တိဟိတ်ခန္ဓာ, ဆိုပြီး သုံးပါးရှိတယ်၊ အဟိတ်ခန္ဓာ ဆိုတာဟာ အပါယ်၄-ပါး သတ္တဝါတွေယူကြတဲ့ ခန္ဓာပါ၊ အဲဒါ ပဋိသန္ဓေမှာကို ဟိတ်သုံးပါးလုံးမယှဉ်ပါ၊ ဒီသတ္တဝါတွေမှာ ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်သုံးလုံးမှာ တလုံးလုံးနဲ့ ပဋိသန္ဓေနေကြတယ်၊ နောက် ဒွိဟိတ်ခန္ဓာဆိုတာက ပဋိသန္ဓေကကို ဟိတ်နှစ်ပါးယှဉ်ပြီးပါလာတဲ့ခန္ဓာပါ၊ အဲဒါ အလောဘဟိတ်နဲ့ အဒေါသဟိတ် နှစ်ပါး ပါလာပါတယ်၊ သူ့ကျတော့ မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ်လေးပါးထဲမှ တလုံးလုံးနဲ့ပဋိသန္ဓေ နေကြတယ်၊ နောက်တိ

ဟိတ်ပုဂ္ဂိုလ်ကျတော့ ပဋိသန္ဓေနေကထဲက အလောဘ၊ အဒေါ သ၊ အမောဟဆိုတဲ့ ဟိတ်သုံးပါးလုံးပါလာတယ်၊ ဒီပုဂ္ဂိုလ်ဟာ ယခုဘဝမှာကို မဂ်ဘရားဖိုလ်တရားကို ရနိုင်ပါတယ်။

ယခုဒီနေရာမှာ အဟိတ်ခန္ဓာကိုအရင်ဆွဲထုတ်ရမယ်၊ ဒီခန္ဓာ ဟာ ဒီဘဝနဲ့မဂ်ဖိုလ်တရားကို မရပါ၊ ယခု သမ္မာသနဉာဏ်ရဲ့ ဒီကဏ္ဍမှာ ဖေါ်ထုတ်မဲ့ အဟိတ်ခန္ဓာဆိုတာက အတိတ်ကကို ဟိတ်တွေမပြည့်စုံလာတဲ့အတွက် ယခုဘဝမှာကို တမဂ်တဖိုလ်ကို မှရနိုင်ပါဟု ဆိုရမှာ ဟိတ်ဆိုတာကံရိပ်ပါ၊ အဟိတ်လို့ဆို လိုက်တာက အတိတ်ကပါလာတဲ့ ကံရိပ်ကိုဆိုလိုပါဘယ်၊ ဘာကံ ရိပ်တွေလဲလို့ဆိုလို့ရှိရင် အကုသိုလ်စိတ် ၁၂–ပါးနဲ့ ဒုစရိုက် ကံ-၁၀-ပါးကိုလောဘ-ဒေါသ-မောဟတရားတွေ ဦးစီးပြီးပြုလုပ် လာခဲ့တဲ့ ကံရိပ်တွေပါ၊ တနည်း အတိတ်ကပါလာတဲ့ အပါယ် ၄-ပါးကိုဆွဲဆောင်မဲ့ကံရိပ်တွေကို အဟိတ်ခန္ဓာလို့ခေါ်တယ်။

နောက် ဥဒယဗ္ဗယဉာဏ်ကျတော့မှ တိဟိတ်ခန္ဓာ မဂ်တရား ဖိုလ်တရားကိုရတဲ့ ခန္ဓာကို တခါထဲ ဖေါ်ထုတ်လာတော့မယ်၊ ဒီတော့ ဓမ္မာစရိယများအတွက် ခန္ဓာဆိုတာ ဘာကိုခေါ်သလဲ၊ ရာသဋ္ဌေန ခန္ဓာ–အပေါင်းအစုဟူသော အနက်သဘောကြောင့် ခန္ဓာ။ ဒီတော့ ရုပ် ၂၈-ပါးဟာ ရူပက္ခန္ဓာ၊ ဝေဒနာစေတသိက် ဟာ ဝေဒနက္ခန္ဓာ၊ သညာစေတသိက်ဟာ သညက္ခန္ဓာ၊ ဝေဒနာ သညာမှကြွင်းသော စေတသိက် ၅၀ ဟာ သင်္ခါရက္ခန္ဓာ၊ စိတ် တခုယုတ် ၉၀ ဟာ ဝိညာဏက္ခန္ဓာ-ဆိုပြီး ခန္ဓာဖွဲ့လာကြတယ်။

ဒီတော့ ဉဝါဆိုပြီး ခန္ဓာဖွဲ့တတ်ရုံနဲ့ ခန္ဓာတွေပြီလို့မယူ ပါနဲ့၊ အခု ဒီနေရာမှာ ရုပ်လို့တောင် ပြောသို့မရတော့ပါ

ဒါ့ကြောင်မှ အခုထိ ရုပ်တွေ ပေါင်းစု နေချင်သေးသလား၊ ဒီသဘာဝတွေကို မမြင်ကြလို့ အာဠာရ ဥဒကတို့မှာ ရှေ့ကမ္ဘာ ၄၀၊ နောက် ကမ္ဘာ ၄၀ ထိအောင် မြင်နိုင်ကြတယ်၊ ဒီတော့ ရှေ့ကမ္ဘာ ၈၀၊ နောက် ကမ္ဘာ ၈၀-ထိ မမြင်နိုင်ဘူးလား၊ ဘာ့ကြောင့် ၄၀-သာလျှင် မြင်ရသလဲ—ဒါကို ပြောပြမယ်၊ ဒီတော့ သညာလေးက ပဌမဈာန်ခေတ်လေးကို ဆွဲပြီးပြောလိုက်တာဟာ တစ် နှစ် သုံး လေး စသည်ဖြင့် ကဆယ်ထိလဲကျရော သညာလေးတလုံးကို ဆွဲထုတ်ထားလိုက်တယ်၊ နောက် အာပေါ ခေတ်ကိုလဲ ဒီအတိုင်းဘဲဆွဲပြီး တဆယ်ရောက်တော့ သညာလေး တလုံးကို ဆွဲထုတ်ထားလိုက်တယ်။

ဝါယောခေတ် တေဇောခေတ်တို့ကိုလဲ ဒီအတိုင်းဘဲ သညာလေးတွေကို ဆွဲထုတ်ထားလိုက်တယ်၊ ဒီတော့ သညာ ၄-လုံး ပေါင်းလိုက်တော့ ၄၀-ဖြစ်လာတယ်၊ ဒါဟာ သညာကို သမထနဲ့ သတ်ပြီး ရလာတဲ့ သညာလေးတွေပါ၊ ဝိညာဏ်ကျတော့လဲ ဒီအတိုင်းပါဘဲ၊ ဒါကြောင့် ရှေ့ကမ္ဘာ ၄၀၊ နောက်ကမ္ဘာ ၄၀ မြင်နိုင်တယ်လို့ ပြောတာပါ၊ ဒီတော့ နဝင်းဖမ်းဘယ်ဆိုတာဟာ သညာမှ မပြည့်သေးဘဲ ဒါကြောင့် အညစ်အကြေးတွေဟာ ရှိနေသေးတယ်၊ သညာပြည့်လာမှ သညာဝိညာဏ်ဟာ အရောင်တောက်လာပါတယ်၊ ဒီတော့ အာဠာရ, ဥဒကတို့ဟာ ဘာတွေခံနေသလဲ ဆိုတော့ အဲဒါ နေဝသညာ နာသညာဆိုတာဟာ ရှန့်ရင်းတဲ့ သညာလဲမရှိပါ၊ သညာမရှိဘူးလို့လဲ မဆိုနိုင်ပါ၊ အဲဒါ နူးညံ့သိမ်မွေ့တဲ့ သညာလေးသာ ရှိတယ်ဆိုဘဲ့အနေနဲ့ ဆွဲကိုင်ထားတယ်၊ အဲဒါ ရှိတယ်လို့လဲ မဆိုနိုင်, မရှိဘူးလို့လဲ မဆိုနိုင်ဘဲ ဖြစ်နေတာသည်ပင် ဝိစိကိစ္ဆာဘဲ မဟုတ်လား၊ ဒီဟာကို ဖြုတ်နိုင်ရင် နိဗ္ဗာနခေတ်ကြီးထဲ တခါထဲဝင်ဘို့ဘဲ ရှိတော့တယ်။

အခုတော့ စိတ်ဝိညာဏ်ဖြင့် သညာကို ရှာလို့မရတော့ပါ၊ အဲဒါ သညာ ရှိဘူးလို့လဲ မယူနိုင်သည့်အတွက်ကြောင့် ကမ္ဘာပေါင်း ၈၄၀၀၀-ထိအောင် သွားပြီးနေရပြီ၊ ဒီသဘာဝတွေကို ဝိပဿနာနဲ့ကြည့်ရင် ပညတ်ရုပ်ကိုဆွဲနေတာသည်ပင် ဖွဲ့ထောင်းလို့ ဆန်ကောင်းမထွက်တဲ့ သဘာဝမျိုးတွေပါ၊ ဒီတော့ ဆန်ကောင်းရချင်ရင် စိတ်စေတသိက်ဖြစ်တဲ့ ပရမတ်ရုပ်နာမ်တွေကို ထောင်းထုရမယ်၊ ဒီတော့မှ ဝေဒနာလေးတလုံးကို တွေ့ပြီးတော့ ဒီဝေဒနာလေးကနေ နိဗ္ဗာနမာတ်ကြီးကို တက်သွားတော့မယ်၊ ယခု တရားဟာ ဒီအတိုင်းတက်သွားမယ်၊ အခု ဘယ်လောက်တောင် ထောင်းထုခဲ့ပြီလဲ၊ ရုပ်ကြမ်းကြီးတွေကိုလဲ ထောင်းထုခဲ့ပြီ၊ အခု ဆက်စပ်နေတဲ့ သန္တတိလေးကိုလဲ ဖြတ်လိုက်ရော အဲဒါ ရှေ့ကိုတဆင့်တက်သွားပြီ။

ဒီတော့ ဝိညာဏ်ကြီးကို သတ်ရတော့မယ်၊ ဝိညာဏ်ကြီးကို သတ်ရင် စိတ်တွေလို့ ပြောလို့ရသေးသလား၊ အဲဒါဖဿကို သတ်ရင် စေတသိက်တွေဟာ အကုန်လုံးပါသွားပြီ၊ ဒီတော့ မဂ်ဖိုလ်နိဗ္ဗာန်ကို လိုချင်လျှင် ပရမတ်သဘောတွေကို ထောင်းထုရမယ် ဒီတော့ဝိညာဏ်ကြီးကို သတ်တော့မယ်ဆိုတာနဲ့ ဆက်စပ်နေတဲ့ သန္တတိတွေကို အရင်ရှာရမယ်၊ ဒီတော့ သညာက ဆက်တဲ့ သဘောကို လက် ၄-ချောင်း ထောင်ပြီး ဆက်နေတဲ့ အဆက်လေးတွေကို ရှာပြခဲ့ပြီ။

ဒီတော့ လက် ၄ ချောင်းမှာ အဆက်ဟာ ၃ ခုရှိနေတယ်၊ ဒါကို ဝိသုဒ္ဓိမဂ်ကြီးက "လက်ညှိုး၌ရှိသော ရုပ်တရားတို့သည် လက်ခလယ်သို့ မပါမူ၍ လက်ညှိုး၌သာ ကုန်ဆုံး ချုပ်ပျောက်လေသောကြောင့် အနိစ္စ" လို့ ပြလာပါတယ်၊ ဒါဟာ ဆက်

နေတဲ့ သန္တတိ လေးတွေကို မြင်အောင်လို့ ပြောဘာပါ၊ ဒီသဘာဝတွေကို မမြင်ကြတဲ့သူတွေဟာ ဒီလက်ညှိုးကိုဘဲ အနိစ္စ ဒုက္ခ - အနတ္တ ဆိုပြီး ချနေကြပြီ၊ ဒီတော့ ဘယ်လောက်များ သဘာဝ တိမ်နေသလဲ ဒါနဲ့များ ဝိပဿနာကို အားထုတ်နေ သေးသလား။

နောက်တခါ "သွားတယ်-သွားတယ်" ဆိုပြီး ရှုလာကြ တယ်၊ နောက် "ဘယ်ခြေလှမ်းသော ခဏ၌ ရုပ်တရား နာမ် တရားတို့သည် ညာခြေလှမ်းသော ခဏသို့ မပါမူ၍ ဘယ်ခြေ လှမ်းသော ခဏ၌သာလျှင် ကုန်ဆုံး ချုပ်ပျောက် လေသော ကြောင့် အနိစ္စ" လို့ပြလာတာကို ဒီလိုရှုတဲ့သဘာဝကို မမြင် တော့ဘဲ ခြေဖဝါး၊ ခြေထောက် ကြီးတွေကိုသာ ရှုနေရင် တယ်မှာဟုတ်တော့မှာလဲ၊ ဒီတော့ မြန်မာနိုင်ငံတော်မှာ ပေါ် ထွန်းနေတဲ့ ဗုဒ္ဓဘာသာတရားဟာ အင်မတန်မှ အဆင့် အတန်း နိမ့်ကျနေပါသေးတယ်၊ အဲဒါဟာ သဘာဝတွေကို ပေါ်အောင် မယူနိုင်ကြတဲ့အတွက်ကြောင့်ပါ။

အခု ဝိပဿနာတရားကို ဘက်ရတော့မယ်၊ ဒီတော့ ဆက်စပ် နေတဲ့သန္တတိကို ရှာနိုင်အောင်လို့ "လက်သို့း၌ရှိသော ရုပ်တရား နာမ်တရားတို့သည် လက်ခလယ်သို့မပါမူ၍ လက်ညှိုး၌သာ ကုန် ဆုံးချုပ်ပျောက်လေသောကြောင့် အနိစ္စ" လို့ ဝိသုဒ္ဓိမဂ်ကြီး ကပြလာဘာကို အန္ဓတွေက သဘာဝကိုမသိတော့ရင် အဲဒါ လက်ညှိုးကိုဘဲ အနိစ္စ ဒုက္ခ-အနတ္တ လို့ ချနေပြီ၊ ကိုင်း ဒီတော့ လက်ညှိုးကိုထောင်ပြီး ပြလာတာဟာ သန္တတိကို မြင်အောင်လို့ ပြရတာပါ၊ ဒီတော့ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် တွေနဲ့ ချေလာခဲ့တဲ့အတွက်ကြောင့် အခုဒိနေရာကနေပြီး ကြည့်

ရင် ၃၁ ဘုံကြီးဟာ ရုပ်ဘဲ့ နာမ်ဘဲလို့ ပြောလို့မရတော့ပါ၊ အနတ္တ အနေနဲ့ သုဉ်းဆိတ်နေပြီ၊ အဲဒါဆက်စပ်တဲ့ သန္တတိလေး အနေနဲ့ သာရှိပါတော့တယ်။

ဒီသန္တတိ လေးကို ဖြတ်ချ လိုက်တာနဲ့ သဘာဝတွေဟာ ပြောင်းသွားတော့မယ်၊ အခုစိတ်နဲ့ ကံ သန္တတိ လေးတွေ ရှိနေ သေးလို့ ဥတုနဲ့ အာဟာရ အကြောင်းတို့က မျက်လှည့်ပြနေ သေးတာပါ၊ အခုဥတုနဲ့ အာဟာရအကြောင်းတို့ကို ချေလိုက်ပြီ စိတ်နဲ့ကံအကြောင်းဘဲ ရှိတော့တယ်၊ ဒီစိတ်နဲ့ကံအကြောင်းကို ဘာနဲ့ကြည့်မလဲ၊ ပညာနဲ့ကြည့်ရမယ်၊ပညာနဲ့ကြည့်မှမြင်မယ်၊ ကိုင်း....မနေ့ကတရားကိုရှာလိုက်ရင် အဝိဇ္ဇာ တဏှာ ကံ ဝေဒနာ ဆိုပြီး မှနောဝိညာဏ်ကြီးရဲ့ ရေသောက်မြစ်၄-ချက်ကို လာတွေ့ နေပြီ၊ ဒီကဏ္ဍကမနောဝိညာဏ်ကြီးကိုသတ်ရတော့မယ်၊ သတ် ချင်ရင်သူ့ရဲ့ ရေသောက်မြစ်ကို ရှာရမယ်၊ရှာပြီးတော့မှ ဖြတ် ရတော့မယ်။

ဒီတော့ရုပ်ဘက်ကဆွဲထုတ်လာတဲ့သန္တတိဟာလက်၄ချောင်း ထောင်ပြီးပြတဲ့သဘောကိုယူလိုက်ပါ၊ ဒါက လူပြိန်းတွေ သိလွယ် မြင်လွယ်အောင်လို့ ဥပမာပြုပြီးဟောလိုက်တာပါ၊ ယခုနာမ် သန္တတိဆက်စပ်တဲ့သဘောကို ရှာတဲ့အခါမှာ ဒါကိုသွားမယူပါ နဲ့၊ ဒီရုပ်သန္တတိကို အနက်ပေးရင် အစဉ်သဘောလို့သာအနက် ပေးလို့ရပါတယ်၊ နောက်နာမ်ကထွက်လာတဲ့ သန္တတိကျတော့ သူ့ကိုအနက်ပေးရင် ( ပါဠိ ) ဘာသာပြန်ရင် သန္တတိဆက်စပ် တဲ့တဘောလို့ ဘာသာပြန်လို့ရပါတယ်၊ ဒီတော့ဆက်စပ်တဲ့ သဘောဟာ အဲဒါအဝိဇ္ဇာ တဏှာ ကံ ဝေဒနာတို့ပေါင်းနေ တဲ့သဘောပါ၊ ဒီတော့ ရုပ်သန္တတိ အစဉ်သဘော၊ နာမ်သန္တတိ

ဆက်စပ်တဲ့သဘော၊ ဒီနာမ်သန္တတိဆက်စပ်တဲ့ သဘောဆိုတာ ဟာ အကြောင်း ၄-ပါးပေါင်းနေတဲ့ သဘောဘဲမဟုတ်လား၊ အဲဒါ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဝေဒနာတို့ ပေါင်းနေတဲ့သဘောပါ၊ ဒီနာမ်သန္တတိကို ရှာတဲ့အခါမှာ လူပြိန်းတွေတွေ့ခဲ မြင်ခဲပါတယ်။

ဒီတော့ မနောဝိညာဏ်ကြီးဟာ နာမ်ကောင်ကြီးပါ၊ ဘာ ကြောင့်နာမ်ကောင်ကြီးလို့ခေါ်သလဲ၊ ဒွေပဉ္စဝိညာဉ်သာ ကြည် ပြီးကျန်တဲ့စိတ်မှန်ရင် ဒီမနောဝိညာဏ်ကြီးထဲသာဝင်ရပါတယ်၊ ဒီတော့မနောဝိညာဏ်ကြီးက ဆက်စပ်တယ်ဆိုတာ သူ့ရဲ့အောက် မှာ အကြောင်း ၄-ချက်ကိုလာတွေ့နေပြီ၊ ဒီ ၄-ချက်ကို သတ် လိုက်တာနဲ့ မနောဝိညာဏ်ကြီးဟာသေသွားမယ်၊ဒီတော့အကုန် လုံးပြောလိုက်မယ် လက္ခဏာယာဉ်သုံးပါးကို သဘာဝနဲ့တကယ် မြင်ရင် ဒါနသီလ ဘာဝနာတရားတွေကို အားထုတ်လာတာတွေ ဟာ မပျောက်မပျက်တော့ဘဲ အားလုံးလက္ခဏာယာဉ်ပေါ်ကို ရောက်လာပြီ။

ဒီတော့ဗုဒ္ဓဘာသာတွေဟာ သဒ္ဓါတရားဘက်မှာအထူးပြော စရာမရှိပါ၊ တကယ်သဒ္ဓါတရားရှိကြပါတယ်၊ ဒါပေမဲ့လူဒါန်း ကြတဲ့သဘာဝတွေဟာ လက္ခဏာယာဉ်ပေါ် မရောက်ကြသေး ပါ၊ လက္ခဏာယာဉ်ပေါ်ကို ရောက်ရင် အင်မတန်မှ အကျိုး ကျေးဇူးများတယ်၊ ဒီတော့လက္ခဏာယာဉ်ပေါ် ရောက်အောင် ကြိုးစားကြပါ၊ ကိုင်း....ဒီတော့နာမ်သန္တတိလေးဟာ "အဲဒါ" အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဝေဒနာပါ၊ အချုပ်မှာ မနောဝိညာဏ် ကြီး သေဘို့ရာသာ အရေးကြီးပါတယ်၊ ဒီမနောဝိညာဏ်ကြီးကို သတ်ချင်ရင် နာမ်သန္တတိဖြစ်တဲ့ (ဝါ) အကြောင်းတရား ၄-ပါး ဖြစ်တဲ့အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဝေဒနာတို့ကို ဖြတ်ပစ်ရမယ်။

ကိုင်း— ဖြတ်ချင်ရင် အဝိဇ္ဇာ, တဏှာ, ကံ, ဝေဒနာကို လိုက်ရှာပါ၊ ပုံစံထဲမှာ ပြထားတဲ့အတိုင်း အဝိဇ္ဇာ—အတိတ်ကာလ၊ တဏှာ—အနာဂတ်ကာလ၊ **ကံ**—ပစ္စုပ္ပန်ကာလဆိုပြီး ကာလဖွဲ့ထားပြီ၊ ဒီ ၃ ချက်အပေါ်မှာမှ ဝိညာဏ်ကြီးက ပစ္စုပ္ပန် အရိပ် **ဝေဒနာ**လေးဆိုပြီး လာထိုင်နေတာပါ၊ ဒီတော့ နာမ်သန္တတိကို သိမ်းမဲ့ပုဂ္ဂိုလ်ဟာ ကာလသုံးပါးကို အရင်ဖွဲ့ရမယ်၊ ကိုင်း ဖွဲ့လိုက်စမ်း…အတိတ်ကာလ အဝိဇ္ဇာ၊ အနာဂတ်ကာလ တဏှာ၊ ပစ္စုပ္ပန်ကာလ ကံဆိုပြီးဖွဲ့ရမယ်၊ ဒီတော့ အတိတ်ကာလ အဝိဇ္ဇာကို အနိစ္စနဲ့သိမ်းရမယ်၊ ဒီလိုသိမ်းရင် သဿတဒိဋ္ဌိဟာ ပါသွားမယ်၊ နောက် အနာဂတ်ကာလ တဏှာကို ဒုက္ခနဲ့သိမ်းရင် ဥစ္ဆေဒဒိဋ္ဌိဟာ ပါသွားမယ်၊ နောက် ပစ္စုပ္ပန်ကာလ ကံကို အနတ္တနဲ့သိမ်းရင် သဿတ ဥစ္ဆေဒဒိဋ္ဌိ ၂ ပါးလုံး ပါသွားမယ်။

ဒီတော့ ဒီသုံးပါးဟာ သုံးချောင်းထောက်နေလို့ မနောဝိညာဏ်ကြီးဟာ ပေါ်နေရတာပါ၊ ဒီ ၃ ပါးလေးကို နှုတ်ပစ်လိုက်နိုင်ရင်ဘဲ အဲဒါ နှလုံးအကြည်ရယ်, မွေ့ရာရယ်, ဘဝင်စိတ်ရယ်လို့ဆိုတဲ့ ပဋ္ဌာန်ဝေဒနာလေ တွေဘဲ ကျန်ရှိ ဘော့မယ်၊ သေသေချာချာတွေးပါ၊ ဒါကြောင့် ဒီလက္ခဏာ ယာဉ်ကိုသာ တကယ်မြင်လာရင် အကျိုးတရားတွေ့ဟာမှဆုံးနိုင်ပါဘူး။

ဒီတော့ မနောဝိညာဏ်ကြီးဟာ မပြေးနိုင်တော့ဘဲ ပစ္စုပ္ပန် အရိပ်ဝေဒနာ အနေနဲ့သာရှိတော့မယ်၊ ဒါကိုခန္ဓာအနေနဲ့ ဆွဲထုတ်ပြီးတော့မှ ဥဒယဗ္ဗယဉာဏ်ကြီးကို တင်ရတော့မယ်၊ အဲဒါ အခု ဥဒယဗ္ဗယဉာဏ်ကိုတက်မလို့ ခန္ဓာလေးတွေကို ရှာနေတာပါ၊ ကိုင်းမနောဝိညာဏ်ကြီးကို သတ်ချင်ရင် ကာလဖွဲ့ရမယ်၊

ဖွဲ့လိုက်စမ်းပါ၊ ဒီတော့အဝိဇ္ဇာကို အတိတ်ကာလလို့ ဘာကြောင့် ဖွဲ့ရသလဲ၊ အနာဂတ်ကာလမှာ ဘာကြောင့် တဏှာရိပ်လို့ ချ ရသလဲ၊ ကံကို ပစ္စုပ္ပန်ကာလလို့ ဘာကြောင့် ဖွဲ့ရသလဲ၊ ဒါကို နားလည်အောင် သုတ္တန်နည်း တင်ဆက်ပြမယ်၊(ဥပမာ)တရား နာလာတဲ့ အခါမှာ ဓမ္မာရုံက နေပြီး ဆင်းလာလိုက်ဘာဟာ တိုက်ကြီးလှေခါးရောက်တော့ ရပ်ပြီး ပြန်စစ်လိုက်ပါ၊ ရပ်နေတဲ့ ခြေရာဟာ ပစ္စုပ္ပန်ကာလပါ၊ ဓမ္မာရုံကနေလှမ်းခဲ့တဲ့ ခြေလှမ်း တွေကျတော့ အတိတ်ကာလပါ။

ဘာ့ကြောင့် အတိတ်ကာလလို့ခေါ်သလဲ၊ ဒီတော့ပစ္စုပ္ပန် ဖြစ်နေတဲ့အချိန်မှာ အတိတ်ကလှမ်းလာခဲ့တဲ့ ခြေလှမ်းတွေဟာ ကုန်သွားတဲ့အတွက် ရပ်နေဆဲခြေလှမ်းကပစ္စုပ္ပန်ကာလ၊ နောက် တရားနာတဲ့ဆီအထိ လှမ်းရအုံးမှာက အနာဂတ်ကာလပါ၊

---

**မှတ်ချက်။** ။မန္တလေးမြို့ အရှေ့ပြင် မင်္ဂလာဥယျာဉ်ရပ်ရှိ ဓမ္မစကြာ ပဋိပတ် သာသနာပြုရိပ်သာကြီးတွင် နိဗ္ဗာန် မင်္ဂ ဖိုလ် ရရာ,ရကြောင်း တရားအား၊ထုတ်တော်မူကြသော ဓမ္မာစရိယသံဃအဖွဲ့ မှ ၁၃၂၈ ခုနှစ်တွင် ဝါဆိုဝါကပ်တော်မူကြစဉ် ဘာသာပြန်ဆိုအပ် သော "ပါဠိသိရာဇသုတ္တန် နှင့် ဝိပဿနာသမ္မသနဥာဏ် လုပ်ငန်း စဉ်ကျမ်း"စာအုပ် ကို ဓမ္မစကြာ သာသနာပြုအဖွဲ့ချုပ်မှ ထုတ်ဝေလျက် ရှိပြီး ဖြစ်ပါ၍ ယခုပေါ်ထုတ်လျက်ရှိသော ဤ"မဟာသတိပဋ္ဌာန်ပဋိပတ် လုပ်ငန်းစဉ်တရားတော် ဟောစဉ်ကျမ်း"၏ သမ္မသနဉာဏ်စခန်းရှိကဏ္ဍ အသီးသီးအတွက် အထောက်အကူအဖြစ်ဖြင့် ရည်သွှန်လျက် ကျေးဇူး ရှင် မဟာနာယက ဓမ္မစကြာ ဆရာတော်ဘုရားကြီး၏ တရားတော် များကို ပေါ်ထုက်ရေး, ပေါ်ထွက်ရေး, ကိန်းဝပ်တည်ရှိရေး အဖွဲ့ဖြစ် သော ဆရာတော်ဘုရား၏တပည့်သာဝကများက ကျေးဇူးပြုပါ၏။

ဒီဥပမာကို မြင်အောင်ကြည့်ပါ၊ ဒီတော့ဒီလိုအတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလတွေဟာ ဆက်နေကြတယ် ဒီလိုဆက်နေတာကို ပစ္စုပ္ပန်ရုပ်ဆဲ ခြေလှမ်းလေးကို ဖမ်းလိုက်ပြီး သညာအမှတ်လေး ချလိုက်တော့မှ အတိတ်အနာဂတ်ကိုဖမ်းလို့ရတယ်၊ ဒီလိုကာ လသုံးပါးကိုဖွဲ့ရမယ်၊ ဒါဖြင့်ရင်မေးမယ်၊ ဒီကာလ ၃-ပါးမှာ ဘယ်သူကစပြီး ဖြစ်လာသလဲလို့မေးရင် ဘယ်လိုပြောမှာသဲ၊ ဒါဟာတိဟိတ်ပုဂ္ဂိုလ်ဟုတ်,မဟုတ်စစ်တမ်း ထုတ်လိုက်တာပါ။

ဒီသုံးကောင်ဟာ ဘယ်သူကစသလဲ၊ ဒီကနေစပြီး စစ်လာရမယ်၊ ဒါမှ ကာလသုံးပါးကိုမြင်မယ်၊ ဒီတော့ ရုပ်သဘောမှန်ရင်အတိတ်က စလာတယ်လို့ယူပါ၊ နာမ်သဘောက အနာဂတ်သဘောပါ၊ ပစ္စုပ္ပန်သဘောကျမှ ရုပ်နာမ်သဘောပါ၊ ပြောပြမယ်- ရုပ်သဘော အတိတ်ကာလ၊ နာမ်သဘော အနာဂတ်ကာလ၊ ရုပ်နာမ်သဘောပစ္စုပ္ပန်ကာလ၊ ဒီတော့အတိတ်ကာလကစသာတဲ့အခါမှာ သညာလေးတွေဟာ မပါသေးပါ၊ ပစ္စုပ္ပန်ခြေလှမ်းကို ဖမ်းလိုက်တော့မှအတိတ်သညာလေးတွေဟာ အကုန်လုံးဝင်လာတယ်၊ ဒီတော့ပစ္စုပ္ပန်ခြေလှမ်းကိုလဲ ဖမ်းလိုက်ရောလှမ်းလာခဲ့တဲ့ ခြေလှမ်းတွေဟာ မရှိတော့ပါ၊ အဲဒါသညာရဲ့အမှတ်လေးသာရှိတော့တယ်၊ ဒီသညာဟာ တရားနာဘို့ခြေလှမ်းလှမ်းလာစဉ်က မှတ်လာခဲ့တဲ့သညာဖြစ်ခြင်းကြောင့် မျက်ကွယ်သဘော သညာပါ။

ဒါဟာပစ္စုပ္ပန်သညာကနေမှ ဆွဲရတာဖြစ်ခြင်းကြောင့် (ဝါ) နာမပညတ်နဲ့ သဏ္ဌာနပညတ်ရုပ်တို့ကိုဆွဲတာ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာရုပ် အတိတ်ကာလ ဆိုပြီးဖွဲ့လာတာပါ၊ ဒီတော့အမျိုး

သို့ကြီးတွေအတွက် အကျဉ်းနည်းနဲ့ထပ်ပြောလိုပါသေးတယ်၊ ပစ္စုပ္ပန်ဆိုတာဟာ အတိတ်နဲ့ အနာဂတ်ရှိလို့ပါဆိုတာကိုပညာနဲ့မြင်ရမယ်၊ အဲဒါရုပ်သဘောမှန်ရင် အတိတ်ကစပါတယ်၊ ဒါဟာ သညာရဲ့အမှတ်မပါသေးပါ၊ နောက် အနာဂတ်ကျဘော့မဖြစ်သေးတဲ့သညာ သဘောပါ၊ အဲဒါဟာပစ္စုပ္ပန်ကပင်နေပြီးတော့ ဆွဲတဲ့သဘောဖြစ်ခြင်းကြောင့် နမ်သဘောလို့ပြောတာပါ။

ဒါကြောင့်ပစ္စုပ္ပန်ကိုတွေ့တော့မှ အတိတ်သညာ, အနာဂတ်သညာလေးတွေကို တွေ့နိုင်ပါတယ်၊ တနည်း ရုပ်နာမ် သဘောကျတော့ ပစ္စုပ္ပန်ကစပါဘယ်၊ ဘာဖြစ်လို့လဲဆိုရင်ဘဲ သညာလေးတွေစုံလာပြီဖြစ်လို့ပါ၊ အဲဒီလိုပစ္စုပ္ပန်သညာရဲ့အမှတ်လေးကို ချနိုင်လိုက်တာသည်ပင် အဘိတ်အာရုံ သညာလေးကိုသွားဆွဲလိုက်တာဘဲမဟုတ်လား၊ အဲဒီ အတိတ်အာရုံ သညာလေးကို အဝိဇ္ဇာလို့ ပြောတာ။

ဒီတော့ ဖြစ်ပြီးတဲ့အာရုံ သညာလေးဟာက နာမပညတ်ပါ၊ ယခု မဖြစ်သေးတဲ့ အာရုံ သညာလေးကို ပစ္စုပ္ပန်ကနေပြီးတော့ ဆွဲရတဲ့ သဘောဖြစ်ခြင်းကြောင့် သူ့ကိုအနာဂတ်လို့ ပြောတာ အဲဒါ တဏှာရိပ် ပြဌာန်းတယ်၊ ဒါဟာ ပစ္စုပ္ပန် ဝိညာဏ်ရိပ်က ထွက်ဆွဲတာဘဲမဟုတ်လား၊ ဒါကြောင့် အနာဂတ် သဘောကို နာမ်သဘော သဏ္ဌာနပညတ်ရိပ်သဘော၊ မဖြစ်သေးတဲ့ သညာသဘောဘဏှာရိပ်ဖြစ်တယ်လို့ပြောတာပါ။ ဒါကြောင့်မျက်ကွယ်သညာရဲ့သဘောမရသေးတာကို (တနည်း) ပညာနဲ့တွေ့အောင်မရှာနိုင်တာကို အဘိတ်မရှိဘူး၊ အနာဂတ်မရှိဘူး၊ မျက်ကွယ်မရှိ

ဘူး၊ မျက်မှောက်သာ ရှိတယ်လို့ ပြောနေကြတဲ့ ဝါဒဆိုးကြီး တွေကို လက်မခံကြပါနဲ့လို့ဆိုတာကို မှာထားခဲ့ပါတယ်။

ဒီတော့ဗုဒ္ဓဘာသာတရားဟာ အင်မတန်မှ သိမ်မွေ့ပါတယ်၊ အဲဒါသညာ ဝိညာဏ်နဲ့ထောက်လို့မရပါ၊ ထောက်လို့မရတာ ကို လိုက်ထောက်နေရင် နောက်ဆုံး အပါယ် ၄-ပါးသို့ကျတော့ မှာဘဲမဟုတ်လား၊ ဒီတော့ ဒါန-သီလ-ဘာဝနာတို့ကို အားထုတ် တဲ့ပုဂ္ဂိုလ်တွေမှာ လက္ခဏာယာဉ် ၃-ပါးထဲဝင်နိုင်အောင် ဘယ် လိုအားထုတ်မလဲ၊ ဒီတော့တချို့ ဘယ်ကိုလုပ်လာကြသလဲ ဆို တော့ အဲဒါဆင်ခြင်တဲ့ အနေနဲ့ ဆွမ်းသည် ဓာတ် ၄ ပါးအစု အဝေးသာဖြစ်၏၊ အလှူခံပုဂ္ဂိုလ်သည်လည်း ဓာတ် ၄ ပါး အစု အဝေးဖြစ်၍ အမြဲမရှိလေသောကြောင့် အနိစ္စလို့ ချလာကြပါ တယ်၊ ဒါဟာအနှုတ္တေပါလား ၊ ကလျာဏ အဆင့်အတန်း ရောက်လာရင်ဘဲ အဲဒါ မဟာပစ္စဝေက္ခဏာအနေနဲ့ (ဝါ) ရုပ် တရား၊ နာမ်တရား အနေနဲ့ ဆင်ခြင်လာနိုင်ပြီ၊ ဒီတော့ ဒီနေရာ မှာ ဒါန-သီလ-အားထုတ်တဲ့ ပုဂ္ဂိုလ်တွေကို လက္ခဏာယာဉ်ထဲ ရောက်အောင် ဘယ်လိုလုပ်မလဲဆိုတော့ ဝေဒနာလေးကို တင် ပေးရမယ်၊ ဒီတော့ ပုဗ္ဗ မုဥ္စ အပရစေတနာဆိုပြီး ဒီ ၃-ချက်နဲ့ လက္ခဏာယာဉ်ပေါ် တင်ပေးလိုက်ရင် ရသွားပါပြီ။

ကိုင်းအတိတ်ကာလ အဝိဇ္ဇာကြီးကတော့ ထင်ရှားသွားပြီ၊ ဒီတော့ တခုမှာလိုတာက အတိတ်မရှိဘူး၊ အနာဂတ် မရှိဘူးဆို ပြီး သာသနာတော်ကြီးမှာ ဝါဒဆိုးကြီးတွေ ဝင်နေကြတယ်၊ အဲဒါ ရှိတယ်ဆိုရင်ဘဲ မင်းမြင်သလား၊ မင်းတွေ့သလားဆိုပြီး ရယ်စရာလုပ်လာကြတော့ဘယ်၊ ဒါကြောင့် ဒီအယူဝါဒဆိုးကြီး

တွေကို သတိထားကြပါ၊ ဒီတော့ ကာလသုံးပါးကို ဖမ်းပြီး ပစ္စုပ္ပန်ကာလကိုလဲ ဖမ်းကိုင်လိုက်ရော မမွာရံုက လှမ်းလာခဲ့တဲ့ ခြေလှမ်းတွေကတော့ မရှိတော့ပါ၊ ဒါပေမဲ့ လှမ်းတုံးက မှတ်လာခဲ့တဲ့သညာလေးတွေဟာ ရှိနေသေးတယ်၊ ဧအတိတ်သဘော နာမပညတ် ရုပ်သဘောက ထွက်လာတဲ့ သညာလေးတွေကို ထောက်ပြီးတော့ ပစ္စုပ္ပန်လို့ ပြောနေတာပါ၊ နောက်မလှမ်းရသေးဘဲ ခြေလှမ်းလေးကိုလဲ ဒီ ပစ္စုပ္ပန်က နေပြီး မြောနေရတာပါ၊ ဒါက အနာဂတ်သဘော၊ သဏ္ဌာနပညတ် နာမ်သဘောကနေပြီး ထွက်လာတာပါ၊ ဒီတော့ ကာလသုံးပါးမှာ သညာလေး ၃ လုံးကိုသာတွေ့နေပြီ မဟုတ်လား။

ဒီလိုရှိနေတဲ့ သညာလေးတွေကိုတော့ ပညာနဲ့ မမြင်ဘဲနဲ့ အဲဒါသညာဝိညာဏ်နဲ့ သာယူပြီး အဲဒါအတိတ်မရှိ၊ အနာဂတ်မရှိဆိုပြီးယူလာတာတွေဟာ အများဘေ့ဘဲမဟုတ်လား၊ ဒီဝါဒဆိုးတွေနောက်ကို မလိုက်ကြပါနဲ့လို့ သတိပေးလိုက်ပါတယ်၊ ဒီတော့ထိုပုဂ္ဂိုလ်တွေမှာ အတိတ်အနာဂတ်မရှိ၊ ပစ္စုပ္ပန်သာရှိတယ်ဆိုပြီး ယူလာရင် ဘာတွေလုပ်လာတော့မလဲ၊ အဲဒါဒီခန္ဓာကိုယ်ကြီး ကောင်းစားရေးကိုသာ ရှေ့ရှုပြီး ကာမသုခလ္လိကာနုယောဂအကျင့်ထဲ ရောက်အောင်လုပ်နေပြီ၊ဒါတွင်မကတော့ဘဲ အတ္တကိလမထာနုယောဂ အကျင့်တွေကိုပါ လုပ်လာကြတော့တယ်၊ ဒီဝါဒဆိုးတွေ သက်ဝင်လာတာကို ချေဖျက်နိုင်မှ ဘုရားရှင်ရဲ့သာသနာတော်ကြီးမှာ ၄–ပါးသောပစ္စည်းတွေဟာ ပြည့်စုံပြီးသာသနာတော်ကြီးဟာ အခွန့်ရှည်လာတော့မယ်။

ကိုင်း....အဝိဇ္ဇာအတိတ်ကာလ နာမပညတ် သညာလေးကိုလဲ ကိုယ်ကဝန်ခံနိုင်ပြီလား၊ ဒါကိုသဘောပေါက်ပြီလား၊ အတိတ်

ကာလဆိုတာဟာ ပစ္စုပ္ပန်ကာလဖြစ်ပေါ်လာတာနဲ့ ကုန်သွားခြင်းကြောင့် အတိတ်ကာလလို့ ခေါ်တာပါ၊ ဒါဟာမျက်မှောက်၌ ထင်ရှားမရှိတဲ့သဘောပါ၊ ဒီတော့ဘာရှိသလဲ၊ သညာလေးရှိနေတယ်၊ ဒီသညာဟာ နာမပညတ်ကို မှတ်လာတဲ့ပညတ်သဘောသညာပါ၊ အဲဒါမျက်ကွယ်သဘောကို မှတ်လာတာဖြစ်ခြင်းကြောင့် အဝိဇ္ဇာရိပ်ရှိနေတယ်၊ ကာလဆိုတာကို ထပ်ပြောပြအုံးမယ်၊ "ကရဏံ ကာလော၊ ကရဏံဝေ ကာလော" ကရဏံ၊ ပြုခြင်း။ ကာလော၊ ပြုခြင်း။ ကရဏံဝေ၊ ပြုခြင်းသည်သာလျှင်။ ကာလော၊ ကာလမည်၏။ ဒီတော့ပြုပြင်ခြင်းဆိုတာဟာ ကိရိယာလေးဘဲ၊ အဲဒါ သွင်းခြင်း ကိရိယာ၊ အိပ်ခြင်း ကိရိယာလေးတွေပါ။

ဒီတော့မှောရုံက လာခဲ့တာဟာ တိုက်ကြီးလှေကား ရောက်လာလို့ သညာအမှတ်လေးလဲ ချလိုက်ရောအရင်ကလှမ်းလာခဲ့တဲ့ ခြေလှမ်းတွေဟာ မရှိတော့ဘဲ သညာအမှတ်လေးသာ ရှိခြင်းကြောင့် အဝိဇ္ဇာရိပ်ရှိတယ်လို့ပြောတာပါ၊ ဒါကအတိတ်ကာလပါ၊ နောက်တရားနာတဲ့ဆီအထိ ရောက်အောင်လှမ်းရအုံးမယ်ဆိုတာကို လှမ်းကိုင်နေတာက အနာဂတ်ကာလပါ၊ သူ့ကျတော့ သဏ္ဌာနပညတ်ရိပ်ရှိတယ်၊ ဒီတော့အတိတ်ကာလသညာလေးကလဲ ပစ္စုပ္ပန်ကဘဲ ဆွဲရတာဘဲ အနာဂတ်ကာလကိုလဲ ဒီပစ္စုပ္ပန်ကဘဲ ဆွဲထွက်ရတာဘဲ၊ အဲဒါ ဖြစ်ပြီးသားကို နာမပညတ်အနေနဲ့ဆွဲတယ်၊ မဖြစ်ရသေးတာကျတော့ သဏ္ဌာနပညတ်အနေနဲ့ ဆွဲရတယ်၊ အဲဒီလိုမှဝိညာဏ်ကြီးကယူလို့ရတယ်၊ ဒီတော့ ဒီအရိပ်လေးတွေမှာကို ပစ္စုပ္ပန်ကံရိပ်လေးတွေလိုက်လာတယ်၊ ဒါမှလူမှုရေးရာနယ်ထဲမှာ အသုံးဝင်လာတော့မယ်။

ဥပမာ....အလုပ်တခုခုကို လုပ်တော့မယ်ဆိုရင်ဘဲ ငါဘာကို လုပ်ရမလဲဆိုတာက အရင် တွေးကြံလာရင်ဘဲ သင်္ခါရနဲ့ပဉ္စာတ် အရိပ်အနေနဲ့ ထင်လာတာဘဲ၊ ဒီလိုထင်လာမှ အလုပ်ကို လုပ်လို့ ရပါတယ်၊ ဒီအရိပ်လေးတွေမှာကို ပစ္စုပ္ပန် ကံရိပ်လေးတွေဟာ လိုက်ပါလာတယ်၊ ဒီတော့ မလှမ်းရသေးတဲ့ အနာဂတ် ကာလမှာ တဏှာရိပ်ပြဋ္ဌာန်းနေတယ်၊ ဘာ့ကြောင့် တဏှာရိပ်ပြဋ္ဌာန်းရသလဲ ဆိုတော့ အနာဂတ် သင်္ခါရနဲ့ပဉ္စာတ်ရိပ်ဟာ အာရုံမှာချတဲ့ အခါမှာ သုခ ဒုက္ခ အရိပ်ကို အရင်ချပြီးမှ သင်္ခါရနဲ့ပဉ္စာတ်ရိပ်ကို ချရတာ ဖြစ်ခြင်းကြောင့် အနာဂတ် ကာလမှာ တဏှာရိပ် ပြဋ္ဌာန်းတယ်လို့ ပြောတာပါ။

ကိုင်း ဒီတော့ အဝိဇ္ဇာရိပ် အတိတ်ကာလ၊ အနာဂတ်ကာလ တဏှာရိပ်၊ ဒီ ၂-ခုလဲ ထွက်လာရော၊ အဲဒါအဝိဇ္ဇာဘခင်နဲ့ တဏှာ မိခင် ၂-ပါးဆက်ဆံလိုက်တော့ ပစ္စုပ္ပန်ကာလမှာ ကံရိပ်လေး တွေထွက်လာတယ်၊ ဒီတော့ အဝိဇ္ဇာရိပ်, တဏှာရိပ်, ကံရိပ်ဆိုး ပြီး ခြေထောက်လေး ၃-ချောင်းထောက်လာပြီ။ ဒီအပေါ်မှာ မှ ပစ္စုပ္ပန်အရိပ်ဝေဒနာကြီးချပြီး မနောဝိညာဏ်ကြီးက တက် နိုင်နေတာပါ၊ ဒီတော့ မနောဝိညာဏ်ကြီးက သိတယ်ဆိုတာဟာ နှလုံးအကြည်, ဓမ္မာရုံ,ဘဝင်စိတ်, မနောဝိညာဏ် ဒီ ၄-ပါးဆုံမှ သိတယ်လို့ ပြောလို့ရတာပါ၊ ဒီတော့ သူရဲ့အကြောင်းကို လိုက်ရှာလိုက်တဲ့အခါမှာ ကာလသုံးပါးကို လာတွေ့နေပြီ။ ဒီ ကာလသုံးပါးမှာ သညာလေး ၃-လုံးလဲပါနေတယ်၊ ဒါကို မြင် အောင်ကြည့်ပါ။

ဒီကာလသုံးပါးကို ခုံရုံးတင်ပြီး ဖျက်ဆီးချလိုက်ရော ပျက်ပြီး အဲဒါ ဘာကျန်တော့မလဲဆိုတော့ ပစ္စုပ္ပန် အရိပ် ဝေဒနာလေး

သာကျန်တော့မယ်၊ အဲဒါ နိဗ္ဗာန်သို့ သွားနိုင်တဲ့ လက္ခဏာယာဉ် လေးပါ၊ ဒါဟာ ပရမတ်အစစ်လေးပါ၊ ဒါဟာနိဗ္ဗာန်သို့ သွား နိုင်တဲ့ပရမတ်အစစ်လေးကို ရသွားပြီ၊ ဒီတော့ စိတ်၊စေတသိက် တွေဟာ နိဗ္ဗာန်သို့ မသွားနိုင်ပါ၊ အဲဒါ လူကောင်- နတ်ကောင်၊ တွေဖြစ်အောင်သာ လုပ်နေတာပါ၊ ဒီပရမတ် အစစ်လေးကျ တော့ နိဗ္ဗာန်သို့ သွားနိုင်လာပြီ၊ ဒီတော့ သမ္မသန ဉာဏ်ဟာ နက်နဲသိမ်မွေ့ပါတယ်၊ ယခုပြလိုက်တာက ဒေသနာတော် တက် စဉ်ပါ၊ သဘာဝတက်စဉ်ကို ထပ်ပြအုံးမယ်၊ အဲဒါ ပစ္စုပ္ပန်ကနေ ကာလ ၃-ပါး ဖွဲ့ရမယ်၊ ဒါမှ သဘာဝတွေ စင်ကြယ်ပြီး ထွက်လာမယ်။

# ညဟောစဉ်

''တိက္ခပဟာသ၊ ဇဝနဂမ္ဘီ၊ ဉာဏ်လေးလီဖြင့်'' လို့ဆိုတဲ့ အတိုင်း မဟာသတိပဋ္ဌာန်တရားတော်ကြီးရဲ့ လုပ်ငန်းစဉ်ဟာ အင်မတန်မှ နက်နဲသိမ်မွေ့လှပါတယ်၊ ဒီတော့သာသနာတော် ( ၅၀၀၀ ) ကို ဘယ်ပေါ်မှာ ဝေဘန်ပြီး အဋ္ဌကထာဆရာကြီး တွေချထားခဲ့ပါသလဲဆိုရင် ဒီမဟာသတိပဋ္ဌာန်တရားတော်ကြီး ရဲ့အပေါ်ကိုရည်ပြီး ချထားခဲ့ကြတာပါ၊ ဒီတော့ ဘုရားဟာ ( ၄ ) မျိုးရှိတယ်၊ ( ၁ ) သုတဗုဒ္ဓ-စာပေပရိယတ်ကို သိမြင်တဲ့ ပုဂ္ဂိုလ်ကိုခေါ်တယ်၊ ( ၂ ) အနုဗုဒ္ဓ—ရှင်တော်မြတ်တို့ရဲ့အသိ ဉာဏ်ကို အစဉ်လိုက်ပြီး သစ္စာ ၄-ပါးတရားကိုသိတဲ့ ပုဂ္ဂိုလ်ကို ခေါ်တယ်၊ ဒါဟာသောတာပတ္တိမဂ်မှစ၍ ရဟန္တာအထိယူရပါ တယ်။

( ၃ ) ပစ္စေကဗုဒ္ဓ—နှစ်သင်္ချေနဲ့ ကမ္ဘာတသိန်းပါရမီဖြည့် ကျင့်ရတဲ့ ပုဂ္ဂိုလ်ကိုခေါ်တယ်၊ ( ဝါ ) ဘုရားငယ်တဆူကိုခေါ် တယ်၊ ( ၄ ) သမ္မာသမ္ဗုဒ္ဓ ၄-သင်္ချေနဲ့ကမ္ဘာတသိန်း ပါရမီ ဖြည့်ကျင့်ရတဲ့ ဘုရားရှင်ကိုခေါ်တယ်၊ ဒီတော့သမ္မာသမ္ဗုဒ္ဓရဲ့ ကိုယ်စားဟာ အနုဗုဒ္ဓပါ၊ ဒီတော့ သပ္ပုရိသ၊ သံသေဝ-သူတော် ကောင်းတရားကို ဆည်းကပ်ကိုးကွယ်ရမယ်၊ ဒီတော့သူတော် ကောင်းဟာ လောကီသူတော်ကောင်း, လောကုတ္တရာသူတော် ဆိုပြီး ၂—မျိုးရှိတယ်၊ လောကီ သူတော်ကောင်း ဆိုတာက ( ၁ ) အဝတ်သူတော်ကောင်း ( ၂ ) အစားသူတော်ကောင်း၊ ( ၃ ) အကျင့်သူတော်ကောင်း၊ ( ၄ ) အနေသူတော်ကောင်း ဆိုပြီး ၄—မျိုးရှိတယ်၊ ဒီပုဂ္ဂိုလ်တွေဟာ သူတော်ကောင်းအစစ်

လှား၊ ဝိပဿနာတရားကို အားထုတ်ရင် သူတော်ကောင်းအစစ်ကို ရှာတတ်ရမယ်။

နောက်ဘုရား၄–မျိုးကိုလဲ နားလည်ထားရမယ်၊နောက်တခါ သရဏဂုံဟာလဲ သုတသရဏဂုံ, ဒိဋ္ဌသရဏဂုံဆိုပြီး ၂–မျိုးရှိတယ်၊ သုတသရဏဂုံဆိုတာဟာ သံဃာတော်အရှင်မြတ်တွေထံမှာငင်း၊ ဘုရားရုပ်ပွါးဆင်းထုတော်တွေရဲ့ရှေ့မှာငင်း၊ ခံယူတဲ့ သရဏဂုံကိုခေါ်တယ်၊ ဒိဋ္ဌ-သရဏဂုံကျတော့ လောကုတ္တရာ အသိဉာဏ်ကိုပေးတဲ့ပုဂ္ဂိုလ်ထံမှာ အသိတရားဖြင့် ခံယူရပါတယ်၊ (ဝါ) လောကုတ္တရာအသိဉာဏ်နဲ့သိလာတဲ့သရဏဂုံပါ၊ သုတ သရဏဂုံကျတော့ သံဃာတော်အရှင်မြတ်တွေထံမှာ ခံယူလို့ ရပါတယ်၊ ဒိဋ္ဌသရဏဂုံကျတော့ မလွယ်ကူပါ၊ ဒီတော့ ဝိပဿနာတရားကို အားထုတ်တာဟာ ဘာကိုလိုချင်လို့လဲ၊ အဲဒါမဂ်ဖိုလ် နိဗ္ဗာန်ကို လိုချင်လို့ပါ၊ လိုချင်ရင် ပရမတ်တရားတွေကို ထုထောင်းပြီး အဆီကိုညှစ်ရမယ်၊ ဒါမှ မပြုပြင်တဲ့ ပရမတ်သဘောအသခံတနိဗ္ဗာန်ကို တွေ့မယ်။

ဒီတော့ ပရိယတ်နယ်မှာရှိတဲ့ စိတ်, စေတသိက်တွေဟာ လူကောင် နတ်ကောင်တွေဖြစ်အောင် ပြုပြင်ပေးနေတယ်၊ဒီစိတ်စေတသိက် တွေကို ထုထောင်းပြီးချေလိုက်တော့မှ ပရမတ်အစစ် မပြုပြင်တဲ့ သဘောကိုတွေ့မယ်၊ အခုချေနေတာဟာ ဥတုအကြောင်း,အာဟာရအကြောင်းရုပ်နာမ်တွေ ကျေသွားပြီ၊ အခုစိတ်အကြောင်းဖြစ်တဲ့ရုပ်တရားနာမ်စားရားတွေကိုချေရတော့မယ်၊ ဒီတော့ (၂၈) ပါးသောရုပ်တရားတွေကို ချေလိုက်ရင် ဘာထွက်လာမလဲ၊ အဲဒါ အဝိဇ္ဇာသဘောကြီး ထွက်လာမယ်၊ ဒီတော့ရုပ်တရားတို့ရဲ့ ရေသောက်မြစ်ဟာ အဝိဇ္ဇာလို့သာ မှတ်

ထားပါ၊ ဒါဟာနောက်ကျမှ တဖြေးဖြေးထင်ရှားလာပါလိမ့်မယ်။

နာမ်တရားကို ချေလိုက်ရင် တဏှာသဘောကြီး ထွက်လာမယ်၊ ဒါကို ဘုရားရှင်က ဒုက္ခသစ္စာနဲ့ သမုဒယ သစ္စာဆိုပြီး ဟောကြားလာတာပါ၊ ဒီအဝိဇ္ဇာနဲ့တဏှာပေါင်းပြီး ချလိုက်တဲ့အခါကျတော့ ကံတရားထွက်လာတယ်၊ ဒီကံတရားကို အဆီညှစ်လိုက်ရင် ဝေဒနာလေး တလုံးရတယ်၊ဒီတော့ပညာရဲ့သဘောဆိုတာ တဖြေးဖြေး ကျဉ်းလာရမယ်၊ ဒီတော့ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀-ကို အကျဉ်းချုံးရင် အင်္ဂါအားဖြင့် ကိုးတန်ရတယ်၊ ဒါကိုချုံးရင် နိကာယ် ၅-ရပ်ဖြစ်လာတယ်၊ ဒါကို ချုံးရင်ပိဋကတ်သုံးပုံဖြစ်လာတယ်၊ ဒါကိုချုံးရင် ဓမ္မ ဝိနယ ၂ ပါးသာရတယ်၊ ဒါကိုထပ်ချုံးရင် ဝိမုတ္တိရသ တပါးသာရတယ်၊ ဒါဟာ ပညာရဲ့သဘောပါ။

ပညာရဲ့ သဘာဝ ဆိုတာဟာ ကျဉ်းလာရမယ်၊ သညာ ဝိညာဏ်နယ်ကျတော့ ဝိမုတ္တိရသတပါးကိုချဲ့ရင် ဓမ္မဝိနယ ၂ ပါး ရတယ်၊ နောက်ဓမ္မဝိနယ ၂-ပါးကိုချဲ့ရင် နောက်ဆုံး ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ဖြစ်လာတယ်၊ ဒါဟာ သညာဝိညာဏ်ရဲ့ သဘာဝပါ၊ သညာဝိညာဏ်ရဲ့ သဘာဝဆိုတာဟာ တဖြေးဖြေး ကျယ်လာတယ်၊ ဒီတော့ အခု အဝိဇ္ဇာ, တဏှာ, ကံ, ဝေဒနာ ဒီ ၄-ချက်ကို မိမိရဲ့ နှလုံးအိမ်ထဲမှာ ထားလိုက်ပါ၊ ဒါကို နားလည်ရင် သမ္မာသနဥာဏ်ရဲ့ လုပ်ငန်းစဉ်ကို တက်တော့မယ်၊ ဒီတော့ ဒီဉာဏ်က အနိစ္စ,ဒုက္ခ,အနတ္တတရားတို့နဲ့ ချပြတော့မယ်၊ နောက်ဆုံး ဒီဉာဏ်က သတ်လိုက်တဲ့အခါမှာ ဝေဒနာလေး တလုံးသာ ကျန်တော့မယ်၊ ဒီဝေဒနာလေးဟာ နိဗ္ဗာန်သို့သွားမဲ့

ယာဉ်လေး ဖြစ်လာမယ်၊ "ရူပံ အတီတာ နာဂတ ပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန" လို့ ပါဠိတော်မှာ ပိဋကတ်တော်မှာ ပြလာတဲ့အတိုင်း....

အခု စိတ်, စေတသိက်တွေကို အကျဉ်းချုံးရတော့မယ်၊ နား လည်ပြီလား၊ သဘာဝဖောက်ကြစို့ရဲ့၊ ဒီတော့ ဆက်စပ်ခြင်းမျှ ဖြစ်သော ရုပ်တရားဆိုတာဟာ ဒီနေရာမှာ ဘယ်အနေလောက် သာရှိတော့သလဲ၊ ရုပ်တရား,နာမ်တရားဟာ ဘယ်အနေလောက် သာရှိတော့သလဲ၊ ဒီနေရာမှာ ရုပ် ၂၈ ပါးကို ကောက်လို့ မရတော့ပါ၊ အဲဒါ ပီယရုပ်, သာတရုပ်လောက်သာရှိတော့တယ်၊ ဒီတော့ ရူပံ ဆက်စပ်ခြင်းမျှသာဖြစ်သော ရုပ်တရားသည်လို့ ဆိုတာကို ၂၈-ပါးသော ရုပ်တွေကို သွားမယူပါနဲ့၊ အဲဒါ သာတရုပ် ပီယရုပ်ကိုသာယူပါ၊ အဲဒါ ပထဝီတို့ကိုသာ ကောက် နေရင် အနိစ္စ—ဒုက္ခ—အနတ္တလို့ရှိလို့မရပါ၊ အခု ဒီနေရာမှာ ရုပ်ကို ယူရမှာက ယမိုက်ကျမ်းမှာ ပြလာတဲ့ သာတရုပ်, ပီယရုပ် ကိုသာ ကောက်ရမယ်၊ ဒါက သံဃာတော် အရှင်မြတ်တွေ အတွက် ပြလိုက်တာပါ။

ကိုင်းသန္တတိကို ရှာကြအုံးစို့ရဲ့(ဥပမာ)လက်ချောင်းလေး ၄-ချောင်းကို ထောင်ပြီး အဆက်ကိုရှာလိုက်ရင် အဆက် ၃-ဆက်ကို လာတွေ့မယ်၊ အဲဒါ လက်ညှိုးနဲ့ လက်ခလယ်နဲ့ ဆက် တာကတခု၊ လက်ခလယ်နဲ့ လက်သူကြွယ်နဲ့ ဆက်တာကတခု၊ လက်သူကြွယ်နဲ့ လက်သန်းနဲ့ ဆက်တာက တခုဆိုပြီး အဆက် ၃=ဆက်ကို လာတွေ့မယ်၊ ဒါက ရုပ်သန္တတိပါ၊ ဒီတော့သန္တတိ ဆိုတာဟာ, ရုပ်သန္တတိ, နာမ်သန္တတိဆိုပြီး ၂—မျိုးရှိတယ်၊ ရုပ် သန္တတိဆိုတာက အစဉ်သဘောကို ခေါ်တယ်၊ ဒါက ယခု

ဥပမာပြလိုက်တဲ့ လက်ချောင်းလေးတွေ ဆက်စပ်နေတဲ့ သဘော မျိုးကိုယူပါ။

တနည်း ရုပ်သန္တတိဆိုဘာဟာ ဝိသုဒ္ဓိမဂ်တရား ဓါတ်တိုးက ဟောလာတဲ့ အကိုင်း အခက်နဲ့ အပြင် ဆက်တာက ဥတု အကြောင်း သန္တတိတခု၊ အကြမ်းနဲ့ အနုဆက်တာက အာဟာရ အကြောင်းသန္တတိတခု၊ နောက်အယုတ်နဲ့ အမြတ် ဆက်တာက စိတ်အကြောင်းသန္တတိတခု၊ နောက်အဝေးနဲ့ အနီးဆက်တာက ကံအကြောင်း သန္တတိတခု ဆိုပြီး ဒီလို ဆက်နေတဲ့ သန္တတိကို ရုပ်သန္တတိလို့ ဟောလာခဲ့တယ်။ ယခု မဟာသတိပဋ္ဌာန်တရား သမ္မသနဉာဏ်မှာ စိတ်အကြောင်းကို သတ်တာဖြစ်ခြင်းကြောင့် ဒီရုပ်သန္တတိကို မကိုင်တော့ပါ (ဝါ) မသတ်တော့ပါ၊ နာမ် သန္တတိကိုသာချင် သတ်မယ်၊ ဒါမှ ရုပ်သန္တတိဟာ လာမကပ် နိုင်တော့မှာ၊ နာမ်သန္တတိကျတော့ ဆက်စပ်တဲ့ သဘောပါ၊ ဒီတော့ ဘယ်လိုဆက်စပ်နေသလဲ၊ ဒီသဘာဝကို နှိုက်နိုင်လာရင် သမ္မသနဉာဏ်ကို တက်သွားနိုင်ပြီ၊ ဒီတော့ရင် ယခုသန္တတိကိုရှာ နေတာဟာ စိတ်အကြောင်း, ရုပ်နာမ်ဖြစ်တဲ့ သန္တတိကိုရှာနေ တာပါ။

ကိုင်း သန္တတိကို ရှာစမ်းပါ၊ ရှာပြမယ် - သေသေချာချာ နားစိုက်ထားပါ၊ လက်ညှိုးနဲ့ လက်ခလယ် ဆက်တဲ့ သန္တတိ သဘောကို အတိတ်ကာလ အဝိဇ္ဇာသဘောလို့ အမည်ပေးရ တယ်၊ ဆက်ဘယ် ဆိုတာဟာ အစေးရှိလို့ ဆက်နေတာပါ၊ အစေးဆိုတာဟာ ၂၉ - ပါးသော ကံရဲ့ သဘောလေးတွေပါ၊ နောက်လက်ခလယ်နဲ့ လက်သူကြွယ်နဲ့ ဆက်နေတဲ့ သဘောကျ တော့ ပစ္စုပ္ပန်ကာလ ကံရဲ့သဘောပါ၊ ဒီလိုဆက်နေကြတယ်၊

နောက် လက်သူကြွယ်နဲ့ လက်သန်းနဲ့ ဆက်တဲ့အဆက်သဘော ကျတော့ အနာဂတ်ကာလ တဏှာသဘောပါ၊ ဒီလိုဆက်နေ ကြတယ်၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကြီး ဖွဲ့တဲ့အခါမှာ ဒီအဝိဇ္ဇာ တဏှာ ကံတို့ကို ရေသောက်မြစ်ချပြီး ဖွဲ့လာတာပါ၊ အဲဒါဟာ ၂၈-ပါးသော ကံရဲ့သဘော ဖြစ်တဲ့၊ တနည်း အစေးဖြစ်တဲ့ တနည်း သန္တတိရဲ့ ရုပ်တရား နာမ်တရားကိုရှာရမယ်၊ အဲဒါကို ကာလ၃ ပါး ရုပ်နာမ်အနေနဲ့ရှာရမယ်။

ဒီတော့ကာလ၃ ပါးရုပ်နာမ်ကို သဘာဝနည်းနဲ့ ရှာတဲ့အခါ မှာ ပစ္စုပ္ပန် မနောဝိညာဏ်ကြီးကို မဏ္ဍိုင်ထားပြီး ရှာရမှာ ဖြစ်ခြင်းကြောင့် တနည်း မနောဝိညာဏ်ကြီးရဲ့ အကြောင်း ရေသောက်မြစ်ဖြစ်တဲ့ အဝိဇ္ဇာ တဏှာ ကံတို့ရဲ့ သဘာဝ အတိုင်း ရှာရမှာဖြစ်ခြင်းကြောင့် အမျိုးသမီးကြီးတွေကို ပဓါန ထားပြီးတော့ ဟောသွားရပါတယ်၊ ဒီတော့ ရုပ်တရားကို အဆီညှစ်ရင်အဝိဇ္ဇာ သဘောထွက်လာတယ်၊ နာမ်တရားကို အဆီညှစ်ရင် တဏှာ သဘောထွက်လာတယ်၊နောက်ကံတရားကို အဆီညှစ်ရင် ဝေဒနာ လေးထွက်လာပါတယ်၊ ဒီတော့ဒီနေရာမှာ ဝေဒနာလေး ထွက် လာအောင် လုပ်ရတော့မယ်၊ ဒီတော့အဆက်လေး ၃-ဆက်ကို အဝိဇ္ဇာအတိတ်ကာလ၊ တဏှာ- အနာဂတ်ကာလ၊ ကံပစ္စုပ္ပန် ကာလဆိုပြီး အမည်ပေးထားပြီ၊ ဒီ ၃-ကောင်ဆက်စပ်နေတဲ့ သဘောကို ဘယ်လိုသတ်မလဲ၊ ဒီတော့အဝိဇ္ဇာ တဏှာ ကံတို့ ဟာဘယ်သဘော ရှိနေသလဲဆိုရင် အဲဒါဆက်စပ်တဲ့ သဘော လေးတွေရှိနေကြတယ်၊ ဒါက နာမ်သန္တတိ သဘောပါ၊ နေ့ခင်း ကပြောခဲ့တဲ့အတိုင်းဟောရင် အမျိုးသမီးကြီးတွေ နားမလည် မှာစိုးလို့ အခုတန်ဆာဆင်ပြီး တမျိုးဟောနေတာပါ။

ဒီတော့ အခုနာမ်သန္တတိမှာ အဝိဇ္ဇာ, တဏှာ, ကံတို့ကိုလာတွေ့နေပြီ၊ ဒီတော့နာမ်သန္တတိဆိုတာက ဆက်စပ်တဲ့သဘောပါ၊ ဒီတော့သန္တတိ ဆိုတာကို အစဉ်သဘော သန္တတိဆိုတာနဲ့ ဆက်စပ်တဲ့ သဘောသန္တလို့ဆိုတာဟာ ပြောပြခဲ့ပြီးပါပြီ၊ ယခုပုံစံနံပါတ် ၁၂-မှာ အနိစ္စတသုံးကို တွေ့အောင်လို့ ဝိပဿနာဉာဏ်အစဖြစ်တဲ့ သမ္မသနဉာဏ်၊ ဒီကဏ္ဍမှာက အစဉ်သဘောသန္တတိကို ချေရတော့မယ်၊ တနည်းဖြတ်ရတော့မယ်၊ ဒါဖြင့်ရင် အစဉ်သဘောသန္တတိလို့ဆိုတာဟာ ဘယ်သဘောလဲ ပြောပြစမ်းပါ၊ ထပ်စစ်လာပြန်ပြီ၊ ပြောပြမယ်အာရုံပြုထားပါ။

ယခုညတရားမှာ အမျိုးသမီးကြီးတွေကို နားလည်အောင်လို့ ထပ်ပြောနေတာပါ၊ အတိတ်ကာလ, အနာဂတ်ကာလ, ပစ္စုပ္ပန်ကာလအားဖြင့် မြင်တိုင်း-မြင်တိုင်း ကြားတိုင်းကြားတိုင်းမှာ တနည်း မျက်စေ့,နား,နှာ,လျှာကိုယ်ဖြစ်တဲ့ သတိပဋ္ဌာန်ငါးပါးမှာ အစဉ်ကြီးဖြစ်နေတာကို အစဉ်သဘောသန္တတိလို့ပြောတာ။ ဥပမာ၊ မီးဝိုင်းကြီးလို၊ သဲချောင်းကြီးလို၊ ရေချောင်းကြီးလိုဖြစ်နေတဲ့သဘာဝအတိုင်းဖြစ်တဲ့ အစဉ်သဘောကို ပြောတာပါ၊ ဒီတော့ရင် အဲဒီအစဉ်သဘောထဲမှာ သဘာဝအားဖြင့် ဖြစ်ရှိနေတဲ့ အတိတ်ကာလ, အနာဂတ်ကာလ, ပစ္စုပ္ပန်ကာလအနေနဲ့ ဆက်နေတဲ့ အဆက် ၃-ဆက်ကို—၊တနည်းကာလ ၃ ပါးကိုယခုဒီဉာဏ်ရဲ့ကဏ္ဍက ဖြတ်ချရမှာပါ၊ ဒါကို အဘိဓမ္မာက အဒ္ဓါနပစ္စုပ္ပန်လို့ခေါ်တာ၊ ဒါကိုချေလိုက်ရင် ရုပ်သန္တတိဟာ လာမကပ်နိုင်တော့ပါ။

ထပ်ဖွင့်ပြမယ်၊ အဝိဇ္ဇာ, တဏှာ, ကံ ဒီ—၃ချက်ဟာ နာမ်သန္တတိပါ၊ ဒီဟာ ဘယ်သဘာဝရှိသလဲဆိုတာကို လက်တွေ့ရှာပြ

မယ်၊ ဒီတော့ ဝိပဿနာအလုပ်ဆိုတာ ပညာရဲ့ အလုပ်ပါ၊ ဒီတော့ အဝိဇ္ဇာ၊ တဏှာ၊ ကံတို့ဟာ ဘယ်ကထွက်လာသလဲ၊ ဒါကိုလက်တွေ့ရှာပြမယ်၊ ဒီတော့အဆင်းနဲ့အကြည် ၂-ပါးဆုံတဲ့အခါမှာ မြင်မှုလေး ပေါ်လာတယ် မဟုတ်လား၊ ဒါကိုပြောပြမယ်၊ (ဥပမာ) လဘက်ရေပုဂံလေးကို ရှေ့မှာချပြီး ကြည့်ရင်မြင်တယ်လို့ပြောမယ်၊ ဒီလိုမြင်လိုက်တာနဲ့ မိမိရဲ့ခန္ဓာကိုယ်ကြီးမှာ ကာလသုံးပါးယန္တရားလေးဟာ လည်နေပြီ။

ဒီနေရာမှာ အမှန်နဲ့အမှားဟာတချက်ထဲဘဲ ရှိတော့တယ်၊ ကာလသုံးပါးယန္တရားလည်ပတ်ပုံကို ပြောပြမယ်၊ဒီတော့လဘက်ရေပုဂံလို့ခေါ်တာဟာ နာမပညတ်ပါ၊ ဒီနာမပညတ်ဟာ အဆင်းကထွက်လာဘာပါ၊ ဒီတော့ အဆင်းလေးကနေ နာမပညတ်လေးထွက်လာတာဟာ သညာရဲ့အမှတ်လေးဘဲ မဟုတ်လား၊ဒီအဆင်းမှာရှိတဲ့သညာကို သုတ္တန်နည်းမှာ ရူပသညာ၊ သဒ္ဒသညာ၊ ဂန္ဓသညာ ရသသညာ၊ ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မသညာဆိုပြီး ပြလာတာပါ ဒီ သညာလေးတွေဟာ ကိုယ့်ဆီရောက်မှအမည်မှည့်ခေါ်ထားဘာသားမဟုတ်ပါ၊ ဘယ်တုံးက စပြီးခေါ်လာသလဲဆိုတာကို စဉ်းစားရင် ဘယ်တုံးကစပြီး ခေါ်လာခဲ့တယ်ဆိုတာကို မပြောနိုင်ပါ၊အဲဒါမိဘဘိုးဘွား အစဉ်အဆက်ကစပြီး ခေါ်လာခဲ့တာဘဲမဟုတ်လား။

ဒီတော့ အဆင်းမှာချထားတဲ့ သညာ နာမပညက်လေးမှာ ပစ္စုပ္ပန်သဘောလား၊ အဲဒါကိုယ့်လက်ထက်ကျမှ အမည်မှည့်တာမဟုတ်လို့ ပစ္စုပ္ပန်လို့ ပြောလို့မရပါ၊ ဒါဟာ မျက်ကွယ်သဘောသညာပါ၊ မျက်ကွယ်သဘော သညာဆိုရင် အဝိဇ္ဇာ

ရိပ်ကြီး ရှိနေတယ်လို့ ပြောတာပါ၊ ဒါဟာ အတိတ်ကာလ သဘောပါ၊ အဝိဇ္ဇာသဘောဆိုတာဟာ ကိုယ်က အမည်မပေး နိုင်တဲ့ သဘောပါ၊ (ဝါ) ဘာဘဲလို့ မပြောနိုင်တာပါ၊ ဝိဇ္ဇာ ဆိုရင် ပြောနိုင်ဆိုနိုင်ရမယ် အဲဒါ မပြောဆိုနိုင်တာက အတိတ် သဘော နာမပညတ်သညာ အဝိဇ္ဇာ သဘောကြောင့်ပါ၊ ဒါကြောင့် ကမ္ဘာကြီး တည်လာတာဟာ မျက်ကွယ်သဘော အဝိဇ္ဇာကစပြီး တည်လာတာဘဲ မဟုတ်လား။

ဒီ အတိတ်သဘော အဝိဇ္ဇာက ထွက်လာတဲ့ သညာလေးကို ဖမ်းထားလိုက်ပါ၊ ဒီတော့ ရုပ်ပေါ်မှာ မှတ်လာတဲ့သညာမှန်ရင် အဝိဇ္ဇာကြီးကဖုံးကွယ်ထားတယ်၊ ဒီတော့ အာရုံတခုခုကို ယူလိုက် ရင်ဘဲ နာမပညတ်, သဏ္ဍာန်ပညတ်တွေ ထွက်လာတာဟာ မျက် ကွယ်သညာသဘောတွေဘဲ မဟုတ်လား၊ ဒါဟာအတိတ်သညာ တွေပါ၊ ဒီဟာကို ဖမ်းထားလိုက်ပါ၊ နောက်တခါ အကြည် ခွက်လေးမှာလဲ သညာလေးဟာရှိတယ်၊ ဒီ သညာကျတော့ စက္ခုသညာ, သောတသညာ, ဃာနသညာ, ဇိဝှါသညာ, ကာယ သညာ, မနသညာဆိုပြီး သညာ ၆-လုံး ပြလာတယ်၊ ဒီတော့ အဆင်းနဲ့ အကြည် ဆုံလိုက်တဲ့အခါမှာ အဆင်းမှာ နာမပညတ် သညာသဘော အတိတ်ကာလ အဝိဇ္ဇာသဘောရှိတယ်။

နောက်အကြည်ကျတော့ သဏ္ဍာန်ပညတ် ဝိညာဏ်သဘော အနာဂတ်ကာလ တဏှာသဘော ရှိနေတယ်၊ ဘာကြောင့်လဲ အကြည်ခွက်မှာရှိနေတဲ့ သညာကိုသာ ဝိညာဏ်ကြီးက ဆွဲပြီး ခံစားနေတာပါ၊ ဒါဟာ ဝိညာဏ်ကြီးနဲ့ ဆက်စပ် နေလို့ပါ၊ အဲဒါ စဉ်းစားဆင်ခြင် တွေးကြံမှ ပေါ်လာတဲ့ အတွက်ကြောင့်

သဏ္ဌာန ပညတ်ရှိတယ်လို့ ပြောတာပါ၊ ဒီဝိညာဏ်ကြီး ခံစား လို့ရလာအောင် သဏ္ဌာနပညတ်က တည်ပေးတဲ့သဘောလေး ဟာ အစဉ်ရှိနေတယ်၊ ဒီအကြည်သဏ္ဌာနပညတ်မှာရှိတဲ့သညာ ကျတော့ အနာဂတ်သဘောသညာပါ၊ သူ့မှာ တဏှာရိပ် ရှိနေ တယ်၊ ဘာကြောင့် တဏှာရိပ်လို့ခေါ်သလဲ၊ အဲဒါ အဆင်းနဲ့ အကြည်ဆုံတဲ့အခါမှာ အဆင်းလေးကို ယူပြီး ဝိညာဏ်ကြီးထံ သွားပို့ရတာဖြစ်ခြင်းကြောင့် (တနည်း)ဝိညာဏ်ကြီးက ခံစား ရအောင် အဆင်းလေးကိုသွားယူပြီး ပို့ဆောင်ရတာ ဖြစ်ခြင်း ကြောင့် တဏှာရိပ်လို့ခေါ်တာပါ၊ ဒီတော့ အဆင်းမှာအတိတ် ကာလ နာမပညတ် အဝိဇ္ဇာသဘော၊ အကြည်မှာ သဏ္ဌာန ပညတ် အနာဂတ်ကာလ တဏှာသဘောရှိနေတယ်။

ဒီ ၂-ပါးပေါင်းဆုံလိုက်တော့ အကြည်ခေတ်မှာကို ပစ္စုပ္ပန် သညာလေးကို ဖွါးချလာတယ်၊ ဒါကို "ကံ" လို့ပြောတာပါ၊ ဘာ့ကြောင့်လဲ-အတိတ်ကာလ အဝိဇ္ဇာသဘော ဘခင်နဲ့ အနာ ဂတ်ကာလတဏှာသဘော မိခင်တို့ဆက်ဆံလိုက်တဲ့ အခါမှာ ပစ္စုပ္ပန်ကာလ ကံသဘောသားလေးကို ဖွါးချလာတယ်၊ ကိုင်း ဒီတော့ မြင်လိုက်တယ်ဆိုရင်ဘဲ ကာလသုံးပါးလေးဟာ စုံသွားပြီ၊ ဒီတော့ အပြင်အာရုံတွေနဲ့ မြင်တိုင်းတွေ့တိုင်း ကြားတိုင်းမှာကို ကာလသုံးပါး ယန္တရားကြီးဟာ လည်ပတ်နေပြီ၊ဒါ့ကြောင့် သံသ ရာကြီးက ဘယ်မှာလွတ်မြောက်တော့မှာလဲ။

အခုရှင်တော်မြတ် ဟောကြားခဲ့တဲ့ မဟာသတိပဋ္ဌာန်တရား တော်နဲ့ လွတ်အောင် ရုန်းကြရတော့မှာဘဲမဟုတ်လား၊ ဒီတော့ အဝိဇ္ဇာ၊ တဏှာ၊ ကံ ဒီ၃-ချက်လုံ့ရလာရော မနေ့ဝိညာဏ်ကြီးက

အဲဒါ စားပွဲထိုင်လာတာဘဲ မဟုတ်လား၊ ဒီတော့မနောဝိညာဏ်ကြီးကိုသတ်ချင်ရင် အဝိဇ္ဇာတဏှာကံတို့ကို ဖြုတ်ရတော့မယ်၊ ဒါမှမနောဝိညာဏ်ကြီး ဇာတ်သိမ်းမယ်၊ ဒီလိုဇာတ်သိမ်းလိုက်ရင် အဲဒါ ပစ္စုပ္ပန်သဘော ဝေဒနာလေးသာ ကျန်တော့မယ်၊ ဒီပစ္စုပ္ပန်ဝေဒနာလေးကနေ ခန္ဓာလေးတွေကိုဖေါ်ပြီး တော့မှ ရှေ့ဥဒယဗ္ဗယဉာဏ်ကြီးကို တက်ရတော့မယ်၊ အဲဒီကနေအာနာပါနတရားတော်ကြီးထဲကို ဝင်ရတော့မယ်၊ အာနာပါနကိုပွါးများပြီး မနောဝိညာဏ်ကြီးကိုလဲ ကိုင်လိုက်ရော သညာလေးတွေကို လာတွေ့တော့မယ်၊ ဒီတော့မှ ဒီသညာလေးတွေကို ထုတ်ပြီးသတ်ရတော့မယ်၊ ဒီသဘာဝတွေကိုအာနာပါနကဏ္ဍမှာ ဟောတဲ့အခါမှာ နာကြားရပါလိမ့်အုံးမယ် ။

ကိုင်း....အဝိဇ္ဇာ, တဏှာ, ကံ ကိုမြင်ပြီလား၊ ဒီတော့အဆင်းနဲ့အကြည် ၂-ပါးဆိုတဲ့အခါမှာ နာမပညတ်, သဏ္ဌာနပညတ်, သမူဟပညတ် (ဝါ) ကာလသုံးပါးအနေနဲ့ (ဝါ) အဝိဇ္ဇာ, တဏှာ, ကံ အနေနဲ့ လည်ပတ်နေပြီ၊ ဒီလိုလည်ပတ်တာကို မြင်လာရင်ဘဲ အာရုံတခုခုနဲ့တွေ့တဲ့အခါမှာ ငန်းငန်းတက်မဖြစ်တော့ပါ၊ ထိန်းသိမ်းစောင့်စည်းနိုင်လာပြီ၊ ဒီတော့အတိတ်ကာလအဝိဇ္ဇာမှာသဿတဒိဋ္ဌိ၊ အနာဂတ်ကာလတဏှာမှာဥစ္ဆေဒဒိဋ္ဌိ၊ ပစ္စုပ္ပန်ကာလ ကံသဘောမှာ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိရှိနေတယ်၊ ဒီကာလသုံးပါးကို အနိစ္စ ဒုက္ခ အနတ္တနဲ့ ရှုလိုက်ရင် (ဝါ) ဖြတ်လိုက်ရင် ဒိဋ္ဌိတွေဟာ ပြုတ်သွားမယ်။

ဒီတော့ အတိတ်ကာလ အဝိဇ္ဇာကို အနိစ္စနဲ့သတ်လိုက်ရင် အနာဂတ်ကာလ တဏှာဟာ သူ့ဟာသူ ဒုက္ခထဲမှာ ကျသွား

မယ်၊ ငါတော့အနိစ္စကိုမြင်ရင် ဒုက္ခကိုလဲမြင်ပြီ၊ ဒုက္ခဆိုတာသူ့သဘာဝအတိုင်းကို ပေါ်လာမယ်၊ ဒီတော့အဝိဇ္ဇာနဲ့တဏှာဆက်စပ်ပြီးတော့ သံသရာရှေ့အစွန်း သံသရာနောက်အစွန်းမှာလှည့်ပတ်နေတဲ့ပုဂ္ဂိုလ်တွေလဲ သေသွားရော အဲဒါသူတို့ကမွေးဖွါးဘားတဲ့ သားသမီးတွေထဲမှာဘဲ ကပ်နေပြီ၊ ဒီတော့ဒီလိုလဲအနိစ္စ ဒုက္ခကို မြင်လာရင် ကံလေးဟာ အနှစ်အသားမရှိတော့ပါ၊ အဲဒါ "အသာရကဋ္ဌ အနတ္တ" ထဲမှာ ဥက္ကောင်းကျသွားပြီ၊ သူ့သဘာဝအတိုင်းမြင်လာတာကို သဘာဝပညာလို့ခေါ်တယ်၊ ဒါမှ ပညာမြင် အနတ္တဖြစ်တယ်၊ ကိုင်းဒါကစဉ်းစားဘို့ပြောပြလိုက်တာပါ၊ နက်ဖြန်ခါကျမှ အကျယ်ချဲ့ပြီးသတ်ပြပါမယ်။

ကိုင်း....သာဓုသာခေါ်ကြပါတော့။

သာဓု–သာဓု–သာဓု။

ဝါခေါင်လဆန်း ( ၁၂ ) ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၁၂)

ကိုင်း....အနိစ္စတရားကို ယခု တော်တော်လေး လိုက်ရှာ နေရပြီဘဲမဟုတ်လား၊ အနိစ္စတရားကို တွေ့ချင်ရင် သန္တတိကို တွေ့အောင်ရှာရမယ်၊ သန္တတိကိုတွေ့အောင် ဘယ်သို့ရှာမလဲ၊ သိမ်မွေ့နက်နဲတော့ ရှတ်ဘရက် ရှာလို့ မတွေ့ကြဘာပါ၊ အဲဒါ သဲချောင်း ဥဒါ, ချေစီးချောင်းဥဒါမှာတော့နဲ့ ကပ်ပြီး ပိဋကတ်ကပြသကြတယ် ဒါကို သဘာဝ မပေါ်ကြဘူး၊ဒီတော့ မြန်မာနိုင်ငံတော်ကြီးမှာ သမ္မသနဉာဏ်ကို သဘာဝပိုင်အောင် မသိကြသေးပါ၊ ဥဒယဗ္ဗယဉာဏ် ဆိုရင်တော့ မပြောနဲ့တော့၊ ယခုတရားဟောနေရဘာဟာလဲ နေ့ခင်းပိုင်းမှာ တမျိုး တန်းဆာဆင်ပြီး ဟောနေရပါတယ်၊ ဒီတော့ ရှင်သာရိပုတ္တရာကြီး မဂ်တရားဖိုလ်တရားကိုရတဲ့အခါမှာ နည်းပေါင်းတထောင်နဲ့ ရတယ်လို့ ပိဋကတ်ကပြသပါတယ်၊ ယခုပုဂ္ဂိုလ်တွေမှာ သတိပဋ္ဌာန်နည်း သတိပဋ္ဌာန်သုတ်ခန်းစဉ်တောင်မှ အနိုင်နိုင်ဖြစ်နေကြ သေးတယ် မဟုတ်လား။

ကိုင်း....တရားဘက်ကို ဆက်ကြဦးစို့ရဲ့ ဒီခန္ဓာပေါ်ရတော့မယ်၊ ခန္ဓာ ၄ ကောင် ပေါ်ပြီးတော့ ဥဒယဗ္ဗယဉာဏ်ကို တင်ပြီးချရတော့မယ်၊ ဒီခန္ဓာလေး ၄–ကောင်ရဲ့ ရေသောက်မြစ်ကို ရှာရတော့မယ်၊ ဒီတော့ ဝိပဿနာ နည်းနဲ့ ရှာရင်လဲ ရပါတယ်၊ ဒီဝိပဿနာနည်းက ကျယ်လွန်းလို့ မပြောတော့ပါ၊အဲဒါ မဟာသတိပဋ္ဌာန်နည်းနဲ့ ပြောပြမယ်၊ ဒီတော့ ခန္ဓာလေး ၄–

ကောင်ရဲ့ ရေသောက်မြစ်ကိုရှာပြီး ချေလိုက်တဲ့အခါမှာ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်က ထွက်လာတဲ့ ပရမတ္ထ တရားတွေဟာ မမြင်နိုင်ပါ၊ နောက်ဆုံးဝေဒနာနဲ့ ဖဿဘဲကျန်တော့မယ်၊ ဒီတော့ ပရမတ်တရားတွေ အားလုံးဇာတ်သိမ်းပြီး ဝေဒနာနဲ့ ဖဿသာ ကျန်တော့မယ်။

ဒီတော့ ဖဿဟာ ဘယ်ကဖြစ်လာသလဲလို့ လိုက်ရှာလိုက်တဲ့ အခါမှာ ရူပါရုံ အဆင်းနဲ့ မျက်စေ့ အကြည်နဲ့ ၂-ပါးဆုံလိုက်တဲ့အခါမှာ ဖဿ ပစ္စကလေးတွေကို လာတွေ့တယ်၊ အဲဒါအဆင်းက ဖဿ ပစ္စက ၅-လုံး၊ အကြည်က ဖဿပစ္စက ၅-လုံး၊ အမြင်သဘောက ဖဿပစ္စက ၅-လုံး၊ အသိက ဖဿပစ္စက ၅-လုံးကို လာတွေ့တယ်။ ဒီဖဿကနေပြီးတော့မှ ပဋိစ္စသမုပ္ပါဒ်ကြီးကို ဖွဲ့လာတာပါ၊ ဒီဖဿပစ္စက (၂၀)နဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးကို ဖွဲ့ပြီးတော့မှ ဒီအပေါ်မှာ ဝေဒနာက လာထိုင်တယ်၊ ဒီကနေမှ ဒွိဟိတ်ခန္ဓာ၊ တိဟိတ်ခန္ဓာတွေ ထွက်ပေါ်လာတော့တယ်၊ ဒီကနေ မီးခတ်တွေကို ဝင်ကိုင်ပြီးတော့ ရှေ့ကို တဆင့်ထက်တဆင့် တက်သွားတော့မယ်၊ ဒါဟာ ဝိသာခါတရားခတ်နဲ့ တင်းတိမ်နေကြတဲ့ပုဂ္ဂိုလ်များအတွက် မဟာသတိပဋ္ဌာန်နည်းကိုတင်ဆက်လိုက်တာပါ၊ အဲဒါ တနည်းနဲ့ မမြင်ရင် တနည်းနဲ့ မြင်အောင်လို့ နည်းမျိုးစုံနဲ့ ဖွင့်လာတာပါ။

ယခု ခန္ဓာပေါ်ပုံကို ပြမယ်၊ ခန္ဓာဟာ ဥပါဒါနက္ခန္ဓာနဲ့ ပဉ္စက္ခန္ဓာဆိုပြီး ၂-မျိုးရှိတယ်၊ အခု သမ္မာသနညာဏ်နဲ့ ချေလိုက်တဲ့ အခါမှာ ခန္ဓာလေးတွေထွက်လာတော့မယ်၊ ဒါဟာပရမတ် ခန္ဓာလေးတွေပါ၊ ဒါကိုပရိယတ်ပုဂ္ဂိုလ်တွေအတွက် ပြောပြအုံးမယ်၊ ရုပ် ၂၈-ပါး၊ စေတသိက်၅၂-ပါး၊ စိတ်တခုယုတ်ကိုးဆယ်

တို့ကို အမည်လေးတွေထုတ်ပြီး ဟောကြားလာတယ်၊ ဒီကနေ ထွက်လာတဲ့ ခန္ဓာလေးတွေကျတော့ အမည်ထုတ်ပြီး ဟောလို့ မရတော့ပါ၊ ဒီခန္ဓာလေးတွေကိုဝိပဿနာပညာနဲ့ ကြည့်မှ မြင်နိုင်ပါတယ်၊ ဒီနေ့ ခန္ဓာပေါ်ပုံကိုအပြီးသတ် ဟောရတော့မယ်။

ပြောပြမယ် မနေ့က သန္တတိကို ရှာလိုက်တဲ့အခါမှာ အဲဒါ ရုပ်သန္တတိ, နာမ်သန္တတိဆိုပြီး ခွဲပြလာခဲ့ပြီ၊ ဒီတော့ နာမ်သန္တတို ဆက်စပ်တာဖြစ်တဲ့ အဝိဇ္ဇာ, တဏှာ, ကံ, ဝေဒနာ ဒီ ၄-ချက်မှာ ဆက်စပ်တဲ့ သန္တတိကိုရှာတော့ အတိတ်ကာလ အဝိဇ္ဇာရိပ်၊ အနာဂတ်ကာလ တဏှာရိပ်၊ ပစ္စုပ္ပန်ကာလ ကံရိပ်ဆိုပြီး ဆက်စပ်နေတဲ့ ကာလလေးတွေ ပေါ်လာပြီ၊ ဒါဟာ ကာလလေး တွေကို ပိုင်းလာတာပါ၊ ဒီတော့ကာလဆိုတာဟာ.... ကရဏံ ပြုခြင်း၊ ကာလော ပြုခြင်း။ ကရဏံဝေ-ပြုခြင်းသည်သာလျှင် ကာလော-ကာလမည်၏။ ဒီတော့ပြုတာဟာ ကိရိယာလို့ခေါ် တယ်၊ ကိရိယာဆိုတာဟာလဲ သွားတယ် လာတယ် ဆိုတဲ့ပြုလုပ် တဲ့အမူအရာ သဘောဘဲမဟုတ်လား၊ ဒီလိုကာလရဲ့ သဘာဝကို လဲ နားလည်ရမယ်။

(ဥပမာ) ဓမ္မာရုံကနေ တိုက်ကြီးမှာ တရားနာဘို့လာတဲ့ အခါမှာ တိုက်ကြီးရဲ့ လှေခါးလဲရောက်ရော ရပ်ပြီးပြန်စစ်လိုက်တဲ့ အခါမှာ လှမ်းလာခဲ့တဲ့ ခြေလှမ်းတွေဟာ အတိတ်ကာလ၊ ရပ်နေဆဲက ပစ္စုပ္ပန်ကာလ၊ တရားနာတဲ့ဆီအထိ လှမ်းရအုံးမှာ က အနာဂတ်ကာလ၊ အဲဒီကာလတွေမှာ သညာလေးတွေဟာ ဆက်နေတယ်၊ ဒီတော့ တိုက်ကြီးရဲ့ လှေခါးရောက်မှ ပိုင်းရင် ဒီကြားထဲမှာ ကာလတွေဟာ ဘယ်လောက်များသလဲ၊ အဲဒါ

အတိတ်ချင်း သဘောတူခြင်းကြောင့် အတိတ်ကာလရုပ်နာမ်၊ ရှင်နေတဲ့နေရာဟာ ပစ္စုပ္ပန်ကာလလို့ ပိုင်းတယ်၊ အနာဂတ်ကာလကျတော့ ဘယ်ထိအောင် သွားရအုံးမယ်ဆိုတာ မသိသေးပါ၊ အဲဒီလို ကာလသုံးပါးကို အကြမ်းနည်းဖြင့် ပိုင်းရမယ်။

ကိုင်း.... ဒါဖြင့်ရင် ဒီအတိတ်ကာလ, အနာဂတ်ကာလ, ပစ္စုပ္ပန်ကာလတို့ကို ဘယ်လိုသတ်မလဲ၊ ဒီတော့ အတိတ်ကာလဆိုတာ မမွာရိုကနေပြီးလှမ်းလာတဲ့ ခြေလှမ်းတွေကျတော့ ရုပ်ဘဲဖြစ်ဖြစ်-နာမ်ဘဲဖြစ်ဖြစ် ပြုလုပ်ပြီးတဲ့သဘောတွေမို့ အတိတ်ကာလဆိုပြီးပိုင်းရမယ်၊ ရပ်နေတဲ့နေရာက ပစ္စုပ္ပန်ကာလပါ၊ နောက်တရားနာတဲ့ဆီအထိ လှမ်းရအုံးမှာက အနာဂတ်ကာလဆိုပြီး ပိုင်းပါ၊ ဒါကအကြမ်းနည်းနဲ့ ပိုင်းပုံပါ၊ ဒါကိုအဒ္ဓါနပစ္စုပ္ပန်လို့ ခေါ်တယ်၊ အဲဒါ-ဘယ်ထိအောင် ပိုင်းလို့ရသလဲ ဆိုတော့ ( ဥပမာ ) မိုးဥတုဌ်ဖြစ်သော ရုပ်နာမ်တရားတို့သည် ဆောင်းဥတုသို့မပါမူ၍ မိုးဥတုဌ်သာ ကုန်ဆုံးချုပ်ပျောက်လေသောကြောင့် အနိစ္စဆိုပြီးပိုင်းလာကြပါတယ်၊ ဒါတွေဟာအကြမ်းနည်းနဲ့ ပိုင်းတာမျိုးတွေပါ။

ဒီတော့ အတိတ်ကာလ အဝိဇ္ဇာရိပ်၊ အနာဂတ်ကာလတဏှာရိပ်၊ ပစ္စုပ္ပန်ကာလ ကံရိပ်၊ဒီကာလတွေကို ဘုရားရှင်ကလက္ခဏာယာဉ်တင်ပြီး ရှုပါလို့ ဟောကြားလာပါတယ် "အတီတာနာဂတပစ္စုပ္ပန္နံ ရူပံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေန" လို့ ဟောကြားလာတဲ့ အတိုင်း အတိတ်ကာလ အဝိဇ္ဇာရိပ်ကို အနိစ္စလက္ခဏာနဲ့၊ အနာဂတ် ကာလ တဏှာရိပ်ကို ဒုက္ခလက္ခဏာနဲ့ ပစ္စုပ္ပန်ကာလ ကံရိပ်ကို အနတ္တလက္ခဏာနဲ့ ရှုရမယ်။ ကိုင်း....ဒီတော့ မမွာရိုက လှမ်းလာခဲ့တဲ့

ခြေလှမ်းတွေကို ဘာကြောင့် အနိစ္စနဲ့ ချရသလဲ၊ ဒုက္ခနဲ့ အနတ္တနဲ့ ချလို့မရဘူးလား၊ ဒါကို စဉ်းစားပါ၊ ပညာဆိုတာဟာ "ပကာရေန ဇာနာတီတိ ပညာ" အပြားအားဖြင့် သိတတ်သောကြောင့် ပညာလို့ဆိုတာပါ။

ဒီတော့ အတိတ်ကာလ ဖြစ်တဲ့ ဓမ္မာရုံကနေ လှမ်းလာခဲ့တဲ့ ခြေလှမ်းလေးတွေကို အနိစ္စလို့ ဘာ့ကြောင့် ရှုရသလဲ၊ သူ့ကို ဒုက္ခနဲ့ အနတ္တနဲ့ ချလို့မရဘူးလား၊ ဒါကိုစဉ်းစားပါ၊ ချလို့မရပါ၊ ဒီဘော့ အနိစ္စလို့ ဘာကြောင့်ရှုသလဲ၊ ကုန်တတ်သောသဘောကြောင့် အနိစ္စလို့ရှုရတာပါ၊ ဒီတော့ ကုန်တဲ့သဘောကို ထပ်ပြီးစဉ်းစားပါ၊ ပညာဆိုတာဟာ သဘာဝလေးတွေကို အပြားအားဖြင့် သိတာပါ၊ဘယ်လိုသိတာမျိုးလဲဆိုတော့ ဥပမာ လက်သီးဆုပ်ကိုပြပြီး ဘာကို မြင်သလဲလို့မေးရင် အဲဒါ လက်သီးဆုပ်ကို မြင်တယ်လို့ပြောမယ်၊ ဒါကသညာဝိညာဏ် သဘောပါ၊ ဘာဖြစ်လို့လဲဆိုရင် လက်ချောင်းလေးတွေရယ်၊ လက်ဝါးပြင်လေးရယ် စသည်ဖြင့် ပေါင်းဖေါ်နေတဲ့ သဘော လက်သီးဆုပ်သဏ္ဍာန်ကို ရည်ပြီးတော့ လက်သီးဆုပ်ကို မြင်တယ်လို့ ပြောလိုက်လို့ သညာဝိညာဏ်သဘောလို့ ပြောဘာပါ၊ ပညာသဘောအနေနဲ့ကျတော့ အဲဒီ လက်သီးဆုပ်ခေါ်တဲ့ နာမပညတ်နဲ့ လက်သီးဆုပ်ရဲ့ သဏ္ဍာနပညတ်ရဲ့ သဘောတွေကို တနည်း သဘာဝရဲ့သဘောတွေကို ကွဲပြားပြီးတော့ ပေါ်လာတာကို သိတဲ့သဘောမျိုးပါ။

ဒီတော့ အတိတ်ဖြစ်တဲ့ ဓမ္မာရုံကနေပြီးတော့ လှမ်းလာခဲ့တဲ့ ခြေလှမ်းတွေကို အနိစ္စလို့ ဘာကြောင့်ခေါ်သလဲ၊ ကုန်တတ်

သော သဘောကြောင့် အနိစ္စပါ၊ ဒီကုန်တာကို စဉ်းစားပါ၊ ပစ္စုပ္ပန်ကိုရောက်လာတော့ အတိတ်က လှမ်းလာခဲ့တဲ့ ခြေလှမ်းလေးတွေဟာကုန်သွားတဲ့သဘောကြောင့်အနိစ္စလို့ ပြောတာပါ၊ ဒီတော့ ကုန်တယ်ဆိုတာဟာ ဘာကုန်တာလဲ၊၊ အဲဒါအကြောင်းရဲ့ အကြောင်းကို ထပ်ပြီးရှာရမယ်၊ ဒါမှသာလျှင် သဘာဝလေးတွေ ပေါ်လာမယ်၊ ဒီတော့ ကုန်တယ်ဆိုတာဟာ ဆီပုဂံကို ခွေးလျက်တဲ့အခါမှာ ပတ်ပုလင်းရောင်ထသွားအောင် ကုန်သွားတဲ့အကုန်မျိုးလား၊ လဘက်ရေပုဂံထဲကို ရေထည့်ပြီး သွန်ချလိုက်တဲ့အခါမှာ ကုန်သွားတဲ့ အကုန်မျိုးလား၊ ဒါမှမဟုတ်ရင် ရေအိုးထဲကရေတွေကို သွန်ပစ်လို့ ကုန်သွားတဲ့ အကုန်မျိုးလား၊ ဘယ်လိုကုန်သွားတာမျိုးလဲ၊ ယခုပြောတဲ့ အကုန်မျိုးတွေဟာ သညာဝိညာဏ်ရိပ်မကင်းပါ၊ ဒါကြောင့် ဒီလိုကုန်တာမျိုးကို သွားမယူပါနဲ့၊ ထပ်ပြီးတော့ စဉ်းစားပါအုံး။

ဒီတော့ကုန်တယ်ဆိုတဲ့ သဘောကို ပညာနဲ့မြင်အောင် ရှုရမယ်၊ ပြောပြမယ် - အလ္လုဒါနတခုခုကို ပြုလုပ်ပြီးတဲ့ အခါမှာ "ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု" လို့ဆုတောင်းလာတဲ့ဟာကိုပြန်ကြည့်ရင်— အာသဝက္ခယံ· အာသဝေါတရားလေးပါးတို့၏ ကုန်ရာ ပျက်ရာ· ကင်းရာ·ချုပ်ရာ·ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို၊ ဝဟံဝဟန္တော·ရွက်ဆောင်နိုင်သည်၊ ဟောတု·ဖြစ်ပါစေသတည်း - လို့ပြလာတဲ့အတိုင်း ဒီလိုသဘောနဲ့ထွက်လာတာဟာ ပညာရဲ့သဘောပါ၊ ဒီတော့ကုန်တယ်ဆိုတာဟာ ကင်းသွားတဲ့သဘောပါ၊ ဒီတော့—အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ-အဲဒါ ကုန် ပျက် ကင်း ချုပ်ဆိုပြီးပြလာပါတယ်။

ဒီတော့ ကုန်တဲ့သဘောဟာလဲ ပျက်စီးသွားတဲ့ သဘောပါ၊ ပျက်စီးသွားတာလဲဘယ်သဘောလဲ၊ ကင်းသွားတဲ့ သဘောပါ၊ ဒါဟာနောက်တခါထပ်ပြီး မဖြစ်တဲ့သဘောပါ၊ ကင်းသွားတဲ့ သဘောဟာလဲ ချုပ်သွားတဲ့သဘောပါ၊ ဒါဟာလဲ နောက်ဆုံး ငြိမ်းအေးတဲ့ နိဗ္ဗာနဓာတ်ကြီးပါ၊ အဲဒါနိဗ္ဗာန ဓာတ်ကြီးထဲကို ဝင်သွားပြီ၊ ဒီတော့ ဒါန သီလ တွေက နိဗ္ဗာန်ကို တချက်ထဲနဲ့ မထိုးပြနိုင်ပါ၊ နတ်ပြည် ဗြဟ္မာ့ပြည်ကိုသာ ထိုးပြနိုင်ပါတယ်၊ အခု ဝိပဿနာဉာဏ်ကျတော့ နိဗ္ဗာနဓာတ်ကြီးကို တချက်ထဲ ထိုးပြလာပါပြီ၊ အနိစ္စလေးကို ကုန် ပျက် ကင်း ချုပ်ဆိုတဲ့ သဘောနဲ့ မြင်အောင်ရှုလိုက်ပါ။

ဒီတော့တခုပြောပြမယ်၊ ဒီလေးချက်ထဲမဝင်ဘဲနဲ့ အနိစ္စ ဆိုတာဟာဘာလဲ၊ မမြဲတဲ့တရားပါ၊ မမြဲတာဟာဘာလဲ၊ မမြဲတာ ဟာမရှိတဲ့တရားပါ၊ ဒီလိုပြောလို့မှန်မလား-မမှန်တော့ပါ၊ ဒီလို သာရှုနေရင် သဿတဒိဋ္ဌိနဲ့ ဉစ္ဆေဒဒိဋ္ဌိထဲဘဲ ကျနေမှာဘဲမဟုတ် လား၊ အဲဒါတနေ့အပါယ် ၄-ပါးသို့ ကျအုံးမှာဘဲ၊ ဒီတော့ အနိစ္စဆိုတာဘာလဲ—ကုန်တဲ့သဘောပါ၊ ကုန်တယ်ဆိုတာ ပျက် စီးသွားတဲ့သဘောပါ၊ ပျက်စီးတယ်ဆိုတာ ကင်းသွားတဲ့သဘော ပါ၊ ကင်းတယ်ဆိုတဲ့သဘောဟာ ချုပ်သွားတဲ့သဘောပါ၊ ချုပ် တယ်ဆိုတဲ့သဘောဟာ နောက်ဆုံးမှာ ငြိမ်းအေးတဲ့ နိဗ္ဗာနဓာတ် ထဲဝင်သွားပါတယ်၊ ဒီလိုကိုဘုရားရှင်က မြင်စေချင်တယ်၊ ဒါကို နားလည်ပြီ။

ဒီလိုလဲ အတိတ်ကာလကို အနိစ္စနဲ့လဲသိမ်းလိုက်ရော ဘယ် ဒိဋ္ဌိကြီးပြုတ်သွားသလဲဆိုတော့ သဿတဒိဋ္ဌိကြီးပြုတ်သွားတယ်၊

ဒီတော့ ဘာသာတဒိဋ္ဌိဆိုတာက - သဿတော လောကော • လောကော • ဤခန္ဓာကောင် လောကကြီးသည်၊ သဿတော မြဲ၏။ အဲဒီလိုယူလာတဲ့ အယူကိုခေါ်တယ်၊ ဒါဟာ သညာကဖြစ်ပြီးတဲ့ သဘောတွေကို ဆွဲထားတဲ့သဘောဘဲ မဟုတ်လား၊ ဒီတော့ သတ္တဝါတွေဟာ ပစ္စုပ္ပန်ကို ရလာရင်ဘဲ အတိတ်ကိုလဲဆွဲလာတယ်၊ အနာဂတ်ကိုလဲတွေးကြံလာတယ်၊ အတိတ်ကိုဆွဲတာက သညာသဘောပါ၊ အနာဂတ်ကိုတွေးကြံတာကျတော့ ဝိညာဏ် သဘောပါ၊ အဲဒီလိုနဲ့ဘဲ သညာ ဝိညာဏ်လောကကြီးကို ထူထောင်နေကြတာဘဲ မဟုတ်လား။

ယနေ့အတိတ်ကာလ အဝိဇ္ဇာရိပ်ကြီးကိုလဲ အနိစ္စနဲ့သတ်လိုက်ရော အတိတ်ကိုအနှစ်အသားအနေနဲ့ ဆွဲထားတဲ့ သဿတဒိဋ္ဌိကြီးဟာပြုတ်သွားပြီ၊ ဒီသဿတဒိဋ္ဌိ ပြုတ်သွားတဲ့ပုဂ္ဂိုလ်ဟာ သူများရဲ့အတင်းကို မပြောတော့ပါ၊ သူများကပြောတာကိုလဲ နားမထောင်တော့ပါ၊ သူ့မှာမျက်ကွယ်လောက မရှိတော့ပါ၊ သောတာပန်ပုဂ္ဂိုလ်ကျတော့ မျက်မှောက်လောကကို ပြောရဲလာပြီ၊ ဒါကြောင့်....

ကိဉ္စာပိ သော ကမ္မံ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာဝါ၊
အဘဗ္ဗော သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

အနက်။ ။သော၊ ထိုသောတာပန်ပုဂ္ဂိုလ်သည်။ ကာယေနဝါ၊ ကာယဒွါရဖြင့်၎င်း၊ ဝါစာဝါစာယဝါ၊ ဧစီဒွါရဖြင့်၎င်း။ ဥဒ၊ ထိုမှတပါး။ စေတသာဝါ၊ မနောဒွါရ

ဖြင့်ရှင်း။ ပါပကံ၊ မကောင်းသော။ ကမ္မံ၊ အမှုကို။ ကိဥ္စာပိ၊ အကယ်၍လည်း။ ကရောတိ၊ ပြုမိ၏။ သော၊ ထိုသောတာပန် ပုဂ္ဂိုလ်သည်။ တဿ၊ ထိုမကောင်းမှုကို။ ပဋိစ္ဆာဒါယ၊ ဖုံးလွှမ်း အံ့သောငှါ။ အဘဗ္ဗော မသိုက်ပြီ။ ဒိဋ္ဌပဒဿ၊ မဂ်ဖြင့်မြင်အပ် ပြီးသော နိဗ္ဗာန်ရှိသောသောတာပန်၏။ အဘဗ္ဗတာ၊ မကောင်း မှုကိုဖုံးလွှမ်းခြင်းငှါမထိုက်သောအဖြစ်ကို။ ဝုတ္တာ၊ ဟောတော် မူအပ်၏။ သံဃေ၊သံဃာ၊ သုံးပါးသော သောတာပန်သဃာ၏။ ဣဒမ္ပိ ရတနံ၊အယမ္ပိ ရတနဘာဝေါ၊ ဤသို့ပြုပြီးသောမကောင်း မှုကို ဖုံးလွှမ်းခြင်းငှါ မထိုက်ခြင်းတည်းဟူသော ရတနာအဖြစ် သည်လည်း။ ပဏီတံ ပဏီတော၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသို့မှန်သောသစ္စာစကားကြောင့်။ ပါဏီနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသောစီးပွါးခြင်းသည်။ ဟောတု၊ ဖြစ်စေသ တည်း လို့ဟောကြားဆုံးမလာပါတယ်။

ဒီတော့ ဒီပညာမြင်အနိစ္စကို မမြင်ကြလို့ သဿတဒိဋ္ဌိ၊ဥစ္ဆေဒ ဒိဋ္ဌိတွေဖြစ်ပြီးတော့ ဣဿာနဲ့ မစ္ဆရိယတွေ ဖြစ်နေကြတာပါ၊ ဒီလိုဖြစ်နေတဲ့သူဟာ တနေ့အပါယ်ငှါပါးသို့ကျအုံးမှာဘဲမဟုတ် လား၊ ဒီပညာမြင်အနိစ္စဉာဏ်ကို မြင်လာရင်ဘဲ ထိုပုဂ္ဂိုလ်မှာ မျက်ကွယ်လောကမရှိတော့ပါ၊ သူ့မှာသူများအဘင်းကို မပြော တော့ပါ၊ မျက်မှောက်လောကသာလျှင် သူ့မှာရှိတော့တယ်၊ အဲဒါမျက်ကွယ်ရော မျက်မှောက်ပါပြောနေတာဟာ အန္ဓတွေရဲ့ ဝါသနာပါ၊ သူတပါးရဲ့ အတင်းကိုပြောနေတာဟာအန္ဓတွေပါ၊ ဒီလိုပြောနေတာတွေဟာ မြွေပွေး မြွေဟောက်ကြီးများ ပမာ အင်မတန်မှဆိုးဝါးလှပါတယ်၊ ဒါကြောင့်မျက်ကွယ်လောကကို မပြောတော့ဘဲ မျက်မှောက်လောကကိုသာ ပြောနိုင်လာရင် ဣဿာနဲ့ မစ္ဆရိယတရားတို့ ကျွတ်သွားပြီ။

ကိုင်း-အတိတ်ကာလ အဝိဇ္ဇာကြီးကို အနိစ္စနဲ့ လဲချလိုက်ရော တခါထဲပြတ်သွားပြီ၊ အတိတ်ကာလ အဝိဇ္ဇာရိပ်ကြီးလဲပြတ်သွားရော အနာဂတ်ကာလ တဏှာရိပ်ကြီးဟာလဲ တင့်တင့်တယ်တယ်နဲ့ မနေနိုင်ဘော့ဘဲ လှံစွပ်ကြီးနဲ့ တချက်ထဲထိုးသတ်လိုက်သလိုဖြစ်ပြီး ဩော်... ငါလဲ တနေ့ ပျက်စီးရမှာပါကလားလို့ သူရဲ့ ဒုက္ခကိုမြင်သွားပြီ၊ သူရဲ့ပျက်စီးရမဲ့ ဘေးကြီးကို မြင်သွားပြီ၊ သူ့ကိုဘယ်သူကမှမပြောရမသတ်ရတော့ပါ၊ သူ့သဘာဝအတိုင်း မြင်သွားပြီ၊ ဘာကြောင့်လဲ၊ တဏှာဟာ အဝိဇ္ဇာရှိမှ တင့်တယ်တာဘဲမဟုတ်လား၊ အခုတော့ သူရဲ့တွဲဘက်ဖြစ်တဲ့ အဝိဇ္ဇာကြီးလဲပြုတ်သွားရော တဏှာဟာလဲ တင့်တယ်စွာ မနေနိုင်တော့ဘဲ၊ ငါလဲ ပျက်စီးရမှာပါကလားဆိုတဲ့ ပျက်စီးရမဲ့ ဘေးဒုက္ခကြီးကို မြင်သွားပြီ။

ဒီတော့ ဒီနေရာမှာ ဘေးကြီးကို အကျယ် မထုတ်သေးပါ၊ ရှေ့အာဒိနဝဉာဏ်ကျတော့မှ သန္တိပဒ ၅-ချက် ထုတ်ပြီးပြပါတော့မယ်၊ဒီတော့ အတိတ်ကာလ အဝိဇ္ဇာရိပ်ကို အနိစ္စလက္ခဏာနဲ့ ပိုင်အောင်သိမ်းထားတဲ့ထိုပုဂ္ဂိုလ်ဟာ အနာဂတ်ကာလတဏှာရိပ်ကို ဒုက္ခလက္ခဏာနဲ့ ဒုက္ခဆိုတဲ့ဘေးကြီးကိုတွေ့နေပြီ၊ အဲဒီလို အတိတ်ကာလ အဝိဇ္ဇာရိပ်ကို အနိစ္စနဲ့ အနာဂတ်ကာလ တဏှာရိပ်ကို ဒုက္ခနဲ့လဲ သိမ်းလိုက်ရော ဒီ ၂-ပါးကြောင့်ဖြစ်ပေါ်လာရတဲ့ ပစ္စုပ္ပန်ကာလ ကံရိပ်လေးဟာလဲ ဒီ ၂-ပါးလဲ မရှိရော ဒီကံရိပ်လေးဟာ အနှစ်အသားမရှိတော့ပါ။

ဒီတော့ အနှစ်အသား ရှိတယ်ဆိုတာဟာ အတိတ်ကာလ အဝိဇ္ဇာရိပ်, အနာဂတ်ကာလ တဏှာရိပ်တို့ ရှိနေမှ ဒီကံဟာ အနှစ်အသားရှိတာပါ၊ အခုတော့ အတိတ်ကာလ အဝိဇ္ဇာရိပ်,

အနာဂတ်ကာလ တဏှာရိပ်တို့လဲ မရှိရော၊ ဒီပစ္စုပ္ပန်ကာလ ကံရိပ်လေးဟာ အနှစ်အသား မရှိတဲ့ အနတ္တ သဘောထဲမှာ ဥက္ကောင်းကျနေပြီ၊ ဒီတော့အတိတ်ကာလ အဝိဇ္ဇာရိပ် သညာလေးကို အနိစ္စနဲ့ မြင်အောင်ကြည့်လိုက်ရင် အနာဂတ်ကာလ တဏှာကြီးရဲ့ ဒုက္ခတရားတွေကို မြင်နေသည့် အတွက်ကြောင့် လောဘတရားကြီးကို အရှိန်သတ်နိုင်လာပြီ၊ ဒီတော့မှ ဝိညာဏ်ကြီးဟာ အနာဂတ်ကာလကို မတွေးကြံဘော့ပါ။

ဒီတော့ ပစ္စုပ္ပန်ကာလ ကံရိပ်လေးကို အနတ္တအနေနဲ့ မြင်သွားရင်ဘဲ ဒီ ပစ္စုပ္ပန်ကံလေးဟာ မျိုးမကျတော့ပါ၊ ဒီတော့ ကာလသုံးပါးကိုလဲ့ လက္ခဏာယာဉ်သုံးပါးနဲ့ သိမ်းလိုက်တဲ့အခါမှာ ဘာကျန်နေသလဲ အဲဒါ ပစ္စုပ္ပန်ဝေဒနာရိပ်လေးသာ ကျန်တော့တယ်၊ ကိုင်း.... ဥက္ကောင်းချ စကားပြောမယ်၊ ဒီပစ္စုပ္ပန် အရိပ်ဝေဒနာကနေ ခန္ဓာပေါ်ရတော့မယ်၊ ဘယ်လိုပေါ်မလဲ၊ ဒီတော့ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလတွေကိုလဲ သိမ်းလိုက်ရော ပစ္စုပ္ပန်အရိပ် ဝေဒနာလေးဟာ ကျန်နေတယ်။

ဒါကိုပေါ်အောင်ပြောပြမယ်၊ ဒီတော့ စိတ်စေတသိက်တွေ ဖြစ်လာတာဟာ ဒီဝေနာလေးကနေပြီးတော့ ထွက်လာတာပါ၊ ဘယ်သတ္တဝါမဆို တခါခံစားဘူးရင်ဘဲ နှလုံးအိမ်ထဲမှာကို ဣဋ္ဌ၊ အနိဋ္ဌ အနေနဲ့ အစဉ်ရှိနေတယ်၊ အပြင်အာရုံတွေနဲ့ တွေ့လိုက်တဲ့အခါမှာ ဒီဝေဒနာလေးကနေ တခါထဲထွက်ဆဲ့တော့တယ်၊ အပြင်အာရုံတွေက အရောင်ပြရုံလောက်သာ ရှိပါတယ်၊ ဒီဝေဒနာလေးဟာ ခလေးဘဝကစပြီး ပါလာတာပါ၊ အဲဒါအနုသယလေးအနေနဲ့ မနောဝိညာဏ်ကြီးထဲမှာ အစဉ်ကိန်းနေတယ်၊

အဲဒါ အာရုံ ၆-ပါးတို့နဲ့ တွေ့လိုက်တာနဲ့ တခါထဲထွက်ဆဲ့တော့ တာဘဲ။

ဥပမာ....သားလိုက်တဲ့မုဆိုးဟာ သားသမင်များကို လိုက်ဖမ်း တဲ့အခါမှာ ကျောက်ကွင်းကိုတနေ့ရာကနေထောင်ပြီး သူက တနေ ရာကနေလူရောင်ပြပြီး ချောက်ပေးလိုက်တယ်၊ ဒီတော့မှ သား သမင်ဟာကျောက်ကွင်းထဲ ဝင်တိုးတော့တဲ့အတွက် မိသွားသလို.... အခုလဲအာရုံ ၆-ပါးကို ဒွါရ ၆-ပေါက်က ဖမ်းနိုင်အောင်လို့ အာရုံ ၆-ပါးကအရောင်ပြလိုက်တာပါ၊ ဒီတော့မှဖမ်းလို့ရတယ်၊ အဲဒါဟာ မနောဝိညာဏ်ကြီးထဲမှာ ၂အစဉ်ရှိနေတဲ့ အတွက် ကြောင့် ဒီဝေဒနာလေးက ထွက်ဆဲ့လာတာပါ၊ ဒီသတ္တဝါတွေ ရဲ့နှလုံးအိမ်ထဲမှာ ခံစားတဲ့ဝေဒနာလေးတွေဟာ အပြည့်အနက် ရှိနေတယ်၊ ဒါကြောင့် ဒီနှလုံးအိမ်ကြီးထဲက ကောင်းမကောင်း ထွက်ထွက်ပြီးခံစားတယ်၊ ဒါကြောင့် ဒီနှလုံးအိမ်ကြီးကို ဝေဒနာ ဗူးကြီးလို့ မှတ်ထားလိုက်ပါ။

သဘာဝကိုထုတ်ပြအုံးမယ်၊ စက္ခုနဲ့ ရူပါရုံဆုံလိုက်တဲ့အခါ မှာ စက္ခုမှာလဲသညာရှိတယ်၊ ရူပါရုံမှာလဲသညာရှိတယ်၊ ၂-ပါး ဆုံလိုက်တဲ့အခါမှာလဲ သညာရှိတယ်၊ နှလုံးအိမ်မှာလဲသညာရှိ တယ်၊ ဒီတော့ ဒီသညာလေးတွေဟာ နှလုံးအိမ်ကြီးထဲကို အကုန် ဝင်ကြရတယ်၊ အဲဒါ အဆင်းကဆက်လာတဲ့သညာ၊ အကြည်က ဆက်လာတဲ့သညာ၊ ၂ ပါးဆုံလိုက်တဲ့ အခါမှာ ရှိနေတဲ့သညာ တို့ဟာ နှလုံးအိမ်ထဲကိုဝင်ကြရတယ်၊ ဝင်ပုံကိုပြောပြအုံးမယ်၊ ဒါဟာ မမွာစရိယသံဃာတော်များအတွက်ပါ၊ ဒီတော့အဆင်း နဲ့အကြည်ဆုံလို့ အကြည်ခွတ်မှာ ကြည်လိုက်တာနဲ့ မမွာရုံ အနေနဲ့မနောဝိညာဏ်ကြီးထဲကို ဝင်ကြရတယ်။

အဆင်းမှာရှိတဲ့သညာလေးတွေကလဲ အကြည်မှာရှိတဲ့သညာလေးတွေဟာလဲ သုခုမရုပ်သော်ငွဿအနေနဲ့ ဝင်ကြရတယ်၊ ၂—ပါးဆိုတဲ့ သညာတွေကျတော့လဲ စိတ်စေတသိက်အနေနဲ့ ဝင်ကြရတယ်၊ ပညတ်တရားလဲဝင်ရတာဘဲ၊ နိဗ္ဗာန်ဓမ္မာရုံသာ လျှင်မဝင်တာပါ၊ ဒီတော့ဓမ္မာရုံဟာ ဘယ်လောက်ကျယ်သလဲ၊ ဒါကြောင့် ဝေဒနာတွေဟာ နှလုံးအိမ်ကြီးထဲမှာအပြည့်အနှက်ရှိနေတယ်၊ ဒါကြောင့် မြင်တွေ့လိုက်တဲ့အခါမှာကို ဒီနှလုံးအိမ်ထဲက ထွက်ဆွဲပြီး ခံစားလာတာပါ။

ဥပမာပြမယ်— လဘက်ရေပုဂ်ကို ရှေ့မှာချပြီး ဒါဘာလို့ခေါ်သလဲ၊ လဘက်ရေပုဂ်လို့ခေါ်တယ်၊ ဒီလိုသိတာကိုစစ်ပြမယ်၊ ဒီတော့ ယခုမြင်လိုက်တဲ့အခါမှာမှ၊ လဘက်ရေပုဂ်လို့သိတာလား၊ ဒါမှမဟုတ်ရင် ဘယ်တုံးကထဲကသိတာလဲ အဲဒါမိမိရဲ့နှလုံးအိမ် ဝေဒနာဗူးထဲမှာကို သညာလေးတွေဟာ ရှိနေလို့ မြင်တွေ့လိုက်တာနဲ့ လဘက်ရေပုဂ်ဘဲ ဘာဘဲ ဆိုတာကို သိနိုင် ပြောနိုင်တာဘဲ မဟုတ်လား၊ ဒါဟာ ရှေးက မြင်ဘူးတွေ့ဘူးခဲ့လို့ မှတ်ယူလာခဲ့တဲ့ သညာလေးတွေဟာ မိမိရဲ့နှလုံးအိမ် ဝေဒနာဗူးကြီးမှာ အစဉ်ရှိနေလို့ ပြောနိုင်တာဘဲ မဟုတ်လား။

ဒီတော့ တခါမှ မတွေ့ဘူး မမြင်ဘူး မမှတ်ခဲ့ဘူးတဲ့ အရာဝတ္ထုတခုခုကိုယူပြီး ပြရင် ဒါဟာ ဘာဘဲလို့ အမည်တပ်ပြီး ပြောနိုင်ပါ့မလား၊ မပြောနိုင်ပါ၊ ဘာကြောင့်လဲ၊ မိမိရဲ့နှလုံးအိမ်ဝေဒနာဗူးကြီးထဲမှာ မှတ်ယူလာခဲ့တဲ့သညာလေးတွေမရှိလို့ မပြောနိုင်တာပါ၊ ဒီတော့သတိလိုက်တဲ့အခါမှာ အဆင်းသညာ၊ အကြည်သညာ ၂-ပါးဆိုတဲ့သညာတို့ကိုသာ သတိနိုင်သေးတယ်

အဲဒါ ပစ္စုပ္ပန်နှလုံးအိမ်ဝေဒနာထဲမှာ ရှိနေတဲ့ သညာလေးတွေကို မသတ်နိုင်သေးပါ၊ အဲဒါ အဆင်းအကြည်တို့မှာသာ တစင်ထောင်ပြီးပေါ်နေတဲ့ သညာလေးတွေကိုသာ အနိစ္စ, ဒုက္ခ, အနတ္တတို့နဲ့ သတ်လိုက်တာပါ၊ အဲဒါနှလုံးအိမ်ဝေဒနာထဲမှာ ရှိနေတဲ့ သညာလေးကို မသတ်နိုင်သေးပါ၊ ဪလိုမှ မသတ်နိုင်သေးရင် သူဟာ တနေ့ထွက်ပြီး ဆဲ့အုံးမှာဘဲမဟုတ်လား။

ဒီမနောဝိညာဏ်ကြီးထဲမှာ ခန္ဓာလေးတွေအနေနဲ့ ရှိနေလို့ အာရုံကိုထွက်ဆဲ့တာပါ၊ မနောဝိညာဏ်ကြီးထဲမှာ ဒီခန္ဓာလေးတွေဟာ ဘယ်လိုနေသလဲဆိုတော့ ဝိသုဒ္ဓိမဂ်ကြီးက....

အဒဿနတော အာယန္တိ၊ ဘဂ်ါ ဂစ္ဆန္တ္ယဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။

လို့ ပြလာပါတယ်။

ဒီတော့ ဒီသညာတွေဟာ မဖြစ်သေးတဲ့ အခါမှာလဲ အစုအပုံကြီးအာနနဲ့ လဲမရှိပါ၊ ဖြစ်ခဲ့ပြီးတဲ့ သညာတွေဟာလဲ အစုအပုံကြီး အနေနဲ့ မရှိပါ၊ အထက်ကောင်းကင်က လျှပ်နွယ် လျှပ်ပန်းပြက်တဲ့အခါမှာ ဖြစ်လည်းဖြစ်, ပျက်လည်းပျက်သွားသလိုဘဲလို့ ဥပမာပြပြီး ဟောထားပါတယ်၊ ဒါဟာ ဘယ်လောက်ဆန်းကြယ်သလဲ။ ကိုင်း ဒီတော့ အခုတရားဟာ ဘယ်ရောက်သွားပြီလဲ၊ အပြင်မှာ မရှိတော့ပါ၊ အပြင်မှာကတော့ တောချောက်တဲ့အနေနဲ့ သာရှိတော့တယ်။ အဲ့ဒါမိမိရဲ့နှလုံးအိမ်ထဲမှာ သာရှိတော့တယ်။

ကိုင်း....ဒီသဘာဝတွေကိုသိပြီ၊ အခု ငါးပါးသော မဟာသတိပဋ္ဌာန်တရားတွေကိုတွေ့ပြီ၊ အခု စိတ်သတိပဋ္ဌာန် သာလျှင်

ကျန်ပါတော့တယ်။ ဒီတော့ မနောဝိညာဏ် ဝေဒနာထဲမှာ သညာလေးတွေရှိနေတယ်၊ ဒါကိုသတိရတော့မယ်၊ ဒါမှ အာရုံတွေနဲ့တွေ့တဲ့အခါမှာ ထွက်မဆွဲတော့မှာ၊ ဒီ ဝေဒနာထဲမှာ ရှိနေတဲ့သညာလေးတွေကို ဆွဲထုတ်ပါ၊ ဓမ္မာရုံကနေဆက်ပြီး အဆင်းကနေဆက်ပြီးဝင်လာတဲ့ သညာကျတော့ သညက္ခန္ဓာလို့ခေါ်တယ်၊ အခုနကတော့ သညာပါ၊ ဝိညာဏ်ကြီးထဲမှာ သညာလေးတွေစုပြီးနေတာဖြစ်ခြင်းကြောင့် သညက္ခန္ဓာလို့ ပြောလိုက်တာပါ၊ ဒါဟာ ရူပါရုံ ရုပ်သဘောကလေးတွေကို မှတ်လာတာ ဖြစ်ခြင်းကြောင့် သညာက္ခန္ဓာပါ။

ဒီတော့ ရုပ်တွေအားလုံးပြာချလိုက်တဲ့အခါမှာ နောက်ဆုံးဒီသညာလေးတွေသာကျန်တော့တယ်၊ ဒီတော့ နှလုံးအိမ်ထဲမှာရှိနေတဲ့ သဘာဝတွေကို ဆွဲထုတ်လိုက်တော့မှ ပရမတ်အနေနဲ့ သညက္ခန္ဓာဆိုပြီး ထွက်လာတာပါ၊ နောက်အကြည်ကနေပြီးဆက်လာတဲ့ သညာကျတော့ သင်္ခါရက္ခန္ဓာဆိုပြီး ဆွဲထုတ်လာတယ် ဒီတော့ နာမ်တရားတွေကို ထုချေလိုက်ရင် ဘာကျန်သလဲ အဲဒါသင်္ခါရက္ခန္ဓာကျန်တယ်၊ နောက်တခါ နှစ်ပါးဆုံလို့ပေါ်လာတဲ့ သညာကျတော့ (ဝါ) အမြင်သဘောက ဆက်တဲ့သညာကျတော့ ဝေဒနက္ခန္ဓာလို့ ဆွဲထုတ်လာတယ်၊ နောက်သုံးပါးပေါင်းဆုံလို့ ပေါ်လာတဲ့သညာကျတော့ ဝိညာဏက္ခန္ဓာပါ၊ ဒါကို အဟိတ်ခန္ဓာလို့ခေါ်တယ်။

ဒီတော့ သညက္ခန္ဓာ,သင်္ခါရက္ခန္ဓာ,ဝေဒနက္ခန္ဓာ,ဝိညာဏက္ခန္ဓာ ဒီ ခန္ဓာ ၄-ကောင်ကို တကောင်စီ တကောင်စီ ဆွဲထုတ်ပြီးဆင်ခြင်သုံးသပ်နိုင်တာကို သမ္မသနဉာဏ်လို့ခေါ်တာပါ၊ဒီတော့ ငါရဲ့ခန္ဓာကိုယ်ကြီးမှာ ခန္ဓာလေးတွေဟာ ဘယ်အနေနဲ့ ရှိနေ

သလဲဆိုတာကို တခုစီတခုစီ ဆွဲထုတ်ပြီးရှုပါ၊ နောက် ဒီခန္ဓာကောင်လေးတွေကို ဉဒယဗ္ဗယဉာဏ်ကြီးကိုတင်ပြီး သတ်ရတော့မယ်၊ ဒီတော့နှလုံးအိမ်ကြီးထဲမှာ ဒီခန္ဓာလေးတွေသာရှိတာလား မဟုတ်ပါ၊ အများကြီးရှိနေသေးတယ်၊ ဒီအဟိတ် ခန္ဓာလေးတွေကို ရိုက်ပြီးစင်လိုက်တော့မှ ဒွိဟိတ်ခန္ဓာပေါ်လာမယ်၊ဒါကို ထပ်ပြီးစစ်လိုက်ရင် တိဟိတ်ခန္ဓာပေါ်လာတော့မယ်၊ အဲဒါကို ဉဒယဗ္ဗယဉာဏ်ကြီးက စစ်ရတော့မယ်၊ ဒီလိုစင်လို့ ခုံရုံးတွလဲ အားလုံးကုန်ရော အနတ္တဓာတ်အစစ်ကိုတွေ့ပြီး မဂ်ကိုဝင်ရတော့မယ်၊ ကိုင်း....ဒီနေ့ ဒီလောက်ဘဲ ထားကြပါစို့၊ နက်ဖြန်ကျမှ ဒီခန္ဓာလေးတွေကို လက်ပြန်ကြိုးတုပ်ပြီးစစ်ပြမယ်။

# ညဟောစဉ်။

" သာသနာတော်သုံးရပ် ပဋိပတ်တွင် (လ) ကမ္ဘာလောင်ဆူဝေလို့မကြာစတမ်း" လို့တရားပိုင် ခေတ်ပိုင်တော်မူကြတဲ့ ဆရာတော်ကြီးများ အမိန့်ရှိလာတဲ့အတိုင်း ဤမဟာသတိပဋ္ဌာန် တရားတော်ကြီးဟာ အင်မှာဘန်မှသိမ်မွေ့လှပါတယ်၊ ဒီမဟာသတိပဋ္ဌာန်တရားတော်ကြီးကို တက်နိုင်အောင်လို့ ဝါဆိုလပြည့်နေ့ကစပြီး လုပ်ငန်းစဉ်ပေးလာခဲ့တာဟာ ယခုဝါခေါင်လဆန်း ၁၂-ရက်နေ့ရောက်လာပါပြီ၊ ဒီရုပ်နာမ်ပိုင်းကိုတလနဲ့ ဥက္ကောင်းချနိုင်အောင် ယခုဟောကြားလာခဲ့ရပါတယ်။

ယခုတရားနာကြတဲ့ ပုဂ္ဂိုလ်တွေဟာ မဟာသတိပဋ္ဌာန်တရားတော်ကြီးရဲ့ လုပ်ငန်းစဉ်ကို အားထုတ်နိုင်ကြပါပြီ၊ ဒီရုပ်နာမ်ပိုင်းကနေရတဲ့အသိဉာဏ်နဲ့ ရှေ့ကိုတဆင့်လုပ်ငန်းစဉ် တက်ရအုံးမယ်၊ ဒီတော့ယခုပစ္စယပရိဂ္ဂဟဉာဏ်က ဗုဒ္ဓဘာသာတွေကို ဘုရားစစ်၊ တရားစစ်၊ သံဃာစစ်ကို ပြလိုက်ပါပြီ၊ ဒါတွင်မကသေးဘဲ ဂိသမဟေတုကဒိဋ္ဌိကိုလဲ ပယ်နှုတ်ခဲ့ပါပြီ၊ ယခုသမ္မသနဉာဏ်ကိုရောက်လာလို့ဘဲ ဒီဉာဏ်ကို ဒီညဘဲ ဥက္ကောင်းချရဆေတာ့မယ်။

ကိုင်း မနေ့ကပြလိုက်တဲ့ ကာလသုံးပါးကို ဘယ်လိုဖျက်မလဲ(ဝါ) ဘယ်လိုသတ်မလဲ၊ ဒီတော့ ဗုဒ္ဓဘာသာ တရားအားလုံးမှာ သုတ္တန်ဒေသနာတော်ကို အကျဉ်းချုံးရင် အနိစ္စတလုံးကိုလာတွေ့ပါတယ်၊ ဝိနည်းဒေသနာတော်ကို အကျဉ်းချုံးရင် ဒုက္ခတလုံးကို လာတွေ့တယ်၊ အဘိဓမ္မာ ဒေသနာတော်ကို

အကျဉ်းချုံးရင် အနတ္တတလုံးကိုလာတွေ့တယ်၊ ဒီတော့ ပိဋကတ် သုံးပုံကို အကျဉ်းချုံးလိုက်ရင် အနိစ္စ-ဒုက္ခ-အနတ္တဆိုတဲ့ လက္ခဏာ ယာဉ် သုံးပါးကိုလာတွေ့တယ်(ဘနည်း)အလောဘ-အဒေါသ- အမောဟဆိုတဲ့ ဟိတ်သုံးပါးကိုလာတွေ့တယ်၊ ဒီတော့ အလော ဘဟိတ်က အနိစ္စလက္ခဏာပါ အဒေါသဟိတ်က ဒုက္ခလက္ခဏာ ပါ အမောဟဟိတ်က အနတ္တလက္ခဏာပါ။

ဒီတော့ အနိစ္စဆိုတာ ဘာလဲလို့မေးရင် အဲဒါ အိုးကျက်ဲ့ တာ လူသေတာတွေကို အနိစ္စပါလို့ပြောနေရင် ဘယ်မှာဟုတ် တော့မှာလဲ ဒီတော့ အလောဘဟိတ်က ထွက်လာတဲ့ အနိစ္စ လက္ခဏာကို ပိုင်ပိုင်နိုင်နိုင် ပြောနိုင်အောင် လက်တွေ့လုပ်ငန်း စဉ်ကို ဆင်းကြဦးစို့ရဲ့ "အတိတာ နာဂတပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေန"လို့ ဟော လာသည့်အတိုင်း အနိစ္စဆိုတာ ဘာကိုခေါ်သလဲ အနိစ္စဆိုတာ ကုန်တတ်တဲ့ သဘောပါ၊ အနိစ္စံ ခယဋ္ဌေန ကုန်တတ်သော သဘောကြောင့် အနိစ္စပါ၊ ဒါကိုတခါထပ်ပြီး စဉ်းစားပါအုံး၊ အနိစ္စံ ကုန်တဲ့သဘောဆိုတာ ဘယ်လိုဟာမျိုးလဲ ဆီအိုးကို ခွဲလျက်တဲ့အခါ ရေအိုးကို မှောက်သွန်လိုက်တဲ့အခါ ကုန် သွားတဲ့သဘောမျိုးလား။

မနေ့က ပြောခဲ့တဲ့တရားကို ပြန်ပြီးစဉ်းစားပါ၊၊ အဆင်းမှာ နာမပညတ်ရှိတယ်၊ အကြည်မှာ သဏ္ဌာနပညတ်ရှိတယ်၊ ၂-ပါး ဆုံတဲ့အခါမှာ သမူဟပညတ်ရှိတယ်၊ ဒီတော့ အဆင်းမှာရှိတဲ့ နာမပညတ်ဟာ ဘယ်တုန်းက မှတ်လာတာလဲ၊ မိဘဘိုးဘွား အစဉ်အဆက်ကစပြီး မှတ်လာတာမဟုတ်လား၊ ဒါကြောင့် ဒီအဆင်းမှာရှိနေတဲ့ နာမပညတ်လေးကို အတိတ်သဘောအဝိဇ္ဇာ

ဆိုပြီး မနေ့က ဟောကြားခဲ့ပြီ၊ ဒီတော့ အဆင်းမှာရှိတဲ့ သညာ အမှတ်လေးကိုသာ လိုက်နေရင် မဆုံးတော့ပါ၊ ဒီ အဆင်းသညာ အတိတ်သဘောကို ဘုရားရှင်က အဝိဇ္ဇာသဘောလို့ ဟောကြား သာတာပါ။

ဒီတော့ အနိစ္စကို ဘယ်လိုဖြတ်မလဲ၊ အဆင်းမှာရှိတဲ့သညာ၊ နာမပညတ်အတိတ်ကာလ အဝိဇ္ဇာသဘော အာရုံသဘောလေး ကို ဖြတ်ပစ်ရမယ်၊ ဒါကြောင့် ဟော့ အဆင်း မင်းမှာရှိနေတဲ့ သညာလေးဟာ အတိတ်ကာလ မျက်ကွယ်သဘောပါ၊မျက်ကွယ် သဘောဆိုတာဟာ ငါးပါးသော ပသာဒတွေနဲ့ စမ်းသပ်လို့ မရတာကို ခေါ်တယ်၊ ဒီတော့ အဝိဇ္ဇာရိပ်ဟာ ဘယ်ကထွက် လာသလဲ၊ ကိုယ်ရဲ့နှလုံးအိမ်ထဲက ထွက်လာတာပါ၊ အဝိဇ္ဇာ ဆိုတာ အမှန်ကိုဖုံးကွယ်ပြီး အမှားကိုသာ မှတ်တဲ့သဘောပါ၊ ဒီအတိတ်သဘော သညာလေးဟာလဲ အမှားကိုမှတ်တဲ့ သဘော ပါ၊ ဒါကြောင့် ဝိပ္ပလ္လာသတရားထဲမှာ သညာဝိပ္ပလ္လာသဆိုပြီး တော့ ထည့်ထားတာပါ၊ ဒါကြောင့် သူ့ကိုပညတ်သဘောလို့ ခေါ်တယ်၊ အမှန်သဘောကို မှတ်တာကျတော့ ပရမတ်သဘော ပါ၊ ဒီပရမတ်သဘောဆိုတာဟာ အမှတ်မှားတဲ့သညာဝိပ္ပလ္လာသ သဘော မပါပါ။

ဒီသညာ ဝိပ္ပလ္လာသလေးကို ယခုတရားနာကြတဲ့ အမျိုး ကောင်းသား၊ အမျိုးကောင်းသမီးတွေက လည်ပင်းညှစ်လိုက်စမ်း ပါ၊ ငါတို့ဟာအရင်က အဆင်းနဲ့အကြည်ဆိုစဉ်က ပေါ်လာတဲ့ ပစ္စုပ္ပန်သဘောမှာသာ ရှိတယ်လို့ထင်နေတာ၊ အခုတော့မင်း ဟာဘယ်မှာဟုတ်လို့လဲ၊ ဘယ်ဘဝကစပြီး မှတ်ယူလာတဲ့အမှတ် ဆိုတာ မသိရပါ၊ ပစ္စုပ္ပန်ဆိုတဲ့ သဘောဆိုရင် ပရမတ်ဘက်ကို

သွားရမယ်၊ ဒီတော့ ဒီသညာဝိပ္ပလ္လာသလေးကို ( ၀၁ ) အတိတ်ကာလအဝိဇ္ဇာသဘောလေးကို အနိစ္စသဘောနဲ့ လည်ပင်းညှစ်ချလိုက်ပါ၊ ဒီလိုချလိုက်တဲ့အခါကျတော့ သူ့ရဲ့သဘောလေးဟာ ကုန်တတ်တဲ့သဘောလေးပါလို့ ထွက်လာကော့မယ်၊ ဒီလိုမြင်တဲ့ သဘာဝတွေကို ပညာရဲ့သဘောလို့ခေါ်တယ်။

ဒီတော့ ဘဿတဒိဋ္ဌိကြီးတွေနဲ့ မိမိတို့သေသွားရင် အရိုးစိုက်ဒိဋ္ဌိတွေဖြစ်နေမယ်၊ အဲဒါ အရိုးသာဆွေးသွားမယ် သဿတဒိဋ္ဌိက မလွတ်ပါ (၀၁) မပြုတ်သေးပါ၊ နောက် ၂၉ ပါးသောကံတရားကို အနှစ်အသားအနေနဲ့ဆွဲပြီး ဒိဋ္ဌိတွေနဲ့ လုပ်နေကြလို့ ၃၁ ဘုံကြီးမှာ လည်နေတာကို အပင်စိုက်ဒိဋ္ဌိလို့ခေါ်တယ်၊ အခု အရိုးစိုက်ဒိဋ္ဌိကို ဖြုတ်ရတော့မယ်၊ အရိုးစိုက်ဒိဋ္ဌိဆိုတာ အဲဒါ လူသေရင် လူဖြစ်၊ ပလောင်ကြီးသေရင် ပလောင်လေးဖြစ်တယ်၊ အဲဒီလိုယူထားတဲ့ အယူဝါဒပါ၊ ဒီ အရိုးစိုက်ဒိဋ္ဌိဟာ ဘယ်လောက်တောင် ကြောက်စရာ ကောင်းသလဲ၊ ဒီတော့ သားသမီးများကိုစွဲပြီး သေသွားတဲ့အခါမှာ ဒီပုဂ္ဂိုလ်ဟာ ဘယ်ကိုမှမသွားတော့ဘဲ ဒီသားသမီးတွေရဲ့ အနီးအနားမှာသာနေပြီးဝမ်းခေါင်း အားတာကိုသာ စောင့်နေတော့တယ်၊ ဝမ်းခေါင်းအားတာနဲ့ ဒီသားသမီးရဲ့ဗိုက်ထဲ ဝင်စားတော့တာဘဲ၊ ဒါကို အရိုးစိုက်ဒိဋ္ဌိလို့ခေါ်တယ်။

ဒီတော့သဿတဒိဋ္ဌိဟာ ဖြစ်ပြီးသားဖြစ်တဲ့ အတိတ်အာရုံကို အနှစ်အသားအနေနဲ့စွဲပြီး နွားများစားမြုတ်ပြန်သလို ပြန်ပြီးခံစားနေတယ်၊ ဒီတော့အနွှတွေမှာ ဒီသဿတဒိဋ္ဌိကြီးကို ခေါင်းပေါ်မှာရွက်ပြီး သံသရာကြီးထဲမှာ ပြေးသွားနေကြတယ်၊ ဒီတော့ — "အနိစ္စံ ခယဋ္ဌေန" ကုန်တဲ့သဘောပါ၊ ဒီကုန်တဲ့

သဘောကို အနှစ်အသားအနေနဲ့ ဆွဲနေတာဟာကိုယ်ရဲ့ အမှားပါ၊ ဒီကုန်တတ်တဲ့သဘောကို မိမိက ပညာနဲ့ တွေ့မှ ပညာမြင်အနိစ္စပါ၊ ဒီသဘာဝကိုမြင်ရင် လူသေတယ်ဆိုတာဟာ ဘယ်မှာတကယ် သေသို့လဲ၊ ဒီဘဝမှာသာ သေတယ်လို့ ထင်ရတယ်၊ ဟိုဘက်ဘဝမှာ ခန္ဓာလေးတွေတူထောင်ပြီး သွားဖြစ်နေပြန်ပြီ၊ ဒီတော့ အတိတ်သဘောကိုမြင်ရင် အတိတ်သဘောကိုဆွဲပြီး လက်မောင်းမတန်းတော့ပါ၊ ဒီတော့ သဿတဒိဋ္ဌိကြီးဟာ ပြုတ်မသွားဘူးလား၊ အနာဂတ်သဘော တဏှာကျတော့ ဒုက္ခမှာဥက္ကောင်းကျပါတယ်။

ဒီ ၂–ပါးဆုံလို့ ပေါ်လာတဲ့ ပစ္စုပ္ပန်သဘောကံဟာလဲအနတ္တမှာ ဥက္ကောင်းကျပါတော့တယ်၊ ဒီတော့အတိတ်သဘောအဝိဇ္ဇာကို အနိစ္စနဲ့ အပိုင်သိမ်းဆည်းနိုင်ရင် ကျန်တဲ့ဒုက္ခ အနတ္တတို့ဟာလဲ ထင်လာတော့တာဘဲ၊ အဲဒီလို သဿတဒိဋ္ဌိ အတိတ်, ဥစ္ဆေဒဒိဋ္ဌိအနာဂတ်တို့ပြုတ်သွားရင်ဘဲ ထိုပုဂ္ဂိုလ်ဟာသူများရဲ့ အတင်းကိုမပြောတော့ပါ၊ အဲဒါ ဣဿာ မစ္ဆရိယတရားတို့ဟာလဲ ကင်းသာပြီ၊ အဲဒါအတိတ်အနာဂတ်ကို ဆွဲပြီးမပြောတော့ပါ၊ ဘာ့ကြောင့်လဲ–အတိတ်သဘောကို ကုန်တဲ့သဘောအနေနဲ့ မြင်နေတဲ့အတွက်ကြောင့်ပါ၊ ကိုင်းဒီလောက်နဲ့ဘဲ တော်ကြပါစို့ —

သာဓုသာခေါ်ကြပါတော့။

သာဓု–သာဓု–သာဓု။

ဤတွင်သမ္မသနဉာဏ်ဥက္ကောင်းကျပါပြီ။

## ဝါခေါင်လဆန်း ( ၁၃ ) ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၁၃)

အရိုးစိုက်ဒိဋ္ဌိဖြစ်တဲ့ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိကို မနေ့က ဖြတ်ခဲ့ပြီ၊ ဒီနေ့အပင်စိုက်ဒိဋ္ဌိကို ဖျက်ဆီးရတော့မယ်၊ ဒီတော့သဿတဒိဋ္ဌိဟာအရေးကြီးပါတယ်၊အရိုးစိုက် ဒိဋ္ဌိဆိုတာ တဘဝ တခန္ဓာသေလို့ အရိုးတောင်မဆွေးသေးဘူး တခါလူပြန်ဖြစ်လာတာကို ခေါ်တယ်၊ အခုသဿတဒိဋ္ဌိအပင်ကြီးကို လှဲလိုက်ပြီ၊ ရေသောက်မြစ်တွေကျန်နေသေးတယ်၊ ဒီနေ့ ကံအကြောင်းကို ချေရတော့မယ်။

ကိုင်း....ဒီတော့ကံကိုယုံကြည်တဲ့ပုဂ္ဂိုလ်တယောက်ကိုဘဲ ခေါ်ပြီးတော့ ကံဆိုတာဘာလဲလို့မေးရင် ဘယ်လိုပြောမလဲ၊ ဒီတော့ကမ္မသကတသမ္မာဒိဋ္ဌိအနေနဲ့ ကံသာလျှင်အမိ၊ ကံသာလျှင်အဘ၊ ကံသာလျှင်မိမိဥစ္စာလို့ ဆွဲယူလာတဲ့သူတွေဟာ ကံဆိုတာဘယ်ဟာကိုခေါ်သလဲလို့မေးရင် ဘယ်လိုပြောမလဲ၊ ဒီတော့အဋ္ဌသာလိနီအဋ္ဌကထာကြီးမှာ ကံကိုလဲတခမ်းတနားနဲ့ဖွင့်လာတယ်၊ စိတ်ကိုလဲတခမ်းတနားနဲ့ဖွင့်လာပါတယ်၊ ဒီတော့ကံနဲ့စိတ်ဟာဘယ်သူကပြဋ္ဌာန်းသလဲ၊ ဒါကိုစဉ်းစားလိုက်တဲ့အခါမှာ တချို့နေရာတွေမှာ ကံကြောင့်စိတ်ဖြစ်လာရပါတယ်၊ တချို့နေရာတွေကျတော့ စိတ်ကြောင့် ကံဖြစ်လာတယ်။

အဲဒါဟာ အတိတ်ဇနကကံကြောင့်ပဋိသန္ဓေဝိပါက်ဝိညာဏ်စိတ်လေးဖြစ်လာတယ်၊ ဒါကကံကြောင့် စိတ်ဖြစ်လာတာပါ၊ နောက်စိတ်ကပြဋ္ဌာန်းပြီး ကံဖြစ်လာတာကျတော့ ဥပထမ္ဘက

# ပုံစံနံပါတ် (၁၃)




ကံ-အကြောင်းတရားနေပုံ။

ကံပါ၊ ဒါက စိတ်ကြောင့်–ဖြစ်လာတဲ့ ကံပါ၊ ဒီလို ခွဲဝေဖန်ပြီး ယူရပါတယ်၊ ဒီတော့ ကံ ကံရဲ့အကျိုးကို ယုံကြည်တဲ့ သူတွေဟာ ကံဟာဘာကိုခေါ်သလဲ၊ ဝိပဿနာဆိုတာ ရေသောက်မြစ်တွေကို လိုက်ရှာပြီးဖြတ်နေရတာပါ။

ဒီတော့အန္ဓတွေကကောင်းတာလုပ်ရင်ကုသိုလ်ကံ မကောင်းတာလုပ်ရင် အကုသိုလ်ကံဆိုပြီး ယူနေကြတယ်၊ ဒါဟာသညာဝိညာဏ်စွဲတဲ့ကုသိုလ် အကုသိုလ်ကံတွေပါ၊ ဒီအနေနဲ့သာကံကို ယုံကြည်နေကြတာဘဲမဟုတ်လား၊ အန္ဓတွေအဖို့မှာ ဒီလိုယုံကြည်နေသေးလို့ တော်နေသေးတာပါ၊အဲဒါသံသရာလည်တဲ့အခါမှာ လူချမ်းသာ နတ်ချမ်းသာတွေအနေနဲ့လည်နိုင်ပါသေးတယ်။

ဒီလိုယုံကြည်မှုလေးရှိနေလို့ ဘုရားရှင်ရဲ့သာသနာတော်ကြီးကို ရောက်လာတာပါလို့ ဒီလိုဝေဘန်လိုက်ပါဘော့၊ ဒီလိုသိလာရင်ဘဲ အကျိုးကျေးဇူးများလှပါပြီ၊ ကိုင်း....ဒီတော့ အခုဝိပဿနာကထွက်လာတဲ့ ဘာသာရေးဟာ အခု ဥတု၊ အာဟာရ၊ စိတ်အကြောင်းတွေကို ချေခဲ့ပြီ၊ အခု ကံအကြောင်းကိုရောက်လာပြီ၊ ချေရတော့မယ်၊ ဒီကဏ္ဍကိုတက်ရင် ပဌမကံဆိုတာဘာလဲ၊ ကံ၊ ကံ၏အကျိုးကို ယုံကြည်မှုနဲ့ မပြီးသေးပါ၊အဲဒါပညာနဲ့ယုံကြည်မှုဖြစ်အောင် ထပ်ရှာရမယ်၊ ပညာနဲ့ယုံကြည်မှုကို ရလာရင် ဘယ်သူဖျက်လို့မှ မပျက်တော့ပါ၊ သညာ ဝိညာဏ်နဲ့သာ ယုံကြည်နေသေးရင် တဦးတယောက်ကဖျက်တာနဲ့ပျက်ဦးမှာဘဲ၊ သညာဝိညာဏ်နဲ့ ယုံကြည်တာက အကျိုးကို မျှော်ကိုးပြီး ယုံကြည်တဲ့ သဘောပါ၊ အခု ပညာနဲ့ ယုံကြည်တာကျတော့ အကျိုးကိုမမျှော်တော့ဘဲ ယုံကြည်မှုကြီးတွေဟာခိုင်မြဲလာတယ်၊

ဒီတော့ အန္ဓတွေရဲ့ ကြည်ညိုမှုဟာ ဘယ်လောက် ကြောက်ဖို့ကောင်းသလဲ၊ အဲဒါအကျိုးတရားကို မျှော်ကိုးပြီး ယုံကြည်တာ ဖြစ်ခြင်းကြောင့် မမြဲသေးပါ၊ တနေ့ပျက်ဦးမှာဘဲ၊ အခြားဘာသာကလာပြီး ဆွဲရင်ပျက်ဦးမှာဘဲ မဟုတ်လား။

ကိုင်း...ဒီနေ့ ဥဒယဗ္ဗယဉာဏ်ကြီးကို ရောက်ပြီ၊ ဒီဉာဏ်မှာ အခုကံကိုရှာရတော့မယ်၊ ဒါဟာ ပညာဖြင့်ရင် ကံ့ကံရဲ့အကျိုးတရားလေးတွေကို မြင်လာရတော့မယ်၊ ဒီတော့ကံဆိုတာဘာလဲ၊ ဒါကို စဉ်းစားထားပါ၊ ဒီသဘာဝကို ဆွဲဖေါ်လာတော့မယ်၊ အခုဥဒယဗ္ဗယဉာဏ်ကြီးမှာ ကံကိုဆွဲထုက်လာပြီ ဒီကံကိုဆွဲထုတ်နိုင်လာမှ ဘဝ ယန္တရားကြီး ရပ်သွားမယ်၊ ဒါက တကာကြီး "ဘိုးစွန်" အတွက်ပြောလိုက်တာပါ။

နောက်တရားနာကြတဲ့ ပုဂ္ဂိုလ်တွေအတွက်က အခုစိတ်, စေတသိက်တွေ အကုန်ကြေကုန်ပြီ၊ အခု ဘာသာကျန်တော့သလဲ၊ ဖဿနဲ့ဝေဒနာ ဒီ ( ၂ ) ပါးသာကျန်တော့တယ်၊ အခုချေခဲ့တာဟာ ပထဝီကတောင် မာတယ်လို့ ပြောလို့မရတော့ပါ၊ စိတ်စေတသိက်တွေ မရှိတော့ပါ၊ သညာဝိညာဏ်နယ်မှာ ပြောမရအောင်ချေပစ်ခဲ့ပြီ၊ ပညာနယ်အနေနဲ့သာပြောလို့ရတော့တယ်၊ သညာဝိညာဏ်နယ်မှာ ရုပ်သိမ်းပြီး သဘာဝနယ်မှာသာ ရှိတော့တယ်။

ဓမ္မာစရိယလေးတွေအတွက် ပြောပြမယ်၊ ဥပါဒ်နဲ့ဘင်ဟာ ဋ္ဌီရှိလို့ ဖြစ်ရဘာလို့ အဋ္ဌကထာကြီးတွေက ရေးလာပါတယ်။ အခုချေလိုက်တဲ့အခါမှာ ဋ္ဌီလေးဟာမရှိတော့ပါ၊ ကြေသွားပြီ၊ ဋ္ဌီဟာ သညာဝိညာဏ်နယ် ပေါ်တဲ့သဘောမှန်ရင် ဋ္ဌီကိုအမှူး

ထားပြီးပေါ်ထွက်ရပါတယ်၊ အခု ငြိမ်သွဲကြွေသွားရော ပညာနယ်မှာ ဥပါဒ်နဲ့ ဘင် ဖြစ်ပျက်ဆိုပြီးတော့ ထွက်လာတယ်၊ ဘယ်လောက်ခေတာင်ချေလိုက်သလဲ၊ စိတ်စေတသိက်တွေဟာ ပေါ်မရတော့ဘဲ ! သဘာဝနယ်ထဲမှာဘဲရှိတော့တယ်၊ သညာဝိညာဏ်နယ်မှာ လက်မောင်းတန်းပြီး မပေါ်နိုင်တော့ပါ၊ ဘာ့ကြောင့် မပေါ်နိုင်သလဲ၊ငြိမ်ကိုချေလိုက်တဲ့အတွက်ကြောင့်ပါ။

ဒီတော့ဘာကျန်သလဲ၊ ဥပါဒ်-ဖြစ်ခြင်း၊ ဘင်-ပျက်ခြင်း-ဒါဘဲကျန်တော့တယ်၊ ထပ်ပြောပြမယ်၊ ဝိပဿနာကပြောတဲ့ဖြစ်ပျက်နဲ့ အဘိဓမ္မာကပြောတဲ့ ဥပါဒ်နဲ့ဘင်ဟာ အတူတူဘဲလား၊ ဥပါဒ်နဲ့ ဘင်ဆိုတာဟာ ငြိမ်ကိုတည်ပြီးတော့ ပြောနေတာပါ၊ အဲဒါဟာ သညာဝိညာဏ်သဘောပါ၊ အခုဝိပဿနာကပြောတဲ့ ဖြစ်ပျက်ကျတော့ သဘာဝနယ် (ဝါ) ပညာနယ်က ပြောနေတာပါ။

ဒီတော့ဘယ်လိုခြားနားနေသလဲ၊ ဝိပဿနာက ငြိမ်မရှိတော့ပါ၊ အဘိဓမ္မာက ဥပါဒ်နဲ့ဘင်က ငြိမ်ရှိနေသေးတယ်၊ ဒီလိုကိုခွဲလာရမယ်၊ ကိုင်း—က်ဆိုဘာ ဘာကိုခေါ်သလဲ၊ ဒါက တကာကြီး "ဘိုးစွန်" အတွက်ပါ၊ တရားနာကြတဲ့ သူတွေအတွက်ကျတော့ အခုပရမတ်သဘောတွေကို ချေလိုက်တဲ့အခါမှာ ဖဿနဲ့ဝေဒနာသာ ကျန်တော့တယ်၊ ဒါကို ဘုရားရှင်က ပဋိစ္စသမုပ္ပါဒ်ကြီးကိုပတ်ပြီး ဟောကြားတော်မူလာတယ်၊သစ္စာ၄—ပါးစသောဗောဓိပက္ခိယတရား ၃၇-ပါးအားဖြင့် ဟောကြားသွားပါတယ်။

ကိုင်း—ဘာကျန်သလဲ-ဝေဒနာနဲ့ ဖဿကျန်တယ်၊ ထပ်မေးမယ်-ဖဿဟာ ဘယ်လိုကျန်သလဲ၊ ဖဿဟာ ဘာကိုခေါ်သလဲ၊ ဒီတော့ "ဖုသတီတိဖဿော" ဒီလိုမမှတ်ပါနဲ့၊ ဒါကအာရုံနဲ့

တွေ့တဲ့အခါမှာ ပေါ်လာတဲ့ဖဿမျိုးပါ၊ ဥပမာတဦးကချဉ်သီး စားရင် တဦးကသွားရေယိုလာတဲ့ သဘောမျိုးပါ၊ အဲဒါဟာက သန္တာလောကကြီးမှာ ပေါ်နေတဲ့ သဘောပါ၊ အခုဒီဖဿက သညာဝိညာဏ်နယ်မှာမပေါ်ပါ၊ ပရမတ္ထနယ်မှာသာ ပေါ်တဲ့ ဖဿမျိုးပါ။

ထပ်ပြောမယ် ဖဿဆိုတာ ဘာကိုခေါ်သလဲ ?

"စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" ဒီ ၄-ချက်ကို ပြန်ကိုင်လိုက်ပါ၊ မြင်တယ်လို့ဆိုတာဟာ ဒီ၄-ချက်ပြည့်စုံမှ မြင်တယ်လို့ပြောလို့ရပါတယ်၊ ထပ်ပြောမယ် အဆင်း, အကြည်, အမြင်,အသိ-ဒီ ၄-ချက်ရဲ့အရိပ်ကနေပြီးတော့မှ စိတ်စေတသိက်တွေဖြစ်လာရတယ်၊ ဒီဟာကို သမ္မသနဉာဏ်ကချေခဲ့ပြီ၊ အခုဒီနေရာမှာ ဘာကျန်သလဲ၊ ၄-ပါးဆိုတဲ့အရိပ်လေးတွေ ကျန်နေသေးတယ်၊ ဒါကိုပစ္စယအကြောင်းရိပ်လို့ ခေါ်တယ်၊ အဆင်းလို့ဆိုတဲ့အနေနဲ့တော့ သွားမယူပါနဲ့တော့၊ ၄-ခုဆိုတဲ့အရိပ်လေးသာကျန်တော့တယ်။

ကျန်ပုံကိုပြောပြမယ်၊ အဆင်းကဘယ်လိုကျန်သလဲလို့ဆိုရင်ဘဲ အဲဒါဆုံလိုက်တဲ့အခါမှာ ဖဿလေးအနေနဲ့ ကျန်နေတယ်၊ ရူပါရုံ,သဒ္ဒါရုံ, ဂန္ဓာရုံ,ရသာရုံ ,ဖောဋ္ဌဗ္ဗာရုံ ငါးအာရုံ ၅-ပါးမှာကို ဖဿလေးတွေကျန်နေတယ်၊ ဒါကိုဖဿပဉ္စက ၅-ပါးလို့ ခေါ်တယ်၊ ဒီငါးပါးရဲ့အရိပ်လေးတွေ ကျန်နေတယ်၊ ဒါကိုဘုရားရှင်က ပဋိစ္စသမုပ္ပါဒ်ကြီးဖွင့်တဲ့အခါမှာ အဝိဇ္ဇာ, သင်္ခါရ,တဏှာ, ဥပါဒါန်,ဘဝဆိုပြီး အတိတ်အကြောင်းစက်ကြီး ဖွင့်လာတယ်၊ အဲ့ဒီ ၅-ခုဟာအတိတ်အကြောင်းတွေပါ။

ဒီတော့ အဆင်းဖဿာရိပ်တွေကနေပြီး ပဋိစ္စသမုပ္ပါဒ်စက် အတိတ်အကြောင်းစက်ကြီးဖြစ်လာပြီ၊ ဒီတော့ အာရုံငါးပါးက ထွက်လာတဲ့ ဖဿပဉ္စက ၅ ပါးကနေပြီး အတိတ်အကြောင်းစက် ထွက်လာပါတယ်၊ ဘာ့ကြောင့် အတိတ်အကြောင်း စက်ဖြစ်လာသလဲ၊ စိတ်နဲ့စေတသိက်တွေကို ဘယ်လိုဘဲချေချေ အဝိဇ္ဇာကြီးက ကျန်နေသေးတယ်၊ ဒီအဝိဇ္ဇာကြီးကို ကြည့်လိုက်ရင်လဲ မျက်မှောက်မဟုတ်ပါ၊ မျက်ကွယ်သဘောကြီး ဖြစ်ခြင်းကြောင့် အတိတ်အကြောင်းစက်ဆိုပြီး ချလာတာပါ၊ ဒီတော့ အတိတ်အကြောင်းစက်မှာ အဝိဇ္ဇာကြီးကိုယူရင် သင်္ခါရကိုပါ ယူလာရတယ်၊ ဒီအကြောင်း ၂-ချက်ရှိလာရင်ဘဲ တဏှာ ဥပါဒါန် ဘဝတွေဟာလဲပါလာတော့မယ်၊ အဲဒါ အတိတ်အကြောင်းစက် ရှိလာရင်ဘဲ အနာဂတ်အကျိုးစက်ဟာလဲ ရှိလာရတော့တယ်။

ဒီတော့ အတိတ်အကြောင်းစက်မှာ အဝိဇ္ဇာအရိပ်ကြီးဟာ ဘယ်လိုရှိနေတာလဲ၊ အဝိဇ္ဇာစကားကိုပြောရင် နာမပညတ်ကို ပြေးကြည့်ပါ၊ နာမပညတ်ဆိုတာ အတိတ်သဘောပါ၊ ဒါဟာ အဝိဇ္ဇာကထွက်နေတဲ့ နာမပညတ်ပါ၊ ဒီတော့ ပညတ်သဘော မှန်ရင် အတိတ်နဲ့ အနာဂတ်မှာသာ ရှိပါတယ်၊ ပစ္စုပ္ပန်သဘော မဟုတ်ပါ၊ ဒီတော့ နာမပညတ်ဟာ သညာရဲ့ အမှတ်ပါ၊ သညာဆိုတာ အတိတ်ကိုသာ မှတ်ပါတယ်၊ ဒီကျအောင်ကြည့်ပါ၊ ဒီတော့ အာရုံ ၅-ပါးက ထွက်လာတဲ့ ဖဿပဉ္စက ၅-ပါးက ထွက်လာတဲ့ အတိတ်အကြောင်းစက်ပါ။

နောက်အကြည်ကျတော့လဲ စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ ၅-ပါးသောဒွါရက ထွက်လာတဲ့ ဖဿကျတော့လဲ ဖဿပဉ္စကလို့ဘဲခေါ်တယ်၊ ဒီ ဒွါရတွေမှာလဲ

မူလစိတ်၊ စေတသိက်တွေ ဖြစ်စဉ်က ကျန်နေတဲ့ ဖဿလေးတွေ ရှိနေတယ်၊ ဒီ ဒွါရကထွက်လာတဲ့ ဖဿပစ္စကကျတော့ ပဋိစ္စ သမုပ္ပါဒ်ထဲထည့်ရင် ပစ္စုပ္ပန်အကျိုးစက်ပါ၊ ဘာ့ကြောင့်ပစ္စုပ္ပန် အကျိုးစက်ဖြစ်သလဲ၊ ဒီ ခန္ဓာကြီးမှာရှိနေတဲ့ အကြည်ဓာတ်တွေ ဟာ မိမိရဲ့သညာဝိညာဏ်ကြောင့် တပ်ဆင်ထားတာ၊ (ဝါ) ဖြစ်လာတာမဟုတ်ပါ၊ အတိတ်အကြောင်း ဇနကကံက ပစ်ချ လိုက်တဲ့အတိုင်း ဖြစ်လာတာဖြစ်ခြင်းကြောင့် အကျိုးလေးတွေဘဲ မဟုတ်လား၊ ဒါဟာ ကံကြောင့်ဖြစ်လာတဲ့ အကျိုးကောင် လေးတွေဘဲမဟုတ်လား။

ဒါကို အခြေခံတားပြီးတော့ အကြည်လေးတွေက ပေါင်းပြီး လို့ကျန်ခဲ့တဲ့ ဖဿပစ္စကကနေပြီး ပဋိစ္စသမုပ္ပါဒ်ဖွဲ့တော့ ပစ္စုပ္ပန် အကျိုးစက်လို့ဖွဲ့ရပါတယ်၊ ဒီ သဘာဝတွေကျတော့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုပြီးဖွဲ့လာတယ်၊ ဝိညာဏ် ဆိုတာ စိတ်တခုယုတ်ကိုးဆယ်ကို မယူပါနဲ့၊ အတူဖြစ်လာတဲ့ ဗာတ္တိံသကိုသာ ယူပါ၊ ဒီတော့ ပစ္စုပ္ပန်အကျိုးစက်ရှိရင် ပစ္စုပ္ပန် အကြောင်းစက်ရောမရှိဘူးလား။

နောက် အဆင်းနဲ့အကြည် ဆုံတဲ့အခါမှာ အမြင်သဘော စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ် ဒီ ဝိညာဏ် ၅-လုံး (ဝါ) သညာ ၅-လုံးမှာလဲ ဖဿပစ္စက ၅-လုံးရှိတယ်၊ သူ့ကျတော့ အနာဂတ်ကိုထွက်မဲ့ ကံမျိုးစေ့လေးတွေ ပါလာပြီ၊ သူ့ကိုပဋိစ္စသမုပ္ပါဒ်စက်ဘပ်ရင် ပစ္စုပ္ပန်အကြောင်းစက်ပါ၊ သူ့မှာ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ ဒီ ၅-လုံးက အနာဂတ်အတွက် ကံမျိုးစေ့တွေ ယ်၊ ဒါကို ပဋိစ္စသမုပ္ပါဒ်လည်တယ်လို့ပြောတာပါ။

ဒီတော့ ဒီခန္ဓာကိုယ်ကြီးကို ရထားတာဟာ အတိတ်အကြောင်း စက်ကလှာချလိုက်တာပါ၊ ယခုရရှိနေတဲ့ ခန္ဓာကောင်ကြီးက အကျိုးကောင်ကြီးပါ၊ ဒီတော့ဝိညာဏ်ဆိုတာ စိတ်တခုယုတ် ကိုးဆယ်ကိုမယူပါနဲ့၊ ဝိပါက်စိတ် ဒွတ္တိံသကိုသာယူပါ၊ ဒီအကျိုး ကောင်ကြီးကနေပြီးတော့ အကြောင်းကြီးတွေကို အနာဂတ် အတွက် လုပ်လာလိမ့်အုံးမယ်၊ နောက်သိမှုခေါ်တဲ့ ဝိညာဏ် ကြီးကျတော့လဲ ဖဿပဉ္စက ၅-ချက်ထွက်လာပြန်တယ်၊ ဒီတော့ ပစ္စုပ္ပန်အကြောင်းထဲက ပါလာတဲ့ အနာဂတ်အတွက် အကျိုးကို ပြန်ဆွဲပြီး ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုပြီး ဘက်လှာတယ်၊ ဒါကအနာဂတ်အကျိုးစက်ပါ။

ဒီတော့ အဆင်းဖဿပဉ္စက ၅-ချက်၊ အကြည်ဖဿပဉ္စက ၅-ချက်၊ အမြင်ဖဿပဉ္စက ၅-ချက်၊ အသိဖဿပဉ္စက ၅-ချက်၊ ပေါင်းတော့ဖဿပဉ္စက ၂၀-ရတယ်။ ဒါကို ပဋိစ္စသမုပ္ပါဒ်ခြင်းရာ ၂၀ လို့ ပြုလာတာပါ၊ စက်ရဟတ်တပ်ရင် အတိတ်အကြောင်း စက်၊ ပစ္စုပ္ပန်အကျိုးစက်၊ ပစ္စုပ္ပန်အကြောင်းစက်၊ အနာဂတ် အကျိုးစက်ဆိုပြီး ဒီစက်ရဟတ် ၄-ပါးရဲ့အပေါ်မှာမှ ဝေဒနာ လေးကလှည့်နေတာပါ၊ ဓမ္မစကြာတရားကြီးတုံးက ဝေဒနာ နဲ့ဖဿမှာ ဖဿကခေါင်းပိုင်း၊ ဝေဒနာက အမြီးပိုင်းဆိုပြီးပြော လှာခဲ့တယ်၊ အခုဒီနေရာမှာ ဝေဒနာကလှည့်နေပြီ၊

ဒီတော့ အခုဒီနေရာမှာ ဖြစ်ပျက်ကို အရင်ရှာမလား၊ ကံကို အရင်ရှာမလား၊ ဖြစ်ပျက်ဆိုတာ ဘယ်ဟာလဲ၊ ကံဆိုတာဘယ် ဟာလဲ၊ ဒါကိုရှာရမယ်၊ ဖြစ်ပျက်အစစ်ကို တွေ့ပြီလား၊ ဖြစ်ပျက် အစစ်ကိုတွေ့ရင် ဘုရားရှင်က

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ — လို့

ဟောကြားတော်မူခဲ့ပါတယ်၊ ဒီတော့ တနေ့တရက် တနံနက်ပင် နေ့ရသော်လဲ ဖြစ်ပျက်အစစ်ကိုတွေ့ရင် အသက်ရှည်တယ်၊ ဖြစ်ပျက်အစစ်ကိုမှမတွေ့ရင် အနှစ်တရာပင်နေရသော်လဲ အသက်ရှည်သည်မမည်ဘူးလို့ ဟောကြားလာပါတယ်။

ကိုင်း ဒီတော့ အခုရှုနေကြတဲ့ ဖြစ်ပျက်တွေဟာ ဘယ်လိုရှုနေကြသလဲ၊ အဲဒါ သညာဝိညာဏ်နဲ့ ဆဲ့ပြီးတော့ နာမနဲ့ သဏ္ဍာန်ပေါ်တင်ပြီး အိုးကျကွဲတာ လူသေတာ စသည်ဟာတွေကိုရှုနေကြတယ်၊ ဒါဟာသညာ ဝိညာဏ်နဲ့ ဆဲ့ပြီး ရှုနေတာဖြစ်ခြင်းကြောင့် ဘယ်မှာဟုတ်မလဲ၊ သညာဝိညာဏ်လွတ်ပြီး ဖြစ်ပျက်ကိုမြင်မှ (ဝါ) ပညာမြင် ဖြစ်ပျက်ကိုရှုရမယ်၊ ဒီတော့ စိတ်စေတသိက်တွေကပြောတဲ့ ဖြစ်ပျက်သညာဝိညာဏ်ကပြောနေတဲ့ မြင်တဲ့အာရုံလေးကနေပြီး ကြားတဲ့အာရုံလေးကို ပြောင်းတဲ့အခါမှာ မြင်တဲ့အာရုံလေးကပျက်၊ ကြားတဲ့အာရုံလေးကဖြစ်၊ ဒီလိုရှုနေတဲ့ဖြစ်ပျက်တွေကို အားလုံး မောင်းထုတ်ပစ်လိုက်ပါ။

ဒီတော့ ပညာမြင် ဥဒယဗ္ဗယဉာဏ်ကိုမြင်ရင် အဲဒါတနေ့တရက် တနံနက်ပင် အသက်ရှင်ရသော်လဲ မြတ်တယ်၊ ဖြစ်ပျက်ကိုမှမမြင်ရင် အနှစ်တရာနေရသော်လဲ မမြတ်ဘူးလို့ ဘုရားရှင်ဟောကြားသွားပါတယ်၊ ဒီတော့အရိုးစိုက်ဒိဋ္ဌိကြီးကို သမ္မသနဉာဏ်ကနှုတ်ပစ်လိုက်ပြီ၊ အပင်စိုက်ဒိဋ္ဌိဆိုတာက ၂၉-ပါးသောကံတို့ပြုပြင်စီမံရာမှာ ခန္ဓာကောင်သွားဖြစ်နေတာကိုခေါ်တယ်၊ ဒီအပင်စိုက်ဒိဋ္ဌိကို အခုဥဒယဗ္ဗယဉာဏ်ကနှုတ်ရတော့မယ်၊

ကိုင်း....ဖြစ်ပျက်ဆိုတာဘယ်ဟာလဲ၊ဘုရားရှင်က ဖြစ်ပျက်ကို မြင်အောင်ရှုဆိုတာ ပဋိစ္စသမုပ္ပါဒ်တရားကြီးဟာ သုခဟူကမြူမျှ မရှိ ဒုက္ခတရားကြီးပါလားလို့ပြခဲ့တယ်၊ "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" လို့ပြလာပါတယ်၊ ဒီတော့ဖြစ်ပျက်ကို ပြောပြမယ်၊ စက် ၄-စက်ကိုဖြစ်ပျက် ၂-ပါး နဲ့ဝေဘန်လိုက်ရင် အတိတ်အကြောင်းစက်ကြောင့် ပစ္စုပ္ပန် အကျိုးစက်ဖြစ်သာဘယ်၊နောက်ဒီအကျိုးစက်ကနေ အကြောင်း မျိုးတွေကျလာတယ်၊ ဒီအကြောင်းမျိုးတွေကနေ အနာဂတ် အကျိုးစက်ဖြစ်လာတယ်၊ ဒါပဋိစ္စသမုပ္ပါဒ်လည်တာပါ။

ဒါကိုပြောပြမယ်၊ အတိတ် အကြောင်းစက်ဆိုတာ ဖြစ် သဘောပါ၊ ပစ္စုပ္ပန်အကျိုးစက်က ပျက်သဘောပါ၊ နောက် ပစ္စုပ္ပန်အကြောင်းစက်က ပျက်တဲ့သဘောပါ၊ အနာဂတ်အကျိုး စက်လေးကျတော့ ဖြစ်တဲ့သဘောပါ၊ ဒီတော့ ဖြစ်ပျက်,ပျက်ဖြစ် ဒီလိုပဋိစ္စသမုပ္ပါဒ်ကြီးလှည့်နေတယ်၊ ဒါကိုဘုရားရှင်က ဖြစ်ပျက် ကိုမြင်အောင်လို့ ပဋိစ္စသမုပ္ပါဒ်ကြီး လှည့်ပြလိုက်တာပါ။

ပဋိစ္စသမုပ္ပါဒ်မှာဖြစ်ပျက်အခနေနဲ့ ယူနိုင်သွားရင်နောက်ဒုက္ခ ၄-ချက်ကိုသွင်းကြည့်ပါ၊ အတိတ်အကြောင်းစက်က ဇာတိဒုက္ခ ပြုပြင်တဲ့သဘောတရားပါ၊ သတ္တဝါတွေကို ပြုပြင်နေတာပါ၊ ပြုပြင်တဲ့သဘောတရားရလာတာနဲ့ ပစ္စုပ္ပန်အကျိုးစက်မှာ နှိပ် စက်လာတော့တယ်၊ဒီခန္ဓာကောင်ကြီး ရလာတာသည်ပင်နှိပ်စက် တဲ့သဘောကြီးရလာပြီ၊ ဒီသဘာဝတွေကို မမြင်ကြလို့သာ အဲဒါ ဝတ်စားဆင်ယင်ထုံးဖွဲ့ပြီးနေကြတာပါ။

ဒီလိုလဲ နှိပ်စက်တဲ့ သဘောလဲ ရလာရော အဲဒါပစ္စုပ္ပန် အကြောင်းစက် ပူပန်တဲ့သဘောကြီး ပေါ်လာပြန်ပြီးအဲဒါပူပန်

ဘဲ့အတွက် ၂၉-ပါးသောကံမျိုးစေ့တွေကို ချပြန်ပြီ၊ နောက် တဘဝ တခန္ဓာသဲ ဇာတ်သိမ်းသွားရော( ဝါ ) ဖေါက်ပြန်ပျက် စီးသွားတော့ အနာဂတ်သဘာဝကို ခန္ဓာငါးပါးရုပ်နာမ်ပင်ကြီး သွားပေါက်ပြန်ပြီ၊ ကိုင်း....ဒီတော့ပဋိစ္စသမုပ္ပါဒ်ကြီးကိုကြည့်ရင် ဒုက္ခ ၄-ချက်ပါ၊ နောက်ဖြစ်ပျက် ၂—ပါးပါ။

ဒီတော့ဖြစ်တာသည်ပင် ပျက်ချင်လို့ပါ၊ ပျက်တာသည်ပင် ဖြစ်ချင်လို့ပါ၊ဒီတော့အခုပြလိုက်တဲ့ဖြစ်ပျက်က သညာဝိညာဏ် ပါသလား — မပါတော့ပါ၊ ဒီတော့ အိုးကျက်ခွဲတာ, ဖြစ်ပျက် တအာရုံနဲ့ တအာရုံပြောင်းတာ ဖြစ်ပျက်လို့ ရှုတော့မလား၊ ဥပါဒ် ဌီ ဘင် အနေနဲ့ ရှုတဲ့ဖြစ်ပျက်ကောပါသလား—မပါတော့ ပါ၊ ကိုင်းပဋိစ္စသမုပ္ပါဒ်ကြီးလှည့်နေတာကို မြင်ရလို့ဖြစ်ပျက်ကို တွေ့နေပြီ၊ နောက်ကံကိုပြောပြအုံးမယ်၊ ကံဆိုတာဘာကိုခေါ် သလဲ၊ ဒီတော့ဖြစ်ပျက် ၂—ပါးကိုလဲ သိမ်းလိုက်ရော ကံမျိုးစေ့ လေးဟာမကျတော့ဘဲ မြုံသွားမယ် ဒီတော့မှ (၃၁) ဘုံကြီးမှာ မျိုးစေ့မကျနိုင်တော့ပါ။

၂၉-ပါးသောကံတရားဆိုတာက သညာဝိညာဏ်နဲ့ လုပ်တဲ့ ကံတရားပါ၊ ကုသိုလ်ဆိုတာက ဖြူစင်တဲ့ပညာနဲ့ လုပ်တဲ့ ကုသိုလ် ပါ၊ ( ဝါ ) သဒ္ဓါတရားနဲ့ လုပ်တာပါ၊ လုပ်တာချင်းကတော့ အတူတူပါဘဲ၊ ဘုရားရှိခိုးတာချင်းဟာ အတူတူပါဘဲ၊ ဒါပေမဲ့ အန္ဓကအစွဲနဲ့ ရှိခိုးတာ၊ သောတာပန်ကျတော့ ကြည်ညိုလို့ ရှိခိုးတာ၊ ကြည်ညိုလို့ရှိခိုးတာက ကုသိုလ်ပါရမီအနေနဲ့ဖြစ် တယ်၊ အစွဲနဲ့ရှိခိုးတာကျတော့ ကံဖြစ်တယ်၊ ဒီတော့-၂၉-ပါး ကံတရားကိုစေတနာနဲ့လဲလုပ်တယ်၊စေတနာနဲ့လုပ်တာကျတော့ ကံဖြစ်တယ်၊ သဒ္ဓါတရားနဲ့လုပ်တာကျတော့ ကုသိုလ်ဖြစ်တယ်။

စေတနာဆိုတာက ၅-ပါးသောပသာဒနဲ့ မြင်လိုက်တဲ့အခါမှာ ကြည်သိုလို့ လူဒါန်းလာတယ်၊ တနေ့အမြင်မဘော်တာတွေတော့ အကြည်ညိုပျက်သွားတယ်၊ သဒ္ဓါတရားကျတော့ ၅ ပါးသောပသာဒနဲ့ မလုပ်တော့ပါ၊ ဩကပ္ပန, အာဂမ, အဓိဂမသဒ္ဓါတွေနဲ့သာ လုပ်တော့တယ်၊ ဒီလိုကြည်ညိုလာတာကျတော့ဘယ်တော့မှ မပျက်တော့ပါ၊ ဒါကိုကုသိုလ်၂ါရမီလို့ ခေါ်တယ်၊ ဒီလိုကိုကံနဲ့ ကုသိုလ်ကွာခြားပုံ၊ စေတနာနဲ့ သဒ္ဓါတရား ကွာခြားပုံကိုခပြောလိုက်တာပါ၊ ဒါခကြောင့်ဗုဒ္ဓဘာသာမှန်ရင် သဒ္ဓါတရားသာလျှင် အရေးကြီးပါတယ်။

သဒ္ဓါတရားရှိလာမှ တန်ဘိုးရှိပါတယ်၊ ဒီတော့ပညာရဲ့ရှေ့ပြေးဟာ သဒ္ဓါတရားပါ၊ သဒ္ဓါနဲ့ပညာညီသာရင် ဝီရိယဖြစ်လာပါတယ်၊ ကိုင်း—ဒီတော့ ကံကိုရှာပြမယ်၊ ဖဿအနေနဲ့ဆိုရင် ဖဿ ၂၀ ရှိတယ်၊ စက်အားဖြင့် ၄-စက်ရှိနေတယ်၊ ဒီထဲမှာကံကိုရှာပြမယ်၊ ကံဆိုတာဘာလဲ- ပြုပြင်တဲ့သဘောပါ၊ ဒါအဘိတ်အကြောင်းစက် ပြုပြင်တဲ့ဘသောပါ၊ ဒါဟာဇနကကံပါ၊ ဒီတော့သင်္ခါရတွေဟာ ဘဝဘွေမှာပေါ်အောင် လုပ်ပေးတာကို ကံလို့ခေါ်တယ်၊ ဒါဟာဇနကကံ၂ါ၊ ဒီဇနကကံလေးရှိလို့ ပစ္စုပ္ပန်အကျိုးလေးဘွေရလာတာပါ။

ဒီတော့ ကံဆိုတာ ပြုပြင်တဲ့သဘောကိုယူပါ၊ ဒီကံဟာ ဇနကကံပါ၊ ဒါရှိသာလို့ အကျိုးကောင်ကြီးရသာတာပါ၊ ဒီဟာတွေရှိလာတော့ ပစ္စုပ္ပန်အကြောင်းစက်ကျတော့ ကမ္မဘဝဆိုပြီးပေါ်လာတယ်၊ ဒါကို တရားကိုယ်ကောက်ချင် စေတနာကိုကောက်ရပါတယ်၊ ဒါဟာ ဥပထမ္ဘကကံပါ၊ အခု ဒီနေရာမှာပစ္စုပ္ပန်အကြောင်းစက်ပါ၊ ဥပထမ္ဘကကံဆိုတာ စေ့ဆော်တဲ့

သင်္ကော (ပါ) ဖြစ်စေတဲ့သဘော၊ ဒါဟာလဲကံဘဲ၊ သူ့မှာ တဏှာပြဋ္ဌာန်းနေတယ်။

အခုမဂ်က ဘာကိုပယ်သတ်မလဲ၊ ဖြစ်သဘောတဏှာပြဋ္ဌာန်းတဲ့ ပစ္စုပ္ပန်အကြောင်းစက်ကံကို သတ်မယ်၊ ဒီတော့မှ အနာဂတ်ကို မသွားနိုင်တော့ပါ၊ အဲဒါ အတိတ်က ဇနကကံကလဲ ခန္ဓာကိုယ်ကြီးမှာဘဲ ရှိတော့တယ်၊ ဒီကံဆိုတာ ဘာလဲ၊ ပြုပြင်တဲ့သဘောနဲ့ဖြစ်သဘော၊ ဒါကို အကျဉ်းချုံးရင် ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာပါ၊ ဒီတော့ ကံကိုသိပြီ၊ ဒီတော့ ဖြစ်ပျက်ကို သံသရာရပ်အောင် ဘယ်လိုသတ်မလဲ၊ ဒီတော့ အတိတ်ကို မကြည့်နဲ့၊ ပစ္စုပ္ပန်ဖြစ်ပျက်ကို ဒုက္ခနဲ့အနတ္တ သိမ်းရတော့မယ်။

# ညဟောစဉ်။

"အတီတာနာဂတပစ္စုပ္ပန္န အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန" လို့ ဘုရားရှင် ဟောကြားတော်မူသည့်အတိုင်း လက္ခဏာယာဉ် ၃-ချက်ဖြင့် ဆက်စပ်တဲ့ သန္တတိတွေကိုပင် အသီးသီးသိမ်းလိုက်တော့ ဘယ်သဘာဝကို တွေ့ကြံသလဲ၊ ဒီတော့ သဿတလို့ ပြောသော်လဲ သဿတဟာ ဘာလဲ၊ "သဿတော လောကော" ဒါဟာ အရိုးစိုက်ဒိဋ္ဌိတွေပါ၊ ဥစ္ဆေဒဒိဋ္ဌိကျတော့ ပြတ်တယ်၊ ကင်းတယ်၊ ဒီ အစွဲအယူရှိတဲ့ ပုဂ္ဂိုလ်တွေမှာ အဆင်ပိုးကြီးတွေကျနေပြီ။ အဲဒီ အရိုးစိုက်ဒိဋ္ဌိတွေကို သမ္မသနဉာဏ်က ချွတ်လိုက်ပြီ၊ အခု အပင်စိုက်ဒိဋ္ဌိ ကျန်နေသေးတယ်။

လူဖြစ်ပြန်တော့လဲ ၂၈-ပါးသော ကံတရားတွေကို အနှစ်အသားလေးတွေအနေနဲ့ စွဲပြီးတော့ ချလာတာကို အပင်စိုက်ဒိဋ္ဌိလို့ခေါ်တယ်၊ အဲဒီ အပင်စိုက်ဒိဋ္ဌိကို ဥဒယဗ္ဗယဉာဏ်က ချွတ်မယ်၊ ဒီတော့ ဒီ ဒိဋ္ဌိတွေကျွတ်ရင် ဘယ်ထိအောင် အကျိုးတရားတွေ ရသွားမလဲ။

"တိဏ္ဏံ သံယောဇနာနံ ပဟာနာယ ပရိက္ခယာယ နိယတော အဂိနိပါတ ဓမ္မော သမ္မောဓိပရာယနော ဟောတိ" လို့ ဟောကြားတော်မူခဲ့ပါတယ်။

ဥဒယဗ္ဗယဉာဏ်ကြီးကိုပွားရင်ဘဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးလက်ထက်က ဘုရားရှင်ရဲ့ နိမ္မိတတန်ခိုးဖြင့် လွှတ်တော်မူပြီး အထူးသဖြင့် ဆုံးမလာတဲ့အတိုင်း တရားနာကြတဲ့ ယောဂီပုဂ္ဂိုလ်

တွေ ဥဒယဗ္ဗယဝဲကြီးထဲက တက်နိုင်အောင် ကြိုးစားကြပါ၊ ဒီ ဥဒယဗ္ဗယဝဲကြီးက တက်နိုင်ရင် အာနာပါန တရားတော်ကြီးကို ကိုယ့်ဟာကိုယ်ဘဲ အားထုတ်နိုင်လာပြီ၊ ဒါကြောင့် အပင်စိုက်ဒိဋ္ဌိကြီးတွေကို ပယ်နှုတ်နိုင်ပါစေ၊ ဒီတော့ အနမတဂ္ဂသံသရာ အစမထင်တဲ့ ဘဝကစပြီးတော့ ငုံ့လာတဲ့ အတ္တဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကြီးတွေကို ပယ်နှုတ်နိုင်ပါစေလို့ မေတ္တာပို့လိုက်ပါသည်။

ဒါကြောင့် ဤအနတ္တတည်းဟူသော ဆေးတော်ကြီးဖြင့် တိုက်ကျွေးလိုက်တာနဲ့ အပင်စိုက်ဒိဋ္ဌိကြီးတွေကို ဖြတ်နိုင်ပါတယ်၊ ကိုင်း.... ဒီတော့ အတိတ်သဘော နာမပညတ် သဿတဒိဋ္ဌိ အဝိဇ္ဇာရိပ်ကို ရိုက်ချိုးတော့ အနိစ္စ ကုန်တတ်သောသဘော၊ ပျက်သဘော ကင်းတဲ့သဘော၊ ချုပ်တဲ့သဘောမှာ ဉာဏ်ကျွောင်းချခဲ့ပါတယ်။ အနာဂတ်သဘော သဏ္ဌာနပညတ် ဥစ္ဆေဒဒိဋ္ဌိ ဘဏ္ဍာရိပ်ဟာ ဒုက္ခတရားထဲမှာ ဉာဏ်ကျွောင်းကျပါတယ်။

အဲဒီ ၂-ချက်ဟာက အပင်ကိုလှဲလိုက်တာနဲ့ တူတယ်၊ ဒီတော့ အပင်ကြီးလဲသွားတော့ အသီးလေးတွေနဲ့ တူတဲ့ ကံအရိပ်ကလေးတွေဟာ ဖရိုဖရဲနှင့်ဖြစ်ပြီးတော့ အနတ္တဒဏ်ချက်ထဲမှာဉာဏ်ကျွောင်းကျပါတယ်၊ ကိုင်း....ဒီတော့ ဘာကျန်သလဲ၊ ပစ္စုပ္ပန်အကျိုးဝေဒနာအရိပ်လေးကျန်တယ်၊ အဲဒါ အန္ဓတွေမှန်ရင် ခံစားဘဲ့ဝေဒနာအရိပ်လေးဟာ နှလုံးအိမ်ထဲမှာ ကျန်နေသေးတယ်လို့ ဆိုလိုပါတယ်၊ ဒါကို ထပ်ချေရမယ်။

ဝိပဿနာဉာဏ်နဲ့ ကာလ ၃-ပါး ရုပ်နာမ်ကိုသိမ်းရင် ဘာပေါ်လာသလဲ၊ ဖြစ်ပျက်ပေါ်လာတယ်၊ တနည်း ကံလေးပေါ်

လာတယ်၊ ဒါကို ဖြတ်ဖို့ ဝိပဿနာဉာဏ်မှာ ဝိညာဏ်မြင် ဥဒယဗ္ဗယ, ပညာမြင် ဥဒယဗ္ဗယဆိုပြီး ၂ မျိုးခွဲလာပါတယ်၊ အခု တော့ ဆရာတော်က မဟာသတိပဋ္ဌာန် တရားတော်ကြီးရဲ့ လုပ်ငန်းစဉ်ကျတော့ တမျိုးထဲဘဲ ထုတ်ပြသွားပါမယ်၊ ကိုင်း.... လက်တွေ့နည်းနဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေကို ဟောကြားပါမယ်။

ဒီတော့ ဖြစ်ပျက်ဆိုတာ ဘာကိုခေါ်သလဲ ? ကံဆိုတာဘာကို ခေါ်သလဲ ? အဲဒါကို အပိုင်သိတာနဲ့ ပညာမြင် ဥဒယဗ္ဗယကြီးကို ပိုင်ပါတယ်၊ ဒီတော့မှ ကံကံ၏အကျိုးတရားကို ယုံကြည်သွား မယ်၊ အခု ဒီနေရာမှာ ဘယ်ဒိဋ္ဌိ ပိုးကိုပယ်မလဲ၊ အတ္တဒိဋ္ဌိနဲ့ အကြိယဒိဋ္ဌိ ၂ ပါးကို ပယ်မယ်၊ ဒီတော့ ကောင်းတာလုပ်ရင် ကောင်းတာကို ခံစားရတယ်လို့ ယုံကြည်စွဲယူလာဘာကို (ဝါ) သညာဝိညာဏ်နဲ့ စွဲယူလာတာကို အတ္တဒိဋ္ဌိလို့ ခေါ်တယ်၊ နောက် အကြောင်းတရားတွေကိုပယ်ဘာ (ဝါ) ကံကိုမယုံကြည်တာကျ တော့ အကြိယဒိဋ္ဌိလို့ ခေါ်တယ်၊ ဒါ့ကြောင့် ၂ ဖက်သွားကြီး ဖြစ်နေတယ်။

ဒီတော့ သညာဝိညာဏ်နဲ့ လုပ်ရင် ဒီအတိုင်းဘဲ မဇ္ဈိမပဋိပဒါ ကျအောင်ယူလို့ မရပါ၊ ဒီတော့ကံကို ယုံကြည်ပြန်တော့လဲ အတ္တဒိဋ္ဌိ၊ မယုံကြည်ပြန်ရင်လဲ အကြိယဒိဋ္ဌိဖြစ်နေတယ်၊ ဒီတော့ သညာဝိညာဏ်ဖြင့် ယုံကြည်နေကြတဲ့ ကံတွေဟာ သံသရာလည် တဲ့အခါမှာ အကျိုးပေးမပြပါ၊ အကျိုးပေးမဲ့လိုလျှင် သညာ ဝိညာဏ်နဲ့ ယုံကြည်မှုကိုဖြတ်ပြီး ပညာနယ်မှာရှိတဲ့ ယုံကြည်မှုကို ရှာရမယ်၊ အဲဒါ ကံတရားအစစ်ဘာ အနတ္တခေတ်ပါ၊ အနတ္တ ခေတ်ဟာနိဗ္ဗာနခေတ်ကို ဝင်နိုင်ပါတယ်၊ ဒါ့ကြောင့်ကံတရား

အဖို့လုပ်နိုင်ရင် အနတ္တခေါ်တတ်ကို ဖမ်းနိုင်ပြီ၊ အဲဒါနိဗ္ဗာန်ခေါ်တတ်ကို ဝင်နိုင်ပါတယ်၊ အခုလုပ်နေတာက ကိုယ်ကလုပ်နေတာက အတ္တအနေနဲ့ လုပ်နေတယ်၊ ကံတရားက အနတ္တခေါ်တတ် အစစ်ပါ၊ ဒါ့ကြောင့်အကျိုးပေးမပြတ်တာပါ။

ဘုရားရဟန္တာ ပစ္စေကဗုဒ္ဓါတို့ကျတော့ အနတ္တခေါ်တတ်ကြီးတွေဟာ နှလုံးအိမ်ထဲမှာ အစဉ်ကိန်းနေတဲ့အတွက် အကျိုးပေးမြဲတာ၊ ဒီတော့ပညာမြင် ဥဒယဗ္ဗယ ဉာဏ်ကို ပိုင်ရင် ၂၈-ပါးသော ကံတရားလေးတွေဟာ အနတ္တခေါ်တတ်လေးတွေ ဖြစ်လာမယ်၊ ဒါ့ကြောင့်ကံတရားဟာ အနတ္တခေါ်တတ်ပါ၊ ကံတရားအနတ္တ ဖြစ်ပုံကို ထုတ်ပြမယ်၊ ဥပမာ ကံဟာ ဇနကကံက ဖြစ်စေတဲ့ကံပါ၊ ဥပထမ္ဘကကံက ထောက်ပံ့တဲ့ ကံပါလို့ဆိုပြီး ၂—မျိုးရှိတယ်၊ ထပ်ပြောပြမယ်၊ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေက မြင်တယ် ကြားတယ်လို့ ပြောတာဟာ ဘယ်သဘာဝကို စွဲပြောတာလဲဆိုရင် မျက်စိအကြည်ရယ်, အဆင်းရယ်, ၂-ပါးဆုံတဲ့ သညာရယ်, ၃-ပါးဆုံတဲ့ ဝိညာဏ်ရယ်, ဒီ ၄—ပါးပေါင်းမှ မြင်တယ်၊ (ဝါ) သိမှုကြီးဖြစ်ပေါ်လာတာပါ။

ဒါဖြင့် ဒီ ၄—ပါးပေါင်းတာဟာ ဘယ်အနေနဲ့ပေါင်းတာလဲ၊ ဒီတော့အကြည်ခေါ်တတ်ဟာ အဆင်းလေးနဲ့ ဆုံမယ်ဆိုတဲ့ ဗျာပါရ ရှိသလား၊ အဲဒါနောက်ဆုံးမှာ အဗျာပါရအနတ္တဖြစ်လို့ ပေါင်းနိုင်တဲ့ဗျာပါရဟာက မရှိပါ (ဝါ) အတ္တမရှိပါ၊ ဒီ ၄-ချက်မှာ တခုခု ချို့ယွင်းသွားရင်ဘဲ အဲဒါသိမှု ပေါ်ပါ့မလား-မပေါ်နိုင်ပါ၊ ဒီ ၄ ကောင်ဟာ တကောင်နဲ့ တကောင် ဗျာပါရမရှိဘဲနဲ့ သူတို့ ၄ ကောင် "ပစ္စယသာမဂ္ဂီ"အားဖြင့် အကြောင်းညီညွတ်

သာမှ မြင်တယ် သိတယ်လို့ ပြောတာပါ၊ ဒီတော့ ပစ္စုပ္ပန်ကံ တောင်မှအနတ္တသဘောဘဲမဟုတ်လား၊ ဒီကံတောင်မှအကြောင်း ညီညွတ်မှုရမှပေါ်တာပါ၊ ဒါကိုဥပထမ္ဘကကံလို့ ခေါ်တယ်၊ လှူတဲ့နေရာမှာလဲ ဒီအတိုင်းဘဲဝေဘန်ပါ၊ ဒီတော့အကျိုးပေး တယ်ဆိုတာ သညာဝိညာဏ်နဲ့ မလုပ်ဘဲနဲ့ ပညာဖြင့် အနတ္တ ဓာတ် မြင်အောင်ရှုပြီးလုပ်ရင် နိဗ္ဗာနဓာတ် ပါလာတဲ့အတွက် အကျိုးပေး မြဲတယ်လို့မှတ်ပါ၊ ဒါက ကံတချက်ပါ။

နောက် ဇနကကံဆိုတာက ယခုရနေတဲ့ ခန္ဓာငါးပါး ရုပ်နာမ် ပင်ကြီးဟာ အတိတ်ကပြုလာခဲ့တဲ့ ဇနကကံဟိတ်မှ မရှိရင် ဒီ လူကောင်ကြီးဟာ မရှိပါ၊ ဒါကြောင့် အတိတ်ကံ ဇနကကံ ဟိတ်ကလဲ ယခု ပစ္စုပ္ပန်ဘဝမှာ လူလာပြီးတော့ ဖြစ်နိုင်တာဟာ အနတ္တအနေနဲ့ ဖြစ်နိုင်တာလား၊ ဒီလိုထပ်စစ်လာရင် သူကလဲဘဲ အကြောင်းညီညွတ်မှ ဖြစ်လို့ရပါတယ်၊ သူတို့ကိုလဲ အတ္တအနေနဲ့ ဆွဲကိုင်လို့မရပါ၊ အနတ္တဓာတ်လေးတွေပါ။

ဥပမာ....၄-ပါးသော ပစ္စည်းတို့ကို လှူဒါန်းတဲ့ ကံကတော့ ရှိပြီ၊ ဒီတော့ အဲဒီကံက ဟိုဘဝ ဒီဘဝကို ပို့နိုင်ပြီလား မပို့နိုင် သေးပါ၊ အဝိဇ္ဇာရိပ်ကြီးကလဲ ဟိုဘဝ ဒီဘဝကို ရောက်အောင် ပို့ရပြန်တယ်၊ တဏှာရိပ်ကလဲ ဟိုဘဝ ဒီဘဝမှာ ချစ်ခင်နှစ်သက် လာအောင် ဘဝနိကန္တိက တဏှာအနေနဲ့ လိုက်ရပြန်တယ်၊ ဒီတော့မှ ဒီကံလေးဟာ ဟိုဘက်ဘဝ ဒီဘက်ဘဝမှာ ချနိုင် အောင် ဝေဒနာလေးကိုခေါ်ရပြန့်တယ်၊ ဒါဟာ ဘာ့ကြောင့် ပါလဲ–ဝေဒနာမပါရင် အဝိဇ္ဇာရေသောက်မြစ်ဟာက ချနိုင် ရုံဘဲရှိတယ်၊ ဒီဝေဒနာက ရေသောက်မြစ် ကျွတ်မသွားရအောင် ပမ်းပေးထားရတယ်၊ ဒီတော့မှ ကံမျိုးစေ့လေးကို ချလို့ရတယ်၊

အဲဒါဟာလဲ ပစ္စယာသာမဂ္ဂီ အကြောင်းညီညွတ်မှု ရလာမှဘဲ မဟုတ်လား၊ ဒါကြောင့် သူဟာလဲ အဗျာပါဒ အနတ္တခေတ်အစစ်ပါ၊ နောက်ဆုံး ကံတရားတွေမှန်ရင် အဗျာပါဒ အနတ္တခေတ်ပါ။

ဒါကြောင့် အနတ္တခေတ်ကြီးဟာ (၃၁)ဘုံကြီးမှာ မီးရှူးတန်ဆောင်ကြီးလို ပေါ်ထွက်နေတယ်၊ အဲဒီ အနတ္တခေတ်ကို ယူနိုင်ရင် နိဗ္ဗာနခေတ်ကြီးအထိခံစားနိုင်မယ်၊ အခုအဲဒီထိအောင် မယူနိုင်ကြလို့ သညာဝိညာဏ်နယ်ကြီး ကျယ်နေကြတာပါ၊ ဒီအနတ္တခေတ်ဟာကလဲ ဘုရားရှင်ရဲ့ သာသနာတော်နဲ့တွေ့မှ သိနိုင်ပါတယ်၊ နေ့ခင်းက ကံဆိုတာကို ပဋိစ္စသမုပ္ပါဒ် ပတ်ပြီးပြလိုက်ပါပြီ။

ကိုင်း....ဖြစ်ပျက်ကို ရှုကြဦးစို့ရဲ့....။

ဘာ့ကြောင့် တလောကလုံးမှာ ဖြစ်ပျက် ဖြစ်ပျက်လို့ သညာဝိညာဏ်အနေနဲ့ အပေါ်စားချနေကြတာလဲ၊ ဒီတော့ ဖြစ်ပျက်ဟာ သညာသိ, ဝိညာဏ်သိ, ပညာသိဆိုပြီး ၃ မျိုးရှိနေတယ်၊ ဒီတော့ အိုးကျကွဲတာ, ပုဂံကျကွဲဘာ, လူသေတာတွေကို ဖြစ်ပျက်လို့ ရှုနေတာက သညာသိ ဖြစ်ပျက်ပါ၊ နောက်ဝိညာဏ်သိကျတော့ ဥပမာ မြင်မှုလေး ချုပ်သွားတော့ ကြားမှုလေး ပေါ်တယ်၊ အဲဒီလို တအာရုံနဲ့ တအာရုံ ပြောင်းလဲ ဖြစ်ပျက်နေတာကို ခေါ်တယ်၊ အခု သာသနာတော်မှာ ဒီဖြစ်ပျက်မျိုးထဲတောင် မရောက်ကြသေးပါ၊ အဲဒါ အာနာပါနကို အားထုတ်လို့ သဏ္ဌာန်အရိပ် နိမိတ်လက္ခဏာလေးတွေ ပေါ်လာရင်ဘဲ အဲဒါ ခန္ဓာကိုယ်ကြီး တခုလုံးမှာ သဲကမ်းပါးကြီးများ ပြိုသလို တဖွားဖွား ပြိုနေတာကို တွေ့ရတယ်။

ဒါကို ဖြစ်ပျက် ဖြစ်ပျက်လို့ ရှုနေတာဟာ နာမနဲ့ သင်္ခါရ ပညတ်ရိပ်တွေကို ရှုနေတာဘဲမဟုတ်လား၊ အဲဒီလိုရှုနေတာဟာ သညာဝိညာဏ် ဖြစ်ပျက်၊ အလကား ဖြစ်ပျက်တွေပါ၊ ဒါဖြင့် ယခုဥဒယဗ္ဗယဉာဏ်ကြီးထဲကို ဝင်ဘော့မယ်၊ အဲဒါပညာမြင်ဖြစ်ပျက်ကိုရှာရတော့မယ်၊ ပညာမြင်ဖြစ်ပျက်ဆိုတာ ဘယ်ဟာလဲ၊ ဒီတော့ "အဝိဇ္ဇာ, တဏှာ, ကံ, ဝေဒနာ" ဒီ ၄-ခုကို ချေပြီးဖြစ်ပျက်ကိုရှုလာတယ်၊ ဒါဟာဝိသာခါ တရားခေတ်တုံးက ပေါ်လာခဲ့ပြီ၊ ယခုဒီမဟာသတိပဋ္ဌာန်ကြီးမှာ မသုံးတော့ပါ။

ကိုင်း....ပညာမြင်ဖြစ်ပျက်ကို ဘယ်လိုရှာမလဲ?

ဒီတော့ ဇနကကံနဲ့ ဥပထမ္ဘကကံလေး ဆက်နေတာကိုဖြစ်ပျက်လို့မြင်အောင်ရှုရမယ်၊ ဒီ ကံ ၂-ခုဆက်နေတာကို မြင်ရင် ဖြစ်ပျက်ကိုမြင်ပြီ၊ ဒီဖြစ်ပျက်ကိုမြင်ရင် ကံကိုမြင်ပြီ၊ ကံကို တကယ်မြင်လာရင် ဘုရားစစ်, တရားစစ်, သံဃာစစ်ကိုသာ ကိုးကွယ်လာတော့မယ်၊ ဒီပုဂ္ဂိုလ်ရဲ့ နှလုံးအိမ်ထဲမှာ နိဗ္ဗာနရထားခေတ်ကြီးဟာ ကိန်းနေပြီ၊ (ဝါ) (၃၁)ဘုံကြီးမှလွတ်မြောက်လိုသော သဘောကြီးဟာရှိနေပြီ။

ဒီဘော့ဇနကကံမှာ ဘယ်အရိပ်ရှိသလဲ၊ ဖဿရိပ်ရှိတယ်၊ ဥပထမ္ဘကကံမှာက ဝေဒနာရိပ်ရှိဘယ်၊ ဒီ ၂-လုံးသာရှိတော့ဘယ်၊ ဒါဟာလဲအနတ္တခေတ်အနေနဲ့သာရှိနေကြတယ်၊ ဒါဟာအာနာပါနကြီးကို အားထုတ်လာရင် ချက်တိုင်က ပရိပါစကမီးခေတ်ပွင့်ရင် ဒီပစ္စုပ္ပန်ကံရိပ်ကိုတွေ့မယ်၊ ဒီတော့ဖဿနဲ့ ဝေဒနာခေါင်းနဲ့ အမြီးစပ်နေတဲ့ ဖြစ်ပျက်ကို သွားတွေ့မယ်၊ ဒါကို နားလည်အောင်ပြောနေတာပါ။

ဥပထမ္ဘကကံရဲ့အပေါ်မှာ ဒါနသီလ တွေကိုအားထုတ်လို့ ဖြစ်လာတယ်၊ ဒါ ဘယ်သဘာဝက ဖြစ်လာသလဲ၊ ဝေဒနာရိပ် ကနေဖြစ်နေတယ်၊ ဒါ့ကြောင့် ဥပထမ္ဘကကံဟာ အနုတ္တလို့ ပြောသော်လဲ ဝေဒနာရိပ်ဖြစ်တဲ့ အနုတ္တပါ၊ ဇနကကံကျတော့ "အဝိဇ္ဇာ, တဏှာ, ကံ, ဝေဒနာ" ဒီ ၄-ပါးညီညွတ်မှုရတာကို (ဝါ) ပေါင်းတာကိုခေါ်တယ်၊ ဒါကိုဖဿလို့ ပြောတာပါ၊ အဲဒါ"ဖြစ်"သဘောလို့ယူပါ၊ ပစ္စုပ္ပန်ကံက (ဝါ) ဥပထမ္ဘက ကံက " ပျက် " သဘောလို့ယူပါ၊ ဒီတော့ ဖြစ်ပျက်ကိုတွေ့ပြီ မဟုတ်လား။

ကိုင်း....သာဓုသာ ခေါ်ကြပါတော့၊

သာဓု—သာဓု—သာဓု။

ဒါခေါင်လဆန်း ( ၁၄ ) ရက် နေ့ဟောစဉ်

# ပုံစံနိပါတ် (၁၃)

ကိုင်း....ဖြစ်ပျက်ကို တွေ့ပြီလား ?

ဒီသဘာဝဟာ ရှာရတာ အင်မတန်မှ ခက်ပါတယ်၊ အဲဒီ မဟာသတိပဋ္ဌာန်ကြီးနဲ့ လိုက်ရှာလာမှ မပုန်းအောင်းနိုင်တော့ဘဲ ဖြစ်ပျက်ဟာ ပေါ်လာရပြီ၊ ဒီဖြစ်ပျက်ကို တွေ့လာရင် ပါရမီလုပ်ငန်းစဉ်ဟာလဲ ပြည့်စုံလာတော့မယ်၊ ယခုဥဒယဗ္ဗယ ကြီးမှာ ခန္ဓာလေးတွေ ပေါ်ရတော့မယ်၊ ဒီတော့ ခန္ဓာဆိုတာ ဘာကိုခေါ်သလဲ၊ "ခန္ဓတိတိ ခန္ဓာ၊ ရာသဋ္ဌေန ခန္ဓာ" ဆိုပြီး ပြလာတယ်၊ ဒါကို နောက်တခါထပ်ပြီး— "ခါဒိတဗ္ဗော ခန္ဓိတဗ္ဗော ဇာတိ ဇရာ ဗျာဓိ မရဏာဒီနိ ခါဒိတဗ္ဗော ခန္ဓိတဗ္ဗောတိ ခန္ဓာ" ဒီလိုဆိုပြီးတော့ ဖွင့်ပြလာပါတယ်၊ ဒီတော့ အဓိပ္ပါယ်တွေဟာ အကုန်လုံးပျောက်သွားပြီ၊ အဲဒါ အပေါင်းအစုဟူသော အနက်သဘောကြောင့် ခန္ဓာ။ နောက်— ဇာတိ ဇရာ ဗျာဓိ မရဏ တို့ခဲ၍ စားအပ်သောကြောင့် ခန္ဓာ— ဒီလိုဖွင့်လာကြတယ်။

ဒီတော့ သဘာဝတွေဟာ လိုရင်းမရောက်တော့ဘဲ ပျောက်ကုန်ပြီ၊ ဒီတော့ အဋ္ဌကထာဆရာကြီးရဲ့ စကားကိုဘဲ ဝေဘန်ရင် ရာသဋ္ဌေန၊ အပေါင်းအစုဟူသော အနက်သဘောကြောင့်။ ခန္ဓာ၊ ခန္ဓာမည်၏။ ဒီတော့ ရူပက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတွေကတော့ ရုပ်နှင့်တကွ စိတ်, စေတသိက်တွေ ပေါင်းနေလို့ ခန္ဓာ ဆိုတာကတော့ ဖွဲ့လို့ရပါရဲ့၊ ဟုတ်ပါပြီ ဝေဒနက္ခန္ဓာကျတော့ ဘာခုထဲ့၊ သညက္ခန္ဓာကျတော့လဲတခုထဲ၊ ဒါကိုတော့ ဝေဒနက္ခန္ဓာ,

သညက္ခန္ဓာလို့ ခန္ဓာဖွဲ့လို့ ရမလား— ဒီလိုမေးရင် ဘယ်သို့ ဖြေမှာလဲ။

ရုပ်တွေ စေတသိက်တွေ ပေါင်းစုလို့ ခန္ဓာလို့ပြောတာ မဟုတ်ပါ၊ ဒါဖြင့် ဘာတွေပေါင်းစုနေသလဲဆိုရင်—

အတီတာ နာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီတံဝါ ယံ ဒူရေ သန္တိကေဝါ။

လို့ဆိုတဲ့အတိုင်း သန္တတိတဆယ့်တချက်တို့ ပေါင်းစုနေလို့ ခန္ဓာလို့ခေါ်တာပါ၊ ဒီနေရာမှာသာ အဋ္ဌကထာဆရာကြီးတွေ ရပ်နေကြတယ်၊ ရှေ့ကိုမတက်ကြတော့ပါ၊ ဒါကို လိုက်နိုက်ပါ၊ အတွင်းအပြင်က ဘယ်ခန္ဓာပေါ်သလဲ၊ အကြမ်းအနု အယုတ် အမြတ် အဝေးအနီးတို့က ဘယ်ခန္ဓာတွေ ပေါ်သလဲ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်တို့က ဘယ်ခန္ဓာပေါ်သလဲ၊ ဒါကို လိုက်ရှာ ရမှာဘဲ မဟုတ်လား။

နိဗ္ဗာန်ဆိုတာ အပြားမရှိခြင်းကြောင့် ခန္ဓာဟူသော အရေ အဘွက်မှ လွတ်တယ်၊ ဒီတော့ သုံးဆယ့်တစ်ဘုံကြီးမှာ အပြား လေးတွေရှိနေတယ်၊ ဒီအပြားလေးတွေကို ရှာတော့မှ ခန္ဓာလေး တွေကို လာတွေ့မယ် မဟုတ်လား၊ ဒီတော့ သမ္မသနဉာဏ်က သန္တတိတွေကို လက္ခဏာယာဉ်သုံးပါးနဲ့လဲ ဖြတ်လိုက်ရော (ဝါ) ခိုက်ချိုးလိုက်ရော အဟိတ်ခန္ဓာကြီးပေါ်လာတော့မယ်၊ ဒီခန္ဓာ လေးတွေကို ယခု ဉဒယဗ္ဗယဉာဏ်ကြီးက ရိုက်ချိုးအုံးမယ်။

နောက် ဗသယပစ္စက ငါးပါးကိုလဲ ရိုက်ချိုးအုံးမယ်၊ ဒီတော့မှ ခန္ဓာလေးတွေ ထပ်ပေါ်လာမယ်၊ ကိုင်း— ဒီတော့ ဗသာပစ္စက

ငါးပါးဟာ ဘာကြောင့် ပေါင်းနေသလဲ ? အစေးအညှော်ရှိလို့ ပေါင်းနေတယ်၊ အစေးအညှော်ဆိုတာ ရေသောက်မြစ်ကို ခေါ်တယ်၊ ဒီရေသောက်မြစ်ကိုဆွဲထုတ်ရဘော့မယ်၊ အဲဒီလိုဆွဲထုတ်ပြီးတော့ အဲဒါ အနုတ္တနဲ့ သိမ်းလိမ့်အုံးမယ်၊ ဒီတော့ ကာလသုံးပါးက နေပြီးတော့ အစေးအညှော်ဖြစ်တဲ့ အဟိတ်ခန္ဓာလေးတွေ ထွက်လာတယ်၊ ဒီခန္ဓာလေးကို သတ်ရအုံးမယ်။

နောက် ဥဒယဗ္ဗယဉာဏ်ကြီးကသဲ သန္တတိ ရှစ်ချက်ကနေ ထွက်လာတဲ့ခန္ဓာလေးတွေကို သတ်ရတော့မယ်၊ ဒါကမဟာသတိပဋ္ဌာန်ကနေတက်တာပါ၊ကိုင်း— ခန္ဓာပေါ်တယ်ဆိုတာ ဘာခေါ်သလဲ၊ အပေါင်းအစုကိုခေါ်တယ်၊ အဲဒါဘာကြောင့် ပေါင်းစုသလဲလို့ဆိုတော့ အစေးအညှော်လေးတွေ ရှိနေလို့ ပေါင်းစုတာပါ၊ ဒါကို ဥဒယဗ္ဗယကြီးက ဆွဲထုတ်ပြီးတော့ သတ်ရတော့မယ်၊ ဥဒယဗ္ဗယဉာဏ်ကြီးရဲ့ ဟိုဘက်မှာကျတော့ အကြောင်းကိုမရှိတော့ပါ၊ အကျိုးသာလျှင်ရှိတော့တယ်၊ ဒီအကျိုးထဲမှာ ငြိနေတဲ့ အကြောင်းလေးတွေကို ထုတ်ထုတ်ပြီး သတ်သွားမယ်။

အဲဒီအကျိုးထဲမှာ ရှိနေတဲ့ အကြောင်းတွေလဲ ဘုန်းရော(ဝါ) အနုသယတွေလဲ ဘုန်းရော (ဝါ)ပြုတ်ရော မဂ်-ဖိုလ်ဆိုပြီး ဝင်သွားတော့မယ်၊ ဒီအတိုင်း တက်သွားတော့မယ် "အနုအနုသန္တာနေ သေန္တိ အနုသယာ" လို့ ပြလာအတိုင်း ဒီ အနုသယလေးတွေကို အနုပဿနာ ခုနစ်ဉာဏ်ကနေ ချေချလိုက်တာနဲ့ အဲဒါ သင်္ခတလောကကြီးတခုလုံးမှာကို "တုစ္ဆ-ရိတ္တ" ဖြစ်ပြီး မဂ်ကိုတက်သွားတော့မယ်၊ ယခုပြောတာနားလည်ပြီလား၊ ယခုပညာမြင် ဥဒယဗ္ဗယဉာဏ်ကြီးက အကြောင်းတရားကြီးဟူက မြူမျှမကျန်

အောင် သိမ်းချလိုက်ပြီ၊ အကျိုးလေးသာ ကျန်တော့တယ်၊ ဒါကြောင့်အကျိုးကို ဆက်ပြီးသတ်ရအုံးမယ်။

ဒီတော့အကြောင်းနဲ့ အကျိုးဟာ ဘယ်သူက အသက်ပြင်းသလဲ၊ အကျိုးတရားကအသက်ပြင်းပါတယ်၊ ဒီတော့အန္ဓတွေဟာ ကုသိုလ်ကောင်းမှု ပြုတဲ့အခါမှာ အကျိုးကို ရည်ပြီးတော့ ပြုနေခြင်းကြောင့် ဒီအကျိုးတရားကို မငြီးငွေ့သမျှ သုံးဆယ့်တဘုံကြီးက မလွတ်သေးပါ၊ ဒါကြောင့် အကျိုးတရားဟာ အသက်ပြင်းပါတယ်၊ ဒီတော့အကျိုးတရားတွေကို လိုက်နေလို့ ၃၁-ဘုံကြီးက မလွတ်နိုင်တာပါ၊ ဒီတော့သောတာပန်ဖြစ်သွားတဲ့အခါမှာ အပါယ်လေးပါးသို့ ကျမဲ့အကုသိုလ်ကံတွေဟာ မရှိတော့ပါ၊ ဒီတော့သောတာပန်ဘဝကနေပြီး မပြီးသေးဘဲ အဲဒါ အထက်မဂ်ကြီးတွေကိုတက်ရပါသေးတယ်၊ ဒီနေရာမှာဗိမ္ဗိသာရမင်းကြီးတို့ ဝိသာခါတို့စသော သောတာပန်တွေတောင်မှ ဘုံစဉ်စံရတာသည်ပင် အကျိုးလေးတွေကို မဖြတ်နိုင်သေးပါ၊ အထက်မဂ်တွေဆိုတာဟာ အကျိုးတွေကိုလိုက်ပြီးသတ်နေရတာပါ။

ဒီတော့ သံသရာလည်တယ်လို့ ဆိုတာသည်ပင် အကျိုးတရားတွေကြောင့် လည်နေတာပါ၊ ယခုဒယဗ္ဗယ ဉာဏ်ကြီးကလဲ အကြောင်းတရားကြီးကိုလဲ လှဲချလိုက်ရော အဲဒါအကျိုးတရားကြီးဟာ ကျန်နေသေးတယ်၊ ဒီတော့ အကျိုးတရားတွေကို ဖြတ်လို့လဲပြတ်သွားတာနဲ့ အဲဒါ ၄-မဂ် ၄-ဖိုလ်ဘက်သွားပြီ၊ ရဟန္တာကြီး ဖြစ်သွားပြီ၊ ဒီထိအောင် အကျိုးတရားတွေကို ပယ်ရပါတယ်၊ ဒီတော့ အတိတ်အကြောင်းစက်က ဖဿပဥ္စကငါးပါးဟာ ဘာကြောင့်ပေါင်းနေသလဲဆိုရင် သူတို့မှာအစေးအညှော်ဖြစ်တဲ့ အတိတ်အကြောင်းစက်ကြီး ရှိနေသေးတယ်၊

ဒါဟာ ဘယ်သူလဲလို့ ဓမ္မစကြာကြီးနဲ့ဝေဘန်လိုက်ရင် အဝိဇ္ဇာကြီးကို လာတွေ့မယ်။

အဲဒါယခုတော့ဒီလိုမရှာတော့ပါ၊ ကိုင်း ဒီတော့ပေါင်းခိုင်းတဲ့ အတိတ်အကြောင်းစက်ကို ဒီဥဒယဗ္ဗယဉာဏ်ကြီးကနေ ပြန်ကြည့်လိုက်စမ်းပါ၊ ဒီတော့အရင်က ဥတုအကြောင်းကို ချေလိုက်တဲ့အခါမှာ ရုပ်နာမ်ဆိုပြီးတော့ပေါ်တယ်၊ အဲဒီတုံးက အဆင်းလေးလို့သာ ခေါ်တဲ့အခါမှာ ပြတ်သွားပြီလို့သာ ထင်ရတယ်၊ ယခု ဥဒယဗ္ဗယဉာဏ်ကြီးလဲ ရောက်လာရော အဲဒါ အတိတ်အကြောင်းစက်လို့ ပေါ်လာပြီ၊ ဒီတော့ ဖဿပစ္စယမှာ အစေးအညှော်အနေနဲ့ အတိတ်အကြောင်းစက်ဆိုပြီး လိုက်နေတယ်၊ အရင်ထုထောင်းစဉ်က ဘာကြောင့်မပြတ်တာလဲ အဲဒါသညာဝိညာဏ်နဲ့ ထုထောင်းနေတဲ့ အဘွက်ကြောင့် မပြတ်တာပါ၊ ယခုဥဒယဗ္ဗယဉာဏ်ကြီးမှာ အတိတ်အကြောင်းစက် ဆိုပြီးတော့ ဝင်လာပါတယ်။

ဒီတော့ရင် အဆင်းလေးကို မြူတွေနဲ့ ချေတဲ့အခါမှာ အဲဒီအဆင်းလေးဟာ နာမရူပ ပရိစ္ဆေဒဉာဏ်မှာ ရှေ့ရှုထင်တဲ့သဘော (ဝါ) အာရုံသဘော နောက် ပစ္စယပရိဂ္ဂဟဉာဏ်ကျတော့သဲ ဟေတုအကြောင်း အဲဒီနောက် သမ္မသနဉာဏ်ကျတော့ အတိတ်ကာလကို အနိစ္စနဲ့ချလိုက်တော့မှ ပစ္စုပ္ပန်ဝေဒနာအရိပ်ထဲမှာ ဝင်ကပ်လာတယ်၊ ယခုဥဒယဗ္ဗယဉာဏ်ကြီးကိုလဲ ရောက်လာရော အဲဒါ အတိတ်အကြောင်းစက်ဆိုပြီးတော့ လာကပ်နေပြီ၊ ဒီတော့ ဘယ်လောက်သတ္တိကောင်းတဲ့ အဆင်းလေးလဲ ဒီကျအောင် မျက်ခြေမပြတ်စေနဲ့။

ဒီဖဿပဋ္ဌက ငါးပါးပေါင်းနေတာ ဘာကြောင့် ပေါင်းနေသလဲ ?

အစေးအညှော်ဖြစ်တဲ့ အတိတ်အကြောင်းစက် ရှိနေလို့ပါ၊ ဒီအတိတ်အကြောင်းစက်ရှိနေလို့ ဖဿပဋ္ဌက ငါးပါးပေါင်းနေတာပ ၊ ဒီတော့ခန္ဓာကို ရှာတဲ့အခါမှာ ဒီကနေစပြီး ရှာလာရပါတယ်၊ ဒါမှ ခန္ဓာကိုတွေ့မယ်၊ ဒီတော့ ပရိယတ်နယ်ထဲက ခန္ဓာကို ရှာတဲ့အခါမှာ ဘယ်ထိအောင်တိမ်နေသလဲ၊ ခန္ဓာဆိုတာ အင်မတန်မှ မြင်နိုင်ခဲပါတယ်၊ ဒီတော့ ခန္ဓာကိုမူထားပြီး ဟောတဲ့သုတ္တန်မှန်ရင် အထက်ခဂ်ကို ဥက္ကောင်းချရပါတယ်။ ချုပ်, နာမ်, ခတ်, သစ္စာတွေကို အဦးထားပြီးတော့ ဟောဘဲ့ သုတ္တန်တွေမှန်ရင် အောက်မဂ်မှာ ဥက္ကောင်းချပါတယ်။

ဒီသိုကို ဝေဘန်ကြည့်ပါ၊ ဒီသဘာဝတွေအထိ မြင်လာရင်ဘဲ အဋ္ဌကထာကြီးတွေက ခွဲစိတ်လာတာကို ကိုယ်ကဝေဘန်ပြီးတော့ သာတော့မယ်၊ ဒါကြောင့် ဓမ္မစကြာ အနတ္တလက္ခဏာသုတ်မဟာ သတိပဋ္ဌာန်တရားတော်ကြီးတွေကို အပင်ပန်းခံပြီး သင်တန်းယူပြီးတော့ ဝေဘန်နိုင်လာရင်ဘဲ သဘာဝတွေ ပေါ်လာပါလိမ့်မယ်၊ အခုခန္ဓာကို လိုက်စစ်တဲ့အခါမှာ ဘယ်ထိအောင် သိမ်မွေ့လာသလဲ၊ ဥဒယဗ္ဗယဉာဏ်ကြီးရဲ့ ဟိုဘက်ရူပက္ခန္ဓာဟူ၍ အထူးမထုတ်တော့ပါ၊ ဥဒယဗ္ဗယဉာဏ်ကြီးရဲ့ အထက်မှာ ခန္ဓာဆိုရင် အဆိုင်အခဲကြီးအနေနဲ့ ကိုင်စွဲလို့မရတော့ပါ၊ ဒီတော့ နာမ်ခန္ဓာ ၄-ကောင် အညီအညွတ် ပေါင်းဆုံတာကို ရူပက္ခန္ဓာအနေနဲ့ ယူသွားတော့မယ်။

" ရူပယတီတိ ရူပံ " ပေါင်းစုဘတ်သောကြောင့် ရုပ်မည်၏၊ ဤအနေနဲ့သာ ယူသွားတော့မယ်၊ ကိုင်း.... အခု အတိတ်

အကြောင်းစက်လေး ရှိနေလို့ ယခု ဖဿပစ္စကငါးပါး ပေါင်း နေတာပါ၊ ဒီတော့ ဝိပဿနာဆိုတာဟာ ပေါင်းစုတာကို အလို မရှိပါ၊ ပေါင်းစုနေတာသည်ပင် အတ္တပါ၊ ဝိပဿနာဆိုတာ အနတ္တကို ရှာတာဖြစ်ခြင်းကြောင့် ဒီ ပေါင်းစု နေတာကို ခွဲပစ်ရမယ်။

ဥပမာ.... နိဗ္ဗာန်ကို သွားတဲ့အခါမှာ အဖော်မရှာရသလိုဘဲ၊ ဓမ္မပဒပါဠိတော်မှာ—

ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။

ဒူရင်္ဂမံ၊ ဝေးသောအကြောင်းထောက်သဖြင့် ရောက်လာ အပ်သော အာရုံကို ဓမ္မာရုံအဖြစ်ဖြင့်သာလျှင် ကျက်စားလေ့ ရှိထသော။ ဧကစရံ၊ ပစ္စုပ္ပန်အာရုံ အလုံးစုံကို ဓမ္မာရုံ အဖြစ်ဖြင့်သာလျှင် တဦးတည်းအနေဖြင့် သန့်ရှင်းဖြူစင်စွာ ကျက်စားလေ့ရှိထသော။ အသရီရံ၊ အလိုမလိုက် အကြိုက်မပါ အတ္တမရှိ အနတ္တအာရုံ ဓမ္မာရုံ ဝိညာဏအရှိနှင့်သာလျှင် ဆက်ဆံ ကာ အစဉ်သဖြင့် နေလေ့ရှိထသော။ ဂုဟာသယံ၊ ဘူတရုပ် နန်းလှယ်မှာ ဆန်းကြယ်စွာ နေတတ်သည့် လိုဏ်ဂူမြတ်ပလ္လင် ရတနာတွင် အစဉ်သာလျှင် မိမိဟူသော အနတ္တအာရုံမဟုတ် အတ္တပရမတ်သာလျှင် ထင်ရှားစွာအဟုတ်ရှိသဖြင့်။ ဝါ၊ ပဘာ ကြည်ဝင်းရောင်ရှိန်တော်လင်းသဖြင့် အနန္တဟူသော ဂုဏ်သတင်း နှင့် ပျံ့သင်းမွှေးထုံ၍ နေပေထသော။ စိတ္တံ၊ ပဏ္ဍရအမည်ရသဖြင့် ဖြူစင်စွာ ကြည်လင်လှသော စိတ်ဝိညာဏ်ကို။ ယေ၊ သဒ္ဓါဓမ္မ နှစ်ဝအစဉ် ကိန်းဝင်ခိုအောင်း သပ္ပုရိသ သူတော်ကောင်း

အပေါင်းတို့သည်။ သံယမေဿန္တိ၊ ကာမကုသိုလ် အရင်းခံ၍ မကြွင်းကျန် အဖြောင့်နည်း မဂ်အင်္ဂါဖြင့် ကြိုတင်ကာ စောင့်စည်း၍ ကောင်းကောင်းကြီး အားထုတ် ကြကုန်ရာ၏။

တော၊ ထိုအရင်းတည်သဖြင့် အမြတ်ထွက် စပ်လျက်ယှဉ်ကာ ရရှိသော မဂ်အင်္ဂါသမ္မာဒိဋ္ဌိဖြင့်။ စိတ္တံ၊ ဟိုဟို ဒီဒီ အလီလီဖြင့် ကျင်လည်ပြေးသွား မျောက်စိတ်နှင့်တူသော စိတ် ယုတ် မာ နာမ်တရားဟု ဉာဏ်သားမပါ အသိကင်းသူတို့အနေနှင့် ပြစ်မှားကာ ပြောဆိုခြင်းဖြင့် ယိမ်းယိုင်ကာ တုန်လှုပ်ခြင်းမရှိထသော။ စိတ္တံ၊ ဟဒယလိုဏ်ဂူမှာ ပြိုင်သူပါ အပြစ်ကင်းသဖြင့် ထင်လင်းစွာ သိအပ်သော စိတ်ဝိညာဏ်သည်။ မာရဗန္ဓနာ၊ ကပ်ယှဉ်ကာဖွဲ့ချည်၍ လှည့်လည်ကာ အမျိုးမျိုး နှိပ်စက်တတ်သော စိတ်သညာဒိဋ္ဌိ တည်းဟူသော ဥပါဒါနက္ခန္ဓာ ဘေးဆိုးကြီးမှ။ မောက္ခန္တိ၊ ငြိမ်သက်စွာ လွတ်မြောက်သဖြင့် ချမ်းသာခြင်းသို့ ရောက်၍ နေလေပြီ။ တော၊ ချမ်းသာသဖြင့် လွတ်မြောက်လေပြီး ထိုစိတ်ဝိညာဏ်ကြီးသည်။ မောက္ခန္တိ၊ စိတ်သညာဒိဋ္ဌိ တည်းဟူသော ဥပါဒါနက္ခန္ဓာဘေးဆိုးမှအဝေးကြီးဝေးကွာကာ လွတ်မြောက်ရသဖြင့် ဘေးမသိ ကြည်ချမ်းမြတဲ့ သန္တိခေါ် ဒိဋ္ဌမေ့နိဗ္ဗာန်သို့ တိုယောဂီတော့မှာ မလဲ့တဲ့မဇ္ဈိမလမ်းရှောက်ခါ အမြဲတန်းကျင့်ကြသဖြင့် မြင့်မြတ်စွာရောက်ရှိ၍ နေကြပါကုန်ပြီ၊ ဝါ၊ မြင့်မြတ်အစုံအကုန်သိခြင်းကို ယောဂီမြတ်သူတော်စင်တို့သည် ကြည်လင်ကာ-ရွှင်ပြုံး ပြုံး-၍မို့ ကျင့်သုံး အားထုတ်တော်မူကြပါကုန်လော၊ ဝါ၊ သိ-ပါယ်-ဆိုက်-ပွါး လေးပါးကိစ္စ ပေါက်ပိုင်ကြအောင် သတိရှေ့သွား ဝီရိယအကူအညီများများနှင့် စိတ်ပညာဝိမုတ္တိတရားကို ကြိုးစားစွာ ဝင်စားသဖြင့် တည်နားကာ

ရှင်ပြုံး၍ကျင့်သုံးအားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း.... လို့ပြလာဘယ်မဟုတ်လား။

ကိုင်း ယခုဖဿပစ္စက ငါးပါးဟာ ဘာကြောင့်ပေါင်းနေသလဲ၊အစေးအညှော်ဖြစ်တဲ့ အတိတ်အကြောင်းစက်ရှိနေလို့ပါ၊ ဒီတော့ အတိတ်အကြောင်းစက်ကိုဖမ်းပြီး စစ်လာရင် ဘယ်ထိအောင် ကြည့်ရမလဲဆိုရင် ဟော့ အတိတ်အကြောင်းစက်လေးလာစမ်းဆိုပြီးတော့ ထုရိုက်စစ်လာရင် အဲဒါ ဟိုအဆင်းလေးထိအောင် ပြေးကြည့်လိုက်ပါ၊ အဲဒါကို အသွားအပြန်ဆင်ခြင်ကြည့်ပါ၊ ဒီအဆင်းရိပ်သေးဘာ ဘာကြောင့်မပြတ်သလဲ၊ ယခု ဒီအတိတ်အကြောင်းစက်ကို နှုတ်ပစ်ရတော့မယ်၊ အခုအဆင်းဆိုပြီးတော့ တွယ်ကပ်နေသေးတာဟာ အကျိုးတရားလေးဘဲ မဟုတ်လား၊ ဒါဟာ ဘာလဲဆိုတော့ သညာလေးပါ၊ ဒါကို သညက္ခန္ဓာလို့ပြောဘာပါ။

ဒီသညာလေးဟာမိမိရဲ့နှလုံးအိမ်ထဲမှာ အကျိုးဆိုပြီး ကပ်နေတာပါ၊ ဒီတော့အကျိုးတရားကို မျှော်ကိုးပြီး လုပ်လာတဲ့ ဒါန သီလတွေကြောင့် ယခု အကျိုးအနေနဲ့ ကပ်နေသေးတယ်၊ အဲဒါပစ္စုပ္ပန်အကျိုးဝေဒနာလေးထဲမှာ ဝင်ကပ်နေသေးတယ်၊ အခု ဉဒယဗ္ဗယဉာဏ်ရဲ့ ခုံရုံးကြီးက ဆွဲထုတ်လိုက်တဲ့ အခါမှာ သညက္ခန္ဓာဆိုပြီးတော့ ပေါ်လာတယ်၊ (ဝါ) ထွက်လာတယ်၊ ဒါကို သေအောင်သတ်နိုင်ရင် ရှေ့ကိုတက်နိုင်သွားပြီ၊ ဒီတော့ အတိတ်အကြောင်းစက်ကို ဖဿပစ္စကငါးပါးကနေ စစ်လိုက်တဲ့အခါမှာ သညက္ခန္ဓာလေးပါ၊ ဒါကို အထက်စက်ဝိုင်းထဲမှာ ထည့်ရင် ဒွိဟိတ်ခန္ဓာလေး ပေါ်လာပြီ။

ဒီတော့ ဒီသညက္ခန္ဓာလေးကို ဘာနဲ့သတ်မလဲ ? လိုက်ရှာစမ်းပါ၊ အနတ္တအစစ်နဲ့မှ သတ်လို့ရပါတယ်၊ ဒါကြောင့် ဥဒယဗ္ဗယဉာဏ်ဟာ အနတ္တအစစ်ကို ရှေ့ရှုပါတယ်၊ ဘယ်အနတ္တနဲ့သတ်မလဲ၊ အနတ္တအစစ်နဲ့မှ မသတ်ရင် မသေပါ၊ ဒါကြောင့် နပိန်တွယ် တွယ်လိုက်နေတာပါ၊ ဒီတော့ ဘုရားရှင်က အနတ္တနဲ့ သတ်ရမယ်၊ အဲဒါ သုညလေးလုံး ဆေးတော်ကြီးနဲ့ သတ်ရမယ်။

သုညတော ပရတော စေဝ၊ ပဿေ အဝသဝတ္တနတော။
အသာရတောဝိဇာ ခန္ဓေ၊ သက္ကာယဒိဋ္ဌိ ပဟာတဝေ။

လို့ပြလာတဲ့အတိုင်း ဒီသညက္ခန္ဓာလေးကို သုညတအနတ္တနဲ့ သတ်ရမယ်၊ဒီတော့အကြောင်းသုညတနဲ့သတ်ရမယ်သူ့ဟာနဲ့သူ သတ်မှရပါတယ်။

ဒီတော့ အဆင်း ရေသောက်မြစ်လေး မပြတ်သေးလို့ သညက္ခန္ဓာလေးထွက်လာတာပါ၊ နောက်ဝေဒနက္ခန္ဓာကျတော့ အကြည်(၀ါ)ဒွါရငါးပါးက ထွက်လာတဲ့ ဖဿပဉ္စကငါးပါးဟာ ဘာကြောင့်ပေါင်းနေသလဲ၊ အစေးအညှော်ရှိနေလို့ပါ၊ အစေးအညှော်ဆိုတာ ဘာလဲ၊ ပစ္စုပ္ပန်အကျိုးစက်ရှိနေလို့ပါ၊ ဒီတော့ ပစ္စုပ္ပန်အကျိုးစက်ဟာ ဘယ်သူလဲ လိုက်ရှာစမ်းပါ၊ ဒါမှ ကျမ်းကြေလာမယ်၊ ဒီတော့ အဆင်းလေးဘဲလို့ ပြောတာဟာ ဘယ်သူလဲ၊ မျက်စေ့အကြည်လေးပါ၊ ကိုင်းဒီတော့ မင်းတို့ကိုလဲ ချေခဲ့တဲ့အခါမှာ....

အဲဒါ အဆင်းက လက္ခဏာပြောရင် အကြည်က ရသအနေနဲ့ ပါသတယ်၊ နောက်ပြီးတော့ အဆင်းလေးက ပစ္စုပဋ္ဌာန်ဆိုရင်

အကြည်က ပဒဋ္ဌာန်ဆိုပြီး လိုက်လာတယ်၊ ဒီတော့ မျက်စေ့ အကြည်လေးက အဆင်းလေးကို သွားထောက်မှ အဆင်းလေးဘဲလို့ ပြောလို့ရတာဘဲမဟုတ်လား၊ ဒါကြောင့် ဒီအကြည်လေးဟာ အရေးကြီးပါတယ်၊ ဒီတော့ နာမရူပပရိစ္ဆေဒဉာဏ်မှာ အဆင်းက လက္ခဏာလို့ပြောရင် အကြည်က ရသ၊ နောက် အဆင်းလေးက ပစ္စုပဋ္ဌာန်ဆိုရင် အကြည်လေးက ပဒဋ္ဌာန်ဆိုပြီး ပြောလာတယ်၊ (ဝါ) လိုက်ပါလာတယ်၊ အဆင်းက အာရုံဆိုရင် အကြည်က အာရမ္မဏိကဆိုပြီး လိုက်လာပါတယ်။

ပစ္စယပရိဂ္ဂဟဉာဏ်ရောက်တော့ အကြည်လေးက ပစ္စယအကြောင်းဘက်က လိုက်လာတယ်၊ နောက် သမ္မသနဉာဏ်ကျတော့လဲ အကြည်လေးက အနာဂတ်ကာလဘဏ္ဍာရိပ်ဘက်က နေပြီးတော့ ဝင်လာတယ်၊ ဒါကို လက္ခဏာယာဉ် သုံးပါးနဲ့ ရှုလိုက်တော့ ပစ္စုပ္ပန်ဝေဒနာ အရိပ်ထဲမှာ ဝင်ပုန်းနေတယ်၊ ယခု ဥဒယဗ္ဗယဉာဏ်ကြီးကို ရောက်လာပြန်တော့ အကြည်လေးဟာ မသေသေးဘဲ ပစ္စုပ္ပန်အကျိုးစက်ဆိုပြီး ဝင်လာပြန်တယ်၊ ဒီတော့ သူက ဝေဒနက္ခန္ဓာလေးပါ၊ သူတို့ဟာ အပေးအယူလေးတွေ လုပ်လိမ့်အုံးမယ်။

ဒီတော့ အတိတ်အကြောင်းစက်က သညာက္ခန္ဓာပါ၊ ပစ္စုပ္ပန်အကျိုးစက်က ဝေဒနက္ခန္ဓာဆိုပြီး ထွက်လာပြီ ဒါဟာဟိုတုန်းက ကလာခဲ့တဲ့ ဇာတ်ထုပ်ကြီးဘဲမဟုတ်လား ဒီတော့ ဒီဝေဒနက္ခန္ဓာ ဖြစ်တဲ့ ပစ္စုပ္ပန်အကျိုးစက်ကို ဘာနဲ့သိမ်းမလဲလို့ဆိုရင်ဘဲ အဲဒါ အသာရကဋ္ဌ အနတ္တနဲ့ သိမ်းရမယ်၊ နောက်တခါ သင်္ခါရက္ခန္ဓာ ကျတော့ ဘယ်ကထွက်လာသလဲ၊ အမြင်သဘော (ဝါ) သညာ (ဝါ) ဝိညာဏ်သေး ငါးလုံးက ထွက်လာတဲ့ ဖဿပဉ္စကလေး

ငါးကောင်ဟာ ဘာကြောင့်စုနေသလဲ၊ အဲဒါ အစေးအညှော်ရှိနေလို့ ပေါင်းစုနေတာပါ၊ ဒီတော့ အစေးအညှော်ဆိုတာ ဘာလဲလို့ ဆိုရင်ဘဲ ပဋိစ္စသမုပ္ပါဒ်အကြောင်းစက်ပါ၊ ဒါကြောင့် ပေါင်းစုနေရတာပါ။

ဒါဖြင့်ရင် ဒီ ပဋိစ္စသမုပ္ပါဒ်အကြောင်းစက်ကို ပြန်ရှာစမ်းပါ၊ အောက်ကတက်လာတဲ့တရားမှာပြန်ရှာပါ၊ ရှာပြမယ် အဆင်းနဲ့ အကြည်ဆိုတော့ မြင်တဲ့သဘောလေး ပေါ်လာတယ်၊ ဒီပေါ်လာတဲ့ သညာလေးကို နာမရူပပရိစ္ဆေဒဉာဏ်က ချေလိုက်တဲ့ အခါမှာ ဘယ်အနေနဲ့ ကျေသွားသလဲ၊ အဲဒါ အဆင်းအကြည်တို့ မရှိလို့ မှတ်စရာမရှိလို့သာ သူ့မှာကျေသွားတယ်၊ ဌာန်လေးချက်နဲ့ ပြန်ကြည့်ရင် သူက ပစ္စုပ္ပန်ဌာန် သဘောလေး အနေနဲ့ ပါလာတယ်၊ နောက် ပစ္စယပရိဂ္ဂဟဉာဏ်ကျတော့လဲ ပစ္စယအကြောင်းအနေနဲ့ ပါလာတယ်၊ အဲဒါဟာ သမ္မသနဉာဏ်ကျတော့ အနိစ္စ ဒုက္ခ အနတ္တအနေနဲ့သိမ်းလိုက်တော့ ပစ္စုပ္ပန်ကာလအနေနဲ့ ဝင်လာတယ်၊ ဒီ ပစ္စုပ္ပန်ဟာ သာမညပစ္စုပ္ပန်ပါ၊ ဒီလို လက္ခဏာယာဉ်သုံးပါးနဲ့ သိမ်းလိုက်တဲ့အခါမှာ ပစ္စုပ္ပန်အကျိုးဝေဒနာရုပ်ထဲမှာ ဝင်ပုန်းနေတယ်၊ (ဝါ) ငင်ကပ်နေတယ်။

ဒီတော့ ဝိပဿနာဖြတ်ဘဲ့ သဘောမှန်ရင် (ဝါ) သတ်တဲ့ သဘောမှန်ရင် တဒင်္ဂပဟာန်အနေနဲ့သာ သေပါတယ်၊ (ဝါ) ပယ်လို့ရပါဘယ်၊ သမုစ္ဆေဒပဟာန်အနေနဲ့ ပယ်လို့မရသေးပါ၊ အဲဒါ မဂ်ကျမှ သမုစ္ဆေဒပဟာန်နဲ့ တခါတည်းပယ်ချလိုက်ပါတယ်၊ ဝိပဿနာဉာဏ်ကြီးတွေက တဒင်္ဂပဟာန် ခဏ္ဍခဏအနေနဲ့သာ ပယ်လို့ရပါတယ်၊ ဒါကြောင့် အခု ဥဒယဗ္ဗယဉာဏ်ကြီး ရောက်

လှာတော့ ပစ္စုပ္ပန်အကြောင်းစက်ဆိုပြီး ချလာတယ်၊ တက်လာတယ်၊ ဒီတော့ရင် အကြောင်းနဲ့ အကျိုးဆိုပြီး မခွဲခဲ့ပါ၊ အခုမှ ပစ္စုပ္ပန်အကြောင်းစက်ဆိုပြီးတော့ တက်လာတာပါ၊ ဒါဟာ အရင်က အဆင်းနဲ့ အကြည် ဆိုတဲ့အခါမှာ ပေါ်လာတဲ့ပစ္စုပ္ပန် သညာပါ၊ (ဝါ) အမြင်သဘောလေးပါ၊ ဒါဟာ အခု ဥဒယဗ္ဗယ ဉာဏ်မှာ ပစ္စုပ္ပန်အကြောင်းစက်ဆိုပြီး လာပေါ်တာပါ၊ ဒါကို ခန္ဓာဖွဲ့ရင် သင်္ခါရက္ခန္ဓာပါ၊ ဒီထဲမှာ ပြုပြင်တဲ့သဘောလေး ရှိနေသေးတယ်၊ အဲဒါ အနာဂတ်အတွက်ကို ပြုပြင်လိမ့်အုံးမယ်၊ ဒါကြောင့် ဒါကို ခန္ဓာဖွဲ့ရင် သင်္ခါရက္ခန္ဓာပါ၊ ဒီကျအောင် ခန္ဓာကို လိုက်နှိုက်ပါ။

ဒီ သင်္ခါရက္ခန္ဓာကို ဘာနဲ့ သတ်မလဲ ?

ပရမတ္ထအနတ္တနဲ့ သတ်ရမယ်၊ နောက်တခါ ဝိညာဏက္ခန္ဓာပါ၊ ဒီတော့အသိသဘော ( ဝါ ) ဝိညာဏ်ကြီးက ပေါ်လာတဲ့ ဖဿ ပဉ္စက ငါးလုံး ဘာကြောင့် ပေါင်းနေသလဲ၊ အစေးအညှော် ဖြစ်တဲ့ အနာဂတ် အကျိုးစက်ကြီးကြောင့်ပါ၊ ဒီအနာဂတ် အကျိုးစက်ကြီးဟာ ဘယ်ကဖြစ်လာတာလဲ "စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" ဆိုတဲ့အတိုင်း အသိသဘောပါ၊ ဒီတော့နာမ ရူပ ပရိစ္ဆေဒဉာဏ်မှာ ပဒဋ္ဌာန်အနေနဲ့ ကျန်တယ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်မှာ ပစ္စယအကြောင်းအနေနဲ့ ကျန်ပါတယ်၊ သမ္မသန ဉာဏ်ကျတော့ ပစ္စုပ္ပန်ဝေဒနာထဲမှာ ကိန်းနေတယ်၊ အခု ဥဒယဗ္ဗယဉာဏ်ကျတော့ ဖဿဘက်က နေပြီးတော့ ပါလာတယ်။

ဒီနေရာကျတော့ ( ဝါ ) ရောက်တော့ အနာဂတ်အကျိုး စက်လို့ ပြောနေပြီ၊ ဒီတော့ အနာဂတ်အကျိုးစက် ဆိုတာဟာ

ဒီရနေတဲ့ ခန္ဓာကောင်ကြီးကလဲ တဘဝ တခန္ဓာ သေသွားတဲ့ အခါမှာ အကျိုးရုပ်ကြီးကိုသာ မြေမြှုပ်လိုက်ရသော်လဲ အကျိုး ထဲမှာမြုံထားတဲ့ အကြောင်းကြီးက အနာဂတ်ဘဝမှာကို ခန္ဓာ ပင်ကြီးသွားပေါက်ပြန်ပြီ၊ဒါကြောင့်အကျိုးလို့သာဆိုရသော်လဲ အကြောင်းတွေ မြုံထားတဲ့အကြောင်းလေးတွေ ရှိနေသေးတယ်၊ ဒါဘယ်သူလဲ၊ ဝိညာဏ်ကြီးဘဲမဟုတ်လား၊ ဒါ့ကိုယခုခန္ဓာ အနေနဲ့ ဆွဲထုတ်လိုက်ရင် ဝိညာဏက္ခန္ဓာကြီးပါ၊ ဒီခန္ဓာလေး တွေကို သတ်ပြီးတော့ သုဉ်းသွားရင် အဲဒါ ဝေဒနာကနေပြီး ရှေ့ဝိပဿနာဉာဏ်ကြီးတွေမှာ အထွဋ်အထိပ် ရောက်သွားပြီး ဒီခန္ဓာကြီးကို အဝသဝတ္တာန အနတ္တာနဲ့သတ်ရမယ် ဒီခန္ဓာတွေကို ဒီ အနတ္တလေးချက်နဲ့ သတ်ရမယ်၊ သတ်ဆေးကိုတော့ အထူး မပြောတော့ပါ၊ အဲဒါ အနတ္တလေးလုံးနဲ့သာ သတ်ကြပါတော့၊ ဒီနေ့ ပုံစံဘခုထုတ်ပြီး အာနာပါနကြီးထဲကို ဝင်ရပါတော့မယ်။

# ညှဟောစဉ်။

ဣုခ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ....လို့

ဘုရားရှင်ကိုယ်တော်မြတ် မဟာသတိပဋ္ဌာန်ကြီးမှာ ဟော ကြားတော်မူခဲ့သည့်အတိုင်း ဒီအာနာပါန လုပ်ငန်းစဉ်ကြီးကို တကယ်ကျပ်ပြည့်တင်းပြည့် အားထုတ်နိုင်အောင် ဘယ်သဘာဝ ကို အခြေခံထားပြီး တက်လာရသလဲဆိုရင် အာတာပီ,သမ္ပဇာန, သတိမာ....ဒီသုံး ချက်နဲ့ညီအောင် အားထုတ်လာရပါတယ်။

ဒီသုံးပါး ညီညွတ်လာမှသာလျှင် အဘိဇ္ဈာ ဒေါမနဿ လောကကြီးကို ပယ်နိုင်တဲ့ ဝိနေယျပုဒ်ကြီး ထွက်လာပါတယ်၊ ဒီတော့ အာနာပါနကို အားထုတ်မယ်ဆိုရင် ပဌမအင်္ဂါအာတာပီ ရှိသလား၊ ဒီတော့ သညာဝိညာဏ်နဲ့ ပြုလုပ်တဲ့ အာတာပီလား၊ အာတာပီဟာ ဘုရားရှင်ဟောကြားတဲ့ မဂ္ဂင်ရှစ်ပါးထဲမှာပါတဲ့ ဝီရိယမဂ္ဂင်မျိုးပါ၊ ဒါကို ခွဲစိတ်ရင် သမ္မပ္ပဓာန်တရားလေးပါး ဖြစ်လာတယ်၊ ဒီသမ္မပ္ပဓာန်လေးပါးနဲ့ ညီလာမှ သဒ္ဓါတရား ကြီးတွေ ပြည့်စုံလာပါတယ်၊ အခုတလုသင်တန်း ဖွင့်ပြခဲ့တဲ့ တရားကို ရသွားရင်ဘဲ မိမိကိုယ်ကို မိမိရေးဆွဲနိုင်လာပြီ။

ဒီတလသင်တန်းကို နက်ဖြန်ဘဲ ဥက္ကောင်းချရပါတော့မယ်၊ ဒီတော့ ဝိပဿနာကိုလိုက်ရင်ဘဲ ဖြစ်ပျက်ကို ရှာရပါတယ်၊ ဖြစ်ပျက်ကိုမှ မတွေ့ရင် ဘယ်မှာဟုတ်တော့မှာလဲ၊ ဖြစ်ပျက်ကို

တွေ့ရင် ဝိပဿနာဉာဏ် တဝက်ကျိုးပြီ၊ ဒီတော့ ပစ္စယပရိဂ္ဂဟဉာဏ်က နိဗ္ဗာနဓာတ်ကိုပြခဲ့ပြီ၊ အခု ဥဒယဗ္ဗယဉာဏ်ကြီးက တခါတက်ပြရအုံးမယ်၊ နောက်တခါ သင်္ခါရုပေက္ခာဉာဏ်က တခါပြဦးမယ်၊ ဒီလိုတက်ပြပြီးရင် မဂ်ကိုရောက်ပါပြီ၊ "ဖြစ်ပျက်" အစစ်ကိုမြင်ရင် တနေ့တရက် တမနက် တနာရီဘဲ နေရသော်လဲ မြတ်တယ်၊ (ဝါ) တနေ့တရက် တမနက်ပင်နေရသော်လဲ အသက်ရှည်သည်မည်တယ်လို့ ဘုရားရှင်ဟောကြားလာပါတယ်။

ဘာ့ကြောင့် အသက်ရှည်သည်မည်သလဲ ?

ဖြစ်ပျက်အစစ်ကို မြင်ရင်ဘဲ နိဗ္ဗာနဓာတ်ကို မြင်တယ်၊ နိဗ္ဗာနဓာတ်မြင်ပုံကို ပြပါအုံးမယ်၊ ဖြစ်ပျက်ကို တကယ်မြင်လို့ ဖြစ်ကိုလဲ အနတ္တနဲ့သိမ်းလိုက်ရော အဲဒါ ပျက်ဟာ ဒုက္ခထဲမှာ ဥက္ကောင်းကျသွားပြီ၊ ဒီတော့ဖြစ်ပျက်ဆိုတာဟာ "ခဏ" ပျက်အစဉ်ပျက်ဆိုပြီး နှစ်မျိုးရှိတယ်၊ အခု ပျက်သဘောက ဒုက္ခတရားထဲကျသွားတာ ဖြစ်ခြင်းကြောင့် တကယ်ဖြစ်ပျက်ပါ။

တဖန် ပြန်မဖြစ်တဲ့ သဘောကို (ဝါ) အပျက်ကိုတကယ်မြင်လာလို့ သူ့မှာဒုက္ခကိုမြင်နေပြီ၊ ဒီတော့သူသေတာတွေဟာ တကယ်ပျက်တာလား၊ မဟုတ်ပါ-အသစ်ဖြစ်ချင်လို့ပျက်တာပါ၊ (ဥပမာ) ရွက်ကျပင်ပေါက် အပင်လေး မျှား လိုပါဘဲ၊ ဒီတော့ယခုဥဒယဗ္ဗယဉာဏ်ကြီးက မြင်တဲ့အပျက်ဟာက နောင်တဖန် ထပ်မဖြစ်တဲ့ အပျက်ကို မြင်နေပြီ၊ ဒါဟာ နိဗ္ဗာနဓာတ်ကို ဘိုးပြနေပြီဘဲ မဟုတ်လား၊ ဒါကိုမမြင်ကြလို့ ပျော်လိုက်ရှင်လိုက်နဲ့ သာယာမှုတွေရဲ့အပေါ်မှာ ခံစားနေကြတာပါ။

ဒီတော့ တကဲ့အပျက် ( ဝါ ) တဖန်ထပ်မဖြစ်တဲ့ အပျက်ကို မြင်လာရင်ဘဲ အဲဒါဒီဘနေထောက်ပြီး ငြိမ်းတော့နိဗ္ဗာနဓာတ်ကို မြင်သွားတာနဲ့ ဘုရားရှင်က ဖြစ်ပျက်အစစ်ကိုတွေ့တဲ့ပုဂ္ဂိုလ်ဟာ တနေ့တရက် တနံနက်ခင် နေရသော်လဲ အသက်ရှည်သည်မည် တယ်လို့ ပြလာတာပါ၊ ဒီတော့ဆိုပုဂ္ဂိုလ်ရဲ့ နှလုံးအိမ်ထဲမှာ သံသရာကြီးဟာ လက်တွင်းတဆုပ်စာလောက်ဘဲ ရှိတော့တယ်၊ ဒီဖြစ်ပျက်လေးကို အချိုးသို့ကြီးတွေ နားလည်အောင်ခွဲပြပါ အုံးမယ်။

ဖြစ်ပျက်ဆိုတာ (၁) ပညတ်ဖြစ်ပျက် (၂) သညာဖြစ်ပျက် (၃) ဝိညာဏ်ဖြစ်ပျက် (၄) ခန္ဓာဖြစ်ပျက် (၅) ပဋိစ္စသမုပ္ပါဒ် ဖြစ်ပျက်ဆိုပြီး ငါးမျိုးရှိဘယ်၊ ယခုမဟာသတိပဋ္ဌာန် တရား တော်ကြီးကျတော့မှ ပဋိစ္စသမုပ္ပါဒ် ဖြစ်ပျက် အထိ ဖြစ်ပျက် ( ၅ ) မျိုးဖေါ်ထုတ်လို့ရလာပါတယ်၊ ဝိသာခါတရားဓာတ် တုံးက ခန္ဓာဖြစ်ပျက်အထိဘဲ ဖေါ်ထုတ်ခဲ့ပါတယ်၊ အဲဒီတော့ ဖြစ်ပျက်ဟာ လေးမျိုးအထိဘဲ ဖေါ်ထုတ်ခဲ့ပါတယ်။

ပညတ်ဖြစ်ပျက်ဆိုဘာက အိုးကျကွဲတာ, ပုဂံကျကွဲတာ, လူသေတာတွေကို ရှုနေတဲ့ဖြစ်ပျက်မျိုးကို ခေါ်တယ်၊ ဒီဖြစ်ပျက် ဟာ ဝိပဿနာထဲကိုဝင်လို့မရပါ၊ အလကားဖြစ်ပျက်ပါ၊ နောက် သညာဖြစ်ပျက်ဆိုတာကျတော့ နာမပညတ်ပြဌာန်းပြီး ထွက်နေ တာပါ၊ ( ဥပမာ ) မာဘယ်လို့ ပြောတာသည်ပင် သညာသိလို့ ခေါ်တယ်၊ ဒါဟာ သညာသိပထဝီပါ၊ ဒီတော့ ဓာတ်လေးပါး တို့ဟာသူ့လက္ခဏာလေးတွေနဲ့ သူပေါ်ထွက်နေတာကိုသိတာပင် သညာသိလို့ ခေါ်တယ်၊ ဒီသညာသိဖြစ်ပျက်ကျတော့ ဆရာ တော်တို့အာနာပါနကို အားထုတ်လာတဲ့အခါမှာ ဖြစ်ပျက်ကို

ရှုလာရပါတယ် ဘယ်လိုရှုလာရသလဲဆိုရင် ခန္ဓာပေါ်မှာကို အဲဒါသဏ္ဍာန်အရိပ် နိမိတ်လက္ခဏာ တွေ့လာရင်ဘဲ ဒီဟာတွေကို ဦးနှောက်ထဲသွင်းပြီး ရှုလာတဲ့အခါမှာ တရွရွနဲ့ ဥကြောင်းကြီး တခုလုံးဖြစ်လာပြီး နောက်ဆုံးမှာ သဲ"ကမ်းပါး" ကြီးပြိုသလို ပြိုလာတော့တယ်။

ဒီတော့ အချုပ်မှာ ခန္ဓာကိုယ်ကြီး တခုလုံးမှာ ဖြစ်ပျက်တွေဟာ ဖြစ်လာတယ်၊ ပျက်လာတယ်၊ အဲဒီလိုအရိပ်တွေ ဆိပ်သုဉ်းသွားဘို့ကို ဝေဒနာဆိုပြီး ရှုလာရတယ်၊ အဲဒီဝေဒနာကနေပြီးတော့ ဟိုဘက်မှာ မဂ်ဘဲဆိုပြီး ဒီအနေနဲ့ အဲဒီအထိသာ ရှုသာရတယ်၊ ဒါကိုတရားရပြီဆိုပြီးတော့ တရားပေးတဲ့ ဆရာတွေက ပြောလာတယ်၊ ဒါကို ဓမ္မစကြာ တရားတော်ကြီးရဲ့ ခုံရုံးကို တင်တဲ့အခါကျတော့မှ မင်းအခုသိတဲ့တရားတွေဟာ သညာသိ ဖြစ်ပျက်ပါ၊ ဒါတွေကို ရှုလာလို့အလကားပါ;- တရားဘက်မှာ အသုံးမဝင်ပါ၊ မဂ်ဘရား ဖိုလ်တရားကို မရနိုင်ပါလို့ဆိုပြီးတော့ တခါထဲမောင်းထုတ်လာခဲ့ရပါတယ်။

ဒါဟာ သညာသိ ဖြစ်ပျက်ပါ၊ ဒီသဘာဝတွေကို ယခုလက်မခံတော့ပါ၊ နောက်ဝိညာဏ်သိဖြစ်ပျက် ဆိုတာက တအာရုံနဲ့ တအာရုံ ( တနည်း ) စိတ်တခုနဲ့စိတ်တခု ပြောင်းတဲ့အခါမှာ တအာရုံချုပ်မှ တအာရုံဖြစ်လာရတယ် အဲဒါ မြင်မှုပေါ်ပြီးတော့ သိမှုပေါ်လာတော့မယ် ဆိုရင်ဘဲ မြင်မှုလေးဟာ ပျက်သွားတယ်၊ ဒီတော့မှ သိမှုလေးဟာ ပေါ်လာတော့တယ်၊ ဒီလိုတအာရုံနဲ့ တအာရုံ ပြောင်းပြောင်းပြီးတော့မှ ဖြစ်ပျက်နေတာကို ဝိညာဏ်သိဖြစ်ပျက်ခေါ်တယ်၊ ဒါကိုသဘာဝနဲ့ တိုက်ရင် သမ္မသနဉာဏ်က ကာလသုံးပါးချုပ်နာမ် ကနေ တက်

လိုက်တာနဲ့ ဥဒယဗ္ဗယဉာဏ်ထဲမှာ ရှိနေတဲ့ ဖြစ်ပျက်ပါ ဒါဟာ ဝိညာဏ်သိဖြစ်ပျက်ပါ၊ ဒါကို အနှစ်အသားအနေနဲ့ ထုတ်လာကြတယ်၊ ဘာကြောင့်လဲဆိုရင် သမထရိပ်တွေရှိနေလို့ပါ။

နောက်ခန္ဓာဖြစ်ပျက်ဆိုတာကျတော့ သိမ်မွေ့လာပြီ၊ ခန္ဓာဖြစ်ပျက်လို့ ဘာကြောင့်ခေါ်သလဲ၊ ဒီတော့သမ္မသနဉာဏ်မှာ ကာလသုံးပါးကို အနိစ္စ-ဒုက္ခ-အနတ္တ လက္ခဏာယာဉ် သုံးပါးနဲ့ ချလိုက်ရော ပစ္စုပ္ပန်ဝိညာဏ်ရိပ် ဝေဒနာကိုသာ လာတွေ့တော့တယ် ဒီထဲမှာ ဘာတွေရှိသလဲလို့ ဆွဲထုတ်လိုက်တဲ့အခါမှာ သညာန္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာကိုလာတွေ့တယ်၊ ဒါကိုခန္ဓာလေး တွေဖြစ်ပျက်လို့ခေါ်တယ်၊ဒါကို "အဒဿနတော အာယန္တိ(လ) ဥဒ္ဒယဗ္ဗယန္တိစ "လို့ပြလာတယ်။

ဒါကို ထပ်ပြောပြအုံးမယ်၊ နယ်လှည့်တဲ့ ဓမ္မကထိကတွေအတွက် ပြောပြပါအုံးမယ်၊ အတိတ်ကာလ အဝိဇ္ဇာရိပ်ကြီးကို အနိစ္စနဲ့၊ နောက်အနာဂတ်ကာလ တဏှာရိပ်ကို ဒုက္ခနဲ့သိမ်းလိုက်တဲ့အခါမှာ ပစ္စုပ္ပန်ကံရိပ်ကြီးဟာ အသာရကဋ္ဌ အနတ္တထဲကို ဥက္ကောင်းကျသွားပါတယ်၊ ဒီတော့ကာလသုံးပါး ပစ္စုပ္ပန်ကိုလဲ လက္ခဏာယာဉ် သုံးပါးနဲ့လဲ သိမ်းလိုက်ရော်မနောဝိညာဏ်ကြီး ကျန်နေတယ်၊ အဲဒီ-မနောဝိညာဏ်ကြီးထဲမှာလဲ ဘာကျန်သလို ဆိုရင် ပစ္စုပ္ပန်အကျိုးဝေဒနာရိပ်ကျန်နေတယ်၊ ဒါကြောင့် အဲဒီထဲမှာ ကိန်းနေတဲ့ အတိတ်စွန်းဖြစ်တဲ့ သညာက္ခန္ဓာလေးကို ဆွဲထွက်လာတယ်၊နောက် အနာဂတ်စွန်းဖြစ်တဲ့ သင်္ခါရက္ခန္ဓာလေးကို ဆွဲထွက်လာတယ်။

ဥပမာအဆင်းနဲ့ အကြည်ဆုံတဲ့အခါမှာမနောဝိညာဏ်ကြီးက ထွက်ဆွဲပြီး ဣဋ္ဌ-အနိဋ္ဌ-အခနနဲ့ ဆုံပြီးတော့ သုခ ဒုက္ခဝေဒနာ

အနေနဲ့ ခံစားလာတယ်၊ ဒီလိုခံစားလာတာဟာ အဆင်းလေးကို ထွက်ဆဲ့တာက ဘယ်သူလဲ-အတိတ်စွန်း သညာပါ၊ ဒါကို အခု သညက္ခန္ဓာလို့ ပြောတာပါ၊ အဲဒီလိုဆဲ့ယူပြီးတော့ အနာဂတ် ကိုလဲ တွေးကြံလာရော အဲဒါ သင်္ခါရက္ခန္ဓာပါ၊ ဒါကိုဝိသုဒ္ဓိမဂ် ကြီးက....

အဒ္ဓာနတော အာယန္တိ၊ ဘင်္ဂါ ဂစ္ဆန္တိ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။

လို့ ပြလာတာပါ၊ ဒီလိုသညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာလေးတွေ ထွက်ထွက်ပြီး ဆဲ့တာကို ခွေးဆွဲ ဆွဲတယ်လို့ပြောတာပါ။

အရိယာတွေကျတော့ ဒီလိုမဆဲ့တော့ပါ၊ အန္တတွေမှာသာ ဒီ ခန္ဓာတွေက ထွက်ဆဲ့နေတာပါ၊ ဒါကြောင့် ဣဋ္ဌ အနိဋ္ဌ သုခ ဒုက္ခ ဖြစ်လာတာပါ၊ ဒီတော့ အတိတ်စွန်း သညက္ခန္ဓာက ဖြစ်၊ အနာဂတ်စွန်း သင်္ခါရက္ခန္ဓာက ပျက် ဆိုပြီး ပြလာတာပါ၊ ဒါဟာ ဝိသာခါဘုရားခေတ်ထဲမှာ ပြလာဘယ်၊ (ဝါ) ရှာလာတယ်၊ ဒါကိုခန္ဓာ ဖြစ်ပျက်လို့ ခေါ်တယ်၊ ဒီ ခန္ဓာလေး တွေနဲ့ ဘဲရောင့်ရဲတင်းတိမ်မနေပါနဲ့၊ စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ ပရမတ်သုံးပါးမှာဒီဖယာနဲ့ ဝေဒနာလေးသာရှိပါတယ် ယခုမဟာ သတိပဋ္ဌာန်ကြီးမှာ ဒီ ဖြစ်ပျက်နဲ့ မပြီးသေးပါ၊မဟာသတိပဋ္ဌာန် ကြီးထဲကို ဝင်လို့မရသေးပါ၊ ဒါဟာ အဟိတ်ခန္ဓာထွက်လာတဲ့ ဖြစ်ပျက်ပါ၊ ဒါဟာ ခန္ဓာဖြစ်ပျက်ပါ။

ယခု မဟာသတိပဋ္ဌာန်ကြီးမှာ ပဋိစ္စသမုပ္ပါဒ်ကြီးက ပေါ် လာတဲ့ ဖြစ်ပျက်ကို ပြနေတာပါ၊ ဒီ ဖြစ်ပျက်ကို ဖေါ်လာရပြီ၊ ဒီဖြစ်ပျက်ရဲ့ ဟိုဘက်မှာ ဖြစ်ပျက်မရှိတော့ပါ၊ ယခု ပဋိစ္စ

သမ္မပ္ပဓါန်က နေပြီးတော့ နှစ်ဆယ့်ကိုးပါးသောကံတရားတွေက ထွက်လာတဲ့ ဖြစ်ပျက်ကျမှ မလွဲနိုင်တော့ပါ၊ အဲဒါ တကယ့် ဖြစ်ပျက်ကြီးကို လာတွေ့တော့မယ်၊ နက်ဖြန်ခါ ပုံစံအသစ် ထုတ်ပြီးတော့ ပြပါအုံးမယ်၊ ဒီတော့ တရားအားထုတ်ကြတာ ဟာ ဖြစ်ပျက်ကို ရှာတာဘဲမဟုတ်လား၊ ဒါဖြင့် ဖြစ်ပျက် အစစ်ကို တွေ့ပြီလား၊ အဲဒါ ခန္ဓာဖြစ်ပျက် အထိသာ တွေ့ခဲ့ကြ သေးတယ်၊ ယခုမဟာသတိပဋ္ဌာန်ကြီးကျတော့မှ ပဋိစ္စသမုပ္ပါဒ် ဖြစ်ပျက်က နေပြီးတော့ နှစ်ဆယ့်ကိုးပါးသော ကံဘေ့ကို ချေဖျက်ပြီးလိုက်တာနဲ့ တကယ်ဖြစ်ပျက်ကို တွေ့တော့မယ်။

ဒီတော့ ပဋိစ္စသမုပ္ပါဒ် စက်ချဟာတ်လေးပါးရဲ့ အတိတ် အကြောင်းစက်မှာရှိတဲ့ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်,ဘဝ တွေမှာ နှစ်ဆယ့်ကိုးပါးသော ကံမျိုးစေ့တွေ အကုန်ပါလာပြီ၊ နောက်ပစ္စုပ္ပန်အကျိုးစက်မှာ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဒီ ငါးပါးထဲက ဝိညာဏ်ထဲမှာ မျိုးစေ့ရှိနေ တယ်၊ နောက် ပစ္စုပ္ပန်အကြောင်းစက်ဖြစ်တဲ့ တဏှာ, ဥပါဒါန်, ဘဝ, အဝိဇ္ဇာ, သင်္ခါရထဲမှာလဲ ကံမျိုးစေ့တွေ အားလုံးရှိနေ တယ်၊ ဘဝဆိုတာက စေတနာ, ကမ္မဘဝ နှစ်ဆယ့်ကိုးပါးသော ကံတရားတို့ကို ကောက်ပါတယ်။

နောက် အနာဂတ်အကျိုးစက် ဝိညာဏ်, နာမ်ရုပ်, သဠာ ယတန, ဖဿ, ဝေဒနာ ဒီထဲက ဝိညာဏ်ထဲမှာလဲ ကံမျိုးစေ့တွေ ရှိနေတယ်၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ်ကြီးရဲ့ စက်ရဟတ်လေးပါးမှာ ကံမျိုးစေ့တွေချပြီး လည်နေတာဘဲ မဟုတ်လား၊ ဒါကို မြင်အောင်လို့ ဘုရားရှင်က စက်ရဟတ်ကြီးကို လှည့်ပြသော်လဲ ကိုယ်ကမမြင်ပါ၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ်ကြီးတခုလုံးကို ချေလိုက် ရင် ဖဿနဲ့ ဝေဒနာ ဒီနှစ်ပါးသာလျှင် ထွက်လာမယ်။ ဒီတော့

ဘုရားရှင်ဟောကြားတဲ့ စိတ်၊ စေတသိက်တို့ဟာ ဒီဖဿနဲ့ ဝေဒနာ နှစ်ပါးကနေပြီး ထွက်လာတာပါ။

စိတ်ဟာဝေဒနာလေး တလုံးကနေပြီးတော့ ရေသောက်မြစ်ချထားပါတယ်၊ နောက် စေတသိက်ကျတော့ ဖဿမှာ ရေသောက်မြစ် ချထားပါတယ်၊ ဒီခန္ဓာလေးနဲ့ ရောင့်ရဲတင်းတိမ်မနေပါနဲ့၊ စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ ပရမတ်သုံးပါးမှာ ဖဿနဲ့ ဝေဒနာလေးသာ ရှိပါတယ်၊ ဒါကိုပဋိစ္စသမုပ္ပါဒ်ကြီးထဲကို သွင်းလိုက်ရင်ဝေဒနာက ခေါင်းပိုင်းဖဿကအမြီး၊ အဲဒါ ငါးကြင်းမြီးမျှား ခတ်နေသလို အသွားအပြန် ခတ်နေတယ်၊ ဒါဟာနှစ်ဆယ့်ကိုးပါးသော ကံတွေကနေ ခတ်နေတာပါ။

ဒီတော့ ဖဿဆိုတာကို သဘာဝထုတ်လိုက်ရင် ပေါင်းဆုံတဲ့ သဘောပါ၊ အဲဒါဘာကြောင့်ပေါင်းဆုံသလဲ ဆိုရင်ဘဲ အစေးအညှော်ရှိနေလို့ပါ၊အစေးအညှော်ဆိုတာနှစ်ဆယ့်ကိုးပါးသော ကံတရားတွေပါ၊ ဒီတော့ဖဿကို လိုက်ရှာလိုက်ရင် အတိတ်က ပစ်ချလိုက်တဲ့ ဇနကကံကြီးပါ၊ဒါဟာ အတိတ်အကြောင်းစက်မှာ ရှိတယ်၊ ဒီတော့ ယခုရနေတဲ့ ခန္ဓာကောင်ကြီးဟာ ဘယ်သူ့ကြောင့်ဖြစ်လာတာလဲဆိုရင် အတိတ်အကြောင်းဖြစ်တဲ့ ဇနကကံကြောင့်ဖြစ်လာတာပါ၊ ဒါကိုပဋိစ္စသမုပ္ပါဒ်လှည့်ရင် အတိတ်ဇနကကံကဖြစ်သဘောလို့ခေါ်တယ်၊ ယခုရနေတဲ့ ခန္ဓာကောင်ကြီးက ပျက်သဘောပါ၊ ဒါကြောင့် ဖြစ်ပျက်လို့ ဝေဘန်လိုက်တာပါ။

ဒါက ဖြစ်ပျက်တချက်ပါ၊ဒါဖြင့်ရင်အခုနေရတဲ့ ခန္ဓာကောင်ကြီးဟာ တကွဲအပျက်ကြီးလား၊ ဒီရုပ်ကြီးကတော့ တကွဲအပျက်ကြီးပါ၊ မပျက်တဲ့သဘောက ဒီခန္ဓာကောင်ကြီးလဲ ရလာရော နှစ်ဆယ်ကိုးပါးသော ကံတွေကို အားထုတ်လာကြတာဘဲမဟုတ်

လား၊ ဒီ နှစ်ဆယ့်ကိုးပါးသော ကံတွေကို အားထုတ်လာတာ သည်ပင် ဒီနှစ်ဆယ့်ကိုးပါးသောကံတွေဟာ ဘယ်မှာရှိသလဲ၊ ဒီခန္ဓာကြီးမှာရှိနေတယ်။

ဒီကံတွေကို ပျက်သဘောထဲထည့်လို့မရပါ၊ ဒီတော့ဒီခန္ဓာကိုယ်ကြီးက လုပ်တဲ့ကံတွေမှန်၍ ဥပထမ္ဘကကံပါ၊ ဒီကံတွေကို ပျက်သဘောထဲထည့်လို့မရပါ၊ ဒီကံတွေက နောက်အနာဂတ်ဘဝမှာ ခန္ဓာငါးပါးကောင်ကြီးတွေ ဖြင်အောင် လုပ်လာလိမ့်အုံးမယ်၊ ဒီခန္ဓာကောင်ကြီးလဲသေရော၊ ဒီကံတွေက ဖြစ်သဘောအနေနဲ့ထွက်လာပြီ၊အဲဒါအနာဂတ်ဘဝမှာကိုခန္ဓာငါးပါးအပင်ကြီး ဖြစ်လာအောင် လုပ်လာပြီ၊ဒါကဖြစ်သဘောပါ၊ ဖြစ်သဘောရှိလာတော့ပျက်သဘောကြီးဟာလဲရောက်လာပြန်ပြီ။

ကိုင်းဒီတော့ ဇနကကံနဲ့ဥပထမ္ဘက ကံနှစ်ပါးက စက်ရဟတ်ကြီးလေးပါးမှာ လှည့်နေတာဘဲမဟုတ်လား၊ အဲဒါ "ဖြစ်ပျက်ပျက်ဖြစ်"ဆိုပြီးတော့ လုပ်နေပြီ၊ ဒီဖြစ်ပျက်တွေကို တကယ်မြင်လာရင်ဘဲ ဆီဆုံလယ်တဲ့ နွားကြီးပမာ လှဲနေရတာကို မြင်လာတော့မယ်၊ အဲဒါနှစ်ဆယ့်ကိုးပါးသော ကံတွေက ဇနကကံနဲ့ဥပထမ္ဘက ကံရဲ့ သတ္တိနဲ့လှည့်နေတာကို တကယ်မြင်လာရင်ဘဲ ဒါနသီလတွေကို အားထုတ်လာတဲ့အခါမှာ ဘယ်လိုလုပ်မလဲ၊ ပညာနဲ့ တကယ်လုပ်နိုင်လာရင်-ဒီတော့ ဒါနသီလဘာဝနာတွေမှာကို ဒီဖြစ်ပျက်တွေကို မြင်ပြီးတော့ အဲဒီတော့မှ သံသရာကြီးမှာရပ်ပါတော့မယ်၊ ဒီလိုဖြစ်ပျက်မျိုးကို မြင်ရင် ဘုရားရှင်က ဘနေ့တရက် တန်နက်ပင်နေရသော်လဲ အသက်ရှည်တယ်လို့ ဟောလာတာပါ။

ကိုင်း....သာဓုသာ ခေါ်ကြပါတော့၊

သာဓု—သာဓု—သာဓု။

ဝါခေါင်လဆုတ် ၁-ရက်နေ့ ဟောစဉ်

# ပုံစံနံပါတ် (၁၄)

အကြောင်းပြန်ဒါန်း။ ။ယခုပြီးခဲ့တဲ့ ဝါခေါင်လဆန်း (၁၃) ရက်နေ့က **ပုံစံအမှတ်** (၁၃) မှာ ပစ္စုပ္ပန် အရိုင်ဝေဒနာသဘောကို ကံ **အကြောင်းသဘောတရား** နေပုံနှင့်တကွ ဖဿပစ္စယာ ငါးပါးနေပုံကိုပါ ခြင်းရာနှစ်ဆယ် အားဖြင့် လဆန်း (၁၃) ရက်နှင့် (၁၄) ရက်အနေနဲ့ (၂) ရက်တိုင်တိုင် နေ့ရော ညပါ ပဋိစ္စသမုပ္ပါဒ်လှည့်ပြပြီး ပုံစံ ဥကျော့ခင်းချခဲ့သည်ကို ပုံစံရဲ့သဘာဝပါ ကျမ်းကြေခဲ့ပြီးတော့ အပိုင်သိမ်းဆည်းမျိုထားမိရန် အထူးလိုအပ်လှပါသည်။

အဘယ့်ကြောင့်ဟူမူ ယနေ့ဟောကြားဆုံးမ ချီမြှင့်တော်မူမည့် ပုံစံအမှတ် (၁၄) ဖြစ်သော ဖြစ် 'ပျက်" ငါးမျိုးမှာကား မြန်မာပြည်ရဲ့အနာဂတ်သာသနာတော်ကြီးမှာ ဝိပဿနာပညာ မဂ် ဖိုလ်ရကြောင်း ရောက်ကြောင်းဖြစ်တဲ့ကိုပညာလိုလားကြတဲ့ ပါရမီရှင်ကြီးများအတွက် ထုတ်ဖော်ပြထားခြင်းကြောင့် ဤပုံစံ တော်ကြီးရဲ့ သဘာဝကို ပုံစံ တခုနှင့်တခု အကူးအပြောင်းအား ဖြင့် ပိုင်ပိုင်နိုင်နိုင် အပိုင်နားလည်ထားရန် အရေးကြီးလှ ပါကြောင်း။

တင်ပြလိုတာကတော့ ယခုပုံစံ ၁၄-မှာကား ကံ အကြောင်း သဘာဝနေပုံမှာ ဖြစ်ဆိုတာဟာဘယ်သဘောလေးဘဲပျက်ဆိုတာ ဟာ ဘယ်သဘောလေးဘဲလို့ဆိုတာကို သဘာဝရဲ့သဘော အတိုင်းပညာမြင် ဒုက္ခဖြစ်တဲ့ သင်္ခတဋ္ဌော, ပိဠနဋ္ဌော, သန္တာ

ပုံစံနံပါတ် (၁၄)



ပဋ္ဌာ၊ ဝိပရိနာမဋ္ဌာ ဆိုတဲ့ဒုက္ခလေးချက်နဲ့ အပြင်မီးခတ်လေးပါးတို့ကို ဇနက-ကံ၊ ဥပထမ္ဘက-ကံ အားဖြင့် သင်းပြပြီး ဟောကြားဆုံးမချီးမြှင့်တော်မူပါ၍ အထူးသည်းခံတော်မူကြပြီး သဘာဝပေါက်မိကြပါစေလို့ ဆိုတာကို "ဖေါ်ထုတ်ရေး၊ ပေါ်ထွက်ရေး၊ ကိန်းဝပ်တည်နေရေး" အဖွဲ့ဝင်တစုတို့က မေတ္တာပြုလိုက်ရပါတော့သတည်း။

---

## ဝါခေါင်လဆုတ် ( ၁ ) ရက် နေ့ဟောစဉ်

ဝိပဿနာကို လိုက်တဲ့အခါမှာ ဖြစ်ပျက်ကိုရှာပါလို့ဆိုရင်ဘဲ အခက်အခဲတွေနဲ့ တွေ့နေကြပါတယ်၊ ဒီတော့ ဖြစ်ပျက်တရားအစစ်ဟာ သဘာဝတရားကို ပိုင်လာမှ မြင်နိုင်ပါတယ်၊ ယခု ပုံစံနှင့်တကွပြထားတဲ့ ဖြစ်ပျက်ဟာအစစ်ပါဘဲ၊သူ့ရဲ့တိုဘက်မှာ ဖြစ်ပျက်မရှိတော့ပါ၊ ဒီတော့ ဖြစ်ပျက်ဟာ "ငါးမျိုး" လို့ ဆိုပြီးတော့ ဒီလိုကိုခွဲလာရမယ်၊ အဲဒါဖြစ်ပျက် ငါးမျိုးကို သဘာဝပိုင်အောင် ဟောနိုင်ရင် နယ်လှည့်နိုင်ပါပြီ၊ ဒီတော့ ဖြစ်ပျက်ကို တကယ်တွေ့ပြီလားလို့ မေးရင်ဘဲ-အဲဒါ သညာဖြစ်ပျက်နဲ့ ဝိညာဏ် ဖြစ်ပျက်တွေနဲ့သာ အချိန်ကုန်နေကြပါတယ်။

ဒီတော့တကယ်ကို တရားရှာလာမှ တကယ်တွေ့ပါဘယ်၊ ကိုင်း... စကားကို အကျဉ်းချုံးပြီး ပြောပြမယ်၊ ပုံစံအလယ်က စက်ဝိုင်းကိုကြည့်ပါ၊ အလည်မှာ ဖြစ်ပျက်လို့ ပြလာတယ်၊ အပေါ်မှာက ဖဿ၊ အောက်က ဝေဒနာဆိုပြီး ဖေါ်ထား

ပါတယ်၊ ကိုင်း....ဖြစ်ပျက်ကို ဘယ်လိုရှာမလဲ၊ ( သဘာဝနယ်၊ သိဥာဏ်ကျယ်၊ မဂ်ဝယ်ဖိုလ်သို့ဆိုက်လတံ့ ) လို့ပြလာတဲ့အတိုင်း "ဖြစ်"ဆိုတာဘယ်သဘောလဲလို့ဆိုရင်ဘဲအဲဒါဖဿသဘောပါ၊ နောက် "ပျက်" ဆိုတာက ဝေဒနာသဘောပါ၊ ဒါက-ပုံစံကို ကြည့်ပြီးတော့ပြောတာပါ၊ သဘာဝကို ထုတ်လိုက်စမ်းပါ။

ဒီတော့ "ဖြစ်" ဆိုတာက ဖဿသဘောပါ၊ ဖဿဆိုတာ ဘယ်လိုဖဿလဲ၊ ပြောပြမယ်-ပုံစံနံပါတ် ( ၁၃ ) မှာတုံးက ဖဿပဥ္စကငါးပါးဆိုပြီး ပြထားတယ်၊ ဒီတော့ ဖဿဆိုတာဟာ စေတသိက်ဖဿ ရုပ်ဖဿတွေကို မကောက်ပါနဲ့၊ အဲဒါအတိတ် အကြောင်းစက် ဖဿငါးပါး, ပစ္စုပ္ပန်အကျိုးစက် ဖဿငါးပါး ပစ္စုပ္ပန်အကြောင်းစက် ဖဿငါးပါး, အနာဂတ် အကျိုးစက် ဖဿငါးပါးဆိုပြီး ပြထားခဲ့ပါတယ်။ ဒီတော့ အခုဖြစ်သဘော ဖဿဟာက ဘယ်မှာရှိတဲ့ဖဿလဲ၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် လေးချက်ထဲမှာ ရှိတဲ့ဖဿကိုယူပါ။

ဒီတော့ အတိတ်အကြောင်းစက် ဖဿပဥ္စက ငါးပါးကို ဘုရားရှင်က လုပ်ငန်းစဉ်ထုတ်လိုက်တဲ့အခါမှာ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ ဒီငါးချက်ဟာ အတိတ်အကြောင်းစက် ဆိုပြီး ထုတ်ပြလာပါတယ်၊ ဒါဟာနာကြားတဲ့ သူတွေမှာ နားလည်မှာစိုးလို့ ဒီထိအောင် အကျယ်မချဲ့တော့ဘဲ အကျဉ်း နည်းဖြင့်သာ ပြသွားပါတော့မယ်၊ အဲဒီငါးခုကိုဘဲ စက်ရဟတ် လှည့်လိုက်ရင် အဝိဇ္ဇာ-အတိတ်အကြောင်းစက်၊ သင်္ခါရ ပစ္စုပ္ပန် အကျိုးစက်၊ တဏှာပစ္စုပ္ပန်အကြောင်းစက်၊ ဥပါဒါန်အနာဂတ် အကျိုးစက်နဲ့ ဘဝဆိုတာကတော့ အဲဒါ ဥပပတ္တိဘဝကို ယူလိုက်ပါ၊ ဒီလိုလှည့်လို့လဲရပါတယ်။

ဒီတော့ ပဋိစ္စသမုပ္ပါဒ်ကြီးကို နှိုက်လိုက်ရင် အင်မတန်မှ ကျယ်ဝန်းလှပါတယ်၊ အဲဒါ နားကြားတဲ့ပုဂ္ဂိုလ်တွေမှာ နားမလည်မှာ စိုးသည့်အတွက်ကြောင့် အကျဉ်းနည်းဖြင့်သာ ပြောသွားပါတော့မယ်၊ ကိုင်း ဒါကိုနားလည်ရင် အတိတ်အကြောင်းစက်မှာ ဘယ်ကံရှိသလဲ၊ ဒီနေရာမှာ အဝိဇ္ဇာကို မရှာတော့ပါ၊ ကံကိုသာလျှင် ရှာသွားပါတော့မယ်၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ်ဖြစ်ပျက်ဆိုတာဟာ ကံတရားဖြစ်ပျက်ပါ၊ ဒါကြောင့် ဒါကို ရှာချင်ရင် အတိတ်အကြောင်းစက် ဖဿပစ္စကမှာ ဘယ်ကံရိုပ်လေးရှိနေသလဲ၊ အဲဒါဟာ ဇနကကံရိပ်လေးရှိနေတယ်၊ ဒီဇနက ကံရိပ်လေးဟာက အစဉ်လိုက်နေပါတယ်၊ ဘယ်သီအောင် လိုက်သလဲဆိုရင်ဘဲ အဲဒါဝဋ်ကြွေး ကံကြွေးရဲ့ အနေထိအောင် လိုက်ပါတယ်။

ရှင်တော်မြတ်ဘုရား ရဟန်းတော်များနဲ့ ဒေသစာရီကြွတော်မူစဉ်အခါ တောအုပ် တခုရောက်တော့ ရဟန်းတပါးဟာ အဲဒီတောအုပ်၌ တရားအားထုတ်ချင်စိတ်များ ပေါ်လာပြီး ဘုရားရှင်ထံ ထိုတောအုပ်တွင် တရားအားထုတ်လိုကြောင်း ခွင့်တောင်းရှာတယ်၊ ဘုရားရှင်က ဆိတ်ဆိတ်သာ နေတော်မူတယ်၊ ဒီတော့ ထိုရဟန်းက သုံးကြိမ်တိုင်တိုင် ခွင့်တောင်းပြီး ဘုရားရှင်က ဆိတ်ဆိတ်သာနေတော်မူတဲ့အတွက် ဘုရားရှင်ရဲ့ သပိတ်ပရိက္ခရာကို မြေသို့ချပြီး သွားမည်ပြုရာ ဘုရားရှင်က သပိတ်ပရိက္ခရာကို လှမ်းတောင်းလိုက်တယ်။

ဒီတော့မှ ထိုရဟန်းလဲ တောအုပ်ထဲသို့ ဝင်သွားလို့ တော်တော်လေးသွဲကြာရော တနေရာမှာ ခိုးသားတွေပစ္စည်းခွဲဝေနေတာနဲ့ သွားတွေတော့ ခိုးသားတွေက "ဘာလဲရဟန်း ဘာလာ

လုပ်တာလဲ၊ လာစုံထောက်ထာမဟုတ်လားဆိုပြီး ဝိုင်းရှဲရိုက်နှက်ကြတယ်၊ ဒီတော့မှသူ့ေရဲရဲနဲ့ ပေါက်ပြဲခါ ကြောက်အားလန့်အားနှင့် အတင်းပြေးလာရာ ဘုရားရှင်ကိုမှီတော့မှ ဘုရားရှင်က "ချစ်သား ဝဋ်ကြွေး-ကံကြွေးရှိရင် ခံရမှာဘဲ" လို့သာ မိန့်တော်မူတယ်၊ အဲဒါဟာ ဝဋ်ကြွေး ကံကြွေးကိုမြင်လို့ ဆိတ်ဆိတ်နေလိုက်တာဘဲ မဟုတ်လား။

ဒါဟာ အတိတ်ဇနက ကံရိပ်တွေက လိုက်နေတဲ့အဘွက် ကြောင့်ဘဲ မဟုတ်လား၊ ဒီအတိတ်ဇနက ကံရဲ့သဘာဝကို မြင်အောင်ရှုရမယ်၊ ဒီတော့ ယခု "ပုံစံ" အမှတ် ( ၁၄ ) ကို ကြည့်ပါ၊ အတိတ်အကြောင်းစက်ဖဿပဋ္ဌကမှာ ဘယ်ကံရှိသလဲ၊ အတိတ်အကြောင်း ဇနကကံရှိတယ်၊ အဲဒါဇနကကံဆိုတာလဲ အကြောင်းဇနကကံ့ အကျိုးဇနကကံလို့နှစ်မျိုးရှိဘယ်၊ ဒီတော့ အခုခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ခန္ဓာကောင်ကြီးဖြစ်လာတာဟာ အတိတ်က ပစ္စည်းလေးပါးကို ပြုလုပ်သူဒါန်းလာခဲ့တဲ့ ဇနကကံ ကြောင့်အခုလိုဖြစ်လာတာပါ၊ အဲဒီအတိတ်ဇနကကံလေးက နေပြီးတော့ လူ့ဘဝကိုပစ်ချသိုက်တာပါ၊ ဒီလိုလူ့ပြည်မှာ ခန္ဓာငါးပါးကောင်ကြီးလာဖြစ်နေတာကို "အကျိုး" ဇနကကံလို့ ခေါ်တယ်၊ အကျိုးဇနကဝိပါက်လို့ပြလာတယ်၊ ဒီတော့အတိတ်အကြောင်းစက် ဖဿပဋ္ဌက ငါးပါးမှာ ဘယ်ကံရိပ်ရှိသလဲဆိုရင်ဘဲ အဲဒါအကြောင်းဇနက ကံရှိပါတယ် ဒီအတိတ်အကြောင်းဇနက ကံကြောင့် ယခုဘဝမှာ ခန္ဓာငါးပါး ရုပ်-နာမ်-ပင်ကြီးလာဖြစ်ပြီး ( တနည်း ) ပစ္စုပ္ပန်အကျိုးဇနက ကံဖြစ်လာပါတယ်။

အဲဒါ အကြည်ခာတ်တွေနှင့်တကွ လာဖြစ်နေတာပါ၊ ဒါက အကျိုးဇနကကံပါ၊ ဒီလိုခန္ဓာကောင်ကြီးနှင့်တကွ အကြည်

မါတ်တွေကို ရနေတာက ပစ္စုပ္ပန်အကျိုးစက် ဖဿပဉ္စကပါ၊ ဒါကို အကျိုးဇနကကံလို့ခေါ်တယ်၊ အတိတ်ကလှူဒါန်းလာခဲ့တာကျတော့ အကြောင်းဇနကကံပါ၊ ဒီတော့နတ်ဆိုတာဟာ ကုသိုလ်ကောင်းမှုကို မပြုကြတော့ပါ၊ လူတို့ရဲ့လှူဒါန်းတဲ့ အရာဝတ္ထုတွေထဲမှာသာ နတ်တို့ရဲ့ကမ္မဇိဒ်နဲ့သာ ထည့်လို့ရပါတယ်၊ ဒါကြောင့်နတ်များဟာ ကံဟောင်းကိုသာ ခံစားတယ်၊ ကံသစ်မရှိပါ၊ ဒါကနတ်တို့ရဲ့ ကံတရားသဘောပါ၊ ဒီတော့ အတိတ်က ပစ်ချလိုက်တာကို အကြောင်းဇနက ကံလို့ခေါ်တယ် ဒီအကြောင်းဇနက ကံကို ဘယ်လိုသတ္တဝါတွေမှ မမြင်နိုင်ပါ။

အဲဒါ ကမ္ဘာသိန်းပါရမီဖြည့်ခဲ့တဲ့ သာဝကတွေတောင်မှ ကမ္ဘာသိန်းအတွင်းမှသာ မြင်နိုင်ပါတယ်၊ ဟိုဘက်ကျသွားရင် မမြင်နိုင်တော့ပါ၊ ဘုရားရှင်ကျမှ အားလုံးမြင်တွေ့နိုင်ပါတယ်၊ ဒါကြောင့် အတိတ်အကြောင်းစက် ဇနကကံကို အဝိဇ္ဇာသဘောလို့ပြသတာပါ ဒီအကြောင်းဇနကကံလေးမှာ အဝိဇ္ဇာရေသောက်မြစ်ရှိနေတယ်၊ ဒီတော့ အတိတ်အကြောင်းစက်ဖဿပဉ္စက ငါးပါးလုံးကို ကြိတ်ချေလိုက်ရင် အကြောင်းဇနကကံလေးပေါ်လာတယ်။

နောက်ပစ္စုပ္ပန်အကျိုးစက် ဖဿပဉ္စက ငါးပါးမှာလဲ အကျိုးဇနကကံလေးရှိနေတယ်၊ သူ့ကျတော့ တဏှာရေသောက်မြစ်ရှိနေတယ်၊ ဘာကြောင့်ရှိနေဒါလဲဆိုရင် ယခုဒီရရှိထားတဲ့ခန္ဓာငါးပါး ရုပ်နာမ်ကောင်ကြီးကို နှစ်သက်နေတာဘဲ မဟုတ်လား၊ အဲဒါဘယ်တုန်းကစပြီး နှစ်သက်လာသလဲဆိုရင် အဘိဓမ္မာအနေနဲ့ပြောရရင် ပဋိသန္ဓေစိတ်နောင် ဘဝင်တဆယ့်ငါးကြိမ်

တဆယ့်ခြောက်ကြိမ်အလွန် ဘဝနိကန္တိက လောဘဇော ခုနစ်ကြိမ်ကစပြီး နှစ်သက်လာတာဘဲမဟုတ်လား၊ ဒီလိုအဘိဓမ္မာက ပြလာပါတယ်၊ ဒါဟာအကျိုးဇနက ကံလေးကို နှစ်သက်နေတာပါ။

အဲဒါ-သေခါနီးမှာတောင်မှ မလွဲသာမရှောင်သာလို့ သေရ သော်လဲ ကယ်ပါ-မ, ပါ စသည်ဖြင့် အော်ခနေကြသေးတယ် မဟုတ်လား၊ ဒီတော့အကျိုးဇနက ကံ တဏှာရိပ်ထဲမှာကို ကံရိပ်လေးဟာ ဝင်နေပြီ၊ ဘယ်လိုဝင်နေသလဲ-အဲဒါ ခန္ဓာကောင်ကြီးကို မကောင်းကောင်းအောင်စောင့်ရှောက်လာတော့တယ်၊ မလွဲမရှောင်သာလို့ သေသွားတဲ့အခါမှာတောင် ဘဝစားပြန်ရလာအောင် ဒါန-သီလ-ဘာဝနာတွေကို သညာဝိညာဏ်ဖြင့် ပြုလုပ်လာတော့တယ်၊ ဒီသဘာဝတွေဟာ ကမ္ဘာ့တရားအနေနဲ့ (ဝါ) ဓမ္မတာတရားအနေနဲ့ ပြုလုပ်လာတော့တယ်။

အဲဒါဟာသာသနာ့တရားထဲမရောက်သေးပါ၊ သညာဝိညာဏ်ဖြင့်တွေးကြံပြီး အားထုတ်လုပ်ဆောင်နေတာပါ၊ ဒီတော့-ဒါန သီလဘာ နာတွေကို ပညာနဲ့လုပ်တဲ့ပုဂ္ဂိုလ်တွေကျတော့၊ခန္ဓာကောင်ကြီးကိုဒုက္ခလို့မြင်ပြီး သံသရာမှလွတ်အောင်လုပ်တာပါ၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ သာသနာတော်ကြီးနဲ့ တွေ့သော်လဲ အမြင်မှန်မရသေးသမျှ ဘဝနိကန္တိက တဏှာဦးစီးပြီးတော့ အားထုတ်နေကြသေးတယ်၊ ဒါဟာ ရထားတဲ့ခန္ဓာကောင်ကြီးကို နှစ်သက်နေလို့ဘဲမဟုတ်လား၊ (ဝါ) ဟိုဘက်ဘဝမှာကို ဒီလိုခန္ဓာငါးပါး အပင်ကြီး ပြန်ပေါက်အောင်လို့ ပြုလုပ်နေတာဘဲမဟုတ်လား၊ ဒါကြောင့်သဘာဝတွေကဲ့လွဲမနေဘူးလား၊ ဒီတော့ ရထားတဲ့ ခန္ဓာငါးပါး ကောင်ကြီးမှာကို အကျိုးဇနက-ကံတဏှာ ရိပ်ဟာ ရှိနေတယ်။

ဒါကြောင့် ဒီကံမျိုးစေ့တွေကို ချစေချင်လာတော့မှ သညာ ဝိညာဏ်သမားတွေကို တဏှာက ခေါ်လာပြီးတော့ (၂၉) ပါး သောကံလေးတွေကို လုပ်ခိုင်းလာတယ်၊ ဒီလိုလုပ်လာတဲ့အတွက် ကြောင့် အကျိုးဇနကကံရိပ်ထဲကနေ အကြောင်းဥပထမ္ဘက ကံတွေပေါ် ထွက်လာတာဘဲမဟုတ်လား၊ ဒီလို (၂၉) ပါးသော ကံမျိုးစေ့တွေချလာတာဟာ ဘယ်လောက်များသလဲ၊ ဒီသဘာဝ တွေကို ပြုပြင်နှိပ်စက် ပူပန်ဖေါက်ပြန်ဆိုတဲ့ ဒီဒုက္ခလေးချက်နဲ့ မြင်အောင်ရှုရမယ်၊ ဒီလိုရှုလာနိုင်မှ နိဗ္ဗာနဓာတ်ကြီးကိုတွေ့မယ်။

ဒီတော့ ဒီခန္ဓာကောင်ကြီးမှာကို နှိပ်စက်တဲ့ဒုက္ခအနေနဲ့ မြင် အောင်ရှုပါ၊ ဒါဟာ-တဏှာမဖြစ်အောင် ပြလာတာဘဲ မဟုတ် လား၊ ဒီလိုနှိပ်စက်တဲ့ ဒုက္ခတွေကိုတွေ့လာမှ နိဗ္ဗာနဓာတ်ကြီးကို တွေ့မယ်၊ ဒီတော့ အတိတ်အကြောင်းစက်ဖြစ်တဲ့ အကြောင်း ဇနကကံကို ပြုပြင်တဲ့ ဒုက္ခသဘောအနေနဲ့ မြင်အောင်ရှုရမယ်၊ နောက် ပစ္စုပ္ပန်အကျိုးစက်ဖြစ်တဲ့ ယခုခန္ဓာကောင်ကြီး ဖြစ်ဘဲ အကျိုးဇနကကံကိုလဲ နှိပ်စက်တဲ့ဒုက္ခသဘောအနေနဲ့ မြင်အောင် ရှုရမယ်၊ အဲဒီအထဲကနေပြီး ထွက်လာတဲ့ ပစ္စုပ္ပန်အကြောင်း စက်ဖြစ်တဲ့ အကြောင်းဥပထမ္ဘက ကံကို ပူပန်တဲ့ ဒုက္ခအနေနဲ့ မြင်အောင်ရှုရမယ်၊ အဲဒါအကြောင်းဥပထမ္ဘက ကံလဲရှိလာရော အကျိုးဥပထမ္ဘက-ကံက အနာဂတ်အကျိုးစက်ဟာလဲ ဖြစ်လာ တော့တယ်၊ ဒီတော့-ဒီခန္ဓာကောင်ကြီးတဘဝ-တခန္ဓာ မနေသာ လို့သေရွာသို့ ဇာတ်သိမ်းလိုက်ရော ဒီခန္ဓာကောင်ကြီးဖြစ်ဘဲ အကျိုးဥပထမ္ဘက ကံကိုသာ သုသာန်မှာ မြှုပ်နှံပြီး....။

အကြောင်းကံအနေနဲ့က ဟိုဘက်ဘဝကို ပို့လိုက်ပြန်ပြီဘဲ မဟုတ်လား၊ဒါကို ဖေါက်ပြန်ပျက်စီးတဲ့ ဒုက္ခအနေနဲ့ မြင်အောင်

ရှုရမယ်၊ ဒီတော့ အတိတ်အကြောင်းစက် အကြောင်းဇနက ကံရိုပ်က ဖြစ်သဘောပါ၊ နောက်ပစ္စုပ္ပန်အကျိုးစက် အကျိုးဇနက ကံက ပျက်သဘောပါ၊ နောက်ပစ္စုပ္ပန်အကြောင်းစက် အကြောင်းဥပထမ္ဘကကံက ဖြစ်သဘောပါ၊ အနာဂတ်အကျိုးစက် အကျိုးဥပထမ္ဘကကံက ပျက်သဘောပါလို့ ဆုံပြီးပြလာတယ်။ ဒါကိုပဋိစ္စသမုပ္ပါဒ်ရဲ့ ဖြစ်ပျက်လို့ ဟောလိုက်တာပါ၊ ဒီတော့ အတိတ်အကြောင်းစက်က အကြောင်းဇနကကံ ဖြစ်သဘောကိုရလာရော ပစ္စုပ္ပန်အကျိုးစက် အကျိုးဇနက ကံကြီး ဖြစ်လာတယ်။

အဲဒီ အကျိုး ဇနကကံကို ရလာတာနဲ့ တခါ နှစ်ဆယ့်ကိုးပါးသော ကံတရားတွေကို ပြုလုပ်လာပြန်တယ်၊ ဒီတော့ ပစ္စုပ္ပန်အကြောင်းစက် အကြောင်းဥပထမ္ဘကကံကြီး ထပ်ပေါ်လာပြန်တယ်၊ နောက် တဘဝ တခန္ဓာဘာ သေသွဲသေရော ဒီခန္ဓာကြီးတည်းဟူသော အကျိုးဥပထမ္ဘကကံသာ သုသာန်မှာ မြှုပ်နှံရသော်လဲ ဟိုဘက်ဘဝကို အကြောင်း ဥပထမ္ဘကကံရိုပ် အနေနဲ့ လိုက်နေပြီ၊ ဟိုဘက်ဘဝမှာကို အကြောင်းဇနကကံ အနေ သွားဖြစ်ပြန်တယ်၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကြီးမှာ ကံတွေလှည့်နေတာဘဲ မဟုတ်လား၊ ဒီတော့ဇနကကံနဲ့ ဥပထမ္ဘကကံနှစ်ပါး လှည့်နေတာကိုမြင်ရင် ဖြစ်ပျက်ကိုမြင်ပြီ။

ကိုင်း… ဖြစ်ပျက်ကိုမြင်ရင် ဒီ ဖြစ်ပျက်ကို ဘယ်လိုဖြတ်မလဲ၊ ဒီတော့ အကြောင်း ဥပထမ္ဘကကံနဲ့ အကျိုး ဥပထမ္ဘကကံကို ရှင်းပြပါအုံးမယ်၊ ယခုခန္ဓာငါးပါးကောင်ကြီးကို ရနေတော့ရင် အဲဒါ နှစ်ဆယ့်ကိုးပါးသော ကံတွေကို ထပ်လုပ်လာတာကို အကြောင်း ဥပထမ္ဘကကံလို့ခေါ်တယ်၊ ဒီတော့ ဒီအကြောင်း

ဥပသမ္ဘကကံထဲမှာကို အကျိုးဥပထမ္ဘကကံလေးဟာလဲ ပါလာတယ်၊ ပိဋကတ်တော်က အကြောင်းဇနကကံကြောင့် ရလာတဲ့ အကျိုးဇနကကံကြီးကို ဥပထမ္ဘကကံက နေပြီးတော့ စောင့်ရှောက်နေတယ်လို့ ပြလာပါတယ်။

ဒီတော့ သံဃာတော်များပင့်ပြီး ဆွမ်းကျွေး ပရိတ်ရွတ်တာတွေဟာ ဥပထမ္ဘကကံအနေနဲ့ စောင့်ရှောက်တဲ့သဘောတွေပါ၊ ဒီလိုစောင့်ရှောက်လာရင်ဘဲ ဒီခန္ဓာကိုယ်ကြီးကို (ဝါ) အကျိုးဇနကကံကြီးကို ဖျက်ဆီးမဲ့ရန်သူကို တားဆီးနိုင်တယ်၊ ဒီတော့ ဒီ အကြောင်း ဥပထမ္ဘကကံထဲမှာ အကျိုး ဥပထမ္ဘကကံလေးဟာလဲ ပါလာပါတယ်၊ ဒီတော့ ဇနကကံနဲ့ ဥပထမ္ဘကကံတို့ဟာ တခုရှိလာရင်ဘဲ တခုဟာလဲ ရှိလာရပါတယ်၊ အဲဒါဟာ တဦးကို တဦးက အမှီပြုပြီးတော့ နေကြပါဘယ်၊ ကိုင်း ဒီတော့ ဒီ ဇနကကံနဲ့ ဥပထမ္ဘကကံနှစ်ပါး ပဋိစ္စသမုပ္ပါဒ်ကြီး လှည့်နေတာကို ဖြစ်ပျက်လို့ပြောတာပါ၊ ကိုင်း လှည့်ပုံကိုတော့ နားလည်ပြီ၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ်ကြီး ရပ်သွားအောင် ဒီဖြစ်ပျက်ကို ဘယ်လိုဖြတ်မလဲ။

ဒီတော့ ဒါန သီလ ပြုတဲ့အခါမှာ ကံမဖြစ်အောင် (တနည်း) သံသရာမလည်အောင် ဒီ ဖြစ်ပျက်ကို ဘယ်လိုဖြတ်မလဲ၊ ဝိသာခါ ကျောင်းအမကြီးတို့ဟာ ဒါန သီလဘော့ကို ပြုသော်လဲ သံသရာ မလည်တော့ပါ၊ (ဝါ) ကံမဖြစ်တော့ပါ၊ ကုသိုလ်ပါရမီအနေနဲ့ သာ ဖြစ်တော့ဘယ်၊ ဒီဘော့မှ ပဋိစ္စသမုပ္ပါဒ်ကြီး မလည်နိုင်တော့ပါ၊ ကိုင်း ဒီလိုကံမဖြစ်ပဲ ကုသိုလ်ပါရမီဖြစ်အောင် (ဝါ) ပဋိစ္စသမုပ္ပါဒ် မလည်အောင် ဒီ ဖြစ်ပျက်ကို သတ်ရတော့မယ်၊ ဘယ်လိုသတ်မလဲ၊ အာနာပါနကြီးကို အားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ

ကြီးလေးကြီးကိုရှောင်ရမယ်၊ (၁) အစားကြီးခြင်း၊ (၂) အအိပ်ကြီးခြင်း၊ (၃) အပျင်းကြီးခြင်း၊ (၄) အဖျင်းကြီးခြင်း ဒီ လေးကြီးကို ရှောင်လာမှ အားထုတ်လို့ရပါတယ်။

ဒါဖြင့် အအိပ် အနေ နည်းအောင် ဘယ်လိုလုပ်မလဲ၊ ဒီတော့ အိပ်ခါနီးမှာဖယောင်းတိုင်လေး တတိုင်ကို ထွန်းလိုက်ပါ၊ ထွန်းပြီးတော့ ငါဒီဖယောင်းတိုင်ကုန်ရင် နိုးပါစေဆိုပြီး အိပ်ပါ၊ အဲဒီတော့ ဖယောင်းတိုင်လေးကုန်လို့ နိုးလာရင်ဘဲ ပြန်မအိပ်သေးဘဲ အာနာပါနကို တနာရီဖြစ်စေ၊ နာရီဝက်ဖြစ်စေလုပ်ပါ၊ လုပ်ပြီးရင် တခါဖယောင်းတိုင် တတိုင်ထွန်းပြီး ပြန်အိပ်၊ အဲဒီလို အလေ့အကျင့်လေးကို လုပ်သွားရင် တဖြည်းဖြည်းနဲ့ အအိပ် အနေ နည်းတော့မယ်၊ ဒီလိုတဝါတွင်းလောက် အားထုတ်လာရင်ဘဲ ထင်ရှားလာပါလိမ့်မယ်၊ ဇာဂရာနုယောဂ ဆိုသည်မှာ နိုးကြားသည့်တရားတို့၌ နိုငရဏငါးမျိုးတို့သည် အိပ်ပျော်သည်တို့မည်ကုန်၏။

အိပ်ပျော်သည့်တရားတို့၌( ဣန္ဒြေ )ငါးမျိုးတို့သည် နိုးကြားသည်တို့မည်ကုန်၏၊ နီဝရဏငါးမျိုးတို့ဖြင့် ကိလေသာမှုကို ဆဲ့ယူသုံးသင်၏၊ ( ဣန္ဒြေ ) ငါးမျိုးတို့ဖြင့် စင်ကြယ်နိုင်၏ဟု ဟောတော်မူ၏။ ဒါက အာနာပါနအလုပ်ကို နည်းပေးလိုက်တာပါ၊ကိုင်းဒီဖြစ်ပျက်ကြီးကို ဘယ်လိုသတ်မလဲ၊ ရှေ့ကဝိပဿနာကို ပြလာတဲ့အခါမှာ အနတ္တနဲ့ သတ်ပြလာခဲ့တယ်၊ အစုံမပါပါ၊ မဟာသတိပဋ္ဌာန်တရားကြီးမှာ ဒီလိုမသတ်တော့ပါ၊ ဒါဖြင့် ဘာနဲ့သတ်မလဲ၊ သတ်မဲ့ပုဂ္ဂိုလ်ဟာ ဒုက္ခလေးချက်ကို လက်ကိုင်ထားရမယ်၊ ဒီတော့ မီးခဲတင်လေးပါးဟာ ခန္ဓာကိုယ်ကြီးမှာရှိနေတယ်။

ခန္ဓာကိုယ်ကြီးကို ပြုပြင်ပေးနေ့တာက ပရိပါစကမီးခေတ်ပါ၊ သူကချက်တိုင်မှာရှိနေတယ်၊ ဥသမမီးခေတ်ကျတော့ နှလုံးအိမ် ရင်ချိုင့်မှာ ရှိနေတယ်၊ ဒါကနှိပ်စက်တဲ့သဘောပါ၊ သန္တပ္ပန မီးခေတ်က ဦးနှောက်အိမ်မှာရှိတယ်၊ ဒီမီးခေတ်က လောင် မြိုက်ပါများလာရင် အရေတွေတွန့်လာတယ်၊ ဆံဖြူ-သွားကျိုး ဖြစ်လာတယ်၊ သူက ပူပန်တဲ့သဘောပါ၊ ဒဟာမီးခေတ်ကျတော့ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားမှာရှိတယ်၊ သူ့ကျတော့ ဖေါက်ပြန် ပျက်စီးတဲ့သဘောပါ၊ ဒီတော့နှိပ်စက် ပြုပြင် ပူပန်ဖေါက်လွဲ ဒီလေးချက်ဟာ ဘယ်လိုလဲဆိုတော့ အကြောင်းဇနက-ကံက ပြုပြင်တဲ့သဘော၊ အကျိုးဇနက ကံက နှိပ်စက်တဲ့ သဘော၊ အကြောင်းဥပထမ္ဘက ကံကျတော့ ပူပန်တဲ့သဘော၊ အကျိုးဥပ ထမ္ဘက-ကံကျတော့ ဖေါက်ပြန်ပျက်စီးတဲ့သဘောပါ၊ ဒီလိုလှည့် နေတယ်၊ ဒီသဘာဝတွေက ဖြစ်ပျက်အစစ်ပါ။

ဒီတော့ရင် အဲဒီသဘာဝတွေရဲ့ အထဲမှာ တဏှာကနေ ပြီးတော့ မျိုးလေးတွေကို ချလာပြန်တယ်၊ ဘယ်အနေနဲ့ ပါလာ သလဲလို့ဆိုရင်ဘဲ အဲဒါဟာ "ဆည်းပူး၊ နှင်းဆောင်၊ ဖွဲ့နှောင်၊ နှောက်ယှက်" ဆိုပြီးတော့ ကံမျိုးစေ့လေးတွေ ချနေတယ်၊ ဒီတော့ ဒီတဏှာက ကျလာတဲ့ ကံမျိုးစေ့နဲ့ အကြောင်းဇနက, အကျိုးဇနကဆိုပြီး ပဋိစ္စသမုပ္ပါဒ် ပတ်ပြလိုက်ပြီ၊ ဒီတော့ ဒီဖြစ် ပျက်ကိုသတိချင်ရင် ဒုက္ခကိုမြင်အောင်ရှုရမယ်၊ ဒုက္ခဆိုတာဟာ ဘယ်ဟာလဲ၊ သညာဝိညာဏ်နဲ့ဆွဲတဲ့ ဒုက္ခဟာ ကိုယ်ကမနှစ် သက်တဲ့ အာရုံလေးကျတော့ရင် ဒုက္ခ၊ နှစ်သက်တဲ့ အာရုံလေး ကျတော့ရင် သုခလို့ယူလာကြတယ်။

ဒီတော့ လောကကြီးမှာ နှစ်သက်ရင် သုခ, မနှစ်သက်ရင်ဒုက္ခ ဆိုပြီးတော့ ဖြစ်လာတယ်၊ ဒါဟာ သညာဝိညာဏ်နဲ့ ဆွဲနေတဲ့

ဒုက္ခပါ၊ ဒါဟာ အန္ဓတွေမြင်တဲ့ဒုက္ခပါ၊ ဒါထက် မြင့်ပါဆိုရင် တောင့်တတိုင်း မရခြင်းဟာလဲ ဒုက္ခ၊ ဒီအထိသာ လျှင်မြင်မယ်၊ ဒီတော့ သညာဝိညာဏ်ပြောတဲ့ဒုက္ခကို အကျဉ်းမှတ်လိုက်ပါ၊ ယခု ပညာနယ်မှာရှိတဲ့ (ဝါ) ပဋိစ္စသမုပ္ပါဒ်နယ်မှာရှိတဲ့ ဒုက္ခကို ပြောပါ၊ ဒီတော့ သန္တတဋ္ဌော–ပူပြင်တဲ့ဒုက္ခ၊ ပီဠနဋ္ဌော–နှိပ်စက်တဲ့ဒုက္ခ၊ သင်္ခတဋ္ဌော–ပူပန်တဲ့ဒုက္ခ၊ ဝိပရိဏာမဋ္ဌော - ဖေါက်ပြန်ပျက်စီးတဲ့ဒုက္ခဆိုပြီးတော့ရင် ဒီဒုက္ခလေးချက်ကို ထုတ်ပြထားပါတယ်။ ဒါကိုပညာမြင်ဒုက္ခလို့ ခေါ်တယ်၊ သန္တတဋ္ဌ ဆိုတာ ပူပြင်တဲ့သဘော၊ ဒါကို အရင်က အဝိဇ္ဇာဆိုပြီး ကောက်လာတယ်၊ ဒါဟာ အရာမရောက်သေးပါ၊ အရာရောက်တာ (ဝါ) ပြဋ္ဌာန်းတာဟာ ဇနကကံပါ အဲဒါ သန္တတဋ္ဌ ပူပြင်တဲ့ သဘောပါ။

ပူပြင်တဲ့သဘောရှိနေလို့ လူကောင်ကြီး လာဖြစ်နေတာဘဲ မဟုတ်လား၊ ဇနကကံဟာ အတိတ်အကြောင်းစက်ပါ၊ ဒါဟာ ပူပြင်တဲ့သဘောပါ၊ ဒီပူပြင်တဲ့သဘောဟာ ဒုက္ခဖြစ်အောင် ပူပြင်လိုက်တာဘဲ မဟုတ်လား၊ ( တနည်း ) ဘဝယန္တရားထဲကို ချတာဘဲမဟုတ်လား၊ ဒါဟာ သုခဖြစ်အောင်လုပ်တာမဟုတ်ပါ၊ ဒါ့ကြောင့် အတိတ်အကြောင်းစက် ဇနကကံကြောင့် လူကောင်တွေဖြစ်လာရတာပါ၊ ဒီဇနကကံကို ပြန်တွေးကြည့်ပါ၊ ဇနကကံဟာ သန္တတဋ္ဌ ဒုက္ခအနေနဲ့ ဒုက္ခကိုဖြစ်အောင် ပူပြင်လာတာပါလို့ဆိုတာကို မြင်အောင်ရှုပြီးသိမ်းပါ၊ နောက် အခုနေတဲ့ အကျိုးဇနကကံ အကျိုးရုပ်ပင် နာမ်ပင်ကြီးကျတော့ ပီဠနဋ္ဌ နှိပ်စက်တဲ့ ဒုက္ခအနေနဲ့ မြင်အောင်ရှုပြီး သိမ်းပါ၊ အဲဒါဟာ ခန္ဓာကိုယ်ကြီးနဲ့ ပတ်သက်လာတာတွေကို နှိပ်စက်တဲ့ဒုက္ခအနေနဲ့

သိမ်းနိုင်လာရမယ်၊ ဝတ်မှုစားမှု အိပ်မှုတွေမှာ အနှစ်အသား အခနနဲ့ လုပ်နေတာသည်ပင် နှိပ်စက်တဲ့ဒုက္ခကို မမြင်လို့ပါ။

ဒီဟာ ဒီအပေါ်တွေမှာ နှိပ်စက်နေတဲ့အနေနဲ့ မြင်အောင် ရှုပါ၊ ရှုပါရုံနဲ့ မြင်လိုက်တဲ့အခါမှာလဲ ဩြော် ငါ့မှာ အကြည် ခတ်လေးတွေ ရှိနေလို့ မြင်နေတာပါလား၊ ဒါကြောင့် အကြည်ခတ်လေးရနေဘာသည်ပင် ဝိပ္ပယောဂဒုက္ခ၊ သမ္ပယောဂ ဒုက္ခအားဖြင့် ငါ့ကိုနှိပ်စက်နေတာပါလား ဆိုဘာကို မြင်အောင် ခန္ဓာကိုယ်ကြီးကို ပြန်ရှုပါ၊ အဲဒီလို ရှုလာနိုင်ရင် အကျိုးဇနက ကံဟာ ပြတ်ပြီးတော့ အဲဒါဟာ ကံမျိုးစေ့မချတော့ပါ၊ အဲဒါ မိမိပြုလာတဲ့ ကံတွေမှာကို (တနည်း) အနာဂတ်ဘဝမှာ သွား ဖြစ်မှာကို (ဝါ) ကံတွေက ဘဝယန္တရားကြီး လှည့်လာမှာကို ကြောက်လာပြီ၊ (ဝါ) ပူပန်လာပြီ၊ အဲဒါ သန္တာပဒုက္ခကို မြင်နေပြီ၊ (တနည်း) သန္တာပဒုက္ခ ပူပန်တဲ့ဒုက္ခပါ။

အဲဒါ ခန္ဓာကိုယ်ကြီးအပေါ်မှာ နှိပ်စက်တာကိုမြင်လာတော့ နောင်တဖန် ထပ်ဖြင်လာမှာကို ကြောက်လာပြီ၊ တနည်း ဒီ ကံ တရားတွေရှိလာရင် ငါ ပူပန်ရအုံးမယ်သို့ဆိုပြီးတော့ တခါတည်း သိမ်းနိုင်လာပြီ၊ ဒီတော့ သန္တာပ ပူပင်တယ်လို့ ဆိုတာဟာ ဝိညာဏ်ပူပန်ခြင်းနဲ့ ပညာပူပန်ခြင်းလို့ ဆိုပြီးတော့နှစ်မျိုးရှိ တယ်၊ ဝိညာဏ်ပူပန်တဲ့ သဘောကျတော့ တဏှာသဘောပါ လာပြီ၊ ဒီတော့အသူခံလာရင် မောင်းထုတ်လာပြီ၊ အဲဒါတကာယ် ပူပန်တာမဟုတ်ပါ၊ ဒီဘော့ ကံကို မလုပ်ချင်ဘော့ပါဘူးလို့ ဆိုပြီးတော့ အလှူခံလာရင် မောင်းထုတ်တဲ့ သဘောကျတော့သဲ ဒါဟာ ကံမျိုးစေ့မှ လွတ်ဘယ်လို့ များမသင်ပါနဲ့၊ အဲဒါဟာ

မမှန်တဲ့ ကံတွေဝင်လာတော့မယ်၊ ဒါကြောင့် ပညာပူပန်တာ ကျတော့ အာဒိနဝဉာဏ် သန္တိပဒ-ငါးချက်ထိအောင် သွားဝင် ပါတယ်။

ဒဲ့ဒါဟာ အာဒိနဝဉာဏ်မှ သန္တိပဒ ငြိမ်းတဲ့အကြောင်း နိဗ္ဗာနဓာတ်ကြီးကိုမြင်နေတယ်၊ ဒါကို ပညာပူပန်တာလို့ ခေါ်တယ်၊ ဒီလိုမြင်လာရင် လူတယောက်ကို မြင်လိုက်ရင်ဘဲ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိ ဩတ္တပ္ပ လို့ဆိုတဲ့ သူတော်ကောင်းဥစ္စာ ခုနစ်ပါးနဲ့ပြည့်စုံပြီးတော့ လူချင်းဒါန်းချင်လာတော့မယ်၊ ( တနည်း ) အဲဒီသူဘော်ကောင်းတရား ခုနစ်ပါးနဲ့ဘဲ နောင်တဖန်ပြန်မဖြစ်တဲ့ သဘောကို လှမ်းကိုင်လာတော့တယ်၊ အဲဒါ တကယ့်သန္တိပဒ နိဗ္ဗာနဓာတ်ကြီးကို လှမ်းကိုင်လာတယ်၊ သူ့မှာကံမျိုးစေ့တွေမချတော့ပါ၊ ဘာကြောင့်လဲ နိဗ္ဗာနဓာတ်ကြီးကို မြင်နေပြီ၊ ဒီတော့ မိမိကိုယ်ကို ပြန်ကြည့်ပါ၊ ပြန်ချိန်ပါ၊အလှူခံနဲ့တွေ့တဲ့အခါမှာ ဘယ်လိုရှိနေသလဲ ဆိုတာကို ကိုယ့်ကိုယ်ကို ကိုယ်ပြန်ပြီးချိန်ကြည့်ပါ။

ပညာပူပန်ခြင်း ဆိုတာဟာ နောင်တဖန် ထပ်မဖြစ်တဲ့ သဘောလို့သာလှမ်းကိုင်တယ်၊ နောင်တဖန် ထပ်မဖြစ်တာဟာ ငြိမ်းတဲ့နိဗ္ဗာနဓာတ်ကိုအာရုံပြုနေပြီ၊ဒီတော့ပန္နပွန်အကြောင်း စက် သန္တာပဋ္ဌဒုက္ခကိုမြင်ပြီးတော့ ပြုလာရင် အဲဒါပစ္စုပ္ပန် အကျိုးစက်ကို ရိုက်ချိုးလိုက်ပါပြီ၊ နောက်ဝိပရိနာမဋ္ဌ ဖေါက် ပြန်ပျက်စီးခြင်းဟာသဲ နှစ်မျိုးရှိတယ်၊ ဝိညာဏ်မြင်ဖေါက်ပြန် ပျက်စီးခြင်းနဲ့ ပညာမြင်ဖေါက်ပြန်ပျက်စီးခြင်း ဆိုပြီးတော့ နှစ်မျိုးရှိတယ်၊ ဒီတော့ ဝိညာဏ်ဖြင့် ဖေါက်ပြန်ပျက်စီးခြင်း

ဆိုတာက ယဘုက်ရေပုဂံကြီးကျက်သွားသလို နောင်တဖန်ပြန်ဖြစ်လာတဲ့(ဝါ)ပြန်ပေါ်လာတဲ့ ဖေါက်ပြန်ပျက်စီးတဲ့ သဘောတွေပါ။

အဲဒါအရိုးစိုက်ဒိဋ္ဌိ၊ အပင်စိုက်ဒိဋ္ဌိတွေရဲ့ အယူဝါဒတွေပါ၊ ( တနည်း ) ရှက်ကျပင်ပေါက်တဲ့သဘောပါ၊ ဒီတော့သေဘယ်ဆိုတာသည်ပင် ဒီခန္ဓာကောင်ကြီး ဖေါက်ပြန်ပျက်စီး သွားသော်လဲ ဟိုဘုက်ဘဝမှာ ခန္ဓာပင်ကြီး သွားပေါ်အုံးမှာဘဲ မဟုတ်လား၊ နောင်တဖန်ပြန်မဖြစ်မှ အစဉ်ဖေါက်ပြန်တဲ့ သဘောပါ၊ ဒါမှ နိရောဓရဲ့သဘော, နောင်တဖန်ပြန်ပြီးတော့ ဘယ်တော့မှ ပြန်ပြီးတော့ မဖြစ်တဲ့သဘောဟာ ပညာရဲ့ ဖေါက်ပြန်ခြင်းသဘောပါ၊ ဒါမှနိဗ္ဗာနဓာတ်ကြီးကို ဝင်မယ်၊ ဒါကြောင့် အဲဒီလိုဒုက္ခလေးချက်ကိုလဲ မြင်လာရော ထိုပုဂ္ဂိုလ်လူတဲ့အခါမှာ ကိုယ့်အကျိုးမပါတော့ဘဲ သာသနာတော်ရဲ့ အကျိုး, အလှူခံပုဂ္ဂိုလ်ရဲ့ အကျိုးကိုသာရည်ပြီး လှူဒါန်းလာတော့တယ်၊ ဒီလိုလှူဒါန်းနိုင်လာရင် ကိုယ့်အတွက် ကံမျိုးစေ့လေးမကျတော့ပါ၊ ဒါဟာပါရမီကုသိုလ်အနေနဲ့ ပါပြီးတော့ပြုစင်လာပြီ၊

ဒီတော့ အလှူခံပုဂ္ဂိုလ်ကို လိုက်မရှာဘော့ပါ၊ ဒီတော့ ကိုယ့်အကျိုးကိုရည်ပြီး လှူဒါန်းကြတဲ့ ပုဂ္ဂိုလ်တွေကျတော့ အလှူခံပုဂ္ဂိုလ်ကို လိုက်ရှာနေသေးတယ်၊ ဒီတော့ ဒါနပြုတဲ့ အခါမှာ ဘယ်လိုပြုမလဲ၊ အဲဒါ ကိုယ့်အကျိုးဆိုရင် မဂ်ဖိုလ် နိဗ္ဗာန်ရဲ့ အကျိုး (ဝါ) ယခုပြနေတဲ့တရားကို ရရပါလို၏လို့ဆိုပြီး ပြုရတယ်၊ လှူဒါန်းရမယ်၊ နောက် အလှူခံရဲ့အကျိုးဆိုရင်လဲ ပြည့်စုံ

ပါစေလို့ ရည်ပြီး လှူဒါန်းရမယ်၊ ဒီလိုလုပ်လာမှ မမှစကြာထဲမှာ ဟောကြားခဲ့တဲ့ အနတ္တသံဟိတမှန်နဲ့ လွတ်သွားမယ်၊ ဝိသာခါ ကျောင်းအမကြီးတို့ကျတော့ ကံမျိုးစေ့တွေကို ဒုက္ခလေးချက်နဲ့ ရိုက်ချိုးထားတဲ့အတွက် ဘယ်လောက်ပင် ဒါန သီလ ဘာဝနာ တွေကို ပြုသော်လဲ ကံမဖြစ်တော့ပါ။

ကံမျိုးစေ့ကျတယ်ဆိုတာ လူမင်းစည်းစိမ်နတ်မင်းစည်းစိမ် ဗြဟ္မာမင်းစည်းစိမ်တွေကို တောင့်တပြီး ပြုလုပ်တဲ့ ဒါန သီလ ဘာဝနာတွေမှန်သမျှ ကံမျိုးစေ့ကျတာကြီးပါဘဲ ဒါဟာ ဒုက္ခလေးချက်ကို မမြင်လို့ပါ၊ ဒီပညာမြင် ဒုက္ခလေးချက်ကို မြင်ပြီး ဒါန သီလ ဘာဝနာတွေကို လုပ်လာရင် ကံမျိုးစေ့ မကျတော့ဘဲ ဒါနပါရမီ ကုသိုလ်အနေနဲ့ဖြစ်သွားပြီ။

# ညဟောစဉ်။

"သာသနာတော်သုံးရပ်၊ ပဋိပတ်တွင်၊ ခေတ်လေးပါး ခေတ်ရှစ်ပါး၊ စကားပညတ်၊ ခေတ်ချင်းတိုင်းခေတ်ကြ တော့၊ ပိဋကတ်သုံးပုံ ဒီခေတ်တွင်ကြုံခါမှ၊ တုံ့လိုတုံ့ရှိလို့ရှိ၊ ခေါင်းမြီးခြုံကြ၊ သဘာဝ၊ ဝိသဘာဝနှင့်မခွဲနေ၊ ဗေဒင်က ဗေဒင်၊ စကြာဘုရားကလဲ့မမှုစကြာတရားတော်၊ လာချင် တိုင်းလာကြတော့၊ ဂဏယ်သုံးခု၊ အဋ္ဌရှစ်ထု ကြက်ဥတော့ ထောင်းသည့်နည်း၊ ခေတ်ပေါင်းတွေစုံလင်။ ဝဂ်ဘာဝေ၊ ဆံကေကောင်းမြတ်၊ စံကိန်းငပ်သည့်၊ မွေခေတ်တော်အစုံ၊ ကိုးသွယ်ဂုဏ်အတုမရှိ ပြုရသည့်မဟာသတိပဋ္ဌာန် တရား ခေတ်ကြီးရဲ့ဂုဏ်ကို၊ မယုံလျှင်စမ်းမလား၊ ရွှေနန်းတော် ကြီးရဲ့မိတ်ဖက်၊ ကျက်သရေတော်ဝင်းပြောင်၊ ဘောင် တော်အလုံးကို၊ အသုံးတော်ရပြီမို့၊ ပညာရှိအရေး၊ အမေးဘော်ထွက်ခါမှ၊ ဥာဏ်သွက်နက်ဝရဇိန်နဲ့၊ တထိန် ထိန်ဘွန်းလှတဲ့၊ ရွှေမော်ကွန်းရောင်၊ တပြောင်ပြောင် သည်၊ ကမ္ဘာလောင်ဆူဝေလို့ မကြာစတမ်း"လို့ ဆုံးမ လာတဲ့အတိုင်း....။

ယခု ဖြစ်ပျက်ရဲ့ သဘာဝလုပ်ငန်းစဉ်ကြီးကို အခြေခံသား ပြီးတော့ ဤမဟာသတိပဋ္ဌာန် တရားကြီးရဲ့ ရုပ်နာမ်ပိုင်းကို ဘက်လာတာဟာ ယခု တလပြည့်သွားပါပြီ၊ နက်ဖြန်ဆိုရင်ဘဲ အာနာပါနကြီးကိုဝင်ရတော့မယ်၊ ဒီတော့ယခုမဟာသတိပဋ္ဌာန် ရုပ်နာမ်ပိုင်းလုပ်ငန်းစဉ်ကို အခြေခံထားပြီး ပြလာတယ်၊ အခု ပြလာတဲ့အပိုင်းဟာလဲ အင်မတန်မှ နက်နဲသိမ်မွေ့ပါတယ်၊ အခု

ဥဘုအကြောင်း၊ အာဟာရအကြောင်း၊ စိတ်အကြောင်း၊ ကံအကြောင်းဖြစ်တဲ့ အကြောင်းဘရားလေးပါးတို့ကိုချပြီး တက်လာပါပြီ၊ ဒီတော့ ရုပ်နာမ်ပေါ်ခဲ့တာတွေဟာလဲ အနည်းငယ်ကျန်နေဘာလေးတွေလဲ ရှိနေပါသေးတယ်၊ ဒီကျန်နေတဲ့ သဘာဝတွေကိုလဲ အာနာပါနကြီးကျတော့ ထုတ်ပြပါအုံးမယ်၊ ဒီတော့မှ ကျမ်းကြေလာမယ်။

ဒီတော့ အာနာပါနကြီးကိုလဲ သူ့ကဏ္ဍနဲ့သူ ပြသွားမယ်၊ ကိုင်း....ဒီတော့ ယခုတရားနာကြတဲ့ သူတွေဟာ ဖြစ်ပျက်ကိုလိုက်ရှာနေကြတယ်၊ ဒီဖြစ်ပျက်ကို ဆရာတော်တို့ ၁၃၀၁-ပြည့်နှစ်က စပြီးတော့ ရှာခဲ့တဲ့အခါမှာလဲ အဲဒါ ဥဒယဗ္ဗယဖြစ်ပျက်ဆိုပြီးတော့ ပါဠိအနေနဲ့ ရလာပါတယ်၊ နောက် အဘိဓမ္မာနည်းနဲ့ ဆိုရင်လဲ စိတ်လေး ဖြစ်သာရင်ဘဲ ဥပါဒ် ဌီ – ဘင်အနေနဲ့ သုံးလာရပါတယ်၊ အဲဒါ ဖြစ်ဆဲဥပါဒ်-တည်ဆဲဌီ၊ပျက်ဆဲဘင်–ဆိုပြီး သုံးလာပါတယ်၊ ဒီတော့ ဥပါဒ်က-ဖြစ်၊ ဘင်ကပျက်၊ ဒီ ဖြစ် ပျက် မျိုးနဲ့ ဝိပဿနာက ဥဒယဗ္ဗယဉာဏ်ကြီးကဖြစ်ပျက်မျိုးနဲ့ဟာ တူသလား-မတူပါ၊ အဘိဓမ္မာက ပြလာတဲ့ဖြစ် ပျက် က သဘာဝတွေဟာက ကျယ်ဝန်းလှပါတယ်။

ဒီတော့ ဝိပဿနာက ပြတဲ့ ဖြစ် ပျက် က သဘာဝဟာ ကျဉ်းလွန်းပါတယ်၊ ဒါကြောင့် မတူကြပါ၊ အဘိဓမ္မာ ဖြစ်ပျက်က လုပ်ငန်းစဉ်နဲ့ ယူလို့မရပါ၊ ဒီတော့ အဘိဓမ္မာ ဖြစ်ပျက်တွေနဲ့သာ အချိန်ကုန်ခဲ့ပါတယ်၊ အဲဒီ ဖြစ်ပျက် မျိုးတွေနဲ့ ဝိပဿနာထဲဝင်လို့မရပါ၊ ဒီတော့ ယခုပြီးခဲ့တဲ့ ပုံစံ(၁၃) က ဟောလာတဲ့အထဲမှာလဲ ဒီဖြစ်ပျက် ငါးမျိုးကို ခွဲပြခဲ့ပြီးပါပြီ၊ ဒီတော့ ပညတ်–ဖြစ်ပျက်၊ သညာဝိညာဏ် ဖြစ်ပျက်၊ ရုပ်

နာမ်ဖြစ်ပျက်, နေ့ဒွါရဖြစ်ပျက်, ပဋိစ္စသမုပ္ပါဒ် ဖြစ်ပျက် တို့ဘွင် ဇနေ့ ဥကြောင်းချမဲ့ ဖြစ်ပျက်ဟာ ပဋိစ္စသမုပ္ပါဒ်ဖြစ်ပျက်ပါ။

ယခု မဟာ သတိပဋ္ဌာန်ကြီးက ဒီပဋိစ္စသမုပ္ပါဒ် ဖြစ်-ပျက် ထိအောင် ဖွင့်ပြလာပါပြီ၊ ဒီတော့ ပညာမြင် ဖြစ် ပျက် ဆိုဘာ ပဋိစ္စသမုပ္ပါဒ်ကြီး လည်နေတာကို ပညာဖြင့် ဘကယ် မြင်ရင် ပညာမြင် ဖြစ် ပျက်ကိုတွေ့ပြီ။ ဒါကိုမတွေ့ကြလို့ သာ ဝိပဿနာကို လိုက်တဲ့ သူတွေမှာ သညာသိ ဝိညာဏ်သိ ဖြစ်ပျက်တွေနဲ့ သာ လျှင် အချိန်ကုန်နေကြပါတယ်၊ ဒီတော့ ဥဒယဗ္ဗယဉာဏ်ကနေ ဖြစ်ပျက်အစစ်ကို တွေ့လာရင်ဘဲ ဘုရားရှင်က....

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

လို့ ချီးမွမ်းလာပါတယ်၊ ဘုရားရှင် လက်ထက်က ဆိုရင် ဘုရားရှင်ရဲ့ နိမ္မိတ ရုပ်ပွားတော်ကို လွှတ်ပြီး အထူးသဖြင့် အားပေးလာပါတယ်။

ဒီတော့ ဒီပညာမြင် ဖြစ်ပျက်ကို တကယ်မြင်ရင် ဝိပဿနာ တရား လုပ်ငန်းစဉ်ကြီးဟာ တဝက်ကျိုးသွားပါပြီ "ဒီတော့.... သဒ္ဓါစ အပ္ပါဗာဓော အမာယာဝီ ဝိရိယော စ ပညာဝါ" လို ပြလာတဲ့ ဦး-ပဓာနိယင်္ဂတရား ငါးပါးကို ပိုင်ရင် (ဝါ) ဖြစ်ပျက်(၂)ပါးကို တကယ်မြင်ရင် ဒီဘဝနဲ့ဘဲ မဂ်ဖိုလ် ကိုရမယ် ဆိုတာကို ဆုံးဖြတ်နိုင်လာပြီ၊ ဒီတော့ အမျိုးသမီးကြီးတွေအတွက် အနည်းငယ် သဘာဝကို ပြလိုပါသေးတယ်၊ "တိက္ခဟာသ၊ ဇာနဂမ္ဘီ၊ ဉာဏ်လေးလီဖြင့်၊ အခွံကိုခွါ၊ အကာကိုရှား၊ အသားကိုချေ၊ အနှစ်ကို တေလာမှ၊ သဘာဝ အနတ္တဉာဏ်ထင်မြင်နိုင်သည်

၏ အဖြစ်ကို ရင်း ” လို့ ပြလာတဲ့အတိုင်း.... ဉာဏ်ကုန် နှိုက်ချ တော့မယ်၊ ဒီသဘာဝတွေကို မြင်လာရင်ဘဲ လက်မောင်း တန်း နိုင်လာပြီ၊ ဒီတော့ ဖြစ်ပျက်ကို တကယ်တွေ့ချင်ရင် အဲဒါ “ ကြေတလက် ကြက်တခုန် ” ဆိုသလိုဘဲ တွေ့နိုင်ပါတယ်။

ဒါ့ကြောင့် မလျော့သော အားလုံ့လကြီးတွေနဲ့ ဘွားကြံ လာရင်ဘဲ အဲဒါ တနေ့တွေ့နိုင်လာပါတယ်၊ ဒီတော့ တရား အားထုတ်တဲ့သူမှန်ရင် အအိပ်အနေ နည်းပါးရမယ်၊ နိသဇ္ဇိ ခုတင်ဖြစ်စေ၊ (ဝါ) ထိုင်လျက်သာ အိပ်ရမည်၊ တုံးလုံးလှဲ၍ မအိပ်ရ၊ နောက် အဗ္ဘောကာသိကခုတင်—ညအခါ လွင်တီး ခေါင်၌ နေရမည်၊ ဒီ ခုဘင် နှစ်ပါးကို အခြေခံထားပြီးတော့မှ တရားကိုအားထုတ်လာရင် ရုပ်နာမ်ကို တွေ့သာဘယ်၊ (ဝါ) ရုပ်နာမ်တရားကို ရလာမယ်၊ ဒီတော့ အစားနဲ့ အအိပ်ကို ပြုပြင် ရမယ် ပြုပြင်နိုင်လာရင် တရားဘက်ကို ဝင်သွားပြီ၊ ဒီသဘာဝ ကို အာနာပါနကြီးကျမှ ထပ်ပြောပါအုံးမယ်၊ ဒီနေ့ဖြစ်ပျက်ကို ဉကျောင်းချတော့မယ်။

အခြေခံလေးတွေကို ပြောပြအုံးမယ်၊ ဖြစ်ပျက်ကို ပါဠိလို ဆိုရင် ဥဒယဗ္ဗယ (ဝါ) ဥဒယဝယလို့ ထားရပါတယ်၊ ဒီတော့ ဥပါဒ်ဆိုဘာနဲ့ ဥဒယဆိုဘာဟာ ဘယ်လိုကွာခြားသလဲ၊ ပဌမ အစ ဖြစ်ပေါ်လာတဲ့ သဘာဝကို သုံးတဲ့အခါမှာ ဥဒယကို သုံးရပါတယ်၊ ဥပါဒ်ကျတော့ ဘယ်ကဘဲဖြစ်ဖြစ် နောက်မှ ဖြစ်လာတဲ့ သဘာဝတွေ့ခုန်ရင် ဥပါဒ်နဲ့သာ သုံးရပါတယ်၊ ဥဒယက ဘယ်အခါကမှ မဖြစ်သေးဘဲ ဖြစ်ပေါ်တာကိုခေါ်တယ်၊ နောက် ဗယ (ဝါ) ဝယ-ဆိုဘာက ပျက်ခြင်းပါ၊ ဒီတော့ ဥဒယဗ္ဗယ—ဥဒယဝယ ဖြစ်ခြင်းပျက်ခြင်းပါ၊ ဒီလို မြန်မာပြန် လာရဘယ်။

ဒီတော့ နှစ်ခုဖြစ်လာတယ်မဟုတ်လား၊ နှစ်ခုသာဖြစ်သော်လဲ သဘာဝကတော့ တခုထဲပါ၊ ( ဥပမာ ) နေထွက်တယ် နေဝင်တယ်လို့ဆိုပြီးတော့ နှစ်ခုဖြစ်သော်လဲ ( တနည်း ) နှစ်ဝါကျဖြစ်နေသော်လဲ သဘာဝအနေနဲ့ကျတော့ နေမင်းကြီးတခုထဲပါဘဲ၊ ဒါကြောင့် ဒီဖြစ်တဲ့သဘောလေးဟာ ဆံခြည်တလှာမျှမရွေ့မပြောင်းဘဲနဲ့ ဒီဖြစ်တဲ့ သဘောလေးမှာကို ပျက်တဲ့သဘောလေးကလဲ ပျက်သွားပါတယ်၊ ဒီတော့ ဒီဖြစ်ပျက်ဆိုတဲ့သဘောဟာ အမူအရာလေးမျှလောက်ဘဲ ရှိပါတယ်၊ အဲဒီလိုပရမတ်အစစ်မှန်ရင် ဆံခြည်တလှာခန့်မျှ မရွေ့မပြောင်းပါ၊ ဒီတော့ ဖြစ်သဘောသဲမရှိ၊ ပျက်သဘောလဲမရှိ၊ သဘာဝဟာဘာလဲ၊ အဲဒါ နိဗ္ဗာနဓာတ် ဖြစ်သာတော့မယ်။

ဒီတော့ ဖြစ်ဆိုတာကိုလဲ ခွါလိုက်၊ ပျက်ကိုလဲ ခွါလိုက်ရင် အဲဒါ သဘာဝလေးတခုဘဲ ကျန်တော့ဘယ်၊ အဲဒါကို နိဗ္ဗာနဓာတ်လို့ပြသွားတော့မယ်၊ ဒီတော့ ဖြစ်တယ်ပျက်တယ်ဆိုတာဘယ်သူကပြောသလဲ၊ သညာ ဝိညာဏ်နယ်ကျမှ ပြောတာပါ၊ ပညာနယ်မှာ ဖြစ်ပျက်မရှိပါ၊ မရှိရင် ဘယ်သဘောရှိသလဲ၊ ဒါကို စဉ်းစားပါ၊ ဒီတော့ လူကောင် နတ်ကောင် ခွေးကောင်တွေဖြစ်နေတဲ့သောကကြီးကို သညာဝိညာဏ်လောကလို့ခေါ်တယ်၊ ပညာနယ်လောကကျတော့ ဒီလိုမရှိပါ၊ (ဝါ) ဖြစ်ပျက်မရှိပါ၊ ဒီတော့ ဘာရှိသလဲ၊ ငြိမ်းတဲ့ သဘာဝဓာတ်လေးကိုသာ တွေ့တော့မယ်။

အဲဒါဟာ နိဗ္ဗာနဓာတ်ကိုတွေ့တော့မယ်၊ ဒီတော့ ဖြစ်ပျက်လို့ ပြောတာဟာ သညာဝိညာဏ်သဘောပါ ဖြစ်ပျက် လို့ကို မပြောနိုင်မှ ပညာသဘောပါ၊ ကိုင်း.... ပြောပြမယ်• ယခုခန္ဓာ

ခေါင်ကြီး ရလာတာဟာ ပဋိသန္ဓေ စပြီး တည်လာ တာကို (တနည်း)ဖြစ်ပေါ်လာတာကို ဖြစ်ပေါ်စ ဥဒယလို့ခေါ်တယ်၊ ဒါကိုရှာရမယ်၊ ဒီတော့သညာဝိညာဏ်အသိနဲ့ ရှာရင် ဖြစ်ပျက် အစစ်ကို မတွေ့နိုင်ပါ၊ အဲဒါအဘိဓမ္မာသဘော ဥပါဒ်၊ ဌီ၊ ဘင် ဖြစ်ပျက်ကိုသာဆွဲကပ်လာတော့မယ်၊ ကိုင်း....ဒီခန္ဓာခေါင်ကြီး ဟာ ဘယ်သူ့ကြောင့် ဖြစ်လာသလဲလို့မေးရင် ပဋိစ္စသမုပ္ပါဒ် ကြီးကို ပြေးကပ်လာရတော့မယ်၊ အဲဒါ ဘယ်သူ့ကြောင့် ဖြစ် လာသလဲ ဆိုရင်ဘဲ ဇနကကံကြောင့် ဖြစ်လာတာပါ၊ ဒီတော့ ဘာကြောင့် ခန္ဓာခေါင်ကြီး ဖြစ်လာသလဲ၊အဲဒါဟာအတိတ်က ပြုခဲ့တဲ့ ဒါန သီလမှုလေးတွေကြောင့် ကံဖြစ်ပြီး အကျိုးပေး လာတာပါ။

ဒီတော့ ခန္ဓာငါးပါး ရုပ်ပင် နာမ်ပင်ကြီး ပေါက်တာဟာ ဇနက ကံကြောင့်ပါ၊ ဒီဇနကကံကို ပဋိစ္စသမုပ္ပါဒ်ပတ်ပြီး ဖွင့် ကြည့်ရင်ဘဲ သူဟာ အရေးကြီးတဲ့ တရားခံပါ၊ ဒီတော့ဖြစ်ခြင်း ရဲ့အစဟာ ဒီဇနကကံလေးလို့ ကောက်ရမယ်၊ ကောက်တဲ့အခါ မှာလဲ သူ့ကိုအကြောင်း ဇနကကံကိုကောက်ပါ၊ ယခုငုတ်တုတ် ကြီးထိုင်နေတဲ့ခန္ဓာခေါင်ကြီးက အကျိုးဇနကကံလို့ခေါ်တယ်၊ ဒါကို ဘုရားရှင်က အကြောင်း ဇနက ကံက ဖြစ်သဘောနဲ့ အကျိုးဇနကကံက ပျက်သဘောဆိုပြီး ပြလာတာပါ၊ ဒါဟာ ဘာကြောင့်လဲလို့ ဆိုရင် ဖြစ်သဘောရှိလာရင် ပျက်သဘော ဟာလဲပေါ်ရတော့မှာဘဲမဟုတ်သား၊ ဒီတော့ အကြောင်းဇနက ကံနဲ့ အကျိုးဇနကကံလို့ခွဲလိုက်ပါ၊ နောက်တခါ ထပ်ပြီးတော့ ဒီအကျိုးဇနက ကံဖြစ်တဲ့ ခန္ဓာခေါင်ကြီးကတော့ တနေ့ပျက် သဘောထဲမှာဘဲကျသွားတော့မှာဘဲ မဟုတ်လား၊ အဲဒီပျက်ဘဲ့ သဘောထဲမှာကို ဖြစ်တဲ့သဘောလေးက ရှိနေသေးတယ်။

အဲဒါသူကထပ်ပြီးပေါ်လိမ့်အုံးမယ်၊ ဒါဟာဘယ်သူလဲဆိုတော့ အကြောင်း ဥပထမ္ဘက ကံလို့ ခေါ်တယ်၊ ထပ်ပြောမယ် ဒီခန္ဓာကောင်ကြီးဟာ အကျိုးဇနက ကံကြီးက ပျက်သဘောပါ၊ ဒီထဲမှာ ဖြစ်သဘောတွေ မပေါ်ဘူးလား၊ အဲဒါ ဒီလူကောင်ကြီးဟာ နှစ်ဆယ့်ကိုးပါးသော ကံတွေကိုထပ်ပြီး အားထုတ်အုံးမှာဘဲ မဟုတ်လား၊ ရတနာသုံးပါးကို ယုံကြည်ပြီးတော့ ထပ်ချလာအုံးမယ်။

ဒီလို လုပ်လာတဲ့ ဒါန သီလ ဘာဝနာတွေကို ဥပထမ္ဘက ကံလို့ ခေါ်တယ်၊ ဒီတော့ ဒါဟာ အကျိုးဇနက ကံဖြစ်တဲ့ ခန္ဓာကောင်ကြီးက ထပ်ဖြစ်လာတာဘဲ မဟုတ်လား၊ ဒီတော့ ဘုရား, ရဟန္တာ, အဂ္ဂသာဝက, မဟာသာဝကတွေကျတော့မှ ဒီကံမျိုးစေ့ကို ထပ်မချတော့ပါ၊ အန္ဓတွေက မချဘဲနေမလား-ချကြပါတယ်၊ ဒီတော့ ထပ်ပြီး ဒီအကျိုး ဇနကကံကြီးက ချလာတာက အကြောင်း ဥပထမ္ဘကကံပါ၊ ဒါကို ဆွဲယူသွားပြီးတော့ နောက်ဆုံး ဒီခန္ဓာကောင်ကြီးဟာ သေတာနဲ့ အနာဂတ်ဘဝမှာကို ဒီအကြောင်း ဥပထမ္ဘကကံက ခနေပြီးတော့ ခန္ဓာကောင် အသစ်ကြီး ဘပ်ဖြစ်လာပြန်ပြီ။

အဲဒီလို ပဋိစ္စသမုပ္ပါဒ်ကြီး ပတ်နေတာဘဲ မဟုတ်လား၊ အဲဒါ "ဖြစ်, ပျက်....ပျက်, ဖြစ်" ဆိုပြီးတော့ ပတ်နေတယ်၊ ဒါကြောင့် ဘုရားရှင်က "သင်ချစ်သားတို့သည်ရင်း၊ ငါဘုရားသည်ရင်း၊ သံသရာကြီးထဲမှာ မရပ်မနား ရဟတ်ခြား ပမာဆီဆုံလည်တဲ့ နွားကြီးကဲ့သို့ပြေးသွားကျင်လည်ခဲ့ကြရလေပြီ"လို့ ဟောကြားလာတာပါ၊ အဲဒါ အကြောင်း ဇနကကံကြောင့်

အကျိုးဇနကကံဖြစ်လာတယ်၊ နောက်အကျိုး ဥပထမ္ဘက ကံကြီး ကို ချလာပြန်တယ်၊ နောက်အကျိုး ဥပထမ္ဘက ကံသဲချုပ်သွား ရော ဟိုဘက် ဘဝမှာကို လူကောင်း နတ်ကောင်းကြီးတွေ သွား ဖြစ်ပြန်ပြီ။

ဒီတော့ ယခုရနေတဲ့ ခန္ဓာကောင်ကြီးက ပစ္စုပ္ပန် အကျိုး ကောင်ကြီးပါ၊ ဒါကြီးကို ရလာတော့ရင် သာယာနေတယ် မဟုတ်လား၊ သူ့မှာတကျာ ပြဋ္ဌာန်းနေတယ်၊ အဲဒါကြောင့် စားမှု့သောက်မှု့နေမှု့ထိုင်မှုတွေကို မချို့တဲ့ အောင် လုပ်ပေး လာတယ်၊ နောင်ဘဝမှာ ကောင်းရာရောက်အောင် (ဝါ)ခန္ဓာ စားရအောင် ဒါန သီလ ဖြစ်တဲ့ ကံမျိုးစေ့တွေကို လုပ်လာ တယ်၊ အဲဒီလို ကံမျိုးစေ့လေးတွေ ထွက်လာတာသည်ပင် ဒါဟာ ခန္ဓာကောင်ကြီးကို နှစ်သက်နေလို့ လုပ်နေတာဘဲမဟုတ် လား၊ ဒီတော့ ဒီလို ကံမျိုးစေ့တွေ ချနေတာကို ပစ္စုပ္ပန် အကြောင်းစက်လို့ ခေါ်တယ်၊ နောက် အကျိုးကောင်ကြီးလဲ တဘဝ ခန္ဓာချုပ်သွားရော အဲဒါ ဒီကံတွေဟာ ဟိုဘက်ဘဝကို တနည်း အနာဂတ်ဘဝကို အကြောင်းဇနက ကံအနေနဲ့ ပို့ပေး လိုက်ပြီးတော့ ဘဝသစ်ကိုဖြစ်တယ်။

ဒီတော့ အကြောင်းဇနက, အကျိုး ဇနက, အကြောင်း ဥပထမ္ဘက, အကျိုးဥပထမ္ဘကကံတွေဟာ ဒီခန္ဓာ ကိုယ်ကြီးထဲမှာ ရှိနေတာဘဲ မဟုတ်လား၊ ဒီတော့ ခန္ဓာကောင်ကြီးထဲမှာ ဖြစ် ပျက် နှစ်ပါးသာလျှင်ရှိတယ်၊ (ဝါ) ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ဘဲမှာသာလျှင်ဘဲ ရှိနေကြတယ်၊ အဲဒီလို ကိုယ့်ကိုယ်မှာ ဒီတရား တွေ ရှိနေတာကို မြင်ပြီလား၊ မြင်ရင် ဒီ ဖြစ်ပျက် ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးက လွတ်အောင် ဘယ်လိုလုပ်မလဲ၊ ကိုင်း....

အမျိုးသမီးကြီးတွေဟာ ဒီပဋိစ္စ သမုပ္ပါဒ် ဖြစ် ပျက်ထဲကိုရောက် နေကြတယ်၊ ဒါကြောင့် မရပ်မနား သံသရာကြီးထဲမှာ ပြေး သွားနေရတာပါ။

ဒီတော့ ဒီပဋိစ္စ သမုပ္ပါဒ်တရားကြီးထဲကို ဘာ့ကြောင့်ရောက် နေရသလဲ ဆိုရင် အကြောင်း ဇနက ကံ့, အကျိုး ဇနက ကံ့, အကြောင်း ဥပထမ္ဘက ကံ, အကျိုးဥပထမ္ဘက ကံတွေကို လုပ်နေ ကြလို့ပါ၊ ဒီတော့ ဒီ ဖြစ်ပျက် ပဋိစ္စသမုပ္ပါဒ်ကြီးကို ဘယ်လို သိမ်းမလဲ၊ ဒီဖြစ်ပျက်နှစ်ပါးရှိနေသေးရင် သံသရာ လည်နေအုံး မှာဘဲ သံသရာမလည်ဘဲ ရပ်သွားအောင် ဒီ ဖြစ် ပျက် နှစ်ပါး ကို ဘယ်လိုသိမ်းမလဲ၊ ဝိသုဒ္ဓိ တက်စဉ်အနေနဲ့ ကြည့်ရင် သမ္မ သန နဲ့ ဥဒယဗ္ဗယဉာဏ်မှာ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ—မဂ် ဟုတ်သည် မဟုတ်သည်ကို အပိုင်အားဖြင့်ရင် သိတဲ့သမ်းပါ၊ ဒါဟာ စင်ကြယ်တဲ့လမ်းကြီးပါ။

ဒီတော့ ဖြစ်ပျက် နှစ်ပါးကို ဖင်ဆိုင်ပြီးနေသေးတာသည်ဟင် မဂ်မဟုတ်သေးပါ၊ ဒီ ဖြစ် ပျက် နှစ်ပါးကို သိမ်းလိုက်မှ မဂ်ကို ရောက်မယ် ကိုင်း....ဖြစ် ပျက် နှစ်ပါးကို သိမ်းပြမယ်၊ ဒီတော့ ဖြစ်ပျက်နှစ်ပါးကို စက်ရဟတ် သေးပါးထဲကို ထည့်လိုက်ပါ၊ အတိတ်အကြောင်းစက် ဖြစ်သဘော, ပစ္စုပ္ပန်အကျိုးစက် ပျက် သဘော, ပစ္စုပ္ပန်အကြောင်းစက်ဖြစ်သဘော, အနာဂတ်အကျိုး စက် ပျက် သဘောလို့ ဆိုပြီး ထည့်လိုက်ပါ၊ ဒီဖြစ်ပျက်နှစ်ပါးကို ဒုက္ခနဲ့ သတ်ရမယ်၊ ဘယ်လိုသတ်မလဲ ဒုက္ခကိုပြောပြမယ်၊ ဒီတော့ သညာဝိညာဏ်ကပြောတဲ့ ဒုက္ခဟာ အလိုမကျရင်သာ ဒုက္ခပါ၊ အလိုကျလာရင် သုခလို့ ဆဲ့လာတယ်၊ ဒါဟာသညာဝိညာဏ်သ ဒုက္ခမျိုးပါ။

နောက်ပညာမြင် ဒုက္ခဆိုတာက အလို ကျသည်ဖြစ်စေ၊ အလိုမကျသည် ဖြစ်စေ သဘာဝအတိုင်းဖြစ်ပေါ်နေတဲ့ ဒုက္ခကို ခေါ်တယ်၊ ဒီတော့ ဖြစ်-ပျက်ကို ပညာမြင် ဒုက္ခနဲ့သတ်ရမယ်၊ "ဒုက္ခလေးချက်၊ ရှင်စေမြွက်၊ အနက်ဘယ်လို ဟောသလဲ" လို့ ဆိုရင်.... "ပြုပြင် နှိပ်စက်၊ ပူပန် ဖောက်လွဲ ဒုက္ခဘဲ" လို့ ဟောတော်မူခဲ့သည့်အတိုင်း ဒီလေးချက်ပါ၊ ပြုပြင်တယ်ဆိုတာက အတိတ်အကြောင်း ဇနကကံက စီမံပစ်ချလိုက်တဲ့ ဖြစ်သဘော လေးဟာက ပြုပြင်တဲ့ သဘောပါ၊ သူက ပစ်ချလိုက်လို့ ဒုက္ခ တွေဟာ ပွားစီးလာတာဘဲ မဟုတ်လား၊ ဒီတော့ ပြုပြင်တဲ့ဒုက္ခ ရဲ့သဘောကို မြင်အောင်ရှုရင် ဖြစ်သဘောဟာ သက်သာ လာတော့မယ်။

အဲဒါပြုပြင်မှုတွေများလာရင်ဘဲ ဒုက္ခတွေဟာများလာတော့ မယ်၊ ပြုပြင်မှုတွေဟာ နည်းလာမှဒုက္ခဟာလဲ သက်သာလာ တော့မယ်၊ ဒါကြောင့် အတိတ်က စီမံပစ်ချလိုက်တဲ့ အတိတ် အကြောင်းစက်ဖြစ်တဲ့ ဒီအကြောင်း ဇနကကံ ဖြစ်သဘောကို ပြုပြင်တဲ့သဘောနဲ့ သိမ်းပါ၊ နောက်ပစ္စုပ္ပန်အကျိုးစက် အကျိုး ဇနကကံပျက်သဘောကျတော့ နှိပ်စက်တဲ့ သဘောနဲ့ သိမ်းပါ။

ဒီတော့ နှိပ်စက်တယ်ဆိုတာဟာ ဒီအကျိုးခန္ဓာကောင်ကြီး ကို ရနေတာသည်ပင် နှိပ်စက်တာဘဲမဟုတ်လား၊ ဒီ ခန္ဓာကောင် ကြီး နှိပ်စက်တဲ့ ဒုက္ခအနေနဲ့မြင်အောင် ရှုနိုင်လာရင်ဘဲ အဲဒါ အကြောင်းမျိုးစေ့လေးတွေဟာကမပေါက်နိုင်တော့ပါ၊နောက် တခါ ပစ္စုပ္ပန်အကြောင်းစက်ဖြစ်တဲ့အကြောင်း ဥပထမ္ဘကကံရဲ့ ဖြစ်သဘောကို ပူပန်တဲ့ ဒုက္ခသဘောနဲ့ "ကံ" မျိုးစေ့တွေမကျ အောင် မြင်အောင်ရှုပါ။

နောက် အနာဂတ်အကျိုးစက် အကျိုးဥပထမ္ဘကတဲ ပျက်သဘောကျတော့ ဖေါက်ပြန်ပျက်စီးတဲ့ ဒုက္ခသဘောနဲ့ မြင်အောင်ရှုပါ၊ ဒီတော့ ဒုက္ခလေးချက်ကို မြင်အောင်ရှုပါ၊ အဲဒါ သညာဝိညာဏ်နယ်ထဲမှာ ရှိနေတဲ့ဖြစ်ပျက်ဟာ ပညာနယ်ထဲလဲ ကျလာရော ယခု ဒီ ဒုက္ခလေးချက်ကို လာတွေ့နေပြီ၊ အဲဒီလိုလဲ ပညာမြင် ဒုက္ခလေးချက်နဲ့ ရိုက်ထုတ်လိုက်ရော ဖြစ်ပျက်ဟာ မရှိတော့ပါ။

ဒီတော့ ပဋိစ္စသမုပ္ပါဒ်ကြီးက ဘယ်သဘော ထွက်လာသလဲ ဆိုရင် ဖေါက်ပြန်ပျက်စီးတာသည်ပင် နောင်တဖန်ထပ်ပြီးတော့ မဖြစ်နိုင်တဲ့သဘောထဲကို ဥက္ကောင်းကျသွားတယ်၊ ဒါဟာ အစဉ်ချုပ်နေတဲ့သဘောပါ၊ ဒါဟာ ငြိမ်းတဲ့ နိဗ္ဗာနဓာတ်ထဲကို ရောက်သွားပြီ၊ အဲဒါ နိဗ္ဗာနဓာတ်ကြီးကိုတွေ့နေပြီ၊ ဒီတော့ရင် အခု တလသင်တန်းမှာကို ဥဒယဗ္ဗယဉာဏ်ကြီးက နေပြီးတော့ နိဗ္ဗာနဓာတ်ကြီးကို တချက်ပြလိုက်ပါပြီ။

ဤတွင် ဥဒယဗ္ဗယဉာဏ် ဥက္ကောင်းကျပါပြီ။

ကိုင်း....သာဓုသာ ခေါ်ကြပါတော့၊

သာဓု—သာဓု—သာဓု။

---

# ခန္ဓာပိုင်း အာနာပါနကမ္မဋ္ဌာန်း

## ဝါခေါင်လဆုတ် ၂-ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၁၅)

ဒီတော့ သတိပဋ္ဌာန်တရားတော်ကြီးကို အားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ (ဝါ) သတိပဋ္ဌာန်တရားသင်တန်းကို လိုက်တဲ့ပုဂ္ဂိုလ်ဟာ မဟာသတိပဋ္ဌာန် ပါဠိတော်ကြီးကို ရအောင် ကျက်ထားရမယ်၊ ဒီတော့ ဘုရားရှင် မဟာသတိပဋ္ဌာန် တရားတော်ကြီးကို ဟောကြားတော်မူတဲ့အခါမှာပဌမ........

ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ
ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ
လောကေ အဘိဇ္ဈာဒေါမနဿံ(လ)ဥဒ္ဒေသောနိဋ္ဌိတော။

( မဟာသတိပဋ္ဌာန်ပါဠိတော် )

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက မဟာသတိပဋ္ဌာန်တရားတော်ကြီးကို သတိပဋ္ဌာန်တရား ၄-ပါးလို့ သာခွဲပြီး ဟောကြားသော်လည်း ကာယာနုပဿနာသတိပဋ္ဌာန်ကို တကယ်လုပ်ငန်းစဉ်အနေနဲ့ အားထုတ်သွားရင် ကျန်သတိပဋ္ဌာန်တွေဟာသဲ ပါဝင်သွားပါတယ်လို့ အဋ္ဌကထာကြီးတွေက ဖွင့်သာတယ်၊ ဒီတော့ မဟာသတိပဋ္ဌာန်တရား ဘယ်နှစ်ပါးရှိသလဲ၊ ကာယာနုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာ

ပုံစံနံပါတ် (၁၅)



သတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန်ဆိုပြီး ၄-ပါးရှိပါတယ်၊ ဒါဖြင့် ဒီမဟာသတိပဋ္ဌာန်တရား ၄-ပါးဟာ ဘယ်ကနေ ထွက်လာသလဲ၊ ဒါကို ပဋ္ဌမဝေဘန်ရမယ်၊ မိမိအားထုတ်တဲ့ သတိပဋ္ဌာန် တရားလုပ်ငန်းစဉ်ဟာ ဘုရားရှင်၏အလိုတော်ကျဖြစ်ပြီလား ?

ဒီတော့ စားတယ် စားတယ်, သွားတယ် သွားတယ်ဆိုပြီး အားထုတ်နေတဲ့လုပ်ငန်းစဉ်တွေဟာလဲ ဘုရားရှင်ရဲ့ အလိုတော် ကျဖြစ်ပြီလား – ဒီလိုကိုစစ်သာရမယ်။ ဘုရားရှင်ရဲ့ အလိုတော် ကျမှ မဖြစ်ရင် နောက်ဆုံး ဒီအလုပ်တွေဟာ သမထပဲထဲကို ကျနေမှာဘဲ၊ ဒီတော့ စားတယ် စားတယ်, သွားတယ်သွားတယ် ဆိုပြီး မှတ်လာတာဟာ အမှတ်မြဲပြီဘဲ ဆိုကြပါစို့၊ ဒီတော့ သတိနဲ့သညာကို ခွဲရမယ်၊ သညာဆိုတာ ဘာကိုမှတ်တာလဲ၊ သတိက ဘာကိုမှတ်တာလဲ၊ ဒီတော့ သညာက မှတ်တယ်ဆိုတာ ပညတ်ကိုသာ မှတ်နိုင်ပါတယ်၊ ဒါကြောင့်သညာဝိပ္ပလ္လာသ ဆိုပြီး ပြလာတာပါ၊ ပရိယတ်ဆိုတာ သညာပါ၊ သညာဆိုတာ ပညတ် ကိုသာမှတ်တယ်၊ ဒါဖြင့် ဒီသညာဟာ ဘာပညတ်ကိုမှတ်တာလဲ။

စားတယ် စားတယ်, သွားတယ် သွားတယ် ဆိုတာသည်ပင် နာမပညတ်နဲ့သဏ္ဌာနပညတ်ကို မှတ်တာဘဲမဟုတ်လား၊ ဒီတော့ အမှတ်မြဲလာတာဟာ ဘာတွေ မြဲလာတာလဲ၊ နာမပညတ်နဲ့ သဏ္ဌာနပညတ်သာလျှင် မြဲလာတာဘဲ မဟုတ်လား၊ အဲဒါ ဂုဏ်တော်ကိုးပါးကို ပုတီးစိတ်တဲ့အခါမှာ ဘုရားရှင်ရဲ့ ပုံတော် ဟာ ပေါ်လာသလို ပထဝီကသိုဏ်းကို ရှုပွားလာတဲ့အခါမှာ ပွားများပါ များလာတော့ ကသိုဏ်းဝန်းလေး ပေါ်လာသလို ဒီသဘာဝမျိုးတွေလို ပေါ်နေတာဘဲ မြဲနေတာဘဲမဟုတ်လား။

ဒီသဘာဝတွေနဲ့ ခုနက စားတယ် စားတယ်, သွားတယ် သွားတယ်လို့မှတ်တဲ့သဘာဝနဲ့ ဘာများကွာခြားသလဲ၊ဒီတော့ သညာရဲ့အမှတ်ဟာ နာမပညတ်နဲ့သဏ္ဌာနပညတ် ၂-ပါးကိုသာ မှတ်တာဖြစ်ခြင်းကြောင့် သူ့ရဲ့အမှတ်ဟာ သမထထဲမှာဘဲကျနေပါသေးတယ်၊ ဒါဟာ တန်ဘိုးမရှိသေးပါ၊ နောက်တခါ သတိဆိုတာ ဘာကိုခေါ်သလဲ၊ သတိဆိုတာ အောင့်မေ့တဲ့သဘောပါ၊ ဒါဖြင့်အောင့်မေ့တယ်ဆိုတာ ဘာကို အောက်မေ့တာလဲ ဒါကိုရှာရမယ်။

ဒီတော့ ဟိုနေ့က ဖြစ်ပျက် ၅. ပါးကို ဟောကြားခဲ့ပါပြီ၊ ဒီတော့ ခန္ဓာဖြစ်ပျက်ဆိုတဲ့ အတိတ်စွန်း, အနာဂတ်စွန်းကို ဖြတ်လိုက်တဲ့ အခါမှာ အတိတ်စွန်းကနေ ထွက်ဆဲ့တာ ကျတော့ သညာက္ခန္ဓာ၊ အနဲ့ာဂတ် စွန်းကနေ ထွက်ဆဲ့တာ ကျတော့ သင်္ခါရက္ခန္ဓာပါ၊ ဥပမာ....

မောင်ကောင်းကြီး ဘာကိုမြင်သလဲ ?

လဘက်ရေပုဂံကို မြင်ပါတယ်ဘုရား။

ဒါဖြင့်ရင် ဒီလဘက်ရေပုဂံကို လဘက်ရေပုဂံလို့ သိတာဟာ အခုမှသိတာလား၊ မင်းရဲ့နှလုံးအိမ်ထဲမှာ သိထားတာ ရှိသလား၊ ဒီတော့ အဆင်းနဲ့အကြည်ဆုံလိုက်တဲ့အခါမှာ ပေါ်လာတဲ့ သပ္ပဋိဃ သညာလေးဟာ ရုပ်နာမ်အနေနဲ့သာရှိနေသေးတယ်၊ ဒါဟာ ဘာဘဲဆိုတာကို လုံလောက်အောင်မသိသေးပါ၊ သိလာအောင် ဆုံးဖြတ်ပေးတာက နှလုံးအိမ်ထဲမှာ အရင်က မှတ်လာတဲ့ သညာလေးဟာ အစဉ်သဘော အနေနဲ့ မနောဝိညာဏ်ကြီးထဲမှာ ရှိနေတယ်၊ ဒီသညာလေးကထွက်ပြီး ဒါဟာ ပုဂံဘဲလို့ဆုံးဖြတ်ပေးလိုက်တာပါ။

ဒီတော့နှလုံးအိမ်ကြီးထဲမှာ အရင်ကမှတ်လာတဲ့သညာလေးမှ မရှိရင်(ဝါ)အရင်ကတခါမှ မမြင်ခဲ့ဘူးရင် ဆုံးဖြတ်လို့ မရပါ၊ (ဝါ) ဒါဟာဘာဘဲဆိုဘာကိုမသိပါ၊ အာရုံကိုဆုံးဖြတ်လို့မရပါ၊ မိမိရဲ့နှလုံးအိမ်ထဲမှာရှိမှ ဆုံးဖြတ်လို့ ရပါတယ်၊ ဒီလိုဆုံးဖြတ်ပေးတဲ့သညာလေးဟာ ပရမတ် ခန္ဓာလေးပါ၊ ဒါကိုသညာက္ခန္ဓာလေးလို့ခေါ်တယ်၊ ဒါကြောင့် –

အဒ္ဓာနတော အာယန္တိ၊ ဘင်္ဂါဂစ္ဆန္တျာဒဿနံ။
အာကာသေဝိဇ္ဇုပါဒေါဝ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။

( ဝိသုဒ္ဓိမဂ် )

အဲဒီလို ဝိသုဒ္ဓိမဂ်ကြီးက ပြလာပါတယ်၊ ဒီတော့ တိုနေ့က ဖြစ်ပျက် ၅-မျိုးကို ပြလာခဲ့ပါပြီ၊ ဒီတော့ အဆင်းအကြည် အမြင်အသိ ဆုံတော့လဲ ရုပ်နာမ် အနေနဲ့သာ ရှိနေသေးတယ်၊ သူ့မှာအာရုံကို အတိအကျ အနေနဲ့ မဆုံးဖြတ်နိုင်သေးပါ၊ ဘာ့ကြောင့်လဲ ဒါဟာ အတိတ်က မြင်ဘူးခဲ့တဲ့ (ဝါ) မှတ်လာခဲ့တဲ့ သညာလေးမပေါ်သေးလို့ မဆုံးဖြတ်နိုင်သေးတာပါ၊ ဒါဟာ ရုပ်နာမ်အနေနဲ့သာရှိနေသေးတယ်၊ နောက်ခန္ဓာလေးပေါ်လာမှ (ဝါ)အတိတ်စွန်း သညာက္ခန္ဓာ နာမပညတ်နဲ့ အနာဂတ်စွန်း သင်္ခါရက္ခန္ဓာ သဏ္ဍာနပညတ် ၂-ပါး ညီညွတ်ပြီး ထွက်လာမှ ဒါဟာလဘက်ရေပုဂံဘဲလို့ အာရုံကိုဆုံးဖြတ်နိုင်ပါတယ်။

ဒီသညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာကို အခုမဟာသတိပဋ္ဌာန်ကြီးမှာ သတိလို့ပြောတာပါ၊ ဒီသဘာဝကိုယူဧလို၍ မဟာသတိပဋ္ဌာန်ကြီး၏ ပုဗ်တိုင်း-ပုဒ်တိုင်းမှာ(ဝါ)ဆုံးတိုင်းဆုံးတိုင်းမှာ....

ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ အနိဿိ
တောစ ဝိဟရတိ၊ နစကိဉ္စိလောကေ ဥပါဒိယတိ-လို့
ပြောပါတယ်။

ဒီတော့ သညာနဲ့ သတိဟာ ဘယ်လိုကွာခြားသလဲ ဆိုတာကို ယခုနဲ့ပြလိုက်ပြီ၊ ဒီတော့ကွဲပြားသွားပြီမဟုတ်လား။

သညာဆိုတာက ပညတ်သဘောကို မှတ်နေတာပါ၊ ဒီတော့ မဟာသတိပဋ္ဌာန်တရားတော်ကြီးဟာ အင်မတန်မှ နက်နဲခက်ခဲ သိမ်မွေ့လှပါတယ်၊ ဒီတော့ သတိဟာ ဘယ်စိတ်မှာ ယှဉ်သလဲ၊ သောဘဏစိတ် တနုယုတ် ခြောက်ဆယ်မှာယှဉ်ပါတယ်၊ သညာကျတော့ စိတ်တနုယုတ်ကိုးဆယ်မှာယှဉ်ပါတယ်၊ ဒါကအဘိဓမ္မာနည်းပါ။ အရင်က ဆရာတော်တို့ တရားအားထုတ်လာတဲ့အခါမှာ အဲဒါ စားတယ်စားတယ်၊ သွားတယ်သွားတယ်ဆိုပြီး အားထုတ်လာခဲ့ပါတယ်၊ ဒီလို လုပ်ငန်းစဉ်တွေကို ယခု မဟာသတိပဋ္ဌာန်လုပ်ငန်းစဉ်နဲ့ ချိုလိုက်တဲ့အခါမှာ ဘာတွေကျန်နေသလဲ ဆိုရင် အဲဒါ ဘာမှမကျန်တော့ပါ။

ဒီသဘာဝတွေကို ယခု အားလုံး ချေပစ်ရတော့မယ်၊ စိတ်မဆိုးပါနဲ့ ဘာ့ကြောင့်လဲ၊ ဆရာတော်တို့ အရင်က တောင်တန်းတွေပေါ် တက်ပြီး တရားအားထုတ်လာတုံးက အဲဒါ နိမိတ်လေးတွေရလာတော့ အထင်ကြီးမိပါတယ်၊ အဲဒါ အကြားအမြင်တွေပါ ရလာပါတယ်၊ သဏ္ဌာန် အရိပ် နိမိတ်လက္ခဏာတွေ ပေါ်လာတယ်၊ ဒီတော့ ဝိပဿနာဘက်ကို ကူးခါနီးတော့ ဝိပဿနာ ဆရာကြီး တယောက်နဲ့ တွေ့တဲ့အခါမှာ မင်းကို ဝိပဿနာဘက်ရောက်အောင် မနဲဆွဲသွင်းရအုံးမယ်လို့ ပြောပါတယ်။

မင်းမှာ သညာအမှတ်တွေနဲ့သာ အချိန်ကုန်နေတယ်၊ ဒီအစွဲတွေဟာ မင်းမှာပိုပြီးကြီးနေတဲ့အတွက် ဝိပဿနာထဲ ရောက်အောင် မနဲဆေးကုရအုံးမယ်၊ မင်းလုပ်လာတဲ့ အလုပ်တွေဟာ ဉပါဒါန်ရဲ့ အစီးအပွားထဲသာ ကျနေတယ်လို့ အဲဒီလို ပြောလိုက်တဲ့အခါမှာ ဆရာတော်ဟာ ကြက်သီးမွေးညှင်းတွေ ထပြီး ဝိပဿနာဆရာကြီးကို ထထိုးချင်လာတယ်၊ ဒါဟာ မိမိလုပ်လာတဲ့ အလုပ်တွေကို ငုံပြီးတော့ မှားတာဘဲဖြစ်စေ, မှန်တာဘဲဖြစ်စေ သည်းမခံနိုင်အောင် ဖြစ်လာပါတယ်၊ ဒါကြောင့် ဒီသဘာဝတွေကို သတိထားပြီး စိတ်မဆိုးကြပါနဲ့ (၀ါ)ယခု သတိပဋ္ဌာန်ကြီးကို ချေလာတဲ့အခါမှာ စိတ်မဆိုးကြပါနဲ့။

အခု မဟာသတိပဋ္ဌာန်တရားတော်ကြီးက အားလုံးကို ချေရတော့မယ်၊ ကိုင်း....သညာနဲ့သတိ ကွဲသွားပြီ မဟုတ်လား၊ ဒီတော့ အဆင်း, အကြည်, အမြင်, အသိ ၄ ပါးဆုံသော်လဲ အာရုံကို အသေအချာ မဆုံးဖြတ်နိုင်သေးပါ၊ အဲဒါ နှလုံးအိမ်မှာရှိနေတဲ့ အတိဘ်စွန်းသညာနွှာနဲ့ အနာဂတ်စွန်း သခါရာနွှာဘိုက နာမပညတ်နဲ့သဏ္ဌာနပညတ်တို့ကို ဝင်ဆွဲလိုက်မှ အာရုံကို ဆုံးဖြတ်လာနိုင်တယ်၊ ဒါကို သတိလို့ ခေါ်တာပါ၊ ဒီသတိဟာ တကယ့ ဒိဋ္ဌိတွေ မမှိဘဲ ဖြစ်နေတာပါ၊ အခု သတိနဲ့ သညာကို သာမညလောက်သာ ခွဲပြလိုက်ပါပြီ၊ နောက်ကဏ္ဍကျတော့လဲ ထပ်ပြီးပြောပြပါအုံးမယ် အခုပြလိုက်တဲ့အတိုင်း မဟာသတိပဋ္ဌာန်ဘုရားကြီးရဲ့ လုပ်ငန်းစဉ်ကို နားလည်သွားရင် သာသနာပြုနိုင်သာပါပြီ။

ကိုင်း....မဟာသတိပဋ္ဌာန် တရားတော်ကြီးကို ဘုရားရှင်ဘာကြောင့် ဟောကြားတော်မူတာလဲ၊ ဘယ်ဟာကိုဆွဲပြီးဟော

သလဲ၊ ဒီမဟာသတိပဋ္ဌာန် တရားကြီးဟာ နိဗ္ဗာန်သို့သွားတဲ့ တကြောင်းတည်းသော လမ်းကြီးပါ၊ ဒီပြင်ဟာမရှိတော့ပါ၊ ဓမ္မစကြာ အနတ္တလက္ခဏာသုတ် တရားတော်တွေဟာလဲ ဒီမဟာ သတိပဋ္ဌာန် တရားတော်ကြီးထဲမှာသာ ဥဒ္ဒေသ်ကျရပါတယ်၊ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀-တို့ဟာလဲ ဒီမဟာသတိပဋ္ဌာန်တရား တော်ကြီးထဲမှာသာ ဥဒ္ဒေသ်ကျရပါတယ်။

ဒီမဟာသတိပဋ္ဌာန်တရားတော်ကြီးကို ဘုရားရှင် ဝါတော် (၂၀) ပြည့်မှ ဟောကြားတော်မူတယ်၊ ဒီတော့ ဓမ္မစကြာတရား တော်ကြီးဟာလဲ သစ္စာ(၄) ပါး ကျွတ်ပြီးလို့ သစ္စဉာဏ်၊ ကိစ္စ ဉာဏ်၊ ကတဉာဏ်တွေကို ရောက်လာရင်ဘဲ မဟာသတိပဋ္ဌာန် တရားတော်ကြီးထဲကို ဝင်လာရတော့တယ်၊ ဒီတော့ မဟာသတိ ပဋ္ဌာန်တရားတော်ကြီးနှင့်တကွ တက်လာပါတယ်၊ အဲဒါဓမ္မစကြာ တရားတော်၊ အနတ္တလက္ခဏာသုတ် တရားတော်တွေကို နာယူ မှတ်သားပြီးမှ မဟာသတိပဋ္ဌာန် တရားတော်ကြီးကို တက်ရပါ တယ်၊ နောက်ဝိသာခါတရားတော်ကြီးကို နာယူပြီးမှတက်ရပါ တယ်၊ ပါရမီလုပ်ငန်းစဉ်တွေကနေတက်ရင်လဲရပါတယ်။

ဒီတရားတော်ကြီးကို ကမ္မဋ္ဌာန်းကျောင်းတိုက်တွေ ဆောက် လုပ်ပြီးမှ ယခု တက်လာရတာပါ၊ ဒီတော့ ပါရမီ လုပ်ငန်းစဉ် အနေနဲ့ ဖွင့်လာတာဟာ သတ္တဝါတွေရဲ့ အကျိုးစီးပွားတွေပါ၊ ဒီကမ္မဋ္ဌာန်းကျောင်းတိုက်တွေ၊ ဝိသာခါဆွမ်းချက်ကျောင်းကြီး တွေရဲ့ လုပ်ငန်းစဉ်တွေကနေပြီး အသိဉာဏ်တွေကို ယူလာရပါ တယ်၊ နောက် သဘာဝအားဖြင့်လဲ တက်လို့ရပါတယ်၊ အခု တရားနာယူကြတဲ့ပုဂ္ဂိုလ်တွေဟာ အသိဉာဏ်တွေ ဘယ်လောက် သဘာဝဘော တက်လာသလဲ၊ ဒီလို အသိဉာဏ်ဘောနဲ့တက်လာ ပါတယ်။

ဒါကြောင့်လုပ်ငန်းစဉ်အနေဖြင့်တက်ခြင်း၊ ပါဠိမိလုပ်ငန်းစဉ် အနေဖြင့်တက်ခြင်း၊ သဘာဝအားဖြင့်တက်ခြင်းဆိုတဲ့ ၃-ချက် နဲ့ အခုတက်လာခဲ့ကြပါတယ်။ အခုသတိပဋ္ဌာန်တရားတော်ကြီး ကို ရှာရတော့မယ်၊ ဒီတော့ အာနာပါန လုပ်ငန်းစဉ်ကြီးကို ယနေ့သတိပဋ္ဌာန်တရားတော်ကြီးက ချေတော့မယ်၊ ကိုင်း....ပုံစံနဲ့ လျှော်တဲ့ဟာကို ပြောပြတော့မယ်၊ ဒီမဟာသတိပဋ္ဌာန် တရား တော်ကြီးကို ဘယ်ကနေထုတ်ပြီး ဘုရားရှင် ဟောကြားတော် မူတာလဲ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒီမဟာသတိပဋ္ဌာန် တရားတော်ကြီးကို ဘယ်သဘာဝပေါ်မှာချသလဲ။

ဒီတော့ နိစ္စသာရ- သတ္တဝါတွေဟာ ခိုင်မြဲတယ်လို့ အနှစ် အသားနဲ့ ဆွဲယူခြင်းကို နိစ္စသာရလို့ ခေါ်တယ်၊ သုခသာရ- ချမ်းသာတယ်လို့ ဆွဲယူခြင်း၊ သုဘသာရ-တင့်တယ်တယ်လို့ စွဲ ယူခြင်း၊ အတ္တသာရ-အနှစ်အသားရှိတယ်လို့ စွဲယူခြင်း၊ (ငါ) ငါပိုင်တယ်၊ ငါဆိုင်တယ်လို့ စွဲယူခြင်းတို့ကိုခေါ်တယ်။ ဒီသာရ ၄-လုံးရဲ့အရိုင်ပျောက်ပျက်သွားအောင်လို့ ဒီမဟာသတိပဋ္ဌာန် တရားတော်ကြီးကို ဘုရားရှင်ဟောကြားတော်မူတာပါ၊ ဒါဖြင့် ဘယ်လိုဖျက်မလဲ၊ နိစ္စသာရကို ကာယာနုပဿနာ သတိပဋ္ဌာန်နဲ့ ဖျက်ရမယ်၊ သုခသာရကို ဝေဒနာ နုပဿနာ သတိပဋ္ဌာန်နဲ့ ဖျက်ရမယ်၊ သုဘသာရကို စိတ္တာနုပဿနာသတိပဋ္ဌာန်နဲ့ ဖျက်ရ မယ်၊ အတ္တသာရကို ဓမ္မာနုပဿနာသတိပဋ္ဌာန်နဲ့ ဖျက်ရမယ်။ ဒါကြောင့် ဒီသာရ ၄-လုံးပျက်သွားအောင်လို့ ဘုရားရှင်က ဒီ မဟာသတိပဋ္ဌာန်တရားတော်ကြီးကို ဟောကြားတော်မူတာပါ။

ဒီသာရ ၄ လုံးကို ဝိပဿနာဉာဏ်နဲ့ကြည့်ရင် ဘယ်ဉာဏ်က နေပြီး ပယ်သတ်သလဲ၊ ဒါဟာအရေးကြီးပါတယ်၊ ဒီတော့ သတိ ပဋ္ဌာန်တရားကို အားမထုတ်ဘဲနဲ့ ရောက်တာလဲ ရှိပါတယ်၊

အားထုတ်လို့ ရောက်နေတာလဲ ရှိပါတယ်၊ ဒီတော့ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရနေရင် သတိပဋ္ဌာန်တရားတော်ကြီးကို အားထုတ်ရတော့ဘဲ ပြည့်စုံနေပါပြီ၊ ဒီတော့ သောတာပန် ပုဂ္ဂိုလ်ဟာ ခမ္မာနုပဿနာသတိပဋ္ဌာန်နဲ့ ပြည့်စုံနေပြီ၊ အဲဒါ မြင်တွေ့နေတဲ့ သဘာဝတွေမှန်ရင် တရားအနေနဲ့ သာမြင်နေပြီ၊ (၀၇) သုလုပ်သမျှမမှားတော့ပါ၊ အမှန်ကြီးသာ ဖြစ်နေပါပြီ၊ အမှား မရှိဘူးမှာ........

## ကုက္ကုရမိတ္တနေသာဒမုဆိုးဝတ္ထု။

ဘုရားရှင် ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရာဇဂြိုဟ်ပြည်ကြီး၌ အဆင်းလှပသော သူဌေးသမီးတယောက်သည် ဘုံ (၇) ဆင့်ရှိသော ပြာသာဒ်၏အထက်၌နေလျက် လေသောက်ပြူတင်းဖြင့် ခရီးမကို ကြည့်ရှုသည်ရှိသော် သားသမင်တို့ကိုသတ်၍ အသက်မွေးမှုကိုပြုသော မုဆိုးတယောက်သည် သူ၏လှည်းဖြင့် မြို့သို့လာသည်ကို မြင်၍ ချစ်ခင်စိတ်ရှိရကား ထိုသူ၏ထံ အသွားအပြန်အခမးခိုင်းပြီး သိရသည်နှင့်တပြိုင်နက် သူဌေးသမီးသည် ဥစ္စာထုပ်ကိုပိုက်ပြီး ထိုမုဆိုး၏ လာလတံ့သော လမ်းကစောင့်ကာ လှည်းနောက်သို့ လိုက်လေ၏၊ မုဆိုးက အဘန်တန် တားမြစ်သော်လဲ မရသဖြင့် လှည်းပေါ်သို့တင်ပြီး ခေါ်ဆောင်သွားလေ၏။

အမိအဘတို့ကလည်း သမီးလေးကို ရှာဖွေမတွေ့သဖြင့် သေလွန်ပြီထင်မှတ်ခါ ဆွမ်းသွတ်အမျှဝေလိုက်ကြသည်၊ ထိုသူဌေး

သို့မီးသည်လည်း မုဆိုးနှင့်သင့်မြတ်နေကြ၍ သား (၇) ယောက် ဖွားမြောက်၍ အရွယ်ရောက်ကာလ သတို့သမီးတို့နှင့် ထိမ်းမြား လက်ထပ်၍ ပေးလေ၏။

ဘုရားသခင်သည် မုဆိုး သား ချွေးမတို့၏ ဉာဏ်ပါရမီကို မြင်တော်မူ၍ မုဆိုး၏ ကျော့ကွင်း၊ထောင်ထားရာအရပ်သို့ ကြွသွားတော်မူလေ၏။ ထိုနေ့ ကျော့ကွင်း၌ တကောင်မျှမမိ၊ ထိုကျော့ကွင်းအရင်း၌ ခြေတော်ရာကိုပြ၍ ဘုရားသခင်သည် တခုသော ချုံ၏အောက်၌ နေတော်မူ၏။ မုဆိုးသည် လာလတ်၍ ကျော့ကွင်းကို ကြည့်သော် တကောင်သော သားသမင်မျှကို မတွေ့ဘဲ ခြေရာကိုသာမြင်သော် ခြေရာရှင်အား ရန်ငြိုးဖွဲ့ပြီး လိုက်ရှာရာ ချုံရင်း၌ မြတ်စွာဘုရားသခင်ကို တွေ့မြင်၍ သတ် အံ့ဟု လေးကိုဆွဲငင်၍တင်၏။ မြတ်စွာဘုရားသခင်သည် လေးကို တင်ခွင့်ပေး၍ ချခြင်း ပစ်လွှတ်ခြင်းအခွင့်ကို ပေးတော်မမူ၊ ထိုမုဆိုးသည် လေးကိုကိုင်ပြီး မှိုင်တွေချကာ တည်နေရလေ၏။

ထိုအခါ မယားခင်ပွန်းမက သားတို့အထံသွား၍ သင်တို့၏ ဘခင် ခါတိုင်းနှင့်မတူ အချိန်ကြာနေချေသည်၊ သင်တို့လိုက်ကြ ကုန်လော့ဟု မိခင်ကစေလွှတ်သဖြင့် (၇)ယောက်သော သားတို့ သည် လေးများကိုယ်စီဖြင့် တောသို့လိုက်သွားရာ မတုန်မလှုပ် တည်နေသော ဘခင်ကိုရင်း၊ ချုံရင်း၌နေသော မြတ်စွာဘုရား ကိုရင်း တွေ့မြင်၍ ဤသူသည် ငါတို့ဘခင်၏ ရန်သူဘဲ အောက် မေ့ကာ လေးကိုဆွဲငင်၍ တင်ကုန်၏။ မြတ်စွာဘုရား၏ တန်ခိုး တော်ကြောင့် ထို (၇)ယောက်သော သားတို့သည်လည်း ဘခင် နှင့်အလားတူစွာ လေးကိုပစ်ခြင်းငှါမစွမ်းနိုင်ဘဲ မှိုင်တွေချကာ တည်နေကြကုန်၏။

ထိုအခါသားတို့၏မိခင်သည် မလာနိုင်တာနှင့် ချွေးမတို့ကိုခေါ်ပြီး လိုက်သွားရာ မတုန်မလှုပ်တည်နေကုန်သော ခင်ပွန်းလင်နှင့်တကွ သားတို့ကိုမြင်၍ ကြည့်သော် မြတ်စွာဘုရားကိုမြင်ပြန်သဖြင့် လက်နှစ်ဖက်မြှောက်ပြီး ကျွန်တော်မ၏ဖခင်ကို မဖျက်ဆီးကြပါကုန်လင့်ဟု ဟစ်အော်၏ မုဆိုးသည် ဇနီးသည်အသံကိုကြား၍ ဤသူသည်ငါ၏ယောက္ခမပေတကား၊ ငါသည်ဝန်လေးသောအမှုကို ပြုမိလေစွဟုကြံ၏။ သားတို့သည်လည်း ငါတို့၏ အဘိုးအား ပြစ်မှားမိချေပြီဟုဆိုကြ၏။ မုဆိုးသည် ငါ၏ယောက္ခမပေတည်းဟု မေတ္တာစိတ်ကိုဖြစ်စေ၏၊ သားတို့သည်လည်း ငါတို့၏အဘိုးပေတည်းဟု မေတ္တာစိတ်ကိုဖြစ်စေကုန်၏။

ထိုအခါ သူဌေးသမီးသည် ထိုသားလင်ခင်ပွန်းတို့၏ လက်၌ရှိသောလေးတို့ကို လျင်စွာဆွဲယူစွန့်ပစ်ပြီး၍ ငါ၏ဖခင်ကို သည်းခံစေကြကုန်လော့ဟုပြော၏၊ မြတ်စွာဘုရားသခင်သည် ထိုသူတို့၏ နူးညံ့သောစိတ်ကိုသိ၍ လေးကိုချခွင့်ပေးလေလျှင် ထိုသူတို့သည် မြတ်စွာဘုရားအား ရှိခိုးဦးချ၍ "အရှင်ဘုရားတပည့်တော်တို့အား သည်းခံတော်မူပါ" ဟု လျှောက်ကြသဖြင့် မြတ်စွာဘုရားသခင်သည် အစဉ်သောတရားစကားကို ဟောကြားတော်မူလေ၏၊ ဒေသနာတော်၏အဆုံး၌ မုဆိုးနှင့်တကွ မိသားစုအားလုံး ( တဆယ့်ငါးယောက်တို့သည် ) သောတာပတ္တိဖိုလ်၌ တည်လေ၏။

သူဌေးသမီးသည်ကား မိဘအိမ်၌နေစဉ်ကပင် သောတာပန်ဖြစ်နေပြီး မုဆိုး၏အလိုကျ လေးညှို့တို့ကို ပြင်ပေးဘာပြုစု၏၊ သောတာပန်ပုဂ္ဂိုလ်တို့သည် သူတပါးအသက် ပယ်ဖျက်ခြင်း

အမှု ပြုလုပ်ပါသေးသလော ဟူသော စကားကို ဖြစ်စေကြ၍ ဘုရားသခင်ကအကုသိုလ်စေတနာမရှိ၍ အကုသိုလ်မဖြစ်၊ လက်၌ အနာမရှိသောသူသည် အဆိပ်ကို ကိုင်သော်လည်း အဆိပ်မဖြစ်သကဲ့သို့ ထိုမိန်းမအားလေးမြားစသည် လှင်အား ပေးရသော်လည်း ဤလေးမြားဖြင့် သူတပါး၏အသက် သတ်ခြင်းပြုစေသတည်းဟူသော စိတ်သည် ထိုမိန်းမအား မရှိဟုဟောတော်မူလေ၏။

ဒါဟာ သူ့မှာ ဓမ္မာနုပဿနာသတိပဋ္ဌာန်တရားကို မျိုးထားတဲ့အတွက် ဒိဋ္ဌိစွဲမရှိတော့ပါ၊ ဒိဋ္ဌိစွဲမရှိတော့လို့ ကံမဖြစ်တော့ပါ၊ ဒီတော့ သောတာပန်ဟာ အိမ်ယာတည်ထောင်နေလို့ အမြင်သာတူသော်လဲ သဘာဝတွေကခြားသွားပြီ မတူတော့ပါ၊ သောတာပန်ပုဂ္ဂိုလ်တွေ အိမ်ယာတည်ထောင်နေတာဟာ မကောင်းတဲ့အနေနဲ့သာ ရှိတော့တယ်။

ဥပမာ....ဦးဘတုတ်ကြီး အိမ်သာတက်တဲ့အခါမှာ သာယာတဲ့အနေနဲ့များ တက်သလား - မတက်ပါ၊ အဲဒါ မကောင်းတဲ့အနေနဲ့သာ တက်ပါတော့တယ်၊ အနွတွေကျတော့ ဒိဋ္ဌိကြီးက ရှေ့သွားပြုနေတဲ့ အတွက်ကြောင့် ဒီ ဒိဋ္ဌိကြီးနဲ့ဘဲ ကာမဂုဏ်တွေကို ခံစားနေသေးတယ်၊ (ဝါ)အလွန် ရွှင်လန်း နှစ်သက်နေသေးတယ်၊ သောတာပန်တွေကျတော့ အမြင်သာတူသော်လဲ သဘာဝတွေက ကွာခြားသွားပြီ။

ဒါကြောင့် သောတာပန်ပုဂ္ဂိုလ်ဟာ ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ရနေပြီ၊ သကဒါဂါမ်ပုဂ္ဂိုလ်ကျတော့ စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ရနေပြီ၊ အနာဂါမ်ပုဂ္ဂိုလ်ကျတော့ ဝေဒနာ

နုပဿနာသတိပဋ္ဌာန်ကိုရနေပြီ၊ ရဟန္တာပုဂ္ဂိုလ်ကျတော့ ကာယာနုပဿနာသတိပဋ္ဌာန်နဲ့ ပြည့်စုံနေပြီ၊ (ဝါ) ကိန်းနေပြီ၊ ဒီတော့ ဘာသတိပဋ္ဌာန်ကို ပွားနေစရာ လိုသေးသလဲ။

ကိုင်း.... ဘုရားရှင် မဟာသတိပဋ္ဌာန် တရားတော်ကြီးကို ဟောကြားတော်မူတာဟာ ဘာကို ပယ်စေလို၍ ဟောကြားတာလဲ၊ သာရ ၄-လုံးကိုပယ်စေလို၍ ဟောကြားတာပါ၊ ဒါဖြင့် ဒီသာရ ၄-လုံးကို ဝိပဿနာနဲ့ ဘယ်ဉာဏ်တွေက ချေသလဲ၊ (ဝါ) ဝိပဿနာ ဘယ်ကဏ္ဍက ချေသလဲ၊ ဒါကို စဉ်းစားပါ၊ ဒီတော့ ဝိသာခါ တရားခေတ် လုပ်ငန်းစဉ်ဟာ အင်မတန်မှ ကျေးဇူးများပါတယ်၊ ဒီဝိသာခါတရားခေတ်ကို ကြေလာရင်ဘဲ တည်ဆောက်သမျှဟာတွေ မှန်သမျှဟာ ခိုင်မြဲလာပါပြီ၊ ယခုတော့ " ထောင်ကဲဥ ချစ်ရွှေ" ဟာတောထဲတောင်ထဲမှာ အားထုတ်လို့မလွယ်ကူတော့ပါ အဲဒါ– ပါရမီ လုပ်ငန်းစဉ် အနေနဲ့ အိမ်ယာတည်ထောင်ရင် ပါရမီ လုပ်ငန်းစဉ်ကနေ မဂ်တရား, ဖိုလ်တရားကို ရအောင်ရှာရတော့မယ်၊ ဒီတော့ သားမယားတွေဟာ သာမညန္နောင်ကြိုးလို့ မထင်လိုက်ပါနဲ့....။

ဒီတော့ရှေ့က ပုဂ္ဂိုလ်တွေလို (ဝါ) ဥဃ္ဃဋိတညူ၊ ဝိပဉ္စိတညူ ပုဂ္ဂိုလ်တွေလို လွယ်လွယ်နဲ့ သားမယားတွေကို ပယ်ပြီး သူတို့သာလျှင် တရားအားထုတ်လို့ ရပါတယ်၊ အခု သာသနာတော်ရဲ့ နောက်ပိုင်းမှာကို နေယျပုဂ္ဂိုလ်တွေသာ ဖြစ်နေကြတဲ့ အတွက်ကြောင့် အဲဒါ သားမယားတွေကိုပစ်ပြီး တောထွက်ပြီး အားထုတ်လို့ မရတော့ပါ၊ ဒီတော့အိမ်ယာထောင် ခသာတာပန် လမ်းကိုသာ လိုက်ရဘော့မယ်၊ ဒါ့ကြောင့် ပါရမီလုပ်ငန်းစဉ်နဲ့ တွဲပြီး တက်ရဘော့မှာဘဲ မဟုတ်လား၊ ရ ၊ န် ၊ တော် တွေဟာ

ကိလေသာတွေကို တွန်းခွာချတဲ့ အခါမှာလဲ မုတင်(၁၃)ပါးမှာ တပါးပါးကို အားထုတ်ရပါတယ်။

ဒီတော့သာရ(၄)လုံးကို ဝိပဿနာဘယ်ဉာဏ်ကဖြတ်သလဲ၊ ဘင်္ဂဉာဏ်(ဝါ)ပညာမြင်အနိစ္စဉာဏ်က ဖြတ်ပါတယ်၊ယခုမဟာသတိပဋ္ဌာန်တရားတော်ကြီးကို တက်လာတယ် ဆိုရင်ဘဲ ကိုယ့်မှာ ပရမတ်ခေရ, ခေတ်ရေရှိရမယ်၊ ဒါမှ ဒီမဟာသတိပဋ္ဌာန်တရားတော်ကြီးကို တက်လို့ရမယ်၊ ဒီမဟာသတိပဋ္ဌာန် တရားတော်ကြီးကို ဘာကိုပယ်စေလို၍ ဘုရားရှင်ဟောကြားပါသလဲ ဆိုရင် သမ္မောဘဝိနောဒနီ အဋ္ဌကထာကြီးက သာရ(၄)လုံးကို ပယ်စေလို၍ ဟောကြားတော်မူတာပါလို့ပြလာပါတယ် ဘယ်လိုပယ်သလဲ။

ဝိပဿနာဉာဏ်နဲ့ဆိုရင် သာရ(၄)လုံးကို ဘင်္ဂဉာဏ်နဲ့ ပယ်သတ်ပါတယ်၊ ဒါကိုထပ်ပြောပြမယ်—နာမရူပ ပရိစ္ဆေဒဉာဏ်က သညာကပြောတဲ့ ရုပ်နာမ်ကို ပယ်သတ်ခဲ့တယ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်ကျတော့ ဝိညာဏ်ကပြောတဲ့ ရုပ်နာမ်ကို ပယ်သတ်ခဲ့တယ်၊ သမ္မသနဉာဏ်ကျတော့ သညာကို ပယ်သတ်ခဲ့တယ်၊ ဥဒယဗ္ဗယဉာဏ်ကျတော့ ဝိညာဏ်ကြီးကို ပယ်သတ်ခဲ့တယ်၊ ဒီတော့သညာ ဝိညာဏ်လဲသေသွားရော သူ့ဘို့ရဲ့ရေသောက်မြစ်တွေကို ဆွဲထုတ်လိုက်တဲ့ အခါမှာ အဲဒါ နိစ္စသာရ, သုခသာရ, သုဘသာရ, အတ္တသာရဆိုပြီး သာရ(၄) လုံးကို လာတွေ့တယ်။

ဒီတော့သာရ(၄)လုံးကိုဘင်္ဂဉာဏ်ကြီးကပယ်သတ်လိုက်တယ်၊ ဒီလိုကို ဝိပဿနာဉာဏ်တွေမှာကြေလာရမယ်၊ ဒီလို ကြေလာတော့မှဘယ်ပုဂ္ဂိုလ်တွေဘဲ ဘုရားဟောဟော တရားနာနိုင်လာပြီ

အာနာပါနကို အားထုတ်လာတဲ့အခါမှာလဲ ပဋ္ဌမနှုတ်ခမ်းဖျား၊ နှာသီးဖျားကနေ ထွက်လေ ဝင်လေကို မှတ်လာရပါတယ်၊ဒီလို မှတ်ပါများလာတော့ အမှတ်လေးမြဲလာတော့ဘယ်၊မှတ်ပါများ လာတော့ (ဝါ) လုလ္လပြုပါများလာတော့ အဲဒါသဏ္ဌာန်အရိပ် နိမိတ်လက္ခဏာတွေ ပေါ်လာတော့တယ်၊ ဒီကနေရှုပ်နဲ့မ်ကူးဆို ရင် ဘာမကူးတတ်စရာရှိသလဲ၊အဲဒါသညာကထွက်နေတဲ့အရောင် လေးတွေဘဲ မဟုတ်လား၊ ဒီတော့ သညာကထွက်နေတဲ့ အရောင် လေးတွေကရုပ်၊ သညာကနာမ်၊ ဒီလို ကူးနိုင်လာရင်ဘဲ ဟုတ် လာပြီ၊ အခုတော့ ဒီလိုမကူးနိုင်ကြဘဲ ပညတ်တွေနောက်လိုက် ပြီး ကူးနေရင် ဘယ်မှာဟုတ်တော့မှာလဲ။

ဒီတော့ အာနာပါနကနေပြီး မဂ်ကိုတခါထဲတက်လို့မရပါ၊ ဒါကို သေသေချာချာမှတ်ထားပါ၊ ဒီတော့ သာရ (၄)လုံးဟာ ဝိညာဏ်ကြီးရဲ့ ရေသောက်မြစ်ပါ၊ ဒီသာရ(၄)လုံးကို ပယ်သတ် ဖို့ ဘုရားရှင်က မဟာသတိပဋ္ဌာန်တရားတော်ကြီးကို ဟောကြား တော်မူတာပါ၊ ဝိပဿနာဉာဏ် အနေနဲ့ဆိုရင် ဘင်္ဂဉာဏ်က "ကုန်, ပျက်, ကင်း, ချုပ်," နဲ့ သတ်ပါတယ်၊ ဒီ ဝိညာဏ်ရေ သောက်မြစ် (၄)ချက်လဲပြတ်ရော နောက် အဝိဇ္ဇာရေသောက် မြစ်ကို သတ်ရပြန်တယ်၊ နောက် တဏှာရေသောက်မြစ်ကို သတ်ရပြန်တယ်၊ နောက်ဆုံး ကံရေသောက်မြစ်ကိုလဲ သတ်လိုက် ရော ရေသောက်မြစ်တွေ ကုန်သွားတဲ့အတွက် မဂ်ကိုတခါထဲ ဝင်သွားမယ်။

ကိုင်း သာရ (၄)လုံးကို ဘယ်လိုရှာမလဲ ?

ပြောပြမယ်—ဒီသာရ (၄)လုံးဟာ အခြားမှာမကြည့်ပါနဲ့၊ အဆင်း, အကြည်, အမြင်,အသိ- ဒီ (၄) ပါး ပေါင်းလိုက်တာ

ဟာ ပဋိသန္ဓေ ဝိညာဏ်ကြီးပါ၊ ဒီ (၄) ပါး ပေါင်းလိုက်တာနဲ့ နှလုံးအိမ်မှာ ရှိတဲ့သညက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာတို့ကနာမပညတ်နဲ့ သဏ္ဌာနပညတ် ၂ပါးကို ထွက်ဆွဲလာတယ် အဆင်း၊ အကြည်၊ အမြင့်အသိ- (၄) ပါးက ပေါင်းပေးရုံသာရှိပါတယ်၊ ဒီတော့ အဆင်းအကြည်ဆုံလိုက်တာက ပဋိသန္ဓေဝိညာဏ်ရိပ်၊ နောက် အတိတ်သဘော ဝိညာဏ်ရိပ်ကျတော့ ဥဒယဗ္ဗယဉာဏ်ကြီးမှာ အဝိဇ္ဇာ၊တဏှာ၊ ကံ၊အာဟာရဆိုပြီးထုတ်ပြလာပါတယ်၊ ဒီတော့ ဝိညာဏ်ရေသောက်မြစ်ဟာ(၂)မျိုးရှိပါတယ်။

ဘဝင်စိတ်က ဖြစ်လာတဲ့ ဝိညာဏ်၊ ဝီထိစိတ်က ဖြစ်လာတဲ့ ဝိညာဏ်ဆိုပြီး(၂)မျိုးရှိတယ်၊ ဝီထိစိတ်ကဖြစ်လာတဲ့ဝိညာဏ်က ပဋိသန္ဓေဝိညာဏ်ပါ၊ ဘဝင်စိတ်က ဖြစ်လာတဲ့ ဝိညာဏ်ကျတော့ အတိတ်သဘောဝိညာဏ်ပါ၊ ကိုင်းသာရ(၄)လုံးကိုရှာပြမယ်— အဆင်း၊ အကြည်၊အမြင့်၊အသိ- ဒီ(၄)ပါး ပေါင်းလိုက်တာဟာ ပဋိသန္ဓေဝိညာဏ်ပါ၊ ပေါင်းတဲ့ အကောင်လေ တွေကိုတော့ သူ့ ကဏ္ဍနဲ့သူချေပစ်ခဲ့ပါပြီ၊ ဒါပေမဲ့ပေါင်းတဲ့ ဖဿရိပ်(ဝါ) ပစ္စယ အရိပ်လေးက နှလုံးအိမ်ထဲမှာရှိနေသေးတယ်၊ ဒါကိုဘင်္ဂဉာဏ်က နေထွက်လာတာပါ။

ဒီတော့ အတိတ်အကြောင်း၊ ဝိညာဏ်ကြီးကိုသတ်လိုက်တာနဲ့ ဒီကောင်လေးတွေက အကျိုးဝိညာဏ်ရိပ် ဝေဒနာလေးတွေပါ၊ ဒီကောင်လေးတွေဟာ နောက်ဆုံး အပျက်သဘောသာ ရှိတော့ တယ်ဆိုပြီး မြင်လာတာကို ဘင်္ဂဉာဏ်လို့ခေါ်တယ်၊ ဒီတော့ ဒီ ကောင်လေးတွေကို ထပ်ပြီး ဆဲ့နှုတ်လာပြီ၊ အပျက်သဘောကို မြင်တယ်ဆိုတာဟာ အကြောင်းကင်းပြီးနေလို့ ဒီသာရ(၄)လုံး

ကို သွားမြင်တာပါ၊ ဒါကိုဘဲ အာနာပါနကို အားထုတ်ပြီး ဖြစ်ပျက်သဘောကို မြင်ကြတဲ့အခါမှာ သဲကမ်းပါးကြီးများ ပြိုနေသလို ဖြစ်ပျက်နေကြတာပါလို့ ပြောနေကြပြီ၊ ဒါဟာနာမ ပညတ်နဲ့ သဏ္ဌာနပညတ်တွေကို ပြောနေတာဖြစ်ခြင်းကြောင့်· ရယ်စရာတောင်ကောင်းပါသေးတယ်။

ဒီတော့ အကျိုးဝိညာဏ်ရိပ်လေးတွေဟာ အခု ပျက်သဘော ဖြစ်နေပြီ၊ ဒါကိုဘင်္ဂဉာဏ်ကြီးက ဆွဲနှုတ်တယ်၊ ဘယ်လောက် သေချာသလဲ၊ အခုမဟာသတိပဋ္ဌာန်တရားတော်ကြီးထဲကို ဝင် မယ်ဆိုတော့ သာရ(၄)လုံးကိုရှာပါ၊ အဆင်း, အကြည်, အမြင်, အသိ မှာကို အဆင်းမှာနိစ္စသာရ နာမပညတ်ရိပ် ရှိနေတယ်၊ အကြည်မှာကသုခသာရ, သဏ္ဌာန ပညတ်ရိပ်သေး ရှိနေတယ်၊ အမြင်သဘောမှာ သုဘသာရ သမူဟပညတ်ရိပ်ရှိနေတယ်၊အသိ ကျတော့ အတ္တသာရ သန္တတိပညတ်ရိပ် ရှိနေတယ်၊ ဒါဖြင့် ဒီ (၄)ကောင်ကို အကျိုးဝိညာဏ်လို့ ဘာ့ကြောင့်ပြောသလဲ ၊။

ဒီတော့.... ဟော့ နိစ္စသာရ မင်းဟာဘယ်အနေနဲ့ ရှိသလဲလို့ မေးရင် အဲဒါ နာမပညတ်ရိပ် အနေနဲ့ ရှိပါတယ်လို့ ပြောမယ်၊ ဒါဟာ အတိတ် သဘောလေးဘဲ မဟုတ်လား၊ သူ့မှာပရမတ် သဘောရုပ်နာမ် သဘောမရှိပါ၊ ဒါ့ကြောင့် သူ့ကို အကျိုး ဝိညာဏ်ရိပ်လို့ပြောတာပါ၊ မသတ်ဘဲနေရင်လဲ တနေ့ပျက်တော့ မယ်၊ ဒါဟာ အနှစ်အသား မရှိတော့ဘဲ (ဝါ) ပရမတ်သဘော မရှိတော့တဲ့ ဒီကောင်လေးတွေဟာ သခ်ာတလောကကြီးကို မထူ ထောင်နိုင်ဟော့ပါ၊ ပရမတ်မရှိသော်လဲ ဒီ (၄)ကောင်ပေါင်း ဘဲ့အခါမှာ ပစ္စုပ္ပန်အနေနဲ့ ပရမတ်သဘောလေးဟာ ထွက်နေ သေးတယ်၊ ထင်ရှားအောင်ပြမယ်။

ဥပမာ.... ကြက်သားဟင်းကို စားတဲ့အခါမှာ အတိတ်နာမ ပညတ်ထောက်ခံမှု ကောင်း၊ မကောင်းဆိုတာ ပြောလို့ရပါတယ်၊ ဘာ့ကြောင့် အတိတ်သဘောနာမ ပညတ်ထောက်ခံသလဲ၊ အဲဒါ ပစ္စုပ္ပန်လျှာပေါ်တင်ပြီး ခံစားတဲ့သဘော ရှိနေလို့ဘဲ မဟုတ်လား၊ ဒါကြောင့် အတိတ်သဘော နာမပညတ်ကို နိစ္စသာရ အနေနဲ့ ဆွဲထားတယ်၊ ဒါဟာ ပညတ်သဘောသာ ဖြစ်သော်လဲ (၄)ကောင် မပေါင်းတဲ့အခါမှာ ပစ္စုပ္ပန် သဘော ပရမတ်လေး ရှိနေလို့ ဒီကောင်လေးတွေက လှည့်ပတ်နေဘာပါ။

အနုဏ္ဍွေခံစားသမျှမှန်ရင် ဒီသာရ(၄) လုံး မကင်းသေးပါ၊ အဲဒါ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဖွဲ့ပြီးတော့ လှည့်နေသေးတယ်၊ ဒီသာရ(၄) လုံးကို ပြုတ်သွားအောင်လို့ ဘုရားရှင်က မဟာသတိပဋ္ဌာန် တရားဘော်ကြီးကို ဟောကြားတော်မူလာတာပါ၊ ဒါကြောင့် ဒီသာရ(၄)လုံးကို ပြုတ်အောင်ဖြုတ်နိုင်ဘို့ အရေးကြီးပါတယ်၊ ဒီတော့ မဟာသတိပဋ္ဌာန်နည်းနဲ့ နက်ဖြန်ခါ ဒီသာရ(၄)လုံး ပယ်သတ်ပုံကိုပြပါမယ်။

# ညဥ့ပဟာ ၁ စဉ်။

ဣမ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ-လို့

ရှင်တော်မြတ်ဘုရား **မဟာ**သတိပဋ္ဌာန် ပါဠိတော်ကြီးမှာ ဟောကြားတော်မူခဲ့သည့်အတိုင်း မဟာသတိပဋ္ဌာန်တရားတော်ကြီးရဲ့လုပ်ငန်းစဉ်ကို အခု ဆိုက်ရောက်လာပါပြီ၊ ဒီတရားတော်ကြီးဟာ အင်မတန်မှ နက်နဲခက်ခဲသိမ်မွေ့လှပါတယ်၊ ဒီတရားတော်ကြီးကို တကယ်ဥကျွောင်းဝင်အောင် လုပ်ငန်းစဉ်အနေနဲ့ ဝေဘန်လိုက်ရင် ပါဠိတော်၏ နက်နဲခက်ခဲခြင်း၊ အနက်၏ နက်နဲခက်ခဲခြင်း၊ ဒေသနာတော်၏ နက်နဲခက်ခဲခြင်း၊ အသိဉာဏ်၏ နက်နဲခက်ခဲခြင်းဆိုပြီး (၄)မျိုးထွက်လာပါတယ်။

ပါဠိတော်၏ နက်နဲခက်ခဲခြင်းဆိုတာဟာ ဘာကိုခေါ်တာလဲ ဒီတော့ "ပါဠိတချက် အနက်ဆယ်ထွေ သွက်သွက်ခါ ဝေသောကြောင့်" လို့ ပြလာတဲ့အတိုင်း အဲဒါ သဘာဝတွေဟာ မပေါ်တော့ဘဲ မြုပ်နေတော့တယ်၊ ဒါကြောင့် သဘာဝပေါ်အောင်ဟာ နက်နဲခက်ခဲလှပါတယ်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်မှာ "သရာဂံဝါ စိတ္တံ သရာဂစိတ္တန္တိ ပဇာနာတိ ဝီတရာဂံဝါ စိတ္တံ ဝီတရာဂစိတ္တန္တိ ပဇာနာတိ" လို့ နှစ်ပုဒ် နှစ်ပုဒ်ထားပြီး ဟောကြားလာပါတယ်၊ ဒါဟာ ဘယ်လိုသဘာဝလဲလို့ ဝေဘန်လိုက်ပြန်ရင်လဲ နက်နဲခက်ခဲလှပါတယ်။

နောက် အနက်၏ နက်နဲခက်ခဲခြင်း ဆိုတာဟာလဲ ဥပမာ.... ဣရိယာပထလုပ်ငန်းစဉ်မှာ "ဂစ္ဆန္တောဝါ ဂစ္ဆာမိတိ ပဇာနာတိ"

လို့ ပြလာတဲ့အတိုင်း သွားတယ် သွားတယ်ဆိုတာ ဘယ်သဘာဝလဲ၊ သွားတယ် သွားတယ်ဆိုတာ ခြေဖဝါး ခြေထောက်ကို လိုချင်လို့ ရှုမှတ်ခိုင်းတာ မဟုတ်ပါ၊ ဘာကိုလိုချင်လို့ဆိုတာကို ဝေဘန်လိုက်ပြန်ရင်လဲ နက်နဲခက်ခဲလှပါတယ်။

ဒီတော့ ပုဂ္ဂလဇ္ဈာသယ ပုဂ္ဂိုလ်ရဲ့ (ဝါ) တဦးတယောက်ရဲ့ အာသယကိုကြည့်ပြီး ဟောကြားတာကို ခေါ်တယ်၊ ဝေနေယျဇ္ဈာသယ ဆိုတာက သတ္တဝါများရဲ့ အာသယကိုကြည့်ပြီး ဟောကြားတာကိုခေါ်တယ်၊ နောက်တခါ ဘုရားရှင်ရဲ့ ရွှေဉာဏ်တော်ဖြင့် တန်ဆာဆင်ပြီး ဟောကြားတာကျတော့ ဒေသနာဝိလာသလို့ ခေါ်တယ်၊ ဒီ ၃-ချက်ဖြင့်သာ ဘုရားရှင်တရားတော်ကို ဟောကြားတော်မူသွားပါတယ်၊ ယခု မဟာသတိပဋ္ဌာန်တရားတော်ကြီးကိုလဲ ဒီ ၃-ချက်နဲ့ ဝေဘန်ပါ။

နောက် သမထနဲ့ကျတော့ ဘယ်လိုကောက်ရမလဲ၊ ဝိပဿနာအနေနဲ့ကျတော့ ဘယ်လိုကောက်ရမလဲ ဆိုတာဟာလဲ နက်နဲလှပါတယ်။ ဒါက ဒေသနာတော်၏ နက်နဲခြင်းပါ။ နောက် အသိဉာဏ်၏နက်နဲခက်ခဲခြင်းဆိုတာဟာလဲ သွားတယ်သွားတယ် ဆိုတာဟာ နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်တွေပြတ်ပြီးတော့ သိရမယ်၊ ဒီတော့ အသိဉာဏ်၏ နက်နဲခက်ခဲခြင်းဆိုတာကို မဂ်ကိုရပြီးတဲ့ပုဂ္ဂိုလ်တွေမှ ဒီ သတိပဋ္ဌာန်ကြီးကို နိုက်လို့ရပါတယ်၊ ဒီတော့ နက်နဲခြင်း ( ၄ ) ပါးနှင့်တကွ ဒီနေ့ အမျိုးကောင်းသား အမျိုးကောင်းသမီးကြီးတွေ လုပ်ငန်းစဉ်ကို တက်ရောက်လာနိုင်ပါပြီ။

ဒီတော့ တသသင်တန်းအနေနဲ့ ယူခဲ့တဲ့အသိဉာဏ်တွေကိုလဲ မိမိရဲ့နှလုံးအိမ်ကြီးထဲမှာ အခြေခံထားပြီး နိုးထားပါ၊ (ဝါ)

ပျိုးထောင်ထားပါ၊ ဝိသာခါတရားခါတ်,မမ္မစကြာတရားတော်, အနတ္တလက္ခဏာသုတ်တရားတော်တွေကို နာကြားလာခဲ့ရတဲ့အသိဉာဏ်တွေကိုလဲ ပြန်ပြီးနှလုံးသွင်းထားပါ၊ ဒီလိုမှမလုပ်ထားရင် ယခု မဟာသတိပဋ္ဌာန် တရားတော်ကြီးကို ဟောကြားလို့သာ ဆုံးသွားမယ် - မိမိဟာ လုပ်ငန်းစဉ်ကို ဆွဲလို့မရဘဲ ဖြစ်နေမယ်၊ ဒီတော့ အာနာပါနကိုလဲ အချိန်မှန်မှန် အားထုတ်ပေးကြပါ၊ ဒီတော့မှ ရှေ့ကိုလုပ်ငန်းစဉ်နှင့်တကွတက်နိုင်သွားမယ်။

ဒီတော့လုပ်ငန်းစဉ်အနေနဲ့ဝေဘန်လိုက်ရင် သုတမယဉာဏ်, စိန္တာမယဉာဏ်, ဘာဝနာမယဉာဏ်ဆိုပြီးရှိပါတယ်၊ အာနာပါနလုပ်ငန်းစဉ်ကို ရှုပွါးလာရင်ဘဲ ဘာဝနာမယဉာဏ် ဖြစ်လာပြီးတော့ ဥဒယဗ္ဗယဉာဏ်ကြီးကိုပိုင်ပြီးသွားလာနေထိုင်စားသောက် ပြောဆိုရင်းနဲ့ အသမ္မောဟ သမ္ပဇညအပိုင်းကြီးကို ဆင်ခြင်လာနိုင်ရင်လဲ ဘာဝနာမယ ဉာဏ်ပါဘဲ၊ ဒီတော့ ဘာဝနာမယဉာဏ်ကိုရောတ်လာမှ လုပ်ငန်းစဉ်အနေနဲ့ပြည့်စုံပါတယ်။

ငါအာနာပါနတရားကို အချိန်မှန်မှန် အားထုတ်လာရင်ဘဲ သဏ္ဌာန်အရိပ် နိမိတ်လက္ခဏာတွေပေါ်ပြီးတော့ နောက်တရားပေးတဲ့ဆရာကိုပါ နိမိတ်အနေနဲ့ထင်လာတော့မယ်၊ ထင်လာရုံတွင်မကတော့ဘဲ မိမိမှာ သမထအရိပ်ရှိနေရင် စကားပြောလို့တောင်ရလာပါတယ်၊ ဒါကြောင့်မိမိရဲ့ ဏ်အား, ဉာဏ်အား, ပါရမီအားတွေနဲ့ တက်ရတော့မယ်၊ ဒီတော့မဟာသတိပဋ္ဌာန်တရားတော်ကြီးရဲ့ နက်နဲခက်ခဲပုံကို ပြောရရင် အင်မတန်မှ ကျယ်ဝန်းလှပါတယ်၊ ဒါကြောင့်ယခုအကျဉ်းမျှသာ ပြလိုက်ရပါတယ်၊ ဒီတော့ဘုရားရှင်က မဟာသတိပဋ္ဌာန်တရား(၄)ပါးကို ပဋ္ဌမ ဥဒ္ဒေသအနေနဲ့ ဖွင့်ပြတော်မူလာပါတယ်။

ဒီတော့ ကာယာနုပဿနာသတိပဋ္ဌာန်ဆိုတာဘာလဲ ?

ကာယ ဆိုတာက ခန္ဓာကိုယ်ကြီးပါ၊ အနုပဿနာ ဆိုဘာက အဖန်တလဲလဲရှုတာပါ၊ ဒါကြောင့် ခန္ဓာကိုယ်ကြီးကို အဖန်တလဲလဲရှုရမယ်၊ ဒါဖြင့်ဘယ်လိုရှုမလဲ ? ဒီတော့ ထွက်တဲ့လေနဲ့ ဝင်တဲ့လေကို ကာယလို့ခေါ်တယ်၊ဒီ ထွက်လေဝင်လေ ၂-ပါးက ခန္ဓာကိုယ်ကြီးကို ဖွဲ့စည်းထားဘာပါ၊ ဒီထွက်လေ ဝင်လေ ၂-ပါးကို အဖန်တလဲလဲရှုမှတ်တာကို ကာယာနုပဿနာ သတိပဋ္ဌာန်လို့ခေါ်တာပါ။

နောက် ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကျတော့ အာရုံနဲ့ တိုက်လိုက်တဲ့အခါမှာ ဣဋ္ဌ, အနိဋ္ဌဆိုတဲ့ ဝေဒနာပေါ်လာအောင် အဖန်တလဲလဲရှုမှတ်နေတာကိုခေါ်တယ်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်ဆိုတာကျတော့ မိမိရဲ့စိတ်ဝိညာဏ်ကြီးကို အမြဲမပြတ် အဖန်တလဲလဲ ရှုမှတ်နေတာပါ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဆိုတာကျတော့ သစ္စာ ၄-ပါးတရားတွေကို အဖန်တလဲလဲရှုမှတ် နေတာပါ၊ ကိုင်း....သတိပဋ္ဌာန်တရား(၄)ပါးကို ဒီလောက်သာ မှတ်ထားပါအုံး၊ ဘုရားရှင်က ဒီမဟာသတိပဋ္ဌာန်တရားတော် ကြီးကို (၄) ပါးထားပြီး ဟောကြားတော်မူသွားတာဟာ ဘယ်သဘာဝကို ပယ်ချင်လို့လဲ၊ (တနည်း) ဒီမဟာသတိပဋ္ဌာန် တရား ( ၄ ) ပါးဟာ ဘယ်သဘာဝကနေ ထွက်လာတာလဲ။

ဒီတော့ မဟာသတိပဋ္ဌာန်တရား (၄)ပါး ဖြစ်လာတာဟာ သူ့ဟာသူ ဖြစ်ချင်လို့ဖြစ်လာတာမဟုတ်ပါ၊ သဘာဝါတွေမှာ သာရ(၄)လုံးကို အနှစ်အသားအနေနဲ့ ဆဲ့ထားကြပါတယ်၊ ဒီ သာရ-၄-လုံးကို ဖြုတ်ဖို့အတွက်သတိပဋ္ဌာန်တရား-၄-ပါးထားပြီး

ဟောကြားလာတာပါ၊ ဒါဖြင့် ဘယ်လိုဖြုတ်မလဲဆိုတော့ နိစ္စသာရကို ကာယာနုပဿနာ သတိပဋ္ဌာန်နဲ့ ဖြုတ်ရမယ်၊ သုခသာရကို ဝေဒနာနုပဿနာ သတိပဋ္ဌာန်နဲ့ ဖြုတ်ရမယ်၊ သုဘသာရကို စိတ္တာနုပဿနာသတိပဋ္ဌာန်နဲ့ ဖြုတ်ရမယ်၊ အတ္တသာရကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်နဲ့ ဖြုတ်ရမယ်၊ ဒီတော့ မိမိမှာရှိနေတဲ့ သဘာဝကို မိမိရှာလို့ ရသလား၊ ဒီတော့ ဝိပဿနာသမားတွေက ဒီခန္ဓာကောင်ကြီးဟာ သာရ (၄) လုံး အသုံးမကျတဲ့ ကောင်ကြီးဘဲလို့ ဆိုပြီးတော့ ဒိုလိုသာ သုံးကြတယ်၊ ဒီတော့ သာရ(၄) လုံးတွေကို တွေ့သသား သာရ (၄) လုံးကို ရှာပြမယ်။

ဥပမာ....ဒီခန္ဓာ(၅) ပါး ရုပ်နာမ်ပင်ကြီးပေါက်နေတာဟာ ပစ္စုပ္ပန်သဘောပါ၊ ဒါကိုမှူတည်ပြီး ရှာရပါတယ်၊ ဒီရနေတဲ့ ခန္ဓာကောင်ကြီးဟာ ဘယ်သူ့ကြောင့် ဖြစ်လာသလဲ၊ အတိတ်အကြောင်းစက် ဇနကဟိတ်ကြောင့် ဖြစ်လာတာပါ၊ ဒီလိုနဲ့ ခန္ဓာပင်ကြီးပေါက်လာတာကို ပစ္စုပ္ပန်အကျိုးစက်လို့ ပြောတာပါ၊ နောက် (၂၉)ပါးသော ကံတရားတွေကို အားထုတ်နေတာကို ပစ္စုပ္ပန်အကြောင်းစက်လို့ ပြောတာ၊ ဒီခန္ဓာကိုယ်ကြီးဟာ တဘဝ တခန္ဓာလဲ ဇာတ်သိမ်းသွားရော ဟိုဘက် ဘဝမှာ ထပ်ပြီး ခန္ဓာ(၅)ပါး ရုပ်နာမ်ပင်ကြီးသွားဖြစ်တာကို အနာဂတ်အကျိုးစက်လို့ ခေါ်ဘယ်၊ ဒီလိုဘဲပဋိစ္စသမုပ္ပါဒ်ကြီးဟာ လည့်နေတာဘဲ။

ဒီ ဘဝယန္တရားကြီး လှည့်နေဘာကို မြင်ကြရဲ့လား၊ ဒါကို နားလည်ရင် ဒီပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးဟာဘယ်သူ့ကြောင့် ဖြစ်လာတာလဲ၊ ဓမ္မစကြာနည်းနဲ့ဆိုရင် အဝိဇ္ဇာ, တဏှာ, ထုံ,

ဆိုပြီး ပြလာပါတယ်၊ အခု မြဟာသတိပဋ္ဌာန် တရားတော်ကြီး ကျတော့ သာရ(၄ လုံးကြောင့် ဖြစ်လာတယ်လို့ ပြလာတယ်၊ ဒ်သာရ(၄)လုံးကို ပြောပြမယ်၊ အတိတ်အကြောင်း စက်မှာ— နိစ္စသာရရှိဘယ်၊ ပစ္စုပ္ပန် အကျိုးစက်မှာ သုခသာရရှိတယ်၊ ပစ္စုပ္ပန်အကြောင်းစက်မှာ သုဘသာရရှိတယ်၊အနာဂတ်အကျိုး စက်မှာ အတ္တသာရရှိနေပါတယ်။

အဲဒါ အတိတ်အကြောင်း စက်ကို မြဲတယ်လို့ ယူထားတဲ့ သဘောကို နိစ္စသာရလို့ခေါ်ဘယ်၊ပစ္စုပ္ပန်ရနေတဲ့ ခန္ဓာကောင် ကြီးကျတော့ သုခသာရ ချမ်းသာဘယ်လို့ အနှစ်အသားနဲ့ဆွဲ ယူထားတယ်၊ ဒီတော့ ပစ္စုပ္ပန်အကြောင်းစက်ဖြစ်တဲ့(၂၉)ပါး သော ကံတရားတွေကိုတော့ တင့်တယ်တယ်လို့ ဆွဲယူထား ပါတယ်၊ ဒီတော့ ဟိုဘက်ဘဝမှာကို ကောင်းမွန်အောင်လို့ (၂၉)ပါးသော ကံတရားတွေကို ပြုလုပ်နေပြီ အဲဒါအနာဂတ် အကျိုးစက်ကျတော့ ပြန်ဖြစ်မှာဘဲ၊ (၀ါ)ငါရဲ့ ခန္ဓာကိုယ်ကြီး ကို ငါအစိုးရတယ်ဆိုတဲ့ အခနနဲ့ အနှစ်အသားလေး အနေနဲ့ ယူထားဘာကျတော့ အတ္တသာရပါ၊ ဒီလိုကိုစွဲယူထားကြတယ်။

ဒီလို ခန္ဓာကောင်ကြီးကို သာရ(၄) လုံးနဲ့ လှည့်ပတ်ထား တယ်၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကြီးလည်နေတာဟာ ဒီသာရ (၄)လုံး ကြောင့်ပါ၊ ဒါက ဒေသနာနည်းပါ၊ လက်တွေ့နည်းနဲ့ ရှာပြအုံးမယ်၊ သာရ(၄) လုံး ဘယ်မှာရှိသလဲ၊ပစ္စုပ္ပန် ရိပ်ထဲမှာ (၀ါ)ဒီခန္ဓာကောင်ကြီးမှာ ရှိနေတယ်၊ နောက် စားတယ် - သွား တယ်ဆိုတာတွေဟာလဲ ဒီခန္ဓာကောင်ကြီးနဲ့ ပတ်သက်ပြီး အ- အယာလေးတွေဖြစ်နေတာကိုလဲ ပစ္စုပ္ပန်လို့ဘဲ ခေါ်ပါတယ်၊ ဒါက အကြောင်း ပစ္စုပ္ပန်ပါ၊ ဒီခန္ဓာကောင်ကြီးက အကျိုး ပစ္စုပ္ပန်ပါ။

ဥပမာ.... အင်းသားရဟန်းက "တကာကြီးဘိုးစွန်" ကပ်တဲ့ ကြက်သားဟင်းလျာကို ကောင်းတယ်လို့ ပြောတာသည်ပင် ပစ္စုပ္ပန်ဘဲ မဟုတ်လား၊ ကြက်သားဟင်းလျာကိုကောင်းတယ်လို့ ပြောတာသည်ပင် အတိတ်က (၀၊) အရင်က ခံစားလာတဲ့ ကြက်သားဟင်းလျာရဲ့ အရိပ်ဟာ အင်းသားရဟန်းရဲ့ စိတ်ဝိညာဏ်အရိပ်မှာရှိနေလို့ အခု ကောင်းတယ်လို့ ပြောနိုင်တာဘဲ မဟုတ်လား၊ ဒါဟာ အတိတ်ကိုအောက်ပြီး ပြောဘာပါ၊ အဲဒါ အရင်က "ရေတွင်းတကာကြီး" ကပ်ထားတဲ့ ကြက်သားဟင်း လျာက နိစ္စသာရအနေနဲ့ အင်းသားရဟန်းရဲ့ နှလုံးအိမ်ထဲမှာ ရှိနေလို့ (၀၊) အတိတ်အကြောင်းစက်အနေနဲ့ရှိနေလို့ (၀၊) အနုံသယအနေနဲ့ ရှိနေလို့ပါ၊ အခု "တကာကြီးဘိုးစွန်" ရဲ့ ကြက်သားဟင်းလျာကိုလဲ စားလိုက်ရော ပစ္စုပ္ပန်အကျိုးစက် အနေနဲ့ သုခသာရဖြစ်ပြီး ကောင်းလိုက်တာဆိုပြီး ခံစားလာ တော့တယ်။

နောက်ကိုလဲ ဒီလိုကပ်ရင် ကောင်းအုံးမှာဘဲဆိုပြီး ဆွဲနေ တာက သုဘသာရ ပစ္စုပ္ပန်အကြောင်းစက်ပါ၊ နောက်ဆုံး အနာဂတ်အကျိုးစက်လဲကျရော အတ္တသာရအနေနဲ့ ကြက်သား ဟင်းဟာကောင်းတယ်ဆိုပြီး ဆွဲသွားတော့တယ်၊ အန္ဓတွေဟာ အာရုံနဲ့ တိုက်သိုက်ဘဲ အခါမှာ သာရ (၄) လုံး အရင်းခံပြီး ကောင်း၊မကောင်း ခံစားနေကြတယ်၊ ဒီလိုသာရ (၄) လုံးနဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးလည်နေတဲ့အတွက်ကြောင့် ကံမျိုးစေ့တွေဟာ ကျနေတာပါ၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကြီးဟာ အဆုံးမရှိ တလည်ထဲလည်နေတာပါ၊ ဒီပဋိစ္စသမုပ္ပါဒ်ကြီးကို ပယ်သတ်ဖို့ အတွက် ရှင်တော်မြတ်က မဟာသတိပဋ္ဌာန်တရားတော်ကြီးကို ဟောကြားတော်မူတာပါ၊ ဒါကြောင့် .... သမ္မောဟဝိနောဒနီ

အဌကထာကြီးက သာရ(၄) လုံးကိုမဟာသတိပဋ္ဌာန်တရားတော်ကြီးက ပယ်သတ်ဖို့လှုံ့ပြလာတာပါ။

ပယ်ပုံကိုပြောပြမယ်၊ နိစ္စသာရကို ကာယာနုပဿနာ သတိပဋ္ဌာန်ကပယ်ပါတယ်၊ သုခသာရကို ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကပယ်မယ်၊ သုဘသာရကို စိတ္တာနုပဿနာ သတိပဋ္ဌာန်က ပယ်သတ်ပါတယ်၊ အတ္တသာရကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်က ပယ်မယ်၊ အခုစားချင်တိုင်း စားနေတဲ့သဘာဝတွေကို သတိပဋ္ဌာန်ကြီးက ပယ်တော့မယ်၊ ဒီတော့ စားတဲ့အခါမှာ သာရ (၄)လုံး မကပ်အောင် (၀၁) ပဋိစ္စသမုပ္ပါဒ်ကြီး မပတ်အောင် လုပ်ငန်းစဉ်အနေနဲ့ စားရတော့မယ်။

နိစ္စသာရကို ကာယာနုပဿနာ သတိပဋ္ဌာန်က ပယ်သတ်နိုင်ရင် ရဟန္တာအထိဖြစ်သွားပြီ၊ သုခသာရကို ဝေဒနာနုပဿနာ သတိပဋ္ဌာန်က ပယ်သတ်နိုင်ရင် အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ပြီ၊ သုဘသာရကို စိတ္တာနုပဿနာ သတိပဋ္ဌာန်နဲ့ ပယ်သတ် နိုင်ရင် သကဒါဂါမ် ပုဂ္ဂိုလ်ဖြစ်သွားပြီ၊ အတ္တသာရကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်နဲ့ ပယ်သတ်နိုင်ရင် သောတာပန်ဖြစ်ပါတယ်၊ ကိုင်း စားသောက် အိပ်နေ သွားလာဝတ်စားတဲ့အခါတွေမှာကို မဟာသတိပဋ္ဌာန်တရားတွေနဲ့ ဆင်ခြင်သွားနိုင်အောင် လုပ်ငန်းစဉ်အနေနဲ့ ပြလိုက်ပါပြီ၊ နက်ဖြန်ခါထပ်ပြီး လုပ်ငန်းစဉ်အနေနဲ့ ပေးပါအုံးမယ်။

ကိုင်း....သာဓုသာ ခေါ်ကြပါတော့၊

သာဓု—သာဓု—သာဓု။

---

ဝါခေါင်လဆုတ် ၃-ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၁၅)

သာရ ၄-လုံးဟာ ဘယ်လောက် အရေးကြီးသလဲ၊ ဒီတော့ သာရ ၄-လုံးကို ဝိပဿနာသမားတွေက သာရ ၄-လုံး အသုံး မကျဆိုပြီး ရေးလာကြတယ်၊ ဘုရားရှင်က ဒီ သာရ ၄-လုံးကို ဘယ်အနေမှာ ထုတ်လာသလဲဆိုတာကို မရှာတော့ဘဲ စည်းကမ်း ကလနားမရှိ ပြောလာတော့တယ်၊ သာရ ၄-လုံးကို ဘင်္ဂဉာဏ် ကြီးက ပယ်သတ်ပါတယ်၊ ဘင်္ဂဉာဏ်ကြီးကို ရောက်လာရင် အကျိုး ၈-ချက်ကို ထုတ်လာတယ်၊ ဒီ ဘင်္ဂဉာဏ်ကိုရောက်ရင်ဘဲ မဂ်ဖိုလ်ကိုရဘို့ရာ သေချာနေပြီ။

ကိုင်း....ဒီတော့ စားတဲ့အခါ၊ ဝတ်တဲ့အခါတွေမှာ သာရ ၄-လုံး မကပ်အောင် ဘယ်လိုစားမလဲ၊ ဘယ်လိုဝတ်မလဲ၊ ဒီတော့ အစားကာမဓာတ်၊ အဝတ်ကာမဓာတ်၊ အအိပ်ကာမဓာတ်၊ မေထုန်နှင့်ယှဉ်တဲ့ ကာမဓာတ်ဆိုပြီး ကာမဓာတ်ဟာ ၄-မျိုး ရှိတယ်၊ ဒီ ကာမဓာတ် ၄-ချက်ကို ပညာနဲ့ကြည့်ရင် အတူတူ ပါဘဲ၊ ဒီ ကာမဓာတ်ကြီး ၄-ပါးကို တရားပေးတဲ့ ဆရာကြီး တွေက ခွေးကာမဓာတ်လို့ ဆုံးမလာပါတယ်၊ ဒီ ခွေးကာမ ဓာတ်ကို ပြတ်အောင်ဖြတ်ရတော့မယ်။

ဒီတော့ "စေ့စေ့ကြည့်လျှင်၊ သူ့ရုပ်သွင်မှာ၊ သမင်လည်း မဟုတ်၊ လူမဟုတ်နှင့်၊ ဦးထုပ်ကယ်သရာတ်၊ ပေလူကင်လို့၊ ပညတ်တော်မူ၊ အဟာနှင့်တူဘယ်လို့၊ မယူဆနိုင်" လို့ တရား ပိုင်တဲ့ ဆရာတော်ကြီးတွေက ပေးအပ်သိုက်တဲ့အတိုင်း မှန်ပြင် ထောင်ပြီးကြည့်သလို မိမိကိုယ်ကို ခွေးကာမဓာတ်ကြီး ပြတ်ပြီ သားလို့ကြည့်ပါ၊ ဒီကာမဓာတ်ကြီး ၄-ပါးကို ဖြတ်ရတော့မယ်။

ဒီတော့ အိပ်တဲ့အခါမှာ နိုးလာလို့ရှိရင် တဖန်ပြန်ပြီးအိပ်တယ်ဆိုတာ ထုံးစံမရှိပါ၊ ဒီတော့ ရဟန်းတရားနဲ့ မွေ့လျော်ပြီး ခုတင်တရားတွေကို (၀ါ) အာနာပါနတရားတွေကို အားထုတ်ပြီး ကိုယ့်အကျိုး သူတပါးအကျိုးတွေကို ဆောင်ရွက်နိုင်ပါလိမ့်မယ်၊ ဒီလိုမှ အားမထုတ်ဘဲ ဟောကြားတဲ့တရားကို မှတ်ပြီး ဟောကြားရင်တော့ တရားဟာ ရှေ့နောက်မစပ်ဘဲ ဖြစ်နေလိမ့်မယ်၊ ဒါကြောင့် မိမိအကျိုး, သူတပါးအကျိုးကို ဆောင်ရွက်မယ်ဆိုရင် အလုပ်ကိုကြိုးစားပြီး လုပ်ကြပါ၊ ဒီ သာရ ၄-လုံးကို ဖြုတ်ရတော့မယ်။

ကိုင်း....ဒီဘော့ ဒီနေ့သာရ ၄-လုံးမကပ်အောင် ဆွမ်းစားတဲ့အခါမှာ ဘယ်လိုစားမလဲ၊ စားတတ်လာရင် မဟာပစ္စဝေက္ခဏာကြီးထဲ ဝင်တာဘဲ၊ မစားတတ်ရင် အဆိပ်ဖြစ်လာလိမ့်မယ်၊ ကိုင်း....ဒီတော့ ဘယ်လိုသုံးဆောင်ဆင်ခြင်မလဲဆိုတာကို ဘဖြေးဖြေးပေါ်လာပါတော့မယ်။

ကိုင်း....ဒီတော့ ယခုတင်ဆက်လိုက်တာက " ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ " လို့ဆိုတဲ့ ဒီပါဠိတော်ကြီးရဲ့ တဝက်သာ တင်ဆက်ရပါသေးတယ်၊ နောက်တဝက်ကျတော့ ဒီ သတိဟာ ဘယ်ကသတိလဲ၊ ဘယ်မှာရှိသလဲ၊ ဘယ်သဘာဝနဲ့ပြည့်စုံလာမှ သတိဖြစ်သလဲ၊ ဒီထိအောင်စစ်လာပါတော့မယ်၊ သတိပဋ္ဌာန်တရားဟာ ဘယ်ပုဂ္ဂိုလ်ကျမှ ပြည့်စုံသလဲ၊ ဒီထိအောင် နှိုက်လာရတော့မယ်။

ဒီတော့ သောတာပန်ပုဂ္ဂိုလ်မှာ သတိပဋ္ဌာန်တရား ၄-ပါးကို အပြည့်အစုံမရသေးပါဘူး၊ ဓမ္မာနုပဿနာကိုသာ ရပါသေးတယ်၊ သကဒါဂါမ်ပုဂ္ဂိုလ်ကျတော့ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ အနာဂါမ် ပုဂ္ဂိုလ်ကျတော့ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်၊

ရဟန္တာ ပုဂ္ဂိုလ်ကျတော့ ကာယာနုပဿနာ သတိပဋ္ဌာန်ကို ရလာပြီ။

ဒီတော့ သတိပဋ္ဌာန်တရားကြီးကို ဖွင့်ပြသွားတဲ့ ဆရာကြီး တွေက အပေါ်ယံ အနေနဲ့ မလိမ္မာသေးတဲ့သူတွေကို လိမ္မာလာ အောင်သာ ဟောကြားလာနိုင်ပါတယ်၊ ဒါတွေကိုပါ ယခုထည့် ပြီး ကျေနပ်လောက်အောင် ပြသွားပါမယ်၊ အဲဒါ ပွဲဦးထွက် ပုဂ္ဂိုလ်တွေက ခပ်ပေါ့ပေါ့အနေနဲ့သာ သွားတယ်, စားတယ်, ဆိုပြီးပြလာတာဟာ ဥဒယဗ္ဗယခုံရုံးကျတော့ အဲဒါ ချော်သဲနေ ကြပြီ၊ အဲဒီသဘာဝတွေကိုပါထည့်ပြီး ကျေနပ်လောက်အောင် ပြသွားပါမယ်။

နောက် အာနာပါနကျပြန်တော့လဲ ကိန်းဆရာတော့လုပ်နေတဲ့ အထဲမှာဘဲ မျောနေပါသေးတယ်၊ မသိဘဲ ကိန်းတွေ အငြိမ်း ရှာ၊ သိလိမ္မာတဲ့ ကိန်းဆရာလို့ ဆိုတဲ့အတိုင်း အဲဒါစိတ်ဝိတက် ငြိမ်းရုံ သမာဓိလေးရရုံလောက်သာ အားထုတ်နေကြပါဘော့ တယ်။

ဒီ မဂ်ဝင် အာနာပါန လုပ်ငန်းစဉ်ကြီးကို ယခု သင်ဘန်း အနေနဲ့ ရုပ် နာမ် ကူးပုံတွေကို ပြလိုက်ရင် မဂ်ဝင်အာနပါန လုပ်ငန်းစဉ်ကြီးကို အားထုတ်ဘတ်လာဘော့မယ်၊ ဒီတော့ ယခု သာသနာတော်မှာ ကိန်းထုတ်နေတဲ့ အာနာပါနတွေကို ယခု ခမ္မစကြာ အနတ္တလက္ခဏာသုတ် မဟာသတိပဋ္ဌာန် တရားတော် ကြီးတွေနဲ့ ချေရတော့မယ်၊ ဒီတော့မှ ကိန်းဖွင့်နေကြတဲ့ အာ နာပါနကပ်ကြီးကလွတ်မယ်။

ယနေ့ပြမဲ့ အာနာပါနကြီးက ကိန်းဖွင့်နေတဲ့ အာနာပါန ကြီးတွေကို ကျော်ပြီးတက်ရတော့မယ်၊ ဒါဟာပါရမီလုပ်ငန်းစဉ် ကြီးတွေ အနေနဲ့ တက်လာမှ အနှောက်အယှက်တွေက လွတ်

မယ်၊ ယခုပါရမီလုပ်ငန်းစဉ်တွေနဲ့ တက်လာရဘဲ့အတွက်ကြောင့် အနှောက်အယှက် ကင်းရှင်းစွာနဲ့တက်လာခဲ့ပါပြီ။

ကိုင်း.... ဆွမ်းစားဘဲ့ အခါမှာ သာရ ၄-လုံး လွတ်အောင် ဘယ်လိုစားမလဲ၊ ဒီနေရာမှာ "ဂျလက်"လေးပါဘဲ၊ ပုံစံအလယ်မှာ ဥပါဒါနက္ခန္ဓာလောက ဆိုပြီးပြထားတယ်၊ ဒီတော့ ဥပါဒါနက္ခန္ဓာလောကဆိုတာဘာလဲ၊ ဒါကို အရင်စဉ်းစားရတော့မယ်၊ ဒီဥပါဒါနက္ခန္ဓာက ပေါ်လာတဲ့ အဘိဇ္ဈာ ဒေါမနဿလေးကကို ဖျက်ပစ်ပါလို့ ဘုရားရှင်က ဟောကြားလာတာပါ၊ ဒီအဘိဇ္ဈာ ဒေါမနဿလောကကို ရဟန္တာကျမှဘဲ အပိုင်ဖျက်ဆီး နိုင်ပါတယ်။

ဒီတော့ ဒီ ဥပါဒါနက္ခန္ဓာက နေပြီး အဘိဇ္ဈာ ဒေါမနဿလောကကြီး ထွက်လာတယ်၊ အဲဒါ ဏ္ဍာရုံ သုခဝေဒနာရိပ်၊ အနိဋ္ဌာရုံ ဒုက္ခဝေဒနာရိပ်ကနေ အဘိဇ္ဈာဒေါမနဿလောကကြီး ဖြစ်လာပါတယ်၊ဒီအဘိဇ္ဈာ ဒေါမနဿလော ကကို ဝိနေယျပယ်ဖျောက်ရမယ်လို့ ပြလာပါတယ်၊ ဝိနေယျဆိုတာ ဝိနည်းပညတ်ပြီးမှပေါ်လာတဲ့ ဝိနည်းတရားတော်ပါ၊ ဒါဟာ မဂ်တရား ဖိုလ်တရားနဲ့ ပတ်သက်တဲ့ ဝိနည်းတရားတော်ပါ။

ဒီတော့ မဂ်တရားဖိုလ်တရားကိုသွားမဲ့ ဝိနည်း၊ မဂ်တရားဖိုလ်တရားကလွတ်တဲ့ ဝိနည်းဆိုပြီး ၂-မျိုးရှိပါတယ်၊ ဒါကို မဟာသတိပဋ္ဌာန် တရားတော်ကြီးတွေနဲ့ ခွဲစိတ်ထားပါတယ်၊ ဒါကို နောက်အချိန်ကျရင် ပြသွားပါအုံးမယ်။

ဒီတော့ ဝိနည်းကို အဆီညှစ်ရင် သတိပဋ္ဌာန်တရားကြီး ထွက်လာပါတယ်၊ ဒီတော့ ဒုသီလရဟန်းတောင် ၁၀-ပါးသော

အကျိုးရှိနေသေးတယ်၊ သုသီလရဟန်းကျတော့ ၂၂-ပါးဆိုပြီး ပြလာတယ်။

ဒီတော့ အဘိဇ္ဈာ ဒေါမနဿ လောကကြီးဟာ ဘယ်ကထွက်လာသလဲ၊ ဣန္ဒြာရဲ့ သုခဝေဒနာရိပ်နဲ့ အနိဋ္ဌာရဲ့ ဒုက္ခဝေဒနာရိပ်က ထွက်လာတာပါ၊ ဒီ ၂ ပါးကလဲ ဉပါဒါနက္ခန္ဓာလောကက ထွက်လာတာပါ။

ဒီနေ့ လုပ်ငန်းစဉ်အနေနဲ့ ဝင်လာတော့မယ်၊ အဘိဇ္ဈာ ဒေါမနဿလောက ဘယ်ကထွက်လာသလဲ၊ ဣဋ္ဌာရဲ့သုခဝေဒနာရိပ်နဲ့ အနိဋ္ဌာရဲ့ဒုက္ခဝေဒနာရိပ်က ထွက်လာတယ်၊ ဒီ ဣဋ္ဌာရဲ့ သုခဝေဒနာရိပ်နဲ့ အနိဋ္ဌာရဲ့ ဒုက္ခဝေဒနာရိပ်ဟာ ဘယ်ကထွက်လာသလဲ၊ ဉပါဒါနက္ခန္ဓာလောကကထွက်လာပါတယ်၊ ဒါကြောင့် လောကေ–ဉပါဒါနက္ခန္ဓာဟူသောပဉ္စက်စွဲလောက၌၊ အဘိဇ္ဈာဒေါမနဿံ–ချစ်ခြင်း မုန်းခြင်း ၂ ပါးကို၊ ဝိနေယျ–ပယ်ဖျောက်ရမယ်လို့ ရှင်တော်မြတ်က ဟောကြားတော်မူတာပါ။

ဒီတော့ ဒီ ၃-ချက်ရဲ့သဘာဝကို သက္ကပဉ္စသုတ်မှာ မူတည်ပြီးတော့ ဘုရားရှင်ကို သိကြားမင်းကြီးက မေးလျှောက်လာတယ် "အရှင်မြတ်ဘုရား တပည့်တော်တို့ နတ်ပြည်မှာရှိတဲ့ နတ်သမီးတွေဟာ မနာလိုစိတ်တွေ ဖြစ်နေပါတယ်၊ ဣဿာနဲ့ မစ္ဆရိယ ၂-ပါးနဲ့ နတ်သမီးတွေဟာ မနာလိုစိတ်တွေ ရှိနေပါတယ်၊ ဒီဣဿာနဲ့မစ္ဆရိယ ၂-ပါးဟာနတ်သမီးတွေမှာ ဘာ့ကြောင့်ဖြစ်ပါသလဲ ဘုရား" လို့ လျှောက်ထားပါတယ်၊ ဒီတော့မှ ဘုရားရှင်က မဟာသတိပဋ္ဌာန် တရားတော်ကြီးကိုထုတ်ပြီး ဖြေကြားလိုက်တဲ့အခါမှာ သိကြားမင်းကြီးဟာ ပုထုဇဉ်ဘဝမှ သောတာပန် ဖြစ်သွားပါတယ်။

ကိုင်း....ဒီတော့ အဘိဓမ္မာ ဒေါမနဿ လောကဟာ ဘယ်က ထွက်လာသလဲ၊ ဝဋ္ဋရဲ့သုခဝေဒနာရိပ်နဲ့ အနိဋ္ဌာရုံ ဒုက္ခဝေဒနာ ရိပ်ကနေ ထွက်လာတယ်၊ ဒီဝဋ္ဋရဲ့ သုခဝေဒနာရိပ်နဲ့ အနိဋ္ဌာရုံ ဒုက္ခဝေဒနာရိပ်ဟာ ဘယ်ကထွက်လာသလဲ၊ ဥပါဒါနက္ခန္ဓာ လောကကနေ ထွက်လာပါတယ်၊ ဒီ ဥပါဒါနက္ခန္ဓာလောကကြီး ဟာ ဘယ်ဟာလဲ ပြောပြမယ်။

ဥပါဒါနက္ခန္ဓာလောကဆိုဘာ တကာကြီးတို့ရဲ့ စိတ်ဝိညာဏ် အာရုံနဲ့ တွေ့တဲ့အခါမှာ ဘယ်အနေနဲ့ ထွက်လာသလဲ၊ ဒီထွက် ဆဲ့တဲ့ သဘောလေးကို မြင်အောင်လို့ (ဝါ) ပေါ်လွင်လာ အောင်လို့ ဥပါဒါနက္ခန္ဓာလို့ ထုတ်ပြလာတာပါ၊ ဒီတော့ နားလည်အောင် ပြောပြမယ်။

ဥဒယဗ္ဗယဉာဏ်မှာ ဥပါဒါနက္ခန္ဓာ၊ ပဉ္စက္ခန္ဓာဆိုပြီး ၂-မျိုး ရှိတယ်၊ ပဉ္စက္ခန္ဓာ ဆိုတာက ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ကိုခေါ်တယ်၊ ဒီခန္ဓာ ၅-ပါးကို ပဉ္စက္ခန္ဓာလို့ခေါ်တယ်၊ ဥပါဒါနက္ခန္ဓာကျတော့ ရူပု ပါဒါနက္ခန္ဓာ၊ ဝေဒနုပါဒါနက္ခန္ဓာ၊ သညုပါဒါနက္ခန္ဓာ၊ သင်္ခါရု ပါဒါနက္ခန္ဓာ၊ ဝိညာဏုပါဒါနက္ခန္ဓာဆိုပြီးပြလာတယ်။

ဒီတော့ တကာကြီး "ဘိုးစိန်ရဲ့" ခန္ဓာကိုယ်ကြီးမှာ အဝိဇ္ဇာ နဲ့ တဏှာက ခန္ဓာအနေနဲ့ ဆောက်လုပ်ထားတယ်၊ ဒါဟာ ဥဒယဗ္ဗယဉာဏ်ကို ရောက်လာရင် တွေ့လာပါလိမ့်မယ်၊ ဒီတော့ အဝိဇ္ဇာကြီးက ပဋိသန္ဓေဝိပါက်ဝိညာဏ်က ပေါ်ထွက်လာတာ မှန်ရင် ပဉ္စက္ခန္ဓာ အဝိဇ္ဇာဘက်က ဆောက်လုပ်လာတယ်၊တဏှာ က ဆောက်လုပ်လာတဲ့ခန္ဓာကျတော့ ဥပါဒါနက္ခာဆိုပြီးတော့ ဆောက်ထားတယ်။

နောက် အဝိဇ္ဇာက အကြည်ခတ် တွေမှာကို ပဋ္ဌကန္တာ အနေနဲ့ ဆောက်လုပ်ထားပြန်တယ်၊ တဏှာက ဒီလိုမဆောက်တော့ပါ၊ ဒီတော့ ပဋိသန္ဓေ ဝိပါက်ဝိညာဏ်မှာ အဝိဇ္ဇာက ပဋ္ဌကန္တာကြီးကို ဆောက်လုပ်ထားတယ်ဆိုရင်ဘဲ ဘယ်ထိအောင် မြင်ရမလဲ၊ ၆-ပါးသော အကြည်၊ ၆-ပါးသော အာရုံ ၆-ပါး သော ဝိညာဏ်တွေမှာကို ဆောက်လုပ်ထားတာကိုပါ မြင်ရမယ် ဒါက ရောတည်တဲ့ ခန္ဓာပါ။

တဏှာက ဆောက်တဲ့ ခန္ဓာကျတော့ အစဉ်ဆောက်လုပ် မထားနိုင်ပါ၊ အဲဒါ အာရုံဘွေနဲ့ တွေ့တဲ့အခါမှာ ဒီအာရုံကို ထွက်ပြီး တဏှာရိပ်ကြီးက ခန္ဓာ ၅-ပါးအနေနဲ့ ဖမ်းထားလိုက် တယ်၊ ဒါကို ဥပါဒါနက္ခန္ဓာလို့ခေါ်တာ၊ ဒါဟာ အဝိဇ္ဇာက ဆောက်ထားတဲ့ ခန္ဓာက ထွက်လာတာပါ၊ တဏှာကဖမ်းတဲ့ လောကကျတော့ ဥပါဒါနက္ခန္ဓာလောကလို့ ခေါ်တယ်၊ တနည်း သညာဝိညာဏ်မှာ တဏှာက ဆောက်ထားတဲ့ခန္ဓာကို ဥပါဒါနက္ခန္ဓာ၊ တနည်း အကြောင်း ခန္ဓာလို့ခေါ်တယ်၊ဘဏှာ ပြဋ္ဌာန်းတယ်၊ သူက အစဉ်ဆောက်မထားပါ။

ဒီတော့နာမပညတ်နဲ့ သဏ္ဌာနပညတ်ဘို မျက်တောင်ခတ်ပြီး ပြေးနေကြတဲ့ အာရုံ ၆-ပါးတို့ကို ပဋ္ဌကန္တာအရိပ်ထဲက နေထွက် ပြီးတော့ ဒီတဏှာကြီးက ခန္ဓာ ၅-ပါးပြည့်အောင် ဆွဲလာတယ်၊ အဲဒါ နာမပညတ်နဲ့ သဏ္ဌာနပညတ်ရိပ် ၂=ပါးကို ဦးစီးပြီး တော့ ဆွဲလာတာဖြစ်ခြင်းကြောင့် ဒီခန္ဓာကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်၊ ဒါဟာ အစဉ်ထောက်မထားနိုင်ပါ၊ ခံစားတုံးသာ ရှိပါတယ်၊ ခံစားပြီးရင်ပြီးသွားတာဘဲ၊ ဒါကြောင့် လောကေ ဥပါဒါနက္ခန္ဓာဟူသော ပညတ်စွဲလောကဥ္စလို့ ဟောလာတာပါ။

ဒီတော့ ပညတ်စွဲလောကဆိုတာ နာမပညတ်နဲ့ သဏ္ဌာန ပညတ်ရိပ် ၂-ပါးက ထွက်လာတာပါ၊ ယခု ဒီမန္တာကို သတ်နေတာပါ၊ ဒီခန္ဓာကြီးဟာ အစဉ်ထောက်မထားနိုင်ပါ၊ ခံစားပြီးရင် ချုပ်သွားတယ်၊ ယခု အဲဒီခန္ဓာကို သတ်နေတာပါ၊ ဘာ့ကြောင့်လဲ ပဋ္ဋက္ခန္ဓာက အကျိုးခန္ဓာပါ၊ ဥပါဒါနက္ခန္ဓာက အကြောင်းခန္ဓာပါ၊ ဒီဥပါဒါနက္ခန္ဓာ ရှိနေရင် ကိလေသာရှိနေတယ်၊ ကိလေသာရှိနေရင် တဏှာရှိနေတယ်။

ဒီတော့ ဥပါဒါနက္ခန္ဓာ ပြုတ်သလို ပဋ္ဋက္ခန္ဓာကြီး ဟာလဲ လိုက်ပြုတ်ရပါတယ်၊ မဂ်က ဥပါဒါနက္ခန္ဓာကြီးကိုလဲ ဖြုတ်လိုက်ရော အကြည်ဓာတ်လေးတွေမှာရှိတဲ့ ပဋ္ဋက္ခန္ဓာကြီးလဲ ချုပ်သွားပြီ၊ ဒီလိုလဲ ချုပ်သွားရော အာရုံနဲ့တွေ့တဲ့အခါမှာ ကြားသော်လဲ မြင်သော်လဲ တဏှာမဖြစ်တော့ပါ၊ သူ့သဘာဝအတိုင်းသာ ပေါ်နေပြီ၊ အဝိဇ္ဇာကြီး ကြီးစိုးပြီး မပေါ်တော့ပါ၊ ဒီတော့ တွေ့တာ မြင်တာ ပြောဆိုတာတွေဟာ အတူတူ ဖြစ်သော်လဲ တဏှာမဖြစ်တော့ပါ။

ဒီတော့ ဥဒယဗ္ဗယဥာဏ်ကြီးကနေပြီး ဒီ ခန္ဓာတွေ ပေါ်လာရတာပါ၊ ဒီ ခန္ဓာကို မဂ်ကျတော့ ဥပါဒါနက္ခန္ဓာလို့ခေါ်တယ်၊ ဒါကို တဖြေးဖြေးနဲ့ သတ်သွားရတော့မယ်၊ မဂ်ခဏမှာကို ဥပါဒါနက္ခန္ဓာချုပ်သွားပြီ၊ ဒီလိုချုပ်သွားရင် အကျိုးဘာရားထုတ်ပြပါဆိုရင်ဘဲ သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာ၊ နာမပညတ်နှင့် သဏ္ဌာနပညတ် ဒီ ၂-ပါးသာ ပြုတ်သေးတယ် ဝါ) ငြိမ်းသေးတယ်၊ ဒါဟာ ခွေးခန္ဓာလေးဇာတ်သိမ်းသွားပြီ၊ (ဝါ) သောတာပန် ဖြစ်သွားပြီ။

ဒီတော့ ကာမဓာတ် ၄-ပါးမှ မပြတ်သေးသမျှ သံသရာကြီးလည်တဲ့အခါမှာ ဒီပုဂ္ဂိုလ်တွေနဲ့ဘဲ အတူတူနိဗ္ဗာန်မရောက်ခြင်း

သွားမယ်လို့ ဘယ်သူက ပြောနိုင်သလဲ၊ လုံးစီမံရာ ခံရမှာဘဲ မဟုတ်လား၊ ဒီခန္ဓာတွေမှ မပြတ်သေးရင် နောက်ဘဝမှာ ဆွေမျိုးတွေနဲ့ အိမ်ထောင် မကျဘူးလို့ ပြောနိုင်သလား၊ အိမ်ထောင်ပြုနေရင် အဲဒါ ခွေးခန္ဓာဘဲ မဟုတ်လား၊ သောတာပန်ဖြစ်သွားမှ မိစစ် ဘစစ် ညီအစ်ကိုမောင်နှမအစစ်ကို တွေ့ပြီး တော့ အဲဒီလို မဖြစ်တော့ပါ။

ကိုင်း....ယခု ဥပါဒါနက္ခန္ဓာကြီးကို ထုတ်ပြလိုက်ပါပြီ၊ ဒီ ဥပါဒါနက္ခန္ဓာဟာ ဝိထိစိတ်က ဖြစ်လာတာပါ၊ ပဋိသန္ဓေ ဝိပါက် ဝိညာဏ်စိတ်က ပဉ္စက္ခန္ဓာ ဖြစ်လာတာပါ၊ ဒီတော့ ဘယ်တရားကိုဘဲ အားထုတ်အားထုတ် ဒီ ဥပါဒါနက္ခန္ဓာကို သတ်ရတာဘဲ၊ ဒီတော့ အာရုံနဲ့တွေ့တဲ့အခါမှာ နာမပညတ်နဲ့ သဏ္ဌာနပညတ် ၂-ပါး မျက်တောင်ခတ်ပြီး ဆွဲလာတာဟာ ဥပါဒါနက္ခန္ဓာပါ၊ ဒါဟာ သညာဝိညာဏ်ကနေ ထွက်လာတာပါ၊ ဒီ ဥပါဒါနက္ခန္ဓာ လောကရှိလာရင် ဗျာပါဒရဲ့ သုခဝေဒနာရိပ်၊ အနိဋ္ဌာရုံဒုက္ခဝေဒနာရိပ်အနေနဲ့ ခံစားလာတော့မယ်။

ကိုင်း....ဥပါဒါနက္ခန္ဓာလောကဆိုတာ အာရုံနဲ့တွေ့တဲ့ အခါမှာ ထွက်ဆွဲတဲ့ ခန္ဓာပါ၊ ပဉ္စက္ခန္ဓာကြီးက အစဉ်ရှိနေတယ်၊ ဒါက အဝိဇ္ဇာကြီးပါ၊ အာရုံနဲ့တွေ့လိုက်တော့ တဏှာကထွက်ပြီး နာမပညတ်နဲ့ သဏ္ဌာနပညတ်ကို ထွက်ဆွဲလာတယ်၊ ယခု သတိပဋ္ဌာန် တရားတော်ကြီးက ဥပါဒါနက္ခန္ဓာကြီးကိုသာ ဦးစိုက်ပြီးတော့ ပယ်သတ်သွားမယ်၊ ဥပါဒါနက္ခန္ဓာကြီးက ခြေတချောင်းပြုတ်ရင် ပဉ္စက္ခန္ဓာကလဲ တချောင်းပြုတ်ပါတယ်လို့ မှတ်လိုက်ပါ။

ဒီတော့ သောတာပတ္တိမဂ်ဟာ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာ ၂-ပါးကိုသာ ပယ်နိုင်သေးတယ်၊ သကဒါဂါမိမဂ်ကျတော့

ဝိညာဏက္ခန္ဓာကြီးရဲ့ လှည့်ပတ်တာကိုပယ်တယ်၊ အနာဂါမိမဂ်ကျတော့ ဝေဒနက္ခန္ဓာကိုပယ်တယ်၊ အရဟတ္တမဂ်ကြီးကျတော့ ပဉ္စက္ခန္ဓာကြီးကို အကုန်ပယ်လိုက်ပြီလို့ ဝိသုဒ္ဓိမဂ် မဟာဋီကာကြီးက ထုတ်လာပါတယ်၊ ဒီလိုထုတ်လာတဲ့အတိုင်း ယခု တက်သွားပါမယ်။

ဒီတော့ သကဒါဂါမိမဂ်ရဲ့ ကဏ္ဍကျတော့.... "သရာဂံဝါ စိတ္တံ သရာဂစိတ္တန္တိ ပဇာနာတိ၊ ဝီတရာဂံဝါ စိတ္တံ ဝီတရာဂစိတ္တန္တိ ပဇာနာတိ" လို့ ဟောကြားတော်မူလာပါတယ်၊ သကဒါဂါမိမဂ်ကို ရရင်ဘဲ ကောက်ကျစ်တဲ့ဝိညာဏ်ကြီးဟာ တမျဉ်းကြောင်းကြီးတမျှ ဖြောင့်ဖြူးလာတော့တယ်။

ဒီတော့အကောက်ဟာ ၃-ပါးရှိတယ်၊ ၁—လရေးကောက် ၂—ထွန်ရေးကောက် ၃—နွားသေးကောက်ဆိုပြီး ၃-မျိုးရှိတယ်၊ လရေးကောက်ဆိုတာက မနောကံကောက်ပါ၊ ထွန်ရေးကောက်ဆိုတာက ဝစီကံကောက်ပါ၊ နွားသေးကောက်ကျတော့ ကာယကံကောက်ကြီးပါ၊ ဒီအကောက်တွေမရှိတော့ပါ။

ဒီတော့သံဃာတော်ရဲ့ဂုဏ်တော် ၉-ပါးမှာကို မဂ် ၄-ပါးကို ရည်ပြီးတော့ ထုတ်လာတာရှိပါတယ်၊ ဒီတော့ "သုပ္ပဋိပန္နော, ဥဇုပ္ပဋိပန္နော, ဉာယပ္ပဋိပန္နော သာမိစိပ္ပဋိပန္နော" ဆိုပြီး အကြောင်းဂုဏ် ၄ ပါးထုတ်လာတယ်၊ နောက်အကျိုးဂုဏ်ကို ထပ်ထုတ်လာတယ်၊ အာဟုနေယျော-ရည်ညွှန်းပြီး လှူတဲ့အလှူဝတ္ထုကို အလှူခံခြင်းငှါထိုက်တယ်၊ ဘာ့ကြောင့်ဒီစကားကို သုံးသလဲ။

ဥပမာ—ဒီဘော့ တကာကြီး " ဘိုးစွန် " ထမင်းကိုလှူတယ်၊ ဘာ့ကြောင့်လှူသလဲ၊ အရှင်ဘုရားတို့သိတဲ့တရားကို တပည့်တော်

သိအောင်လို့ (ဝါ) မဂ်သိဖိုလ်သိအသိကို သိအောင်လို့လှူပါတယ်ဘုရား၊ ဒီတော့အလှူခံတဲ့ပုဂ္ဂိုလ်ကမှ မသိရင် ဘယ်မှာဟုတ်တော့မှာလဲ၊ ဒီတော့မဂ်ဖိုလ်အသိကိုပေးနိုင်တဲ့ ပုဂ္ဂိုလ်မှ အလှူခံခြင်းငှါထိုက်တယ်လို့ ဘုရားရှင်ကပြလာတယ်၊ ဒါကဒါယဇ္ဇ ပရိဘောဂအနေနဲ့ သုံးဆောင်နိုင်တယ်၊ တရားကိုမသိတဲ့ရဟန်းတော့ကျတော့ ဣဏပရိဘောဂဖြစ်သွားမယ်၊ ဒီအကျိုးဂုဏ်ဟာသောတာပန်ပုဂ္ဂိုလ်ကိုရည်ပြီးတော့ထုတ်လာတာပါ။

နောက်ပါဟုနေယျော- ဆိုတာက သကဒါဂါမိပုဂ္ဂိုလ်များအတွက်ပါ၊ သူ့ကျတော့ ဧည့်သည်များအတွက် ယူဆောင်လာတဲ့ ပစ္စည်းဝတ္ထုတွေကို ထဲ့အလှူခံခြင်းငှါ ထိုက်တယ်လို့ပြလာတယ်၊ သာမိသပရိဘောဂလို့ ခေါ်တယ်၊ နောက်အနာဂါမ် ပုဂ္ဂိုလ်များကျတော့ ဒက္ခိဏေယျော-မြတ်သောအလှူကို ခံယူခြင်းငှါထိုက်တယ်၊ အဲဒါ ရေစက်ချပြီးတော့ အလှူခံခြင်းငှါထိုက်တာပါ။

နောက် ရဟန္တာပုဂ္ဂိုလ်များကျတော့ အဉ္ဇလိကရဏီယော-လက်အုပ်ချီမိုး ရှိခိုးခြင်းကို ပြုထိုက်တယ်၊ ဒီလို အကြောင်းဂုဏ်၊ အကျိုးဂုဏ်တွေကို ပေါင်းပြီးတော့မှ နောက်တပါးအနေနဲ့ ပုညခေတ္တံ-ဒီပုဂ္ဂိုလ်တွေဟာ လယ်ယာမြေကောင်းသဘွယ် ဖြစ်တယ်၊ ဘယ်ပုဂ္ဂိုလ်ဘဲဖြစ်ဖြစ် ကောင်းမှုကံမျိုးစေ့ကို ချနိုင်တယ်လို့ ပြလာတာပါ၊ ကိုင်း....ဒါကို နားလည်ပြီ။

ဒီတော့ ဥပါဒါနက္ခန္ဓာက ထွက်ဆဲလိုက်တဲ့ အာရုံကိုဝိညာဏ်ကြီးကထွက်ဆဲလိုက်တဲ့ အာရုံ ၆-ပါးလေးတွေကို ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါလို့ စွဲယူခံစားလိုက်ရင် ဝိညာဏ်ကြီးက

ဏ္ဍွာရဲ့ သုခဝေဒနာ အရိပ်အနေနဲ့ ခံစားလိုက်ရော၊ ဏ္ဍွာရဲ့ကို သုခဝေဒနာရိပ်နဲ့ ခံစားလိုက်ရင် အဘိဇ္ဈာလောကဖြစ်လာတယ်၊ အဲဒါ ချစ်တဲ့အနေနဲ့ ကျန်ရစ်ခဲ့တယ်၊ နောက် အနိဋ္ဌာရဲ့ ဒုက္ခဝေဒနာရိပ်နဲ့ ခံစားလာရင် ဒေါမနဿ လောကကြီး ဖြစ်လာမယ်၊ အဲဒါ မုန်းတယ်ဆိုတဲ့အနေနဲ့ ကျန်ရစ်ခဲ့မယ်၊ ဒီတော့ ဒီပုဂ္ဂိုလ်မှာ ဘာတွေဖြစ်လာပြီလဲဆိုရင် တဏှာ ဥပါဒါန် ဘဝတွေဖြစ်ပြီး ဒီပုဂ္ဂိုလ်မှာ ကုသိုလ်အကုသိုလ်ထဲကျနေပြီ။

ဒီတော့ အန္ဓတွေရဲ့နှလုံးအိမ်ထဲမှာ ဏ္ဍွာရဲ့ သုခဝေဒနာရိပ်နာမပညတ်၊ အနိဋ္ဌာရဲ့ ဒုက္ခဝေဒနာရိပ် သဏ္ဍာနပညတ်တွေဖြစ်ပြီး အဘိဇ္ဈာလောက ဒေါမနဿ လောက ၂ ပါးထွက်နေပြီ၊ သေသေချာချာ တွေးပါ၊ ဒီလိုလည်နေတဲ့ စက်ရဟတ်လေးကို ဘယ်လိုဖြတ်မလဲ၊ ဝိပဿနာကျတော့ ဒုက္ခ ၄-ချက်နဲ့ ဖြတ်မယ်၊ ယခု ဒါနဲ့ဖြတ်လို့မရပါ၊ ဘယ်လိုဖြတ်မသဲ၊ မကြည့်ဘဲနဲ့နေရင် ရမလား မရပါ၊ မွေ့ရာရဲ့အနေနဲ့ သိမ်းနေအုံးမှာဘဲ။

ဒီတော့ အဘိဇ္ဈာဒေါမနဿ လောကကို ဖြတ်နိုင်တာဟာ ဒီမဟာသတိပဋ္ဌာန်တရားတော်ကြီးဘဲလို့ဘုရားရှင်ကဟောကြားတော်မူပါတယ်၊ ဒါကြောင့် ဒီ အဘိဇ္ဈာ ဒေါမနဿလောကကြီးကို ဘာနဲ့ဖြတ်မလဲ၊ ဒီနေရာမှာ ဖြတ်ပြစမ်းပါ၊ ဖြတ်နိုင်ရင် သတိပဋ္ဌာန်တရားကြီးကိုရပြီ၊ အချုပ်မှာ လုပ်ငန်းစဉ် ဝင်လုပ်တော့လို့ခိုင်းတာပါ။

ဒီတော့“ကာယေကာယာနုပဿီ ဝိဟရတိ” လို့ ပြလာတယ်၊ ဒါက သုတ္တန်နည်းပါ၊လက်တွေ့နည်းကိုကိုင်ရတော့မယ်၊ ဒီတော့ သမ္မာဉာဏ်တရားဟာ အရေးကြီးပါတယ်၊ ဒီနေရာမှာ သတိနဲ့ ပညာလေးနဲ့ ယှဉ်ပြီးတော့ သတ်ရတော့မယ်(ဝါ)တိုက်ရတော့မယ်။

ကိုင်း....လက်တွေ့နည်းနဲ့ ဆွမ်းစားတဲ့အခါမှာ ဒီသဘောတွေ မပေါ်အောင် ဘယ်လိုသုံးဆောင် ခံစားမလဲ၊ သတိပဋ္ဌာန်ရဲ့ လုပ်ငန်းစဉ်ဟာ လက်တွေ့ လုပ်ငန်းစဉ် ဖြစ်လို့ အင်မတန်မှ တန်ဘိုးရှိပါတယ်၊ ဒီနေရာမှာ သိမ်မွေ့တဲ့လုပ်ငန်းစဉ်ပါ၊ နောက် အသမ္မောဟ သမ္ပဇညအပိုင်းတွေကျတော့လဲ ဖေါ်ပြသွားပါအုံး မယ်၊ ယခု သတိ ပဋ္ဌာန်တရားပွားပုံကို နားလယ်အောင်ပြောနေ တာပါ။

ဒီတော့ ဓမ္မစကြာ, အနတ္တလက္ခဏသုတ် တရားတွေက စစ် ကျောင်းတက်သလို (ဝါ) စစ်သင်တန်း တက်သလို ရှိပါသေး တယ်၊ ယခု သတိပဋ္ဌာန်တရားတော်ကြီးကျတော့ ရာထူးခံယူပြီး စစ်တိုက်ထွက်ရတော့မယ်၊ ဒါကို သင်တန်းမရှိတဲ့ အန္ဓတွေက သတိပဋ္ဌာန်တရားကို အားထုတ်လို့ရမလား- မရပါ၊ ဒါ့ကြောင့် ဘုရားရှင်က ဝါတော် ၂၀ ကျမှဟောကြားတော်မူတာပါ။

ဒီတော့ ကမ္မာသဓမ္မနိဂုံးရွာသူ ရွာသားတွေဟာ အောက်မဂ် ၃- ပါးကို ရနေကြတဲ့သူတွေပါ၊ ဘယ်လောက် စင်ကြယ်သလဲ၊ အဲဒါ အနာဂတ် သာသနာတော်အတွက် ဟောကြားလာတယ်၊ ဒါကြောင့် သတိပဋ္ဌာန်တရားကြီးကို ရအောင်ကြိုးစားကြပါ။

# ညဟောစဉ်။

ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ
ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ
လောကေ အဘိဇ္ဈာ ဒေါမနဿံ။

လို့ မဟာသတိပဋ္ဌာန်တရားတော်ကြီးမှာ ဘုရားရှင် ဟောကြားတော်မူခဲ့သည့်အတိုင်း ယခု သတိပဋ္ဌာန်တရားတော်ကြီးရဲ့ လုပ်ငန်းစဉ်ကို ပွားများအားထုတ်နိုင်အောင် လုပ်ငန်းစဉ်အနေနဲ့ ဖေါ်ထုတ်လာတာ ၂-ရက်ရှိပါပြီ၊ ယခု ရွတ်ပြလိုက်တဲ့ ပါဠိတော်ဟာ သတိပဋ္ဌာန်တရားတော်ကြီးမှာ ရှေ့ဦးစွာ ဥဒ္ဒေသအနေနဲ့ ဟောထားတဲ့ ပါဠိတော်ပါဘဲ၊ ဒါဖြင့်ရင် သတိပဋ္ဌာန်တရားတော်ကြီးကို ဘယ်လိုပွားများမလဲ ?

ဒီတော့ သတိပဋ္ဌာန်တရား ၄-ပါးကို ဘယ်လိုပွားများမလဲ၊ သတိပဋ္ဌာန်ဆိုတာ ဘယ်သဘာဝကို ဖေါ်ထုတ်တာလဲ၊ သတိဆိုတာ ဘယ်သဘာဝကိုခေါ်သလဲ၊ ဒါကို ဖေါ်ထုတ်လိုက်ရင် အလွန်ဘဲ ကျယ်ဝန်းလာပါလိမ့်မယ်၊ ယခု မြန်မာနိုင်ငံတော်မှာ သတိပဋ္ဌာန်လုပ်ငန်းစဉ်ဆိုပြီး အားထုတ်နေကြတာတွေဟာ သတိပဋ္ဌာန်တရားထဲကို ဥကျွောင်းမချနိုင်ကြသေးတာ အများအပြားဘဲ ရှိနေကြသေးတယ်၊ ဒီတော့ သွားတယ် သွားတယ်ဆိုတဲ့ သဘာဝတွေကို သတိပဋ္ဌာန်တရားထဲမှာ ဥကျွောင်းချနိုင်အောင် မနေ့က ဆွမ်းစားဘဲ့အခါမှာ သာရ ၄-လုံး မပါအောင်ကို လုပ်ငန်းစဉ်နဲ့ တင်ပြလိုက်ပါပြီ။

ဒီတော့ ဘယ်လိုစားမလဲ?

ဓမ္မစကြာ အနတ္တလက္ခဏသုတ် တရားတွေကို နာယူပြီး လာခဲ့တဲ့ အသိဉာဏ်တရားတွေနဲ့ နှိုက်ပြီးတော့ ဆွမ်းစား စားပွဲကြီးရဲ့ရှေ့မှာ ထိုင်ပြီးစားပါ၊ ဒီတော့ စားတဲ့အခါမှာ ဣဋ္ဌ အနိဋ္ဌရိပ်တွေ ပေါ်လာမှာဘဲ မဟုတ်လား၊ ဒီလိုပေါ်လာ ရင်ဘဲ အဘိဇ္ဈာ ဒေါမနဿ လောကကြီးဟာ ပေါ်လာတော့ မယ်၊ (ဝါ) ဖြစ်လာတော့မယ်၊ ဒီ အဘိဇ္ဈာ ဒေါမနဿလောက ကြီးကို ဘယ်လိုဖြုတ်မလဲ။

ဒီတော့ ဓမ္မစကြာအနတ္တလက္ခဏသုတ်တရားတွေကို သင်တန်း အနေနဲ့တက်ပြီး ယခု မဟာသတိပဋ္ဌာန်တရားတော်ကြီးကျတော့ ရာထူးအပ်လိုက်ပြီ စစ်မြေပြင်ထွက်ပြီး တိုက်တော့မယ်၊ ကိုယ်တိုင် လုပ်ငန်းစဉ်နဲ့ တကွ အားထုတ်ပြီး အဘိဇ္ဈာ ဒေါမနဿလောက ကြီးကို ဖျက်ဆီးရတော့မယ်။

ကိုင်း....ဒီတော့ ဆွမ်းကိုသုံးဆောင်တဲ့အခါမှာ ဣဋ္ဌ အနိဋ္ဌ မပေါ်အောင် ဘယ်လိုသုံးဆောင်မလဲ၊ "ဣမံ ပိဏ္ဍပါတံ ဓာတု မတ္တကမေဝ၊ တဒေဝ ပရိဘုဉ္ဇတော ပိ ဓာတုမတ္တကမေဝ" လို့ ရှုမလား၊ ဒီတော့ ငါက စားတာမဟုတ် ဓာတ် ၄ ပါးက စားတာလို့ ရှုမလား၊ ဒီတော့ ဆွမ်းကလဲ ဓာတ် ၄-ပါး အစု အဝေးသာ ဖြစ်တယ်လို့ ရှုမလား၊ ဒီလိုရှုတာဟာ မှန်သော်လဲ ဒါဟာ စစ်တိုက်တာ မဟုတ်ပါ၊ ယခု စစ်မြေပြင်မှာ မျက်နှာ ချင်းဆိုင် စစ်တိုက်ရတော့မယ်၊ ယခုလို ပြောနေတာက စစ် ကျောင်းတက်စဉ်က သင်တန်းပေးတဲ့ သဘောပါ၊ ယခု စစ်မြေ ပြင်မှာ မျက်နှာချင်းဆိုင် တိုက်ရတော့မှာ ဖြစ်ခြင်းကြောင့် ဒီလိုပြောရုံနဲ့ (ဝါ) ဆင်ခြင်ရုံနဲ့ မရပါ။

ဒီတော့ ပရိယတ်နဲ့ ပဋိပတ်ဟာ လုပ်ငန်းစဉ်အနေနဲ့ကျတော့ သဘာဝတွေ ကွာခြားသွားပြီ၊ ဒီတော့ ဘယ်လိုပြောမလဲ၊ သာရ ၄–လုံးကို ကုန် ပျက် ကင်း ချုပ်နဲ့ သိမ်းမယ်လို့ ပြောမလား၊ ဒီလိုသိမ်းတာက ဝိပဿနာရဲ့ကိစ္စပါ၊ (ဝါ) သင်တန်း ပေးတဲ့ သဘောပါ၊ (ဝါ) ပရိယတ်ရဲ့သဘောပါ၊ ယခု ဒီနေရာမှာ ဒီ ဟာတွေလာကပ်လို့ မရတော့ပါ ဒီတော့ ဘယ်လိုဖြစ်နေကြသလဲ "ပရိယတ်ကို ပဋိပတ်သင်၊ သမထ အစဉ်ကို ဝိပဿနာချူ၊ နိဗ္ဗာန်ကို အာရုံပြုပြီလို့ပြော" ဒီအတိုင်းသာဖြစ်နေကြတယ်။

ယခု သတိပဋ္ဌာန် တရားဆိုတာက စစ်မြေပြင်မှာ ထွက်ပြီး စစ်တိုက်တဲ့သဘောမျိုးလိုဘဲ ယခု ရန်သူကိုတွေ့နေပြီ၊ ဘယ်လို လုပ်တိုက်မလဲ၊ ဒီတော့ ပရိယတ်ရဲ့ သဘာဝဟာကျယ်သော်လဲ ပဋိပတ်အနေနဲ့ကျတော့ ကျဉ်းပါတယ်၊ ခါတ်ကြီး ၄–ပါးကို ကုန် ပျက် ကင်း ချုပ် နဲ့ သွားချေဦးမှာလား၊ ဒီသဘာဝတွေ ဟာ ဝိပဿနာရဲ့ ပရိယတ်ထဲမှာဘဲရှိနေပါသေးတယ်၊ ဒီတော့ သတ်တဲ့ပုဂ္ဂိုလ်တွေမှာ ဒီသဘာဝတွေကို နားလည်ထားရမယ်။

## ယခု ဘယ်လိုသတ်မလဲ ?

ဒီတော့ ယခုပြောနေတာဟာ ဝိပဿနာသဘော ပရိယတ် အနေနဲ့ယူပါ၊ သတိပဋ္ဌာန်ကြီးကျတော့မှ ပဋိပတ်ရဲ့သဘော ပါ၊ ဒါကြောင့် "တိက္ခဟာသ၊ ဇဝနမ္ဟိ၊ ဉာဏ်သေးလိဖြင့်၊ အခွံကိုခွာ၊ အကာကိုရှား၊ အသားကိုချ၊ အနှစ်ကိုတေနိုင်မှ သဘာဝအနတ္တဉာဏ်ထင်မြင်နိုင်သည်၏ အဖြစ်ကိုရှင်း"လို့ ဆို လိုက်ဘဲ့အတိုင်း ပရိယတ်ထက် ပဋိပတ်ကအဆင့်အတန်း မြင့်ပါ တယ်၊ ပဋိပတ်ထက် ပဋိဝေဓက အဆင့်အတန်း မြင့်ပါတယ်၊

ဒါဟာ စိတ်ဓာတ်တွေကို ထိန်းသိမ်းလာတဲ့ အပေါ်မှာ မြင့်လာပါတယ်၊ ဒီတော့ ဤဒြေတွေကို ပိတ်ဆို့တဲ့နေရာမှာ ပဋိပတ်က ပိုပြီး လေးနက်တယ် ဆိုတာကို အမြဲတန်း သတိထားကြပါ။

သဘာဝနယ်ထဲကို ဝင်လာတဲ့ သူတွေဆိုရင်ဘဲ ဘင်္ဂဉာဏ်ရဲ့ လုပ်ငန်းစဉ်(ဝါ)ပညာမြင် အနိစ္စဉာဏ်နဲ့ သိမ်းမယ် ဘယ်လို သိမ်းမလဲ နိစ္စသာရကို ကုန်တဲ့သဘော သုခသာရကို ပျက်တဲ့ သဘော သုဘသာရကို ကင်းတဲ့သဘော အတ္တသာရကို ချုပ်တဲ့ သဘောနဲ့ သိမ်းမယ်၊ ဒီလိုသိမ်းလဲရပါတယ်၊ ဒါဟာဝိပဿနာ ပရိယတ်မှာရမယ်၊ ယခုသတိပဋ္ဌာန်ကြီးရဲ့ လုပ်ငန်းစဉ်ကျတော့ လက်တွေ့ ပဋိပတ်သဘောပါ ယခုဆွမ်းစားပွဲကြီးမှာ ဤဒြိယ အနိဋ္ဌ မဖြစ်အောင် ဘယ်လိုလုပ်ပြီး ဘုဉ်းပေးသုံးဆောင်မလဲ။

ဒီတော့ " အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ" ဒီကဏ္ဍကိုရောက်လာမှ၊ (ဝါ) နားလည်လာမှ ကြက်သားဟင်း ဖတ်ကိုဆယ်မယ်၊ ဘယ်လိုဆယ်မလဲ ဆိုတဲ့သဘာဝတွေကို တွေ့ရမယ်၊ ဒီသဘာဝတွေကိုမှ နားမလည်ရင် စစ်မြေပြင်ကိုရောက် နေတဲ့ စစ်သားဟာ မှန်အောင်မပစ်နိုင်တဲ့ အတွက် နောက်ဆုံး ရန်သူက သူ့ကို ပစ်သတ်သွားတော့မယ်။

ကိုင်း....မနေ့က တရားကို ဆက်ကြဦးစို့ရဲ့၊ မနေ့က ပြော လိုက်တဲ့သာရ ၄-လုံး အရိပ်ကလေးဟာ ဘာ့ကြောင့်ထွက်နေ သလဲ၊ ဘယ်သဘာဝကထွက်လာသလဲ၊ ဒါမှလုပ်ငန်းစဉ်ကြီး ကို လုပ်လို့ရမယ်၊ ဒီတော့ နိစ္စသာရ, သုခသာရ, သုဘသာရ အတ္တသာရ- ဒီသာရ ၄-လုံးဟာဘယ်ကထွက်လာသလဲ၊ ဒီတော့ သူထွက်လာတဲ့ သဘာဝလေးကို ယခု မဟာသတိပဋ္ဌာန် တရား တော်ကြီးနဲ့ နှိုက်ပြမယ်။

ဘယ်ကထွက်လာသလဲဆိုရင် ပုံစံကိုကြည့်ပါ၊ ရူပ္ပွာရုံသုခ ဝေဒနာရိပ်၊ အနိဋ္ဌာရုံဒုက္ခဝေဒနာရိပ်ကနေပြီး ထွက်လာတာပါ၊ "တနည်း" အဆင်းအကြည်ဆုံတဲ့အခါမှာ မြင်မှုလေးပေါ်လာ တယ်၊ ဒီမြင်မှုခေါ်တဲ့သညာရဲ့ အမှတ်လေးက ဘာကိုဆွဲသလဲ၊ သညာဆိုတာပညတ်သဘောပါ၊ သညာက နာမပညတ်သဏ္ဌာန ပညတ်ကိုမှတ်ဘယ်၊ ဒီသိုမှတ်လိုက်တာကို သညာဝိပလ္လာသလို့ ခေါ်တယ်။

ဒီတော့ သညာကရှေ့ကသွားပြီးတော့ ကြက်သားဟင်းလျာ ကိုလဲ နာမပညတ်နဲ့ သဏ္ဌာနပညတ်ရိပ်အနေနဲ့လဲ ဆွဲလိုက်ရော သညာရဲ့နောက်မှာ ဝိညာဏ်ကြီးကလာပြီးတော့ ဣဋ္ဌ အနိဋ္ဌ အနေနဲ့ တံဆိပ်ခတ်လိုက်တော့တယ်၊ ဒီကနေ သာရ ၄ လုံးပေါ် လာတာပါ။

ဣဋ္ဌာရုံကျတော့ ကောင်းတယ်ဆိုကာ သုခဝေဒနာဆိုပြီး ခံစားလာတယ်၊ အနိဋ္ဌာရုံကျတော့ မကောင်းဘူးဆိုကာ ဒုက္ခ ဝေဒနာဆိုပြီးခံစားချလာတယ်၊ ဒါဟာဝိညာဏ်ရိပ်က ခံစားချ လိုက်တာပါ၊ ဒါကိုစိတ္တဝိပလ္လာသလို့ခေါ်တယ်၊ ဒီတော့ ဒီထဲမှာကို သာရ ၄ လုံး ဘာ ပေါ်နေပြီဘဲ မဟုတ်လား၊ အန္ဓတွေမှာ ဒီသာရ ၄ လုံးရှိနေလို့ မြင်လိုက် ကြားလိုက်တဲ့ အာရုံတွေမှာကို ကာလ ၃ ပါးအနေနဲ့ လှည့်နေတာ ပါ။

ဒီတော့သာရ ၄ လုံးဘယ်ကပေါ်လာသလဲ၊ ဝေဒနာရိပ်က ပေါ်လာတယ်၊ ဒီဝေဒနာက ဘယ်ကပေါ်လာသလဲ၊ နာမ ပညတ်နဲ့ သဏ္ဌာနပညတ် ၂ ပါးကပေါ် လာတယ် ဒါဟာ သညာ ဝိပလ္လာသကပေါ်လာတာပါ၊ ဒီတော့ဝိညာဏ်ကြီးက ဣဋ္ဌအနိဋ္ဌ

ဖြစ်ပြီး သုခ ဒုက္ခဝေဒနာအနေနဲ့ ခံစားလာတာက စိတ္တဝိပလ္လာသအနေနဲ့ ခံစားလာတယ်၊ ဒီတော့ သာရ ၄-လုံးဖြစ်ပြီး ပဋိစ္စသမုပ္ပါဒ်ကြီးပတ်လာတော့တယ်၊ ဒါဟာဒိဋ္ဌိဝိပလ္လာသဖြစ်လာပြီ၊ ဒီတော့အနူတွေမှာ အာရုံကိုခံစားတဲ့အခါမှာ သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသတွေနဲ့ သာ ခံစားလာတော့တယ်။

သညာဝိပလ္လာသဆိုတာက အဆင်းနဲ့ အကြည် ဆုံတဲ့အခါမှာ သညာကပရမတ်ဘက်ကို မဆွဲဘဲ နာမပညတ်နဲ့ သဏ္ဌာနပညတ် ၂-ပါးကိုသာဆွဲလာတယ်၊ဒါကိုသညာဝိပလ္လာသလို့ ခေါ်တယ်၊ ဒီလိုဆွဲလာရော ဝိညာဏ်ကြီးက ဣဋ္ဌ-အနိဋ္ဌအနေနဲ့ တံဆိပ်လေးခတ်လိုက်တယ်၊ ဒါကိုစိတ္တဝိပလ္လာသလို့ ခေါ်တယ်၊ ဒါကလဲ မနောဝိညာဏ်ကြီးဘဲ၊ ဒီလိုလဲခတ်လိုက်ရော အဲဒါသုခဝေဒနာ, ဒုက္ခဝေဒနာအနေနဲ့ ခံစားရလိုက်ပြီ၊ ဒီတော့သာရ ၄-လုံးထွက်လာတော့တယ်၊ ဒါကို ဒိဋ္ဌိဝိပလ္လာသလို့ ခေါ်တယ်။

ဒီတော့သာရ ၄-လုံးတွေနဲ့ ဝိပလ္လာသ ၃-ပါးတို့ကို ထိုအမျိုးကောင်းသား, ထိုအမျိုးကောင်းသမီးကြီးတွေဟာ ခံစားနေသေးတယ်၊ ဒီတော့သာရ ၄-လုံးဟာ ဝေဒနာခံပ် စိတ္တဝိပလ္လာသက ထွက်လာတယ်၊ ဒါကလဲသညာဝိပလ္လာသက ထွက်လာတယ်၊ ဒါ့ကြောင့် "သညာပုဗ္ဗင်္ဂမာ သင်္ခါရာ" လို့ ပြလာတယ်၊ ဒါဟာ သညာကစပြီး အမှတ်မှားလေး ဖြစ်လာတာနဲ့ ဝိညာဏ်ကြီးကလဲ စိတ္တဝိပလ္လာသ ဖြစ်ပြီးတော့ဒိဋ္ဌိဝိပလ္လာသတွေ ဖြစ်လာတယ်။

ကိုင်း....ဝိပလ္လာသ ၃-ချက် နေတာကို နားလည်ပြီလား၊ ဒီဝိပလ္လာသတွေဟာ ဘယ်ကဖြစ်လာတာလဲ၊ အကြောင်းကို ရှာပါ၊ နေ့ခင်းပိုင်းမှာ ကာမဓာတ်ကြီး ၄-ပါးကို ပြောပြခဲ့

ပါပြီ၊ ကာမခေတ် ၄-ပါးဟာ သဘာဝနဲ့ကြည့်ရင် အတူတူဘဲ လို့ပြောလိုက်တာကို စဉ်းကြည့်ပါ၊ ဒီတော့ ဝိပလ္လာသတွေ ကင်းပြီးတော့ ဆွမ်းစားနိုင်ရင် မကောင်းဘူးလား။

ရှေးတုံးက ဥပဇ္ဈာယ်ဆရာက "ဟော့ကိုရင်လေးမင်းရဲ့ လျှာမှာ ထမင်းရေပူ မသောင်စေနဲ့"လို့ သတိပေးရတယ်၊ ဒါကို နားလည်ရင် ဒိဋ္ဌိဝိပလ္လာသတွေ ဘယ်ကဖြစ်လာသလဲ၊ ပုံစံကိုကြည့်ပါ ဥပါဒါနက္ခန္ဓာဆိုတာ ဘာကိုခေါ်သလဲ ပြောပြ ဦးမယ်။

ဒီတော့ မိမိရဲ့ခန္ဓာကိုယ်ကြီးမှာ အဝိဇ္ဇာက ပြင်ဆင်သွက်နေ တဲ့ခန္ဓာရှိတယ်၊ ဒီခန္ဓာက ပဉ္စက္ခန္ဓာလို့ခေါ်တယ်၊ တဏှာက ပြင်ဆင်ပြီး ထွက်လာတဲ့ခန္ဓာကျတော့ ဥပါဒါနက္ခန္ဓာလို့ ခေါ် တယ်၊ ဒါကြောင့် ခန္ဓာဟာ အဝိဇ္ဇာပြင်ဆင်တဲ့ခန္ဓာ, တဏှာ ပြင်ဆင်တဲ့ခန္ဓာဆိုပြီး ၂-ပါးရှိပါတယ်။

တဏှာပြင်ဆင်ပြီး ထွက်နေတဲ့ ခန္ဓာကျတော့ အာရုံလေး တွေနဲ့ တွေ့တဲ့အခါမှာ ထွက်ထွက်ပြီးတော့ဆဲတယ်၊ နာမနဲ့ သညာနှပညတ် ၂ ပါးကို ထုတ်ဆဲ့တယ်၊ ဒီတော့မှ သညာကလ ဝိပလ္လာသစက်ကြီး ချလာတယ်၊ ဝိညာဏ်ကြီးကလဲ ဝိပလ္လာသ စက်ကြီး ချလာတယ်၊ ဒိဋ္ဌိကလဲ ဝိပလ္လာသစက်ကြီး ချလာတယ်၊ ဥဒယဗ္ဗယဉာဏ်နဲ့ကျတော့ ခန္ဓာလေးတွေက ထွက်ပြီးဆဲ့တယ်လို့ ပြောတယ် ပြောပြအုံးမယ်။

ဥပမာ....လဘက်ရေပုဂံကို ရှေ့မှာချကြည့်ရင် ဘာကို မြင်သလဲ၊ လဘက်ရေပုဂံကို မြင်တယ်၊ ဒီလို လဘက်ရေပုဂံ လို့သိတာသည်ပင်လျှင် ယခု ရှေ့မှာမြင်လိုက်မှ သိတာလား

ထွက်လာတော့တယ်၊ ဒီအကျိုးဟာဘယ်ကလာတာလဲ၊ တကာကြီးက ဇနကဟိတ်ဖြစ်တယ်၊ သုံးဆောင်သူက သမ္မာပကဟိတ်ဖြစ်တယ်။

ဒီတော့နိရောဓသမာပတ်ကထလာတဲ့ပုဂ္ဂိုလ်တွေဟာသတ္တဝါတွေကို ချီးမြှောက်တဲ့အခါမှာ ဆွမ်းအလှူခံပြီးတော့ ပရိပါစကမီးဓာတ်ကို နှိုးပေးလိုက်တာဘဲမဟုတ်လား၊ (ဝါ) ဝမ်းမီးကိုထိုးပေးလိုက်တာဘဲ မဟုတ်လား၊ ဒါဟာဇနက ဟိတ်ပါ၊ ဥပထမ္ဘကဟိတ်, သမ္မာပကဟိတ်ထဲ ထည့်လို့မရပါ၊ ဒီတော့တကာကြီးက ဇနကဟိတ်၊ ခံစားသုံးဆောင်တဲ့ ပုဂ္ဂိုလ်တွေကသမ္မာပကဟိတ်အနေနဲ့အကျိုးတရားတွေရသာပါတယ်၊ ဒီတော့ဝိသာခါဆု ၈-ချက်ကနေထုတ်ပြီး အခုအသိဉာဏ်တွေကိုပေးနေတာပါ။

သက်န်းလှူသော်လဲ ပရိပါစကမီးဓာတ်ကို တိုက်ရိုက်အားမပေးပါ၊ ဆွမ်းလှူဒါကျတော့ တိုက်ရိုက် အကျိုးပေးပါတယ်၊ အဲဒ့ါသတ္တဝါတွေမှာ " အာယု, ဝဏ္ဏ, သုခ, ဗလ, ပဋိဘာန " ဒီ ၅–ချက်ဟာအရေးကြီးပါတယ်၊ ဒါကအကျဉ်းနည်းပါ၊ ဒါကိုချဲ့ပေးရမယ်၊ အခုပရိပါစက မီးဓာတ်ရဲ့သဘာဝတွေကို ထုတ်ပြလာတာပါ၊ အာနာပါနကြီးကိုတက်လာတာနဲ့ မီးဓာတ်ကြီး ၄-ပါးကိုတွေ့လာပါတော့မယ်။

အခုမျက်စေ့မှာ, နားမှာ, နှာခေါင်း, လျှာ, ကိုယ်မှာရှိတဲ့သညာလေးကို သတိပဋ္ဌာန်နဲ့ ပိတ်ရအုံးမယ်၊ အာနာပါနကစိတ်ပေါက်ကို ပိတ်တာပါ၊ ကိုင်းမျက်စေ့, နား, နှာ, လျှာ, ကိုယ်ကိုဘယ်လိုပိတ်မလဲ၊ ညက မိမိနှလုံးအိမ်ထဲမှာ ရှိနေတဲ့

သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာ ၂-ပါးက အာရုံနဲ့တွေ့တဲ့အခါမှာ ထွက်ဆဲ့လာတယ်၊ ဒီတော့အဆင်းနဲ့အကြည်ကို သညက္ခန္ဓာက ဆွဲလာတယ်၊ သညာဝိညာဏ်ကို အနာဂတ် သင်္ခါရက္ခန္ဓာကဆွဲလာတယ်၊ ဒီတော့အသိလေးတွေက နှလုံးအိမ်ထဲမှာ အစဉ်ရှိနေတယ်၊ အာရုံနဲ့မတွေ့သေးလို့ပါ၊ အာရုံနဲ့တွေ့လိုက်တဲ့အခါကျတော့ အဆင်းနဲ့အကြည်ဆုံဘဲ့ အတိတ်သညာလေးကို သညာက္ခန္ဓာက ထွက်ဆဲ့လာပါတယ်၊ ဒီလိုလဲဆွဲလိုက်ရော သင်္ခါရက္ခန္ဓာက သညာဝိညာဏ်အနာဂတ်သဘောကို ခေါ်လာတယ်၊ ဒီတော့မှ ဒီ ၄–ကောင်ဟာ ထွက်ပြီးတော့ ကျပ်ပြည့်တင်းပြည့်စားပွဲထိုင်လိုက်ကြတယ်။

ဒီတော့ ညက သညာက္ခန္ဓာလေး ဘယ်လိုဆွဲသလဲ၊ သင်္ခါရက္ခန္ဓာကလဲ သညာဝိညာဏ်ကို ဘယ်လိုသွားခေါ်သလဲ၊ ဒါကိုတွေ့ရင် သတိပဋ္ဌာန်ကြီးကို တက်နိုင်ပြီ၊ ဒါမှမတွေ့သေးရင် တက်လို့မရသေးပါ၊ ကိုင်း....ခန္ဓာလေးတွေကို လက်တွေ့ဖမ်းပြမယ်၊ ကိုင်း....ကြက်သားဟင်းလျာကို စားတော့မယ်ဆိုတော့ စပြီးဟင်းဖတ်ကိုဆယ်ချလိုက်တာက ဘယ်သဘောလဲ၊ အတိတ်သဘောလား၊ အနာဂတ်သဘောလား၊ အခုလက်တွေ့ပေါက်ကို ချနေပြီ၊ ဒီတော့ ကြက်သားဟင်းဖတ်ကို ဆယ်လိုက်တာက အတိတ်သဘော သညာက္ခန္ဓာပါ၊ ယူလာတာက အနာဂတ်စွန်း သင်္ခါရက္ခန္ဓာပါ၊ လျှာပေါ်တင်ပြီးစားနေတာက ဝေဒနက္ခန္ဓာပါ၊ စားပြီးအားလုံးကို မျိုချလိုက်တာကျတော့ ဝိညာဏက္ခန္ဓာ၊ ဒီလိုစားတဲ့အခါမှာ ခန္ဓာလေး ၄-ကောင်ပေါ်နေပုံကို ရှုနေတာကို မဟာသတိပဋ္ဌာန်လို့ခေါ်တယ်၊ ရှေ့ကိုလဲ ဒီခန္ဓာလေးတွေနဲ့ဘဲ တက်လိမ့်အုံးမယ်၊ ဒါပေမဲ့ သညာနဲ့ဝေဒနာ၊သင်္ခါရတို့ဟာ ပြောင်းပြီးတော့ တက်သွားတော့မယ်။

## ဝါခေါင်လဆုတ် ၄-ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၁၆)

အဘိဇ္ဈာ ဒေါမနဿ လောကကြီးကို ဖျက်ဆီးရတော့မယ်၊ ဒီနေ့မျက်စေ့သတိပဋ္ဌာန်၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် သတိပဋ္ဌာန်တွေကို တက်လာပြီ၊ ဒီတော့ ဆွမ်းဘုဉ်းပေးတဲ့ အခါမှာ အဘိဇ္ဈာဒေါမနဿ လောကကြီး မပေါ်အောင် ဘယ်လိုလုပ် ဘုဉ်းပေးမလဲ၊ ဓာတ် ၄-ပါးကို ခွဲချင်သေးသသား ကုန်ပျက်ကင်းချုပ်နဲ့ ချနေချင်သေးသသား၊ ဒါက ဝိပဿနာနဲ့ ဆိုင်တဲ့ ပရိယတ်မျိုးပ ၊ ဒါဘာ သူ့နေရာနဲ့သူ သင်တန်းပေးတဲ့သဘော ပါ၊ အခု လက်တွေ့ နည်းနဲ့ ချရတော့မယ်၊ ဆွမ်းကို ဘယ်လို ဘုဉ်းပေးမ ဲ၊ ပဋိပတ်ရဲ့သဘာဝသာလျှင် အရေးကြီးပါတယ်။

အခု လက်တွေ့ ချရတော့မယ်၊ ဒီသဘာဝကို လုပ်ငန်းစဉ်နဲ့ တိတိကျကျ ပြရတော့မယ်၊ ကိုင်း.... သဘိပဋ္ဌာန်နဲ့ လျော်ညီအောင် ဘယ်လိုဘုဉ်းပေးမလဲ၊ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဆိုတဲ့ သတိပဋ္ဌာန်တွေထဲကို သွင်းဘို့ အရေးကြီးပါတယ်၊ ပုံစံ ၂–ခုဆုတ်ပြီးလာခဲ့ပြီ၊ အခုပုံစံက အဘိဇ္ဈာဒေါမနဿလောက ကြီးကို ဘယ်လိုဖျက်မလဲ၊ ယနေ့ရှေ့ပိုင်း အနေနဲ့ ဆွမ်းလှူရတဲ့ အကျိုး၌ အနုမောဒနာပြုပုံကို အကြမ်းနည်းဖြင့် ပြောပြသိုပါ သေးတယ်၊ ပိဋကတ်ကို အဆီညှစ်လိုက်တဲ့အခါမှာ လူက စား နေတာမဟုတ်၊ အဲဒါ ပရိပါစကာ မီးဓာတ်က စားနေတာပါ၊ ဒီပရိပါစကမီးဓာတ်ဟာ အစာသစ်ကိုမှ မသွင်းချင် သူရဲ့နီးရာ ဖြစ်တဲ့ ဝမ်းရေပြားကို သူဆွဲစားပါတယ်၊ ဒီတော့မှ အာခေါင် တွေ ခြောက်လာပါတယ်၊ ကြာကြာစားပါများလာတော့ မူးဝေ လာတောမယ်။

ပုံစံနံပါတ် (၁၆)



ဒီတော့ ဆွမ်းကိုလဲပြန်ပြီးဘုဉ်းပေးလာတဲ့အခါမှာ ပရိပါစက မီးခါတ်ဟာ ဝမ်းရေပြားကိုလွှတ်ပြီး ဒီစားလိုက်တဲ့ဆွမ်းကို ပြန်ပြီးစားလာပြန်တယ်၊ ဒီတော့ စက်ယန္တရားကြီး လည်သလို တခါထဲလယ်လာဘယ်၊ ဒီတော့မှ ပရိပါစက မီးဓါတ်ကြီးဟာ ပွင့်လာပြန်တယ်၊ ဒီမီးခါတ်ပွင့်တဲ့သဘာဝထဲမှာ ဘုရားရှင်က စူးစမ်းရှာဖွေလာတဲ့အခါမှာ....အာယုစ၊ အသက်ရှည်ခြင်းသည်ရင်း။ ဝဏ္ဏောစ၊ ကိုယ်ရေအဆင်းလှပခြင်းသည်ရင်း၊ သုခေါစ၊ ချမ်းသာခြင်းသည်ရင်း။ ဗလဉ္စ၊ ခွန်အားကြီးမားခြင်းသည်ရင်း။ ပဋိဘာနဉ္စ၊ ဉာဏ်ပဋိဘာန် ပညာဉာဏ်ထက်သန်ခြင်းသည်ရင်း။ ဒီ—၅ ပါးကို လာတွေ့ပါတယ်။

ဒါဟာ ပရိပါစက မီးခါတ်က ထွက်လာတဲ့ အကျိုးတရား ၅-ပါးပါ၊ ဘယ်သူကမှ လုပ်ကြံလာရတာ မဟုတ်ပါ၊ သူ့သဘာဝအတိုင်း တွက်လာရတာပါ၊ ဒီပြင်နေရာတွေမှာ တိုက်ရိုက် အကျိုးပေးလို့မရပါ၊ (ဝါ) ထွက်လို့မရပါ၊ ဒီဆွမ်းလှူတဲ့ အလှူမျိုးကသာ တိုက်ရိုက် အကျိုးပေးလာပါတယ်၊ အသက်အရွယ်ကြီးဘဲ့ သူတွေကို ရှိခိုးကန်တော့တဲ့အခါမှာလဲ ဒီအကျိုးတွေကနေ ဆက်ပြီးတော့သာ ထွက်လာရပါတယ်။

ဒီတော့ပရိပါစကမီးဓါတ်ကနေ အကျိုးတရား ၅-ပါးထွက်လာပါတယ် ဒီလိုထွက်သာမှ ကိုယ်သက်အင်္ဂါတွေ ဆန့်ဘန်း လှုပ်ရှားခိုင်မာလာတယ်၊ သွားလာနိုင်လာတယ်၊ အာနာပါန အရှိဘဲ့တရား၊ ဓမ္မစကြာ, အနတ္တလက္ခဏာသုတ် တရားတွေရဲ့ အသိဉာဏ်တရားတွေ တိုးပွါးလာတယ်၊ ဒါကစားသုံးသူတွေရဲ့ အကျိုးပါ၊ ဒီစားသုံးသူတွေမှာ အကျိုးဖြစ်လာသလို လှူဒါန်းတဲ့ တကာကြီး "ဘိုးစွန်" ရဲ့မီးဓါတ်တွေမှာလဲ ဒီအကျိုးတရားတွေ

မဟုတ်ပါ၊ ကလေးဘဝ သိတတ်တဲ့ အရွယ်ကစပြီး သိလာတာပါ၊ အဲဒီက အမှတ်လေးဟာ ယခု ရှေ့မှာလဲ လာဆုံရော မိမိမှာ အရင်ကမှတ်လာတဲ့သညာက အာရုံလေးတွေကို ဝင်ပြီး ထောက်လိုက်တော့မှ သညာဝိညာဏ်တွေက ဝိပလ္လာသလုပ်လာတာပါ၊ ဒီတော့ အရင်က သညာကမှ မထောက်ရင် သညာဟာ ဝိပလ္လာသလုပ်လို့ မရတော့ပါ။

ဒီတော့ ငယ်ရွယ်စဉ်အခါက မှတ်လာခဲ့တဲ့ သညာလေးတွေဟာ နှလုံးအိမ်ထဲမှာ အတိတ်စွန်းသညာက္ခန္ဓာအနေနဲ့ ရှိနေတယ်၊ အနာဂတ်စွန်း သညာကျတော့ သင်္ခါရက္ခန္ဓာ၊ ၂-ပါးပေါင်းတဲ့ ပစ္စုပ္ပန်သညာကျတော့၊ ဝေဒနက္ခန္ဓာ၊ ၃-ပါး ပေါင်းနေတာကျတော့ ဝိညာဏက္ခန္ဓာကြီးအနေနဲ့ ရှိတယ်။ ဒီ ခန္ဓာလေး ၄-ကောင်ဟာ အာရုံနဲ့ တွေ့တဲ့အခါမှာ ထွက်ပြီးဆဲ့တာကို ရူပက္ခန္ဓာလို့ ပြောတာပါ၊ ရူပက္ခန္ဓာဆိုတာ ဖေါက်ပြန်တဲ့ သဘောကို မယူပါနဲ့၊ ပေါင်းနေတဲ့သဘောကိုယူပါ။

ဒီတော့ အဆင်းနဲ့အကြည် ဆုံလိုက်တဲ့အါမှာ အရင်က မှတ်လာခဲ့တဲ့ အတိတ်သဘောသညာက္ခန္ဓာနဲ့ အနာဂတ်သဘော သင်္ခါရက္ခန္ဓာတို့ပါ နာမပညတ်နဲ့ သဏ္ဌာနပညတ်ရိပ် ၂-ပါးကို ဆွဲလာတယ်၊ ဒီလိုလဲ ဆွဲလာရော သညာနဲ့ဝိညာဏ်တို့က ဝိပလ္လာသစက်ကြီးတွေနဲ့ လှည့်လာတော့တာဘဲ။

သညာက္ခန္ဓာက နာမပညတ်နဲ့ သဏ္ဌာနပညတ် ၂-ပါးကို ဆွဲလာတာက သညာဝိပလ္လာသ၊ ဝိညာဏ်ကြီးကျတော့ စိတ္တဝိပလ္လာသအနေနဲ့ ခံစားလာတယ်၊ခံစားလိုက်လို့ သာရ ၄-လုံး တွက်တာတာကျတော့ ဒိဋ္ဌိဝိပလ္လာသလို့ ခေါ်တယ်၊ ဒီတော့

အနွေတွေရဲ့နှလုံးအိမ်မှာရှိတဲ့ နာမက္ခန္ဓာ ၄-ကောင်က အာရုံလေးတွေကို ထွက်ဆွဲလိုက်တာကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ် ဒီ ခန္ဓာကို အခြေခံရမှု ဝိပလ္လာသဘာသရားတွေဟာ နေ့စဉ်နေ့တိုင်း ဖြစ်နေတာပါ။

ဒီ သဘာဝတွေကိုနားလည်ရင် ဆွမ်းစားတဲ့အခါမှာ ဘယ်လို စားမလဲ စားကြည့်စမ်းပါ၊ ဒီတော့ မျက်စေ့၊ နား၊ နှာ၊ လျှာ ကိုယ်ဆိုတဲ့ ၅-ပါးသော မဟာသတိပဋ္ဌာန်တွေကိုမှ မသိသေးရင် အာနာပါနကြီးကို အားထုတ်လို့မရသေးပါ၊ ဒါကြောင့် ၅-ပါး သော ပသာဒတွေမှာ မဟာသတိပဋ္ဌာန်တရား ပေါ်လာအောင် လုပ်ငန်းစဉ်အနေနဲ့ယူပါအုံး။

ကိုင်း....သာခုံသာ ခေါ်ကြပါတော့၊

သာဓု–သာဓု–သာဓု။

ဒီတော့ နာမ်ခန္ဓာလေး ၄-ကောင် အစဉ်ဖြစ်နေတာကို ဆွမ်းစားတဲ့အခါမှာ ရှုပွားနိုင်ရင် လျှာပေါက်က မဟာသတိပဋ္ဌာန်လေး ပေါ်လာပြီလို့ ဘုရားရှင်က ဟောတာပါ၊ ဒီပြင်အာရုံမှာ တွေ့တဲ့အခါမှာ ပေါ်တဲ့သဘောက သိမ်မွေ့သေးတယ်၊ ဆွမ်းစားတဲ့အခါမှာ ပေါ်တဲ့သဘောက ကြမ်းတမ်းပါတယ်၊ ဒီတော့ တကာကြီး "ဘိုးစုန်" ထမင်းစားဘတ်ပြီလား၊ ဒီသဘာဝလေးကို မိမိရဲ့ စိတ်ဝိညာဏ်ထဲမှာ အသုံးလေးဖြစ်သွားအောင် အလေ့အကျင့်လေး လုပ်ပေးပါ၊ ဒါမှ စားတိုင်းစားတိုင်း ခန္ဓာလေး ၄-ကောင် ပေါ်လာတော့မယ်။

ပဌမ သညာ, သင်္ခါရအနေနဲ့ အရင်ဖမ်းပါ၊ နောက် စိတ်ပေါက်ကို ဖမ်းလာတော့မှ သညာ, ဝေဒနာဆိုပြီး ပြောင်းလာတော့မယ်၊ ရဟန္တာကြီးများကျတော့ ဝေဒနာကချေ့သွားပြီးမှ ခံစားသုံးဆောင် သွားကြတော့တယ်၊ စားတာချင်းတောင်မှ သဘာဝတွေ ကွာခြားသွားပြီ၊ ကိုင်း... ဒီတော့ ယခု မျက်စေ့, နား, နှာ, လျှာ, ကိုယ်တွေကို မဟာသတိပဋ္ဌာန်နဲ့ ပိတ်တော့မယ်၊ ဘယ်လို ပိတ်မလဲ၊ အဲဒါ ဥဒယဗ္ဗယဉာဏ်မှာ ပေါ်လာတဲ့ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝေဒနက္ခန္ဓာ, ဝိညာဏက္ခန္ဓာအနေနဲ့ ရှုလာရမယ်၊ ဒီလိုလဲ ခန္ဓာလေးတွေကို ရှုလာပါများလာရော ကြက်သားဟင်းကို ခပ်လိုက်တဲ့အခါမှာ အတ္တရိပ် မပါတော့ဘဲ (ဝါ) ဟင်းကိုမှဲ့နွှေးတော့ဘဲ တုစ္ဆ ရိတ္တဖြစ်သွားပြီ၊ ဒီတော့မှ ဒီ ခန္ဓာလေးတွေကနေ မီးခတ်လေးတွေ တောက်လိုက်တာကို သောတာပတ္တိမဂ်ကို ရပြီလို့ ပြောဘာပါ။

မေ့စကြာ, အနုတ္တလက္ခဏသုတ်, ဝိသာခါဘုရားခတ်တွေမှာ ခန္ဓာတွေ ပေါ်ခဲ့သော်လဲ လုပ်ငန်းစဉ်အနေနဲ့ မပေးခဲ့သေးပါ

နည်းအနေနဲ့သာ ပေးခဲ့ရပါသေးတယ်၊ အခု မဟာသတိပဋ္ဌာန်ကြီးကျတော့မှ လုပ်ငန်းစဉ်နှင့်တကွ ပေးခဲ့ပါပြီ၊ (ဝါ) လက်တွေ့ချလာပြီ၊ ဒါကြောင့် ဒီနှစ်ဝါတွင်း ပြနေတဲ့ ဒီမဟာသတိပဋ္ဌာန်တရားတော်ကြီးကို လက်တွေ့လုပ်ငန်းစဉ်အနေနဲ့ ယူသွားကြပါ၊ အခု ပြောခဲ့သလို အလေ့အကျင့်ရှိလာရင်ဘဲ သူ့အလိုလို ဆုံးမလာပါပြီ၊ တရားက ဆုံးမလာမှ အရိယာတရားခေါ်တယ်။

ဒီတော့ စည်းကမ်းတွေ ရေးဆွဲထားတာတွေက တကယ်တရားအနေနဲ့မဟုတ်သေးပါ၊ အယောင်ဆောင်တဲ့ သဘောသာ ရှိနေပါသေးတယ်၊ တရားကကို ဆုံးမလာမှ အားထုတ်လာတာကျတော့ အယောင်ဆောင် မဟုတ်တော့ပါ၊ အရင်က သိလာတာမဟုတ်လို့ မလုပ်ကြတာပါ၊ ယခု သိလာတော့ တရားက ဆုံးမလာပါပြီ၊ ဒီအတိုင်း သိက္ခာပုဒ်တော်တွေကိုလဲ ပြန်ကြည့်ပါ၊ ဒီတော့ တရားကိုလိုက်လာတဲ့အခါမှာ ကောက်ကျစ်စဉ်းလဲမှု မရှိတော့ပါ၊ ဒီတော့ အဲဒါ ဝိနည်းမိုရ်လေ တရားမရသေးရင် ကောက်ကျစ်စဉ်းလဲလေဘဲ၊ ဝိနည်းမိုရ်ရနေတာသည် သူများအပြစ်ကို ရှုချင်လို့ဘဲမဟုတ်လား၊ ဒါဟာ ဟန်ဆောင်နေတဲ့ သဘောပါ၊ ဟန်ဆောင်နေတာကို အနှစ်အသား အနေနဲ့ထုတ်လာပြီ၊ ဒီတော့ သိက္ခာပုဒ်တော်တွေမှာလဲ တရားက ဆုံးမလာလို့ တင်းတိမ်နိုင်လာရင် အကျိုးကျေးဇူးတွေများလာပြီ၊ ကိုင်းပုံစံမှာတင်လိုက်ပါ။

မဟာသတိပဋ္ဌာန်တရားတော်ကြီးကို အားထုတ်မဲ့ ပုဂ္ဂိုလ်ဟာ အင်္ဂါ ဘယ်နှစ်ပါးပြည့်စုံရမလဲ၊ (ဝါ) ညီရမလဲ၊ အင်္ဂါ ၄-ပါး ပြည့်စုံရမယ်၊ (ဝါ) အင်္ဂါ ၄-ပါးနဲ့ ညီရမယ်၊ အထဲက စက်ဝိုင်းက အင်္ဂါ ၄-ပါးကို ပြထားတာပါ၊ အဲဒါ-အာတာပီ

သမ္ဗောဇ္ဈင်္ဂ သတိမှာ ဝိနေယျ ဆိုပြီးပြလာတယ်၊ ဒါကိုရှင်းပြအုံးမယ်၊ ဒီ ၄-ချက်ကို ဘုရားရှင်က ဘယ်နေရာက နေထုတ်ပြီးပြလာတာလဲ ဆိုတာကို ရှင်းပြမယ်၊ ဒီအင်္ဂါ ၄ ပါး ပြည့်စုံရင် အာနာပါနကြီးကို ပေါက်ရောက်ပြီ၊ လုပ်ဖို့တောင် မလိုတော့ပါ၊ ဒီတော့ ပဋ္ဌမတန်း အားထုတ်တဲ့ ပုဂ္ဂိုလ်ရဲ့ရည်ရွယ်ချက်က နေစပြီး ရှင်းရမယ်။

ဒီတော့ တရားအားထုတ်တာဟာ ဘာကိုလိုချင်လို့လဲ၊ မဂ်တရား ဖိုလ်တရားကို လိုချင်လို့ ဒါက အကျိုးတရား၊ ဒီတော့ မဂ်ဖိုလ်ကို မရမခြင်း တွေ့နေရတဲ့ သဘာဝကို ရှင်းပြမယ်၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ရဲ့ နှလုံးအိမ်မှာ အဟိတ်ခန္ဓာ၊ ဒွိဟိတ်ခန္ဓာ၊ တိဟိတ်ခန္ဓာတွေဟာ ရှိနေတယ်၊ ဝိပဿနာက ဒီခန္ဓာတွေကို ဖေါ်ပေးလာတယ်၊ ဒီလိုဖေါ်လာမှ မဂ်က စီရင်ချက်ချလို့ရတယ်၊ ဒီတော့ မဂ်ရဲ့ရှေ့နားမှာ ခုံရုံးတွေဖွင့်ထားတယ်၊ သညာဝိညာဏ်ကို စစ်တဲ့အခါမှာ ပဌမ ဥဒယဗ္ဗယ ခုံရုံးကြီးက စပြီး စစ်လာတယ်။

နောက် အနုပဿနာ ၇-ဉာဏ်က ခုံရုံးတရုံး၊ နောက်မဂ်နားမှာသားတဲ့ ခုံရုံးဆိုပြီး အကျဉ်းအားဖြင့် ခုံရုံး ၃ ရုံး ရှိတယ်၊ ဒီတော့ မဂ်ကိုသွားချင်ရင် ဥဒယဗ္ဗယ ခုံရုံးကနေ စပြီး အရင်အစစ်ခံရတယ်၊ ဒီ ဥဒယဗ္ဗယ ခုံရုံးက အစစ်ခံနိုင်အောင်လို့ အောက် နာမရူပပရိစ္ဆေဒ ဉာဏ်က နေစပြီး အသိဉာဏ်တွေကို ရှာဖွေလာရတယ်၊ တန်ခိုးကြီးတဲ့ အာဠာရ ဥဒကတို့တောင်မှ ဝိပဿနာထဲဝင်ချင်ရင် ဥဒယဗ္ဗယခုံရုံးကနေ စပြီး အရင်အစစ်ခံရအုံးမယ်၊ ပါရမီ ရှိလာလို့ ပေါက်ထိုက်တဲ့ပုဂ္ဂိုလ်တွေ တောင်မှ ဒီခုံရုံးကိုဘက်ပြီး အစစ်ခံရသေးတယ်။

ဒီတော့ ဥဒယဗ္ဗယခုံရုံးက စစ်လာတဲ့အခါမှာ သညာ, သင်္ခါရ, ဝေဒနာ, ဝိညာဏ်ဆိုပြီး ဒီ ခန္ဓာလေး ၄-ကောင်လာပေါ်တယ်၊ ဒီတော့ ရုပ်ဘဲပေါ်ပေါ်-နာမ်ဘဲပေါ်ပေါ် ဘယ်ထိအောင် မြင်ရမလဲဆိုရင် ဒီ ခန္ဓာ ၄-ကောင်ကြောင့် ပေါ်တာပါ၊အဆင်း, အကြည်, အမြင်, အသိ ဒီ ၄-ပါးဆိုတာလဲ ဒီ ခန္ဓာ ၄-ကောင် ကြောင့် ပေါင်းဆိုတာပါ၊ ဒီထိအောင် သိထားရမယ်၊ ဒီ ခန္ဓာ လေးတွေကို အန္ဓတွေက မမြင်ကြလို့ ပညတ်တရားတွေမှာ သွားဆဲနေတာပါ၊ ဒီ ခန္ဓာလေးတွေဟာ ပရမတ်သဘောလေး တွေပါ၊ နှလုံးအိမ်ထဲမှာ အမြဲရှိနေတယ်၊ ဥဒယဗ္ဗယကြီးက ဒီ ခန္ဓာလေးဘော့ကိုသာစစ်မယ်၊ ရုပ်နာမ်ကိုမစစ်ဘော့ပါ၊ ဒီခန္ဓာ လေးတွေရှိနေလို့ တနေ့ အပါယ် ၄-ပါးကိုကျအုံးမယ်၊ ဒီခန္ဓာ လေးတွေကို မြင်လာရင်ဘဲ တရားတက်လာပြီ၊ ဒီ အဟိတ် ခန္ဓာလေးတွေကို ဥဒယဗ္ဗယခုံရုံးကြီးကစစ်ပြီး သတ်လိုက်တဲ့ အခါမှာ ဒွိဟိတ်ခန္ဓာ ထပ်ပေါ်လာအုံးမယ်။

ဒွိဟိတ်ခန္ဓာကိုလဲ ဥဒယဗ္ဗယခုံရုံးကဘဲ ထပ်သတ်သိမ့်အုံး မယ်၊ သတ်လိုက်တော့ တိဟိတ်ခန္ဓာကြီး ပေါ်လာတော့မယ်၊ ဒီတော့မှ ရှေ့ခုံရုံးကိုတင်ပြီး တိဟိတ်ခန္ဓာကို သတ်လိုက်တော့မှ ခန္ဓာတွေပြတ်ပြီး ဝေဒနာလေးသာကျန်တော့မယ်၊ ဒီဝေဒနာ လေးမှာ ပရိပါစကမီးဓာတ်ရှိနေတယ်၊ ဒီ ပရိပါစကမီးဓာတ် ရှိနေတဲ့ ဝေဒနာလေးက နေပြီးတော့မှ မဂ်ကိုတက်သွား တော့မယ်။

ကိုင်း....ခန္ဓာလေးတွေကို သတ်ရတော့မယ်၊ ဒီတော့ ဒီခန္ဓာ လေးတွေဟာ ဘယ်ကပေါ်လာသလဲ၊ ဒီတော့ သမ္မသနဉာဏ်မှာ အတိတ်ကာလ အဝိဇ္ဇာရိပ်ကြီးကို အနိစ္စလက္ခဏာနဲ့ သိမ်းလိုက်တဲ့

အခါမှာ ပညတ်သဘောသညာတွေပျောက်ပြီး နှလုံးအိမ်ထဲမှာ ပရမတ်သဘော အတိတ်သညာတွေ စုဝေပါင်းနေသေးတယ်၊ ဒါကို သညာက္ခန္ဓာလို့ပြောတာပါ၊ နောက် အနာဂတ်ကာလ ဘဏ္ဍာ ရိပ်ကို ဒုက္ခနဲ့သတ်လို့ ထွက်လာတာကျတော့ သင်္ခါရက္ခန္ဓာပါ၊ ဒါဟာ သညာဝိညာဏ်လောကက ထက်ရပ်ခေါ်နေတဲ့ သဘော ပါ၊ အဲဒါ နာမ်သဘောရဲ့ဗျာပါရ အဆီအနှစ်လေးဟာ နှလုံး အိမ်မှာ လာကပ်နေတယ်၊ ဒီ ၂-ကောင်ဟာ တကောင်သွား ရာကို တကောင်ကလိုက်ရတယ်၊ တကောင်က နာမပညတ်ကို ဆွဲရင် တကောင်က သဏ္ဌာနပညတ်ကို ဆွဲချတယ်၊ ဒီတော့မှ ဝေဒနာက ခံစားလာတယ်၊ နောက်မှ ဝိညာဏ်ကြီးက ခံစား လာတော့တယ်။

ဒီ ခန္ဓာလေးတွေဟာ နှလုံးအိမ်ကြီးထဲမှာ ရှိနေ့တယ်၊ ဒီ ခန္ဓာ လေးတွေဟာ ဖြတ်လဲရှိတာဘဲ၊ မဖြတ်လဲရှိတာဘဲ၊ ဒါပေမဲ့ ဖြတ်ဘဲ့ပုဂ္ဂိုလ်ကျတော့ ဒီ ခန္ဓာလေးတွေ ရှိနေတာကို သိတော့ ဆင်ခြင်လာတယ်၊ အဲဒါ ငါစားချင်သလို သူကလဲ စားချင်မှာ ဘဲဆိုပြီး ကိုယ်ချင်းစာ ဆင်ခြင်လာတယ်၊ မဖြတ်ရသေးဘဲ့ သူ တွေကျတော့ ဟင်းတဖတ်ကိုလဲ ဆယ်ပြီးပြီ၊ ပုဂံထဲမှာရှိတဲ့ ဟင်းဖတ်ကိုလဲ ငါ့ဟင်းဖတ်လုပ်နေချင်သေးတယ်၊ ဒါဟာသူ့မှာ ရှိနေတဲ့ခန္ဓာတွေကို မမြင်လို့ပါ၊ ဒီတော့ သူမှာမစားတတ်သေးပါ။

ကိုင်း.... ဒီတော့ အခုထဲဘ ဒီခန္ဓာလေးတွေကို မှူသေလုပ် ထားပါ၊ ရှေ့ကို ဒီခန္ဓာလေးတွေနဲ့ဘဲ တက်သွားရမယ်၊ ဒီတော့ သညာက္ခန္ဓာက အတိတ်အာရုံ၊ သင်္ခါရက္ခန္ဓာက အနာဂတ်အာရုံ၊ ဝေဒနာက္ခန္ဓာက ပစ္စုပ္ပန်အာရုံဆိုပြီး ခံစားဘယ်။ ဝိညာဏက္ခန္ဓာ ကျတော့ ဒီ ၃-ပါးရဲ့ အပေါ်မှာ ပညတ်နှင့်တကွ တင်လာ

တော့တယ်၊ ဒီခန္ဓာတွေကို နားလည်ရမယ်၊ ဒီခန္ဓာ ၄-ကောင် ပေါ်လာအောင် ဆွမ်းစားတဲ့ အခါမှာ အလေ့ အကျင့်လေး လုပ်ပေးပါ၊ ဒီလိုလုပ်ပြီး စားကြည့်ပါ၊ အလေ့အကျင့်လုပ်ပါ များလာရင် နောက်အကျိုးတရားအနေနဲ့ တက်လာတော့မယ်၊ ကြပ်ကြပ်လုပ်ပါများလာရင်ဘဲ မဂ်သဘာဝ ၄ ချက်ကို မြင်နေပြီ၊ စားတဲ့အခါမှာလဲ မဂ်သဘာဝ ၄-ချက်ဟာ အမြဲပေါ်နေပြီ။

ဒီတော့ စားတဲ့နေရာမှာလဲ လူမှုရေးရာ နယ်ထဲမှာတခုအပါ အဝင်ဖြစ်တယ်၊ ဒီတော့ စားတဲ့နေရာမှာ မဟာသတိပဋ္ဌာန် တရားနဲ့ဆင်ခြင်ပြီးစားလာရင်ဘဲ မဟာပစ္စဝေက္ခနာကြီးထဲဝင် သွားမယ်၊ ဒီတော့မှ စည်းကမ်းကာလနား ရှိလာမယ်၊ ဒီလိုစည်း ကမ်းကာလနားမှ မလုပ်ရင် လျှပ်ပေါ်လော်လီတဲ့ တဏှာတွေဖြစ် လာပြီ၊ ဒီတော့ ရဟန်းဘောင်မှာ မမြဲတာဟာ ပဌမ အိမ်ယာ တည်ထောင်တဲ့ ကာမဓာတ်ပါ• ဒုတိယ စားရေးသောက်ရေး ပါ၊ ဒီသဘာဝတွေကို အာနာပါနတရား မဟာသတိပဋ္ဌာန် တရားဘော်ကြီးကသာ စောင့်ရှောက်နိုင်ပါတယ်၊ ဒီခန္ဓာလေး ၄–ကောင်ကိုရှုကြည့်ပါ။

ကိုင်း....မဟာသတိပဋ္ဌာန် အလုပ်ကို အားထုတ်မဲ့ပုဂ္ဂိုလ်ဟာ " အာတာပီ, သမ္ပဇာနော, သတိမာ " ဒီ ၃-ချက်နဲ့ ပြည့်စုံရမယ်၊ ဒီ ၃ ပါးက အကြောင်းပါ၊ဒီအကြောင်း ၃-ပါး ပြည့်စုံလာရင် အဘိဇ္ဈာ ဒေါမနဿ လောကကြီးကို ပယ်ဖျက်နိုင်တဲ့ ဝိနေယျ ကြီးပေါ်လာတော့တယ်၊ ဒီတော့ တရားအားထုတ်ဘဲ့ပုဂ္ဂိုလ်တွေ မှာ ဒီအင်္ဂါ ၃-ချက် ပြည့်စုံရမယ်၊ ပြည့်စုံမှ အဘိဇ္ဈာ ဒေါမနဿ လောကကြီးကို တိုက်ထုတ်ရမယ်၊ ဒီ ၃-ချက်ပြည့်စုံပုံကိုပြောပြ အုံးမယ်။

ဒီတော့ အာတာပီဆိုတာ အရိုးကြေကြေ အရေခန်းခန်း လုပ်တဲ့သဘောပါ၊ ဒါကို နှစ်မျိုးခွဲလိုက်ပါ၊ သညာဝိညာဏ်နယ်ကလဲ အရိုးကြေကြေနဲ့ အားထုတ်လာတယ်၊ ဒါက အစွဲနဲ့ အားထုတ်လာတာပါ၊ နောက်သဘာဝတွေ ရှိတဲ့သူက (ဝါ) ပညာနယ်ကလဲ အရိုးကြေကြေအနေနဲ့ အားထုတ်လာတာသဲရှိပါတယ်၊ ဒီတော့ သဘာဝတွေဟာ ကွာခြားနေပြီ၊ အခု ဒီနေရာမှာ အစွဲကခိုင်းတဲ့ အာတာပီတွေကို အလိုမရှိတော့ပါ၊သူ့မှာ အစွဲနဲ့လုပ်တဲ့ အာတာပီကျတော့ အစွဲလောက မဖြစ်ရင် ပျက်မှာဘဲ၊ ဒီအစွဲ အာတာပီတွေကို မောင်းထုတ်လိုက်ပါ။

ယခု သဘော (ဝါ) ပညာရဲ့အာတာပီကို အလိုရှိပါတယ်၊ ဒီတော့ သညာဝိညာဏ်ရိပ်ကင်းတဲ့ ပညာမြင် ဥဒယဗ္ဗယဉာဏ်ကြီးရဲ့ အသိဉာဏ်ကိုပိုင်တဲ့သူမှာ ပညာသဘော အာတာပီကြီးရှိနေပြီ၊ ဒါကို နိက္ခမဓာတ်လို့ခေါ်တယ်၊ နောက် သမ္ပဇာနောကျပြန်တော့လဲ ဒီ ပညာမြင် ဥဒယဗ္ဗယဉာဏ်ကိုပိုင်မှ ရုပ်နာမ်ကိုကွက်ကွက်ကွင်းကွင်းနဲ့ မြင်လာမယ်၊ ဒီတော့ မဟာသတိပဋ္ဌာန်အာနာပါနကို အားထုတ်တဲ့သူမှာ ရုပ်ခမ္မ, နာမ်ခမ္မ အပေါ်မှာ စူးရှသော ဉာဏ်အမြင်နဲ့ပြည့်စုံရမယ်ဆိုတော့အနွတွေဟာ အားထုတ်နိုင်ပါ့မလား၊ (ဝါ) အားထုတ်လို့ရပါ့မလား၊ အနွတွေဟာ နာမပညတ်နဲ့သဏ္ဌာနပညတ်တွေကိုသာ ဆွဲမှာဘဲ မဟုတ်လား၊ နောက် သတိမာဆိုတာက ဒီ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာလေးကို ရှုလာရင် ဆွမ်းစားတဲ့အခါမှာကို ရှုလာရင် သတိလေးဟာ ပေါ်လာမယ်၊ ဒီလို ပေါ်လာရင်ဘဲ နောက်တော့ရင်ဘာကိုဘဲလုပ်လုပ် သတိလေးဟာ အမြဲပေါ်လာတော့မယ်၊အဲဒါ သတိလေး နှလုံးအိမ်ထဲမှာ အစဉ်ရှိလာအောင် (ဝါ) မြဲလာအောင် လုပ်လာမယ်၊ အဲဒါ ဖြစ်ခြင်းပျက်ခြင်းဆိုတဲ့ ကမ္မဋ္ဌာန်း

အာရုံမှာကို အမြဲထာဝရပြည့်စုံလာရမယ်၊ ဒီလိုသတိလေး အမြဲရှိလာတာကို သတိမာလို့ ခေါ်တယ်။

ရှေ့ပိုင်းကျတော့ သွားတဲ့ဣရိယာပုထ်တွေမှာကို သွင်းပြပါအုံးမယ်၊ ဒီသတိလေး အမြဲရှိနေရင် အဘိဇ္ဈာ ဒေါမနဿ လောကကြီး မဖြစ်တော့ပါ၊သတိမှ မရှိရင်အဘိဇ္ဈာ ဒေါမနဿ လောကကြီးဟာ အစဉ်ရှိနေမှာဘဲ၊ ဒီတော့ သတိလေးရှိလာအောင် လုပ်ကြည့်ပါအုံး၊ ဝိနေယျဆိုတဲ့ အကျိုးတချက်ကျတော့ အထက်ကပြလာတဲ့ အင်္ဂါသုံးချက်နဲ့ ပြည့်စုံပြီး အဘိဇ္ဈာ ဒေါမနဿ လောကကြီး မပေါ်ထွက်နိုင်တာကို ခေါ်တယ်၊ ဒီ အင်္ဂါ ၄-ပါးနဲ့ ညီအောင် အာနာပါနတရားကို အားထုတ်ရမယ်၊ ဒါမှ မဟာသတိပဋ္ဌာန်ကြီးထဲကိုဝင်မယ်။

# ညဟောစဉ်။

"ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ (လ) ဒေါမနဿံ"လို့ ဘုရားရှင် မဟာသတိပဋ္ဌာန် ပါဠိတော်မှာ ဟောကြားတော်မူခဲ့သည့်အတိုင်း မဟာသတိပဋ္ဌာန်ကြီးရဲ့ လုပ်ငန်းစဉ်ကြီးဟာ အာနာပါနကြီးထဲကို ဝင်တော့မယ်ဆိုတော့ ၅-ပါးသော မဟာသတိပဋ္ဌာန်တရားတွေကို ဘုရားရှင်က အချက်ကျကျ တိုက်ကျွေးပါတယ်၊ ဒီတော့ ၅-ပါးသော အပေါက်တွေကို ဘယ်လိုပိတ်မလဲ။

ဒီတော့ ခန္ဓာကိုယ်ကြီးမှာ အပေါက်ကြီး ၆-ပေါက်ရှိတယ်၊ အာနာပါနတရားကြီးက စိတ်ပေါက်ကို ဖမ်းတယ်၊ ဒီတော့ ကျန် ၅-ပါးသော အပေါက်တွေကို ဘယ်လိုပိတ်မလဲ၊ ဒီလိုပိတ်ဖို့ရာ ယခု အနာဂတ် သာသနာတော်ကြီးမှာမပြကြသေးပါ စိတ်ပေါက်ကိုပိတ်တဲ့ အာနာပါနတရားကိုသာ ပြပါသေးတယ်၊ အခု ဆရာတော်ကျတော့ အပေါက် ၅-ပေါက်ကို အရင်ပိတ်ရမယ်၊ ပိတ်ပြီးမှ အာနာပါနကို အားထုတ်ရမယ်။

ကိုင်း....နေ့ခင်းပိုင်းက ဟောကြားခဲ့တဲ့တရားကိုဘဲ အမျိုးသမီးကြီးတွေအတွက် ယခုချဲ့ပြီး ဟောကြားပါအုံးမယ်၊ နေ့ခင်းမှာ အဓိပ္ပါယ်မှုပေါ်ရင် ယခု ညပိုင်းမှာ ပေါ်လာပါတော့မယ်၊ ကိုင်း....မျက်စေ့, နား, နှာ, လျှာ, ကိုယ်ပေါက်တွေကို ဘယ်လို ပိတ်မလဲ၊ ပိတ်ဖို့ရာ မဟာသတိပဋ္ဌာန်တရားကြီးကို တွေ့ပြီလား၊ မနေ့က အဘိဇ္ဈာ ဒေါမနဿလောကကနေပြီး ဝိပလ္လာသတရားတွေဖြစ်လာပုံကို ဟောကြားခဲ့ပြီ၊ ဒီနေ့ မျက်စေ့ပေါက် နားပေါက်တွေကို ဘယ်လိုပိတ်မလဲ?

မျက်စေ့ပေါက်ကို မှိတ်ထားမလား၊ ဒီလိုမှိတ်ထားတာဟာ သမထပိတ်ပါ၊ ဒါဟာတကယ်ပိတ်မဟုတ်ပါ၊ ဟန်ဆောင်နေတဲ့ အပိတ်မျိုးပါ၊ မဟာသတိပဋ္ဌာန်တရားနဲ့ပိတ်မှ တကယ်ပိတ်နိုင်တာပါ၊ကိုင်း....ဘယ်လိုပိတ်မလဲ ယခုနကြားခဲ့ရတဲ့သဘာဝတွေကို ရှာရတော့မယ်၊ ဒီတော့ မဟာသတိပဋ္ဌာန်တရားမှာ သတိဆိုတာ ဘယ်ဟာကိုခေါ်သလဲ? "သရဏံသတိ၊ အသမ္မောဟော၊ သာ·သမ္ပယုတ္တဓမ္မာနံ သာရဏလက္ခဏာ" (အနက်) သရဏံ၊ အောင်းမေ့ခြင်း။ သတိ၊ အောင်းမေ့ခြင်း။ အသမ္မောဟော၊ မတွေဝေခြင်းကို။လုဗ္ဘတိ၊ ရအပ်၏။သာ၊ ထိုသတိသည်။ သမ္ပယုတ္တဓမ္မာနံ၊ ယှဉ်ဘက် တရားတို့အား။ သာရဏလက္ခဏာ၊ အောင်းမေ့ခြင်း လက္ခဏာရှိ၏ လို့ပြလှာပါတယ်။

ဒီတော့ သတိဆိုတာ.... သရဏံ—အောင်းမေ့ခြင်း၊ သတိ— အောင်းမေ့ခြင်း၊ သတိဆိုတာ သတိစေတသိက်ပါ၊ သတိဆိုတာ — အောင်းမေ့တဲ့ သဘောပါ၊ ဒါဟာ မတွေဝေတဲ့ သဘောပါ၊ တွေဝေတယ်ဆိုတာက အာရုံကို မဆုံးဖြတ်နိုင်တဲ့ သဘောပါ၊ ဒါကိုဓမ္မာစရိယဆရာတော်တွေ နားလည်ပါတယ်၊ ဒီတော့ သတိစေတသိက်ဟာ ဘယ်မှာ ယှဉ်သလဲ၊ သောဘဏစိတ် တခုယုတ်ခြောက်ဆယ်မှာ ယှဉ်တယ်၊ ဒါဟာ အဘိဓမ္မာအနေနဲ့ ဟောတာပါ၊ အမျိုးသမီးတွေ မှတ်ဖို့ကျတော့ သတိဆိုတာဟာ ပညာကထွက်လာတာပါ။

ဒီတော့ သတိကို တကယ်တွေ့ပြီလား၊ အခု ပြလိုက်တာက စာပေနယ်က သညာဝိညာဏ်သဘောတွေပါ၊ တကယ်တွေ့ချင်ရင် မဟာသတိပဋ္ဌာန် လုပ်ငန်းစဉ်ကို လိုက်ရမယ်၊ ဒါမှ ပညာသဘောအနေနဲ့တွေ့တဲ့ သတိတွေဖြစ်မယ်၊ ဒါမှပညာဖြင့်အပိုင်

တွေ့မယ်၊ ကိုင်း....သုတ္တန်နည်းကျတော့ သတိဆိုတာ အောင်းမေ့တဲ့ သဘောပါ၊ မှတ်တဲ့သဘောက သညာပါ၊ ဒါဟာ နာမ ပညတ်နဲ့ သဏ္ဌာနပညတ်ရိပ် ၂–ပါးကို မှတ်တာပါ၊ သတိကျတော့ ပရမတ်သဘောကိုမှတ်တာပါ၊ ဒါကိုရှေ့အာနာပါနကြီးကျရင် ထင်ရှားလာပါလိမ့်မယ်။

ဒီတော့ သတိကို သုတ္တန်နည်းနဲ့ရှာပြမယ်၊ ဒီတော့ ဘုရားရှင်က မဟာသတိပဋ္ဌာန် တရားတော်ကြီးကို ဟောတာဟာ ဘယ်ကထုတ်ပြီးဟောသလဲ၊ ဒါကိုရှာတဲ့ အခါမှာ မဂ္ဂင် ၈-ပါး ထဲမှာပါတဲ့ သမ္မာသတိလေးကိုထုတ်ပြီး ဟောတာပါလို့ စေတနာ လာကြပါတယ်၊ ဒီ မဂ္ဂင် ၈-ပါးဟာ ဘယ်မှာရှိတဲ့ မဂ္ဂင်လဲ ဆိုတော့ မဂ်စိတ် ၄–ခုမှာ ရှိတဲ့ မဂ္ဂင်ဖြစ်နေတယ်၊ ဒီတော့ မဂ်ကိုရတဲ့ပုဂ္ဂိုလ်နဲ့မှဆိုင်တယ်၊ မဂ်ကိုမရသေးတဲ့ ပုဂ္ဂိုလ်တွေနဲ့ မဆိုင်ဘူးလို့ယူလာကြတယ်၊ ဒီတော့ မဟာသတိပဋ္ဌာန် တရားတော်ကြီးဟာ မဂ်ကိုမရသေးတဲ့ ပုဂ္ဂိုလ်တွေအတွက်လဲ ဟောကြားပါတယ်လို့ အဋ္ဌကထာဆရာကြီးတွေက တဏှာစရိုက်ကို ၂-မျိုးခွဲပြီးပြလာပါတယ်။

တဏှာနည်းတဲ့ပုဂ္ဂိုလ်ကျတော့ ကာယာနုပဿနာသတိပဋ္ဌာန်ကို ဟောတယ်၊ တဏှာထက်တဲ့ ပုဂ္ဂိုလ်ကျတော့ ဝေဒနာနုပဿနာသတိပဋ္ဌာန်ကို ဟောကြားတော်မူတယ်၊ နောက် ဒိဋ္ဌိစရိုက် မပြတ်သေးဘဲသူကိုလဲ ၂မျိုးခွဲပြီး ဒိဋ္ဌိနည်းတဲ့ပုဂ္ဂိုလ်ကျတော့ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဒိဋ္ဌိထက်တဲ့ပုဂ္ဂိုလ်ကျတော့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ဟောကြားတယ်လို့ အဋ္ဌကထာဆရာကြီးတွေကပြလာပါတယ်၊ ဒီတော့ ဒီနေရာမှာ သတိဟာ မဂ် ၄-ပါးက သတိကိုမယူသေးဘဲ လိုက်ရှာရအုံးမယ်။

ဒီတော့ ဆရာတော်တို့ သာသနာတော်ကို ပါရမီမျိုးအနေနဲ့ ရှာလာတဲ့အခါမှာ မိုးကြိုးစက်ကြီးတွေကနေ ခွဲစိတ်ပြီးရှာလာဘော့မှ လက်တွေ့နည်း အနေနဲ့ ဖမ်းလို့ရလာပါတယ်၊ ဒါပေမဲ့ အခုတရားနာတဲ့ ပုဂ္ဂိုလ်တွေဟာ အင်မတန်မှ အသိဉာဏ် သေးနေသေးတဲ့အတွက် (ဝါ) နားသေးနေသေးတဲ့အတွက် မဟောပြသေးပါ၊ ဒီတရားတော်ကြီးဟာ ခြင်သေ့ဆီနှင့် တူပါတယ်၊ ခြင်္သေ့ဆီဟာ ရွှေခွက်နဲ့သာ ထိုက်တန်သလို အခု တကာ တကာမတွေက မြေခွက်တွေနဲ့ တူနေကြတဲ့အတွက် ခံယူလို့မလွယ်သေးပါ၊ ရွှေခွက်နဲ့ခံယူမှ ရမှာပါ။

ဒီတော့ အခု ဓမ္မစကြာ, အနတ္တလက္ခဏသုတ်, ဝိသာခါတရားတော်တွေကို ဟောကြားသာခဲ့ပါပြီ၊ အခုထည့်လို့ရသလောက်တော့ ရသွားကြပြီ၊ ကိုင်း....ထည့်ပြမယ်၊ သဘာဝမပိုင်သေးရင်လဲ မသိတဲ့အတိုင်းသာထားပါ၊ မဟုတ်ဘူး, မမှန်ဘူးလို့တော့ မဆိုလိုက်ပါနဲ့၊ တကာ တကာမတွေရဲ့အတွက် ပြောရတာပါ၊ ပြောလိုက်ရင်ဘဲ မိုးကြိုးစက်ကြီးတွေ ကျလာပါလိမ့်မယ်၊ အခုသဘောမကျသေးရင် အသာထားပါ၊ နောက်တော့ သဘောကျလာပါလိမ့်မယ်။

ကိုင်း...."အဘိဘာနာဂတာစ္စုပ္ပန္န အနိစ္စ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန" ဆိုပြီး ကာလ ၃-ပါး ရုပ်နာမ်ကို သိမ်းလိုက်တဲ့အခါမှာ ပစ္စုပ္ပန်မနောဝိညာဏ်ဝေဒနာ ရုပ်ကျန်နေတယ်၊ ဒီကနေ ဥဒယဗ္ဗယဉာဏ်ကို တက်တော့မယ်ဆိုတော့ ခန္ဓာလေးတွေကို ဆွဲထုတ်လာရတယ်၊ အတိတ်က မှတ်လာတဲ့ သညာကျတော့ သညာက္ခန္ဓာ အနာဂတ်ကို တွေးကြံတဲ့ သညာကျတော့ သင်္ခါရက္ခန္ဓာဆိုပြီး ဆွဲတင်လာတယ်၊ နောက်

အတွင်းအပြင် အကြမ်းအနု အယုတ်အမြတ်အဝေးအနီးတွေကနေ ခန္ဓာပေါ်ရအုံးမယ်။

အတိတ်ကာလကြီးကိုလဲ ဖြတ်ချလိုက်ရော မနောဝိညာဏ်ကြီးဟာ ဘယ်လိုဖြစ်နေပြီလဲ၊ ဥပမာ....ဂဏန်းကောင်ကြီးကို (၀၁)ပုဇွန်လုံးကြီးကို ခြေမ, လက်မတွေ အားလုံးကို ချိုးလိုက်တော့ ဘယ်ကိုမှ မသွားနိုင်တော့သလို အခုလဲ အတိတ်ကာလ, အနာဂတ်ကာလကို ချိုးလိုက်တော့ မနောဝိညာဏ်ရိပ်ကြီးဟာ ဘယ်လိုဖြစ်နေပြီလဲ၊ မနောဝိညာဏ်ကြီးထဲကနေ အခုခန္ဓာလေးတွေကို ဆွဲထုတ်လာပြီ၊ ထွက်လာတဲ့ခန္ဓာလေးတွေဟာ ပရမတ်ဆတ်ဆတ်လေးတွေပါ၊ ဘာကြောင့်လဲ သူတို့မှာ နာမပညတ်နဲ့ သဏ္ဌာနပညတ်တွေကို မဆွဲသေးပါ။

ဒီတော့ ဥဒယဗ္ဗယဉာဏ်ကို တင်ချင်လာရော အတိတ်စွန်း သညာလေးကျတော့ သညက္ခန္ဓာ၊ အနာဂတ်စွန်း သညာလေးကျတော့သင်္ခါရက္ခန္ဓာ၊ ပစ္စုပ္ပန်သညာလေးကျတော့ ဝေဒနက္ခန္ဓာ၊ ဒီခန္ဓာ ၃-ကောင်ပေါ်မှာ အုပ်ချုပ်နေတာက ဝိညာဏက္ခန္ဓာ၊ ဒီနေရာမှာ သညာဝိညာဏ်လို့ မခေါ်နိုင်တော့ပါ၊ အကျိုးဝိညာဏ်ကြီးဟာ သေသွားပြီ၊ အကြောင်း ဝိညာဏ်ကြီးသာ ကျန်တော့တယ်၊ ဒီမနောဝိညာဏ် သေသွားရင်ဘဲ အင်မတန်မှ တန်ဘိုးရှိလာပါပြီ၊ သံသရာ ၃-ကြောင်း၊ ၃-သွယ်ဖွင့်သော်လဲ သူမကြောက်တော့ပါ။

ဒီတော့ခန္ဓာပေါ်လာတယ်ဆိုတာနဲ့ မနောဝိညာဏ်ကြီးဟာ ဇာတ်သိမ်းသွားပြီ၊ အခု ခန္ဓာလေး ၄ ကောင်ကို မိအောင် ဖမ်းပြီး ဥဒယဗ္ဗယခုံရုံးကို တင်လာတယ်၊ ဒီတော့ ဥဒယဗ္ဗယ

ခုံရုံးက မင်းတို့ဟာ ဘာ့ကြောင့်ပေါ်နေတာလဲလို့ မေးတော့ အစွဲ ၄–ချက်ကြောင့် ပေါ်နေတာပါလို့ ပြောမယ်၊ ဥပါဒါန် အနုလောမ တရားခေတ်တုန်းကလိုမဟုတ်တော့ပါ၊ ဒီခန္ဓာလေး ၄ ကောင်ဟာ နှလုံးအိမ်ထဲမှာ ရှိနေတယ်။

ဒီခန္ဓာလေး ၄ ကောင်က ဒီစိတ်စေတသိက်တွေနှင့် တကွ ခန္ဓာကိုယ်ကြီးကို အုပ်ချုပ်နေတယ်၊ အုပ်ချုပ်နေတဲ့ အတွက် အဆင်း၊ အကြည်၊ အမြင်၊ အသိလို့ ဆိုတာက ရုပ်နာမ်စခန်းက နေပြောတာပါ၊ ယခု ဒီနေရာမှာ အဆင်း အကြည် သညာ ဝိညာဏ်တွေဟာ ဒီခန္ဓာ ၄–ကောင် ပါလာမှ အကျိုးအကျ ခံစားလို့ ရနိုင်တာပါ၊ ခန္ဓာမှ မပါရင် ပေါင်းဆုံရုံသာရမယ့် အာရုံကို အတိအကျဆုံးဖြတ်လို့ မရပါ၊ ဒီခန္ဓာလေးတွေရှိသာမှ ဆုံးဖြတ်လို့ ရပါတယ်။

ဒီတော့ သတိရဲ့ သဘောလေးကို ဆွဲပြမယ်၊ အဆင်း၊ အကြည် အမြင်၊ အသိ ဒီ ၄ ပါး ပေါင်းတာက ရုပ် နာမ် သဘောပါ၊ ဒီ ၄–ပါးဟာ သူ့သဘာဝနဲ့ သူပေါင်းနိုင်သလား၊ ဥပမာ.... ဟင်းခွက်ကိုရှေ့မှာချပြီး လက်ကနှိုက်လိုက်ဘယ်၊ ဒါဟာလက်က နှိုက်တာလား၊ ဒီတော့ လက်ကလဲ အဗျာပါရအနတ္တာဘဲ မဟုတ် လား၊ ဒီတော့ လက်ကို ဘယ်သူက အနှိုက်ခိုင်းသလဲ၊ ရုပ် နာမ် ပိုင်းတုန်းက သညာဝိညာဏ်က ခိုင်းတယ်လို့ ပြောလာပါတယ်။

အခု မဟာသတိပဋ္ဌာန် အာနာပါနကျတော့ ဒီလို မပြော တော့ပါ၊ ဒီလိုပြောရင် နာမပသဘ်နဲ့ သဏ္ဌာန်ပညတ်ရိုင်တွေ ပါလာမယ်၊ ဒီတော့ သူ့ထက် ခိုင်လုံဘဲ့ ဟာကို (ဝါ) သဘာဝ ရှိတာကို ရှာစမ်းပါဦး၊ ကိုင်း....ဒီတော့ စိတ်ဝိညာဏ်က

ခိုင်းတာဟာ ဘယ်စိတ်ဝိညာဏ်က ခိုင်းတာလဲ၊ ထောက်ပြပါ၊ ဒီတော့ မဟာသတိပဋ္ဌာန်တရားတော်ကြီးနဲ့ ထောက်ပြီးပြောပြမယ်၊ " ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ အနိဿိတောစ ဝိဟရတိ၊ နစ ကိဉ္စိ လောကေ ဥပါဒိယတိ " လို့ ပြလာတဲ့အတိုင်း မဟာသတိပဋ္ဌာန်ကြီးရဲ့ အပုဒ်တိုင်း အပုဒ်တိုင်းမှာလို ပါလာပါတယ်၊ ဒါဟာသတိလေးကို ပြလာတာပါ။

ဒါကို လုပ်ငန်းစဉ်အနေနဲ့ မခံယူနိုင်လို့ မသိကြတာပါ၊ ဒါကို ဘုရားရှင်က သတိလေးဘဲဆိုပြီး လက်ညှိုးထိုးပြီးပြထားတဲ့ပါ၊ ပြောပြမယ်· ပညာရဲ့ရှေ့သွားဟာ သတိပါ၊ သတိရဲ့ ရှေ့သွားဟာ သဒ္ဒါတရားပါ၊ ဒီ ၃ ပါးကနေ ထွက်လာတာကျတော့ သမာဓိပါ၊ နောက်ဆုံး ဝိရိယနဲ့သာ ပြီးချုပ်တာဘဲ။

ဒီတော့ ဣန္ဒြေ ၅ ပါး၊ ဗိုလ် ၅ ပါးဟာ အရေးကြီးပါတယ်၊ ဒါတွေပြည့်စုံလာမှ မဂ်ကိုရတယ်ဆိုတာကို ပရိယတ်က ဝန်ခံထားပြီ မဟုတ်လား၊ ဒီတော့ ပြောပြမယ်၊ ပညာရဲ့ရှေ့သွားဟာ သတိပါ၊ ဒါဟာ ဗိုလ် ၅-ပါးရဲ့လုပ်ငန်းစဉ်ပါ၊ ဘုရားရှင် မဟာသတိပဋ္ဌာန် တရားတော်ကြီးကို ဟောကြားတဲ့အခါမှာ မဂ္ဂင် ၈-ပါး သတိကို ယူထားသော်လဲ ဒါတွင်မဟုတ်သေးပါ၊ ကာလ ၃-ပါးကို ဖြတ်လိုက်တော့ ခန္ဓာလေးတွေ ထွက်လာတယ်၊ အတိတ်စွန်း သညာက္ခန္ဓာ၊ အနာဂတ်စွန်း သင်္ခါရက္ခန္ဓာ၊ ဒီ ၂-ကောင်လဲ့ရှိလာရော ဟင်းခွက်ကြီးကို လက်ကြီးက နှိုက်လာတာပါ၊ ဒီတော့ ရုပ်သေလို့ သညာက္ခန္ဓာ ထွက်လာတာပါ၊ နာမ်သေတော့ သင်္ခါရက္ခန္ဓာ ထွက်လာတယ်၊ ဒီမှာ နာမပညတ်နဲ့သဏ္ဌာနပညတ်ရိပ်တွေရှိနေသေးတယ်၊ ဒီတော့ ဒီသညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာပြဋ္ဌာန်းပြီးတော့ ဟင်းခွက်ကို လက်ကနှိုက်လာတာပါ။

ဒီ ၂-ပါးဆုံလိုက်တဲ့အခါမှာ သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာတို့က သတိလေးအနေနဲ့ထွက်ပြီးတော့မှ ဝိညာဏက္ခန္ဓာကြီးက စားပွဲထိုင်လာတယ်၊ ဒီတော့သတိဆိုတာ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာပါ၊ ဒီတော့ သူတို့ဟာ ဝိညာဏ်ရိပ်ကြီးလဲ ပြာကျရော ရုပ်သေတော့ သညက္ခန္ဓာထွက်လာတယ်၊ နာမ်သေတော့ သင်္ခါရက္ခန္ဓာထွက်ပြီး ဒီ ၂ ကောင်ဟာ အနွတွေရဲ့နှလုံးအိမ်ထဲမှာ ပစ္စုပ္ပန်ဝေဒနာရိပ် ခံစားချင်တဲ့ အစဉ်အနေနဲ့ရှိနေတယ်၊ ဒါ့ကြောင့်ဟင်းခွက်ကြီးကို သွားနှိုက်တာပါ၊ ခံစားချလိုက်ဘဲ့ အခါကျတော့မှ သတိအနေနဲ့ ခံစားလာတာပါ၊ ခန္ဓာအနေနဲ့ ထွက်လာတုံးကတော့ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာပါ။

အဆင်း, အကြည်, အမြင်, ဓာသိ ၄ ပါးလဲ ဆုံလိုက်ရောသတိဆိုပြီးတော့ ခံစားလာတာပါ၊သမ္ပယုတ်တရားတွေကိုအကုန်လုံး ခဲ့လာမဲလာတော့တယ်၊ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာလို့ပြောတာက ဝိညာဏက္ခန္ဓာထဲမှာရှိနေတာကို ပြောတာ၊၄-ပါးဆုံလိုက်တဲ့အခါကျတော့မှ သတိလေးက ဣဋ္ဌ,အနိဋ္ဌ- ကောင်းမကောင်းဆိုပြီး ခံစားလာတာပါ၊ ဒီတော့ သတိလေးကို အသေအချာ သိလာရင်ဘဲ အဘိဇ္ဈာ ဒေါမနဿ လောကကြီးကို သတိရဲ့နောက်က ပေါ်လာတဲ့ ပညာကြီးက တိုက်ဖျက်ပစ်တော့မယ်၊ ဒီ ပုဂ္ဂိုလ်တွေမှ အဲဒါ အဘိဇ္ဈာ ဒေါမနဿလောကကြီး မပေါ်အောင် တိုက်ဖျက်လာနိုင်ပါတော့မယ်။

ဒီတော့ မြင်လိုက် ကြားလိုက်တဲ့ အာရုံတွေမှာကို သတိနဲ့ပညာဝင်ပြီးချလိုက်ရင် အဘိဇ္ဈာဒေါမနဿ လောကကြီးဟာ မပေါ်တော့ပါ၊ ဒီသဘာဝကို မြင်အောင်လို့ ဘုရားရှင်က မဟာသတိပဋ္ဌာန်တရားတော်ကြီးကို လုပ်ငန်းစဉ်နှင့်တကွ ပေး

တာပါ၊ အဲဒါ သတိလေးကို မိအောင်ဖမ်းခိုင်းတာပါ၊ ဒီတော့ "ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ အနိဿိတောစ ဝိဟရတိ၊ နစ ကိဉ္စိ လောကေ ဥပါဒိယတိ " လို့ ဟောတဲ့ သုတ္တန်အတိုင်း သတိကိုမြင်ပြီလား၊ ဒီသတိလေးနဲ့ဘဲ ရှေ့ကို တက်သွားရအုံးမယ်။

ဒီတော့ အာနာပါနအပိုင်း သမ္ပဇဉ်အပိုင်းတွေမှာလဲ ဒီသတိနဲ့ဘဲ တက်ရမှာဘဲ၊ ဒီသတိလေးကို ဖမ်းနိုင်လာမှ အာနာပါနအပိုင်း သမ္ပဇဉ်အပိုင်းတွေကို အလွယ်တကူနဲ့ တက်နိုင်လာမယ်၊ ကိုင်း.... ဒါကို နားလည်ရင် ၅-ပါးသောအပေါက်တွေကို မဟာသတိပဋ္ဌာန်တရားနဲ့ ဘယ်လိုပိတ်မလဲ၊ နေ့ခင်းပိုင်းက ဥပမာ ကပ်ပြီး ပြလာခဲ့ပါပြီ၊ ဒီတော့ ဆွမ်းစားတဲ့အခါမှာ ဘယ်လို ဆင်ခြင်မလဲ ? " ဣမံ ပိဏ္ဍပါတံ ဓာတုမတ္တကမေဝ၊ တထေဝ ပရိဘုဉ္ဇိတောပိ ဓာတုမတ္တကမေဝ " ဒီလို ဆင်ခြင်လို့ဘော့ ရမတော့ပါ။

ကိုင်း....လုပ်ငန်းစဉ်အနေနဲ့ ပြောပြမယ်၊ ဥပမာ ဟင်းခွက်ကို စားမလို့ နှိုက်လိုက်တဲ့အခါမှာ ဘယ်လိုနှိုက်မလဲ၊ ဒီဟာကို ယခု ဆရာတော်ပြောတဲ့ မနောဝိညာဏ်ကြီးက ပေါ်လာတဲ့ ခန္ဓာလေး ၄-ကောင်တွေကို နားလည်ထားရမယ်၊ (ဝါ) မြင်ရမယ်၊ ဟင်းခွက်ကို နှိုက်လိုက်တာက ဘယ်ခန္ဓာရဲ့ဗျာပါရလေးလဲဆိုရင် သညာက္ခန္ဓာရဲ့ဗျာပါရလေးပါ၊ ဘာကြောင့်လဲ၊ ဒီခန္ဓာဟာ ရုပ်သဘော အတိတ်စွန်းခန္ဓာလေးပါ၊ သူက အာရုံကို အရင်ယူရ ပါတယ်၊ ဒီတော့ ဟင်းခွက်ကို နှိုက်လိုက်တာဟာ နာမပညတ် ရိပ်လို့ မယူတဲ့အတွက် အတိတ်စွန်း သညာက္ခန္ဓာလေးလို့ ခေါ် တာပါ၊ ဒါ သတိလေး ထွက်လာပြီ။

ဟင်းဖတ်ကို ယူလာတာကျတော့ အနာဂတ်စွန်း သင်္ခါရက္ခန္ဓာလေးပါ၊ နောက် ပါးစပ်ထဲထည့်ပြီး ဝါးနေတဲ့အခါ ကျတော့ ဝေဒနာက္ခန္ဓာလို့ခေါ်တယ်၊ နောက်ဆုံး မျိုလဲချလိုက်ရော ပညတ်ရုပ်တွေနဲ့တကွ ဆုံးဖြတ်လာတာကျတော့ ဝိညာဏက္ခန္ဓာကြီးပါ၊ အဲဒီလို အပေါက် ၅-ပေါက်ကဝင်နေတဲ့ အာရုံ ၅-ပါးတွေကို ဒီ ခန္ဓာလေး ၄-ကောင်နဲ့ မြင်အောင်ရှုနိုင်လာရင် တန်ဘိုးရှိလာပြီ။

အစား ကာမခဲတ်မှာကို သတိပဋ္ဌာန်နည်းဖြင့် ဒီနာမ်ခန္ဓာလေး ၄-ကောင်ပေါ်အောင် စားနိုင်လာရင် သတိလေးဟာ ပွားစီးလာတော့မယ်၊ ပွားစီးလာရင်ဘဲ ဘယ်အာရုံဘဲတွေ့တွေ့ သတိလေးက တားဆီးလာတော့မယ်၊ ဒီတော့မှ အဘိဇ္ဈာဒေါမနဿလောကကြီးဟာ မဖြစ်တော့ဘဲ ပညာကသတ်နိုင်လာပြီ၊ ဒီလို မဟာသတိပဋ္ဌာန်တရားကြီးနဲ့သာ စားသောက်နိုင်လာရင် အဲဒါ ဇွန်းသံ့ ပုဂံသံ မကြားတော့ဘဲ ဆိတ်ငြိမ်လာတော့မယ်၊ ဒါကြောင့် ကိုယ်တွေ့လက်တွေ့ဖြစ်အောင် မဟာသတိပဋ္ဌာန်တရားတော်ကြီးကို ပွားများတော်မူကြပါ၊ ပွားများတော်မူနိုင်ကြပါစေသို့မေတ္တာပို့လိုက်ပါသည်။

ကိုင်း.... သာဓုသာ ခေါ်ကြပါတော့

သာဓု....သာဓု....သာဓု။

---

## ဝါခေါင်လဆုတ် ၅-ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၁၆)

ညက သညာနဲ့သတိကွာခြားပုံကို ဓမ္မာစရိယ ပုဂ္ဂိုလ်များ အတွက် ဟောကြားခဲ့ပါပြီ၊ ဒီတော့သဘာဝကိုသာ တွေ့မယ် ဆိုရင် နှိုက်သာနှိုက်ပါ၊ သဘာဝကို နှိုက်နိုင်သမျှ နှိုက်ရမယ်၊ သဘာဝမှ မနှိုက်နိုင်သေးရင် သမ္ဗဇညတရား မရှိသေးပါ၊ဒီတော့ ခန္ဓာလေးတွေကိုဘဲ သဘာဝ နှိုက်ရအုံးမယ်၊ ဒီခန္ဓာတွေကို သဘာဝ ၃-ချက်သောက် နှိုက်လိုက်ရင် မဂ်ကိုဆိုက်ပါတယ်၊ ဒီလိုကိုမနှိုက်နိုင်ကြသေးပါ၊ ဘာကြောင့်လဲ တရားနာယူတဲ့အခါ မှာ "ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသို့ ဂျိကျိုးနွားလား ဒွန်းစဏ္ဍား ပမာ" ကျိုးနွံမှုဟာလိုနေသေးတယ်၊ အဲဒါဟာ ၂၉ ပါးသော ကံတရားနယ်က ဆင်းလာကြတဲ့အတွက်ကြောင့် ကျိုးနွံမှုဟာ လိုနေတာပါ။

ဒီတော့သဘာဝကိုမှ မနှိုက်နိုင်သေးရင် မဂ်ဖိုလ် တရားကို တက်ဘို့ရာ ခဲယဉ်းပါသေးတယ်၊ ဒီတရားရဲ့ အပေါ်မှာကို ကျိုးနွံမှု၊ ရိုသေမှု၊ ပွားများမှု၊ ဆင်ခြင်မှု၊ သုံးသပ်မှုတွေ အများကြီးလိုနေသေးတယ်။ ဒါကြောင့်....သူများကပေးတာဘဲ ရမယ်၊ ဒီတော့ ကိုယ့်ရဲ့နှလုံးအိမ်ထဲက ထွက်ပြီး မယူနိုင်သေး တာဟာ သဘာဝကို မနှိုက်နိုင်သေးကြလို့ပါ၊ နှိုက်နိုင်ရင် ယခု ပုံစံမှာ ရေးထားတာကို နှိုက်ကြည့်စမ်းပါအုံး၊ သညာက္ခန္ဓာကို ဒဿနဋ္ဌ၊ သင်္ခါရက္ခန္ဓာကို နိယျာနဋ္ဌ၊ ဝေဒနက္ခန္ဓာကို ဟေတုဋ္ဌ၊ ဝိညာဏက္ခန္ဓာကို အဓိပတေယျဋ္ဌ– ဒီသဘာဝတွေ ထားတာကို နှိုက်စမ်းပါ၊ နှိုက်ဖို့ရာကို မဆိုးထားနဲ့ ယခုဟောနေတာကိုပင် နားလည်အောင် မနဲကြိုးစားနေရတယ်မဟုတ်လား။

ဒီတော့ မဟာသတိပဋ္ဌာန်တရားတော်ကြီးကို အားထုတ်မယ် ဆိုရင် ပဌမ "အာတာပီ, သမ္ပဇာနော, သတိမာ" ဒီအကြောင်း အင်္ဂါ ၃-ချက်နဲ့ ညီရမယ်၊ ဒီတော့ အာတာပီ အရိုးကြေကြေ အရေခန်းခန်း ကြိုးပမ်းသော အားလုံးလနဲ့ အားထုတ်ရမယ် ဆိုဘာဟာ အဲဒါ အစွဲလောက နတ်ဂိုဏ်း, ဝိဇ္ဇာဂိုဏ်းသမား တွေကသဲ့ တကယ်အားထုတ်နေကြတယ်၊ သူတို့မှာ သက္ကာယ ဒိဋ္ဌိကြီး ဦးစီးပြီး သညာဝိညာဏ်နဲ့ အားထုတ်နေကြတယ်၊ ဒီ လိုပုဂ္ဂိုလ်တွေ အားထုတ်နေတာကို အာတာပီ လို့ ခေါ်မလား၊ အဲဒါ လောကီသိဒ္ဓိ ၁၀-ပါးရအောင်၊ ဝိဇ္ဇာကြီးဖြစ်အောင်၊ ပျောက်ဆေးဆရာကြီးဖြစ်အောင်၊ အားထုတ်နေကြတဲ့ သူတွေကို အာတာပီလို့ ခေါ်မလား၊ မခေါ်နိုင်ပါ—သညာဝိညာဏ်နဲ့ လုပ် နေတဲ့သူကို အာတာပီလို့ မခေါ်နိုင်ပါ။

ဘယ်လို ပုဂ္ဂိုလ်မျိုးက ဘယ်လိုအားထုတ်မှ ခေါ်မှာလဲ• အကြောင်းပြပါ၊ ဒီတော့....အာဘာပီ- ပူပန်ခြင်း၊ အာတပ္ပန်— ပူပန်ခြင်း၊ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ အတ္တပ္ပနာ၊ ပူပန်ခြင်း သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထိုကြောင့်။ အာတာပီ၊ အာတာပီ မည်၏။

အဲဒါ သူ့မှာ ပူပန်စေတတ်တဲ့ ကိလေသာတွေကို ဒီခန္ဓာ ကြီးက ကွာကျသွားအောင် ပူပန်လာတဲ့သူမှ အာတာပီလို့ခေါ် တယ်၊ ဒီတော့ ဥဒယဗ္ဗယဉာဏ်ကြီးကစပြီးတော့ အစွဲလောက ကြီးကို မြင်ပြီး ပူလာရင်ဘဲ ထိုပုဂ္ဂိုလ်မှာ အာတာပီ ရှိနေပြီ၊ အာတာပီဓာတ်ရှိနေရင် ဘယ် အရပ်မှာဘဲနေနေ တရားရှိတဲ့ (ဝါ) တရားဟောတဲ့ နေရာကိုလာတော့မယ်၊ အာတာပီ ဓာတ်မှမရှိ ရင် မနာနိုင်ပါ၊ ဒီတော့ ပူပန်တယ်ဆိုတာဟာ ကိလေသာတရား

တွေ ကင်းစင်သွားအောင် သို့မဟုတ် ကုန်ခန်း သွားအောင် ဘယ်လိုလုပ်ရမလဲလို့ ပူပန်လာတာမျိုးပါ။

ဒီတော့ သညာဝိညာဏ်ဖြင့် တကယ်လုပ်နေသော်လဲ အဲဒါ အာတာပီခါတ်ဟာ မရှိသေးပါ၊ ပညာမြင် ဥဒယဗ္ဗယဉာဏ် ကြီးကို ပိုင်လာမှ အစဉ်ပူပန်တဲ့ အာတာပီခါတ်ဟာ ရှိလာမယ်၊ ဒီသဘာဝတွေကို ကိုယ့်ဟာကို စဉ်းစားကိုက်ကြည့်ပါ၊ ဒါက အင်္ဂါတပါးပါ၊ ဒီ အာတာပီခါတ်ဟာ ဥဒယဗ္ဗယဉာဏ်ကြီးမှာ ဘယ်သဘာဝကနေ ထွက်လာသလဲ၊ ညက အကျဉ်းနည်းဖြင့် ပြောလာခဲ့ပြီ၊ ပညာရဲ့ရှေ့သွားဟာ သတိပါ၊ သတိရဲ့ရှေ့ သွားဟာ သဒ္ဓါတရားပါ၊ ဒီ ၃-ပါးညီမျှနေဟာ သမာဓိပါ၊ ဒီ ၄-ပါးရဲ့ရှေ့သွားဟာ ဝိရိယပါ၊ ဒီတော့ ဝိရိယက ရှေ့သွား ပြုပြီး ဆွဲနေတာကို အရင်က ပြောသံသာ ကြားဘူးခဲ့ကြတယ်၊ လက်တွေ့ လုပ်ခဲ့သလား မလုပ်ခဲ့ပါ။

ကိုင်း....ဒီတော့ ဥဒယဗ္ဗယဉာဏ်ကြီးကနေ အာတာပီခါတ် ဟာ ဘယ်သဘာဝကနေ ထွက်လာသလဲ၊ ဒါကို တရားတခါ နားရင် ဖြေနိုင်ရမယ်၊ ဖြေနိုင်လာမှ ဒီ ပရိသတ်ရဲ့အပေါ်မှာ ကြေနပ်မယ်၊ ဒီတော့ ဥဒယဗ္ဗယဉာဏ်ကြီးကိုပိုင်မှ အာတာပီ ခါတ်ဟာ ရှိလာမယ်၊ ဥဒယဗ္ဗယဉာဏ်က ထွက်လာတဲ့ ပညာကိုမှ အာတာပီလို့ ပြောတာပါ၊ ဒါကိုရှာရမယ်၊ အခုပြောနေရတာက မရောင်ရာ ဆီလူး ဖြစ်မှာစိုးလို့ ပြောနေရတာပါ၊ အာတာပီ ခါတ်မှမရှိဘဲ နေပူမိုးရွာမရှောင် သွားပြီးအားထုတ်နေရင် သေသွားမှာစိုးလို့ သတိပေးလိုက်တာပါ၊ အဲဒါ မရောင်ရာဆီလူး ဖြစ်သွားမယ်၊ ဒီလိုလုပ်နေတဲ့ အလုပ်တွေမှန်ရင် အရှုံးအလုပ် တွေပါ၊ အာတာပီခါတ်မရှိဘဲနဲ့ လုပ်နေတဲ့ အလုပ်ခတ မှန်ရင် သက္ကာယဒိဋ္ဌိကြီးက ခိုင်းနေလို့ပါ၊ ဒီအစွဲကြီးက ပိုပြီးကြီးနေ

တယ်၊ တနေ့အပါယ် ၄ ပါးကျမှာတောင် စိုးရပါသေးတယ်၊ ဒါကြောင့် သတိထားကြပါ။

နောက်.... သမ္မာဒိဋ္ဌိ—ရုပ်နာမ်ဓမ္မ သဘာဝတရားတို့၌ စူးယှဉ်သော ဉဒယဗ္ဗယဉာဏ်နဲ့ ခွဲနိုင်တဲ့ (ဝါ) တောင်ထွဋ်တောင် များကို ခွဲနိုင်တဲ့ ဝရဇိန်မိုယ်းကြိုးကျသွားနဲ့ တူတဲ့ ပညာဉာဏ် နဲ့လဲ ပြည့်စုံရမယ်၊ ဒါကတချက်၊ နောက် သတိမာ–ဆိုဘာက ခန္ဓာကိုယ်ကြီးမှာကို အားထုတ်လာတဲ့ သတိလေးတွေဟာ ရှိနေ ရမယ်၊ ဒီတော့ ထမင်းစားတဲ့အခါမှာ ဟင်းလျာကိုဘဲ အရင် ပွားများပါအုံး၊ ဘာကြောင့်လဲ ထမင်းက မပြဌာန်းပါ ဟင်း လျာကသာ ပြဌာန်းတဲ့အတွက်ကြောင့်ပါ၊ အဲဒါ ဟင်းလျာရဲ့ အပေါ်မှာကို ခန္ဓာလေး ၄ ကောင်ပေါ်အောင် အားထုတ်နိုင် လာရင်ဘဲ၊ (ဝါ) ပွားများနိုင်ရင်ဘဲ တဏှာဒိဋ္ဌိတကို ပယ်နိုင် လာပြီ၊ ဒီတော့မှ အဘိဇ္ဈာဒေါမနဿလောကဟာ မဖြစ်တော့ပါ၊ ဒီတော့မှ လုပ်ငန်းစဉ်နဲ့တကွ ပွဲခံနိုင်တဲ့ ပုဂ္ဂိုလ်တွေဖြစ်မယ်။

ဒီ သတိမာဟာလဲ အားထုတ်လာဘဲ သတိရှိရမယ်၊ ဒီတော့ ဉဒယဗ္ဗယဉာဏ်ကြီးကနေ အာတာပီဓာတ်ဟာ ဘယ်သဘာဝ ကနေ ထွက်လာသလဲ၊ သမ္မာဒိဋ္ဌိဓာတ်ကလဲ ဘယ်သဘာဝကနေ ထွက်လာသလဲ၊ သတိမာကလဲ ဘယ်ကနေထွက်လာသလဲ ဒါကို ဖြေနိုင်လာရင်ဘဲ ဒီဘဝနဲ့ မဂ်ကိုရနိုင်လာပြီ။ ဒီတော့ အာနာ ပါန တရားကို တက်တဲ့အခါမှာ ဉဒယဗ္ဗယဉာဏ်ကြီးကိုကျမှ တက်လို့ရပါတယ်၊ ဒီ ဉဒယဗ္ဗယဉာဏ်ကို ချေလိုက်ဘဲ့အခါမှာ အာတာပီ, သမ္မာဒိဋ္ဌိ, သတိမာဆိုတဲ့ ဒီ ၃-ချက် ထွက်လာတယ်၊ ဒါက အကြောင်းတရားပါ။

ဒီအကြောင်း ၃ ချက်နဲ့ ညီလာရင်ဘဲ အဘိဇ္ဈာဒေါမနဿ လောကကြီးကို ပယ်ဖျက်နိုင်တဲ့ ဝိနေယျ ထွက်လာဘာပါ၊ ဒါက

အကျိုးတရားပါ၊ဒီအင်္ဂါ ၄-ချက်နဲ့ ညီရမယ်၊ ဒီတော့ ဥဒယဗ္ဗယ ဉာဏ်ကြီးထဲက အာတာပီ၊ သမ္ပဇာနော၊ သတိမာ ဒီ ၃-ချက်ကို နှိုက်ပါ၊ နှိုက်နိုင်လာရင်၊ ဒီဘဝနဲ့ မဂ်ကို ရနိုင်ပြီ၊ ငါတော့ "သဒ္ဒေါစ အပ္ပါဗာဓော အမာယာဝီ ဝိရိယော ပညာဝါ" ဆိုတဲ့ ပဓာနိယင်္ဂတရားကို ရလာရင် သဘာဝကို နှိုက်နိုင်လာပြီ ကိုင်း....ပုံစံကို သွားကြအုံးစို့ရဲ့၊ ဒီ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ ဝေဒနက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဒီခန္ဓာတွေဟာ ဘယ်ကပေါ်လာ သလဲဆိုရင် ကာလ ၃-ပါး ခံရုံးကနေ ပေါ်လာတာပါ၊ ဒါကို ဝိပဿနာက ဒိဋ္ဌဟိတ်ခန္ဓာလို့ခေါ်တယ်၊ အခု မဟာသတိပဋ္ဌာန် တရားတော်ကြီးက ဒီလိုမပြောတော့ပါ၊ ဒီခန္ဓာ ၄-ကောင်ကို ဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ်တွေ တချက်ထဲ သတ်လိုက်တာနဲ့ မဂ်ကို တခါထဲတန်းဝင်နိုင်တယ်။

ဒီတော့ တရားခံအဖြစ် တင်ထားတဲ့ ခန္ဓာ ၄-ကောင်ဟာ ဘယ်ကပေါ်လာသလဲ၊ အတိတ်စွန်းက သညက္ခန္ဓာ၊ အနာဂတ် စွန်းက သင်္ခါရက္ခန္ဓာ၊ ပစ္စုပ္ပန်က ဝေဒနက္ခန္ဓာ၊ ဒီ ၃-ပါးပေါင်း တော့မှ ဝိညာဏက္ခန္ဓာ၊ ငါလို အဟိတ်ခန္ဓာဟာ ပေါ်လာတာပါ၊ ဒီခန္ဓာ ၄-ကောင်ကို တချက်ထဲဖြတ်ပြီး၊ မဂ်ကို ဝင်လို့ရတယ်၊ ကိုင်း....ဘယ်လိုသတ်မလဲ၊ သတ်ဆေးကို ပြောပြမယ်၊ "ဒဿနဠ နိယျာနဠ၊ ဟေတုဠ၊ အဓိပတေယျဠ" ဒီ ၄ ချက်နဲ့ သတ်ရမယ်၊ ဒီ ၄- ချက်နဲ့သတ်လိုက်မှ မဂ်ကို တချက်ထဲဝင်သွားမယ်၊မဂ်ကို မရသေးရင် အဲဒါ ၅-ပါးသော ပသာဒတွေမှာကိုသတိပဋ္ဌာန် တရားကြီးဟာ ရသွားပြီ၊ (ဝါ) လုံးဝပိုင်သွားပြီ၊မဂ်ကိုရမယ် ဆိုရင်လဲ တရှိန်ထဲရသွားမယ်။

ပြောပြမယ်–သောတာပတ္တိမဂ်နဲ့ သကဒါဂါမိမဂ်ကို ရရင် ၅ ပါးသော ပသာဒတွေမှာကို မဟာသတိပဋ္ဌာန်တရားကြီးဟာ

ပိုင်သွားပြီ၊ အဲဒါကြောင့် တွေ့လိုက်တဲ့အခါမှာကို သိမ်းဆည်းနိုင်လာပြီ၊ ဒီတော့ လျှပ်ပေါ် လော်လီတဲ့တဏှာတွေကို သိမ်းနိုင်လာပြီ၊ အဲဒါသတိတရားဟာ အမြဲခင်နေပြီ၊ ဘယ်လို ဝင်နေသလဲ၊ (ဥပမာ) ဟင်းလျာကို ဆယ်တဲ့အခါမှာ (ဝါ) အာရုံတွေနဲ့ တွေ့တဲ့အခါမှာ နာမ်ခန္ဓာလေး ၄-ကောင်ကိုသတ်ထားတဲ့ အကျက်ကြောင့် ၅-ပါးသော ပသာဒတွေမှာ အဘိဇ္ဈာဒေါမနဿလောကကြီးဟာ မပေါ်တော့ပါ။

ကိုင်း...ခန္ဓာလေး ၄-ကောင်ကို ဘယ်လိုသတ်မလဲ၊ သတ်ဆေးထုတ်ထားပြီ၊ သတ်လိုက်မှ ၅-ပါးသော ပသာဒတွေမှာ အဘိဇ္ဈာ ဒေါမနဿ လောက မပေါ်တော့ပါ၊ ဒီလိုမပေါ်မှ ၅ ပါးသော ပသာဒမှာကို မျက်စေ့, နား, နှာခေါင်း, လျှာ, ကိုယ်သတိပဋ္ဌာန်တရားတွေဟာ ထွက် ဖာမယ်၊ ကိုင်း ဘယ်လို သတ်မလဲ၊ သတ်ဆေးကိုပြထားပြီ၊ ဒဿနဋ္ဌ-မပုံပြင်တဲ့သဘောကို အနုန်မြင်ခြင်း၊ နိယျာနဋ္ဌ - လွတ်မြောက်ခြင်း သဘော၊ ဟေတုဋ္ဌ-အသင်္ခတမှ သို့ရောက်ကြောင်းသဘော၊ အဓိပတေယျဋ္ဌ ကြီးမှူးစိုးရတဲ့သဘော၊ ဒီ ၄ ချက်နဲ့ ခန္ဓာလေး ၄ ကောင်ကို သတ်စမ်းပါ၊ သတ်နိုင်ရင် သောတာပန်ဖြစ်ပြီ၊ သောတာပန်မဖြစ်ခင်မှ အာရုံတွေနဲ့ တွေ့လာတဲ့အခါမှာ၊ လျှပ်ပေါ် လော်လီတဲ့တဏှာတွေဟာ မထွက်တော့ပါ၊ ထိန်းသိမ်းနိုင်ပါပြီ၊ အဲဒါထွက်သော်လဲ သူ့အလိုလိုငြိမ်းတော့မယ်။

ဒီတော့ သညာက္ခန္ဓာကို ဒဿနဋ္ဌနဲ့ သတ်ရမယ်၊ သင်္ခါရက္ခန္ဓာကို နိယျာနဋ္ဌနဲ့ သတ်၊ ဝေဒနက္ခန္ဓာကို ဟေတုဋ္ဌနဲ့ သတ် ဝိညာဏက္ခန္ဓာကို အဓိပတေယျဋ္ဌနဲ့ သတ်ရမယ်။ ဒီလို သတ်နိုင်လာရင် အာရုံတွေနဲ့ တွေ့တဲ့အခါမှာ အဘိဇ္ဈာဒေါမနဿ လောကကြီးဟာ မထွက်တော့ပါ၊ ဤ အနိဋ္ဌကို ချွေ့ကဏ္ဍကျမှ ပယ်မယ်၊

ယခု ဒီနေရာက အဘိဇ္ဈာဒေါမနဿ လောကကြီးကို ပယ်တယ်၊ ဒီတော့ သံဃာတော်များ ဆွမ်းဘုဉ်းပေးတဲ့အခါမှာ သိရိ လို့ ခေါ်တဲ့ အသရေဟာ ရှိရမယ်၊ ဒါမှ တကာ တကာမတွေ ကြည်ညိုလာတာပါ၊ ဒါကြောင့် ဆွမ်းဘုဉ်းပေးတဲ့အခါမှာ သိရိ မပျက်ပါစေနဲ့ သိရိမပျက်အောင် အဘိဇ္ဈာဒေါမနဿလောကကြီးကို ဖျက်သိမ်းပစ်ရမယ်။

ဒီတော့ ဖျက်သိမ်းတဲ့အခါမှာ ဒီ ခန္ဓာလေး ၄-ကောင်ကို ရှုရုံနဲ့မပြီးသေးပါ၊ ဒီ ခန္ဓာလေးတွေဟာ အဆင်းနဲ့ အကြည် ၂-ပါးဆိုတဲ့အခါမှာ ထွက်ဆဲ့ကြတယ်၊ ဒါကြောင့် ဝိသုဒ္ဓိမဂ်ကြီးက....။

အဒဿနတော အာယန္တိ၊ ဘဂ္ဂါ ဂစ္ဆန္တ္ဒဿနံ။
အာကာသေ ဝိဇ္ဇုပါဒေါဝ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။

လို့ ပြလာတာပါ။

ဒီ ခန္ဓာလေး ၄-ကောင် ပေါင်းနေတဲ့ဗျာပါရကို သိမ်းနိုင်လာမှ အဘိဇ္ဈာဒေါမနဿ လောကကြီးဟာ ဇာတ်သိမ်းမယ်၊ ဒါကို နားလည်အောင် ယခု စကားအစီအစဉ်နဲ့ ပြောဟောနေတာပါ၊ ဒီတော့ သညာက္ခန္ဓာကို ဒဿနငွေနဲ့ သိမ်းရမယ်၊ သင်္ခါရက္ခန္ဓာကို နိယျာနငွေနဲ့ သိမ်းရမယ်၊ ဝေဒနာက္ခန္ဓာကို ပဋိဝေဓငွေနဲ့ သိမ်းရမယ်၊ ဝိညာဏက္ခန္ဓာကို အဓိပတေယျငွေနဲ့ သိမ်းရမယ်၊ ဒီ ၄ ကောင်ကို သတ်လိုက်တာနဲ့ အမိုက်မှောင် ကျနေတဲ့ ထိပုဂ္ဂိုလ်ဟာ အလင်းရောင်ရလာသလို အဲဒါထင်ရှားလာတော့မယ်၊ ဒီတော့ သတိဟာ ဘယ်အနေနဲ့ ရှိနေတယ်၊ သညာက ဘယ်အနေနဲ့ ရှိနေတယ်ဆိုတာကို တွေ့လာတော့မယ်။

ဒီလိုသတ်နိုင်ရင် အာရုံနဲ့တွေ့တဲ့အခါမှာ ခန္ဓာလေး၄-ကောင် လို့သာ ပြောသော်လဲ အဲဒါ သတိလေးဟာ အစဉ်ပေါ်နေပြီ၊

ဒီတော့ အဘိဇ္ဈာဒေါမနဿလောကကြီးဟာ မလိုက်နိုင်တော့ပါ၊ သတိလေး ပေါ်နေတာသည်ပင်လျှင် သမ္မာဒိဋ္ဌိ အမောဟပညာကြီးက အဘိဇ္ဈာဒေါမနဿ လောကကြီးကို ဖျက်ပစ်လိုက်ပြီ၊ ဒီသဘာဝအတိုင်းသာ ဖြစ်နေရင် ဒီနေရာတွင် မဂ်ကိုရနိုင်ပြီ၊ ဒီတော့ ဆွမ်းဘုဉ်းပေးတဲ့အခါမှာ အဘိဇ္ဈာဒေါမနဿလောက မပေါ်အောင် ဘုဉ်းပေးရမယ်၊ ဒါမှ တန်ဘိုးရှိမယ်၊ ဒါမှ တကဲ့သတိလေးဖြစ်မယ်၊ ဒီတော့ ဣန္ဒြေ ၅-ပါးကို အညီအမျှထားနိုင်ရင် မဂ်ကိုရပါတယ်ဆိုတာကို မှတ်ထားပါ။

ဒီတော့ သောတာပတ္တိမဂ်, သကဒါဂါမိမဂ်ကို တက်တာဟာ ဣန္ဒြေ၅-ပါးကနေပြီး တက်တာပါ၊ ဒီတော့ ခန္ဓာလေး ၄-ကောင်ကို သတ်လိုက်မှ သတိလေးဟာ ပေါ်လာပြီး အဘိဇ္ဈာဒေါမနဿလောကကြီးကို ဖျက်လိုက်တော့တယ်၊ ကိုင်း....ဘယ်လိုသတ်မလဲ၊ ဒါကိုသတ်ပြီးရင် ဒီပုံစံကို ဥက္ကောင်းချရတော့မယ်၊ ဒီတော့ ဒုက္ခတရားကိုမြင်လာမှ တန်ဘိုးရှိမယ်၊ ဒီတော့ အာတာပီ ခေတ်က ဒုက္ခတရားကိုပြဘာပါ၊ သမ္ပဇာနပုဒ်က အနတ္တတရားကို ပြပါတယ်၊ ဒီတော့ ဒုက္ခတရားကို တကယ်မြင်လာရင်ဘဲ ဘာကိုဘဲမြင်မြင် မတုန်လှုပ်တော့ပါ၊ ဘုရားရဟန္တာတွေကျတော့ ဒုက္ခကိုတကယ်မြင်နေတဲ့အတွက်မတုန်လှုပ်တော့ပါ၊ အခု ဒီတရားတော်ကြီးဟာ အနာဂတ်သာသနာတော်ကြီးအတွက် မျိုးစေ့ချနေတာပါ။

ဒီတရားတော်ကြီးကို နေ့မပျက်,ရက်မပျက် နာယူနိုင်လာရင် မဂ်တရား,ဖိုလ်တရားနဲ့တကွကြီးပွါးရေး,စီးပွားရေး,ကျန်းမာရေး, ချမ်းသာရေးတွေပါ ပြည့်စုံလာမယ်၊ ကိုင်း....ဘယ်လိုသတ်မလဲ၊ ဒီတော့သညာ,သင်္ခါရ,ဝေဒနာဒီ ၃-ကောင်ဟာဝိညာဏ်ကြီးထဲမှာ ရှိနေတယ်၊ ဒီ ၃-ကောင်ကို ဝိညာဏ်ကြီးက ပညတ်ရိပ်တွေချပြီး

အုပ်ချုပ်နေတယ်၊ ဒီပညတ်ရိပ် ၄-ပါးနဲ့ဘဲ အာဏာစက်ချပြီး သတ္တဝါတွေကို အုပ်ချုပ်ထားတယ်၊ ဒီတော့ ဒိဋ္ဌိတွေနဲ့ တက်လာတာမှန်ရင် ဒီပညတ်ရိပ်တွေနဲ့သာ အုပ်ချုပ်နေတာဘဲ မဟုတ်လား၊ အခုဝိညာဏက္ခန္ဓာကြီးကျတော့လဲ ဒီပညတ်ရိပ် ၄ ပါးကို ကိုင်ပြီးတက်လာတာပါ၊ဒီတော့ သခ်တလောကကြီးမှာ ပေါ်နေသမျှ မှန်ရင် ဒီပညတ်ရိပ် ၄-ပါးနဲ့သာ အုပ်ချုပ်နေတယ်၊ ဒီလို အုပ်ချုပ်ထားမှ တဏှာ-မာန ဒိဋ္ဌိတို့ကလိုက်ပြီး သံသရာချဲ့လို့ရတာပါ။

ဒီတော့ ပညတ်ရိပ်သည်ပင် အာဏာစက်လို မြင်အောင်ရှုရမယ်၊ ဒီဝိညာဏက္ခန္ဓာကြီးဟာ နာမ်ခန္ဓာလေး ၃-ကောင်ကို ဒီပညတ်ရိပ် ၄-ပါးချပြီး အုပ်ချုပ်နေတယ်၊ ဒီထဲမှာ သညာက္ခန္ဓာဟာ အနီးကပ်ဆုံးဘဲ၊ ဘာ့ကြောင့်လဲ.... ရုပ်သဘော မှန်ရင် အတိတ်ကနေပြီး သညာလေးက ပြဋ္ဌာန်းနေတယ်၊ သူ့မှာ နာမပညတ်ရိပ်လေးရှိတယ်၊ နာမ်ဘက်မှာဆိုရင် အနာဂတ်ကနေပြီး သင်္ခါရက္ခန္ဓာ သဏ္ဌာနပညတ်ရိပ်ပြဋ္ဌာန်းနေတယ်၊ ဒါကြောင့် ဟင်းလျာကို ကိုင်ကထဲကဘဲ နာမပညတ်ရိပ်လေးဟာ ပါနေပြီ၊ ဒီနာမပညတ်ရိပ်လေးပါလာရင်ဘဲ အဲဒါ ဟင်းလျာကို လိုက်ရွေးတော့မယ်၊ဒါဟာ ဝိညာဏက္ခန္ဓာကြီးက သညက္ခန္ဓာလေးမှာကို နာမပညတ်ရိပ်လေးကပ်ပေးထားလို့ပါ၊ ဒီတော့မှ ဣဋ္ဌာရုံ, အနိဋ္ဌာရုံတွေကို ရှာလာပြီ၊ (ဝါ) ဟင်းလျာကို ရွေးလာပြီ။

ဒီတော့ သညက္ခန္ဓာလေး ထွက်လာတယ် ဆိုကထဲက ဟင်းဘတ်ကိုလိုက်ရွေးနေပြီ၊ အဲဒါဟင်းဘတ်လေးမှာကို နာမပညတ်လေးဟာပါလာပြီ၊ အဲဒါကို ဘယ်အခါကျမှ သိသလဲဆိုတော့ ဝေဒနက္ခန္ဓာလဲကျလာရော ခံစားလာတာနဲ့ အဲဒါကောင်းတယ်, မကောင်းဘူးဆိုတာ ခံစားလာတော့တယ်၊ ကောင်းတာကျတော့

ဣဋ္ဌာရုံ သုခဝေဒနာရိပ်၊ မကောင်းတာကျတော့ အနိဋ္ဌာရုံ ဒုက္ခဝေဒနာရိပ် ဆိုပြီး ဖြစ်လာပြီ၊ အဲဒါ အဘိဇ္ဈာ ဒေါမနဿ လောကကြီးပေါ် လာပြီဘဲ မဟုတ်လား၊ ဒီထိအောင် ရှာလာရ တော့မယ်၊ အရင်ကတော့ သတိလေးမြဲအောင်သာ ရှုလာရသေး တယ်၊ သတိလေးမြဲလာတာနဲ့ ဒီအတိုင်းမြင်လာရမယ်၊ တကယ် လုပ်ရင် တကယ်မြင်ပါတယ်၊ တကယ်မလုပ်ရင်တော့ မမြင်ပါ။

အချုပ်မှာ ဝိညာဏက္ခန္ဓာကြီးက သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ ဒီခန္ဓာလေး ၃-ကောင်ကို ပညတ်ရိပ် ၄-ပါးနဲ့ အုပ်ချုပ်နေတယ်၊ ဒီတော့ သဠာယတနဒိဋ္ဌိ၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ တွေတက်လာတော့လဲ ဒီပညတ်ရိပ် ၄-ပါးနဲ့ဘဲ အုပ်ချုပ်ရေး ချထားတယ်၊ ဒီအုပ်ချုပ်ရေးမရှိမှ အသင်္ခတနယ်ကြီးကို ရောက် မယ်၊ ဒီပညတ်ရိပ် ၄-ပါးကို ပုန်ကန်နိုင်တာဟာ အရိယာတွေ ပါ၊ မပုန်ကန်နိုင်သေးရင် အန္ဓဘဲ ရှိနေသေးတယ်၊ ကိုင်း.... ဝိညာဏက္ခန္ဓာကြီးဟာ ခန္ဓာလေးတွေမှာ ပညတ်ရိပ်တွေနဲ့ အုပ် ချုပ်ရေး ချထားတယ်၊ ဘယ်လို အုပ်ချုပ်ရေး ချထား သလဲ၊ သညာက္ခန္ဓာမှာ နာမပညတ်ရိပ်၊ သင်္ခါရက္ခန္ဓာမှာ သဏ္ဌာနပညတ်ရိပ် ဝေဒနက္ခန္ဓာမှာ သမူဟပညတ်ရိပ် ချထားတယ်၊ ဝိညာဏက္ခန္ဓာ ကြီးကျတော့ သန္တတိပညတ်ရိပ်နဲ့ အုပ်ချုပ်ရေးချထားတယ်။

ကိုင်း... ဒီတော့ ဟင်းလျာကို သညာက္ခန္ဓာ နာမပညတ်ရိပ်ကလဲ ဆွဲကိုင်လိုက်ရော သင်္ခါရက္ခန္ဓာ သဏ္ဌာနပညတ်ရိပ်က ထောက်ခံ လာတယ်၊ နောက် လျှာပေါ်တင်လိုက်တဲ့ အခါကျတော့ ဝေဒနက္ခန္ဓာ သမူဟပညတ်ရိပ်က ကောင်း၊ မကောင်း ဣဋ္ဌ၊ အနိဋ္ဌ ဖြစ်လာတော့တယ်၊ နောက် မျိုချလိုက်တဲ့အခါကျတော့ ဝိညာ ဏက္ခန္ဓာ သန္တတိပညတ်ရိပ်ကြီးက ပညတ်နဲ့တကွ ဆုံးဖြတ်လာ တော့တယ်၊ ဒီတော့မှ အဘိဇ္ဈာဒေါမနဿ လောကကြီးဟာ

ပေါ်လာပြီဘဲ မဟုတ်လား၊ ကိုင်း....ပညတ်ရိပ် ၄-ပါး အုပ်ချုပ်နေတာကို မြင်ပြီမဟုတ်လား၊ သညာဝိညာဏ် အုပ်ချုပ်နေတယ်လို့ မျှား မမှတ်နဲ့၊ ပေါ်လာသမျှဟာ ပညတ်နယ်ကြီးပါ၊ ဒီတော့ အဘိဇ္ဈာဒေါမနဿ လောကကြီးမပေါ်အောင် ဝိညာဏက္ခန္ဓာကြီးက သညက္ခန္ဓာမှာ အာဏာစက်ချထားတဲ့ နာမပညတ်ရိပ်ကို ဖျက်ပစ်ရမယ်၊ အဲဒါ ဒဿနဋ္ဌနဲ့ ဖျက်ရမယ်၊ ဖျက်လိုက်မှ ပရမတ်အနေနဲ့ ပေါင်းသော်လဲ အဘိဇ္ဈာဒေါမနဿ လောက မ ပေါ်တော့မှာ။

ကိုင်း....ဒီတော့ သညက္ခန္ဓာနာမပညတ်ရိပ်ကို ဒဿနဋ္ဌ—အမှန်မြင်ခြင်း ဒါကိုပြောပြမယ်၊ သညက္ခန္ဓာက ထွက်ဆဲ့တဲ့နာမပညတ်ဟာ လဘက်ရေပုဂံမှာ ထွက်ဆဲ့တာက ခေတ် ၄-ပါး ခေတ် ၈-ပါး ဖြစ်တဲ့ ဃနရှိတဲ့ နာမပညတ်ရိပ်ကို ထွက်ဆဲ့တယ်၊ ဝိညာဏ်က ထွက်ဆဲ့တဲ့ နာမပညတ်ကျတော့ သညာကဆဲ့တဲ့ နာမပညတ်ရိပ်လေးဟာ ဝိညာဏ်ရိပ်ထဲမှာ ရှိနေလို့ အဲဒါ လက်ညှိုးထိုးပြီး မပြနိုင်သော်လဲ ထွက်ဆဲ့သေးတယ်၊ အခု ဥဒယဗ္ဗယဉာဏ်ကြီးမှာ မနောဝိညာဏ်ကြီးကိုလဲ့ဖြတ်လိုက်ရော ပဌမ သညာကထွက်ဆဲ့တဲ့ နာမပညတ်ရိပ်ဃန၊ ဝိညာဏ်ကထွက်ဆဲ့တဲ့ သဏ္ဌာနပညတ် နာမ်ဃနတွေဟာ ရှိသေးသလား၊ မရှိတော့ပါ၊ အခု ဥဒယဗ္ဗယဉာဏ်ကြီးက ဖျက်ဆီးခဲ့ပြီ။

မရှိတော့ဘဲနဲ့ ဝိညာဏက္ခန္ဓာကြီးကရှိနေတဲ့အနေနဲ့ ကပ်ထားပေးသေးတယ်၊ ဒါကို သဘာဝနဲ့ မြင်အောင်ကြည့်ပါ၊ သညက္ခန္ဓာမှာ ကပ်ထားတဲ့ နာမပညတ်ရိပ်လေးဟာ ကပ်ပေးလိုက်တဲ့ ဝိညာဏက္ခန္ဓာကြီးကို သဘာဝနဲ့ (ဝါ) ပညာမြင် ဥဒယဗ္ဗယဉာဏ်က နေသဲ ကြည့်လိုက်ရော ဝိညာဏက္ခန္ဓာကြီးဟာ လှည့်ပတ်နေတာပါ၊ (ဝါ) မျက်လှည့်ပြနေတာပါ၊ အဲဒါ မရှိတာကို ရှိတဲ့အနေနဲ့

ကပ်ထားဘယ်၊ သူ့မှာ အာဏာစက်ဟာ မရှိတော့ပါ၊ ဝိုတာကို အမှန်မြင်လိုက်တာကို ဒဿနဥလို့ ခေါ်တယ်၊ ဒါကိုမြင်လာရင်ဘဲ ဟင်းလျာကို နှိုက်လိုက်တဲ့အခါမှာ သညာက္ခန္ဓာမှာပါတဲ့ နာမ ပညတ်ရိပ်ဟာ မပါတော့ဘဲ၊ အဲဒါ တွေ့ရာဟင်းဘတ်ကိုသာ ဆယ်သာတော့မယ်၊ မရွေးတော့ပါ။

နောက် သင်္ခါရက္ခန္ဓာက ပို့တဲ့အခါမှာလဲ သဏ္ဌာနပညတ်ရိပ် မပါတော့ပါ၊ ဝေဒနက္ခန္ဓာကျတော့လဲ လျှာပေါ်တင်လိုက် တာနဲ့ ကောင်း၊ မကောင်း သုခ၊ ဒုက္ခလို့မပြောတော့ပါ၊ အဲဒါ ပစ္စုပ္ပန် ဝေဒနာအနေနဲ့သာ ခံစားသွားတော့မယ်၊ အဲဒါ အတိတ်အနာဂတ်မဆွဲတော့ပါ၊ ဒီတော့မှ ဝိညာဏက္ခန္ဓာကြီး ဟာ ပညတ်ရိပ်မပါတော့တဲ့အတွက် လှည့်ပတ်လို့ မရတော့ပါ၊ (ဝါ) မလှည့်ပတ်နိုင်တော့ပါ၊ ဒီလို သညာက္ခန္ဓာနာမပညတ်ရိပ် ကိုလဲ ဒဿနဥနဲ့သိမ်းလိုက်ရော နာမ်ဘက်ကပါလာတဲ့ သင်္ခါ ရက္ခန္ဓာ သဏ္ဌာနပညတ်ရိပ်ဟာ နိယျာနဥဘဲကျသွားပြီ၊ ဒီတော့မှ ဝေဒနက္ခန္ဓာ သမူဟ ပညတ်ရိပ်ဟာ ဟေတုဥထဲ ကျမယ်၊ ဒီတော့မှ ဝိညာဏက္ခန္ဓာကြီးက ဟင်းလျာကို နောက်တခါ နှိုက်တဲ့ အခါမှာ မရွေးခိုင်းတော့ဘဲ ကျရောက်လာတဲ့ ဝေဒနာအပေါ်မှာသာ ခံစားသုံးဆောင် သွားတော့မယ်၊ အဲဒါ အဓိပတေယျထဲမှာ ကျသွားပြီ။

အဲဒါရသမျှနဲ့ ရောင့်ရဲတင်းတိမ်သာနိုင်ပြီ၊ အဲဒီလို ခံစား သုံးဆောင်သွားနိုင်ရင်ဘဲ ပရမတ္ထအနတ္တခဲတ်ခလေးဟာ ပေါ်နေ ပြီ၊ ဒီလိုပေါ်နေရင် ၅ ပါးသော ပသာဒတွေမှာကို မ ဘာသတိ ပဋ္ဌာန်တရားတွေ ထွက်နေပြီ၊ ဒီတော့မှ အာနာပါနတရား လုပ်ငန်းစဉ်ကို တက်လို့ရသာပြီ၊ နက်ဖြန်ကျရင် အာနာပါန တရားကြီးကို တက်ရတော့မယ်။

# ညဧဟာဝစဉ်။

သာသနာတော်သုံးရပ် ပဋိပတ်တွင်၊ ဓာတ် ၄-ပါး၊ ဓာတ် ၆-ပါး စကား ပညတ်၊ ဓာတ်ချင်တိုင်း ဓာတ်ကြတော့၊ ပိဋကတ်သုံးပုံ၊ ဒီခေတ်တွင်ကြုံခါမှ၊ တုံလိုတုံ၊ ရုံလိုရုံ၊ ခေါင်းမြီးခြုံကြ၊ သဘာဂ ဝိသဘာဂနှင့်မနေ၊ ဗေဒင်ကလဲ ဗေဒင်၊ စကြာတရားတော်ကလဲ မမွစကြာ၊ လာချင်တိုင်း လာကြတော့၊ ဂ ငယ်လုံးခု၊ အဋ္ဌရှစ်ထု၊ ကြက်ဥတွေထောင်းသည့်နှယ်၊ ဓာတ်ပေါင်းတွေ့စုံလင်၊ ဝက်ဘာဝေ၊ ဆံကေဒတော်မြတ်၊ စံကိန်းဝပ်သည့်၊ မွေ့ ဓာတ်တော်ဇစုံ၊ ကိုးသွယ်ဂုဏ် အတုမရှိ၊ ပြုရာသည့် မဟာသတိပဋ္ဌာန် တရားတော်ကြီးရဲ့ ဂုဏ်ကို၊ မယုံလျှင် စမ်းမလား၊ ရွှေနန်းတော်ကြီးရဲ့မိတ်ဘက်၊ ကြက်သရေ တော်ဝင်းပြောင်၊ တောင်ဝေဘူအလုံးကို၊ အသုံးတော် ရပြီမို့၊ ပညာရှိအရေး၊ အမေ တော်ထွက်ခါမှ၊ ဥာဏ် လက်နက် ဝရဇိန်နဲ့၊ တထိန်ထိန်ထွန်းလှတဲ့၊ ရွှေမော် ကွန်းရောင်၊ တပြောင်ပြောင်သည်၊ ကမ္ဘာလောင်ဆူဝေ လို့ မကြာစတမ်း”

လို့ တရားပိုင် ဓာတ်ပိုင်တဲ့ ပုဂ္ဂိုလ်ကြီးများ အမိန့်ရှိခဲ့သည့် အတိုင်း....

မဟာသတိပဋ္ဌာန် အာနာပါနတရားတော်ကြီးကို လုပ်ငန်းစဉ်ဝင်တော့မယ်ဆိုတာနဲ့ သတိနဲ့သညာ ကွာခြားပုံကို ရှင်းပြလိုက်ပြီ၊ ဒီတော့ စားတယ် စားဘယ် သွားတယ် သွားတယ် ဆိုတာကို လုပ်ငန်းစဉ် အနေနဲ့ယူပြီး မှတ်နေတဲ့ အမှတ်တွေဟာ

အဲဒါသနကြီးတွေ မသည်းဆိတ်ကြတဲ့ အတွက်၊ အဲဒါ သညာ အမှတ်လေး မြဲလာရင်ဘဲ ဒီမှတ်နေတဲ့ ဃနအစိုင်အခဲကြီးဟာ ပေါ်လာတော့တယ်၊ အဲဒါ ဘာကိုဘဲလုပ်လုပ် ပေါ်နေတယ်၊ ဘာတွေပေါ်နေသလဲဆိုတော့ အဲဒါ ခြေဖဝါး ခြေထောက် ကြီးသာလျှင် ပေါ်နေတော့တယ်၊ ဒီဟာတွေကို ပယ်ဘုတ်ရတဲ့ အထိ ဆရာတော်တို့ဖြင်ခဲ့ဘူးပါတယ်၊ အဲဒီကနေစပြီး သတိနဲ့ သညာကို ဝေဖန်လာခဲ့တာဟာ မဟာသတိပဋ္ဌာန်တရားတော်ရဲ့ လုပ်ငန်းစဉ်ကျမှ သတိနဲ့သညာ ကွာခြားပုံကို သိလာတော့ တယ်၊ (ဝါ) တွေ့လာတော့တယ်။

ဒီလိုသိလာမှ သွားတယ် သွားတယ်ဆိုတဲ့ လုပ်ငန်းစဉ်တို ပညာအနေနဲ့ အားထုတ်နိုင်လာတော့တယ်.ကိုင်း.... ၅.ပါးသော သတိပဋ္ဌာန်တွေကို ဒီနေ့အပြီ သဘ်ပါတော့မယ်၊ နက်ဖြန်ကျရင် အာနာပါနတရားလုပ်ငန်းစဉ်ကို တက်ရတော့မယ်၊ အခု ၅.ပါး သော အကြည်ခာတ်တွေမှာ မဟာသတိပဋ္ဌာန်တရားတွေပေါ် လာအောင် တင်ဆက်ပြီးပြလာခဲ့ပြီ ဒီတော့ အာရုံ ၅.ပါးနဲ့ တွေ့ တဲ့အခါမှာ ရှေ့ကလိုမဟုတ်တော့ဘဲ အဲဒါ သတိပဋ္ဌာန်တရား နဲ့ ဆင်ခြင်သွားနိုင်ပြီ အာရုံ ၅.ပါးနဲ့ တွေ့တဲ့အခါမှာ တွေ့ရှိ သာထားပါ၊ ချစ်ဘယ် မုန်းတယ် ဆိုတာတွေ မပါစေနဲ့လို့ ရှင်တော်မြတ်က ဟောကြားခဲ့တယ်၊ ဒါတွေကို အရင်က ခွဲသဲ မပြ၊ ဝေလဲမဝေဘန်ခဲ့ပါ၊ အဲဒါကြောင့် မသိခဲ့ကြတာပါ၊

အခု ဘုရားရှင်ဓဟာကြားခဲ့တဲ့ ဓမ္မစကြာတရား, အနတ္တ လက္ခဏာသုတ်တရား, မဟာသတိပဋ္ဌာန် တရားတော်ကြီးတွေကို လုပ်ငန်းစဉ်နဲ့တကွ အားထုတ်လာတော့မှ သဘာဝတွေကို တွေ့လာတော့တယ်၊ ဒီတော့ ချစ်တယ်မုန်းတယ်ဆိုတာတွေ မပါ

အောင် ခွဲပြအုံးမယ်၊ အခု ဒီအပိုင်းကို အကျဉ်းနည်းဖြင့်သာ ပြရပါသေးတယ်၊ အခု အမျိုးသွီးကြီးတွေ နားလည်အောင် ခွဲပြလိုပါသေးတယ်၊ ဒီတော့ မဟာသတိပဋ္ဌာန်တရားကို အားထုတ်မယ်ဆိုရင် အင်္ဂါဘယ်နှစ်ပါးနဲ့ ညီရမလဲ၊ အဲဒါ အာတာပီ၊ သမ္ပဇာနော၊ သတိမာ....ဒါက အကြောင်းအင်္ဂါ ၃-ချက်ပါ၊ နောက် ဝိနေယျ—ဒါက အကျိုးအင်္ဂါ တချက်ပါ၊ ဒီ အင်္ဂါ ၄-ချက်နဲ့ ပြည့်စုံရမယ် (ဝါ) ညီရမယ်၊ ဒါဟာ ပါဠိတော်က တိုက်ရိုက်ပြလာတာပါ။

ဒီ သဘာဝတွေကို နှိုက်ပြလိုပါသေးတယ်၊ အာတာပီဆိုတာ ဘယ်သဘာဝကိုရောက်မှ အာတာပီဖြစ်သလဲဆိုတော့ ပညာမြင် ဥဒယဗ္ဗယဉာဏ်ကြီးကို အပိုင်သိမ်းနိုင်မှ အာတာပီဖြစ်နိုင်တယ်၊ ဒီတော့ လောကီပညာရပ်တွေကို မိမိအစွဲနဲ့ (ဝါ) လောကီဝိဇ္ဇာ ဖြစ်အောင်၊ သိဒ္ဓိ ၁၀-ပါးပေါက်အောင်၊ ပျောက်စေဆရာကြီး ဖြစ်စေအောင် အဇ္ဈတ္တတရားနဲ့ အားထုတ်နေတဲ့သူတွေဟာ မိမိအစွဲ ရှိတုံးသာ အားထုတ်နိုင်တယ်၊ မိမိစွဲထားတဲ့ အစွဲအတိုင်းလဲ မရရော အဲဒါ ဆုံကြိုးပြတ်တဲ့နတ်မိမယ်လို ဖြစ်သွားတော့တာဘဲ၊ ဒီတော့ အာတာပီ ဆိုတာဟာ ပူပန်တဲ့သဘောပါ၊ အဲဒါ မိမိမှာ ရှိနေတဲ့ ကိလေသာတွေကို ပယ်သတ်ဖို့ရာ ပူပန်လာတဲ့သဘောပါ၊ ဒါဟာ ပညာမြင် ဥဒယဗ္ဗယဉာဏ်ကို တကယ်ပိုင်မှ ဒီအာတာပီ ဓာတ်ဟာ ပေါ်လာတာပါ။

ဒီတော့ ဒီအာတာပီဓာတ်ရှိမှ ပယ်သတ်နိုင်တယ်၊ ဒါဖြင့်ရင် ဒီ ဥဒယဗ္ဗယဉာဏ်ကြီးကနေ အာတာပီဓာတ်ဟာ ဘယ်အနေနဲ့ ပေါ်လာသလဲဆိုရင် အဲဒါ ဒုက္ခကိုတကယ်မြင်ရင် အနတ္တကို သိမ်းနိုင်တယ်၊ အနတ္တဓာတ်ကို တကယ်မြင်ရင်လဲ ဒုက္ခတရားကို

သိမ်းနိုင်တယ်၊ ဒီတော့ ဖြစ်သခဘာဟာ အနတ္တခတ်ပါ၊ ပျက်သဘောဟာ ဒုက္ခတရားပါ၊ ဒုက္ခတရားကိုမြင်လာမှ သခ်တလောကကြီးတခုလုံးကို သိမ်းဆည်းလာနိုင်တော့တယ်၊ ဘုရားရဟန္တာတွေကျတော့ဒုက္ခတရားကြီးကို တကယ်မြင်နေတဲ့အတွက် သင်္ခတလောကကြီးဟာ ဇာတ်သိမ်းနေပြီ၊ ဒုက္ခတရားကို တကယ်မြင်ရင်ဘဲ ပူပန်စေတတ်တဲ့ ကိလေသာတရားတွေကို သိမ်းဆည်းလာတော့တယ်။

ဒီလို ကိလေသာတရားတွေ ရှိနေတာကိုဘဲ သိမ်းဆည်းဘို့ရာသူ့မှာ ပူပန်နေပြီ၊ ဒီတော့ လင်ရယ် သားရယ် မယားရယ် အတူတကွ နေကြရသော်လဲ အရင်ကလို မဟုတ်တော့ဘဲ ဂရုမမှုတရားလုက်ကိုင်ထားပြီးတော့ပြုစုစောင့်ရှောက်သွားတော့တယ်၊အချစ်ခတ်တွေဟာ ပြောင်းသွားပြီ၊ ဒီလိုဖြစ်လာမှ သောတာပန်သိကြားမင်းကြီးက "နမာမိ—ဘုရားရှင်ရဲ့ သာသနာတော်မှာ ကောင်းစွာအမြင်မှန်ရသောသူဟူ၍ ရှိခိုးလိုက်ပါ၏" လို့ ဆိုပြီး တနေ့သုံးကြိမ် ဦးချရှိခိုးတယ်လို့ ဘုရားရှင် ဟောကြားလာပါတယ်၊ ဒါဟာ သောတာပန် ပုဂ္ဂိုလ်များအား ရည်ပြီးတော့ ရှိခိုးတာပါ။

ဒီတော့ ဒုက္ခတရားကို တကယ်မြင်လာရင်ဘဲ ကြောင်းကြစိုက်မှုတွေဟာ နည်းလာပြီ၊ ရတနာသုံးပါးရဲ့ အပေါ်မှာ ကျိုးနွံမှု ရိုသေလေးစားမှုတွေများလာပြီ၊ ခြောက်ပါးသောဂုဏ်တွေကို စောင့်စည်းလာပြီ၊ ဒါဟာ အာတာပီခတ်ကို ရလာလို့ပါ၊ အဲဒါ ပညာမြင် ဥဒယဗ္ဗယဉာဏ်နဲ့ ဒုက္ခတရားကို မြင်နေပြီ၊ နောက်သမ္ပဇာနော ကျတော့ အနတ္တတရားကို မြင်နေပြီ၊ အဲဒါ မြင်လိုက်ကြားလိုက်တဲ့ အာရုံတွေမှာကို သဘာဝအနေနဲ့ သာ

ဆွဲကိုင်လာတော့တယ်၊ နာမပညတ်နဲ့ သဏ္ဌာနပညတ်ကို သညာ ဝိညာဏ်နဲ့ မဆွဲကိုင်တော့ပါ၊ အဲဒါ အနတ္တတရားအနေနဲ့ သာ ဆွဲကိုင်တော့မယ်၊ ဒီတော့ ထိုပုဂ္ဂိုလ်ရဲ့နှလုံးအိမ်ဟာ အစဉ်အေး နေပြီ၊ ဘယ်အာရုံနဲ့ဘဲတွေ့တွေ့ အစဉ်အေးနေပြီ၊ အဲဒါကြောင့် သဘာဝနေယ်ကို တကယ်တွေ့လာရင်ဘဲ ငြိမ်းအေးတဲ့ နိဗ္ဗာန ခေတ်မှာ ဥဒကျွောင်းချနိုင်လာပြီ။

အခုပြောလိုက်တဲ့ သဘာဝတွေဟာ အလွန်တရာမှ သိနိုင်ခဲ မြင်နိုင်ခဲပါဘယ်၊ အခုဟာ သိသာရုံသာသာ ဟောပြော လိုက်ရတာပါ၊ နောက်သတိမှာ ဆိုတာက သတိတရားလေးဟာ မိမိရဲ့နှလုံးအိမ်ထဲမှာ အစဉ်ရှိနေရင် ဒုက္ခတရားနဲ့ အနတ္တတရား ကို ဒီသတိလေးက ကြိုးလေးနဲ့ချီပြီး ဆွဲကိုင်ထားပြီ၊ ဒီတော့ သတိဆိုဘာ ပညာရဲ့ သဘောပါ၊ ဒီအင်္ဂါ ၃-ချက်နဲ့ ပြည့်စုံသာ ရင် အာရုံ ၅-ပါးနဲ့တွေ့တဲ့အခါ အဘိဇ္ဈာဒေါမနဿ လောက ကြီးဟာ မခေါ်နိုင်တော့ပါ၊ အဲဒါပျက်စီးသွားပြီ ဒီလိုဖျက်ဆီး နိုင်တာကို ဝိနေယျလို့ခေါ်တယ်၊ ဒီအင်္ဂါ ၄-ချက်ဟာ မဟာ သတိပဋ္ဌာန်တရားတော်ကြီးမှာပါဘဲ အင်္ဂါ ၄-ချက်ပါ။

ဒီ အင်္ဂါ ၄ - ချက်နဲ့ တကယ် ပြည့်စုံနေရင် အာနာပါန တရားကြီးကို အားမထုတ်ဘဲနဲ့ အာရုံ ၆ ပါး ၆ တံခါးတွေ ကနေ ဆင်ခြင်လာရင်ဘဲ သောတာပတ္တိမဂ်ကို အလွယ်တကူနဲ့ ရနိုင်ပါတယ်၊ အထက်မဂ်ကြီးတွေအတွက်ကျမှသာ အာနာပါန တရားကို ပင်ပင်ပန်းပန်း အားထုတ်ရမယ်၊ ယခုထဲက အာနာ ပါန တရားကို အားထုတ် လာရင်လဲ ပိုပြီး ကောင်းပါတယ်၊ ဒါကြောင့် နက်ဖြန်ကျရင် အာနာပါန တရား လုပ်ငန်းစဉ်ကို တက်ရမယ်၊ ဒီနေ့ အောက်မဂ်နဲ့ ဆိုင်တဲ့ သဘာဝတွေကိုသာ

ပြောပါတော့မယ်၊ ဒီတော့လုပ်ငန်းစဉ်ကို အားထုတ်နေတဲ့ သူတွေမှာ ခုထက်ထိ သညာနဲ့ သတိမကွဲကြသေးပါ၊ ဒီတော့ သတိကို လုပ်ငန်းစဉ် အနေနဲ့ ပြပါအုံးမယ်။

အာတာပီ ဆိုတာက သညာက္ခန္ဓာကို ဒသာနဌနဲ့ သိမ်းတာပါ၊ ဒါဟာ အာတာပီဓာတ်ရှိလာမှ သိမ်းနိုင်ပါတယ်၊ နောက်သင်္ခါရက္ခန္ဓာကို နိယျာနဌနဲ့ သိမ်းရင် သမ္ပဇာနော ဖြစ်လာပြီ သတိမာကျတော့ ဝေဒနက္ခန္ဓာကို ဟေတုဌနဲ့ သိမ်းလိုက်တာပါ၊ နောက်ဝိညာဏက္ခန္ဓာကြီးကိုပါ အဓိပတေယျဌနဲ့ သိမ်းနိုင်လာပြီလို့ ပုံစံမှာ ပြထားတယ်၊ ဒါဟာ ဘာ့ကြောင့် ပြရသလဲဆိုရင် မဟာသတိပဋ္ဌာန်တရားအစစ်ကိုလိုချင်လို့ပါ၊(ဝါ)သောတာပန်တွေကိုင်တဲ့ မဟာသတိပဋ္ဌာန်တရားအစစ်ကိုလိုချင်လို့ပါ၊ ပြောပြမယ်· နာမ်ခန္ဓာလေး ၄·ကောင်ကို ပြန်တွေးလိုက်ပါ ဒီနာမ်ခန္ဓာလေး ၄·ကောင်ကို အခုသိမ်းရတော့မယ်၊ ဒီလိုသိမ်းလိုက်မှ မဟာ သတိပဋ္ဌာန် တရားအစစ်ကိုလာတွေ့မယ်။

ဒီတော့ ဒီနာမ်ခန္ဓာလေး ၄ ကောင်မှာ ပညတ်ရိပ်မကင်းသေးပါ၊ ဒီတော့ သင်္ခတလောကကြီးမှာ ပညတ်ရိပ်တွေပေါ်ထွက်လာတာသည်ပင် အာဏာစက် ချတယ်လို့ ခေါ်တယ်၊ ဒီပညတ်ရိပ်ကို ဖျက်ဆီးနိုင်လာရင် သင်္ခတလောကကြီးမှာ(ဝါ) ဥပါဒါနိသောကကြီးမှာ (ဝါ) ဒိဋ္ဌိစွဲလောကကြီးမှာ အုပ်ချုပ်ရေးအာဏာစက် မရှိတော့ပါ၊ ဒီလို အုပ်ချုပ်ရေးအာဏာစက် မရှိဘာကို အသင်္ခတခမ္မလို့ခေါ်တယ်၊ အုပ်ချုပ်ရေးအာဏာစက်ရှိနေသေးရင် သင်္ခတဓမ္မပါ၊ ဒီဘော့ အုပ်ချုပ်ရေးကို ပြောပြအုံးမယ်၊ နာမ်ခန္ဓာ ၄·ပါးမှာ မနောပုဗ္ဗင်္ဂမာဓမ္မာလို့ ဆိုဘဲအတိုင်း ဝိညာဏက္ခန္ဓာကြီးက ပြဋ္ဌာန်းနေဘယ်၊ ကျန်တဲ့ ခန္ဓာ ၃·ကောင်ကို ဒီဝိညာဏက္ခန္ဓာကြီးက အုပ်ချုပ်ရေး ချထားတယ်။

ဘယ်လို အုပ်ချုပ်ရေးချထားသလဲ၊ သညက္ခန္ဓာမှာ နာမ ပညတ်ရိပ်နဲ့ အာဏာစက်ချထားတယ်၊ သင်္ခါရက္ခန္ဓာမှာ သဏ္ဌာန ပညတ်ရိပ်၊ ဝေဒနက္ခန္ဓာမှာ သမူဟပညတ်ရိပ်နဲ့ အာဏာစက်တွေ ချထားတယ်၊ ဝိညာဏက္ခန္ဓာကြီးက သန္တတိပညတ်ရိပ်ကြီးနဲ့ အုပ်ချုပ်နေတယ်၊ ဒီလို ခန္ဓာလေး ၃ ကောင်ကို ပညတ်ရိပ်တွေ ချထားရင်ဘဲ (ဥပမာ) ကြက်သားဟင်းလျာကို လက်ကနှိုက် လိုက်ရင်၊ အဲဒါ ကောင်း မကောင်း လိုက်ရွေးနေပြီ၊ ဒါဟာ ဝိညာဏက္ခန္ဓာကြီးကအာဏာစက် အုပ်ချုပ်ရေး ချထားလို့ပါ။

ဒါကြောင့် ဟင်းလျာကို နှိုက်လိုက်တာနဲ့ သညက္ခန္ဓာနာမ ပညတ်ရိပ်လေးဟာပါလာပြီ၊ ဒီလိုသဲပါလာရော အဲဒါဟင်းဘုံ ထဲက ကြက်သားတုံးတွေကို ရွေးပြီးဆယ်နေပြီ၊ သင်္ခါရက္ခန္ဓာ မှာ သဏ္ဌာနပညတ်ရိပ်ဟာ ပါလာပြီ သူက ပါးစပ်ထိအောင် ယူ ဆောင်သွားတော့တယ် ဝေဒနက္ခန္ဓာ သမူဟပညတ်ရိပ်ကျတော့ လျှာဖျားပေါ်တင်ပြီး ဝါးစားနေပြီ၊ မျိုချလိုက်တဲ့အခါကျတော့ ဝိညာဏက္ခန္ဓာသန္တတိပညတ်ရိပ်က ကောင်းတယ် မကောင်းဘူး ဆိုပြီး ပညတ်နဲ့တကွ ဆုံးဖြတ်ချလိုက်တယ်၊ ဒီတော့ အဘိဇ္ဈာ ဒေါမနဿ လောကကြီးဟာ ဖြစ်ပေါ်လာပြီဘဲ မဟုတ်လား။

ဒီသဘာဝတွေကို ကြပ်ကြပ်ပွားများလာရင်ဘဲ ခန္ဓာလေး တွေ ပညတ်တွေရဲ့ဗျာပါရတွေကိုလာတွေ့တော့မယ်၊ဒီသဘာဝ တွေ ရှိနေသေးသမျှ အဘိဇ္ဈာ ဒေါမနဿ လောကကြီးဟာ ပေါ်နေအုံးမှာဘဲ ဒီသဘာဝတွေ စင်ကြယ်သွားမှ မဟာသတိ ပဋ္ဌာန်တရားအစစ်သဲ့င်လို့ရမယ်၊ ဒါမှ သောတာပန်တွေကိုင် တဲ့ မဟာသတိပဋ္ဌာန် အစစ်ဖြစ်မယ်။ ဒါကြောင့် ဒီသဘာဝတွေ မပါအောင် ဟင်းလျာကို သုံးဆောင်တဲ့အခါမှာ ဘယ်လိုသုံး

ဆောင်မလဲ၊ ဒီတော့ "ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိ မတ္တာယ အနိဿိတောစ ဝိဟရတိ နစ ကိဉ္စိ လောကေ ဥပါ ဒိယတိ" လို့ပြလာတဲ့အတိုင်းဖြစ်သာမှ မဟာသတိပဋ္ဌာန်တရား အစစ်ဖြစ်ပြီး မဂ္ဂင် ၈-ပါးထဲကို သွင်းလို့ရမယ်။

ဒီမဟာသတိပဋ္ဌာန် တရားကျတော့ ဗောဇ္ဈင် ၇-ပါး၊ ဗိုလ် ၅ ပါး, ဗောဇ္ဈင် ၇-ပါး, မဂ္ဂင် ၈-ပါးထဲကို သွင်းလို့ရသွားပြီ၊ ဒါကြောင့် ဒီနေရာမှာ အရေးကြီးပါတယ်၊ ဒီကနေ ဘယ်တရား မှ မပွားများဘဲ မဂ်ကိုတက်နိုင်ပြီ၊ ဒါကြောင့် ဒီ နေရာဟာ အရေးကြီးပါတယ်၊ ကိုင်း....သညက္ခန္ဓာမှာ နာမပညတ်ရိပ်လေး ကပ်နေတယ်၊ ဒါကို ဘယ်လိုဖြုတ်မလဲ၊ အဲဒါ မဂ်သဘာဝ ၄-ချက်နဲ့ဖြုတ်ရမယ်၊ အဲဒါဖြုတ်တဲ့သဘာဝကိုလဲ သိရမယ်၊ လုပ်ငန်းစဉ်ကိုလဲ အားထုတ်လာရမယ်၊ ဒါမှ အညစ်အကြေး တွေကိုမြင်ပြီး ဖြုတ်လို့ရလာမယ်။

ဒီတော့သညက္ခန္ဓာကို ဆွဲတဲ့အခါမှာ နာမပညတ်ရိပ်မပါစေနဲ့၊ အဲဒါပါဘယ် မပါဘူးဆိုတာ တကာကြီးတွေ သိလာလိမ့်မယ်၊ ဒီတော့ ဟင်းလျာကို နှိုက်လိုက်တဲ့အခါမှာ ဟင်းတုံးကို ရွေးနေ သေးရင် နာမပညတ်ရိပ်ဟာ ကပ်နေသေးတယ်၊ ဒီတော့ နာမ ပညတ်ရိပ်ကို ဘယ်လိုသတ်မလဲ၊ ဒီ နာမပညတ်ရိပ် ဇာတ်သိမ်း သွားမှ ဆွမ်းပွဲကြီးမှာကို ပစ္စုပ္ပန်ဖြသာအနေနဲ့ သုံးဆောင်သွား တော့မယ်၊ ဒါကို နားလည်ရင် ဖြတ်ပြမယ်၊ နေ့ခင်းက ဖြတ်လိုက် တာက သဘာဝတမျိုးပါ၊ အခု အမျိုးသမီးကြီးတွေအတွက် သဘာဝတမျိုးနဲ့ ဖြတ်ပြမယ်။

ဒီတော့ သညက္ခန္ဓာ နာမပညတ်ရိပ်, သင်္ခါရက္ခန္ဓာ သဏ္ဌာန ပညတ်ရိပ် ဒီ ၂-ပါး မျက်စေတာင်ခတ်ပြီးတော့ ဆွဲလာသော်သဲ

ဝေဒနက္ခန္ဓာ သမ္မုဟပညတ်ရိပ်ကို သတ်နိုင်ရင် ကျန်တဲ့ဟာတွေ ဟာ ပြီးတာဘဲ၊ နေ့ခင်းက သညက္ခန္ဓာ နာမပညတ်ရိပ်ကနေ သတ်ပြခဲ့တယ်၊ ဒါက ဒုက္ခတရားကနေ ဝင်ရပါတယ်၊ ဒါကို အဖျားသတ်လို့ခေါ်တယ်၊ ပညတ်သတ်လို့လဲခေါ်တယ်၊ နောက် ပရမတ်သတ်ကျတော့ ပစ္စုပ္ပန်အရိပ်ကနေ (ဝါ) ဝေဒနက္ခန္ဓာ သမ္မုဟပညတ်ရိပ်၊ ဝါးစားနေတဲ့အချိန်ကနေပြီးသတ်ရင် အနတ္တ တရားကို တချက်ထဲဝင်လို့ရတယ်၊ ဒါက ဝေဒနက္ခန္ဓာ သမ္မုဟ ပညတ်ရိပ် မျက်တောင်မခတ်တဲ့နည်းပါ၊ ဒါက အရင်းသတ်လို့ ခေါ်တယ်၊ (ဝါ) ပရမတ်သတ်လို့လဲခေါ်တယ်။

သတ်ပြမယ်....ဒီတော့ ဝေဒက္ခန္ဓာက နာမပညတ်ရိပ်၊ သဏ္ဍာန် ပညတ်ရိပ် ၂-ပါးကို မဆွဲရင် မျက်တောင်မခတ်နိုင်ပါ၊ ဒီတော့ ဝေဒနက္ခန္ဓာ သမ္မုဟပညတ်ရိပ်ကို ဒသာနဋ္ဌနဲ့ ရိုက်ချိုးပါ၊ ဒီလို ရိုက်ချိုးလိုက်ရင် သညက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာတို့ဟာ၊ (ဝါ) နာမပညတ်နဲ့ သဏ္ဍာနပညတ်တို့ဟာ မျက်တောင် မခတ်နိုင် တော့ပါ၊ ဒီတော့မှ အတိတ်စွန်းအဝိဇ္ဇာရိပ်၊ သညက္ခန္ဓာ နာမ ပညတ်ရိပ်ကို နိယျာနဋ္ဌနဲ့သတ်၊ အနာဂတ်စွန်း သင်္ခါရက္ခန္ဓာ သဏ္ဍာနပညတ်ရိပ်၊ တဏှာရိပ်ကို ဟေတုဋ္ဌနဲ့ သတ်ရမယ်လို့ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာကြီးက ပြလာတယ်၊ ဒီတော့မှ အဘိဇ္ဈာဒေါမနဿလောကကြီး မပေါ်တော့မှာ။

ဒီတော့ အဘိဇ္ဈာဒေါမနဿလောကပေါ်နိုင်တဲ့ ဝေဒနက္ခန္ဓာ သမ္မုဟပညတ်ရိပ်က ကံရိပ်သဘောပါ၊ ဒါကို ယခုဒဿနဋ္ဌနဲ့ သိမ်းလိုက်ပါ၊ ဒါဟာ ပရမတ်သဘောကို တချက်ထဲ ဝင်ကိုင် လိုက်တာနဲ့ သညက္ခန္ဓာ နာမပညတ်ရိပ်၊ သင်္ခါရက္ခန္ဓာ သဏ္ဍာန ပညတ်ရိပ်တို့ဟာ မျက်တောင် မခတ်နိုင်တော့ပါ၊ ဒီတော့

အဘိတ်စွန်း၊ အဝိဇ္ဇာရိပ် သညာက္ခန္ဓာကိုနိယျာနင့်၊ အနာဂတ်စွန်း တဏှာရိပ် သင်္ခါရက္ခန္ဓာကို ဘောတုဒ္ဓ၊ ပစ္စုပ္ပန်ကံရိပ် ဝေဒနက္ခန္ဓာကို ဒဿနဒွန်နဲ့ ဖြတ်လိုက်ရင် အနုက္ခတ်ထဲကို တချက်ထဲ ဝင်သွားပြီ၊ ဒီလို သိမ်းလိုက်ရင် မပြုပြင်တဲ့သဘောကို အမှန်မြင်သွားပြီ၊ မပြုပြင်ဘူးဆိုတာ အဝိဇ္ဇာ, တဏှာ, ကံတို့ ပြတ်သွားတဲ့ သဘောပါ၊ (တနည်း) နိဗ္ဗာန်ခတ်ကို မြင်တာကိုခေါ်တယ်။

ဒီတော့မှ ဝေဒနက္ခန္ဓာကိုကြည့်ရင် သညာက္ခန္ဓာ နာမပညတ်, သင်္ခါရက္ခန္ဓာ သဏ္ဍာနပညတ်ရိပ်တွေကိုမဆွဲတော့ဘဲ သူ့သဘာဝအတိုင်း ခံစားသုံးဆောင်သွားပြီ၊ (ဝါ) ပရမတ်သဘာဝအနုတ္တခတ်အနေနဲ့ ခံစားသုံးဆောင်သွားနိုင်ပြီ ဒီလို နာမပညတ်ရိပ် သဏ္ဍာနပညတ်ရိပ်တို့ မပါအောင် ခံစားသုံးဆောင်သွားနိုင်ရင် ဝိညာဏက္ခန္ဓာကြီးဟာ အုပ်ချုပ်ရေးပျက်စီးသွားပြီ၊ ဒီတော့မှ ထိုပုဂ္ဂိုလ်မှာ အဘိဇ္ဈာဒေါမနဿလောကကြီး မပေါ်တော့ဘဲ အနုတ္တနဲ့ဒုက္ခနဲ့ မဟာသတိပဋ္ဌာန် တရားကြီးမှာ ဥဒ္ဒေါင်းချနိုင်ပြီ၊ ကိုင်း....ဒီနေ့ ၅-ပါးသောပသာဒတွေမှာ ၅-ပါးသော မဟာသတိပဋ္ဌာန်တရားတွေ ပေါ်ပုံကို ဥဒ္ဒေါင်းချလိုက်ပါပြီ၊ နက်ဖြန် အာနာပါနတရားတော်ကြီးရဲ့ လုပ်ငန်းစဉ်ကို တက်ရတော့မယ်။

ဤတွင် ၅-ပါးသော ပသာဒ၌ မဟာသတိပဋ္ဌာန်တရား ဆင်ခြင်ပုံ လုပ်ငန်းစဉ် ပြီး၏။

ကိုင်း.... သာဓုသာ ခေါ်ကြပါတော့

သာဓု....သာဓု....သာဓု။

ဝါခေါင်လဆုတ် ၆-ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၁၇)

ယနေ့မျက်စေ့သတိပဋ္ဌာန်၊နား, နှာ, လျှာ, ကိုယ် သတိပဋ္ဌာန်တွေပြီးသွားပြီ၊ အာနာပါနကို တက်ရတော့မယ်၊ အာနာပါန ဘာဝနာကို တကယ်ပွါးများတဲ့ပုဂ္ဂိုလ်ဟာ စကားများဘဲ့ ပုဂ္ဂိုလ်များဟာ ပွါးများလို့မရပါ၊ ဒါ့ကြောင့်ပဌမဦးဆုံး စကားနည်းရမယ်၊ ဒီတော့လောကီအာနာပါနကို ပွါးများလို့ အထူးအထိပ်ကို ရောက်တော်မူကြတဲ့ ဆရာတော်ကြီးများဟာ သူတို့ဆီမှာအာနာပါနသင်တန်းကို သွားယူတဲ့အခါမှာ သူတို့က စကားမပြောရဘူးလို့ မပြောတဲ့နဲ့ အဲဒါတရားအားထုတ်တဲ့ အခါမှာ ပဲကြီးလှော်စားနေလို့ ပြောလိုက်ပါတယ်၊ ဒါဟာ စကားမပြောရဘူးလို့ ဆိုလိုက်တာဘဲ၊ ဒါ့ကြောင့်အာနာပါနကို အားထုတ်တဲ့ပုဂ္ဂိုလ်ဟာ ပဌမ ဘယ်သူနဲ့မှ စကားမပြောရဘူး၊ အပြင်လူတွေနဲ့စကားမပြောရဘူး။

ဒီတော့ စာပေ ပိဋကတ်ကို သင်လာရင်ဘဲ၊စာပေကဆုံးမလာ ပါတော့တယ်၊ ဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ ဓမ္မက္ခန္ဓာ ပေါင်း "၈၄၀၀၀" တို့ဟာလဲ တခုသောဓမ္မက္ခန်သည် သတ္တဝါ တွေကို ဆုံးမတဲ့တရားပါဘဲ၊ မဆုံးမတဲ့တရားဟူ၍ မရှိပါ၊ ဒီတော့ အာနာပါနကို အားထုတ်တဲ့အခါမှာ အပြင်လူတွေနဲ့ စကားမပြောပါနဲ့၊ တိုက်တွင်းသိတင်းသုံးဖေါ်ချင်းတောင်မှ ဆင်ခြင်နိုင်သလောက် ဆင်ခြင်လာရမယ်၊ မပြောနဲ့လို့တော့ မတားမြစ်ပါ၊မေးတခွန်းပြောခွန်းအနေလောက်သာပြောရမယ်၊ ရေိုက်ကြမ်းကြီးတွေကိုလဲ ခွါရပါသေးတယ်၊ ဉာဏ်ခြေတွေကိုလဲ

ပုံစံနံပါတ် (၁၇)



စောင့်စည်းလာရမယ်၊ ၆-ပါးသောဣန္ဒြေတွေကို ပိတ်ဆို့လာတာ ဟာပဋိပတ်လုပ်ငန်းစဉ်ပါ။

ဒီတော့အာနာပါနကို အားထုတ်ရင် ပတ်ဝန်းကျင်နဲ့ သွားလာတာတွေဟာလဲ ဖြတ်နိုင်သလောက်ဖြတ်လာရမယ်၊ တောင့်တမှုနဲ့ကြောင့်ကျမှု ၂-ပါးဟာအစင်ကင်းနေရမယ်၊ ဒီ ၂-ပါး ရှိနေရင် အာနာပါနကို အားထုတ်လို့မရတော့ပါ၊ ဒါကြောင့် ဒီ ၂-ပါးမရှိအောင်လုပ်ရမယ်၊ ဒီတော့ ဒီ ၂-ပါးမရှိဘဲ အာနာပါနကြီးကို တနာရီ အချိန်မှန်မှန် အားထုတ်သွားရင်ဘဲ ပေါက်နိုင်ပါတယ်။

အာနာပါနကို အားထုတ်မယ်ဆိုရင် တကာ-တကာမတွေ ဟာ ဘာကိုနားလည်ရမလဲ၊ နားမလည်ရင် မဖြစ်တဲ့ ကိစ္စတွေ ရှိနေတယ်၊ မိမိက သမာဓိရရုံလောက် စိတ်ဝိတက်ငြိမ်းရုံလောက် အားထုတ်တာမဟုတ်ပါ၊ ယခုအားထုတ်မှာက ဘုရားရှင် ဟော ကြားခဲ့တဲ့အတိုင်း ရုပ်တရား နာမ်တရားကိုရအောင် ဒီအာနာ ပါနကြီးကို အားထုတ်မှာဖြစ်ခြင်းကြောင့် ပဌမ မိမိရဲ့ခန္ဓာ ကိုယ်ကြီးမှာ တံခါး ဘယ်နှစ်ပေါက်ရှိသလဲ။

ဒီတော့ မိမိရဲ့ခန္ဓာကိုယ်ကြီးထဲမှာ အပေါက် ၆-ပေါက် ရှိ တယ်၊ မျက်စေ့ နား နှာ လျှာ ကိုယ် စိတ်ဆိုပြီး ခြောက်ပေါက် ရှိတယ်၊ ဒီ ၆ ပေါက်ဟာ စိတ် စေတသိက်တွေ ဝင် ထွက် သွားလာနေတဲ့ အပေါက်တွေပါ၊ ဒါက ဝိပဿနာ ပုဂ္ဂိုလ်တွေ ကိုင်တဲ့အပေါက်တွေပါ။

နောက်တခါ အပေါက် ၉ ပေါက် ရှိသေးတယ်၊ မျက်စေ့ ၂-ပေါက်၊ နား ၂-ပေါက်၊ နှာခေါင်း ၂-ပေါက်၊ ပါးစပ်

တပေါက်, ကျင်ကြီးတပေါက်, ကျင်ငယ်တပေါက်-ပေါင်းတော့ ၉-ပေါက်ရှိတယ်၊ ဒီအပေါက် ၉-ပေါက်ဟာ ကုသိုလ်တရား ရရာ—ရကြောင်း အနေနဲ့ စက်ဆုပ်ရွံရှာဘွယ်တွေကို ရှုတဲ့အခါ မှာ ကိုင်တဲ့ အပေါက်တွေပါ။

ယခု အာနာပါနကို အားထုတ်တဲ့အခါမှာ အပေါက် ၄-ပေါက်ကို နားလည်ထားရမယ်။

၁။ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားကတပေါက်၊
၂။ ငယ်ထိပ်ဦးဇောက်ကတပေါက်၊
၃။ နှလုံးအိမ်ရင့်ချိုင့်ကတပေါက်၊
၄။ ချက်တိုင်က တပေါက်-ဆိုပြီး ၄-ပေါက် ရှိတယ်။ ဒါကို အာနာပါန တံခါးကြီး ၄-ပေါက် စတုဒ္ဒွါ ၄-ချက်လို့ ခေါ်တယ်။

ထွက်တဲ့လေဟာ ပဌမ ချက်တိုင်ကစပြီး ထွက်လာတာဟာ နှလုံးအိမ် ရင့်ချိုင့် ငယ်ထိပ် ဦးဇောက်ကို ရောက်ပြီးတော့ နောက်ဆုံးနှုတ်ခမ်းဖျားနဲ့ နှာသီးဖျားကနေပြီးထွက်သွားတယ်၊ ဝင်လေကျတော့လဲ နှာသီးဖျားနဲ့ နှုတ်ခမ်းဖျားကနေစပြီးတော့ ဝင်လာတာဟာ ချက်တိုင်ကျတော့ချုပ်သွားတယ်။

ဒီတံခါး ၄-ပေါက်ကို ပဌမနားလည်ထားရမယ်၊ နောက် ဆိုရင် ဒီအပေါက်တွေကို တဖြေးဖြေးနဲ့ သိမ်းလစတော့မယ်၊ အခုထဲကမှတ်ထားပါ၊ အပေါက်တွေကို နားမလည်ရင် သိမ်း လို့မရပါ၊ ဒါကြောင့် အပေါက်တွေကို နားလည် ထားရမယ်၊ ဒါကြောင့် ဘုရားရှင်က " သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာ မီတိ သိက္ခတိ၊ သဗ္ဗကာယ ပဋိသံဝေဒီ ပဿ သိဿာမီတိ

သိက္ခတိ” သို့ ဟောကြားထားတာပါ၊ ဒီတော့ နှလုံးအိမ်ကြီး ကနေပြီး ကျန်တဲ့ ၃-ပေါက်ကို သိမ်းပြီးတော့ ကာလ ၃-ပါး ရုပ်နာမ်ကို ရှုလာရတယ်၊ ဒါ့ကြောင့် ယခုထဲက နားမလည်ရင် ဘယ်မှာသိမ်းလို့ရမလဲ။

ဒီတော့ ထွက်လေ-ဝင်လေ ဝင်ထွက်နေတာကို သိလာရမယ်၊ ထွက်တဲ့လေဟာ ချက်တိုင်မှာ ဘယ်လိုဖြစ်လာသလဲ၊ ဝင်တဲ့ လေဟာ ချက်တိုင်မှာ ဘယ်လိုချုပ်သွားသလဲ၊ ထွက်တဲ့လေဟာ ချက်ဘိုင်မှာ ဘယ်အနေနဲ့ ဖြစ်နေသလဲ၊ ဒီကနေပြီးတော့မှ ဖြစ်ပျက်ကို ရှုလာရတော့မယ်၊ အဲဒါ ဝေဒနာနဲ့ ဖဿကို ရှုလာရမယ်။

ဒီတော့....ထွက်လေ-ဝင်လေကို ချုပ်နိုင်တာဟာ ဘယ်ပုဂ္ဂိုလ် တွေလဲဆိုရင် သမာပတ်ကိုရမှ ချုပ်လို့ရတယ်၊ စတုတ္ထဈာန်ကို ဝင်စားတဲ့အခါမှာ ခန္ဓာကိုယ်ကြီးတခုလုံးဟာ အပေါက်တွေ အကုန်လုံး ပိတ်ပြီးတော့ အပေါက်တွေမရှိတော့ပါ၊ ဒီတော့မှ ဘယ်လိုဘဲရိုက်ရိုက်၊ လှည်းအစီး ၅၀၀ တက်နင်းသော်လဲ ဘာမှ မဖြစ်တော့ပါ၊ သမာပတ် ၈-ပါး၊ သမာပတ် ၉-ပါးကို ဝင်စား လာရင်ဘဲ မွေးညှင်းပေါက်တောင်မှ မကျန်တော့ဘဲ အားလုံး ပိတ်ကုန်ပြီ၊ အရှင်မောဂ္ဂလာန်သည် နန္ဒောပနန္ဒ နဂါးအား ဆုံးမတော်မူတဲ့အခါ နန္ဒောပနန္ဒ နဂါးက လွှတ်လိုက်သော အခိုးအလျှံတို့သည် အရှင်မောဂ္ဂလာန်၏ကိုယ်သို့ မဝင်နိုင်ခြင်း သည် စတုတ္ထဈာန်သမာပတ် ဣဒ္ဓိဝိဓ အဘိညာဉ်၏ တန်ခိုး ကြောင့်ဘဲမဟုတ်လား၊ ဒါက ထွက်လေ-ဝင်လေကို မြင်အောင် ပြလိုက်တာပါ။

ဒီတော့ ထွက်လေ-ဝင်လေကို မွေးညှင်းပေါက်ကစပြီး ဝင် ထွက်တာကို သိရမယ်၊ မြင်ရမယ်၊ ဒီသဘာဝကို နားလည်ထား

ရမယ်၊ ဒီတော့ ထွက်လေ-ဝင်လေဟာ စိတ်ကြောင့်ဖြစ်တဲ့ ဝါယောဓာတ်ပါ၊ ဥတု-အာဟာရကြောင့် မဖြစ်ပါ၊ ထွက်လေ ဝင်လေမှာ စိတ်ကြောင့်ဖြစ်တဲ့ ဗျာပါရလေးဟာ ပါလာတယ်၊ ဘယ်လိုပါလာတယ် ဆိုတာကို ယခု မပြောနိုင်သေးသော်လဲ သူ့တံခါးနဲ့သူ ဘမ်းလာတဲ့အခါမှာ လေခေါ်တ်မှာပါလာတဲ့ နာမ်ဓာတ်လေးတွေနဲ့ တံခါးပေါက်မှာ ရှိနေတဲ့ မီးဓာတ်ကြီး တွေနဲ့ ပွတ်တိုက်သိုက်ဘဲ့အခါမှာ ရုပ်နာမ်ဆိုပြီးဖြစ်သာတာပါ၊ ဒါကြောင့် ရုပ်နာမ်ကူးဆိုတာပါ၊ ဒီတော့ ကြမ်းတန်းတဲ့သဘော က ရုပ်၊ နူးညံ့တဲ့သဘောက နာမ်အနေနဲ့ ယူသာမယ်၊ ဒါကြောင့် ထွက်လေ-ဝင်လေဟာ စိတ္တဇဝါယောကြောင့် ဖြစ်လာတယ်။

ကိုင်း....တံခါး ၄-ပေါက်ကို နားလည်ပြီ၊ နားလည်ရင် ဒီတံခါးကြီး ၄-ပေါက်မှာ စောင့်ရှောက်တဲ့ မီးဓာတ်ကိုသဲ နားလည်ရမယ်၊ ပရိပါစကမီးဓာတ်၊ ဥသမမီးဓာတ်၊ သန္တပ္ပန မီးဓာတ်၊ ပရိဒယှန (ဝါ) ဥဟာမီးဓာတ် ဒီ ၄-ပါးကို နားလည် ရမယ်၊ ဒီမီးဓာတ်လေးပါးနဲ့ နာမ်ဓာတ်လေးတွေ ပွတ်တိုက် လိုက်တဲ့အခါမှာ ကြမ်းဘန်းတဲ့ သဘောက ရုပ်၊ နူးညံ့တဲ့ သဘောက နာမ်ဆိုပြီး သဘာဝအပေါက်တွေကနေပြီး ရုပ်နာမ် တွေ ထွက်လာမယ်။

ဒီတော့ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားမှာ ဥဟာမီးဓာတ်ရှိတယ်၊ ငယ်ထိပ်ဦးဈောက်မှာ သန္တပ္ပန မီးဓာတ်ရှိတယ်၊ နှလုံးအိမ် ရင်ချိုင့်မှာ ဥသမမီးဓာတ်ရှိတယ်၊ ချက်တိုင်မှာ ပရိပါစက မီးဓာတ်ရှိတယ်၊ ဒါဖြင့် ပရိပါစကမီးဓာတ်ဆိုတာ ဘာကို ခေါ် တာသဲ၊ ထက်ဝန်းကျင် ကျက်ရင့်စေတတ်တဲ့ မီးဓာတ်ပါ၊ "ပရိ သမန္တတော ပါစေတီတိ ပရိပါစကော" လို့ ပြလာပါတယ်။

ဒီတော့ ထက်ဝန်းကျင်ဆိုတာ အရပ် ၈-မျက်နှာကိုလင်းနိုင်မှ ထက်ဝန်းကျင်လို့ခေါ်တယ်၊ ဒါကို ပရိပါစကမီးခါတ်လို့ခေါ်တယ်၊ ဒီမီးခါတ်ကို ပြောပြမယ်၊ ဒီမီးခါတ်ဟာ ချက်တိုင်မှာရှိတယ် ဒိတ်ဒိတ် ဒိတ်ဒိတ်နဲ့ တိုးနေတဲ့နေရာကိုခေါ်တယ်။

ဒီတော့ သွေးအား သေအားမှန်ရင် ချက်တိုင်မှာကပ်ပြီးဘော့ တည်တယ်၊ ဝတဲ့လူများကျတော့ ချက်တိုင်ရဲ့ အောက်နားမှာရှိတယ်၊ ဒီမီးခါတ်ဟာ ဘယ်ထိအောင် ပူသလဲ၊ ဒီတော့ ယောကျ်ားများမှာ ရှေးတုံးက ယောကျ်ားများရဲ့အူဟာ ၃၂ တောင်ရှိတယ်၊ မိန်းမများကျတော့ ၂၈-တောင်သာ ရှိတယ်၊ ဒီ အူတွေအားလုံးထဲမှာရှိနေတဲ့ အစား အစာတွေကို ပရိပါစကမီးခါတ်က ချက်ပစ်လိုက်တယ်။

ဒီတော့စားလိုက်တဲ့အခါမှာ အဲဒါ ကျင်ကြီးဘက်ကို သွားတယ်၊ နောက် သလိပ်ဖြစ်တယ်၊ ဒီတော့ အူခွေထဲမှာရှိတဲ့ အစားအစာမှန်ရင် အကုန်လုံး ကျက်စေတယ်၊ (ဝါ) ချက်လိုက်တယ်၊ ဒါကို ပရိပါစက မီးခါတ်လို့ခေါ်တယ်၊ ဒီမီးခါတ်ရဲ့ အပူခါတ်အားဟာ အူရဲ့အလျား ရှည်သလောက်ကို အားပေးနေတယ်၊ ဒါကြောင့် ထက်ဝန်းကျင် ကျက်ရင့်စေတယ်လို့ ပြောတာပါ၊ ဒါကို ပရိပါစကမီးခါတ်လို့ခေါ်တယ်၊ ဒီတော့ ကျင်ကြီးဘက်ကို ၄-နာရီမလွန်ခင် ခွဲထွက်သွားတယ်။

အသီးအရွက် ဟင်းတွေကို စားရင် တနာရီလောက်မှာကို ကြေညက်စေတယ်၊ သား ငါး ဟင်းလျာတွေကိုစားရင် ၂-နာရီ ၃-နာရီလောက်မှ ကြေညက်ပါတယ်၊ ဒါဟာ ပရိပါစကမီးခါတ်ပါ၊ ဒီလောက်သာ မှတ်ထားပါအုံး၊ နောက်သူ့ ကဏ္ဍကျလို့ နှိုက်လာရင်ဘဲ လောကကြီးတခုလုံးဟာ တုန်လှုပ်လာတော့မယ်။

ဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးအလိုတော်ရှိတဲ့အခါ မှာ မုန်ညင်းစေ့ထဲကိုတောင် စကြာကြွလို့ရတယ်၊ ထပ်ပြောမယ် ဘုရားရှင် ပရိနိဗ္ဗာန်ပြုခါနီး နတ်ပြဟ္မာတွေလာရောက်ဖူးတွေ့ကြ တာဟာ သားမြီးဖျား ထိုးလောက်ရှိအရပ်မှာတောင် နတ်ပြဟ္မာ တွေဟာ အစု ၆၀-အထိ နေကြရတယ်၊ ဒီတော့ မဟာသမယ သုတ်ကြီးကို ဟောတော်မူတဲ့အခါမှာလဲ မြေကြီးမှ ပဋ္ဌမဈာန် ပြဟ္မာ့ဘုံတိုင်အောင် ပတ်ဝန်းကျင်ဆိုရင် စကြာဝဠာ တံတိုင်း အထိ ဖွင့်လိုက်တယ်၊ ဒီအခါမှာလဲ သားမြီးဖျားထိုးလောက်ရှ အရပ်မှာ နတ်ပြဟ္မာတွေဟာ အစု ၆၀–ထိ အောင်နေရတယ်၊ ဒါဟာ ဘယ်သဘာဝကြောင့်နေလို့ရသလဲ ? ဒါကို နောက် ပိုင်းကျတော့ ပြောပြပါမယ်။

ဒီတော့ အာတပ္ပမက္ကရုံးဆိုတာ သမာပတ် ၈-ပါးအဘိညာဉ် တွေကို ဝင်စားနိုင်ရင်ဘဲ တဦးတယောက်ရဲ့ ကောင်းမှုဆိုးမှုကို သိလာတော့တယ်၊ ဒါကြောင့် လူတို့ရဲ့ ပူပန်စေတတ်တဲ့အတတ် ဖြစ်ခြင်းကြောင့် တန်ခိုးမပြနဲ့လို့ ပညတ်တော်မူတာပါ၊ ဒီတော့ ရှေ့ကျမှ ဒီမီးခဲတ်လေးကို ရှင်မှဟာ မောဂ္ဂလာန် တန်ခိုးပြပုံ နှင့် နတ်ပြဟ္မာတွေ အစု ၆၀-နေပုံကို ခွဲစိတ်ပြပါမယ်။

ကိုင်း....ဒီတော့ ပရိပါစက မီးခဲတ်ဟာ အရင်ကလူဆိုရင် အူဟာ ၃၂-တောင်ရှိတယ်၊ ယခု ကျတော့ ၂၁-ပေသာရှိတယ်၊ အရင်က မိန်းမများကျတော့ ၂၈-တောင်၊ ယခု မိန်းမများ ကျတော့ ၁၇-ပေသာရှိတယ်၊ ဒီအူထဲမှာရှိတဲ့ အစားအစာတွေ ကို ဒီပရိပါစကမီးခဲတ်က ကြေချက်တယ်၊ (၀၁) ကျက်ရင့်စေ တယ်၊ ဒီမီးခဲတ်နဲ့ ပြည့်စုံနေရင် ဘယ်ဆေးကိုမှ မသောက်ရ တော့ပါ။

ဒီပရိပါစကမီးခါတ်ဟာ သတ္တဝါတွေကို အစဉ်စောင့်ရှောက်နေတယ်၊ ဒီမီးဓာတ်ကိုဘဲ ဇီဝိတနဝက ကလာပ်လို့ခေါ်တယ်၊ ဒါကို အသက်လို့ ပြောဘာပါ၊ ဇီဝိတလျှင် ရုပ် ၉ ခု ရှိတယ်၊ ဒီမီးဓာတ်ဟာ ကံကြောင့် ဖြစ်လာတဲ့ မီးဓာတ်ပါ၊ ဘယ်ကံလဲဆိုတော့ အတိတ်က ဇနကကံပါ၊ ဒီတော့ အတိတ်က ဆွမ်းသင်္ကန်း ကျောင်းဆေးတွေ လှူဒါန်းလာခဲ့တဲ့ အတိတ်ဇနကကံက ပစ်ချလိုက်တော့မှ အမိဝမ်းထဲမှာ ပဋိသန္ဓေ တည်လာရတယ်၊ ဒီထဲမှာ ပရိပါစကမီးဓာတ်လေးပါလာတယ်၊ ဒါကို ဇီဝိတိန္ဒြေလို့လဲခေါ်တယ်၊ ဆေးသမားတွေကျတော့ ဝမ်းမီးလို့ခေါ်တယ်၊ ဒီမီးဓာတ်ဟာ ဘယ်လောက်သတ္တိရှိသလဲ။

ဒီမီးဓာတ်ကနေဖြစ်နေတဲ့ ကုဋ္ဌနူနာ ရောဂါ ဖြစ်လာရင်ဘဲ ဆေးကုလို့မရဘော့ပါ၊ ဒီကုဋ္ဌနူနာ ရောဂါတွေဟာ ဒီမီးဓာတ်ကနေဖြစ်လာတာဖြစ်ခြင်းကြောင့် ဘုရားရှင်က ဒီရောဂါမျိုးရှိရင် ငါ့ရဲ့ သာသနာတော်ထဲကို မဝင်ရဆိုပြီးဘော့ ပညတ်လာတာပါ။ ဒီကုဋ္ဌနူနာဟာ သွေးကနေဖြစ်လာတာမဟုတ်ပါ၊ ဒီ ပရိပါစကမီးဓာတ်ကနေ စပြီးတော့ဖြစ်လာတာပါ၊ အဲဒီကနေမှ သွေးနဲ့ပေါင်းပြီးဖြစ်လာတာပါ၊

ဒီ အနာမျိုးကို ကုနိုင်တဲ့ ဆေးဟာ ရသာယန ဆေးပါ (ဝါ) ပြဒါးပြာပါ၊ ဒီဆေးကို ပျားရေနဲ့ စားရင် ပျောက်ပါတယ်၊ ဒီဆေးကို စားနိုင်တာလဲ သီလဖြူစင်တဲ့ ပုဂ္ဂိုလ်မှ စားနိုင်ပါတယ်၊ လူတိုင်း မစားနိုင်ပါ၊ သီလမဖြူစင်ရင် ဖေါက်ထွက်သွားတော့မယ်၊ ဒီဆေးကို ၄-ရွေး လောက်သာ စားရရင်ဘဲ လူ့ရုပ်—လူ့ခွင်မှာ မပျော်တော့ဘဲ တောထဲထွက်တော့ဘာဘဲ။

ကိုင်း—ဒီပရိပါစကမီးဓာတ်ကို မိလာတာနဲ့ သွေးအားလေအားတွေဟာ ပြောင်းလာတော့မယ်၊ ဒီမီးဓာတ်ဟာ ကံကြောင့်

ဖြစ်လာတဲ့မီးခေတ်ပါ၊ ဒီမီးခေတ်ဟာ ချက်တိုင်တံခါးပေါက်မှာ ရှိတယ်၊ ဒီမီးခေတ်မှာ ဘယ်ပညတ်ရုပ် ရှိသလဲ၊ သန္တတိပညတ်ရုပ်ရှိတယ်။

ဒီပရိပါစကမီးခေတ်ကို ပေါက်ရင်အာနာပါနကြီးလဲပေါက်လာပြီ၊ ဒီအာနာပါနကြီးကို ပေါက်ရုံနဲ့ ရသာယနဆေးကို မစားနိုင်သေးပါ၊ စားနိုင်အောင်ပြုပြင် ပေးလာရသေးတယ်၊ အစာအာဟာရတွေကနေ ပြုပြင်လာမှ ၄၊ နှစ်၊ ၅-နှစ် လောက်ကြာလာမှ အဲဒါ ရသာယန ဆေးနဲ့ ပျားရေနဲ့ စားလိုက်တဲ့ အခါမှာ သွေးအား၊ လေအားတွေဟာ တခါထဲ ပြောင်းလာတော့တယ်၊ရောဂါဘေးဘယတွေမရှိတော့ပါ၊ ၄-၅-ရွေးအထက်လဲ စားမိလာရော လူ့ရုပ်လူခွင်မှာ မပျော်တော့ဘဲ တခါထဲ ထွက်သွားကြပြီ။

ဒီတော့ ဒီမီးခေတ်မှာ သန္တတိပညတ်ရုပ်လေး ရှိနေပါယ်၊ သန္တတိပညတ်ရုပ်လေးကို ပြောပြအုံးမယ်၊ သန္တတိပညတ်ဟာ ရုပ်သန္တတိ၊ နာမ်သန္တတိဆိုပြီး ၂-မျိုးရှိတယ်၊ ပြောပြမယ်— ချက်တိုင်တံခါးပေါက်မှာ ပရိပါစကမီးခေတ်ကိုလဲ တွေ့လိုက်ရော ဒီပရိပါစကမီးခေတ်က အရောင်ခေတ်ကြီးတွေ ထွက်လာတယ်၊ ဒီပရိပါစကမီးခေတ်က ထွက်နေတဲ့ အရောင်ခေတ်ကို ရုပ်သန္တတိလို့ခေါ်တယ်။

မင်္ဂလ ဘုရားရှင်ဟာ ဒီပရိပါစကမီးခေတ်ကနေပြီးတော့ အရောင်ခေတ်ကြီးတွေ ထွက်နေတာဟာ ဇာတိခေတ်ဖြစ်တဲ့ စကြဝဠာတသောင်းမှာကို လင်းနေတယ်၊ နေ့ညဆိုတာ မသိရတော့ပါ၊ ကျေးငှက်တို့ရဲ့တွန်သံ အိပ်တန်းတက်ချိန် ဆင်းချိန်တွေကိုသာ အချိန်မှတ်ပြီးနေရတယ်၊ ဒီကိုယ်ရောင်တော်ကြီးဟာ ပရိပါစကမီးခေတ်ကနေ ထွက်နေတာပါ၊ ဒါက ရုပ်သန္တတိပါ။

နာမ်သန္တတိကျတော့ အဲဒါ ပရိပါစကမီးခေတ်ဟာ ကိုယ်ရဲ့ ခန္ဓာကိုယ်ကြီးမှာ ဘယ်သဘာဝတွေနဲ့ ဆက်စပ်နေသလဲလို့ ရှုလိုက်တဲ့အခါမှာ ပရိပါစကမီးခေတ် သန္တတိပညတ်နဲ့ ဥသမမီးခေတ် သမူဟပညတ်၊ နောက် သန္တပ္ပနမီးခေတ် သဏ္ဌာနပညတ်၊ နောက် ဥဟာမီးခေတ် နာမပညတ်တို့နဲ့ ဆက်စပ်နေတာကို နာမ်သန္တတိလို့ခေါ်တယ်။

ဒီတော့ ချက်တိုင်မှာရှိတဲ့ ပရိပါစကမီးခေတ်ကို ပိုင်သာရင် ဖြစ်ပျက်ကို တွေ့လာတော့မယ်၊ ဒီ မီးခေတ်ဟာ တကြိမ်မြင်လိုက်တာနဲ့ မပျောက်တော့ပါ၊ နောက် လုံ့လပြုလာရင် ပြန်ပေါ်လာတော့မယ်၊ ဒီ မီးခေတ်ကိုမိရင် ကျန်းမာရေးတွေနဲ့ ပြည့်စုံလာတော့မယ်၊ ငါ ဘယ်တော့သေမယ်ဆိုတာကို မြင်လာပြီ၊ ဒီ မီးခေတ်ကိုမြင်လာရင် ဇနကနဲ့ ဥပထမ္ဘက ကံ ၂-ပါးကို ဆွဲနိုင်တယ်၊ ဥပပီဠကနဲ့ ဥပဃာတက ကံ ၂-ပါးကို တားမြစ်နိုင်တယ်၊ လက်နက်ဆိုး အသေဆိုးတွေနဲ့ မသေရတော့ပါ။

နောက်ဆုံးမှာ မီးဇာကုန် ဆီခန်းပြီးတော့သာ သဘာဝအတိုင်း သေတော့မယ်၊ ဒီလို သေရင်ဘဲ ကောင်းရာသုဂတိသို့ ရောက်နိုင်တယ်လို့ ပိဋကတ်က ပြလာပါတယ်၊ ဒီပုဂ္ဂိုလ်ဟာ အသက် ၇၀-ကျမှ သေမယ်လို့ ခေတ်မှတ်ချက်ကျ ပြလာပါတယ်၊ ဝါယောခေတ် ပျက်စီးမှ သေမယ်၊ ဒီပြင်ခေတ်တွေ ပျက်လို့မသေပါ၊ ဒီထိအောင် ပြသာပါတယ်၊ ဒါကြောင့် အသက်ရှည်ချင်ရင် ကြိုးစားပါ၊ ဒီ မီးခေတ်ပေါက်ရင် အသက် ရှည်လာတယ်။

ကိုင်း....အသေးစိတ် ရှင်းပြလိုက်ပြီ၊ ပရိပါစက မီးခေတ် စတုဘ္ဗတံခါး သန္တတိပညတ်တွေကို ပြောပြလိုက်ပြီ၊ ဒီနေရာမှာ

ဘုရားရှင်က "ပဿံ ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊ ပဿံ ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိသိက္ခတိ" လို့ ဟောလာတယ်။

ဒီနေရာကနေ ရုပ်နာမ်ကူးဆိုရင် ဉဒယဗ္ဗယရုပ်နာမ်ကို ဝင်ရမယ်၊ ရှေ့တဆင့်တက်လိုက်ပါအုံး၊ ဥသမမီးခာတ် ဆိုတာဟာ နှလုံးအိမ်ရင်ချိုင့်မှာရှိတယ်၊ သူ့ကို ကိုယ်ငွေ့လို့ ခေါ်တယ်၊ နှလုံးသွေးလို့လဲခေါ်တယ်၊ ဟာဒယဝတ္ထုရုပ်လို့လဲ ခေါ်တယ်၊ ဒီ မီးခာတ်ဟာ သတ္တဝါတွေကို သွေးအားလေအားတွေနှင့်တကွ ကျွေးဇူးပြုနေတယ်။

ဒီတော့ သွေးစမ်းတဲ့ နေရာဟာ ၆-ဌာနရှိတယ်၊ ဒီသွေး ညီညွတ်ရင် ကျန်းမာလာတယ်၊ ရောဂါမရှိတော့ပါ၊ ဒီတော့ လူရဲ့အသက်ထဲမှာလဲ ဒီ ဥသမမီးခာတ်ကို တခုလို့မှတ်ပါအုံး၊ အဘိဓမ္မာအနေနဲ့ထုတ်ရင် ဝတ္ထုဒသကရုပ်လို့ ခေါ်တယ်၊ ခာတ် ၈-ပါး ဇီဝိတ ဟာဒယဝတ္ထုအားဖြင့် ရုပ်ပေါင်း ၁၀ ရှိတယ်၊ ဒါဟာ စိတ် စေတသိက်တို့ရဲ့မှီရာ တည်ရာ ဖြစ်တယ်။

ဒီရုပ်ဟာ အမိဝမ်းထဲမှာ ကလာပ် ၃-စည်းကိုမှီပြီး ပဋိသန္ဓေ ဝိပါက် ဝိညာဏ်စိတ်လေးနဲ့တကွ ဖြစ်လာပါတယ်၊ ဒါကို ဥသမ မီးခာတ်လို့ ခေါ်တယ်၊ ဒီ မီးခာတ်ကို အဋ္ဌကထာဆရာကြီး တွေက မြန်မာပြန်တော့ ပူတဲ့သဘောလို့ ပြန်သွားကြတယ်၊ ဒါကြောင့် ဥသမမီးခာတ်ကို ကိုယ်ငွေ့လို့ခေါ်တာ၊ တံခါး အနေနဲ့ဆိုရင် နှလုံးအိမ်ရင်ချိုင့် တတိယတံခါးပါ၊ ပညတ် အနေနဲ့ဆိုရင် သမ္မုဟပညတ်ပါ၊ ကဲ... နက်ဖြန်ကျမှ ဆက်ပြ တော့မယ်။

# ညဟောစဉ်။

အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ၊ စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တဗောဇ္ဈင်္ဂေ ပရိပူရေန္တိ၊ သတ္တဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ။

လို့ သုတ္တနိပါတ် ပါဠိတော်ကြီးမှာ ဘုရားရှင်ဟောကြားတော်မူခဲ့သည့်အတိုင်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီးက ယူပြီးတော့ ဖွင့်လာပါတယ်၊ ဒီတော့ ဝိသုဒ္ဓိမဂ်ကြီးကို ဖတ်လိုက်တာနဲ့ အာနာပါနကြီးကို အားထုတ်ချင်တဲ့ စိတ်တွေဟာ ဗီလိုင်းပမာ တနေ့ထက်တနေ့ တက်လာပါတော့တယ်၊ ဒီ ပါဠိတော်ကြီးကို ယခု လက်တွေ့နည်းနဲ့ ထုတ်ပြလိုပါသေးတယ်။

ဒီပါဠိတော်ကြီးကို ဘာ့ကြောင့် ၃-ဆင့်ခွဲပြီး ဟောကြားလာပါသလဲ၊ သတိဆိုတဲ့ တရားကြီးဟာ ဘယ်လောက်အရေးကြီးပါသလဲ၊ ပရိနိဗ္ဗာန် စံခါနီးတောင်မှ "ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ" လို့ မိန့်တော်မူခဲ့သေးတယ်၊ ဒီ နောက်ဆုံးမှာလိုက်တဲ့ သတိလေးဟာ ဘယ်လောက် အရေးကြီးသလဲ၊ အာနာပါနကို ပွားများလာရင်ဘဲ ၅-ပါးသော အပေါက်တွေမှာ သတိပဋ္ဌာန်တရားတွေ ရှိလာရမယ်၊ ဒီတော့ စိတ်ပေါက်မှာ သတိလေးရှိလိုက်ရင်ဘဲ ၅-ပါးသော အပေါက်တွေမှာ သတိလေးရှိလာတော့တယ်။

ဒီတော့ သတိပဋ္ဌာန်တရားကြီးကို အားထုတ်ချင်ရင် ပွားများလာမယ်၊ ဒီတော့မှ သတိလေးတွေဟာ နှလုံးအိမ်ထဲမှာ ပွားများ

လာတော့မယ်၊ ဒါကို သူ့ကဏ္ဍနဲ့သူ ထုတ်ပြသွားပါတော့မယ်၊ သတိလေးရှိလာရင်ဘဲ အာရုံနဲ့ တွေ့တဲ့အခါမှာ နာမပညတ်နဲ့ သဏ္ဌာနပညတ် ဣဋ္ဌ၊အနိဋ္ဌ အဘိဇ္ဈာ ဒေါမနဿ လောကကြီး မပေါ်နိုင်တော့ပါ၊ဒါဟာ သတိလေးက ၅ ပါးသောအပေါက် တွေမှာကို ပိတ်ဆို့ထားပြီ။

အာနာပါနကို ပွားများလာရင် သတိတရားဟာ မြဲလာတော့တယ်၊ ဒါကို ဝိပဿနာဉာဏ်စဉ်ထဲကို ထည့်ရင် ဥဒယဗ္ဗယဉာဏ်အထိထည့်လို့ရပါတယ်၊ဒီဉာဏ်တွေကနေပြီး သဘာဝဉာဏ်ကြီးတွေပေါ်လာပါလိမ့်မယ်၊ ဥဒယဗ္ဗယဉာဏ်ကနေ သတိလေးကို ပေါ်နိုင်လာရင်ဘဲ ဗိုလ် ၅ ပါး၊ ဣန္ဒြေ ၅-ပါးတွေဟာ အကြမ်းနည်းအားဖြင့် ပြည့်စုံလာပါတယ်၊ ဒါဟာသတိကရှေ့ဆောင်ပြီး ပြည့်စုံလာတာပါ၊ နောက်ပညာက ရှေ့ဆောင်ပြီး ပြည့်စုံလာရင် မဂ်ကလက္ခံလာနိုင်ပြီ။

ဒါကြောင့် အာနာပါနကြီးကို တကယ်ပွားများအားထုတ်လာရင်ဘဲ သတိတရားတွေဟာ ပွားစီးပြီး ဝိပဿနာဉာဏ်တွေဟာ နှလုံးအိမ်မှာပြည့်စုံလာပါတော့တယ်၊ အဲဒါက တကဏ္ဍ၊ အဲဒါ သတိပဋ္ဌာန်တရား ၄-ပါးဟာလဲ ပြည့်စုံလာပါတော့တယ် ဒါက ပါဠိတော်ရဲ့ ပဌမပိုင်းပါ။

နောက် သတိပဋ္ဌာန်တရား ၄- ပါးကို ပွားများ လာရင် ဘာတွေထွက်လာမလဲ၊ သာရ ၄ - လုံး ထွက်လာတယ်၊ ဒီသတိပဋ္ဌာန်တရား ၄-ပါးကို တကယ် ပွားများ လာနိုင်ရင် ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး၏ ကော်ရပတ် ၄-ပါးကို ဖြတ်နိုင်လာတော့တယ်၊ (ဝါ)သာရ ၄-လုံးကို သတ်နိုင်လာတယ်၊ အဲဒီလိုလဲ သတ်နိုင်လာရော ဗောဇ္ဈင် ၇-ပါးနဲ့ ပြည့်စုံလာတော့တယ်။

ဗောဇ္ဈင် ၇-ပါးကို လုပ်ငန်းစဉ် အနေနဲ့ ရေးဆွဲလိုက်ရင် အနုပဿနာ ၇-ဉာဏ်ဖြစ်လာတယ်၊ ဒီဉာဏ် ၇-ပါးဟာ ဗောဇ္ဈင် ၇-ပါးနဲ့ ပြည့်စုံတဲ့ဉာဏ်ပါ၊ ဒါကို လုပ်ငန်းစဉ်နဲ့ ရေးဆွဲလိုက်ရင် သာရ ၄-လုံးထွက်လာတယ်၊ နောက်ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ခန္ဓာ ၄-မကာင် ထွက်လာတယ်၊ ဒါကိုပွားများလာရင် ဗောဇ္ဈင် ၇-ပါးနဲ့ ပြည့်စုံလာမယ်၊ ဒါက ဒုတိယပိုင်းပါ။

နောက် ဗောဇ္ဈင် ၇-ပါးကို ပွားများလာရင် ဗောဇ္ဈင် ၇-ပါးရဲ့အထက်မှာ အနုလောမဉာဏ်, ဂေါတြဘူဉာဏ်, မဂ် ဉာဏ်ထိအောင် တခါထဲ တက်သွားပါတော့တယ်၊ ဒီတော့မဂ် ဖိုလ်ကိုရတဲ့ ဝိထိစိတ်ချပါဆိုရင်ဘဲ မနောဒွါရာဝဇ္ဇာန်း, ပရိကံ, ဉပစာ, အနုလုံ, ဂေါတြဘူ, မဂ်, ဖိုလ်ဆိုပြီး ချရပါတယ်။

ဒီတော့ ဗောဇ္ဈင် ၇-ပါးကို ပွားများလာရင်ဘဲ မဂ် ဖိုလ်ကို တရှိန်ထဲ တက်တော့တာပါဘဲ၊ ဒါကြောင့်.... " ဝိဇ္ဇာဝိမုတ္တိ ဉာဏဒဿနာ ပရိပူရေန္တိ "လို့ ပြလာတာပါ၊ ဒီလုပ်ငန်းစဉ်ကြီး အတိုင်း အာနာပါနတရားကို ပွားများလာရင် အကြမ်းနည်းဖြင့် ရေးဆွဲလိုက်ရင် ဥဒယဗ္ဗယဉာဏ်နဲ့ ပြည့်စုံပါတယ်။

နောက် သတိပဋ္ဌာန်တရား ၄-ပါးထဲမှာပါတဲ့ သမ္ပဇည အပိုင်းတွေကို ပွားများလာရင်ဘဲ ဗောဇ္ဈင် ၇-ပါးနဲ့ ပြည့်စုံ လာတယ်၊ ဒီတော့မှ သတိပဋ္ဌာန်တရား ၄-ပါးတို့ရဲ့ဥကျောင်းကို ချပေးရပါတော့မယ်၊ ဒီလိုကို လုပ်ငန်းစဉ်အနေနဲ့ တက်သွား ပါတော့မယ်၊ ယခု အာနာပါနလုပ်ငန်းစဉ်ကြီးကို ဖွင့်လိုက်ပါပြီ၊ ယခု ပြမဲ့ အာနာပါနဟာ လောကီသမာဓိဟူ၍ မှူးမျှမှုပါ့ပါ၊ လောကုတ္တရာသက်သက်သာ ဖွင့်ပြသွားပါမယ်။

ဝိသုဒ္ဓိမဂ်ကြီးက ဖွင့်ပြထားတာက ဈာန်တရားတွေ့အနေမှ မဂ်ကိုတက်တဲ့လမ်းကို ပြထားတယ်၊ ယခု ဆရာတော်တို့က ဒီလမ်းကို မပြတော့ပါ၊ သတိပဋ္ဌာန်တရားတော်ကြီးထဲမှာပါတဲ့ အာနာပါန တရားတော်ကြီးထဲကိုသာ အခြေခံထားပြီးတော့ ပြသွားပါမယ်၊ ဆရာ့ဆရာတွေက ပေးအပ်လိုက်တဲ့နည်းအတိုင်း ဖွင့်ပြသွားပါမယ်။

ဒီတော့ အာနာပါနကို အားထုတ်တဲ့အခါမှာ ခန္ဓာကိုယ်ကြီးထဲမှာ ရှိနေတဲ့ သဘာဝလေးတွေကို ရှင်းပြပါအုံးမယ်၊ ဘာ့ကြောင့်လဲ လောကီအာနာပါနဟူ၍ မှူးချမပါ့ပါ၊ လောကုတ္တရာ အာနာပါနသက်သက်ကိုသာပြပြီး ရုပ်တရား နာမ်တရားကို ရှာရမှာဖြစ်ခြင်းကြောင့်ပါ။

ဒီတော့ သညာဝိညာဏ်က လုပ်ကြံပြီး ထက်လာတဲ့ရုပ်နာမ်ကို အလိုမရှိပါ၊ သဘာဝအနေနဲ့ ထွက်လာတဲ့ရုပ်နာမ်ကိုသာ အလိုရှိပါတယ်၊ သညာဝိညာဏ်ကနေ ထွက်လာတဲ့ ရုပ်နာမ်တွေဟာ အာရုံနဲ့တွေ့တဲ့အခါမှာ သိတဲ့သဘောတွေကို သညာဝိညာဏ်က ထွက်တဲ့ ရုပ်နာမ်လို့ခေါ်တယ်၊ ဒါဟာ အကျိုးမရှိပါ၊ ဒိဋ္ဌိစွဲ ရုပ်နာမ်တွေပါ၊ (ဝါ) ဃနကြီးပါရှိတဲ့ ရုပ်နာမ်တွေပါ၊ (ဝါ) ပညတ်သဘော ရုပ်နာမ်တွေပါ။

ဒီရုပ်နာမ်ဟာ ဘယ်လိုရုပ်နာမ်မျိုးလဲဆိုတော့ မသိလျှင်ရုပ်, သိလျှင်နာမ်၊ သွားတာကရုပ်, သိတာကနာမ်၊ ဒီလိုပြောနေတဲ့ ရုပ်နာမ်တွေပါ။ ဒီရုပ်နာမ်တွေကို အလိုမရှိပါ၊ ဒီတော့ အာနာပါနကို လုပ်တဲ့သူတွေမှာလဲ ရုပ်နာမ်အစစ်ကို မတွေ့ကြပါ၊ နောက် "ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ" သွားတယ်

သွားတယ်လို့ ရှုလာပြန်တယ်၊ အဲဒါ သွားတာက ရုပ်၊ သိတာက နာမ်၊ ငါသွားတာမဟုတ်ခဲ့တော့ ၄-ပါးက သွားတာပါ—ဒီလိုသာ ရှုလာတယ်၊ ဒီတော့ ရုပ်နာမ်ကိုမတွေ့တော့ဘဲဖြစ်နေကြပါတယ်။

ယခုဆရာတော်တို့က ဒီလိုမပြပါ၊ ခန္ဓာကိုယ်ကြီးမှာ တည်ရှိနေတဲ့ မီးဓာတ် ၄-ပါးနဲ့ ထွက်လေ ဝင်လေနဲ့ ပွတ်တိုက်လိုက်တဲ့ အခါမှာ သဘာဝအတိုင်းဖြစ်ပေါ်လာတဲ့ ရုပ်နာမ်လေးတွေကို ပေါ်ပြသွားပါမယ်။

ဒီတော့ ထွက်လေနဲ့ ဝင်လေဟာ ဘယ်ကနေ စဖြစ်လာသလဲ၊ အဿာသ ပဿာသ စိတ္တဇဝါယောလို့ ပြလာတဲ့အတိုင်း ထွက်လေ ဝင်လေဟာ စိတ်ကြောင့် ဖြစ်ပေါ်လာတယ်၊ ဒီတော့ ထွက်လေ ဝင်လေဟာ စိတ်ရဲ့ဗျာပါရလေး မပါဘူးလား၊ ပါလာတယ်၊ ယခု ဒီထွက်လေနဲ့ ဝင်လေကနေပြီး မီးဓာတ်တွေနဲ့ တိုက်လိုက်ဘဲ့အခါမှာ သူ့သဘာဝအတိုင်း ပေါ်လာတဲ့ ရုပ်နာမ်တွေကို တင်ဆက်သွားပါမယ်။

ကိုင်း....လုပ်ငန်းစဉ်အနေနဲ့ လင်းနိုင်အောင် ပြောပြမယ်၊ မိမိရဲ့ခန္ဓာကိုယ်ကြီးမှာ တံခါးပေါက် ဘယ်နှစ်ပေါက်ရှိသလဲ၊ ဒါဟာ ထွက်လေ ဝင်လေကို ပြင်းပြင်းရှူလိုက်ရင် သိလာပါတယ်၊ ဒီတော့ ထွက်တဲ့လေလေးဟာ ပဌမ ချက်တိုင်ကနေ စပြီးတော့ ထွက်လာတယ်၊ နောက်ဆုံး နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်မှာ ချုပ်သွားပါတယ်။

ဒီတော့ ချက်တိုင်ကနေ စပြီးမှတ်လိုက်ပါ၊ ချက်တိုင်က တံခါးတပေါက်၊ နှလုံးအိမ်ရင်ချိုင့်က တံခါးတပေါက်၊ ငယ်ထိပ် ဦးကျောက်က တံခါးတပေါက်၊ နောက် နှုတ်ခမ်းဖျားနဲ့နှာသီး

ဖျားက တံခါးတပေါက်၊ ပေါင်း ၄ ပေါက်ရှိတယ်။ ဒါဟာ အာနာပါနကို အားထုတ်တဲ့ တံခါး ၄ ပေါက်ပါ၊ ဒါကို သိပြီလား၊ သိရင် ရှေ့ကိုတခါတက်လိုက်ပါအုံး။

ချက်တိုင်မှာ ဘာမီးခေတ်ရှိသလဲ၊ ဒီတော့ ဒီ မီးခေတ်တွေကို ပိဋကတ်က တေဇော ၄ ပါးဆိုပြီး ပြသွားပါတယ်၊ ဆရာတော်တို့ကို တရားပေးတဲ့ ဆရာတော်ကြီးများကတော့ မီးခေတ်တွေကို ရှုခိုင်းလာပါတယ်၊ ဒီတော့ ချက်တိုင်မှာ ပရိပါစကမီးခေတ်ရှိတယ်၊ နှလုံးအိမ်ရင်ချိုင့်မှာ ဥသမမီးခေတ်ရှိတယ်၊ ငယ်ထိပ်ဦးကျောက်မှာ သန္တပ္ပနမီးခေတ်ရှိတယ်၊ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားမှာ ဒဟမီးခေတ်ရှိတယ်၊ ဒါကို ပိဋကတ်တော်က တေဇော ၄-ပါးဆိုပြီး ပြလာတာပါ။

ဒါဖြင့် ပရိပါစကမီးခေတ်ဆိုတာ ဘာကိုခေါ်သလဲ၊ ထက်ဝန်းကျင် ကျက်ရင့်တဲ့မီးခေတ်ပါ၊ အဲဒါ စားသုံးတဲ့ အစာအာဟာရတွေကို ကြေချက်တဲ့မီးခေတ်ပါ၊ ဒီ မီးခေတ်ဟာ ချက်တိုင်မှာရှိပါတယ်၊ ခန္ဓာကိုယ်ကြီးကို ဘယ်လိုကျေးဇူးပြုနေသလဲ။

ဒီတော့ ယောက်ျားများမှာရှိတဲ့ အူဟာ ၃၂-တောင်ရှိတယ်လို့ ပိဋကတ်တော်က ပြလာတယ်၊ ဒါဟာ ရှေ့ကပုဂ္ဂိုလ်ကြီးတွေမှာ ရှိတာပါ၊ ယခု ယောက်ျားတွေမှာရှိတာက ၂၁-ပေသာရှိတယ်၊ မိန်းမများကျတော့ ၁၇-ပေသာရှိတယ်လို့ ပြလာတယ်၊ ဒီ အူထဲမှာရှိနေတဲ့ အစာအာဟာရတွေမှန်ရင် ဘာတခုမှမထားဘဲ အားလုံးကြေချက်တဲ့ မီးခေတ်ပါ၊ ဒါကို ပရိပါစကမီးခေတ်လို့ခေါ်တယ်။ ( နေ့ဟောစဉ်မှာ အကျယ်ပြခဲ့ပြီ )

ဒီ မီးခေတ်ဟာ ကံကြောင့်ဖြစ်တဲ့ မီးခေတ်ပါ၊ ဒါဟာ အတိတ်ဇနကကံက ပစ်ချလိုက်တဲ့ မီးခေတ်ပါ၊ ဒီမီးခေတ်ရဲ့ အဖျားလေးမှာ လေခေတ်လေးဟာ ပါလာတယ်၊ ဒါကို ကမ္မဇ

လေခေါတ်လို့ ခေါ်တယ်၊ ဒီကနေ တက်လာတာဟာ နှလုံးအိမ် ကျဘော့ ဥသမမီးခေါတ်နဲ့ ပေါင်းပြီး တက်လာတယ်၊ ငယ်ထိပ် ဦးခေါင်းကျတော့ သန္တပ္ပနမီးခေါတ်နဲ့ ပေါင်းပြီးတက်လာတယ်၊ နောက်ဆုံး နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားသဲရောက်တော့ ဥဟာမီး ခေါတ်နဲ့ ပေါင်းပြီး ထွက်တဲ့လေလေးဟာ ချုပ်သွားတယ်။

ဒီတော့ ဒီ လေဟာ မီးခေါတ်ကဖြစ်လာတဲ့အခါမှာ မီးခေါတ် လေးဟာ ဘယ်အနေနဲ့ ပါလာသလဲဆိုရင် ဒီလေခေါတ်ဟာ စိတ် ကြောင့် ဖြစ်တဲ့အတွက် စိတ်ပြဋ္ဌာန်းနေဘယ်၊ ဒီ မီးခေါတ်နဲ့ ထွက်လေ ဝင်လေ ပွတ်တိုက်လိုက်တဲ့အခါမှာ ဘယ်ရုပ်နာမ် ထွက်လာသလဲ၊ ဒါကို တကယ်ရှုနိုင်လာရင် တိဟိတ်ပုဂ္ဂိုလ်ဖြစ်ပြီ၊ ဒီ တဝနဲ့ မဂ်ကိုရနိုင်ပြီ။

ဒီတော့ ဒီ ရုပ်နာမ်ကိုရှုနိုင်လာရင် ဘုရားရှင်က အာနာပါန မှာ ဘယ်လိုဟောသလဲဆိုတော့ "ပဿံ ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊ ပဿံဘယံ ကာယသင်္ခါရံ ပဿ သိဿာမီတိ သိက္ခတိ" လို့ ဟောလာတယ်၊ အဲဒါ ပရိပါစက မီးခေါတ်မှာရှိနေတဲ့ ထွက်လေဝင်လေလေးဟာ ဒီမှာဘဲ ဘယ်ကိုမှ မထွက်တော့ဘဲ ချုပ်နိုင်လာရင် ဒီကနေ ဝိဿနာဉာဏ်ကိုကူးမယ် ဆိုရင် ဥဒယဗ္ဗယဉာဏ်ကို ကူးနိုင်လာဘယ်။

ဒီတော့ အာနာပါနကြီးကို တကယ်အားထုတ်မဲ့ ပုဂ္ဂိုလ်ဟာ ဒီသဘာဝတွေကို နားလည်ထားရမယ်၊ ဒီ မီးခေါတ်မှာ အရောင် ၃-မျိုးရှိဘယ်။

၁။ ရေနံဆီမီးခွက်က တောက်တဲ့အရောင်၊
၂။ ဖယောင်းတိုင်မီးက တောက်တဲ့အရောင်၊

၃။ လျှပ်စစ်မီးခေတ်က တောက်တဲ့အရောင် ဆိုပြီး အရောင် ၃-မျိုးရှိတယ်။

ရေနံဆီမီးခွက်က တောက်တဲ့အရောင်မျိုးကျတော့ ဒိဋ္ဌိဟိတ်ပုဂ္ဂိုလ်မျိုးပါ၊ ဖယောင်းတိုင်မီးက တောက်တဲ့အရောင်မျိုးကျတော့ တိဟိတ်ပုဂ္ဂိုလ်မျိုးပါ၊ နောက် လျှပ်စစ်အရောင်မျိုးကျတော့ အရိယာပုဂ္ဂိုလ်မျိုးပါလို့ ပြလာပါတယ်။ ဒီတော့ရဟန္တာပုဂ္ဂိုလ်ကြီးတွေရဲ့ ခန္ဓာကိုယ်ကြီးကို နတ်မျက်စေ့နဲ့ ထွင်းဖောက်ပြီး မမြင်နိုင်ပါ၊ ဒါဟာ ဘာ့ကြောင့်လဲ ရဟန္တာကြီးတွေမှာရှိတဲ့ မီးခေတ်တွေသည်ပင် နိဗ္ဗာနခေတ်ဆိုတဲ့ တခဲနက် ခေတ်ကြီးတွေ ရှိနေလို့ဘဲ မဟုတ်လား။

ကိုင်း....ပရိပါစကမီးခေတ်ကို အဘိဓမ္မာနည်းနဲ့ တင်ပြရရင် ဇီဝိတ နဝက ကလာပ်လို့ခေါ်တယ်၊ ဒါဟာ ဇီဝိတိန္ဒြေပါ၊ခန္ဓာကိုယ်ကြီးကို စောင့်ရှောက်နေတယ်၊ ဒါကြောင့် ဒီ မီးခေတ် ချုပ်သွားမှ လူသေတယ်လို့ခေါ်တယ်။

ဒီတော့ အသက်ဆိုတာ ဘာကိုခေါ်သလဲ၊ ဆရာဝန်တွေက ထွက်လေ ဝင်လေကို အသက်လို့ခေါ်တာပါလို့ ပြောမယ်၊ ယခု အာနာပါနကြီးနဲ့ ကြည့်လိုက်ရင် အသက်ဆိုတာ ဒီပရိပါစက မီးခေတ်ပါ၊ ဒီ မီးခေတ်ချုပ်မှ သေပါတယ်၊ ထွက်လေ ဝင်လေချုပ်သော်လည်း မသေသေးပါ၊ ဒီတော့ စုတိဆိုတာက အတိတ်က ပစ်ချလိုက်တဲ့ ပဋိသန္ဓေစိတ်ပါ၊ ကမ္မဇရုပ်ဆိုတာက ဒီပရိပါစက မီးခေတ်ပါ၊ ဒီဟာတွေချုပ်မှ လူသေတယ်လို့ ပြောတာပါ။

အဘိဓမ္မာနဲ့ကျတော့ ဇီဝိတနဝက ကလာပ်ပါ၊ (ဝါ) ဇီဝိတိန္ဒြေပါ၊ ဒီတော့ ဒီ မီးခေတ်ကို လုပ်ငန်းစဉ်နဲ့ တကယ်

ဖမ်းနိုင်လာရင် ခုနက ပြောလိုက်တဲ့ အရောင် ၃၊မျိုးကိုတွေ့မယ်၊ ရေနံဆီမီးခွက်က ထောက်လိုက်တဲ့ အရောင်မျိုးကျတော့ မီး အဖျားမှာကို မှိုင်းလို့ခေါ်တဲ့ မီးခိုးလုံးလေးဟာရှိတယ်၊ ဒီ မီးခိုး လုံးလေး တွေကနေပြီး သွေးအားလေအားတွေ့ထင်ပြီး ကိလေ သာတွေဖြစ်လာတာပါ၊ အရှင်အာနန္ဒာပါနကို ဟောကြားဘုံး ကလဲ အနည်းငယ်ပြောခဲ့ပါပြီ။

နောက် ဖယောင်းတိုင်မီးရောင်မျိုးကျတော့ မှိုင်းအနေနဲ့ မပါတော့ဘဲ အဖြူခိုးလေးလောက်သာ ပါလာတော့တယ်၊ ဒါဟာ တိဟိတ်မီးခာတ်ပါ၊ လျှပ်စစ်မီးဓာတ် အရောင်မျိုးကျ တော့ အရိယာကြီးတွေရဲ့မီးခာတ်ပါ၊ ဒီမီးဓာတ်တွေကို တကယ် မြင်သွားရင် အားလုံးသောမီးခာတ်ရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ မီးဓာတ် တွေကိုပါ (ဝါ) နတ်တွေရဲ့ မီးခာတ်တွေကိုပါ သွင်းဖေါက် ပြီး မြင်နိုင်လာပြီ၊ ဒါကြောင့် ဒီ မီးဓာတ်ကြီးတွေကို ကိုယ်တိုင် ပေါက်အောင် ကြိုးစားကြပါဆိုတာ အထူးတိုက်တွန်းလိုက် ပါတယ်။

ကိုင်း.... သာဓုသာ ခေါ်ကြပါတော့

သာဓု....သာဓု....သာဓု။

## ဝါခေါင်လဆုတ် ၇-ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၁၇)

ရုပ်တရား နာမ်တရား ပေါ်တယ်ဆိုတာဟာ သညာဝိညာဏ် လုပ်ကြံလို့ပေါ်တဲ့ ရုပ်တရားနာမ်တရား၊ နောက်ခန္ဓာကိုယ်ကြီး မှာရှိနေတဲ့ မီးခာတ်တွေကနေပြီးသူ့သဘာဝအတိုင်း ပေါ်ထွက် နေတဲ့ ရုပ်တရားနာမ်တရားဆိုပြီးရှိတယ်၊ ဘုရားရှင်မဟာသတိ ပဋ္ဌာန်တရားတော်ကြီးမှာ ဟောကြားတော်မူတဲ့ အာနာပါန တရားတော်ကြီးကို အားထုတ်မှ သဘာဝမီးခာတ်တွေကနေပေါ် ထွက်နေတဲ့ ရုပ်တရား နာမ်တရားတွေကိုတွေ့မယ်၊ ဒီတော့မဟာ သတိပဋ္ဌာန်တရားတော်ကြီးကိုပွါးများအားထုတ်လိုတဲ့ပုဂ္ဂိုလ်ဟာ ပဌမ အာနာပါနတရားကို ပွားများအားထုတ်ရမယ်၊ အာနာ ပါနတရားကိုပွါးများအားထုတ်လာရင် မဟာသတိပဋ္ဌာန်တရား ၄-ပါးပြည့်စုံလာတယ်လို့ "အာနာပါနဿတိ ဘိက္ခဝေ ဘာဝိ တာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနာ ပရိပူရေန္တိ" လို့ ဟောကြားလာတယ်။

ဒီတော့ဒီအာနာပါနတရားကို ပွါးများအားထုတ်တဲ့ ထိုပုဂ္ဂိုလ် ဟာ မိမိရဲ့နှလုံးအိမ်မှာရှိနေတဲ့ သညာနဲ့သတိကွဲပုံကို ခွဲပြီးနား လည်ထားရမယ်၊ဒီတော့ သညာဆိုတာက ပညတ်ဘက်မှာရှိတယ်၊ သတိဆိုတာက ပရမတ်ဘက်မှာရှိတယ်၊ ဒီလိုကိုသညာနဲ့သတိ ကွဲပုံကို ခွဲပြလာခဲ့ပြီးပြီ၊ ဒီမဟာသတိပဋ္ဌာန် တရားတော်ကြီးရဲ့ ပုဒ်တိုင်းပုဒ်တိုင်းမှာလဲ "ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိ မတ္တာယ အနိဿိတောစ ဝိဟရတိ" လို့ပြလာတယ်၊ ဒီတော့ ဒီအာနာပါနတရားကြီးကို အားထုတ်မယ်ဆိုရင်ဘဲ မိမိရဲ့ခန္ဓာ

ကိုယ်ကြီးမှာရှိနေတဲ့ တံခါး ၄-ပေါက်, ပညတ်ရိပ် ၄-ပါး, မီးခွက် ၄-ပါးတို့ကို နားလည်ထားရမယ် ဒီသဘာဝကို ပုံစံမှာပြထားတယ်။

ဒီတော့ ထွက်လေ ဝင်လေမှာ ထွက်လေဟာ ချက်တိုင်က စပြီးထွက်လာတယ်၊ ဒုတိယ-နှလုံးအိမ် ရင်ချိုင့်ရောက်တယ်၊ တတိယငယ်ထိပ်ဦးကျောက်ကို ရောက်လာတယ်၊ စတုတ္ထ နှုတ်ခမ်းဖျားလဲရောက်ရော ဒီထွက်ဘဲ့လေခွက်လေးဟာ ချုပ်သွားတယ်၊ ဒီထွက်ဘဲ့လေ့လေး ချုပ်သွားတာကို ပိဋကတ်က အဿာသ သဒ္ဒါရလေးဘခု ပျက်သွားတယ်လို့ပြလာတယ်၊ ဒီပျက်တဲ့အထဲမှာလဲ မီးခွက်လေးတွေဟာ ပါသွားတယ်၊ ဒါကိုမြင်အောင် ကြည့်ပါ၊ ဒီတော့ချက်တိုင် စတုတ္ထတံခါးမှာပရိပါစကမီးခွက်ရှိတယ်၊ ဒီမီးခွက်ဟာဘယ်တုံးကစပြီးဖြစ်လာသလဲဆိုရင် ပဋိသန္ဓေမှာကို ဂဗ္ဘသေယျကပုဂ္ဂိုလ်တွေဆိုရင် ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက စသောကလာပ်သုံးစည်းနဲ့ တပြိုင်နက်ဖြစ်လာတယ်၊ ဒီကလာပ်သုံးစည်းမှာ ဒီမီးခွက်လေးဟာ ပါလာတယ်၊ ဒီမီးခွက်ကို ဇီဝိတိန္ဒြေလို့ ခေါ်တယ်။

ဒီပရိပါစကမီးခွက်ကို ပညတ်အားဖြင့်ဆိုရင် သန္တတိပညတ်ရိပ်ပါ၊ ဒီပရိပါစကမီးခွက်ကနေပြီး တန်ခိုးရှင်ကြီးတွေ့တန်ခိုးဖန်ဆင်းနေကြတာပါ၊ နောက်အသညသတ် ဗြဟ္မာကြီးတွေကို ရုပ်ခွဲရင်လဲ ဇီဝိတဆက္က-ဇီဝိတလျှင် ခြောက်ခုမြောက်သောရုပ်သာလျှင်ရှိတယ်၊ အဲဒါအသညသတ်ဗြဟ္မာ့ဘုံမှာ ရွှေဘုံးကြီးတွေလိုသွားပြီးဖြစ်နေကြတယ်၊ ဇီဝိတဆက္ကဆိုတာ "အာပေါဓာတုဝိဝဇ္ဇိတံ ဘူတတ္တယသန္နိတံ"လို့ပြလာတဲ့အတိုင်းပထဝီဓာတ်, ဝါယောဓာတ်, တေဇောဓာတ် ဒီဓာတ်ကြီး ၃-ပါးထဲကို ဝဏ္ဏနဲ့,

ဂန္ဓဝတ် ဒီ-၂-ပါးထည့်၊ နောက် ဇီဝိတထည့်၊ ပေါင်းတော့ ခြောက်ခုဖြစ်တယ်၊ ဒါကို ဇီဝိတဆက္ကလို့ခေါ်တယ်။

ဒီ သဘာဝတွေကိုကြည့်လိုက်ရင် ပရိပါစက မီးဓာတ်လေးကို သာ တွေ့နေပါတယ်၊ဒီတော့ သားမြီးဖျားထိုးလောက်ရာ အရပ် မှာကို နှတ်ပေါင်း (၆၀) နေတယ်လို့ ပြလာတယ်၊ ဒါဖြင့်ရင် အခု (၇၀) ကော နေလို့မရဘူးလား၊ ဒါကို စဉ်းစားရမှာဘဲ မဟုတ်လား၊ ဒီထိအောင် ပရိပါစကမီးဓာတ်ရဲ့ သဘာဝကို မြင်ရမယ်၊ ဒါမှ ဗုဒ္ဓဘာသာ တရားကြီးကို တက်လို့ရမယ်၊ ဒီတော့ ခန္ဓာကိုယ်ကြီးရဲ့အစစ်ဟာ ဒီ ပရိပါစက မီးဓာတ်သာ လျှင်ဖြစ်တယ်၊ ဒီလူကောင်ကြီးဖြစ်လာတာဟာ စိတ်အကြောင်း၊ အာဟာရအကြောင်း၊ ဥတုအကြောင်းတို့က ဖန်းဆင်းပြီး လာ ကပ်ထားတာပါ၊ ဒီလိုကို မြင်အောင်ရှုရမယ်၊ ဒီတော့ အာနာ ပါနတရားကို အားထုတ်လို့ စတုတ္ထတံခါးရောက်လာရင် ထွက် လေ ဝင်လေဟာ အပြင်သို့ မထွက်တော့ဘဲ ချက်တိုင်မှာဘဲ ထွက်လိုက် ဝင်လိုက် ဖြစ်နေတော့တယ်၊ ဒီတော့မှ ချက်တိုင်မှာ ဘယ်လိုနေသလဲဆိုတာကို ရှာရမယ်၊ ဒီ မီးဓာတ်ကဘဲ ရုပ်စစ် နာမ်စစ် ထွက်လာတာကို တွေ့ရမယ်၊ ဒီကနေမှ ရုပ်နဲ့နာမ်ကို ကူးလို့ရမယ်။

ဒီနေရာကနေပြီး ဝိပဿနာဉာဏ်ထဲကိုလဲ သွင်းနိုင်ရမယ်၊ ဒါမှ အာနာပါနတရား လုပ်ငန်းစဉ်ဟာ တန်ဘိုးရှိလာမယ်၊ ဒီတော့ အာနာပါနတရားကို အားထုတ်ရင်ဘဲ သညာဝိညာဏ်က နေပြီး သဏ္ဌာန် အရိုပ် နိမိတ်လက္ခဏာတွေ ပေါ်လာတယ်၊ ဒီကနေ ရုပ် နာမ်ကူးဆိုတော့ အဲဒါ မကူးတတ်ကြတော့ပါ၊ အခက်အခဲတွေနဲ့ တွေ့နေကြပြီ၊ ဒီ သဘာဝတွေကို ထင်မြင်

သွားအောင် အခု တလသင်တန်း လုပ်ငန်းစဉ် ပေးနေဘာပါ၊ ကိုင်း....ဒီနေ့ ဥသမမီးခါတ်ဟာ ဘယ်မှာရှိသလဲ၊ တဘဲယတံခါး ဖြစ်တဲ့ နှလုံးအိမ်ရင်ချိုင့်မှာ ရှိနေတယ်၊ ဒီ နှလုံးအိမ်မှာ နှလုံး သီးပွတ်ဆိုဘာရှိဘယ်၊ ဒီနှလုံးသီးပွတ်ထဲကနေပြီး တော့ သွေး ဟာ တစက်တစက်နဲ့ အမြဲတန်းကျနေရတယ်၊ ဒီ ကျနေတဲ့ သွေးဟာ ခန္ဓာကိုယ်ကြီးမှာကို တနာရီလျှင် အပတ်ပေါင်း(၆၀) ထိအောင် ပတ်နေရတယ်၊ ဒီမှာရှိတဲ့ မီးခါတ်ကို ဥသမမီးခါတ် လို့ခေါ်တယ်။

ဒီ မီးခါတ်ကို ကိုယ်ငွေ့လို့လဲခေါ်တယ်၊ အဲဒါ သွေးအား လေအားတို့ကို ညှိပေးနေတယ်၊ နောက်အကြည်ခါတ်တွေကိုလဲ အားပေးနေတယ်၊ ဒီတော့ သိဘာယ်ဆိုဘာ သညာသိ၊ ဝိညာဏ်သိ ဆိုပြီး ၂-မျိုးရှိတယ်၊ သညာသိဆိုဘာဟာ ဦးနှောက်အိမ်က သိတဲ့အသိပါ၊ အဲဒါ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာန ဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်ဆိုတဲ့ ဝိညာဏ်လေး ၅-လုံးက (ဝါ) သညာနာမ်ခါတ်လေး ၅-လုံးကနေ သိတဲ့အသိ မျိုးပါ၊ ဒီ ၅-လုံးဟာ ဦးနှောက်အိမ်ကနေပြီး သိဘာပါ၊ ဒီ အသိမျိုးနဲ့ အသိကိုတကယ်မဆုံးဖြတ်နိုင်သေးပါ၊ နောက် ဝိညာဏ်သိဆိုဘာက နှလုံးအိမ်ကနေသိတဲ့ အသိမျိုးပါ၊ နှလုံး အိမ်ထဲကို ရောက်သွားမှ ဒါဟာ ဘာဘဲဆိုတာ တချက်ထဲ ဆုံးဖြတ်နိုင်လာတယ်။

ဒီတော့ နှလုံးအိမ်ထဲမှာ ဒွေးပဥ္စဝိညာဏ်ကြဉ် ကျန်တဲ့စိတ် ဘွေဟာ အကုန်လုံး စုံနေကြဘယ်၊ (ဝါ) ရှိနေကြတယ်၊ ဒီတော့ နှလုံးအိမ်ဟာ စိဘ်ခတွေဖြစ်ရာ ဌာနကြီးဘဲမဟုတ်လား၊ ဒီဥသမ မီးခါတ်ကြီးဟာ အကြောင်းတရား ၄-ပါးကြောင့် ဖြစ်လာ

တာပါ၊ ဒီမီးခါတ်ကလဲ ခန္ဓာကိုယ်ကြီးကို စောင့်ရှောက်နေတယ်၊ ဒီမီးခါတ်ချုပ်သွားမှ လူသေတယ်လို့ ပြောတာပါ၊ ဒီတော့ ပဋိသန္ဓေ ဝိပါက်ဝိညာဏ်စိတ်လေးလဲ စုတိစိတ်နဲ့အတူ ချုပ်လိုက်ရော ဒီ ဥသမမီးခါတ်, ပရိပါစကမီးခါတ်တို့ဟာလဲ တခါထဲ ချုပ်သွားကြတယ်၊ ကံကြောင့်ဖြစ်တဲ့ ရုပ်တွေမှန်ရင် တခါထဲချုပ်သွားတယ်၊ နောက် စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေ, အာဟာရကြောင့်ဖြစ်တဲ့ရုပ်တွေဟာလဲ မရှေးမနှောင်း ရှေ့ဆင့်နောက်ဆင့် လိုက်ချုပ်ကြတယ်။

အဲဒါဥတုကြောင့်ဖြစ်တဲ့ရုပ်ကြီးကတော့ မြေဩဇာဖြစ်သည့်တိုင်အောင် ပါသွားပါတယ်၊ ဒီတော့ခဒီခန္ဓာကိုယ်ကြီးကိုကြည့်ရင် ပရိပါစကမီးခါတ်နဲ့ ဥသမမီးခါတ် ၂-ပါးသာ ရှိနေတယ် ဒီမီးခါတ်တွေနဲ့ ထွက်လေဝင်လေတို့နဲ့ တွေ့ထိပွတ်တိုက်လိုက်တဲ့ အခါမှာ သဘာဝအတိုင်းပေါ်လာတဲ့ ရုပ်နာမ်ကိုလာတွေ့မယ်၊ ဒါကိုတွေ့မှ တကဲ့ပရမတ်ရုပ်နာမ်အစစ်ကို လာတွေ့မယ်၊ အခုတော့သညာဝိညာဏ်လုပ်ကြံနေတဲ့ ရုပ်နာမ်တွေကိုသာ တကဲ့ရုပ်နာမ်လို့ထင်ပြီး ရှာနေကြတယ်၊ ဒါတွေဟာ ပညတ်သဘောရုပ်နာမ်တွေပါ၊ (ဝါ) နာမပညတ်နဲ့သဏ္ဌာနပညတ်ရုပ်နာမ်တွေပါ၊ ဒီတော့ ဥဒယဗ္ဗယဉာဏ်ကြီးဟာ သညာဝိညာဏ်ကို အပိုင်လှဲပစ်တယ်၊ ဒီတော့အာနာပါနတရားကို အားထုတ်ပြီး အဲဒါ ပညတ်ရုပ်တွေပါနေတဲ့ ရုပ်နာမ်တွေနဲ့သာ တင်းတိမ်နေကြတယ်။

အခု မမွစကြာပဋိပတ် သာသနာ့ပြုင်ပ်သာကြီးက ပရမတ်အစစ်ရုပ်နာမ်ကို အခု-အာနာပါနလုပ်ငန်းစဉ်ကနေ ထုးပြသွားပါမယ်၊ ဒီတော့ ဥသမမီးခါတ်ဟာ နှလုံးအိမ်မှာရှိတယ်၊

အဲဒါဟာဒယဝတ္ထုရုပ်မှာမှီနေတယ်၊ ဒီမီးခါတ်ကို အာနာပါန တရားလုပ်ငန်းစဉ်ကနေရှုမယ်ဆိုရင် တတိယတံခါးဖြစ်တဲ့ နှလုံး အိမ်ရင်ချိုင့်ကနေရှုရတယ်၊ ဒါကိုဘုရားရှင်က "သဗ္ဗကာယပဋိ သံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ သဗ္ဗကာယ ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ" လို့ပြလာတယ်၊ အဲဒါထွက်လေ ဝင် လေမှာကို ရုပ်တရားနာမ်တရားတွေထင်လာအောင် ရှုလာရမယ် လို့ပြလာတာပါ၊ ဒီတော့ရုပ်ဓာတ် နာမ်ဓာတ်တွေဟာ ဘယ် လိုထွက်လာသလဲ။

ပြောပြမယ် ဥသမမီးခါတ်မှာ ရုပ်နာမ်တရားကို တွေ့ချင်ရင် သမူဟပညတ်ကို မြင်အောင်ကြည့်ပါ၊ ဒီတော့သမူဟပညတ်ဆို တာဘာကိုခေါ်သလဲ၊ သမူဟပညတ်ဆိုတာ ဓာတ် ၈-ပါးတို့ ပေါင်းစုနေတာကို သမူဟလို့ခေါ်တယ်၊ ဒါဟာဃနမှာ ရှိနေ တဲ့သမူဟပါ၊ (တနည်း) ရုပ်သမူဟ ကလာပသမူဟလို့ခေါ် တယ်၊ ဒီရုပ်သမူဟတို့ဟာ အခု-အာနာပါနလုပ်ငန်းစဉ်နဲ့မဆိုင် ပါ၊ အဲဒါ ဝိပဿနာအောက်တန်းစား ပုဂ္ဂိုလ်တွေနဲ့သာ ဆိုင် ပါတယ်၊ ဒါကြောင့်ဒီရုပ်သမူဟကိုအခုဒီနေရာမှာ မယူပါနဲ့ အခု တတိယတံခါး ဥသမမီးခါတ်မှာရှိနေတဲ့ သမူဟညတ်ကို ရှာရမယ်၊ (ဝါ) နာမ်သမူဟပညတ်ကိုရှာရမယ်၊ ဒီပညတ်ရိပ်ကို စဉ်းစားပါ၊ ဒါဟာ အာနာပါနကို အားထုတ်တဲ့အခါမှာ မြင်လာလိမ့်မယ်။

ဒီတော့သဏ္ဌာန်အရိပ်နိမိတ် လက္ခဏာတွေကို ရှုလာပါများ လာရင် နာမပညတ်နဲ့ သဏ္ဌာနပညတ် သညာဝိညာဏ်ရိပ်က ထွက် လာတဲ့အရောင်အဆင်း အလင်းအကြည်တွေ ပေါ်လာတော့ မယ်၊ ဒါဟာတတိယတံခါးဖြစ်တဲ့ နှလုံးအိမ်ရင်ချိုင့်မှာရှိနေတဲ့

မီးခွာတ်ကို တွေ့တော့မယ်၊ ဒီလိုသဏ္ဌာန်အရိပ် နိမိတ်လက္ခဏာတွေပေါ်နေဒါက သညာကဆဲ့တဲ့ ပညတ်ရိပ်တွေဖြစ်ခြင်းကြောင့် ကြမ်းထန်းသေးတယ်ဆိုပြီး တခါထပ်ပြီး ရှုလာရင် မနောဝိညာဏ်ကြီးကနေပြီး အရောင် အဆင်း အလင်းအကြည်တွေထွက်လာတော့မယ်၊ ဒါဟာလဲ ပညတ်ရိပ်တွေပါ၊ ဒါဟာ နှလုံးအိမ်ကနေ ထွက်လာတဲ့ ပညတ်ရိပ်တွေပါ၊ ဒီပညတ်ရိပ်တွေကို စစ်လိုက်မှ ပရမတ်သဘောတွေကို တွေ့လာတော့မယ်၊ ဒါဟာ တတိယတံခါး ဥသမမီးခွာတ်မှာကို အရောင် အဆင်း အလင်း အကြည်တွေထွက်နေပြီ၊ အရောင်တို့ဟာ ဘယ်လိုထွက်လာသလဲ ဆိုတာကို သူ့ကဏ္ဍရောက်မှဘဲရှင်းပြပါတော့မယ်။

ဒီ အရောင်အဆင်း အလင်းအကြည်တွေဟာ ဘယ်ကထွက်လာသလဲ၊ "မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ" လို့ ပြလာဘဲ့အတိုင်း အဲဒါ မနောဝိညာဏ်, နှလုံးအကြည်, ဓမ္မာရုံ, ဘဝင်စိတ်ဆိုပြီး ဒီ ၄-ချက်ပြလာတယ်၊ ဒီ ၄-ချက်ကနေပြီးတော့ အရောင်အဆင်း အလင်း အကြည်တွေ ထွက်လာတာပါ၊ ဒီတော့ အရောင် အဆင်း အလင်း အကြည်တို့ဟာလဲ ဘယ်ကထွက်လာသလဲ၊ နှလုံးအိမ်ကထွက်လာတယ်၊ ဘာ့ကြောင့် ထွက်လာသလဲ၊ အဲဒါ နှလုံးအကြည်, ဓမ္မာရုံ, ဘဝင်စိတ်, မနောဝိညာဏ် ဒီ ၄-ချက် ပေါင်းနေတာကို သမူဟပညတ်လို့ ခေါ်တာပါ၊ ဒီတော့ မိမိမှာရှိနေတဲ့ နှလုံးသွေးဟာ အမြဲတန်းကြည်လင်နေတယ်၊ အခု ဘာ့ကြောင့် နောက်နေသလဲဆိုရင် ညစ်နွမ်းစေတတ်တဲ့ အာဂန္တုကဖြစ်တဲ့ ကိလေသာတရားတွေကြောင့် နောက်နေတာပါလို့ ဘုရားရှင်က ဟောကြားလာပါတယ်၊ ဒီ သဘာဝတွေကို အာနာပါနတရားကို အားထုတ်လာတဲ့အခါမှ ထင်ရှားလာပါလိမ့်မယ်။

ဒီတော့ နှလုံးအိမ်မှာ အရောင်ဓာတ် ၄-ပါးဟာရှိနေတယ်၊ ဒါကို တရားပိုင် ဓာတ်ပိုင်တဲ့ ဆရာကြီးတွေက ကျောက်နဂါး မီးဓာတ်လို့ ပြလာတယ်၊ ဒီတော့ နီလ-ညိုသောအရောင်၊ ပီတ—ရွှေသောအရောင်၊ လောဟိတ—နီသောအရောင်၊ ဩဒါတ-ဖြူသောအရောင်၊ ဒါဟာ အရောင်ဓာတ် ၄-ပါးပါ၊ နောက်မှ အညိုနဲ့ရောယှက်ပြီးမဥ္ဇိဋ္ဌအရောင်ဆိုပြီး ထွက်လာတာ၊ ဒီအရောင် ၅ ပါးပေါင်းပြီး ထွက်လာတဲ့ အရောင်ကျတော့ ပဘာဿရ ရောင်ခြည်တော်လို့ ခေါ်တယ်၊ ဒါဟာ ဘုရားရှင်ရဲ့ ရောင်ခြည် တော် ခြောက်သွယ်ပါ၊ ဒီထဲမှာ နီလ, ပီတ, လောဟိတ, ဩဒါတ ဒီအရောင် ၄-ခုကို ယူထားလိုက်ပါ၊ ဒါကို အရောင် ၄-ပါး၊ (ဝါ) အဆင်း ၄-ပါး ကျောက်နဂါးလို့ ခေါ်တယ်။

ဒီ သဘာဝတွေကို အာနာပါနတရား လုပ်ငန်းစဉ်ကနေကြည့် လိုက်ရင် နှလုံးအိမ်က ထွက်နေတာကို တွေ့ရတယ်၊ ဒီ မီးဓာတ် ပေါ်သော်လဲ တိဟိတ်ပုဂ္ဂိုလ်လို့ မဆုံးဖြတ်ပါနဲ့အုံး၊ ဒါပေမဲ့ နီးကပ်လာပြီ၊ ဒီက ထွက်လာတဲ့ မီးဓာတ်ဟာ ဥသမမီးဓာတ်ပါ၊ ဒီ မီးဓာတ်ကနေ ရုပ်နာမ်ကူးဆိုရင် ဘယ်ရုပ်နာမ်ကို ကူးမလဲ၊ ဒါကို သူ့ကဏ္ဍရောက်မှဘဲ ရှင်းပြတော့မယ်၊ ဒီတော့ အာနာပါန တရားကို အားထုတ်မဲ့ပုဂ္ဂိုလ်ဟာ မီးဓာတ် ၄-ပါး, တံခါး ၄-ပေါက်, ပညတ် ၄-ပါးတို့ကို နားလည်ထားရမယ်။ ဒါတွေကို သူ့ကဏ္ဍရောက်မှ တခုစီ တခုစီ ရှင်းပြသွားမယ်၊ ဒီတော့ ပညတ် သမ္မုဟာဆိုတာက အရောင် အဆင်း အလင်း အကြည် ဒီ ၄-ပါး ပေါင်းတာကိုခေါ်တယ်၊ ပရမတ်သမ္မုဟာကျတော့ နှလုံးအကြည်, ဘဝင်စိတ်, ဓမ္မာရုံ, မနောဝိညာဏ် ဒီ ၄-ပါးပေါင်းတာကို ခေါ် တယ်၊ ဒီသောက်ဘဲခွဲထားပါ၊ သူ့ကဏ္ဍကျမှ အသေးစိတ် ဟောပြမယ်။

ရှေ့တခါ သွားပါအုံး၊ သန္တပ္ပနမီးခါတ်ဟာ ငယ်ထိပ်ဦးကျောက်မှာရှိတယ်၊ ဒီ တော့ သန္တပ္ပနမီးခါတ်ဆိုတာ ဘာကိုခေါ်သလဲ၊ ပြင်းစွာပူလောင်တဲ့ မီးခါတ်ပါ၊ ဒီ မီးခါတ်ကို အဋ္ဌကထာဆရာကြီးတွေက အပူနဲ့အအေးမညီမျှတဲ့ ဝိသဘာဂဖြစ်ပြီး ဖျားနာလာတဲ့ မီးခါတ်လို့ပြလာတယ်၊ ဒါက ပျက်တဲ့သန္တပ္ပနမီးခါတ်ပါ၊ ဖြစ်တဲ့သန္တပ္ပနမီးခါတ်ဆိုတာက အဆင်းနဲ့ အကြည်ဆုံလိုက်တဲ့အခါ ဒီ ငယ်ထိပ်ဦးကျောက်အိမ်ကနေ သညာမြင်မှု၊ (ဝါ) ပဋ္ဌဝိညာဏ်မြင်မှုပေါ်လာတယ်၊ ဒါကို လက်တွေ့ပေါက်နဲ့ ရှာလိုက်ရင် အဆင်းအကြည် ၂-ပါးဆုံတဲ့အခါ ဦးကျောက်အိမ်မှာရှိတဲ့ သန္တပ္ပနမီးခါတ်လေးဟာ ပွင့်လာတယ်၊ ဒါက ဖြစ်သဘော မီးခါတ်ပါ။

ဒါကို လုပ်ငန်းစဉ်ပေးတော့....

ဒီဃံဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊
ဒီဃံဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ၊
ရဿံဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊
ရဿံဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။
လို့ ပြလာတယ်။

အဲဒီလို လေရှည် သေတိုဆိုပြီး လုပ်ငန်းစဉ် ပေးလာတော့ ဦးကျောက်အိမ်မှာရှိတဲ့ သန္တပ္ပနမီးခါတ်ကြီးဟာ ပွင့်လာတော့တယ်၊ ဒီတော့မှ အကြောပေါင်း ၇၀၀၀-ကျော်ဟာ လှုပ်ရှားလာတယ်၊ ဒီလိုမှ ဒီမီးခါတ်မပွင့်ရင် အကြောပေါင်း ၇၀၀၀ ကျော်တို့ဟာ အားသေးပြီး မျက်စေ့မှုန် နားထိုင်း ခါးကိုင်းခြင်း ဖြစ်လာတော့တယ်၊ နောက် သူ့ကတ္တူရောက်မှာတဲ့ ကိလေ

သာဘာရားတွေဖြစ်သာပုံ ထွက်သာပုံကိုပါ ပြောပြမယ်၊ ဒီသန္တာန် မီးခါတ်ကို တွေ့တော့မယ်ဆိုတော့ သဏ္ဌာန် အရိပ် နိမိတ် လက္ခဏာတွေဟာ ၅-ပါးသောအကြည်ဓာတ်တွေမှာကိုပေါ်လာ တော့တယ်။

ပေါ်ပုံကို ပြောပြမယ်....ဥပမာ လဘက်ရေပုဂံကို မျက်စေ့ နဲ့ကြည့်လိုက်တဲ့အခါမှာ မြင်ရသလို မျက်စေ့မှိတ်ပြီးကြည့်တဲ့ အခါမှာလဲ မြင်လာတယ်၊ ဒီတွင်မဟုတ်ဘဲ ဒီလဘက်ရေပုဂံ လေးကို ဟိုဘက် ဒီဘက် ရွှေ့ပြောင်းပြီး ကြည့်လို့ရလာရပါ တယ်၊ ဒီလိုမှ မပေါ်သေးရင် စိတ်ဝိညာဏ်မှာသာ ပေါ်နေ သေးဘယ်၊ အကြည်ဓာတ်တွေမှာ မပေါ်သေးပါ၊ အကြည် ဓာတ်တွေမှာသာ တကယ်ပေါ်လာရင် ရွှေ့ပြောင်းပြီးကြည့်လို့ ရလာပါပြီ၊ ဘယ်ကိုဘဲ ရွှေ့ပြောင်းရွှေ့ပြောင်း ရွှေ့ပြောင်း လို့ရလာပြီးတော့ မျက်စေ့မှိတ်ပြီး ကြည့်သော်လဲ မြင်နေပြီ၊ ဒီကနေ ရုပ်နာမ်ကူးဆိုရင် ဘယ်လိုကူးမလဲ၊ ဒီ ပညတ်ရိပ်ကနေ ရုပ်နာမ်ကို မကူးနဲ့အုံး၊ ဒီ ပညတ်ရိပ်တွေကို စင်ကြယ်အောင် ရှုပါအုံး၊ ဒီလို ရှုလာရင် အဆင်းနဲ့အကြည် ဆုံတဲ့အခါမှာ အဆင်းကိုမှတ်ထားတဲ့သညာ အကြည်ကို မှတ်ထားတဲ့သညာ နှစ်ပါးဆုံတဲ့အခါ ပေါ်လာတဲ့သညာဆိုပြီ၊ ဒီ သညာ ၃-လုံးကို လာတွေ့မယ်။

ဒီ သညာလေး ၃-လုံးကို ဦးနှောက်အိမ်ထဲမှာ လာတွေ့မယ်၊ ဒီသညာလေးသုံးလုံးဟာ ပညတ်သဘောပါ၊ ဒီတော့ အာနာ ပါနတရားကို အားထုတ်လာတဲ့အခါမှာ သဏ္ဌာန် အရိပ် နိမိတ် လက္ခဏာတွေကတော့ ပေါ်တာဘဲ၊ ဒီလိုပေါ်တာဟာ ပညတ် နိမိတ်တွေကနေ ရုပ်နာမ်ကို မကူးပါနဲ့အုံး၊ ဒီကနေ ရုပ်နာမ်

ကူးတယ်ဆိုတာဟာ လောကီအာနာပါနသမားတွေ ကူးတာပါ၊ လောကုတ္တရာအာနာပါနတရားကို ရှာတဲ့အခါမှာ ဒီနေရာကနေ ရုပ်နာမ်မကူးသေးဘဲနဲ့ ဒီ ပညတ်နိမိတ်တွေကို ထပ်ရှုလာတဲ့ အခါမှာ ခုနကပြောတဲ့ သညာလေး ၃-လုံးဟာက ငယ်ထိပ် ဦးခေါင်းထဲမှာကို ပေါ်လာတော့တယ်၊ ဒါကို သက်ဘန္ဓ ရောင်လို့ခေါ်တယ်။

ဒါဟာ ဦးနှောက်အိမ် သညာလေး ၃-လုံးကနေ ပေါ်ထွက်လာတာပါ၊ အဲဒါ အဝါနုရောင်, အဝါရင့်ရောင်, အပြာရောင် ဒီ ၃-ရောင်ပေါင်းပြီး ပေါ်နေတာပါ၊ ဒါဟာ ဦးခေါက် အိမ်ကြီးကနေ ပေါ်လာတဲ့ ပညတ်ရိပ်တွေပါ၊ ဒီကနေ ရုပ်နာမ် ကူးရင်ရပြီ၊ ဒါကို ရှေ့ပိုင်းသူ့ကဏ္ဍရောက်မှ ရှင်းပြမယ်၊ ကိုင်း ဒီတော့ ဒီ ခန္ဓာကိုယ်ကြီးမှာ မီးဓာတ်ကြီး ၄-ပါး ရှိနေတယ်လို့ ပိဋကတ်က ပြလာတယ်၊ ဒီမီးဓာတ်တွေက သတ္တဝါတွေကို စောင့်ရှောက်နေတယ်၊ ဒီတော့ အသက်ဆိုတာဟာ ပရိပါစက မီးဓာတ်, ဥသမ်ီးဓာတ်, သန္တပ္ပနမီးဓာတ်ရယ် ဒီ ၃-ပါးကိုမှ အသက်လို့ခေါ်တယ်။

ဒီတော့ ပါဏာတိပါတကံ ထိုက်တယ်ဆိုတာဟာ သတ္တဝါ လို့လဲသိရမယ်၊ သတ်လိုတဲ့စေတနာလဲရှိရမယ်၊ သတ်လဲသတ် ရမယ်၊ သတ်တဲ့အခါမှာလဲ သေရမယ်၊ ဒီအင်္ဂါတွေနဲ့ပြည့်စုံမှ ကံထိုက်တာပါ၊ (ဥပမာ) မိဘကိုသတ်တယ်ဘဲ ဆိုကြပါစို့၊ သတ်တာဟာ ပရိပါစကမီးဓာတ်မှာ လျှပ်စစ်မီးဓာတ်ရှိတယ်၊ လျှပ်စစ်မီးဓာတ်ဟာ ကျင်တဲ့ဓာတ်ပါ၊ ဒီ လျှပ်စစ်ဓာတ်ကနေ ပဋိသန္ဓေရလာတာပါ၊ ဒါဟာမိဘ ၂-ပါးမှာရှိတဲ့ လျှပ်စစ်မီး ဓာတ်ကနေ ပဋိသန္ဓေရတာပါ၊ ဒီတော့မိဘကိုသတ်တဲ့အခါမှာ

အဲဒါ ဒီသားဟာ မိဘရဲ့လျှပ်စစ်ဓာတ်ကို ဖျက်ဆီးလိုက်တယ်လို့ ခေါ်တယ်၊ ဒီလိုဖျက်ဆီးလိုက်ရင်ဘဲ မိဘကြောင့်ရထားတဲ့ သားရဲ့ပရိပါစကမီးဓာတ်ဟာလဲ ပြတ်မသွားဘူးလား၊ပြတ်သွားမှာဘဲမဟုတ်လား၊ ဒါကြောင့် ပဥ္စာနန္တရိယကံ ထိုက်တယ်လို့ ပြောတာ၊ ဒါကြောင့် အပါယ် ၄-ပါးက မထွက်ရတာပါ။

ဒီတော့အဇာတသတ် မင်းသားဟာ သူ့ရဲ့မိဘကို သတ်ခြင်းကြောင့် ပဥ္စာနန္တရိယကံကြီးထိုက်ပြီး ငရဲသို့တခါထဲကျသွားတယ်မဟုတ်လား၊ ဒီသဘာဝတွေကိုလဲ နားလည်ထားရမယ်။

ဒီတော့ ပရိပါစကမီးဓာတ်ဟာ ကမ္မဇဝါယောနဲ့အတူတွဲပြီး သွေး, သည်းခြေ, လေ,သလိပ်အားတွေနဲ့ အကြည်ဓာတ်တွေကို အားပေးနေတယ်၊ အားမပေးနိုင်ရင် ကျန်းမာရေး ချို့တဲ့လာတော့တယ်၊ ဒီ သဘာဝတွေကို စတုတ္ထတံခါးကျတော့မှ အကျယ်ချဲ့ပြီး ပြောပြတော့မယ်· ဒီတော့ ထွက်တဲ့လေလေးဟာ ချက်တိုင်မှာရှိတဲ့ ပရိပါစက မီးညွန့်လေးနဲ့ ကမ္မဇဝါယောဓာတ်ဟာ ပါလာတယ်၊ ဒီကနေထွက်လာတာဟာ နှလုံးအိမ်ရင်ချိုင့်လဲ ရောက်လာရော ဥသမမီးဓာတ် စိတ္တဇဝါယောဓာတ်နဲ့ပေါင်းပြီး ထွက်လာပြန်တယ်၊ ငယ်ထိပ် ဦးနှောက်ရောက်လာတော့ သန္တပ္ပနမီးဓာတ် အာဟာရဇဝါယောဓာတ်နဲ့ ပေါင်းပြီးထွက်လာပြန်တယ်၊ နှာခေါင်းဖျားအရပ်လဲ ရောက်ရော ဥတုဇဝါယောနဲ့ပေါင်းပြီး ထွက်လေဟာ ချုပ်သွားတယ်၊ဒါကို ဥဘမီးဓာတ် လောင်မြိုက်ဘယ်လို့ ခေါ်တယ်၊ ဒါကပျက်သဘောပါ။

ဒီတော့ ဥဟမီးဓာတ်ဟာ နှာသီးဖျားနဲ့နှုတ်ခမ်းဖျား အရပ်မှာရှိတယ်၊ ဒီမီးဓာတ်ကို အထက်တန်းဥာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေ

ဟာ '၇' ရက်လောက် အားထုတ်လိုက်ရင် မြင်နိုင်ထင်နိုင်တယ်၊ အောက်တန်းစားပုဂ္ဂိုလ်တွေသာ ကြာမြင့်တာပါ၊ ဒီမီးခေတ်ပြည့်စုံလာရင်ဘဲ၊ ကျန်းမာရေး ချမ်းသာရေးတွေ ပြည့်စုံလာမယ်၊ ဦးတော့ခုက်တိုင် ပရိပါစက မီးခေတ်အား ကောင်းတဲ့ပုဂ္ဂိုလ်ဟာ ဘယ်တော့မှမဆင်းရဲပါ၊ လူလူချင်း ပေါင်းတာတောင်မှ အထက်ကနေပြီးပေါင်းလာတယ်၊ ဒါက သင်ခန်းနည်းမှတ်ချက်အနေနဲ့ ပေးလိုက်တာပါ၊ အခုထွက်တဲ့လေကို အကြောင်းတရား ၄-ပါးအခြေခံတားပြီး ဟောကြားလိုက်ပြီ၊ ဒါက အထွက်သဘောပါ။

နောက် ဝင်တဲ့လေကျတော့ ခေတ်ကြီး ၄-ပါးကို အခြေခံထားပြီး ပြရမယ်၊ ဒီခေတ ဥဟမီးခေတ်မှာ ဘယ်ပညတ်ရိပ်ရှိသလဲ၊ အာနာပါနတရားကို အားထုတ်လာတဲ့အခါမှာ ထွက်လေ ဝင်လေကို ထွက်တယ် ဝင်တယ် လို့ မှတ်လာရတာသည်ပင်နာမပညတ်ပါ၊ ဒါဟာ သညာရဲ့အမှတ်ပါ၊ ဒီလိုမှတ်လာလို့အမှတ်လဲ မြဲလာရော နာမပညတ်ရိပ်ဟာ ဝိညာဏ်ရိပ်ထဲကိုကပ်လာတယ်၊ ဒီလိုကပ်လာတော့မှ လေကြောင်း နိမိတ်လေးဟာ လွှကြီးဆွဲနေသလို၊ မီးရထားစက်မောင်းကြီး ထိုးနေသလိုထင်လာတော့တယ်၊ အဲဒါ အရောင်အဆင်းအလင်းအကြည်တွေအနေနဲ့ မယူနိုင်သေးပါ၊ ဘာ့ကြောင့်လဲ သဏ္ဌာနပညတ်ရိပ်မပေါ်သေးလို့ပါ။

အဲဒီလို လေကြောင်း နိမိတ်သညာရဲ့အမှတ် နာမပညတ်လေး ထင်လာရင် အဲဒါ အချိန်တိုးပြီး အားထုတ်လာတာနဲ့ သဏ္ဌာနပညတ်ရိပ်ဟာ ပေါ်လာတော့မယ်၊ ဒီတော့ ထွက်လေဝင်လေကို မှတ်လာတဲ့နာမပညတ်ရိပ်လေးဟာ စိတ်ဝိညာဏ်မှာ

သာ ပေါ်နေသေးတယ်၊ ၅-ပါးသော အကြည်ခါတ်တွေမှာ မပေါ်သေးပါ၊ ဒါဟာ ပဌမ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားရဲ့ တံခါးပေါက်ပါ၊ ဒီတံခါးမှာ ဥပာမီးဓာတ် ရှိနေတယ်၊ ကိုင်း.... မီးဓာတ် ၄-ပါး၊ တံခါး ၄-ပေါက်၊ ပညတ်ရိပ် ၄-ပါး၊ အကြောင်းတရား ၄-ပါး၊ ဓာတ်ကြီး၄-ပါးတို့ ပြည့်စုံသွားပြီ နက်ဖြန်ကျရင် ကျန်နေသေးဘဲ့ သဘာဝတွေကို တင်ဆက်ပြပါအုံးမယ်။

# ညှော်ခ စဉ်။

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။

လို့ ရှင်တော်မြတ် ဟောကြားတော်မူခဲ့သည့်အတိုင်း အနု အာနာပါနတရားလုပ်ငန်းစဉ်မှာ မီးခတ် ၄-ပါး, ပညတ် ၄-ပါး, တံခါး ၄-ပေါက်နှင့်တကွ မဟာသတိပဋ္ဌာန်တရားအတိုင်း လုပ်ငန်းစဉ် ဖွင့်ပြနေပါပြီ၊ ဒီတော့ အာနာပါနတရားလုပ်ငန်းစဉ်ကို အားမထုတ်မီ မီးခတ် ၄-ပါး, ပညတ် ၄-ပါး, တံခါး ၄-ပေါက်တို့ကို နားလည်ထားရမယ်။

ဒီတော့ အာနာပါနတရားတော်ကို ဘုရားရှင် ဟောကြားတော်မူတဲ့အခါမှာ အကျိုးတရားတွေကို ထုတ်ပေါ်ပြီး ဟောကြားထားပါတယ်၊ ဒီ အကျိုးတရားတွေကို တင်ဆက် ပြလိုသေးတယ်၊ ဒီတော့ အာနာပါနတရားလုပ်ငန်းစဉ်ကို အားထုတ်တဲ့ပုဂ္ဂိုလ်ဟာ....

ဧဝံ ဘာဝိတော ဘိက္ခဝေ အာနာပါနဿတိ သမာဓိ၊ ဧဝံ ဗဟုလီကတော သန္တော စေဝ ပဏီတော စ အသေစနကော စ သုခေါ စ ဝိဟာရော ဥပ္ပန္နုပ္ပန္နေ ပါပကေ အကုသလေ ဓမ္မေ ဌာနသော အန္တရဓာပေတိ၊ ဝူပသမေတီတိ။

လို့ မဟာဝဂ္ဂသံယုတ်ပါဠိတော်မှာ ဟောကြားထားတယ်။

ဒီတော့ ဘုရားရှင် ဝါတော် ၂၁-မပြည့်မှီအတွင်းမှာ အာနာ ပါနတရားကို မဟောကြားပါ၊ ကာယဂတာ ဘာဝနာကိုသာ လုပ်ငန်းစဉ်ပေးခဲ့တယ်၊ ဘုရားရှင် ဝါတော် ၂၁-ပြည့်မြောက်မှ သိက္ခာပုဒ်တော်တွေ ပညတ်ပြီး ဒီမဟာသတိပဋ္ဌာန် အာနာ ပါနတရားတော်ကြီးကို ဟောကြားလာတယ်၊ ဒီတော့ သဒ္ဓါ ဓာတ်—ငြိမ်သက်သည် ဖြစ်၍ရှင်းလို့ ဆိုတာဟာ အာနာပါန ဘုရားကို အားထုတ်တဲ့ပုဂ္ဂိုလ်များမှာ ပဌမငြိမ်သက်ရာဌာနကို အရင်ရှာရတယ်၊ ဒါကြောင့် "အရညဂတောဝါ ရုက္ခမူလ ဂတောဝါ သုညာဂါရဂတောဝါ" ဆိုပြီး မဟာသတိပဋ္ဌာန် တရားတော်မှာ ဟောကြားလာတာပါ။

ဒီတော့ ငြိမ်သက်သည်ဖြစ်၍ရှင်း ဆိုတာကိုဝေဖန်ရင် အဲဒါ လူသံသူသံတွေ ဆူညံနေရင် အာနာပါနတရားကို အားထုတ်လို့ မရပါ၊ ဒါကြောင့် သူရဲ့သဘာဝကိုက ငြိမ်သက်တဲ့သဘာဝ ရှိနေတယ်၊ အဲဒါ အားထုတ်တဲ့နေရာဌာနမှာလဲ ငြိမ်သက်ရမယ်၊ နောက် အာနာပါနတရားကို အားထုတ်တဲ့အခါမှာလဲ ခန္ဓာကိုယ် ကြီးကို ဖြောင့်မတ်စွာထားပြီး ငြိမ်သက်စွာနေရမယ်။

ဒီအာနာပါနတရားတော်ကြီးဟာ အင်မတန်မှငြိမ်သက်တဲ့ လုပ်ငန်းစဉ်ကြီးပါ၊ အသုဘကမ္မဋ္ဌာန်းဘာ့ကျတော့ ကြမ်းထန်း ဘယ်၊ အဲဒါ လူသေကောင်ရဲ့ ဖြစ်ပျက်တာတွေကို လိုက်ရှုတဲ့ အခါမှာ ၁၀-မျိုးလာတွေ့တယ်၊ ဒီ အသုဘကမ္မဋ္ဌာန်းဘာဝနာ ဟာ ကြမ်းထန်းပါတယ်၊ အာနာပါနတရားတော်က မကြမ်း ထန်းပါ၊ ဒါကြောင့် အာနာပါနတရားတော်ကို ဘယ်သူမဆို အားထုတ်သင့် အားထုတ်ထိုက်ပါတယ်၊ ဒါကြောင့် ဘာဝနာ နည်းဖြင့်လဲ ငြိမ်သက်ပါတယ်။

နောက် ဒီကထွက်လာတဲ့ အရောင်အဆင်းအလင်းအကြည်တို့ ရုပ်တရား နာမ်တရားတို့ဟာလဲ သိမ်မွေ့ငြိမ်သက်တာကို တွေ့ရ တယ်၊ ဒီလိုငြိမ်သက်တဲ့သဘာဝကိုရည်ပြီးတော့....သန္တောစေဝ- ငြိမ်သက်သည်ဖြစ်၍ရင်းလို့ပြလာတာပါ၊ အခု တလသင်တန်း ပေးလိုက်ရင်ဘဲ ဒီ အာနာပါနတရားတော်ကြီးကို အားထုတ်ချင် လာတော့မယ်၊ ဒီ သဘာဝတွေကို မမွှာစရိယသံဃာတော်တွေ မှတ်ချက်ယူထားပါ။

နောက်....ပဏီတောစ-မွန်မြတ်သည်ဖြစ်၍ရင်းလို့ ဆိုတာက ဒီနေရာမှာ အဋ္ဌကထာကြီးတွေက ဒီအာနာပါန တရားတော် ကြီးဟာ ဘုရားရဟန္တာတွေ အစဉ်ပွားများတဲ့ တရားပါလို့ ဆိုတာကိုထောက်ပြီး၊ ပဏီတောစ—မွန်မြတ်သည်ဖြစ်၍ရင်းလို့ ပြလာတာပါ၊ ဒါဟာလဲ ထင်ရှားပါတယ်၊ ဒီတော့ အထက် တန်းဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ မဲလာ ခဲလာရင် လုပ်ငန်းစဉ်ရဲ့ ဆုံးခမ်းတိုင်အောင် ပေါက်ရောက်နိုင်ပါတယ်။

နောက်... အသေစနကောစ - မသွန်းလောင်းသည်ဖြစ်၍ရင်း၊ သုခေါစ — ချမ်းသာသည်ဖြစ်၍ရင်း ဆိုပြီး ပြလာသေးတယ်၊ ဒါဟာ အာနာပါနတရားလုပ်ငန်းစဉ်ကို ပွားများအားထုတ် လာရင် ဒီ အကျိုးတရားတွေ ထင်လာတော့တယ်၊ ဒီတော့ အသေစနကောစ—ဆိုတာမှာ အန္တတွေမှာ အာရုံတွေနဲ့တွေ့ လိုက်တဲ့အခါ အဘိဇ္ဈာဒေါမနဿလောကကြီးဟာ အမြဲပေါ် နေတယ်၊ အဲဒါ ချုပ်မရအောင် လျှပ်ပေါ်လော်လီတဲ့ လောလုပ္ပ စာရိုတွေဟာ ထကြွသောင်းကျန်း လာတော့တယ်၊ အဲဒါ ဝိတက္ကမကိုလေသာ၊ ပရိယုဋ္ဌာနကိလေသာ၊ အနုသယကိလေသာ တို့ဟာ သလာတော့တယ်၊ ဒီလိုထလာရင်ဘဲ လျှပ်ပေါ်လော်လီ

တဲ့တဏှာတွေ ပေါ်လာတော့တယ်၊ ဒီတော့ သိုပင့်ဂိုလ်ဟာ ဖရို ဖရဲဖြစ်လာတော့တယ်၊ ဒီလို ဖြစ်လာတာကို သွန်းလောင်းတယ် လို့ခေါ်တယ်။

အဲဒါ ရေအိုးကြီးကို သွန်လောင်းလိုက်သလို အာရုံနဲ့တွေ့ လိုက်တဲ့အခါမှာလဲ မိမိရဲ့စိတ်ကိုမချုပ်ထိန်းနိုင်ဘဲ အဲဒါ ဖြစ်ချင် သလို ဖြစ်လာတော့တယ်၊ ဒါကို သွန်းလောင်းတယ်လို့ ခေါ် တယ်၊ အာနာပါနတရားကို ပွားများအားထုတ်လာရင် ဒီလို ချုပ်ပေါ်လော်လီတဲ့ တဏှာတွေမဖြစ်တော့ပါ၊ ဒါကို အသေစ နကောစ–လို့ပြလာတာပါ၊ ဒါဟာ သတိလေးကလိုက်ပြီး ပိတ် ဆို့ထားပြီ၊ ဒီတော့ စိတ်တွေကို ထိန်းသိမ်းနိုင်လာပြီ၊ ဒီလို ထိန်းသိမ်းနိုင်လာရင်ဘဲ အဲဒါ အမျိုးကောင်း သားသမီးတွေ ဖြစ်လာပြီ၊ ဒီ အာနာပါန တရားတော်ကြီးကို အားထုတ်ရင် ဒီလို အကျိုးတရားတွေကို ခံစားသုံးဆောင်ရမယ်။

နောက်....သုခေါစ - ချမ်းသာသည်ဖြစ်၍ရင်းလို့ ဆိုတာက အာနာပါနတရားကို တကယ်ပွားများလာရင်ဘဲ သတိတရား လေးက အမြဲထိန်းသိမ်းလာတဲ့အတွက် လောဘနယ်ကြီးဟာ မကျယ်တော့ဘဲ စိတ်ချမ်းသာလာပြီ ဒီတော့ လောကီစည်းစိမ် ချမ်းသာတွေနဲ့ ပြည့်စုံနေသော်လဲ လောဘနယ်ကြီး ကျယ်နေ သေးရင် ဆောင်းဘမှု ကြောင်းကြမှုတွေ ရှိနေသေးတဲ့အတွက် ကြောင့် အမျိုးကောင်းသားသမီးတို့မှာ အမြဲတန်းစိတ်ဆင်းရဲ နေကြရတယ်။

ဒီအာနာပါနတရားတော်ကို အားထုတ်လာရင်ဘဲ ချမ်းသာ သည်ဖြစ်စေ, ဆင်းရဲသည်ဖြစ်စေ၊ စိတ်ချမ်းသာလာပြီ၊ အတိတ်

အနာဂတ်တို့ကို လှမ်းမဆွဲတော့ပါ မျက်မှောက်ပစ္စုပ္ပန်မှာကို သတိတရားလေးက အမြဲတန်း ထိန်းထားပြီ၊ ဒါ့ကြောင့်.... သုခေါစ ချမ်းသာသည်ဖြစ်၍ ၎င်းလို့ပြလာတာပါ၊ ရှေ့တခါ သွားလိုက်ပါအုံး၊ဥပ္ပန္နုပ္ပန္နေ-ဖြစ်ကုန်ဖြစ်ကုန်ပြီးသော၊ ပါပကေ ယုတ်ရင်းကုန်သော၊ အကုသလေဓမ္မေ- အကုသိုလ်တရားတို့ကို။ ဌာနသော-တည်ရာမှ၊ (ဝါ) ဖြစ်ရာအရပ်မှ၊ အန္တရဓာပေတိ၊ ကွယ်ပျောက်စေ၏၊ ဝူပသမေတိ- ငြိမ်းစေ၏- လို့ဆိုတာဟာ ဖြစ်လာပြီးတဲ့ အကုသိုလ်တရားတွေကိုလဲ အတိတ်အနာဂတ် မဆွဲတော့ဘဲ ဖြစ်တဲ့နေရာဌာနမှာဘဲ ငြိမ်းစေတော့တယ်၊ ဒီလို ငြိမ်းစေတဲ့ အကျိုးတရားဟာ အင်မတန်မှတန်ဘိုး ရှိပါတယ်။

ဒီတော့ အာနာပါနတရားကို ပွါးများလာရင်ဘဲဒီပြင်အကျိုး တရားတွေကို မဆိုထားနဲ့အုံး ဒိဋ္ဌိနဲ့ယှဉ်ပြီး အပါယ် ၄ ပါးသို့ ကျစေတတ်တဲ့ အကုသိုလ်တရားတွေကို ငြိမ်းစေတာဘဲ တန်တိုး ရှိလှပါပြီ၊ဒါကြောင့်အာနာပါနတရားကို အားထုတ်ရင်ဒီအကျိုး တရားတွေနဲ့ပြည့်စုံနိုင်တယ်၊ ဒီအာနာပါနတရားကို ပွါးများ အားထုတ်လာရင် ရန်ညိုးဖွဲ့မှုတွေ၊ ချေပမှုတွေကိုပါ အားလုံး ပပျောက်စေနိုင်တယ်၊ ဒီတော့ဖြစ်ကုန်ဖြစ်ကုန်ပြီးတဲ့ အကုသိုလ် တရားတွေကိုလဲ ငြိမ်းစေတယ်၊ မဖြစ်ရသေးတဲ့ အကုသိုလ်တရား တွေကိုလဲ မဖြစ်အောင်သတိတရားက အမြဲတမ်း ထိန်းလာတော့ တယ်၊ အဲဒီလိုအကျိုးတရားတွေနဲ့ ပြည့်စုံချင်ရင် **အာနာပါန** တရားတော်ကြီးကို ပွါးများအားထုတ်ကြပါ၊ ဒီတရားကြီးဟာ ဗုဒ္ဓဘာသာတမျိုးသားလုံး **အားထုတ်ထိုက်** အားထုတ်သင့်တဲ့ တရားကြီးပါ၊ယခုပြလိုက်တာက အာနာပါနတရားကို အားထုတ် တဲ့အခါမှာ ရလာတဲ့အကျိုးတရားတွေပါ။

ကိုင်း....တရားတော်ကိုဆက်ကြအုံးစို့ ရဲ့၊ အာနာပါန တရားကို ပွါးများအားထုတ်မဲ့ ပုဂ္ဂိုလ်ဟာ မီးခုတ် ၄-ပါး၊ တံခါး ၄-ပေါက်၊ ပညတ် ၄ ပါးတို့ကို သိထားရမယ်၊ ဒါတွေကို နားလည်လာမှ ရုပ်နာမ်ကူးတဲ့အခါမှာ နားလည်မယ်၊ အာနာပါန တရားလုပ်ငန်းစဉ်နဲ့ ရုပ်နာမ်တရားကို တဆစ်ချိုးသိလာမှ တန်ဘိုးရှိမယ်မဟုတ်လား၊ အခုတော့ရုပ်နာမ်ကူးဆိုရင်ဘဲ ပညတ်တွေပေါ်တင်ပြီး ရုပ်နာမ်ကူးနေကြတယ်၊ ဒီလိုကူးနေကြတဲ့အတွက်ကြောင့် ဥဒယဗ္ဗယဉာဏ်သဲရောက်ရော ဥဒယဗ္ဗယဝဲထဲကျပြီးလည်နေတော့တယ်၊ ဒီဝဲထဲက မတက်နိုင်တော့ပါ။

ကိုင်း ...ဒီပရိပါစကမီးခုတ်မှာ သန္တတိပညတ်ရှိတယ်၊ ဒီမီးခုတ်မှာရှိတဲ့ အရောင် ၃-ရောင်ကို မနေ့ကဟောပြခဲ့ပြီ၊ ကိုင်း ဥသမမီးခုတ်ကို သွားကြအုံးစို့ ရဲ့၊ ခန္ဓာကိုယ်ကြီးမှာ မီးခုတ်ကြီး ၄-ပါးကခေစာင့်ရှောက်နေတယ်၊ ဒါကို အာနာပါနတရားကို အားထုတ်လာရင်ဘဲ တွေ့မြင်လာပါလိမ့်မယ်၊ ( ဝါ ) သိလာပါလိမ့်မယ်၊ ဒီတော့ချက်တိုင်မှာ ပရိပါစကမီးခုတ် ရှိတယ်၊ နှလုံးအိမ်ရင်ချိုင့်မှာ ဥသမမီးခုတ်ရှိတယ်၊ ငယ်ထိပ်ဦးကျောက်မှာ သန္တပ္ပနမီးခုတ်ရှိတယ်၊နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်မှာ ဉဟမီးခုတ်ရှိတယ်၊ ဒီမီးခုတ်တွေဟာ အစဉ်ရှိနေတယ်၊ ဘယ်တော့မှမပြောင်းပါ၊ ကိုင်း...နှလုံးအိမ်ရင်ချိုင့်မှာ ဥသမမီးခုတ်ရှိတယ်၊ ဒီမီးခုတ်ကိုကိုယ့်ငွေလို့ခေါ်တယ်၊ ကိုင်းနက်ဖြန်ကျမှ ဆက်ကြစို့။

ကိုင်း.... သာဓုသာ ခေါ်ကြပါတော့

သာဓု....သာဓု....သာဓု။

ဝါခေါင်လဆုတ် ၉-ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၁၇)

ထွက်တဲ့လေဟာ ချက်တိုင်က စထွက်လာတယ်၊ ထွက်လာတဲ့ အခါမှာ ဘယ်အကြောင်း ပါလာသလဲ၊ ကမ္မဇဝါယော ကံ အကြောင်းလေး ပါလာတယ်၊ နှလုံးအိမ် ရင်ချိုင့်ရောက်တော့ ဥသမမီးဓာတ်က စိတ္တဇဝါယောလေး ပါလာတယ်၊ နောက် ဦးကျောက်အိမ်ရောက်တော့ သန္တပ္ပနမီးဓာတ်က အာဟာရဇ ဝါယောလေး ပါလာတယ်၊ နောက်ဆုံး နှုတ်ခမ်းဖျားနဲ့ နှာသီး ဖျားလဲ ရောက်လာရော ဥတုဇဝါယောဖြစ်ပြီး ဥဟမီးဓာတ်ကြီး လှောင်မြှိုက်လိုက်တော့ ထွက်လေလေးဟာ ချုပ်သွားဘယ်၊ ဒါဟာ ရုပ်ဘရာ.နာမ်တရားပေါ်မဲ့သဘာဝလေးတွေပါ။

ဒီတော့ အာနာပါနကြီးတွေမှာ ဒြ မီးဓာတ် ၄-ပါး, တံခါး ၄-ပေါက်, ပညတ်ရုပ် ၄-ပါးကို ခွဲစိတ်ပြလိုက်ပြီ၊ နောက်ထွက်တဲ့ လေမှာကိုလဲ အကြောင်းတရား ၄-ပါး ပါလာပုံကိုလဲ ပြလိုက် ပါပြီ၊ ယခု ဝင်တဲ့လေကို ထပ်ပြောပြအုံးမယ်၊ အာနာပါနကို အားထုတ်တဲ့အခါမှာ "ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ" လို့ ပြသာတဲ့အတိုင်း ဒီတော့ တံခါး ၄ ပေါက်ကနေ ထွက်လာတဲ့ ထွက်လေ ဝင်လေ ကနေ ရုပ်နာမ်ကိုရှာတဲ့အခါမှာ အင်မတန်မှသိမ်မွေ့ပါတယ်။

ဒီတော့ ထွက်လေ ဝင်လေဟာ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျား အရပ်လဲရောက်ရော ဥတုအကြောင်းပေါ်ပြီး ချုပ်သွားတဲ့ တေဇောကျတော့ ပရိဒယှနတေဇော (ဝါ) ဥဘာတေဇောလို့ ခေါ်တယ်၊ ဒါဟာ ကျန်တဲ့မီးဓာတ်တွေပါ လေဓာတ်နဲ့ ပါလာ

ပြီး ချုပ်သွားတဲ့ သဘောပါ၊ ဒီလို ချုပ်သွားလိုက်မှ ဥတု အကြောင်းကပေါ်လာတယ်။

ဒီတော့"သိတုဓာတုဘူသမညာတာ တေဇောဓာတု ဋ္ဌိတိပ္ပတ္တာဝ ဥတုသမုဋ္ဌာနရူပံ အဋ္ဌတ္တ္ထု ဗဟိဒ္ဓါစ ယထာရဟံ သမုဋ္ဌာပေတိ" လို့ သင်္ဂြိုဟ်ကျမ်းမှာ ပြလာတဲ့အတိုင်း ဋ္ဌီကိုရောက်လာမှ ဥတု ကြောင့်ဖြစ်တဲ့ ရုပ်လေးဟာ ဖြစ်စေလာတယ်လို့ ပြလာတယ်၊ ဒီ ဥတုအကြောင်းကနေပြီး ရုပ်ခလေးတခု ပွားချလာပြီးတော့ ပြလိုက်တဲ့တေဇောက အပျက်သဘောတေဇောပါ၊ အဲဒါ ပရိ ပါစကနဲ့ ဥသမတေဇောက ဖြစ်တဲ့တေဇောပါ၊ သန္တာပနနဲ့ ဒဟတေဇောက ပျက်တဲ့တေဇောပါ၊ ဒီလို အကျဉ်းနည်းနဲ့ အရင်ကဝေဘန်ပြီး ပြောလာခဲ့တာပါ၊ ယခုတော့ သန္တာပနနဲ့ ဒဟတေဇောမှာကို အပျက်တေဇော့အဖြစ်တေဇောဆိုပြီးတော့ ၂-မျိုးဝေဘန်ပြလာပြန်ပါပြီ။

ဒီတော့ ထွက်တဲ့လေဓာတ် ချုပ်သွားတာက အပျက်သဘော တေဇောပါ၊ နောက် အဖြစ်သဘောတေဇောကို ပြောပြအုံး မယ်၊ ဒီတော့ပျက်တဲ့တေဇောပျက်သွားတော့ ဒီ ဥတုအကြောင်း ဒဟမီးဓာတ်ကနေ ပထဝီလေးဟာ ပေါ်လာတယ်၊ ဒါကို ဋ္ဌီလို့ ခေါ်တယ်၊ ဒီ ပျက်သွားတဲ့ တေဇောကဘဲ အဖြစ်တေဇော အနေနဲ့ ဥတုအကြောင်းအားဖြင့် ပထဝီဆိုပြီး ဝင်လာတယ်၊ ဒီတော့ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်မှာ ဘယ်တေဇော အနေနဲ့ ဝင်မလဲ။

ဒီတော့ တေဇောကို သီတတေဇော၊ ဥဏှတေဇောဆိုပြီး ၂-မျိုးမှတ်ထားပါ၊ ချက်တိုင်ကစပြီး ထွက်လာတဲ့တေဇောကျ

တော့ ဥတုအနေနဲ့(ဝါ)အပူသဘောအနေနဲ့ ထွက်လာပါတယ်၊ အဲဒါဟာ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်လို့ကျရော ချုပ်သွားတော့ သီတတေဇောလေး ဖြစ်လာပြန်တယ်၊ ဒီတေဇောက ဥဟာတေဇော–ဖြစ်တေဇောလေးပေါ့၊ ဒီသဘာဝတွေကို မြင်အောင်ကြည့်ပါ၊ ဝင်တဲ့လေဟာ သီတတေဇောအနေနဲ့ စပြီးဝင်ရပါတယ်။

ဒီတော့ နှုတ်ခမ်းဖျားနဲ့နှာသီးဖျားမှာပေါ်တဲ့ ပထဝီဓာတ်ကျတော့ ဥတုအကြောင်းဖြစ်တဲ့ ဌီကိုယူပါ၊ ဒီတော့ အပြင်ကဓာတ် ၄-ပါးကိုပြောရရင် ပထဝီဓာတ် ပြေ့မာ၊ အာပေါဓာတ် ယိုစီးဖွဲ့စည်း၊ ဝါယောဓာတ် တွန်းကန်လှုပ်ရှား၊ တေဇောဓာတ် အပူအအေး - ဒီလိုပြောမယ်၊ ဒီသဘောဟာ ယခု အာနာပါနက ထွက်လာတဲ့ မီးဓာတ် ၄-ပါးဘဲ မဟုတ်လား၊ လက်နဲ့ စမ်းသပ်လို့သွားတွေ့တဲ့လက္ခဏာမျိုးကို မယူပါနဲ့။

ဒီတော့ ချက်တိုင်ကထွက်လာတဲ့ ကမ္မဇတေဇောကျတော့ သူရဲ့လက္ခဏာဟာ ဥတုတေဇောဖြစ်လာတယ်၊ နှလုံးအိမ်ရင်ချိုင့်ကထွက်လာတဲ့ စိတ္တဇဝါယောကျတော့ သူရဲ့လက္ခဏာဟာ ဝိတ္ထမ္ဘိတ တွန်းကန်တဲ့သဘော (ဝါ) အထက်သို့ တက်စေတဲ့သဘောရှိတယ်၊ နောက် ဦးနှောက်အိမ်ကျတော့ အာဟာရဇအာပေါဓာတ် အာဗန္ဓနလက္ခဏာဖွဲ့စည်းတဲ့သဘောရှိတယ်၊ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားကျတော့ ဥတုဇပထဝီဟာ ကက္ခဠတ္တလက္ခဏာ မာတဲ့သဘောရှိတယ်၊ ဒီတော့ ထွက်တဲ့လေလေးဟာ ချုပ်သွားတယ်၊ ဒါ အပျက်တေဇောဖြစ်သွားပြီ၊ ဒါဟာ ထွက်လာတဲ့တေဇောမှာ ဥဏှတေဇောအနေနဲ့ ထွက်လာတာပါ။

ယခု အပူတေဇော (ဝါ) အဖြစ်တေဇောအနေနဲ့ ထပ်ပေါ်လာပြန်တယ် ဝင်တဲ့လေလေးဝင်တဲ့အခါမှာ သီတတေဇော

အနေနဲ့ ဝင်လာပါတယ်၊ ဥပဟမီးခတ်ဟာ သီဘာတေဇော အကြောင်းခံပြီးတော့ ပထဝီခာတ်လေးဖြစ်လာတယ်၊ ဒါကို လက္ခဏာထုတ်ဆိုရင် မုဒုတလက္ခဏာ–နူးညံ့တဲ့လက္ခဏာ (ဝါ) ပြော့တဲ့သဘောရှိတယ်၊ နောက် ဝင်တဲ့လေလေးဟာ ဦးဏှောက် အိမ်ရောက်သွားတော့ သီဘာအာပေါဖြစ်လာတယ်၊ သူ့ရဲ့လက္ခဏာ ကျတော့ ပရိသာဝန ယိုစီးတဲ့သဘောရှိတယ်၊ နောက် နှလုံးအိမ် ရင်ချိုင့်ရောက်တော့ သီတဝါယောခာတ်ဖြစ်ပြီး လှုပ်ရှားတဲ့ သဘောဖြစ်လာတယ်၊ နောက်ဆုံးချက်တိုင်လဲရောက်ရော နူးတဲ့ တေဇော (ဝါ) အေးတဲ့တေဇောဖြစ်လာတယ်၊ ဒီကနေ လေ ခာတ်လေး ချုပ်သွားတယ်။

ဒီကနေ တခါ ဥဏှတေဇောပြန်ဖြစ်ပြီး ထွက်လေဟာ ပြန် ထွက်လာပြန်တယ်၊ အဲဒီလိုထွက်လေဝင်လေတွေကို ထောက်ပြီး တော့မှ ခာတ်ကြီး ၄-ပါးတို့ရဲ့ အတိုးအဆုတ်တွေဟာ ဖြစ်လာ တာပါ၊ ဒီလိုလက္ခဏာလေးတွေရှိလာတော့ နာမရူပ ပရိစ္ဆေဒ ဉာဏ်က ဝင်ပြီးတော့ ခွဲတန်းချတဲ့အခါမှာ ဌာန် ၄-ချက်နဲ့ ဝေဘန်လာရတယ်။

ဒီတော့ နာမရူပပရိစ္ဆေဒဉာဏ်ကို ခွဲတန်းချတဲ့ ဆရာတော် ကြီးတွေက ဘယ်သဘာဝကိုကြည့်ပြီး ခွဲတန်းချသလဲ၊ ''လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်'' ဒီ ၄-ချက်ကိုကြည့်ပြီး ခွဲတန်းချလာ တာပါ၊ အဲဒါထွက်လေ ဝင်လေက ထွက်လာတဲ့မီးခာတ်တွေကို ကြည့်ပြီးခွဲတန်းချလာတာပါ၊ ဒါကိုပြောပြမယ်။

နာမရူပပရိစ္ဆေဒဉာဏ်က ဘယ်လိုခွဲတန်းချသလဲ ဆိုတော့ နှုတ်ခမ်းဖျားနဲ့နှာသီးဖျားအရပ်မှာကို ထွက်တဲ့လေနဲ့ဝင်တဲ့လေ

လေးဟာ ထိပြီးတော့မှ ဝင်ရထွက်ရတယ်၊ ဒီလိုထိပြီးဝင်တာဟာ ပထဝီဓာတ်ပါ၊ ထိပြီးထွက်သွားတာက ကက္ခဠတ္တ မာတဲ့ပထဝီ၊ ထိပြီးဝင်တာက မုဒုတပျော့တဲ့ပထဝီ၊ ဒါကို "သာမညံ ဝါ သဘာဝေါ ဝါ လက္ခဏံနာမ" ဆိုပြီးပြလာတာပါ၊ ဒါက ဥတုအကြောင်း ပထဝီဓာတ်ပါ၊ ဒီသဘာဝကို မြင်အောင်ရှုပါ၊ ဒီသဘာဝကိုကြည့်ပြီးတော့ နာမရူပပရိစ္ဆေဒဉာဏ်က ခွဲတန်းချလာတာပါ၊ ဒီပြင်မှာ ခွဲတန်းချတာမဟုတ်ပါ။

ရှေ့တခါထပ်သွားပါ၊ ငယ်ထိပ်ဦးကျောက်ကျတော့ အာဟာရဇအာပေါဓာတ်၊ သူကျတော့ပထဝီဓာတ်ကို ဖြစ်နိုင်တဲ့ကိစ္စလေး (ဝါ) အားလေးရှိခြင်းကြောင့် ရသ သဘောပါ၊ ရသဟာအလုပ်သမားဘဲ၊ "ကိစ္စသမ္ပတ္တိ ဝါ ရသော နာမ"လို့ဆိုတဲ့အတိုင်းနာမရူပပရိစ္ဆေဒဉာဏ်က ခွဲတန်းချလာတယ်၊ နောက်နှလုံးအိမ်ရင်ချိုင့်မှာရှိတဲ့ စိတ္တဇဝါယောဓာတ်ကျတော့ ပစ္စုပဋ္ဌာန် ရှေးရှုထင်ပေးရတယ်၊ ဒါဟာ ပထဝီအာပေါတို့ပေါ်လာအောင် ရှေ့ရှုထင်နေရတယ်၊ နောက်ဆုံးပဒဋ္ဌာန်ကျတော့ ဒီမာတယ်ဆိုတဲ့ ပထဝီဓာတ်လေးဖြစ်လာတယ်၊ အကြောင်းရင်းကိုရှာလိုက်တော့ (ဝါ) နီးစွာသော အကြောင်းကို ရှာလိုက်ရင် တေဇောဓာတ်လေးပါ၊ ဒါဟာ ချက်တိုင်မှာရှိတဲ့ကမ္မဇတေဇောဓာတ်လေးပါ၊ ဒါကို ပဒဋ္ဌာန်ဆိုပြီး ခွဲတန်းချလာတာပါ။

ဒီတော့ ထွက်လေဝင်လေမှာ ပညတ် ၄-ပါး, တခါး ၄-ပေါက်, မီးဓာတ် ၄ ပါး ဝင်လိုက် ထွက်လိုက် လုပ်လိုက်တာနဲ့ ဓာတ်ကြီး ၄ ပါးတို့ဟာအတိုးအဆုတ် ထွက်လာကြတယ်၊ နောက် နာမရူပပရိစ္ဆေဒဉာဏ်က ခွဲတန်းချတို့ ဌာန ၄-ချက်တွေပေါ်လာတယ်၊ ဒီသဘာဝတွေကို မြင်အောင်ရှုထားပါ၊ ရှေ့ကိုတခါတက်ရမယ်။

"ဒီဃံဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ရဿံဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ"လို့ ရှေ့ကဏ္ဍကျရင် ဒီခေတ် ၄ ပါးအကြောင်းတရား ၄-ပါးတို့ကို ထပ်ရှာလိမ့်အုံးမယ်၊ ရှာတဲ့အခါကျတော့ ခါတ်လေးပါးရယ် လို့မပြောဘော့ပါ၊ ဒါ့ကြောင့် ယခုသဲက နားလည်ထားရမယ်။

သတိပဋ္ဌာန် တရားတော်ကြီးဟာ အင်မတန်မှ သိမ်မွေ့ပါ တယ်၊ ရှေ့ကဏ္ဍကျရင် ပိုပြီးသိမ်မွေ့လာပါလိမ့်အုံးမယ်။

အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ
စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ။

ဘိက္ခဝေ၊ ခန္ဓာ ၅ တန် ရုပ်နှင့်နာမ်ကို ကောန်ရှုပြားအိုချစ် သားတို့။ အာနာပါနဿတိ၊ အာနာပါနသတိသမာဓိကို။ ဘာဝိ တာ၊ ပွားများအပ်သည်ရှိသော်။ဗဟုလီကတာ၊ကြိမ်ဖန်များစွာ လေ့လာအပ်သည်ရှိသော်။ စတ္တာရော၊ လေးပါးကုန်သော သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တရားတို့သည်။ ပရိပူရေန္တိ၊ ပြည့်စုံ ကုန်၏။

ကိုင်း....ယခုပြလိုက်တဲ့ဟာကိုယခုမပွားများနိုင်သေးသော်လဲ တနေ့ အသုံးချလိုတဲ့အခါမှာ မျိုးစေ့လေးအနေနဲ့ ရသွားပြီ၊ ဒီ ပုံစံနံပါတ် ၁၇ ကြီးကို သတိပဋ္ဌာန်တရား ၄-ပါးနဲ့သွင်းကြည့် စမ်းပါ၊ ဒီတော့ အာနာပါန တံခါး ၄-ပေါက်ထဲကို သတိပဋ္ဌာန် တရား ၄-ပါး သွင်းကြည့်စမ်းပါအုံး၊ သွင်းနိုင်လာရင် ကျောင်း ထိုင်ဘုန်းကြီးဖြစ်လာပြီ၊ လူဆိုရင်လဲ အဲဒါ စည်းစိမ်ဥစ္စာတွေနဲ့ ပြည့်စုံလာတော့မယ်။

ဒီတော့ အာနာပါန တံခါး ၄-ပေါက်ကို ပွားများရင် သတိပဋ္ဌာန်တရား ၄-ပါးပြည့်စုံတယ်ဆိုတာ သတိလေးနဲ့ တက်မယ်လို့ ဆိုတာကို သညာဝိညာဏ်အနေနဲ့ မယူလိုက်ပါနဲ့၊ ပညာအနေနဲ့ သွင်းကြည့်စမ်းပါ ယခု ဖော်ပြထားတဲ့ တံခါး ၄-ပေါက်, ပညတ်ရိပ် ၄-ပါး, မီးခတ် ၄-ပါးထဲကို သတိပဋ္ဌာန်တရား ၄-ပါးထည့်ကြည့် (ဝါ) သွင်းကြည့်စမ်းပါ၊ ဒီလိုကို ကိုယ်ပိုင်ဉာဏ်တွေ ထုတ်လာရမယ်။

နောက်တခါ "စတ္တာရော ဘိက္ခဝေ သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တဗောဇ္ဈင်္ဂေ ပရိပူရေန္တိ " လို့ ပြလာတဲ့အတိုင်း သတိပဋ္ဌာန်တရား ၄ ပါးထဲကို ဗောဇ္ဈင် ၇ ပါး သွင်းပြစမ်းပါ၊ ဒီလိုကို တက်လာရမယ်၊ ဒီတော့ တရားနာတယ် ဆိုတာဟာ သဘာဝဉာဏ် ရင့်သန်လာဘို့ဘဲ မဟုတ်လား၊ ဒါကြောင့် သဘာဝဉာဏ်ကို တွေ့အောင်ရှာရမယ် သဘာဝကိုမှ မမြင်ရင် သူများနောက်လိုက်သာဖြစ်နေပြီး ရုပ်တရားနာမ်တရားကို တက်လို့မရပါ၊ နက်ဖြန်ဆိုရင်ဘဲ ပဥ္စမတံခါးဖြစ်တဲ့ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားရဲ့ လုပ်ငန်းစဉ်ကို ဖွင့်ရတော့မယ်။

ကိုင်း .. ဖြစ်တဲဇော ပျက်တဲဇောကို သဘောပေါက်ရင် အာနာပါနတံခါး ၄-ပေါက်ထဲကို သတိပဋ္ဌာန်တရား ၄ ပါးကို လုပ်ငန်းစဉ်နဲ့ သွင်းကြည့်စမ်းပါ၊ နောက် ဗောဇ္ဈင် ၇-ပါးကို သွင်းကြည့်စမ်းပါ၊ ဒါကို သွင်းလို့ရသွားမှ ပဥ္စမ တံခါးရဲ့ လုပ်ငန်းစဉ်ကို ဖွင့်လို့ရမယ်၊ ဒါကြောင့် ကိုယ်ပိုင်ဉာဏ်နဲ့ သွင်းကြည့်စမ်းပါ၊ ဒီတော့ သွင်းနိုင်ရမယ်၊ နောက်ကာလဲ ပြောလာခဲ့ပြီဘဲ မဟုတ်လား။

ဒီတော့ သတိပဋ္ဌာန်တရား ၄-ပါးသို့သာ ဆိုသော်လဲ လုပ်ငန်းစဉ်အနေနဲ့ ဆိုရင် ကာယာနုပဿနာ သတိပဋ္ဌာန်သာလျှင်

ပြဋ္ဌာန်းပါတယ်၊ တရားဥကျောင်းချတဲ့အခါမှာသာ သတိပဋ္ဌာန်တရား ၄ ပါးဆိုပြီး တရားဥကျောင်းချရတာပါ၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာကြီးမှာလဲ ဒီအတိုင်း ထုတ်ဖော်လာပါတယ်၊ ခန္ဓာတက်စဉ်အနေနဲ့လဲ သမ္မောဟဝိနောဒနီ အဋ္ဌကထာကြီးက ပြထားတာဟာလဲ သဘာဝကျလှပါတယ်။

သာရ ၄-လုံးဟာ သတိပဋ္ဌာန်တရား ၄-ပါးထွက်လာတယ်၊ ဒီတော့ သာရ ၄-လုံးကို [illegible]ပါ၊ နိစ္စသာရကနေ ကာယာနုပဿနာသတိပဋ္ဌာန်၊ သုခသာရကနေ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ သုဘသာရကနေ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ အတ္တသာရက ဓမ္မာနုပဿနာသတိပဋ္ဌာန် ထွက်ပါတယ်။ ဒါကို ပုံစံထဲမှာလဲပြထားခဲ့ပြီ၊ ဒီအတိုင်း ယခု ဖြေတာကို ယခုဒီခုံရုံးက လက်မခံသေးပါ။

ပြောပြမယ်- ကာယာနုပဿနာဆိုဘာ ဘာကိုအမှတ်ပြုပြီး ဦးစီးလာသလဲဆိုရင် သညာရဲ့အမှတ်လေးကို ရှုသာတာပါ၊ ကာယဆိုတာ ထွက်လေဝင်လေကိုခေါ်တယ်၊ (ဝါ) ဒီခန္ဓာကောင်ကြီးကိုလဲခေါ်တယ်၊ သွားတယ်-သွားတယ်လို့ ရှုတာလဲ ကာယဘဲ၊ ဒါဟာသညာကိုအမှတ်ပြုပြီး ထွက်လာတာပါ၊ ဒီထွက်လေ ဝင်လေကနေ ခန္ဓာကိုယ်ကြီးတခုလုံးကို သိမ်းလိုက်တဲ့အတွက်ကြောင့် သတိပဋ္ဌာန်တရား ၄-ပါးလုံးမှာ ကာယာနုပဿနာသတိပဋ္ဌာန်ကို ပွါးများတာနဲ့ ပြီးပါတယ်၊ ဒါကအဋ္ဌကထာကြီးတွေက ဖေါ်ပြလာတာပါ၊ ယခုဒီလိုမသွင်းပါနဲ့။

အာနာပါနတံခါး ၄-ပေါက်ထဲကို သွင်းတဲ့အခါမှာ ကာယာနုပဿနာသတိပဋ္ဌာန်ကို နှုတ်ခမ်းဖျားနဲ့ နှာသီးဖျား တံခါးမှာ

သွင်းရပါတယ်၊ ဒီကနေ ဥက္ကောင်းချရင် အရဟတ္တမဂ်မှာ ဥက္ကောင်းချရပါတယ်၊ နောက်ငယ်ထိပ်ဦးကျောက် တခါးကျ တော့ စိတ္တာနုပဿနာသတိပဋ္ဌာန်ကို သွင်းရပါတယ်၊ ဒီကနေ ဥက္ကောင်းချရင် သကဒါဂါမိမဂ်မှာ ဥက္ကောင်းချရပါတယ်၊ ဘာ့ကြောင့်လဲ-ပညတ်ရိပ်အနေနဲ့ အားပေးနေလို့ စိတ္တာနုပဿနာ သတိပဋ္ဌာန်မှာ ဥက္ကောင်းချရတာပါ။

နှလုံးအိမ်ရင်ချိုင့် တခါးကျတော့ ဝေဒနာနုပဿနာသတိ ပဋ္ဌာန်ကို သွင်းရပါတယ်၊ ဥက္ကောင်းချတော့ အနာဂါမိမဂ်မှာ ဥက္ကောင်းချရပါတယ်၊ ချက်တိုင်ကျတော့ မေ့ာနုပဿနာသတိ ပဋ္ဌာန်ကိုသွင်းပါ၊ သောတာပတ္တိမဂ်မှာ ဥက္ကောင်းချရပါတယ်၊ ဒီတော့အခုအာနာပါနမှာကို သတိပဋ္ဌာန်တရား ၄-ပါးဝင်နေပြီ၊ ဒီဝင်နေတဲ့အတိုင်း တရားဥက္ကောင်းချသွားရမယ်၊ ဒီလိုသွင်း ရမယ်၊ သာရ ၄-လုံးအနေနဲ့ ကြည့်ပြီးတော့မသွင်းပါနဲ့။

ဒီတော့ ဘုရားရှင်က အာနာပါနကို ပွါးများလာရင် သတိ ပဋ္ဌာန်တရား ၄-ပါးနဲ့ပြည့်စုံတယ်ဆိုတာက ယခုဆရာတော်သွင်း တဲ့အတိုင်းသွင်းပါ၊ နောက်ထပ်တခါ သတိပဋ္ဌာန်တရား ၄-ပါး ကို ပွါးများလာရင် ဗောဇ္ဈင် ၇-ပါးနဲ့ ပြည့်စုံတယ်လို့ ဟောလာ တယ်၊ ဘယ်လိုပြည့်စုံသလဲ ဆိုတော့မှ သာရ ၄-လုံးပါတော့ မယ်၊ ဒီတော့မှအစဉ်အတိုင်း အဲဒါ ( မောင်ကောင်း )သွင်းတဲ့ အတိုင်းသွင်းရမယ်။

ဒီတော့ သာရ ၄-လုံးကို ဝိပဿနာဉာဏ်တွေက ပယ်တယ်၊ နိစ္စသာရကို ပညာမြင်အနိစ္စဉာဏ်က ပယ်တယ်၊ သုခသာရနဲ့ သုဘသာရကို ပညာမြင်ဒုက္ခဉာဏ်ကပယ်တယ်၊ အတ္တသာရကို

ပညာမြင်အနတ္တ ဉာဏ်ကပယ်တယ်၊ ဒီလိုလဲပယ်လိုက်ရောဗောဇ္ဈင် ၇-ပါးဟာမဂ်ကိုဝင်မဲ့အသင်းအပင်းဖြစ်လာတယ်၊ ( ၀၁ )သစ္စာ ၄-ပါးကို သိတဲ့အဖို့မှာ အကြောင်းတရားအနေနဲ့ ပါဝင်လာတယ်၊ ဒီတော့ ဗောဇ္ဈင် ၇-ပါးကို မဂ်ဖိုလ်ရပြီးတဲ့ပုဂ္ဂိုလ်တွေ အကြိမ်ကြိမ်ပွါးများလာရင် ကျန်းမာရေးတွေ ပြည့်စုံလာပြီးတော့ နိဗ္ဗာန်ကိုရမဲ့ အကျိုးတရားတွေ ဖြစ်လာတယ်လို့ အရှင်မဟာကဿပကြီးကို ဘုရားရှင်က "သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော" လို့ ဟောကြားလာပါတယ်။

ယခု ဗောဇ္ဈင် ၇-ပါးကို အကျဉ်းချုံးလိုက်ရင် သာရ ၄-လုံးကို ဗောဇ္ဈင် ၇-ပါးက သတ်ပြီးတော့ မဂ်တရား ဖိုလ်တရား ထွက်ရမယ်၊ ဒီတော့ "သတ္တဗောဇ္ဈင်္ဂေါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိဉာဏဒဿနာ ပရိပူရေန္တိ" ဘိက္ခဝေ၊ ချစ်သားတို့။ သတ္တဗောဇ္ဈင်္ဂါ၊ ၇-ပါးသော ဗောဇ္ဈင်တရားတို့ကို။ ဘာဝိတာ၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ လေ့လာအပ်သည်ရှိသော်။ ဝိဇ္ဇာဝိမုတ္တိဉာဏဒဿနာ၊ ဝိဇ္ဇာဝိမုတ္တိဉာဏ်အမြင်စင်ကြယ်ခြင်းသည်။ ပရိပူရေန္တိ၊ ပြည့်စုံကုန်၏ လို့ ဟောကြားတော်မူလာပါတယ်။

ဒီတော့ ဝိဇ္ဇာဆိုတာက မဂ်ကိုပြတာ၊ ဝိမုတ္တိဆိုတာက ဖိုလ်ကိုပြတာ၊ ဉာဏဒဿနာဆိုတာက နိဗ္ဗာန်ကိုခေါ်တယ်၊ ဒီပါဠိတော်အတိုင်း ယခု ဟောကြားလာခဲ့တာဟာ အားလုံးပြည့်စုံလောက်ပါပြီ၊ ဒီတော့ တံခါး ၄-ပေါက်, မီးခုတ် ၄-ပါး, ပညတ် ၄-ပါး, ခုတ်ကြီး ၄-ပါးတို့ရဲ့အလွန်အယုတ်ဖြစ်ပေါ်လာပုံ၊ အကြောင်းတရား ၄-ပါး ထွက်လာပုံ၊ သတိပဋ္ဌာန်တရား ၄-ပါး, ဗောဇ္ဈင်

၇.ပါးကိုပါ အားလုံးပြည့်စုံသွားပါပြီ၊ ဒါကြောင့် ယခု ဒီပုံစံကို မကျဉ်းမကျယ်နဲ့ဘဲ ဥက္ခောင်းချုပ်လိုက်ပါပြီ။

နက်ဖြန်ကျရင် ပဋ္ဌမတံခါးဖြစ်တဲ့ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျား လုပ်ငန်းစဉ်ကို တက်ရပါတော့မယ်၊ အရင်ကဟောကြားလာတဲ့ အာနာပါနတရားတွေက နယ်လှည့်မမ္မကထိကတွေအတွက် အိပ်ဆောင် အာနာပါနကြီးပါ၊ ယခု ဟောရမှာက ကမ္မဋ္ဌာန်းကြီး အနေနဲ့ မမ္မစကြာရိပ်သာကြီးမှာ ဖွင့်ရတော့မယ်၊ ဒါဟာ အနာဂတ် သာသနာတော်အတွက် ရည်မှန်းပြီး နက်ဖြန်ကာ ပဋ္ဌမတံခါးရဲ့ လုပ်ငန်းစဉ် ပုံစံအသစ်ထုတ်ပြီး တင်ဆက်ပြပါတော့မယ်၊ ဒီတော့ အနာဂတ် သာသနာတော်ကြီးအတွက် အိပ်ဆောင် အာနာပါန မဟုတ်တော့ဘဲ ကမ္မဋ္ဌာန်းကြီးအနေနဲ့ ဖွင့်ပြနေတယ်ဆိုတာကိုလဲ သတိချပ်ပါ။

# ညဟောဝစဉ်။

“တိက္ခ ဟာသ၊ ဇဝန ဂမ္ဘီ၊ ဉာဏ်လေးလီဖြင့်၊ အခွံကိုခွါ၊ အကာကိုရှား၊ အသားကိုချေ၊ အနှစ်ကိုတေနိုင်မှ၊ သဘာဝ အနတ္တဉာဏ် ထင်မြင်နိုင်သည်၏အဖြစ်ကိုရင်း” လို့ ဆိုလိုက်တဲ့ အတိုင်း ယခုတက်လာတဲ့ မဟာသတိပဋ္ဌာန် တရားတော်ကြီးကို ကံအား ဉာဏ်အား ပါရမီအားတွေနဲ့ ခံယူကြမှ ရပါတယ်။

ဒီတော့ ယခုတရားနာကြတဲ့ ပုဂ္ဂိုလ်တွေမှာ သဘာဝဉာဏ် ကြီးတွေ တနေ့တခြား ရင့်သန်လာကြပါတယ်၊ ဒီ တရားတော် ကြီးကို တကယ်လိုလားလာရင် တောင်တက်သော ယောကျာ်း ကဲ့သို့ မနေမနားကြိုးစားလာရင်ဘဲ အသိဉာဏ်တွေ တိုးတက်ပြီး တနေ့ပေါက်ရောက်လာပါလိမ့်မယ်၊ ဒီနေ့ ဒီပုံစံကို ဥကွောင်း ချရပါတော့မယ်၊ နက်ဖြန် နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ် ဖြစ်တဲ့ ပဌမ တံခါးရဲ့ လုပ်ငန်းစဉ်ကို တက်ရတော့မယ်။

ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ အနန္တနယ သမန္တ မည်မှန်း ပဋ္ဌာန်းကျမ်းတော်ကြီးကို အနုလုံ ပဋိလုံ ပစ္စည်းပစ္စနိတ် ဘိုဖြင့် နှလုံးသွင်းဆင်ခြင်တော်မူတဲ့အခါ ဘုရားရှင်ရဲ့ခန္ဓာကိုယ် တော်ကြီးမှ ခြောက်သွယ်သော ရောင်ခြည်တော်တို့သည် ထွက် ပေါ် ကွန့်မြူးလာပါတယ်ဆိုတာ ပိဋကတ်က အထင်အရှား ပြလာပါတယ်၊ ဒီ ၆-သွယ်သော ရောင်ခြည်တော်ကို ခွဲလိုက်ရင် နီလ–ညိုသော, ပီတ–ရွှေသော, လောဟိတ–နီသော, ဩဒါတ- ဖြူသောရောင်ခြည်တော်၊ ဒီ ၄-ခုဟာ နှလုံးအိမ်ကနေ ထွက်လာ တာပါလို့ ပိဋကတ်တော်က အထင်အရှားပြလာပါတယ်။

ဒီတော့ နှလုံးအိမ်ထဲမှာ ဥသမမီးခါတ်ရှိတယ်၊ ဒီတော့ အာနာပါနကို လုပ်ငန်းစဉ်အနေနဲ့ ဒီမီးဓာတ်ကို ဖမ်းချင်ရင် တတိယ နှလုံးအိမ်ရင်ချိုင့်တံခါးကို ကိုင်ရပါတယ်၊ ဒီလို နှလုံးအိမ်ကြီးကိုလဲ ကိုင်လိုက်ရော ထိုပုဂ္ဂိုလ်ရဲ့ နှလုံးအိမ်ကြီးဟာ ထင်ရှားစွာ ပေါ်လာတော့တယ်၊ ဒီကနေ အရောင်ဓာတ် ၄-ပါးကို လာတွေ့တယ်၊ အရောင် အဆင်း အလင်း အကြည် ဒီ ၄-ပါးကို လာတွေ့တယ်၊ အရောင်ဆိုတာက ဖြူ နီ ဝါ ရွှေ ဆိုတဲ့ အရောင်ဓာတ်ကြီးတွေ ပေါ်လာတာပါ၊ အဆင်းဆိုတာက ခန္ဓာကိုယ်ကြီး တခုလုံးမှာ အလင်းဓာတ်ကြီးဆိုက်နေပြီ၊ အကြည်ကျတော့ ၆-ပါးသော အကြည်ဓာတ်ဘွဲ့မှာကို အကြည်ဓာတ်ကြီးဟာ ပေါ်လာပြီ၊ အကြည်ဓာတ်ကြီး ပေါ်လာဘယ်ဆိုရင်ဘဲ နေရောင် လရောင်မျှမက ၁၅၀၀-ရှိဘဲ့ မီးလုံးကြီးများ ထိုးထားသလို မိမိရဲ့ ခန္ဓာကိုယ်ကြီးမှာရှိတဲ့ သွေးသည်းခြေလေသလိပ်တွေကိုပါ မြင်လာတော့ဘယ်၊ အကြည်ဓာတ်ကြီးပေါ်လာတာနဲ့ ဒီအတိုင်း မြင်လာပါတယ်။

ဒီတော့ ခြေဖဝါးကနေ တက်လာတဲ့ သွေးအားတွေဟာ လေဓာတ်အားနှင့်အတူ ဆောင်ယူလာတဲ့အထိ မြင်လာတယ်၊ ဒီ အရောင် အဆင်း အလင်း အကြည်ဓာတ်တွေ ရလာရင်ဘဲ အင်မတန် တန်ဘိုးရှိလာပြီ၊ ဒါဟာ တတိယတံခါး နှလုံးအိမ် ရင်ချိုင့် ဟဒယဝတ္ထုရုပ် ဥသမမီးဓာတ်မှာကို လာတွေ့နေပြီ၊ ဒီကနေ ရုပ်နာမ်ကူးလို့ မရသေးပါ၊ တခါထပ်ပြီး ရှုလာရ ပြန်တယ်။

ဒီ အရောင်ဓာတ် ၄-ခုဟာ ဘယ်ကနေစပြီး ဖြစ်လာသလဲ ဆိုရင် " မနဥ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ တိဏ္ဏံ

သင်္ဂါတိ ဖဿော" လို့ ဟောကြားလာတဲ့အတိုင်း နှလုံးအကြည်၊ ဘဝင်စိတ်၊ ဓမ္မာရုံ၊ မနောဝိညာဏ် ဒီ ၄ ပါးကနေ ထွက်လာတဲ့ အရောင်ဓာတ် ၄-ပါးကို လာတွေ့တယ်၊ ဒါကိုလဲ တွေ့သာရော အရောင်ဓာတ်ကြီး ၄-ပါးတို့ဟာ ပျောက်သွားတယ်၊ ဒီတော့မှ အရောင်ဓာတ်တွေကိုပယ်ပြီးတော့ ဒီ အကြောင်း ၄-ချက်က နေပြီး ရုပ်နာမ်ကူးရင် ကာလ ၃-ပါး ရုပ်နာမ်ကို ကူးရမယ်၊ ကူးပုံကိုတော့ သူ့ကဏ္ဍရောက်မှဘဲ ထင်ရှားအောင် ပြပါမယ်။

ဒီတော့ နှလုံးအိမ်ရင်ချိုင့်က ကာလ ၃-ပါး ရုပ်နာမ်ပေါ် ထွက်လာတာကို လုပ်ငန်းစဉ်အနေနဲ့ ယူရင် ဥသမမီးဓာတ် နှလုံးအိမ်ရင်ချိုင့် တတိုယ တံခါးပါ၊ နောက်တခါ ငယ်ထိပ် ဦးကျောက်မှာ သန္တပ္ပနမီးဓာတ်ရှိတယ်၊ အာရုံ ၅-ပါးကိုယူဘဲ့ အခါမှာ ဒီ သန္တပ္ပနမီးဓာတ်က ယူရတယ်၊ အာနာပါနကို အားထုတ်တဲ့ သူတွေမှာ ဒီ မီးဓာတ်ဟာ အရေးအကြီးဆုံး မီးဓာတ်ပါ။

လုပ်ငန်းစဉ်အနေနဲ့ ဒီမီးဓာတ်ကိုထင်အောင် ဘယ်လိုအား ထုတ်မလဲ၊ အဲ့ဒါလေရှည် လေတိုကနေ အားထုတ်လိုက်ရင်....

ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ"

လို့ဆိုတဲ့အတိုင်း အားထုတ်လိုက်ရင် သဏ္ဌာန်အရိပ်နိမိတ် လက္ခဏာတွေထွက်လာမယ်၊ (ဝါ) သဏ္ဌာနပညတ်တွေထွက်

လာမယ် ဒါဟာဘယ်ကထွက်လာတာလဲလို့ရှာလိုက်ရင် ယယ်ထိပ်ဦးကျောက် သန္တပ္ပနမီးခဲတ်ကနေ ထွက်လာတာကို တွေ့မယ်၊ ဒီကနေ ရုပ်နာမ်ကူးသို့ မရသေးပါ၊ ဒါဟာပညတ် နိမိတ်တွေဖြင့်ခြင်းကြောင့်ပါ၊ ဒီနေရာမှာ အရေးကြီးပါတယ်။

ဒီနေရာမှာဘုရားရှင်က ဥပမာ ၂-ခုနဲ့ပြလာတယ်၊ "ပွတ်သမားသည်၎င်း, ပွတ်သမား၏ တပည့်သည်၎င်း- ပွတ်ငင်သည်ရှိသော် ရှည်စွာမူလည်းငင်၏ တိုစွာမူလည်းငင်၏" လို့ပြလာပါတယ်၊ ဒီတော့သဏ္ဌာန်အရိပ်နိမိတ်လက္ခဏာတွေဟာဘယ်ကထွက်လာတာလဲလို့အကြောင်းရှာလိုက်ရင်အဲဒါသက်တန့်ရောင်ကြီးကိုလာတွေ့တော့တယ်၊ ဒီယယ်ထိပ်ဉကျောက် သန္တပ္ပနမီးခဲတ်ကနေအဝါနဲ့ အဝါရင့်, အပြာရောင်ဆိုတဲ့ သက်တန့်ရောင်ကြီး ပေါက်လာရင်ဘဲ လောကီဘက်ကဆိုရင်ဘဲ တန်ခိုးဣဒ္ဓိပါဒ်တွေပြည့်စုံလာပြီ၊ ဒီလိုမြင်လာရင် ဒီကဖြစ်လာတဲ့ သညာလေးတွေဟာအမှန်ကိုပို့ပေးနိုင်လာပြီ၊ဒီသက်တန့်ရောင်ပေါ်ဘိုဟာလဲ မလွယ်ကူပါ၊ ဒီသက်တန့်ရောင်ကြီးပေါက်လာရင်ဘဲ လောကီဘက်မှာဆောင်ရွက်သမျှ အောင်မြင်လာတော့တယ်၊ ဒီမီးခဲတ်ပေါက်ရင် သံဃာတော်တွေမှာ ပန္နည်း ၄-ပါး အဆင်ပြေသွားပါပြီ။

ဒီသက်တန့်ရောင်မီးခဲတ်ဟာလဲ လူ-၁၀၀-မှာ တယောက်ပေါက်ခဲပါတယ်၊ ဒီလိုသက်တန့်ရောင်မှ မပေါ်သေးသမျှလူ့လောကမှာ အောင်မြင်မှုနည်းပါး ပါသေးတယ်၊ ဒီမီးခဲတ်ပေါက်ရင် ကျောက်နဂါးဦးခေါင်းပိုင်း မီးခဲတ်ပေါက်ပြီ၊ ပရိပါစကမီးခဲတ်ကျတော့ ကျောက်နဂါးရဲ့အမြီးပိုင်းမီးခဲတ်ပါ၊ ဉသမမီးခဲတ်ကျတော့ ကျောက်နဂါးရဲ့ကိုယ်ပိုင်း (ဝါ)

ခန္ဓာကိုယ်ပိုင်း မီးခေတ်လို့ခေါ်တယ်၊ ဒီတော့ ဥပမာ သံဃာ တော်များဘက်ကလဲ ဂုဏ်ထူးဆောင်တွေ ရလာတာသည်ပင် ကျောက်နဂါးမီးခေတ်ပေါက်ဘယ်လို့ ယူရပါတယ်၊ ဒီမီးခေတ် တွေ မိမိရဲ့ခန္ဓာကိုယ်မှာ ရှိကြလျက်သားနဲ့ ပေါ်လွင်အောင် အားမထုတ်နိုင်ကြလို့ ဘုန်းကျက်သရေတွေဆုတ်ယုတ်ပြီးတနေ့ တခြားရေနည်းငါးပမာဖြစ်နေကြတော့တယ်။

ဒီတော့ ငယ်ထိပ်ဦးကျောက် သန္တပ္ပနမီးခေတ်ကနေ သက် တန့်ရောင်မီးခေတ်ကြီးပေါက်လာရင် မှတ်တမ်းဟူသားပါ၊ ဒီမီး ခေတ်ကြီးထွက်လာရင်ဘဲ မိမိရဲ့ခန္ဓာကိုယ်ကြီးမှာ တခုခုဖြစ်လာ ပြီး အမြောက်ကြီးများပစ်လိုက်သလို ဒိန်းကနဲ ဒိုင်းကနဲဆိုဖြစ် ပြီးတော့ထွက်သွားတယ်၊ ဒါဆိုရင် သက်တန့်ရောင် မီးခေတ်ကြီး ပေါက်ပြီလို့ တဆစ်ချဆုံးဖြတ်ပါတော့၊ ဒီမီးခေတ်ကို တကယ် ပေါက်လာရင်ကိုယ်လိုရာခရီးကို သွားနိုင်လာပြီ၊ ဒီတော့ဒီမီး ခေတ်ကို တကယ်ပေါက်လာရင် ရုပ်နာမ်ကို မကူးချင်နေပါစေ ကိုယ်လိုတဲ့ခရီးဟာ အောင်မြင်လာပါတယ်၊ဒါ့ကြောင့်နယ်လှည့် သာသနာပြုပုဂ္ဂိုလ်တွေကို ပေါက်စေချင်ပါတယ်၊ ဒီမီးခေတ် ပေါ်ပုံကို ယခုပြလိုက်ပါပြီ၊ ဒီမီးခေတ်ဟာ လောကီရော လော ကုတ္တရာပါ အကျိုးပေးလာပါတော့တယ်။

နောက်နှုတ်ခမ်းများနဲ့ နှာသီးဖျား ဥဟာမီးခေတ်ကျတော့ အထူးမထုတ်တော့ပါ၊ ထွက်လေ ဝင်လေကို မှတ်ပြီးယူရတာပါ၊ ဒီတော့ပဌမတခါးကနေ ရုပ်နာမ်ကူးဆိုရင်နာမရူပပရိစ္ဆေဒဉာဏ် က ရုပ်နာမ်ကို ကူးရမယ်၊ ဒုတိယတခါးကနေ ရုပ်နာမ်ကူးဆိုရင် ပစ္စယပရိဂ္ဂဟဉာဏ်က ရုပ်နာမ်ကို ကူးရမယ်၊ တတိယတံခါးကနေ ရုပ်နာမ်ကူးရင် သမ္မသနဉာဏ်က ရုပ်နာမ်ကိုကူးရမယ်၊ စတုတ္ထ တခါးကရုပ်နာမ်ကူးရင်ဥဒယဗ္ဗယဉာဏ်ရဲ့ ရုပ်နာမ်ကိုကူးရမယ်၊

ကိုင်း....ယခုအာနာပါနကြီးကို မီးခွက် ၄-ပါး၊ တခါး ၄-ပေါက်၊ ပညာတံရုံပ် ၄-ပါးနဲ့ ဉာဏ်စဉ် ၄-ပါးနဲ့ ဖွင့်ပြလိုက်ပါပြီ၊ ယခုဖွင့်ပြတဲ့ဟာကို ပိဋကတ်မှာလိုက်ရှာရင် ဒီလိုသေသေချာချာမတွေ့ပါ၊ ယခုဟောနေတာက ဆရာတော်တို့ရဲ့ ဆရာသမားကြီးတွေပေးအပ်လိုက်တဲ့ လုပ်ငန်းစဉ်အတိုင်း ယခုပြနေဟာပါ၊ ဒီဘော့လက်တွေ့ကိုယ်တွေ့ မှနေ့ာတွေ့ကိုယ်တိုင် အားထုတ်ပြီးတော့မှ ယခုဟောနေတာလို့ မှတ်ထားပါ၊ ဒီတော့ မီးခွက်ပေါက်တယ်ဆိုတာသည် ပညာပေါက်တဲ့အနေနဲ့ ယူလို့ရပါတယ်။

ဒီတော့ ဘုရားရှင်ရဲ့ သာသနာတော်ကြီးမှာ တကယ်သာသနာပြုမယ်ဆိုရင် ဒီမီးခွက် ၃-ပါးမှာ သန္တပ္ပနမီးခွက်၊ ဥသမမီးခွက်၊ ပရိပါစကမီးခွက် တပါးပါးပေါက်အောင်အားထုတ်ပါ၊ ဒီမီးခွက်ပေါက်မှ သာသနာပြုနိုင်မယ်၊ ဒီမီးခွက်ဟာ တခါပေါက်ရင် ပြီးတာပါဘဲ။

ဒီတော့ချက်တိုင်က မီးခွက်ရဲ့အရောင်ဟာ ငှက်ပျောညွန့်ရောင် (ဝါ) အဝါနုရောင် အနေနဲ့ ပေါ်ထွက်လာတယ်၊ ဒီမီးခွက်ပေါက်တော့မယ်ဆိုရင်ဘဲ ခန္ဓာကိုယ်ကြီး တခုလုံးဟာ ထင်ရှားလာတော့တယ်၊ ဒါ့ကြောင့်ဒီမီးခွက်တွေပေါက်အောင် ကြိုးစားကြပါ၊ ပေါက်သွားရင် သာသနာပြုနိုင်ပါပြီ။

ကိုင်း.... သာဓုသာ ခေါ်ကြပါတော့

သာဓု....သာဓု....သာဓု။

ပုံစံနံပါတ် (၁၈)


သတောဝ ပဿသတ္တိ
နှာသီးဖျားအရပ်
သတောဝ အဿသတ္တိ
နှုတ်ခမ်းဖျားအရပ်
ပညတ်ရှုပ်သတောနေပုံ
ပညတ်နှာမ်သတောနေပုံ
ဝင်လေ
ထွက်လေ
အာနာပါနပဌမ တံခါးပေါက်နေပုံ။

ဝါခေါင်လဆုတ် ၁၀-ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၁၈)

ညက မီးခွက် ၃-ပါးနေပုံကို ပြလိုက်ပါပြီ၊ ဒီ မီးခွက် ၃-ပါးမှာ တပါးပါး ပေါက်သွားရင်ဘဲ ဘုန်းတန်ခိုးတွေ တောက်လာတော့တာဘဲ၊ ဒီတော့ ဒုတိယတံခါးက ကျောက် နဂါး ဦးခေါင်းပိုင်းပါ၊ တတိယ တံခါးကျတော့ ခန္ဓာကိုယ် ပိုင်းပါ၊ စတုတ္ထတံခါးကျတော့ ကျောက်နဂါး အမြီးပိုင်းပါ၊ ဒီတော့ အခု ဒီအာနာပါနတရားကြီးကို အားထုတ်လာရင်ဘဲ ဒီ မီးခွက်တွေကို တွေ့လာတော့မယ်၊ ကိုင်း....ဒီနေ့ ပဌမတံခါး ဖြစ်တဲ့ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်ရဲ့ လုပ်ငန်းစဉ်ပါ။

" ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု တာဃေ ကာယာနုပဿီ ဝိဟရတိ " ဒါက ပဌမ ဘုရားရှင်က မေးတာပါ၊ နောက်မှ " ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတောဝါ ရုက္ခမူလဂတောဝါ သုညာဂါရဂတောဝါ " လို့ ပြန်ပြီးဖြေလာပါတယ်၊ ဒါဟာ ဘုရားရှင်ရဲ့နှုတ်တော်က ထွက်လာတဲ့ ပါဠိတော်ပါ၊ ဒီတော့ အာနာပါနကို အားထုတ်မယ်ဆိုရင် တောအရပ်သို့ရင်း၊ သစ်ပင် ရင်းသို့ရင်း၊ ဆိတ်ငြိမ်ရာ ကမ္မဋ္ဌာန်းတိုက်သို့ရင်း၊ ဒီ ၃-ခုမှာ တခုခုကိုကပ်ရမယ်၊ အဲဒါသန္တိရှိတဲ့နေရာကို ရှာရမယ်၊ ဒီတော့ ဒီ ၃-ချက်ကိုဘဲ နှိုက်ပြပါအုံးမယ်၊ ဒီကျအောင် အဋ္ဌကထာ ဆရာကြီးတွေက မဖွင့်ပြတော့ပါ၊ ဒီတော့ တောအရပ်သို့ ကပ် တာနဲ့ သစ်ပင်ရင်းသို့ ကပ်တာနဲ့ ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းတိုက်သို့ ကပ်တာနဲ့ဟာ သဘာဝတွေ ဘယ်လိုကွာခြားသလဲ၊ ဒါဟာ အားထုတ်ဘူးမှ ပြောလို့ရတယ်။

ဒီတော့ ဓမ္မအရပ် ၃-ရပ်ကို ဘာ့ကြောင့် ကပ်ခိုင်းသလဲ. ဓမ္မအရပ်တွေမှာ ဘယ်သဘာဝတွေရှိသလဲ၊ ဒါကို အဋ္ဌကထာ ဆရာကြီးတွေက သဘာဝကုန်အောင်မဖွင့်ပါ၊ ဒီတော့ ၄၀-သော သမထမှာ ဘယ်သမထကိုဘဲအားထုတ်အားထုတ် နီဝရဏ တရားတို့ကို အလွန်ကြောက်ပါတယ်၊ ဒီ နီဝရဏတရားတွေကိုလဲ ငြိမ်းစေနိုင်ပါတယ်၊ ဒီတော့ သမထဆိုတာဟာ... "နီဝရဏေ သမေတိ ဝူပသမေတီတိ သမထော" နီဝရဏေ၊ နီဝရဏတရား တို့ကို။ သမေတိ—ဝူပသမေတိ၊ ငြိမ်းအေးစေတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ နီဝရဏတရားတို့ကို ငြိမ်းစေတတ်သောကြောင့်၊ သမထော၊ သမထမည်၏။ ဒါကြောင့် သမထတရားဟာ နီဝရဏ တရားတို့ကို ငြိမ်းအေးစေတတ်တယ်လို့ ပြလာပါတယ်။

နီဝရဏတရားဟာလဲ.... ၁။ ကာမစ္ဆန္ဒနီဝရဏ။ ၂။ ဗျာပါဒ နီဝရဏ။ ၃။ ထိနမိဒ္ဓနီဝရဏ။ ၄။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ။ ၅။ ဝိစိကိစ္ဆာနီဝရဏ။ ၆။ အဝိဇ္ဇာနီဝရဏ ဆိုပြီး ၆-ပါး ရှိတယ်။ ဒီတော့ ကာမစ္ဆန္ဒနီဝရဏကိုဘဲ ကြည့်စမ်းပါအုံး၊ တကာကြီး "ဦးစွန်" ရဲ့အိမ်မှာ အာနာပါနတရားကို အား ထုတ်ရင် အဲဒါ ကာမစ္ဆန္ဒနီဝရဏတရားနဲ့ အမြဲရင်ဆိုင်နေရမှာဘဲ မဟုတ်လား၊ ဒီ ကာမစ္ဆန္ဒနီဝရဏတရားကြီးဟာ အိမ်ရာတည် ထောင်တဲ့သူတွေရဲ့ အပေါ်မှာသာရှိတယ်လို့ အရင်ကဆရာတော် တို့ သွားမြင်ခဲ့ပါတယ်၊ အခု ဝိပဿနာနဲ့ ကြည့်လိုက်တဲ့အခါ ကျတော့ အဲဒါ အာရုံတွေနဲ့တိုက်တဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ လောဘတရားတွေမှန်ရင်၊ ဒေါသ မောဟ တရားတွေမှန်ရင် ကာမစ္ဆန္ဒနီဝရဏတရားဖြစ်တာဘဲ မဟုတ်လား၊ ဒီတော့ တကာ ကြီးတို့မှာ အာနာပါနတရားကို အိမ်မှာဘဲ တနေ့ကို ၂-နာရီ

လောက်ပွားများပြီး ကျန်တဲ့အချိန်တွေမှာ ဒီ ကာမစ္ဆန္ဒနီဝရဏ တရားတွေနဲ့ အမြဲရင်ဆိုင်တိုးနေတာဘဲ မဟုတ်လား။

ဒီတော့ ၅-ပါးသောအကြည်ခံတော်တွေမှာမဟာသတိပဋ္ဌာန် တရားမှမရှိရင် နှလုံးအိမ်ကဖမ်းတဲ့ (၀၁) မနောဝိညာဏ်က ဖမ်းတဲ့ အာနာပါန တရားကြီးကို ဘယ်မှာအားထုတ်ပွါးများ လို့ရမှာလဲ၊ အဲဒါကာမစ္ဆန္ဒနီဝရဏတရားကို အကျယ်ဝေဖန် ကြည့်ကြပါ၊ ဒီတော့ ဘယ်သဘာဝမဆို နီဝရဏတရားကို ကြောက်ပါတယ်လို့ ဆိုတာမှတ်ထားပါ။

ဒီတော့ အာနာပါနတရားဟာလဲသမထတရားဘဲမဟုတ်လား၊ ဒီတော့ နီဝရဏတရားကို ငြိမ်းစေတယ်ဆိုတာဟာ ၅-ပါးသော သတိပဋ္ဌာန်တရားတွေမှ မရှိရင် ဘယ်မှာလျှင် အာနာပါနတရား ကို ပွါးများအားထုတ်လို့ရမှာလဲ၊ ဒီတော့ နီဝရဏတရားတွေ ဟာ လိုင်းများပမာအမြဲသနေတယ်၊ ဒီနီဝရဏတရားတွေကိုမှ မပိတ်နိုင်ရင် အာနာပါနတရားကို ပွါးများလို့မရပါ။

ဒီနီဝရဏတရားတွေကို ပိတ်ဆို့နိုင်အောင်လို့ ဘုရားရှင်က "အရညဂတောဝါ ရုက္ခမူလဂတောဝါ သုညာဂါရဂတောဝါ" လို့ဟောကြားလာတာပါ၊ ဒီတော့ဒီ ၃-ချက်ကို သဘာဝနဲ့ ခွဲပြအုံးမယ်၊ ဒီတော့ တောအရပ်သို့ကပ်၍ရင်း ဆိုတာမှာ တောအရပ်သို့ သွားနိုင်တာဟာ ဘယ်သဘာဝနဲ့ဘဲဖြစ်ဖြစ် စိတ်ခတ်ရင့်သန်ပြီးလာမှတောအရပ်သို့ သွားလို့ရတယ်၊ ဒီတော့ တောအရပ်ဆိုတာဟာ သူတော်ကောင်းတွေ မွေ့လျော်ပျော် မွေ့တဲ့နေရာပါ၊ ဒီတော့လောကီသူတော်ကောင်း၊ လောကုတ္တရာ သူတော်ကောင်းတွေ ပျော်မွေ့ရာဌာနပါ၊ ဘုရားရဟန္တာတွေမှာ

၇-ပါးသော သတိပဋ္ဌာန်တရားတွေ ရှိနေတဲ့အတွက်ကြောင့် ဆိတ်ငြိမ်တဲ့နေရာမှာသာ ပျော်မွေ့ကြပါတယ်။

ဒီတော့ ဘုရားရှင်တို့မှာ ဆိတ်ငြိမ်တဲ့ဓာတ်တွေ ရှိနေသည့် အတွက် ဆိတ်ငြိမ်တဲ့နေရာသာ အလိုရှိကြပါတယ်၊ ဒီတော့ရှေ့ ဘုရားရှင်တွေဖြစ်ကြတဲ့ ဒီပင်္ကရာမြတ်စွာဘုရားဟာ ရဟန္တာ ၇၀၀၀၀နဲ့ ပဌမသန္နိပါတ်ဖွင့်တယ်၊ မင်္ဂလဘုရားရှင်ကျတော့ ရဟန္တာ ၉၀၀၀၀ နဲ့ ပဌမ သန္နိပါတ် ဖွင့်လာတယ်၊ ဘယ်လောက်များရဟန္တာများသလဲ၊ဒီရဟန္တာတွေဟာ တောထဲမှာဘဲ နေကြပါတယ်၊ ဒီတော့နိက္ခမဓာတ်ကြီးပေါက်လာရင်ဘဲ တောတောင်အရပ်မှာသာ ပျော်မွေ့ကြတော့တယ်၊ ဒီတော့ပဌမဆုံး ဆိတ်ငြိမ်တာဟာ တောအရပ်ပါ၊ တောအရပ်သို့ထွက်နိုင်လားရင် ငြင့်သန်သော စိတ်ဓာတ်တွေရှိနေပြီ၊ အဲဒါနောက်ဆံမတင်း တော့ပါ။

နောက်တခါ သစ်ပင်ရင်းသို့ကပ်၍ရင်း ဆိုတာက သစ်ပင် ရင်းသို့ကပ်ပြီး ဒီသစ်ပင်ရင်းကိုဘဲ ကမ္မဋ္ဌာန်းကျောင်းအဖြစ်နဲ့ ကပ်ရပြန်တယ်၊ အဲဒါဟာလဲဘဲ ဒီသစ်ပင်ကိုဘဲ စွဲပြီးတော့နေ တတ်ပြန်တယ် သတိထားပါ၊ ဒီတော့ တောအရပ်သို့မကပ်နိုင် ရင်သစ်ပင်ရင်းသို့ ကပ်လိုက်ပါ၊ သို့သော် ဒီသစ်ပင်ရင်းဟာလဲ သိပ်ပြီးမဆိတ်ငြိမ်ပါ၊ အဲဒါလူသံသူသံတွေ မကြားရသော်လဲ ကျေးငှက်တွေဟာ ဒီသစ်ပင်မှာ လာအိပ်ကြတယ်၊ ပျော်မြူး တွန်ကြူးကြတယ်၊ ဒါကြောင့် တောအရပ်လောက်တော့မဆိတ် ငြိမ်ပါ၊ ဒါပေမဲ့ တောအရပ်သို့မကပ်နိုင်ရင်ဘဲ ဒီသစ်ပင်ရင်းသို့ ကပ်ရမယ်၊ ဒီတော့ ပဌမက တောသို့ကပ်ပါ၊ ဒါမှမကပ်နိုင်ရင် ဒုတိယ သစ်ပင်ရင်းသို့ကပ်ပါ နောက်တတိယကျတော့မှ ကမ္မဋ္ဌာန်းတိုက်သို့ကပ်ပြီးတော့ အားထုတ်ရင်လဲရပါတယ်။

ဒီတော့ လယ်တီတောရဆရာတော်ဘုရားကြီးက ဇာတ်နိပါတ် ဇာတ်တော်ကြီးတွေမှာ မင်းကောင်းမင်းမြတ်တွေ တရားအား ထုတ်တဲ့အခါမှာ ပဌမ ပြာသာဒ်ထက်သို့တက်ပြီး အားထုတ် တယ်၊ ဒုတိယ ဉယျာဉ်တော်သို့ထွက်ပြီး အားထုတ်တယ်၊တတိယ ကျမှ တောထဲထွက်ပြီး အားထုတ်ကြတယ်၊ ဒီသဘာဝတွေကို မှီးပြီးတော့ အိမ်မှာတရားအားထုတ်ရင်လဲ ရပါတယ်လို့ အမိန့် ရှိခဲ့ဘူးပါတယ်၊ ဒီတော့ အခု ဘယ်သူ့မျက်နှာကိုမှ မထောက်ဘဲ တရားအတိုင်း ပြောရရင် အဲဒါ အိမ်မှာ တရားအားထုတ်လို့ ရမလား၊ ဒီအိမ်ဟာ တရားအားထုတ်ဖို့ဆောက်ထားတာလား၊ မဟုတ်ပါ၊ အဲဒါ သားသမီးမယားတွေနဲ့ စီးပွားဉစ္စာရှာဖွေမလို့ ဆောက်ထားတာဘဲ မဟုတ်လား၊ ယခုပြောနေတာဟာ တကဲ့ လုပ်ငန်းစဉ်အနေနဲ့ ပြောနေတာပါ။

ဒါပေမဲ့ ဈာန်တရားတွေကို ရအောင်မဟုတ်ဘဲ၊ ရုပ်တရား နာမ်တရား မဂ်တရား ဖိုလ်တရားတွေကို ရအောင်လို့သာ ဒီအိမ် မှာ အားထုတ်တာပါလို့ဆိုရင် တော်ပါသေးတယ်၊ ဈာန်တရား တွေ ရအောင်ဆိုရင် အိမ်မှာအားထုတ်လို့ မရပါ၊ ဒါဟာ နယ်လှည့်မွေကထိက ပုဂ္ဂိုလ်တွေအတွက် ဟောလိုက်တာပါ၊ ဒီတော့ "အရညဂတောဝါ ရုက္ခမူလဂတောဝါ သုညာဂါရ ဂတောဝါ" ဆိုတဲ့ ဒီ ၃-ချက်ကို သဘာဝတွေပေါ်လာအောင် လို့ ပြောပြလိုက်တာပါ၊ ဒီတော့ အခု ရုပ်နာမ်တရားကိုလိုချင်လို့ အိမ်မှာအားထုတ်တာပါဆိုရင် ရနိုင်ပါတယ်၊ အခု ပြောလိုက် တာက "မယားနေစ ကြောင်သေမှ" လို့ဆိုသလို ပဌမ အား ထုတ်တဲ့အခါမှာ ပြတ်ပြတ်သတ်သတ် အားထုတ်ဖို့ပါ နောက် တော့မှ ဘယ်မှာဘဲအားထုတ်အားထုတ် ရသွားပါပြီ။

ဒီတော့ ပဌမ အားထုတ်တဲ့အခါမှာ ပြတ်သားဘို့အရေးကြီးပါတယ်၊ ဒီတော့ "အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ" ဆိုတဲ့ ဒီ ၃-ချက်မှာ တခုခုကို ကပ်ပြီးတော့ "နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ" လို့ ပြလာတဲ့အတိုင်း ဒီတော့ ခန္ဓာကိုယ်ကြီးကို ပလ္လင်ဖွဲ့ထိုင်ရမယ်၊ အဲဒါ ပုဆင်တုပ်၍ဖြစ်စေ တင်ပလ္လင်ခွေ၍ဖြစ်စေ ကိုယ်နှစ်သက်သလို ထိုင်ရမယ်၊ ဒါကတချက်၊ နောက်တခါ ခန္ဓာကိုယ်ကြီးကို ဖြောင့်မတ်စွာထားရမယ်၊ ဒါက ထွက်လေ ဝင်လေတို့ ကောင်းမွန်စွာဝင်ထွက်သွားလာနိုင်အောင်လို့ပါ၊ ဒါက တချက်၊ နောက်တချက်က လက်ခြေတို့ကို မိမိထိုင်တဲ့အချိန်မခေ့ခြင်း လက်နှစ်ဖက်ကိုယှက်ပြီး ငြိမ်သက်စွာထားရမယ်၊ မလှုပ်မယှက်ရပါ ဒါက ပါဠိတော်ကလာတဲ့ အင်္ဂါ ၃-ချက် (ဝါ) ထိ ၃-ချက်ပါ။

ဒီတော့ လက်နှစ်ဖက်ကို ယှက်ပြီးထားခြင်းဟာ အဲဒါသညာဝိညာဏ်က ခိုင်းသော်လဲ ဘာကိုမှမလုပ်ဘဲနဲ့ ကိုယ်ထားတဲ့အတိုင်းဘဲ "နင်မျောက်လို မဆော့နဲ့၊ လူသေကောင်လို ငြိမ်ငြိမ်နေ" ဆိုပြီး ထားရမယ်၊ အဲဒါ ခြေလက်တို့ကို ငြိမ်အောင်ဟာ ၁၅-ရက်လောက် အလေ့အကျင့်ယူရပါသေးတယ်၊ ဒီ ထိ ၃-ချက်နဲ့ ညီရမယ်၊ အဲဒါပါဠိတော်က လာတဲ့အတိုင်း ညီအောင်ထိုင်ရမယ်၊ အဲဒါနိမိတ်မရမခြင်း ပဌမ အားထုတ်တဲ့အခါမှာ ဒီအတိုင်း အားထုတ်ရမယ်၊ နိမိတ်ရပြီးတဲ့သူများကျတော့ အိပ်ယာထဲမှာ ပက်လက်လှန်ပြီး အားထုတ်လို့ရှိရင်လဲ ရသွားပြီ။

ဒီတော့ ပဌမအားထုတ်တဲ့အခါမှာ သက်သာရာကိုမလိုက်ပါနဲ့၊ အင်္ဂါ ၃-ချက်နဲ့ညီအောင်အားထုတ်ပါ၊ (ဥပမာ) စီးပွားရေး

ရှာတဲ့အခါမှာ အဆင်းရဲအပင်ပန်းခံပြီး ရှာရသလို တရားရှာတဲ့အခါမှာလဲ အဆင်းရဲအပင်ပန်းခံပြီး ရှာရမယ်၊ သက်သာခံပြီးရှာနေရင် ဘယ်မှာဟုတ်တော့မှာလဲ။ အဲဒါနိမိတ်တွေမပေါ်သေးသမျှ တခုသောနေရာမှာ အရိုးကြေကြေ အရေခန်းခန်းအားထုတ်ရမယ်၊ နိမိတ်တွေပေါ်လာမှ အိပ်ရာထဲမှာ ပက်လက်လှန်ပြီးအားထုတ်ရင်လဲ ရသွားပြီ၊ ဒီတော့အခုပြောလိုက်တာက ပိဋကတ်တော်ကလာတဲ့ ထိ ၃-ချက် (ဝါ) အင်္ဂါ ၃-ချက်ပါ။

နောက် ဆရာတော်တို့ကို တရားပေးတဲ့ဆရာကြီးတွေက ထပ်ပြီးဘော့ပေးလာပြန်တယ်၊ အဲဒါ အားထုတ်တဲ့အချိန်လဲ မှန်ရမယ်၊ နောက်တရားပွါးများ အားထုတ်တဲ့နေရာလဲ မှန်ရမယ်၊ (ဝါ) မြဲရမယ်-လို့ ထပ်ပြီးပေးလာတယ်၊ ဒီတော့ အာနာပါန တရားဟာ သုတ္တန်ကြောင်း တရားလို့ဟုတ်ပါ၊ တရားမပေါက်မခြင်းအားထုတ်ရတာဖြစ်ခြင်းကြောင့် နေရာမြဲတာဟာ သဲအရေးကြီးပါတယ်၊ ဒီအင်္ဂါ ၂ချက်ကိုထည့်ထားရခြင်းဟာလဲ ဆန့်ကျင်ဘက်ဖြစ်တဲ့ နီဝရဏတရားတို့ကို တားဆီးနိုင်တယ်၊ ဘေးအန္တရာယ်တွေကိုလဲ တားဆီးနိုင်ပါတယ်၊ ဒီတော့မိမိတို့ရဲ့ မျက်စေ့အမြင်နဲ့ ကြည့်လို့သာ ငါတယောက်သဲ တရားအားထုတ်နေတယ်လို့ ထင်ရတယ်၊ အဲဒါဒိဗ္ဗစက္ခုနဲ့ ကြည့်လိုက်ရင်ဘဲ၊ သူ့အခစောင့်အခြောက်တွေနဲ့ သူနေရာဘိုင်းမှာပြည့်နေဘာဘဲ၊ အဲဒါ ဘယ်နေရာမဆိုပြည့်နေတာဘဲ။

ဒါဟာ သမထကိုအားထုတ်ရင် ဒီသဘာဝတွေကို တွေ့လာဘော့တာဘဲ ဒီတော့ အာနာပါနတရားကို အားထုတ်ရင် အဲဒါ အနှောက်အယှက်တွေနဲ့ တွေ့ရတော့မယ်၊ ဘာကြောင့်လဲ၊ အဲဒါ

အာနာပါနတရားပေါက်သွားရင်သူတို့ထက်ဘုန်းတန်ခိုးတွေကြီးပြီးသူတို့ကို ခေါ်နိုင် ခိုင်းနိုင်တဲ့ တန်ခိုးသတ္တိတွေ ရသွားမှာစိုးလို့ သူတို့ကလာပြီးနှောက်ယှက်ကြတာပါ၊ အဲဒီလိုအနှောက်အယှက်တွေကလွတ်အောင်လို့ အချိန်မှန်ရမယ်၊ နေရာမြဲရမယ်လို့ ပြလာတာပါ၊ အဲဒါကမ္မဋ္ဌာန်းတရားကို အားထုတ်တဲ့အခါမှာ စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်ကြီးတွေက အာရုံယူပြီးစောင့်ရှောက်နေတာဖြစ်ခြင်းကြောင့် ဒီလို ထိ ၂-ချက်ကိုထပ်ပြီး ထည့်ထားတာပါ။

နောက်အာနာပါနတရားကို ပွါးများအားထုတ်တဲ့အခါမှာ ကမ္မဋ္ဌါနာစရိယလဲရှိရမယ်၊ဒီတော့တက်ကြွတဲ့စိတ်ရှိတဲ့ပုဂ္ဂိုလ်တွေ ဘရားအားထုတ်ရင် အနှောက်အယှက်နဲ့ အမြန်ဆုံးတွေ့တတ်ပါတယ်၊ ဒါကြောင့် အာနာပါနတရားကို အားထုတ်ရင် ကမ္မဋ္ဌာန်းပေးတဲ့ဆရာထံကပ်ပြီးတော့ အားထုတ်ရမယ်၊ ဒါမှအနှောက်အယှက်တွေက ကင်းလွတ်နိုင်တယ်၊ ဒီတော့ ဂိုဏ်းသမားတွေကိုလဲ ရှေ့ကျတော့ခွဲပြပါအုံးမယ်၊ ဒီတော့ အာနာပါနတရားကို အားထုတ်ရင် အင်္ဂါ ၅-ချက် ( ဝါ ) ထိ ၅-ချက်နဲ့ ပြည့်စုံရမယ်၊ နှားလည်ရင် ပဋ္ဌမတံခါးကို ဖွင့်ရတော့မယ်၊ ဒါဖြင့်အာနာပါနဘရားတော်ကို ဘယ်လိုပွါးမလဲဆိုတော့ "သော သတောဝ အဿသတိ၊ သော သတောဝ ပဿသတိ"လို့ ဟောကြားထားတဲ့အတိုင်း ဒါကိုလုပ်ငန်းစဉ်အနေနဲ့ ပေးရတော့မယ်။

ဒီတော့ ဘုရားရှင်က အာနာပါနတရားကို အားထုတ်တဲ့အခါမှာ ပဌမ "သော သတောဝ အဿသတိ၊ သောသတောဝ ပဿသတိ" လို့ ဟောကြားလာတယ်၊ ဒါကို သဘာဝထုတ်ပြမယ်၊ ဒီတော့ ထွက်တဲ့လေနဲ့ ဝင်တဲ့လေဟာ သဘာဝချင်း မတူ

ကြပါ၊ ဒီတော့ ထွက်တဲ့လေလေးထွက်လာတဲ့အခါမှာ ချက်တိုင် ပရိပါစက မီးခါတ်ကနေစပြီး ကမ္မဇဝါယောလေး ဖြစ်ပြီး တက်လာတယ်၊နှလုံးအိမ် ဥသမမီးဓာတ်လဲရောက်လာရော စိတ္တဇ ဝါယောခါတ်နဲ့ ပေါင်းပြီး တက်လာပြန်တယ်၊ ငယ်ထိပ် ဥဏှောက်ကျတော့ သန္တပ္ပနမီးဓာတ်မှာ အာဟာရဇ ဝါယော ဓာတ်နဲ့ ပေါင်းပြီး တက်လာပြန်တယ်၊ နောက်ဆုံးနှာသီးဖျားနဲ့ နှုတ်ခမ်းဖျားအရပ် ဥဟာမီးဓာတ်လဲ ရောက်လာရော ဥတုဇ ဝါယောဓာတ်ဖြစ်ပြီး ဒီလေဓာတ်လေးဟာ ချုပ်သွားတယ်။

ဒီတော့ ထွက်တဲ့လေလေးမှာကို အကြောင်းတရား၄-ပါးဟာ ပါလာပြီ၊ နောက်တခါ ဝင်တဲ့လေကျတော့လဲ ဝင်တဲ့လေလေး ဟာ နှာသီးဖျားနဲ့ နှုတ်ခမ်းဖျားအရပ်မှာ ဥဟာမီးဓာတ်နဲ့ အဲဒါ ဥတုအကြောင်း ပထဝီဓာတ်လေးကနေစပြီး ဝင်လာတယ်၊ နောက် ငယ်ထိပ်ဥဏှောက်ကျတော့ သန္တပ္ပနမီးခာတ်နဲ့ ပေါင်း ပြီး အာဟာရဇ အာပေါဖြစ်ပြီး ဝင်လာတယ်၊ နောက် နှလုံး အိမ်ကျတော့ ဥသမမီးဓာတ်နဲ့ ပေါင်းပြီး စိတ္တဇဝါယောဓာတ် ဖြစ်ပြီး ဝင်လာတယ်၊ နောက်ဆုံး ချက်တိုင်လဲ ရောက်လာရော ပရိပါစကမီးဓာတ်နဲ့ ပေါင်းပြီးတော့ အဲဒါ ကမ္မဇတေဇော ဓာတ်ဖြစ်ပြီး ဒီဝင်တဲ့လေလေးဟာ ချုပ်သွားတော့တယ်။

ဒီတော့ ဝင်တဲ့လေကျတော့ ဥတုအကြောင်းကစပြီး ပါလာ တယ်၊ ဒါက ရုပ်ဓာတ်လေးတွေ ပါလာတယ်၊ အဲဒါ ပထဝီ, အာပေါ, ဝါယော, တေဇော ဓာတ် ၄-ပါးဟာ ပါလာတယ်၊ ထွက်တဲ့လေကျတော့ အကြောင်းတရား ၄-ပါး ပါလာခြင်း ကြောင့် နာမ်သဘာဝလေးဟာ ပါလာတယ်၊ ဒီသဘာဝတွေကို

နားလည်ရမယ်၊ ဒီသဘာဝတွေ တခုနဲ့တခု ဆက်စပ်လာတဲ့ အခါမှာ ရုပ်တရားနာမ်တရားတွေ ဖြစ်လာတော့မယ်၊ ဒီသဘာဝ တွေကိုတွေ့လာမှ သဘာဝရုပ်နာမ်လေးတွေကို တွေ့လာမယ်၊ ကိုယ်သညာဝိညာဏ်က လုပ်ကြံတဲ့ ရုပ်တရားနာမ်တရားကျတော့ အဲဒါ တန်ဘိုးမရှိပါ။

ဒီတော့ ဝင်တဲ့လေဟာ ဥတုဇပထဝီကစပြီး ဝင်လာတယ်၊ နောက်ဆုံး ချက်တိုင်ရောက်တော့ ကမ္မဇတေဇောဓာတ်ဖြစ်ပြီး ဝင်တဲ့လေလေးဟာ ချုပ်သွားတယ်၊ ထွက်တဲ့လေကျတော့လဲ ပဌမ ချက်တိုင်ကစပြီး ကမ္မဇဝါယောဓာတ်နဲ့အတူ ထွက်လာ တာဟာ အဲဒါ နှာသီးဖျားနဲ့ နှုတ်ခမ်းဖျားလဲ ရောက်လာရော ဥတုဇဝါယောဓာတ်ဖြစ်ပြီးချုပ်သွားတယ်၊ ဒီတော့ အာနာပါန ကို ပဌမ အားထုတ်တဲ့အခါမှာ ဒီအတိုင်းသာလျှင် တွေ့မြင်ပါ သေးတယ်၊ ဒီတော့ ဒီသဘာဝတွေကို တိုက်စစ်လာတဲ့အခါမှာမှ ပရမတ်ရုပ်နာမ်ကို လာတွေ့မယ်၊ ဒါမှ တန်ဘိုးရှိမယ်၊ ဒါကြောင့် အားထုတ်တဲ့ကခါမှာ (ကျောက်စောင်းကထက်၊လုံမွေ့ညက်ကို၊ တချက်တည်းဟတ်၊ ငွေငြိလတ်သို့၊ အတူမကွာ၊ အောင်ပန်းတွေ ဖြာနိုင်ကြပါစေဟု ) ရှေ့ကတရားပိုင်တဲ့ပုဂ္ဂိုလ်ကြီးတွေရေးသား သွားပါတယ်။

အဲဒါဟာ ဥပမာ တောတောင်ထဲမှာနေကြတဲ့ ပုဂ္ဂိုလ်တွေ ဟာ မီးကိုလိုချင်တော့ အဲဒါ ကျောက်–ကျောက်ချင်းဖြစ်စေ၊ ဝါးခြမ်း ၂-ခြမ်းကို အကြောခြင်းဖြစ်စေ ပွတ်ခတ်ပြီး မီးဖြစ်စေ သလို ယခုလဲဘဲ ဒီ အာနာပါနတရားကြီးကို တက်လာကတဲကဘဲ အဿသတိ၊ ပဿသတိလို့ ပြလာပါတယ်၊ ဒီ ထွက်တဲ့လေနဲ့ ဝင်တဲ့လေလဲ ခတ်လိုက်ရော ရုပ်တရားဟာ ဒီသဘာဝပါလား၊

နာမ်တရားဟာ ဒီသဘာဝပါလားဆိုတာကို အားသုတ်လာတဲ့ ပုဂ္ဂိုလ်ဟာ သိလာတော့တယ်၊ ဒီတော့ ဒီလိုမှမဟုတ်ဘဲနဲ့ ကိုယ့်သညာဝိညာဏ်က လုပ်ကြံနေတဲ့ ရုပ်နာမ်တွေဆိုရင် ဘယ်မှာ ဟုတ်တော့မှာလဲ၊ ဒီကနေ အာနာပါန ရုပ်နာမ်ကို ရှာဆိုရင်ဘဲ အဲဒါ သင်္ဂြိုဟ်ကျမ်းကပြထားတဲ့ ရုပ်နာမ်ကိုသာ ရှာတော့မယ်၊ ဒါဟာ ဘယ်မှာဟုတ်တော့မှာလဲ။

ဒီတော့ ထွက်လေ ဝင်လေမှာ ဝင်တဲ့လေမှာ ဓာတ် ၄-ပါး ဖြစ်တဲ့ ရုပ်ဓာတ်တွေ ပါလာတယ်၊ ထွက်တဲ့လေကျတော့ အကြောင်းတရား ၄-ပါးဖြစ်တဲ့ နာမ်ဓာတ်လေးတွေပါလာတယ်၊ ဒီသဘာဝတွေကို နားလည်ထားပါ၊ ဒါမှ မိမိဖမ်းဘဲ့တံခါးမှာ ဒီသဘာဝတွေ ခတ်လာတဲ့အခါမှာ ဘယ်သဘာဝက ရုပ်သဘော၊ ဘယ်သဘာဝက နာမ်သဘော ဆိုတာကို သိလာတော့မယ်၊ ဒီတော့ အခု မြန်မာနိုင်ငံတော်မှာ ပေါ်ထွက်နေတဲ့ အာနာပါန တရားတွေဟာ သဘာဝလေဓာတ်ကနေပြီးတော့ ရုပ်နာမ်ပေါ် အောင် မရှာတတ်ကြသေးပါ၊ အဲဒါ သညာဝိညာဏ် ရုပ်နာမ် သာလျှင် ကူးနေကြသေးတယ်၊ ဒီတော့ လယ်တီဆရာတော် ဘုရားကြီးတောင်မှ အာနာပါနလေဓာတ်ကနေပြီး ရုပ်နာမ်ကို အတိအကျမသိသေးပါ၊ ဒီ ရုပ်နာမ်ကို အတိအကျအသေအချာ သိရင် ပြဒါးချုပ်သတ် မီးလုပ်ရပ်မှာ ပေါက်မဲ့ပုဂ္ဂိုလ်မှတ်ပါလို့ အာနာပါနပေါက်တဲ့ လယ်တီဆရာတော်ဘုရားကြီး အမိန့်ရှိဘူး ပါတယ်။

ဒါဟာ ဘယ်လောက်သေချာတဲ့စကားလဲ၊ အဲဒါ အာနာပါနတရားကို ပေါက်ရောက်တဲ့ လယ်တီဆရာတော်ဘုရားကြီး တောင်မှ ဒီသဘာဝလေဓာတ်ကနေပြီး ထွက်လာတဲ့ရုပ်နာမ်

တရားကို အသေအချာတောင်မှ မတွေ့သွားပါဘဲနဲ့ အခု နောက်ပုဂ္ဂိုလ်တွေက တွေ့တယ်မြင်တယ်လို့ ချနေတာ ဘယ်မှာ ဟုတ်တော့မှာလဲ၊ အဲဒါ သညာဝိညာဏ်က လုပ်ကြံတဲ့ ရုပ်နာမ် တရားတွေကိုသာ တွေ့ပြီး ဒါနဲ့ဘဲ အချိန်တွေကုန်နေကြတာဘဲ မဟုတ်သလား။

ဒီတော့ ဘာသာရေး မှိုင်းမိနေကြတဲ့ ပုဂ္ဂိုလ်တွေကို တရား ဟောပြောရဘာဟာ အင်မတန်မှ ခက်ခဲပါတယ်၊ ဒီတော့ သဘာဝရုပ်နာမ်ကို ထုတ်ပြပါဆိုရင်ဘဲ အဲဒါ အခက်အခဲနဲ့ တိုးနေပြီဘဲ မဟုတ်လား၊ အခု ဆရာတော်တို့က သဘာဝရုပ် နာမ်ကို ဖွင့်ပြသွားပါမယ်၊ ကိုင်း....ဒါဖြင့်ရင် (ဥပမာ) ဒါဘာလို ခေါ်သလဲလို့ မေးရင် အဲဒါ လဘက်ရေပုဂံခေါ်တယ်လို့ ပြော မယ်၊ ဒါဟာ နာမပညတ်ဘဲ မဟုတ်လား၊ ဒီတော့ နာမပညတ်ကို (၁) ပရမတ်ထောက်ခံတဲ့ နာမပညတ်၊ (၂) ပရမတ်မထောက် ခံတဲ့ နာမပညတ်ဆိုပြီး ၂-မျိုးခွဲလိုက်ပါ။

ဒီတော့ ပရမတ်ထောက်ခံတဲ့ နာမပညတ်ဟာ (ဥပမာ) လဘက်ရေပုဂံကို ကြည့်လိုက်ရင် အဆင်းနဲ့အကြည် ၂-ပါးဆုံ လိုက်တဲ့အခါမှာ သညာဝိညာဏ်တို့က ဒီလဘက်ရေပုဂံမှာကို သညာအမှတ်လေးချလိုက်တယ်၊ ဒီတော့အဆင်းရိပ်မှာကို နာမ ပညတ်လေးဟာရှိနေတယ်၊ ဒါကြောင့်ဘယ်သူကဘဲ ခေါ်ခေါ် အမည်အမျိုးမျိုး မထွက်တော့ဘဲ လဘက်ရေပုဂံဆိုတဲ့ အမည် တခုထဲထွက်လာတာဘဲမဟုတ်လား၊ ဒါက ပရမတ်ထောက်ခံတဲ့ နာမပညတ်ပါ၊ ဒါဟာ အဆင်းပရမတ်လေးထောက်ခံနေတယ်၊ ဒီလိုထောက်ခံတဲ့အတွက် အဆင်းနဲ့အကြည်ဆုံလိုက်တဲ့ အခါမှာ အဆင်းလေးကိုဘဲ အဲဒါ လဘက်ရေပုဂံဆိုပြီးတော့ သွားဆွဲတာ

ဘဲမဟုတ်လား၊ ဒီတော့ထောက်ခံတဲ့ပရမတ်ရှိမှ နာမပညတ်ဟာ ပေါ်လာတယ်။

ထောက်ခံတဲ့ပရမတ်မှမရှိရင် နာမပညတ်ဟာ အတိအကျ အနေနဲ့မပေါ်ပါ (ဥပမာ) ခလေးမရှိတဲ့ပုဂ္ဂိုလ်က အဲဒါခလေး ပါးပြီး ကင်ပွန်းတတ်သလို ဖြစ်နေမှာဘဲမဟုတ်လား၊ အဲဒါ ထောက်ခံတဲ့ ပရမတ်မှ မရှိရင် နာမပညတ်ဟာ ချလို့မရပါ၊ ဒီတော့ ဝဒန္တနဲ့သုနန္တ ပုဂ္ဂိုလ်တွေရှိပြီးတော့ ခါတ် ၄-ပါး ခါတ် ၈-ပါးအရိပ်ဖြစ်တဲ့ ပစ္စုပ္ပန်အရိပ်သားလေးမှာကို သညာ အမှတ်လေးချလိုက်မှ နာမပညတ်ဟာ မပျောက်ပျက်တော့ဘဲ အစဉ်အဆက် ပါသွားတော့မယ်၊ ဒီတော့ထောက်ခံတဲ့ပရမတ်မှ မရှိရင် အဲဒါ ပျောက်ပျက်သွားမှာဘဲ မဟုတ်လား၊ အခုလာဘက် ရေပုံဆိုရင်တဲ့ အဆင်းပရမတ် ထောက်ခံထားလို့ ဘယ်သူက ဘဲခေါ်ခေါ် မကွဲပြားဘဲ တူနေတာပါ။

ဒီလိုထောက်ခံတဲ့ ပရမတ်ရှိတဲ့ နာမပညတ်ကိုချေမှ ပရမတ် ရုပ်နာမ်ကိုတွေ့မယ်၊ ဒီနာမပညတ်မျိုးကို လိုက်ရမယ်၊ ဒီလိုမှ မဟုတ်ဘဲနဲ့ ပရမတ်မထောက်ခံတဲ့ နာမပညတ်ကိုလိုက်နေရင် ပရမတ်ရုပ်နာမ် မထွက်တော့ပါ၊ ပရမတ်မထောက်ခံတဲ့ နာမ ပညတ်ကျတော့ သုနန္တနဲ့ဝဒန္တပုဂ္ဂိုလ် အတိတ်နဲ့အနာဂတ် သာ သွားဆဲ့တဲ့သဘောကိုခေါ်တယ်၊ (ဥပမာ) မိုးကောင်း ကင်ကြီးမှာ ကိုယ်ရဲ့စိတ်ဝိညာဏ်နဲ့ ပန်းချီမှုတွေရေးဆွဲလိုက်ပါ၊ ရေးဆွဲပြီး မြင်ရဲ့လားလို့ သူများကိုမေးရင် မြင်မလား မမြင်ပါ၊ ကိုယ်ရေးတဲ့ဟာ ကိုယ်ဘဲသိမှာဘဲမဟုတ်လား၊ သူများကမမြင် ရပါ၊ ဒါဟာထောက်ခံတဲ့ပရမတ် မရှိလို့ပါ၊ ဒါဟာ ပစ္စုပ္ပန် မထောက်ခံတဲ့ပညတ်တွေပါ၊ (ဝါ) အတိတ်အနာဂတ် ပေါ် နေတဲ့ပညတ်တွေပါ။

ဒီပညတ်တွေဟာ ထောက်ခံတဲ့ပရမတ်မရှိတဲ့အတွက် သညာ ဝိညာဏ်လုပ်ကြံတဲ့ ပညတ်တွေပါ၊ အဲဒါအတိတ်ကို သညာက ဆွဲပြီး အနာဂတ်ကို ဝိညာဏ်ကလုပ်ကြံနေတယ်၊ ဒီလိုကြံပြီးတော့ ဖြစ်နေတဲ့ပညတ်တွေဟာ ထောက်ခံတဲ့ပရမတ်မရှိပါ၊ အဲဒီလို နာမပညတ်ကို ၂-မျိုးခွဲလိုက်ပါ၊ ခွဲပြီးတော့မှ "သော သတော၀ အဿသတိ၊ သတော၀ ပဿသတိ" လို့ပြလာတဲ့အတိုင်း ထွက်လေဝင်လေကို မှတ်လာရင် နာမပညတ်လေးဟာ ပေါ်လာတယ်၊ ဒါဟာ ပရမတ်ထောက်ခံတဲ့ပညတ်၊ ပရမတ်မထောက်ခံတဲ့ပညတ်ဆိုတာကို ခွဲပြသွားပါမယ်။

# ညဟောစဉ်။

"တိက္ခ ဟာသ၊ ဇဝန ဂမ္ဘီ၊ ဉာဏ်လေးလီဖြင့်၊ အခွံကိုခွါ၊ အကာကိုရှား၊ အသားကိုချေ၊ အနှစ်ကိုတွေ့နိုင်မှ၊ သဘာဝ အနတ္တဉာဏ်ထင်မြင်နိုင်သည်၏ အဖြစ်ကိုငုံး" လို့ တရားပိုင် ခွတ်ပိုင်တဲ့ပုဂ္ဂိုလ်ကြီးတွေ အမိန့်ရှိခဲ့သည့်အတိုင်း အာနာပါန လုပ်ငန်းစဉ်ကိုပင် တကဲ့ကို လုပ်ငန်းစဉ်အနေနဲ့ ဝင်လာနိုင် အောင် မဟာသတိပဋ္ဌာန်ရုပ်နာမ်ပိုင်းဆိုပြီး ၁ လဖွင့်ပြခဲ့ပါပြီ၊ ဒီတော့ အခု အာနာပါနပဋ္ဌမတံခါးကို ဖွင့်ရပါတော့မယ်၊ ပဋ္ဌမ တံခါးဆိုတာဟာ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်ပါ၊ ဒါကို လုပ်ငန်းစဉ်ဖွင့်ရတော့မယ်၊ ဒီတော့ဘယ်လိုလုပ်မလဲ။

"ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ" လို့ ပဋ္ဌမ အမေးပြုလာတယ်၊ ဒီတော့ပဋ္ဌမတံခါးကို ဖွင့်လိုတဲ့ထိုပုဂ္ဂိုလ်ဟာ ပဋ္ဌမဘယ်လိုရှုရမလဲဆိုတာကို အမေးပြု လာတယ်၊ နောက်မှ "ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတောဝါ ရုက္ခမူလဂတောဝါ သုညာဂါရဂတောဝါ" ဆိုပြီးအဖြေထွက် လာတယ်၊ ကိုင်းဒီတော့ ထွက်သက် ဝင်သက်ကို ဘယ်လိုလုပ်ရ မလဲလို့မေးပြီး အဖြေထပ်ပြလာတယ်၊ ဒီတော့အားထုတ်လိုတဲ့ ပုဂ္ဂိုလ်ဟာ တောအရပ်သို့သော်၎င်း၊ သစ်ပင်ရင်းသို့သော်၎င်း၊ ဆိတ်ငြိမ်ရာ ကမ္မဋ္ဌာန်းကျောင်းတိုက်သို့သော်၎င်း ကပ်ရမယ်လို့ ပြလာတယ်။

ဒီတော့ အာနာပါနတရားကို အားထုတ်ရင် ပဋ္ဌမတော အရပ်သို့သော်၎င်း ကပ်ရမယ်၊ ဒုတိယ သစ်ပင်ရင်းသို့သော်၎င်း ကပ်ရမယ်၊ တတိယကျမှ ဆိတ်ငြိမ်ရာ ကမ္မဋ္ဌာန်းကျောင်းတိုက်

သို့သော်ငြားရင်း ကပ်ရမယ်တဲ့။ ဒီတော့ လုပ်ငန်းစဉ်အနေနဲ့ဘဲ မေး ပါမယ်၊ ဒီ ၃-ချက်မှာ တခုခုကိုကပ်မလားလို့ မေးရင် ဘယ်လို ပြောမလဲ၊ အဲဒါဆိုတော့ငြိမ်ရာကမ္မဋ္ဌာန်းကျောင်းတိုက်သို့ဘဲ ကပ် မယ်ဆိုပါစို့၊ ဒါဖြင့်ဘယ်တော့လာပြီး အားထုတ်မလဲဆိုရင် အဲဒါ မပြောနိုင်ကြသေးပါ၊ ဒီတော့ အားမထုတ်နိုင်သေးရင် အဲဒါဆုသာတောင်းနေကြပေအုံးတော့။

ဒီတော့ အာနာပါနလုပ်ငန်းစဉ်မှာ တော တောင် သစ်ပင် ကမ္မဋ္ဌာန်း ကျောင်းတိုက်တခုခုကို ကပ်ပါဆိုတာဟာ ပိဋကတ် တော်က ရွေးချယ်လာတဲ့နေရာဋ္ဌာနပါ၊ ဒီတော့ တောအရပ်သို့ ကပ်တယ်ဆိုတာနဲ့ နိက္ခမဓာတ်တွေဟာကပ်လာပြီ၊ အဲဒါဥဒယဗ္ဗ ယဉာဏ်ကြီးကို တွေးတောဆင်ချင်ပြီး ပျက်သဘောကို တွေ့ပြီး တော့ ငါတို့ဟာ ဒီတရားကိုအားထုတ်တော့မှ သံသရာကလွတ် မြောက်တော့မယ်ဆိုတဲ့ နိက္ခမဓာတ်ကြီးဟာပေါ်လာမှတောသို့ ကပ်နိုင်တယ်၊ ဒီတော့ ဥဒယဗ္ဗယဉာဏ်ကြီးကို တကယ်မြင်ရင် အပျက်သဘောကြီးကိုတွေ့ပြီး၊ နိက္ခမဓာတ်ကြီးဟာ ပေါ်လာ တော့တယ်၊ ဒါဟာလဲနေပက္ကမ ပညာကြီးတွေ ရှိလာမှ တော တောင်သို့ထက်လို့ရပါတယ်၊ ဒါဟာ တကဲ့ရုပ်တရား နာမ်တရား တွေ့ကို မတွေ့သော်လဲဘဲ တခုခုသောနိက္ခမဓာတ်က ပို့ပေးလိုက် တာပါ။

ဒီတော့ တောတောင်တွေပေါ် တက်ဘယ်ဆိုရင်ဘဲ ဘယ်လို အကျိုးတွေ ဖြစ်လာသလဲ၊ အာရုံ ၆-ပါးတွေနဲ့ မတွေ့ရတော့ ပါ၊ ဒီလို အာရုံတွေဟာ ချုပ်ပြီးသွားရင်ဘဲ ဘာဝနာတရား ဟာလဲ ရင့်သန်လာတယ်၊ နိက္ခမဓာတ်ကလဲ ရင့်သန်လာတယ်၊ နောက်တခါ သစ်ပင်ရင်းသို့ ကပ်ရှိသော်ငြားရင်း၊ နောက် ဆိတ်

ငြိမ်ရာ ကမ္မဋ္ဌာန်းတိုက်သို့ ကပ်၍သော်၎င်းလို့ ပြလာတဲ့နေရာတွေကိုလဲ ကပ်ပြီး အားထုတ်လို့ ရပါတယ်၊ ဒီ ၃-ခုမှာ တခုခုကို ကပ်ရမယ်၊ ကပ်ပြီးတော့ "နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ." လို့ ဟောကြားလာတဲ့အတိုင်း အားထုတ်ရမယ်။

ဒီတော့ နေရာတခုခုကို ကပ်ပြီးတော့ ငါဖြင့်ရင် အာနာပါနတရားကို အရိုးကြေကြေ အရေခန်းခန်း ပွားများတော့မယ် ဆိုပြီးတော့....

(၁) မိမိရဲ့ခန္ဓာကိုယ်ကို ပလ္လင်ဖွဲ့ (ဝါ) ထက်ဝက်ဖွဲ့ပြီး ထိုင်ပါ၊ အဲဒါ ပုဆစ်တုပ်၍ဖြစ်စေ, တင်ပလ္လင်ခွေ၍ဖြစ်စေ ထိုင်တာကိုခေါ်တယ်၊ ဒါက တချက်။

(၂) နောက်တခါ မိမိ၌ခန္ဓာကိုယ်ကြီးကို ဖြောင့်မတ်စွာ ထားရမယ်၊ ဒါက တချက်။

(၃) နောက်တခါ မိမိရဲ့ခြေပေါ်ကို လက်နှစ်ဖက်ကို ယှက်၍ဖြစ်စေ, ထပ်၍ဖြစ်စေ တင်ထားရမယ်၊ လက်နှစ်ဖက်ကို ထပ် သည့် အခါ မှာ ညာ ဘက် လက် က အပေါ်က ထားရမယ်။

အဲဒါ ဒီလိုအာနာပါနကို ပွားများသော အချိန်မစေ့မခြင်း လက်ခြေတို့ကို မလှုပ်မယှက် ငြိမ်သက်စွာထားရမယ်၊ ဒီလို ထိ ၃-ချက် (ဝါ) အင်္ဂါ ၃-ချက်နဲ့ ညီအောင် အားထုတ်ရမယ်၊ နိမိတ် မရမခြင်း အားထုတ်ရမယ်။

ဒီတော့ ခန္ဓာကိုယ်ကို ဖြောင့်မတ်စွာ ထားခြင်းဟာ မိမိဟာ ဘာဝနာတရားကို နိမိတ်မပေါ်မခြင်း၊ အားထုတ်ရမှာဖြစ်ခြင်းကြောင့် အညောင်းအညာ အကိုက်အခဲတွေ မဖြစ်ဘဲ ထွက်တဲ့လေနဲ့ ဝင်တဲ့လေဟာ ဖြောင့်မတ်စွာ ဝင်ထွက်သွားလာနိုင်အောင်လို့ ထားရခြင်း ဖြစ်ပါတယ်၊ ဒီတော့ လက် ၂-ဖက်ကို ယှက်ပြီးတော့ဘဲထားထား၊ ထပ်ပြီးတော့ဘဲထားထား၊ လက်ျာလက်က အပေါ်ကထားပြီးထပ်ရမယ်၊ အဲဒီလိုထားပြီး အာနာပါနကို အားထုတ်တဲ့အခါမှာ ခန္ဓာကိုယ်ကြီးကိုလဲ တရားပိုင်ခေတ်ပိုင်တဲ့ ပုဂ္ဂိုလ်ကြီးများထံ လှူဒါန်းရမယ်၊ အဲဒါဘာဘဲလုပ်လုပ် မလှုပ်မယှက်ဘဲ ထားရမယ်၊ ဒီတော့ တရားပိုင်ခေတ်ပိုင် ပုဂ္ဂိုလ်ကြီးများထံ အပ်နှံထားရမယ်၊ ဒီ အင်္ဂါ ၃-ချက် အတိုင်း ထို အာနာပါနကို အားထုတ်ရမယ်။

ဒီတော့ မိမိရဲ့ ခန္ဓာကိုယ်ကြီးကိုအပ်ထားလိုက်ကထဲက "နေတံမမ၊ နေသော ဟမသ္မိ၊ နမေသော အတ္တာတိ" လို့ ဆိုတဲ့အတိုင်း ငါ ၃ ငါဟာ ပြုတ်ကျပြီး ကမ္မဋ္ဌာန်းဘာဝနာကို တတ်နိုင်သလောက် အချိန်နာရီဖြင့် မလျှော့သောအားလုံ့လဖြင့် အားထုတ်လာရမယ်၊ ကိုင်း....အာနာပါနတရားကို အားထုတ်ဘတ်ပြီသား၊ ဒီ အင်္ဂါ ၃-ချက်ဟာ (ဝါ) ထိ ၃-ချက်ဟာ ဘုရားရှင်ရဲ့ အလိုတော်ကျဖြစ်တဲ့ အင်္ဂါ ၃-ချက် (ဝါ) ထိ ၃-ချက်လို့ မှတ်လိုက်ပါ၊ (ဝါ) မဟာသတိပဋ္ဌာန်ပါဠိတော်မှာ ဟောကြားထားတဲ့ ထိ ၃ ချက်ပါ၊ နောက်တခါ ဆရာတော်တို့ကို တရားပေးတဲ့ ဆရာကြီးတွေက ထပ်ပြီးတော့ ပေးလာပြန်တယ်၊ (၁) အချိန်မှန်ရမယ်၊ (၂) နေရာမြဲရမယ်ဆိုပြီး အင်္ဂါ ၂-ချက် (ဝါ) ထိ ၂-ချက်ထပ်ပြီးထည့်ထားတယ်။

ဒီတော့ မိမိဟာ အာနာပါနတရားကို ည ၉-နာရီအချိန် မှန်မှန်ဘုရားရှေ့မှာထိုင်ပြီး အားထုတ်တယ်ဆိုရင်နောက်နေ့တွေ နောက်နေ့တွေလဲ ၉ နာရီအချိန်မှန်မှန် ဘုရားရှေ့မိမိထိုင်နေကျ နေရာမှာဘဲ ထိုင်ပြီးအားထုတ်ရမယ်၊ ဘာ့ကြောင့်သဲဆိုတော့ တရားပိုင်တဲ့ပုဂ္ဂိုလ်ကြီးတွေက အာရုံယူပြီး စောင့်ရှောက်ပေးတဲ့ အခါမှာ အနှောက်အယှက်တွေ ကင်းရှင်းအောင်လို့ ဒီ ၂-ချက် ကိုထည့်ထားရတာပါ၊ ဒီတော့ ထိ ၅-ချက် (ဝါ) အင်္ဂါ ၅ ချက်ဖြစ်သွားပြီ၊ ဒီ ထိ ၅ ချက်နဲ့ညီအောင် အားထုတ်ပါ၊ ကိုင်း ဒီသဘာဝတွေကို နောက်တုံးကလဲ နာယူလာခဲ့ကြဘဲ အဘွက် နားလည်လောက်ပါပြီ။

ကိုင်းနားလည်ရင် ရှေ့ကိုတက်မယ်၊ ဒီတော့ ထိ ၅-ချက်နဲ့ ညီအောင် အာနာပါနတရားကို အားထုတ်ပြီဆိုပါစို့၊ ဒီတော့ ထွက်တဲ့လေလေးထွက်သွားရင် ထွက်သွားတယ်လို့မှတ်၊ ဝင်တဲ့ လေလေးဝင်သွားရင် ဝင်သွားတယ်လို့မှတ်လာရမယ်၊ အဲဒါ ထွက်တယ် ဝင်တယ်, ထွက်ဘယ် ဝင်တယ်လို့မှတ်နေရမယ်၊ ဒါဟာ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်မှာ မှတ်နေရမယ်၊ ဝိသုဒ္ဓိမဂ်ကြီးက ၁-၂-၃-၄-ဆိုပြီး ၁၀-ထိအောင် မှတ်ရမယ် ဆိုပြီးပြလာပါတယ်၊ ဒါဟာ လောကီအာနာပါန ဖြစ်ခြင်း ကြောင့် ဒီဘက်ကို မလိုက်ပါနဲ့၊ ဒါကစျာန်လမ်းဘက်ကိုသွား တာပါ၊ ယခုကိုယ်က ရုပ်တရားနာမ်တရား မဂ်ဖိုလ်တရားတွေကို လိုချင်လို့ အားထုတ်တာမဟုတ်လား၊ ဒီတော့ ရုပ်ဘရားနာမ် တရားကိုတွေ့ချင်လို့ အားထုတ်တာဖြစ်ခြင်းကြောင့် ထွက်ဘယ် ဝင်တယ်လို့သာမှတ်ရမယ်၊ ဒါဟာလဲကျမ်းဂန်နဲ့မလွဲပါ အဲဒါ "သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ"လို့ပြ လာတဲ့အတိုင်းပါဘဲ။

ဒီတော့ရုပ်တရားနာမ်တရားကိုလိုချင်လို့ သညာအမှတ်လေး မြဲအောင် မှတ်တာဖြစ်ခြင်းကြောင့် ထွက်တယ် ဝင်တယ်လို့ မှတ်တာနဲ့ ဘဲရပါတယ်၊ ဒါဟာ အမှတ်မမြဲမခြင်းမှတ်ရမယ်၊ မိမိကလဲ အမှတ်မြဲ, မမြဲကိုမှတ်ထားရမယ်၊ အဲဒါနာရီဝက်လောက်မှာကို ငါရဲ့အမှတ်ဟာ ဘယ်လောက်လွတ်သလဲ၊ ဒီလိုလွတ်နေသေးရင် အမှတ်ဟာမမြဲသေးပါ၊ ဒီတော့အမှတ်လွတ်တာဟာ ဘေးက အသံတွေကြောင့် အမှတ်လွတ်တာလဲရှိတယ်၊ နောက်ပြီးသညာ ဝိညာဏ်ဟာ သိမ်မွေ့တဲ့အတွက် တည်ငြိမ်ဖို့ဟာ မလွယ်ကူပါ အဲဒါ သညာဝိညာဏ်က အတိတ်အနာဂတ်တွေကို တွေးကြံပြီး အမှတ်လွတ်တာလဲရှိတယ်။

ဒီတော့ ဘေးက အသံတွေကြောင့် အမှတ်လွတ်တာကိုမဆိုလိုပါ အဲဒါဘေးက အနှောက်အယှက်အသံတွေမရှိဘဲနဲ့ သညာဝိညာဏ်တို့ဟာ ဒီထွက်လေ ဝင်လေမှာ မရပ်တည်ဘဲ အဲဒါ သညာက အတိတ်ကိုဆွဲတယ်၊ ဝိညာဏ်က အနာဂတ်ကိုတွေးကြံနေတယ်၊ အဲဒီလိုအမှတ်လွတ်တာမျိုးကျတော့ အမှတ်မမြဲသေးဘူးလို့ယူလိုက်ပါ၊ ဒီတော့ သညာကအတိတ်ကိုမဆွဲရင် ဝိညာဏ်ကလဲ အနာဂတ်ကို မကြံစည်တော့ပါ၊ အဲဒါသက်သာလာပြီ၊ အဲဒီလိုသညာဝိညာဏ်တို့က အာရုံတွေကို မဆွဲရင် မတွေးကြံရင် သညာအမှတ်လေးဟာ မြဲလာတော့တာဘဲ။

ဒီတော့ သညာဝိညာဏ်ကို သတိတည်းဟူသော ကြိုးနဲ့တုပ်ပြီး နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်မှာ သညာအမှတ်လေးနဲ့ ချည်ထားရမယ်၊ ဒါကို ဝိသုဒ္ဓိမဂ်ကြီးက နွားငယ်လေးကို ကြိုးနဲ့ချည်တိုင်မှာ ချည်ထားတဲ့ဥပမာကို ပြလာပါတယ်၊ ဒီတော့ ဒီလိုချည်နှောင်ထားလို့ သညာဝိညာဏ်ဟာ အတိတ်

အနာဂတ်ကိုမဆွဲရင် အဲဒါ အမှတ်မြဲလာပြီ၊ အနှောက်အယှက် ဖြစ်တဲ့ ဘေးကအသံတွေမရှိဘဲနဲ့ သညာဝိညာဏ်ကို သတိတည်း ဟူသောကြိုးနဲ့ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်မှာကို သညာ အမှတ်ဖြင့် ချည်ထားတဲ့အခါမှာ မသိသေးဘဲ အတိတ်အနာဂတ် ကို တွေးကြံနေသေးရင် အမှတ်မမြဲသေးပါ၊ အဲဒါ အတိတ် အနာဂတ်ကိုမှ မတွေးကြံတော့ရင် အမှတ်ဟာမြဲနေပြီ။

ဒီတော့ နာရီဝက်လောက်နဲ့ အာနာပါနကို အားထုတ်လို့ မရပါ၊ ဒီတော့ အမှတ်မြဲရုံနဲ့လဲ နာမပညတ်ဟာ မထင်သေးပါ၊ (ဝါ)မပေါ်သေးပါ၊ ဒီတော့ အမှတ်မြဲရင် နာမပညတ်ဟာ ထင်လာရမယ်၊ ဘယ်လိုထင်သလဲ၊ ထင်လာရင်ဘဲ ၁-နာရီခွဲ ၂-နာရီလောက်ထိအောင် အားထုတ်လာရတော့မယ်၊ ဒီတော့ အမှတ်မြဲရုံတွင်မကတော့ဘဲ ဝိညာဏ်ထဲမှာထင်လာတာကျတော့ အဲဒါကို သတိလို့ခေါ်တယ်၊ ထင်ပုံကိုပြမယ်၊ (ဥပမာ) ဆရာ တော်တို့ စာပေပရိယတ်ကို သင်လာတဲ့အခါမှာ သဒ္ဒါသင်္ဂြိုဟ် ဘို့ကို အာဂုံဆောင်သာရတယ်၊ ဒါဟာ ပဌမ စာကျက်ခါစက တော့ ရသော်လဲ နောက် စာပြန်တဲ့အခါမှာ ပြန်လို့မရပါ၊ မေ့မေ့နေတယ်၊ ဒီတော့ ဒီစာကို အကြိမ်ကြိမ်အဖန်ဖန် ကျက် မှတ်လုပ်လာရတယ်၊ ဒါဟာ သညာအမှတ်တွေမြဲအောင် လုပ်နေ တာဘဲ မဟုတ်လား၊ ဒီတော့မှ သညာအမှတ်လေးဟာ အကြည် ဓာတ်မှာကို ထင်လာတော့တယ်၊ ဒီလိုထင်လာမှ ဝိညာဏ်ကြီးက အကြည်ဓာတ်မှာထင်နေတဲ့ သညာအမှတ်ကို လာဆွဲတော့တယ်၊ ဒီတော့ အမှတ်လေးတွေများအောင်လုပ်ပြီးတော့ အကြည်ရိပ်ဘဲ ဝင်တယ်၊ ဒီတော့မှ အကြည်ရိပ်ထဲကနေ ဝိညာဏ်က ယူလာ တယ်၊ အဲဒီအခါကျတော့မှ စာတွေကို မမေ့တော့ဘဲ ဘယ်နေ

ရာကနေ ရွတ်ရွတ်၊ ရွတ်လို့ရလာပြီ၊ မမေ့တော့ပါ၊ ဒါက လုပ်ငန်းစဉ်အနေနဲ့ ပြောလိုက်တာပါ။

ဒါကို အတိုနည်းနဲ့ အမျိုးသမီးကြီးတွေကို နားလည်အောင် ပြောရလို့ရှိရင် အဲဒါ သညာအမှတ်လေးမြဲလာရင် ဝိညာဏ်ထဲကို ဝင်ရတော့မယ်၊ ဒီလိုလဲ ဝိညာဏ်ထဲမှာလဲ ထင်လာရော ဒီသညာဟာ ဝိညာဏ်ရိပ်မှာသာ ထင်အောင်လုပ်ပေးပြီး ဒီသညာဟာ အသက်မရှိတော့ဘဲ ဒီသညာက ပညတ်ရိပ်တွေကို ဖန်ဆင်းလာတော့မယ်၊ ဒါဟာ ဆရာတော်တို့ ဘာကာယအားထုတ်ပြီး မြင်ခတ့သလို့ ယခုလို အတိအကျနဲ့ ပြောဟောနေတာပါ၊ ဒီတော့ ဝိညာဏ်မှာလဲ ထင်လာရော ဒီသညာလေးဟာ ပညတ်ကို မှတ်တဲ့ ပညတ်သဘော သညာလေးဖြစ်သွားပြီ၊ ဝိညာဏ်ရိပ်မှာ ထင်နေတာကျတော့ သတိဖြစ်လာပြီ၊ ဒီသညာလေးက အဲဒါ ပညတ်ရိပ်ဖြစ်လာမယ်၊ ဒီ သညာလေးက ပညတ်ရိပ်အနေနဲ့ ပေါ်ပေးရမယ်၊ ဒါဖြင့် ဘယ်လိုပေါ်သလဲ၊ အဲဒါ နာမပညတ်လေး ပေါ်လာမယ်။

ဒီတော့ နာမပညတ်လေးဟာ ၅-ပါးသော အကြည်ရိပ်တွေမှာ ထင်တော့မယ်ဆိုတော့ လျှပ်စစ်မျှားလက်သလို လက်လာတော့တယ်၊ ဒီလိုလဲဖြစ်လာရော အကြည်ရိပ် ၅-ပါးမှာ နာမပညတ်လေးဟာ ပေါ်လာတော့မယ်၊ ဒါကို သေသေချာချာ ပြောပြမယ် ဒီတော့ အခု မျက်စေ့အကြည်ရိပ်မှာ ပဌမ ထင်လာမယ်၊ နား, နှာခေါင်း, လျှာ, ကိုယ်စသည် အကြည်ရိပ်တွေမှာ ထင်လို့မရသေးပါ၊ ဘာ့ကြောင့်လဲဆိုတော့ ပရိကမ္မနိမိတ်နုနယ်သေးလို့မဆွဲနိုင်သေးတာပါ၊ အဲဒါ မျက်စေ့အကြည်ရိပ်မှာသာ နာမပညတ်လေးဟာ အရင်ထင်ရသေးတာပါ၊ အဲဒါ

အဖြူဝိုင်းလေးပမာ, အနီဝိုင်းလေးပမာ, ကြယ်ပွင့်ကြယ်ရောင်လေးပမာ ပေါ်လာတယ်။

ဒါဟာ မမြဲသေးပါ၊ ဘာ့ကြောင့်လဲ၊ ၅-ပါးသောပသာဒတွေက မဆွဲသေးတဲ့ အတွက်ကြောင့် မမြဲသေးတာပါ၊ အဲဒါပေါ်လိုက် ပျောက်လိုက်နဲ့ ဖြစ်နေသေးတယ်၊ ဒီပညတ်ရိပ်တွေဟာ သညာလေးပါ၊ ဒီသညာလေးကနေ ပေါ်လာတာကို နိမိတ်ပေါ်တယ်လို့ခေါ်တယ်၊ ဒီသညာလေးကနေ သတိလေးကို ဝိညာဏ်ရိပ်ထဲသွင်းပြီး ဒီသညာလေးဟာ ဇာတ်သိမ်းသော်လဲ့ ပညတ်ရိပ်အနေနဲ့ ကျန်နေသေးတယ်၊ ဒါဟာ ပရိကမ္မနိမိတ်နုနယ်သေးတဲ့အတွက် ၅-ပါးသော အကြည်ဓာတ်တွေထဲဝင်လို့ မရသေးပါ၊ မျက်စေ့အကြည်လေးမှာသာ အဖြူဝိုင်းပမာ, ကြယ်ပွင့်ကြယ်ရောင်ပမာ ပေါ်နေတော့တယ်။

ဒီတော့ ထွက်လေနဲ့ဝင်လေဟာ ဘယ်ကိုရောက်သွားသလဲ၊ ယခုပြောလိုက်တာက အားထုတ်တတ်အောင်လို့ ပြောနေတာပါ၊ ဒီတော့ ထွက်သေဝင်လေကို မှတ်တဲ့အခါမှာ သညာလဲပါတယ်၊ ဝိညာဏ်လဲပါတယ်၊ အဲဒါ ပစ္စုပ္ပန်အရိပ်မှာ သတိလေးဟာ ပါလာတယ်၊ ဒီတော့ ထွက်တဲ့လေနဲ့ဝင်တဲ့လေဟာ ဘာဖြစ်သွားသလဲ၊ ဒီတော့ ထွက်တဲ့လေဟာ ချက်တိုင်ကနေပြီး ထွက်လာတာဟာ ကမ္မဇဝါယောဓာတ်နဲ့အတူ ထွက်လာတယ်၊ နှလုံးအိမ်ကျတော့ စိတ္တဇဝါယောဖြစ်လာတယ်၊ ဥဏောက်ကျတော့ အာဟာရဇဝါယောဖြစ်လာတယ်၊ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားရောက်လာတော့ ဥတုဇဝါယောဖြစ်ပြီး ချုပ်သွားတယ်၊ အဲဒါ ထွက်တဲ့လေမှာ အကြောင်းတရား ၄-ပါး ပါလာတယ်။

ဝင်တဲ့လေကျဘော့လဲ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်က ဥတုဇပထဝီကနေစပြီးဝင်လာတယ်၊ ဥဏ္ဏောက်ကျတော့ အာဟာရဇ အာပေါ်ဓာတ် ဖြစ်လာတယ်၊ နှလုံးအိမ်ကျတော့ စိတ္တဇ ဝါယောဓာတ် ဖြစ်လာတယ်၊ ချက်တိုင်ကျတော့ ကမ္မဇတေဇော ဖြစ်ပြီး ချုပ်သွားတယ်၊ ဒါက သီတတေဇောဘက်ကနေပြီး ချုပ်သွားတယ်၊ ဝင်တဲ့လေမှာက ရုပ်ဓာတ်ပြဋ္ဌာန်းပြီး ထွက်တဲ့လေမှာက နာမ်ဓာတ်ပြဋ္ဌာန်းတယ်၊ ဒီတော့ ထွက်လေနဲ့ ဝင်လေမှာကို ရုပ်နဲ့နာမ်သဘောလေးဟာ ပါလာတယ်၊ ဒီလို ထွက်လေနဲ့ဝင်လေလေးမှတ်လို့ အမှတ်လဲမြဲပြီ၊ နိမိတ်လဲမြဲပြီ၊ နောက်ဝိညာဏ်ရိပ်မှာလဲ သတိလေးထင်လာရော ဒီထွက်လေ့ဝင်လေဟာ ဒီသတိလေးမှာ ရုပ်နာမ်ရဲ့ ဗျာပါရလေးဟာ ကပ်ပါသွားပြီ၊ ဒါဟာ မထင်ရှားသေးပါ၊ သညာလေးသေမှ ထင်ရှားလာမယ်၊ ဒီတော့ ဒီသညာသေမှ ရုပ်တရားနာမ်တရားဟာ ပေါ်လာတော့မယ်၊ ဒီတော့မှ ထင်ရှားလာတော့မယ်။

ကိုင်း.... သာဓုသာ ခေါ်ကြပါတော့

သာဓု....သာဓု....သာဓု။

**ဝါခေါင်လဆုတ် ၁၁-ရက် နေ့ဟောစဉ်**

# ပုံစံနံပါတ် (၁၈)

ဒီတော့ နာမပညတ် ၂-မျိုးရှိကြောင်းကိုကြို ပြီး ဒရှ့ကပြော ထားလိုက်ပါပြီ၊ ဒါမှနားလည်လာမယ်၊ အခုသာသနာတော် ကြီးမှာ အာနာပါနတရားခေတ်ကြီးတွေဟာ တက်လာပါပြီ၊ ဒီတော့ ဓမ္မစကြာတရားတော်, အနတ္တလက္ခဏာသုတ်တရားတော်, မဟာသတိပဋ္ဌာန်တရားတော်, ဝိသာခါနုဿယာမ တရားတော်, အာနာပါနတရားတော်ကြီးတွေကိုအရင်က မနာကြားဘူးရသေး ပါ၊ ယခုဓမ္မစကြာပဋိပတ် သာသနာ့ပြုရိပ်သာကြီးက ဟောကြား လို့ နာကြားလာကြရပြီမဟုတ်လား၊ အရင်ဘုန်းကတော့ ဆရာ တော်ကြီးတွေကလဲ အာနာပါနတရားတော်ကို လုပ်ငန်းစဉ် ပေးသော်လဲ အာနာပါနတရားဟာ အင်မတန်မှ ကျယ်ဝန်းတဲ့ အတွက် အကျဉ်းနည်းဖြင့်သာ လုပ်ငန်းစဉ်ပေးကြရတယ်။

အခုမှ တရားပိုင်ခေတ်ပိုင်တဲ့ ဆရာတော်ကြီးတွေရဲ့ အမိန့် အတိုင်း အချိန်ကာလရောက်လာလို့ မီးခေတ်တွေနဲ့တကွ လုပ် ငန်းစဉ်ဖွင့်ပြလာရပြီ၊ ကိုင်းအာနာပါနလုပ်ငန်းစဉ်ကို ထိ-ခု- ချက်နဲ့ညီအောင်ထိုင်ပြီ၊ထွက်လေ ဝင်လေ ၂-ပါးကို ထွက်တိုင်း ဝင်တိုင်း သညာရဲ့အမှတ်ဖြင့်ရင် နှုတ်ခမ်းဖျားနဲ့ နှာသီးဖျား အရပ်မှာ အမှတ်ပြုသာတဲ့ ပုဂ္ဂိုလ်ဟာ ဝိသုဒ္ဓိမဂ်ကြီးက ဟောက် ယက်ခတ်နေသောနွားကိုကြိုးနဲ့ချည်ပြီး ချည်တိုင်မှာ ချည်ထား သလိုဘဲလို့ ဥပမာ ပြလာတယ်၊ ဒီတော့ ထွက်လေ ဝင်လေ ၂-ပါးတို့ရဲ့ ထိခိုက်ရာဖြစ်တဲ့ နှုတ်ခမ်းဖျားအရပ်နဲ့ နှာသီးဖျား

အရုပ်မှာ သညာအမှတ်ဖြင့်ရင် စိတ်ဝိညာဏ်ကို မြဲမြဲမြန်စွာ ချည်နှောင်ရမယ် (ဝါ) အမြဲမှတ်နေရမယ်။

စိတ်ကို ဘယ်ကိုမှ မထွက်စေနဲ့၊ ထွက်တယ် ဝင်တယ်ဆိုတာကိုဘဲ အမြဲအမှတ်လေးပြုနေရမယ်၊ ဒီတော့ သညာဆိုတာက အတိတ်အာရုံကို အမြဲတန်းဆွဲကိုင်တယ်၊ ဒါက နာမပညတ်သဘောပါ၊ ဝိညာဏ်ကျတော့ အနာဂတ်အာရုံကို အမြဲဆွဲကိုင်တယ်၊ ဒါက သဏ္ဌာနပညတ်ပါ၊ ဒါဟာ သညာဝိညာဏ်ရဲ့ သဘောပါ၊ ဒီလိုအတိတ်အာရုံ့ အနာဂတ်အာရုံနောက်ကို ပြေးသွားနေတာကို ကိုယ်ကကြပ်ကြပ်သတိထားပြီး နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်မှာ မှတ်လာလို့ နာရီဝက်လောက် မှတ်လာရင် အဲဒါအမှတ်လေးဟာမြဲလာပြီ၊ ဒီတော့ နာရီဝက်လောက်ဆိုတာဟာ ဟင်းဆားမြီးသလောက်သာ ရှိပါသေးတယ်၊ ဆရာတော်တို့ကျတော့ (၁) နာရီခလောက်တောင်မှ အလုပ်လို့တောင် မစဉ်းစားသေးပါ အလုပ်ကိုလုပ်လာမှလဲ ရတယ်။

ဒီတော့ "သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ" လို့ပြလာတဲ့အတိုင်း ပဋ္ဌမအားထုတ်ရမယ်၊ ဒီတော့ သမ္မာဟ အဋ္ဌကထာကြီးက ပြလာတဲ့အတိုင်း အနိစ္စကိုမမြင်အောင်၊ ဒုက္ခကိုမမြင်အောင်၊ အနတ္တတရားကို မမြင်အောင် ဘယ်သဘာဝတွေ ဖုံးထားသလဲဆိုတာကို ပြလာတဲ့အခါမှာ အနိစ္စတရားကိုမမြင်အောင် ဘာက ဖုံးလွှမ်းထားသလဲ ဆိုတော့ "အနိစ္စလက္ခဏံ တာဝ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္တတိယာ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ" အဲဒါ ရုပ်နာမ်အစဉ်တွေက ဖုံးလွှမ်းထားတယ်၊ ကမ္မဇရုပ်တွေမှာလဲ အစဉ်လေးအနေနဲ့ ဖြစ်နေကြတယ်၊ ချုပ်တဲ့ရုပ်တွေကချုပ်, ဖြစ်ပေါ်တဲ့ရုပ်တွေက

ဖြစ်ပေါ်နေကြတယ်၊ အဲဒီလိုသန္တတိအစဉ်ရှိနေလို့ အနိစ္စတရားကို မမြင်တာပါလို့ ပြလာတယ်။

ဒီတော့ အခုရနေတဲ့ ခန္ဓာကောင်ကြီးဟာ အကြောင်းတရား လေးပါးကြောင့် ဖြစ်နေတာပါ၊ ဒါဟာ အမိဝမ်းထဲကစပြီး ရုပ်တွေဟာ မြစ်ရေအယဉ်ကြီးပမာ၊ သဲချောင်းကြီးပမာ ဆီမီးလျှံပမာ ဖြစ်တဲ့ရုပ်တွေကဖြစ်၊ ပျက်တဲ့ရုပ်တွေက ပျက်နေကြတယ်၊ အဲဒါ သန္တတိအစဉ်ကြီးလို ဖြစ်နေတယ်၊ ဒါကြောင့် အနိစ္စတရားကို မမြင်တာပါ၊ ဒီတော့ အနိစ္စတရားကိုမြင်အောင် ဒီဆက်စပ်နေတဲ့သန္တတိကို ဖြတ်ပစ်ရမယ်၊ နောက် ဒုက္ခတရားကို မမြင်အောင် ဘယ်တရားတွေ ဖုံးလွှမ်းထားသလဲဆိုတော့ 'ဒုက္ခလက္ခဏံ အဘိဏှသမ္ပဋိပီဠနဿ အမနသိကာရာ ဣရိယာပထေဟိ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ" လို့ ပြသာတဲ့အတိုင်း ဒုက္ခတရားကို မမြင်တာဟာ ဣရိယာပုထ်လေးပါးက ဖုံးလွှမ်းသားတယ်။

ဒီတော့ ထိုင်တဲ့အခါမှာ ညောင်းညာလာရင် တဖက်သို့ ပြောင်းပြီး ထိုင်လာပြန်တယ်၊ ထိုင်လို့ညောင်းလာရင် ထပြီး လမ်းလျှောက်ပြန်တယ် အိပ်ပြန်တယ်၊ ဒီတော့ ခန္ဓာကိုယ်ကြီးက ဒုက္ခတရားတွေထွက်လာသော်လဲ ဒီဒုက္ခကိုမမြင်အောင် ဣရိယာပုထ်တွေက လိုက်ပြီးဖုံးလွှမ်းထားတယ်၊ တခုသောဣရိယာပုထ်က တခုသောဣရိယာပုထ်ကို လိုက်ပြောင်းပြီး ဒုက္ခတရားကို ငြိမ်းစေတယ်၊ မပြောင်းရွှေ့ဘဲနေရင် ဒုက္ခတရားကို မြင်လာတော့မယ်၊ ဒီတော့ ဒုက္ခတရားကိုမြင်အောင် "ဣရိယာပထံ ဝိကောပေတွာ ဒုက္ခံ ပညာယတိ" လို့ပြလာတဲ့အတိုင်း ဒုက္ခတရားကို မြင်အောင် ဣရိယာပုထ်ကို ဖျက်ဆီးပစ်ရမယ်။

နောက်တခါ အနတ္တတရားကို မမြင်တာဟာ ဘယ်တရားတွေ ဖုံးလွှမ်းထားသလဲဆိုရင် "အနတ္တလက္ခဏံ နာနာဓာတုဝိနိဗ္ဘောဂဿ အမနသိကာရာ ဃနေန ပဋိစ္ဆန္နတ္တာ နဥပဋ္ဌာတိ" လို့ ပြလာတယ်၊ အဲဒါ ဃနကြီးခံနေတယ်၊ ဒီလို ဃနကြီးခံနေလို့ အတ္တကြီးထွက်ပြီး နာမနဲ့ သဏ္ဍာနပညတ် ၂-ပါး ထွက်ပြီးပေါ်နေတာ ဖြစ်ခြင်းကြောင့် အနတ္တတရားကိုမထင်တာပါ၊ ဒီ အနတ္တတရားကိုထင်အောင် ဒီ ဃနကြီးကို ချေမှုန်းပစ်ရမယ် အနတ္တတရားဟာ သုဉ်းဆိတ်တဲ့တရားပါ၊ အတ္တက မသုဉ်းဆိတ်တဲ့တရားပါ၊ ဒါကြောင့် အနတ္တတရားကို ထင်အောင် ဃနကြီးကိုချေရမယ်၊ ဒါတွေကို ဖျက်ဆီးပစ်လိုက်မှ လက္ခဏာယာဉ် ၃-ပါး ထင်လာမယ်။

ကိုင်း....ထွက်လေဝင်လေကို နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်မှာထားပြီး သညာရဲ့ အမှတ်နဲ့ မှတ်လာတဲ့ အခါမှာ ဒီသညာဝိညာဏ်ကို မလွှတ်အောင် သတိထားပြီး မှတ်ပါများလာရင် အမှတ်လေးဟာမြဲလာပြီ၊ ဒါဟာ နာရီဝက်လောက် အားထုတ်လာရင်ဘဲ မြဲလာပြီ၊ ဒီတော့ နာရီဝက်လောက်နဲ့ ညောင်ညာလာရင် အမှတ်ဟာ မမြဲသေးပါ၊ အဲဒါ နာရီဝက်လောက်မှာကို ညောင်းညာလာရင် ထိုင်တာဟာ မဟုတ်သေးပါ၊ ဒီတော့ ထိုင်တတ်အောင်ဟာလဲ အလေ့အကျင့်လေး လုပ်ပေးရပါတယ်၊ အဲဒါ အောက်က အခင်းတခုခုခင်းပြီးထိုင်ပါ၊ ဒီတော့ နာရီဝက်, တနာရီမှာကို အညောင်းအညာတွေမရှိရင် အမှတ်လေးဟာ မြဲလာတာဘဲ၊ ဒီတော့ စိတ်ဝိညာဏ်ဟာ ဘယ်လောက်တောင် သိမ်မွေ့သလဲ၊ ဘေးကအသံတခုခု ကြားလိုက်ရင်ဘဲ အမှတ်လေးဟာ ပျက်သွားတာဘဲ၊ ဒီလိုပျက်တာမျိုးကို မဆို

လိုပါ၊ ဘေးကဝိသဘာဂအာရုံတွေ မရှိဘဲနဲ့ အတိတ်အနာဂတ်ကို ထွက်ဆွဲနေသေးရင် အမှတ်ဟာ မမြဲသေးပါ။

ဒီလိုအတိတ်အာရုံ၊ အနာဂတ်အာရုံတွေကို မဆွဲတော့မှ အမှတ်ဟာမြဲလာပြီ၊ ဒီတော့ညကဟောတဲ့ တရားကိုပြန်ကိုင်လိုက်ပါ၊ ဒီတော့သညာရဲ့အမှတ်ဟာ ဝိညာဏ်ရိပ်ထဲကို ဝင်သွားရတယ်၊ အဲဒါသတိလေးအနေနဲ့ ဝင်လာဘယ်၊ သတိပဋ္ဌာန်တရားဆိုဘာဟာ ဒီနေရာမှာ သတိလေးဟာ ပါလာပြီ၊ သညာကို သတိလို့ ဟောလို့မရပါ၊ ဝိပ္ပလ္လာသတရားထဲမှာ သညာလေးဟာ လူကြီးလုပ်နေဘာဘဲ၊ ဒီတော့သညာကို ဘယ်မှာသတိလို့ လုပ်လို့ရမှာလဲ၊ ဒီတော့ သတိကို သညာလို့ချထားကထဲက ဘယ်မှာ ဟုတ်တော့မှာလဲ၊ ကိုင်းသညာရဲ့အမှတ်လေး မြဲလာကထဲက ဝိညာဏ်ရိပ်ထဲကို ဝင်သွားတယ်၊ သညာအနေနဲ့ မဝင်နိုင်ပါ၊ သတိအနေနဲ့သာ ဝင်လို့ရပါတယ်။

ထို့ကြောင့် မဟာသတိပဋ္ဌာန်တရားတော်မှာ "ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ အနိဿိတောစ ဝိဟရတိ၊ နစ ကိဉ္စိ လောကေ ဥပါဒိယတိ" လို့ပြလာပါဘယ်၊ ဒီတော့သတိလေးပေါ်လာမှ သညာလေးက ပညတ်ရိပ်ကို သွားဆွဲတာပါ၊ ဒါကို ဟိုနေ့ကဟောစဉ်မှာ လဘက်ရေပုဂံကို ရှေ့မှာချပြီးဟောကြားခဲ့ပါပြီ၊ ဒီတော့နှလုံးအိမ်ထဲမှာ သတိလေးဟာ အစဉ်ရှိနေတယ်၊ ဒီတော့အားထုတ်ဘဲ့ပုဂ္ဂိုလ်တွေမှာ အစဉ်ရှိနေတယ်၊ အားမထုတ်တဲ့သူတွေမှာသာ မရှိတာပါ၊ ကိုင်းဒီတော့ အမှတ်လေးမြဲလာရင်ဘဲ၊ ဝိညာဏ်ထဲဝင်သွားတာနဲ့ သတိသေးဖြစ်လာပြီ။

ဒီတော့ ဝိပ္ပလ္လာသဆိုတဲ့သညာလေးက ပညတ်ရိပ်အနေနဲ့ ကျန်နေသေးတယ်၊ အဲဒါသညာလေးက ပညတ်ရိပ်အနေနဲ့ ပြ

လာဘော့မယ်၊ ဒီတော့ နိမိတ်တွေအနေနဲ့ ပေါ်ရတော့မယ်၊ ဘယ်သူဘဲ အားထုတ်အားထုတ် ပေါ်လာမှာဘဲ၊ ပါရမီရှိလို့ မရှိလို့မဟုတ်ပါ၊ အားထုတ်နိုင်ရင်ပေါ်မှာဘဲ၊ ဒီတော့သညာ အမှတ်လေးလဲမြဲလာရော ဝိညာဏ်ရုပ်ထဲကို သတိလေးအနေနဲ့ ဝင်ပြီး သညာက ပညတ်ရုပ်အနေနဲ့ ကျန်နေတယ်၊ ဒီပညတ်ရုပ်လေးဟာ မျက်စေ့အကြည်လေးမှာကို လျှပ်စစ်မျှားပြွက်သလို ၁-ရက် ၂-ရက်လောက် ဖြစ်ပြီးတော့ နောက်တော့ မျက်စေ့အကြည်မှာကို အဖြူဝိုင်းပမာ, အနီဝိုင်းပမာ, ကြယ်ပွင့်ကြယ်ဆောင်လေးပမာ ထင်လာတော့တယ်၊ ဒါဟာသညာရဲ့အမွေဖြစ်တဲ့ ပညတ်ရုပ်လေးပါ။

ဒီနိမိတ်လေးဟာ မမြဲသေးပါ၊ဘာ့ကြောင့်လဲဆိုတော့ ၅ပါးသော အကြည်ဓာတ်တွေက မဆွဲနိုင်သေးလို့ပါ၊ အဲဒါတခါတလေတော့လဲ နီးလာလိုက်၊ တခါတလေတော့လဲဝေးသွားလိုက် ကြီးလိုက်၊ သေးလိုက်နဲ့အထက်ဘက်လိုက်၊ အောက်ဆင်းပြေးလိုက်၊ တခါတလေ ပျောက်သွားလိုက်နဲ့ ဖြစ်နေသေးတယ်။ ဒါဟာပရိကမ္မဘာဝနာ နုနယ်သေးလို့ပါ ဒီလိုထင်လာတဲ့ပညတ်ရုပ်တွေကို ရှုပ်နာမ်ကူးလို့ရမလား၊ ဒီပညတ်ရုပ်ဟာ ပရမတ်မထောက်ခံတဲ့ နာမပညတ်ရုပ်ထဲကို သွင်းရမယ်၊ ဒီပညတ်နိမိတ်တွေကို ရုပ်နာမ်ကူးမလား၊ မကူးရသေးပါ၊ ဘာ့ကြောင့်လဲ၊ ပရမတ်မထောက်ခံတဲ့ ပညတ်တွေမို့လို့ပါ၊ ဒါဟာ သညာဝိပ္ပလ္လာသတရားကဖြစ်လာတဲ့ နိမိတ်တွေဖြစ်ခြင်းကြောင့် သူ့မှာထောက်ခံတဲ့ပရမတ်မရှိပါ၊ ဒါကြောင့် ရုပ်နာမ်ကူးလို့ မရပါ။

အဲဒါ ဥပမာ ... ကောင်းကင်ပြင်မှာ – ရေပြင်မှာ စာတွေ ရေးသားဘဲ့အခါမှာ မိမိရေးတဲ့စာကို မိမိကသာသိပြီး သူများက

မသိသလိုဘဲ၊ အခုဟာ ထောက်ခံတဲ့ ပစ္စုပ္ပန်ပရမတ်မရှိလို့ပါ၊ အဲဒါ အတိတ်၊ အနာဂတ် ၂၊ခု ပေါင်းနေတာဘဲရှိတယ်၊ ပစ္စုပ္ပန်မှာ မချနိုင်တဲ့အတွက် ပရမတ်မထောက်ခံတဲ့ ပညတ်ပါ၊ ပစ္စုပ္ပန်အဆင်းလေးမှာ ချနိုင်လာမှ (ဝါ) ဃနအစိုင်အခဲကြီးမှာ ချနိုင်လာမှ ပရမတ်ထောက်ခံတဲ့ ပညတ်လို့မှတ်ပါ၊ ဒီတော့ အခု ထင်နေတဲ့ ပညတ်ရုပ်ကို ရုပ်နာမ်ကူးလို့ရမလား၊ မရပါ၊ ဒီတော့ ဒီပညတ်ဟာ ထောက်ခံတဲ့ ပရမတ်မရှိလို့ပါ၊ ဒီတော့ အခု အာနာပါနတရားကို အားထုတ်နေတဲ့သူတွေမှန်ရင် ဒီပညတ်ရုပ်တွေကနေပြီး ရုပ်နာမ်ကူးနေကြတာဘဲ၊ ဒါဟာ ကိုယ်တွေ့ဖြစ်လာခဲ့ဘူးလို့ ပြောနေတာပါ၊ အခုနည်းစုံအားထုတ်လာလို့ ပြောနေတာပါ။

ဒီတော့ နယ်လှည့်ဓမ္မကထိကတွေ နယ်ကိုရောက်သွားတဲ့အခါမှာ လောကီအာနာပါန၊ လောကုတ္တရာ အာနာပါနဆိုပြီး ခွဲဟောပါ၊ အဲဒါ အင်း-ဆေး-မှော်-စမ-ဂါထာ-မန္တန်-ဈာန်တွေ ရအောင် အားထုတ်တာက လောကီအာနာပါနတရားပါ၊ ရုပ်တရား-နာမ်တရား-မဂ်တရား-ဖိုလ်တရားကို သွားမဲ့ အာနာပါနတရားကျတော့ လောကုတ္တရာ အာနာပါနတရားပါ၊ ဒီတော့ လောကီ အင်း ဆေး-မှော်-စမ-မန္တန်-ဂါထာ ဆရာတွေဟာလဲ အာနာပါနတရားကို အားထုတ်ရတာဘဲ၊ ဒါမှ တန်ခိုးတွေကြီးလာပြီးတော့ အင်း ဆေး-မှော်-စမတွေကိုရပြီး အဲဒါ မှော်ဆရာကြီးဖြစ်လာတော့တယ်၊ မှော်-ဆိုတဲ့ပုဒ်ကိုခွဲရင် ဟာထိုးက ရှမ်းဘာသာဘက်ကို လိုက်သွားလို့ပါ၊ မြန်မာလိုက မောလို့ရတယ်၊ မောဆိုတာကို ပုဒ်ခွဲရင် မောဟဖုံးလွှမ်းတာဘဲ မဟုတ်လား၊ အဲဒါ အင်း ဆေး-မှော်-စမတွေနဲ့ ပညတ်ရုပ်တွေကနေ ဖုံးလွှမ်းထားတာပါ။

ဒီပညတ်ရိပ်တွေဟာ အဖြူဝိုင်း၊ အနီဝိုင်းပမာ ထင်လာတဲ့ ပညတ်ရိပ်တွေကနေပြီး ဘွက်လာတာပါ၊ ဒီပညတ်ရိပ်တွေကနေ ကူးတဲ့ အာနာပါနကျတော့ လောကီအာနာပါနလို့ ခေါ်တယ်၊ အဲဒါ အဝါဝိုင်းလေး၊ အဖြူဝိုင်းလေးလို နိမိတ်ရလာရင်ဘဲ စ-ခ ဗ-ဝ အက္ခရာတွေရေးပြီး ဒီဟာကိုသာကြည့်ပြီး မင်းမျက်စေ့ထဲ သွင်းတော့မယ်ဆိုပြီး လောကီဆရာကြီးတွေက သွင်းပေးလိုက်တော့တယ်၊ ဒါဟာလဲ အာနာပါနအရိပ်ရှိမှ သွင်းလို့ရပါတယ်၊ အဲ့ဒီ အနေနဲ့သာ တရားကို အားထုတ်နေကြတော့တယ်၊ ဒီကနေသာ ရုပ်နာမ်ကူးနေကြတော့တယ်။

ဒီတော့ ဒီပညတ်နိမိတ်တွေကို လောကီထဲထည့်ရင် စက်လှည့်ပြီး ထည့်ရပါတယ်၊ သူ့ထက်တခါ အောက်တန်းကိုခုရင် အဲဒါ ဘောလုံးကစားနေသလိုဘဲ ရှိနေသေးဘယ်၊ ဒါကြောင့် ရုပ်နာမ်ကူးလို့ မရပါ၊ ကိုင်း....ရုပ်နာမ်ကူးနိုင်တဲ့ ပရမတ်ထောက်ခံတဲ့ ပညတ်ရိပ်ကို ရှာရမယ်၊ ယခုပြောလိုက်တာက လောကီအာနာပါနတွေကို နားလည်သွားအောင် ပဌမထုတ်ပြလိုက်တာပါ၊ ကိုင်း....ပရမတ်ထောက်ခံတဲ့ ပညတ်ကိုတင်ပြမယ်၊ မနေ့က ပြောလာခဲ့တဲ့ လဘက်ရေပုဂ်လို့ခေါ်တဲ့ နာမပညတ်လေးဟာ အဆင်းပရမတ်လေး ထောက်ခံနေတယ်၊ ဒါဟာ သဒ္ဒါပရမတ်ပါ၊ ဒါကို ပုံစံမှာ ထုတ်ပြထားပါတယ်၊ အဲဒါ ရူပသညာ၊ သဒ္ဒသညာ၊ ဂန္ဓသညာ၊ ရသသညာ၊ ဖောဋ္ဌဗ္ဗသညာ ဆိုပြီး သညာ ၅-လုံးကို ထုတ်ပြလာပါတယ်၊ သူ့ကိုအဝင်သဘောဘက်က ပြလာတယ်။

နောက်စက္ခုသညာ၊ သောတသညာ၊ ဃာနသညာ၊ ဇိဝှါသညာ၊ ကာယသညာ ဒါက အထွက်သဘောသညာ ၅-လုံးပါ၊

ဒီတော့ အဆင်းလို့မှတ်လာတဲ့သညာဟာ ဒီအဆင်းမှာ အမြဲရှိနေတယ်၊ သညာကားအစဉ်၊ ဝိညာဏ်ကအမြင်၊ ဒိဋ္ဌိကအစွဲဆိုပြီး ရှိနေတယ်။ ဒီတော့အဆင်းမှာရှိနေတဲ့သညာနဲ့ အကြည်မှာရှိတဲ့သညာတို့ဟာဆုံလိုက်တယ်၊ ဒါကို "စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" လို့ပြလာတာပါ၊ ဒီတော့ ၂-ပါးသဲ ဆုံလိုက်ရော အဆင်းမှာရှိတဲ့သညာက အတိတ်ကိုဆွဲတယ်၊ အနာဂတ်မှာရှိတဲ့သညာက အနာဂတ်ကိုတွေးကြံတယ်၊ ဒီတော့ အဆင်းမှာလဲ သညာလေးဟာ ထင်ရှားရှိနေတယ်၊ အကြည်ခတ်မှာလဲ ထင်ရှားစွာရှိနေတယ်။

ဒီကနေပရမတ်သဘော သညာလေးဟာ ပေါ်ရတော့မယ် ဒီတော့ ထွက်တယ်ဝင်တယ်ဆိုတာကို အမှတ်ပြုနေတယ်၊ ဒီတော့ ဘယ်ဟာက အာရုံသဘောသညာလဲ၊ ဘယ်ဟာက အာရမ္မဏိက သညာလဲ၊ ဒီတော့ထွက်တယ် ဝင်တယ်ဆိုတာဟာ စိတ်ဝိညာဏ်ကလုပ်ကြံနေတာမဟုတ်ပါ၊ သူ့သဘာဝအတိုင်းဖြစ်နေတာပါ၊ ဒီတော့ထွက်တယ်ဆိုတာဟာ နှုတ်ခမ်းဖျားကို ထိပြီးထွက်သွားတယ်၊ဒါကိုရူပါရုံထဲသွင်းမလား၊ သွင်းလို့မရပါ၊ အဲဒါဖေါဋ္ဌဗ္ဗာရုံထဲသာသွင်းရမယ်၊ ဒီတော့ ထိတာကို မှတ်လိုက်တာသည်ပင် အရုပ်အနေနဲ့ ပြောမယ်ဆိုရင်စိတ်ဝိညာဏ်က မှတ်တယ်လို့ ပြောမယ်၊ သဘာဝအနေနဲ့ပြောရရင် ကာယပသာဒ အကြည်က မှတ်နေတာပါ။

ဒီတော့ထိလာတာဟာ ဖေါဋ္ဌဗ္ဗာရုံဘဲမဟုတ်သား၊ မှတ်လာတာက ကာယပသာဒအကြည်ပါ၊ ဒီတော့ထွက်တယ်ဆိုတာသည်ပင် ဒီ ၂ ပါးဘဲရှိနေတာဘဲမဟုတ်လား၊ ဝင်တယ်ဆိုတာဟာလဲ နှာသီးဖျားမှာရှိတဲ့ ဖေါဋ္ဌဗ္ဗသညာကထောက်ခံနေတယ်၊

ကာယပသာဒသညာလေးက မှတ်နေတယ်၊ အဲဒါ ၂-ပါးပေါင်း ပြီးဖြစ်နေတာဘဲမဟုတ်လား၊ ဒီတော့ "စက္ခုံစ ပဋိစ္စ ရူပေစ ဉပ္ပဇ္ဇတိ စက္ခုဝိညာဏံ" ဆိုတဲ့ပါဠိတော်အတိုင်း လာဝင်နေပြီ၊ ထွက်လေဟာ နှုတ်ခမ်းဖျားမှာထိနေတာက ဖေါဋ္ဌဗ္ဗသညာလေး လာပေါ်တယ်၊ နောက်ကာယပသာဒ သညာကမှတ်တယ်၊ ဝင်လေကျတော့လဲ နှာသီးဖျားမှာ ထိနေတာက ဖေါဋ္ဌဗ္ဗသညာ၊ မှတ်နေတာက ကာယပသာဒသညာပါ၊ ဒါဟာပရမတ်ထောက် ခံတဲ့ပညတ်ဘဲမဟုတ်လား။

ဒီ ၂-ပါးကို ရုပ်ပါများလာတော့ ဝိညာဏ်ရိပ်ထဲမှာသပ္ပဋိဃ သညာဟာဝင်နေပြီ၊ ဒီလိုရုပ်မှတ်ပါများလာလို့ရှိရင် ဒီသညာက နေ နိမိတ်ပေါ်ရတော့မယ်၊ အဲဒါ အဖြူဝိုင်းတွေ့, အနီဝိုင်းတွေ့, ကြယ်ပွင့်ကြယ်ရောင်တွေသို လာပေါ်လို့မရပါ၊ အဲဒါသဘာဝ အတိုင်းပေါ်ရမယ်၊ ကိုင်းသဘာဝအတိုင်းပေါ်စမ်းပါ၊ ၂ပါး ဆုံလိုက်တော့ သပ္ပဋိဃသညာကလဲ ဝိညာဏ်ကြီးထဲကို သတိ လေးအနေနဲ့လဲဝင်သွားရော အဆင်းသညာ, အကြည်သညာ တွေဟာခုဋ်ပြီး ဒီကနေ ပညတ်နိမိတ်တွေပေါ်ရမယ်၊ပေါ်လိုက် စမ်း၊ ပညတ်ကတော့ရှိရအုံးမှာဘဲ ဘာ့ကြောင့်လဲ၊ ဃနကိုရှုနေ တာ ဖြစ်ခြင်းကြောင့်ပါ၊ ကိုင်း နိမိတ်ဘယ်လိုပေါ်မလဲ. ဒီပညတ် ရိပ်လေးကနေနိမိတ်ပေါ်ရတော့မယ်၊အဲဒါ ပရမတ်ထောက်ခံတဲ့ ပညတ်ပေါ်ရမယ်။

ဒါကိုပြောပြမယ်၊ ဒီတော့ ထွက်လေဝင်လေလှဲ မြလားရော ဥလခေါတ်လေးဟာအပ်ချည်မျှင်လေးပမာနှုတ်ခမ်းဖျားနဲ့ နှာသီး ဖျားအရပ်မှာကို ထွက်လိုက်ဝင်လိုက်နဲ့ နာမပညတ် သဏ္ဌာန ပညတ်ရိပ်အနေနဲ့လာပေါ်နေပြီ၊ ဒါမှ သဘာဝအတိုင်း ပေါ် သာတာပါ၊ ဒီတော့ အစပဌမ ပေါ်ကာစကတော့ လူကြီးများ

ဆွဲနေသလို၊ မီးရထားကြီး မောင်းနေသလို ကြမ်းထန်းစွာ ပေါ်လာမယ်၊ နောက်တော့မှ တဖြေးဖြေးသိမ်မွေ့ပြီး အပ်ချည်မျှင်လေးပမာ၊ ဖန်ချောင်းလေးပမာ ပေါ်လာမယ် ဒါမှ နိမိတ်အမှန်ပါ၊ ဒီတော့ ထွက်လေဝင်လေ ၂ ပါးလုံး ဒီ နိမိတ်အတိုင်း ရလာမှ ကောင်းတယ်၊ တချို့မှာ ထွက်တဲ့လေမှာသာထင်တယ် ဝင်တဲ့လေမှာမထင်ပါ၊ ဒီတော့ ထွက်လေရောဝင်လေပါ ထင်လာမှ ကောင်းတယ်၊ ဒါမှ သဘာဝအတိုင်း ကာယပသာဒ သညာနဲ့ ဖေါဋ္ဌဗ္ဗသညာ၊ ပထဝီကပေါ်လာတဲ့ ပညတ်ဖြစ်ခြင်း ကြောင့် သဘာဝမှန်လာပြီ ဒီ ပညတ်ရိပ်လေးကိုမှ ရုပ်နာမ် ကူးရမယ်။

ဒီပညတ်ရိပ်ကို လိုက်လာမှ မီးခဲတွေကို တွေ့လာမယ်၊ မီးခဲတွေကိုတွေ့လာမှ ရုပ်နာမ်ကို လာတွေ့မယ်၊ ဒီ လမ်း အတိုင်းတက်သွားရင် မလွဲတော့ပါ၊ အဲဒါ သဘာဝအတိုင်း ပေါ်တာဖြစ်ခြင်းကြောင့်မလွဲတော့ပါ၊အင်း ဆေး မှော် စမတွေ ကနေလာတဲ့ အာနာပါနကျတော့ စိတ်ဝိညာဏ်က ပေါ်လာတဲ့ နိမိတ်တွေပါ၊ အဲဒါသဘာဝအတိုင်း မဟုတ်ပါ၊ ဒါကြောင့် အဲဒီသဘာဝတွေနောက်ကို မလိုက်ပါနဲ့၊ ကိုယ်က အားထုတ် လာလို့ သဘာဝအတိုင်းပေါ်လာမှ အမှန်ဖြစ်ပါတယ်၊ ကိုင်း လေကြောင်းနိမိတ်လေး ထင်လာပြီဆိုရင် ဒီလေကြောင်းနိမိတ် လေးကနေ ရုပ်နာမ်ကို ကူးရမယ်၊ ဒီတော့ သညာ ၂-လုံးကနေ မှတ်ပြီးထင်သာတဲ့ဟာကို ဝိညာဏ်ကြီးထဲကို သတိလေးအနေနဲ့ ဝင်ပြီးသွားတာနဲ့ ဒီ သညာလေး ၂-လုံးဟာ ဇာတ်သိမ်းပြီး ဒီ သညာလေးကနေ ပညတ်နိမိတ်ပေါ်ဆိုတော့ ပရမတ်ဆောက် ခံတဲ့ လေကြောင်းနိမိတ်လေးပေါ်လာပြီ မဟုတ်လား၊ ဒီကနေမှ ရုပ်နာမ်ကို ကူးရမယ်။

# ညှဟောခစဉ်။

အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ၊ စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တဗောဇ္ဈင်္ဂေ ပရိပူရေန္တိ၊ သတ္တ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိဉာဏဒဿနံ ပရိပူရေန္တိ။

လို့ဟောကြားလာတဲ့ ပါဠိတော်အတိုင်း ယခုတက်ပြီးသာတဲ့ ဒီ ပါဠိတော်အတိုင်း အခြေခံထားပြီး တက်ပြလာပါပြီ၊ ယခု ပြလာတဲ့ အာနာပါနတရားတော်ကြီးဟာ ရုပ်နာမ်တရားကို တက်မဲ့ အာနာပါနတရားတော်ကြီးပါ၊ ဒီတော့ ဒီလိုရုပ်နာမ် တရားကို အခြေခံမထားဘဲ ဖွင့်နေတဲ့ အာနာပါနတရားတွေ ဟာလဲ အများကြီးရှိပါတယ်၊ ယခုပြလာတာက ရုပ်နာမ် တရားကို အခြေခံထားပြီး ပြလာတဲ့ အာနာပါနတရားကြီးပါ။ ဒီတော့ ပါဠိတော်အတိုင်း "သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ" လို့ ပဋ္ဌမတံခါးကို ယခုဖွင့်ပြလာတာပါ။

ဒီတော့ ဒီမဟာသတိပဋ္ဌာန် တရားတော်ကြီးကို ကုရုတိုင်း ကမ္မာသဒမ္မနိဂုံးရွာကို မာဂဓ္ဘာသာယ ပုဏ္ဏားလင်မယားကို ချွတ် တုံးက တခါကြွတယ်၊ အဲဒီ အခါတုံးကလဲ ဒီမဟာသတိပဋ္ဌာန် တရားကို မဟောသေးပါ၊ နောက် ကောသမ္ဗီပြည်မှာ ရှိတဲ့ ကောသမ္ဗီပြည် သူဌေးတို့က ကျောင်းဆောက်လှူဒါန်းတဲ့ အခါ မှာလဲ ဘုရားရှင် ကျောင်းအလှူခံကြွတော်မူသယ်၊ ဒီအခါမှာလဲ တရားမဟောသေးပါ၊ နောက်ဘုရားရှင် ဝါတော် ၂၀-မြောက်မှ

ကိုယ်တော်တိုင်ကြွပြီး ဒီမဟာသတိပဋ္ဌာန် တရားတော်ကြီးကို ဟောကြားတော်မူပါတယ်။

ဒီတော့ ဒီမဟာသတိပဋ္ဌာန်တရားတော်ကြီးကို အသေးစိတ်ဖွင့်ပြလာခဲ့တာဟာ အနုပဋ္ဌမတံခါးကို ရောက်လာပါပြီ၊မနေ့က "သော သဒ္ဒါတော အဿသတိ၊ သဒ္ဒါတော၊ ပဿသတိ" ရဲ့ လုပ်ငန်းစဉ်ကို တင်ဆက်ပြလိုက်ပြီ၊ ဒီနေ့ပညတ်နိမိတ်ပေါ်တယ်ဆိုတာ ဘယ်လိုလဲ ဆိုတာကို ဖေါ်ပြသွားမယ်၊ ဒီတော့မမှတာ ဒါန, သီလ, ဘာဝနာတရားတွေနဲ့သာ ပျော်မွေ့နေကြသေးတယ်၊ မိမိအတွက်ဖြစ်တဲ့ သာသနာတရားအလုပ်တွေကို ကြိုးစားအားမထုတ်ကြသေးဘူး၊ဒီတော့'အတ္တာဟိ အတ္တနော နာထော' လို့ ပြလာတဲ့ အတိုင်း ဘုရားရှင်က ကိုယ့်အကျိုး ကိုယ်အတွက်သာလျှင် အားကိုး အားထားစရာ ဖြစ်တယ်လို့ ပြလာတယ်၊ ဒါကြောင့် ကိုယ့်အကျိုးအတွက်သာ ကိုယ်ရှာရမှာဘဲ မဟုတ်လား။

ဒီတော့ ပညတ်ရိပ်တွေ ဘယ်လိုပေါ်သလဲဆိုတာကို အနည်းငယ်ဖွင့်ပြောမယ်၊ အာရုံပြုပြီး နာကြာကြာ ပေတော့၊ "တိက္ခ ဟာသ၊ ဇဝန ဂမ္ဘီ၊ ဉာဏ်လေးလို့ဖြင့်၊ အခွံကိုခွါ၊ အကာကိုရှား၊ အသားကိုချေ၊ အနှစ်ကိုတေနိုင်မှ၊ သဘာဝအနတ္တဉာဏ်ထင်မြင်နိုင်တည်၏ အဖြစ်ကိုရင်း" ဒီတော့ပြော ပြမယ်၊ နောက်တုံ၊က သဘာဝနည်းကို ပြန်ကိုင်ပါ၊ ဒီတော့ အဆင်း အကြည် အမြင် အသိ ဒီ ၄ ပါး ပေါင်းရင် သိမူပေါ်တယ်လို့ ပြောခဲ့တယ် မဟုတ်လား၊ ဒါက ပရမတ် သဘာဝ ၄-ချက်ထွက်ပုံကို ဝေဖန်ပြတာပါ၊ ပညတ်ရိပ်ကျတော့ ဘယ်လိုသဘာဝလဲ ပြောပြမယ်၊

၄ ပါးပေါင်းဆုံလိုက်တော့ သိမှုပေါ်တယ်၊ ဒါဖြင့်ရင် မျက်စေ့ မှိတ်ပြီး ကြည့်ရင် မြင်မှုပေါ်မလား မပေါ်ပါ၊ (ဝါ) မမြင်ပါ၊ ဘာ့ကြောင့်မမြင်သလဲ မျက်စေ့မှိတ်ထားလို့ပါ။

(ဝါ) အဆင်းနဲ့အကြည် မဆုံရလို့ မမြင်တာပါ၊ ဒီတော့ မျက်စေ့မှိတ်ထားတဲ့အခါမှာလဲ ဖွင့်ကြည့်သလိုမြင် နေရတာကို ပညတ်ရိပ်ထင်တယ်လို့ ပြောတာပါ၊ယခုဒီပဌမတံခါးက ဒီပညတ် ရိပ်မျိုးကို မကိုင်သေးပါ၊ ဒုတိယတံခါး၊ တတိယတံခါး၊ စတုတ္ထ တံခါးတို့ကျမှ ကိုင်မယ်၊ ယခု ပဌမတံခါးက ဒီပညတ်ရိပ်ကို ကိုင်သို့မရသေးပါ၊ ဒီတော့ အဆင်း အကြည် အမြင် အသိ ဒီ ၄-ပါးဆုံတဲ့ သဘာဝကို ဥပမာပြောပြမယ်၊ ဥပမာ....ကြေးမုံ ပြင်ကြီးမှာကိုယ်ရဲ့ သဏ္ဍာန်သွားရပ်လိုက်တဲ့ အခါမှာ ဒီကြေး မုံပြင်အကြည်ထဲမှာ ကိုယ်ရဲ့အသွင်ရိပ်ဟာ သွားမထင်ဘူး လား၊ ဒီတော့ ကြေးမုံပြင်က ၆-ပါးသော အကြည်ခွာတ်နဲ့ တူတယ်၊ သွားရပ်လိုက်တဲ့ ကိုယ်ရဲ့သဏ္ဍာန်က ၆-ပါးသော အာရုံနဲ့တူတယ်၊ သညာဝိညာဏ်က ကြေးမုံပြင်ကြီးမှာ ပေါ် လာတဲ့ အသွင်ရိပ်ကို ထင်ရှားအောင်လုပ်ပေးတဲ့ သဘောနဲ့ တူတယ်။

ဒီတော့ ဒါက အတိတ်ကို သညာကဆွဲပြီး သွင်းပေးရတယ်၊ အဲဒါ ထင်ရှားလာအောင် (ဝါ) ရုပ်ဘဲ၊ ဘာဘဲနာမ်ဘဲ၊ ဆိုတာကို ထင်ရှား လာအောင် လုပ်ပေးရတယ်၊ ဝိညာဏ်ကြီး ကျတော့ အဲဒါ ဗုဒ္ဓ၊ အနိစ္စတွေကို ထင်စေပြီး မဖြစ်ရသေးတဲ့ သဘာဝ တွေကိုပါ တွေးကြံပြီးတော့ယူလာရတယ်၊ ဒါမှ မိမိရဲ့ ရုပ်ပုံကြီး ဟာ ကြေးမုံပြင်ကြီးမှာ ထင်လာတာပါ၊ ယခုပြလာတဲ့ ဥပမာ

အတိုင်းလိုဘဲ ထွက်တဲ့လေနဲ့ ဝင်တဲ့လေကို ရှုမှတ်ပါများလာ တော့ နှာသီးဖျားနဲ့ နှုတ်ခမ်းဖျားအရပ်မှာကို သညာရဲ့အမှတ် လေးတွေဟာ များလာတော့တယ်၊ အဲဒီလို များလာတော့မှ သတိလေးဟာ ဖြစ်လာတယ်၊ သတိလေးဖြစ်လာတာနဲ့ သညာ လေးဟာပျောက်သွားတော့တယ်။

ဒီတော့ ထွက်တယ် ဝင်တယ် ဆိုတာဟာ ရူပသညာ, သဒ္ဒ သညာ, ဂန္ဓသညာ, ရသသညာ, ဖောဋ္ဌဗ္ဗသညာ ဒီသညာ ၅လုံး ကို မှတ်နေတယ်၊ နောက် စက္ခုသညာ, သောတသညာ, ဃာန သညာ, ဇိဝှါသညာ, ကာယသညာ ငါးလုံးကလဲ မှတ်နေတာ၊ နောက် ၂-ပါးဆိုတဲ့ စက္ခုသမ္ဖဿသညာ,သောတသမ္ဖဿသညာ ဃာနသမ္ဖဿသညာ, ဇိဝှါသမ္ဖဿသညာ, ကာယသမ္ဖဿသညာ ဒီသညာတွေက ဝိုင်းမှတ်နေတာပါ၊ မှတ်လို့လဲ မြဲလာရော ဝိညာဏ်ရိပ်ထဲမှာကို သတိလေးအနေနဲ့ ဝင်သွားတယ်၊ဒီတော့ သညာလေး ၃-လုံးကို မှတ်ဘို့မလိုတော့ဘဲ ဒီသညာ ၃-လုံးက နေ ပညတ်ရိပ်တွေ ပေါ်ရတော့မယ်။

ဘယ်လိုပေါ်မလဲ၊ ဒီတော့ပြောပြမယ်၊ ဒီတော့နာမပညတ် သဏ္ဌာနပညတ်,သမူဟပညတ်ရိပ် ၃-ခုပေါ်လာတယ်၊နာမပညတ် ဆိုတာဟာ အမည်ဘခု အနေနဲ့ ပေါ်လာတာပါ၊သဏ္ဌာနပညတ် ကျတော့သဏ္ဌာန်လေးဖြစ်လာအောင်ဖန်ဆင်းလာတယ်၊ သမူဟ ပညတ်ကျတော့ နာမပညတ်နဲ့ သဏ္ဌာနပညတ် ၂-ပါး မကွဲပြား အောင်ပေါင်းစည်းပေးလာတယ်၊ ဒီတော့ ပညတ်ရိပ်ဟာဘယ်လို ထင်လာသလဲဆိုတော့ အဲဒါအဖြူဝိုင်းဆေးပမာ, အနီဝိုင်းလေး ပမာကြယ်ပွင့်ကြယ်ရောင် လေးပမာပေါ်လာတော့တယ်၊ဒါဟာ

ပညတ်ရိပ် ၃-ပါး ပေါင်းစုံ နေတာပါ၊ အဲဒါ အဖြူဝိုင်းလေး ပမာ ပေါ်လာရင်ဘဲ နာမပညတ်လေးဟာ ပါလာပြီ၊ ဒါဟာ ဝိညာဏ်ကြီးထဲမှာ ပေါ်အုံးမလား။

ဒီတော့ သညာကလဲ နာမပညတ် အနေနဲ့ ဆွဲလာရော၊ အကြည်ခာတ်ထဲမှာရှိနေတဲ့ ပညတ်ရိပ်လေးဟာ အဖြူဝိုင်းလေး အနေနဲ့ ပေါ်လာတယ်၊ ဒီလိုပေါ်ရုံတွင်မဟုတ်သေးဘဲ အဲဒါ လျှပ်စစ်များ ပြက်လာသလို ဖြစ်လာအောင် ဝိညာဏ်ရိပ်ကြီး က လုပ်ကြံလာတော့တယ်၊ အဲဒီလိုလဲ လုပ်ကြံလိုက်ရော စိတ် ဝိညာဏ်မှာကို ပညတ်ရိပ်တွေဟာ ပေါ်လာတော့တယ်၊ဒီပညတ် ရိပ်လေး ပေါ်လာပြီ၊ ဒီပညတ်ရိပ်လေး ပေါ်လာရင် စိတ် ဝိညာဏ်ဟာ ဘယ်ကိုမှ မပြေးတော့ဘဲ ဒီထဲမှာဘဲ ပျော်နေ့ နေပြီ၊ ဒီစိတ်ဝိညာဏ်ကြီးဟာ ခလေးနဲ့ တူတယ်၊ ခလေးငယ် ဟာလဲ သူလိုချင်နှစ်သက်တဲ့ ကစားစရာ တခုကို ရထားရင် ဘယ် ကိုမှ မသွားတော့ဘဲ ဒီကစား စရာ နားမှာဘဲ နေသလို စိတ် ဝိညာဏ်ကြီးဟာလဲ ဒီပညတ်ရိပ်မှာဘဲ နေတော့တယ်၊ ဘယ်ကိုမှ မသွားတော့ပါ။

ဒီတော့ ဒီပညတ်ရိပ်ကြီးပေါ်လာရင် ထွက်လေ ဝင်လေကို မမှတ်ရတော့ပါ၊ ဒီလိုမမှတ်သော်လဲ ဒီပညတ်ရိပ်ဟာ ကိုယ်ရဲ့ မျက်စေ့ထဲက မထွက်တော့ပါ၊ အမြဲပေါ်နေပြီ၊ အဲဒါ အဖြူဝိုင်း လေးပမာ, ကြယ်ပွင့်ကြယ်ရောင်လေးပမာ အမြဲပေါ်နေပြီ၊ ဒီလို ပညတ်ရိပ်ပေါ်ရင် ပဋ္ဌမတံခါးမှာ နာမပညတ်ရိပ်လေးဟာ ပေါ်ထွက်လာပြီ၊ ဒီတော့ ဒီပညတ်ရိပ်မှာ ဝိညာဏ်ရိပ်ပါလာ ရင်ဘဲ ဘယ်ကိုဘဲဆွဲဆွဲ ဆွဲလို့ရလာပြီ၊ အရှေ့အနောက်တောင်

မြှောက် အောက်အထက် ဆွဲခွင်ရာဆွဲ ဆွဲလို့ရလာပြီ၊ ဆွဲလို့ ရလာရင်ဘဲ ဒီပညတ်ရုပ်ထဲမှာ ဝိညာဏ်ရုပ်ဟာ အားကောင်း လာပြီလို့ယူရမယ်။

ဒီတော့ သညာဝိညာဏ်ရုပ် အားကောင်းလာရင်ဘဲ ပညတ် ရုပ်ဟာ မပျောက်တော့ပါ၊ ဒီလိုယူလိုက်ပါ၊ တကယ်သာ ပညတ်ရုပ်ပေါ်လာရင် အကုန်လုံးဆွဲယူလို့ရလာပြီလို့ မှတ်ယူ လိုက်ပါတော့၊ ဒီတော့ အာနာပါနဘုရားကြီးကို အာထုတ်တဲ့ အခါမှာ အာရုံမထားတတ်လို့ မပေါ်တာလဲရှိတယ်၊ စိတ်မငြိမ် သက်လို့ မပေါ်တာလဲရှိတယ်၊ ဒီတော့ ပဌမကသိုဏ်းတနေ့နှဲ့ အရင်အလေ့အကျင့်လုပ်လာရမယ်၊ ဒီလိုလုပ်လာမှ အာရုံကို ထားတတ်လာမယ်၊ ဒီတော့ ထွက်လေဝင်လေမှာကို ပညတ်နိမိတ် ပေါ်လာတော့ ဒီကနေ ရုပ်နာမ်ကူးမသွား ရုပ်နာမ်မကူးပါနဲ့ အုံး၊ ဒါဟာ ရုပ်နာမ်ကူးလို့မရတဲ့ ပညတ်နိမိတ်တွေပါ။

သူ့သဘာဝ လေခတ်ကနေ ပေါ်လာတဲ့ ပညတ်နိမိတ် မဟုတ်ပါ၊ ဒီ အဖြူဝိုင်းပမာ၊ ကြယ်ပွင့်ကြယ်ရောင်ပမာ ပေါ် နေတဲ့ ပညတ်နိမိတ်တွေကို ရုပ်နာမ်မကူးပါနဲ့၊ ကူးရင်ဖွဲ့ထောင်း လို့ ဆန်ကောင်းမထွက်သလိုဘဲ ဒီ ပညတ်နိမိတ်ကို လောကီ အာနာပါနပုဂ္ဂိုလ်တွေသာ အသုံးပြုတာပါ၊ လောကုတ္တရာ အာနာပါနကနေ ရုပ်တရားနာမ်တရားကို အလိုရှိတဲ့ပုဂ္ဂိုလ်တွေ ကျတော့ ဒီ ပညတ်နိမိတ်ကို အလိုမရှိပါ၊ ဒီတော့ မသိတာရုပ် သိတာကနာမ်ဆိုပြီး ကူးနေကြတဲ့ ရုပ်နာမ်တွေကို အကုန်လုံး ပယ်ထုတ်ပစ်လိုက်ပါ၊ ဒါကို မှတ်တမ်းအနေနဲ့ယူထားပါ။

ဒါကြောင့် ဒီသဘာဝတွေကို ရုပ်နာမ်မကူးရဘူးလို့ မေမြ စကြာ ပဋိပတ် သာသနာပြုရိပ်သာကြီးက ဆုံးဖြတ်ချလိုက်ပြီ၊ ဒီတော့ ပညတ်ဆိုတာ ပရမတ်ထောက်ခံတဲ့ပညတ်၊ ပရမတ် မထောက်ခံတဲ့ပညတ်ဆိုပြီး ၂-မျိုးရှိတယ်၊ ပရမတ်ထောက်ခံတဲ့ ပညတ်ဆိုတာက ( ဥပမာ ) လဘက်ရေပုဂံကို ရှေ့မှာချပြီး ကြည့်ရင် ဘာကိုမြင်သလဲ၊ အဆင်းကိုမြင်တယ်၊ ဒီပညတ်ဟာ အဆင်းပရမတ်လေး ထောက်ခံနေတယ်၊ အဆင်းဆိုတာ သဘာဝ ပရမတ်ပါ၊ ဒီ အဆင်းပရမတ်ကို ကြည့်ရင် မြင်တယ်၊ ဒါကို ဘာလို့ခေါ်သလဲ လဘက်ရေပုဂံလို့ ခေါ်တယ်၊ ဒါဟာ အဆင်းပရမတ်ထောက်ခံထားလို့ လဘက်ရေပုဂံဆိုတဲ့ နာမ ပညတ်လေး ပေါ်လာတာပါ၊ ဒါဟာ သညာဝိညာဏ်ကလုပ်ကြံ ပြီး ပြောတာမဟုတ်ပါ၊ ထောက်ခံထားတဲ့ ပရမတ်လေးရှိနေ လို့ ဘယ်သူကဘဲကြည့်ကြည့် ဘယ်သူကဘဲခေါ်ခေါ် လဘက်ရေ ပုဂံလို့ဘဲ ခေါ်မှာဘဲ မဟုတ်လား။

ဒီပရမတ်ထောက်ခံထားတဲ့ ပညတ်ကျတော့ ပရမတ်ထောက် ခံတဲ့ နာမပညတ်ပါ၊ ဒီပညတ်ကိုထုထောင်းပြီးချေလိုက်မှပရမတ် ရုပ်နာမ်ကို တွေ့မယ်၊ နောက် ပရမတ်မထောက်ခံတဲ့ ပညတ် ကျတော့ (ဥပမာ) မိုးကောင်းကင်ကြီးမှာမိမိရဲ့ စိတ်ဝိညာဏ်နဲ့ ပန်းချီရေးလိုက်ပါ၊ (ဝါ) ရေပြင်ကြီးမှာ ရေးလိုက်ပါ၊ ရေးပြီး တခြားလူကိုပြရင် မြင်မလား-မမြင်ပါ၊ မိမိရေးထားတဲ့ဟာကို မိမိသာလျှင် သိမှာဘဲမဟုတ်လား၊ တခြားသူတွေမသိပါ၊ ဘာ့ကြောင့်လဲ၊ ထောက်ခံထားတဲ့ ပရမတ်မရှိတဲ့အတွက်ကြောင့် ပါ၊ ဒါဟာသညာဝိညာဏ်က လုပ်ကြံထားတဲ့ ပညတ်တွေပါ၊ ဒီပညတ်ကိုရုပ်နာမ်ကူးရင်ဖွဲ့ထောင်းလို့ဆန်ကောင်းမထွက်သလို၊ ပရမတ်ရုပ်နာမ်ကို မတွေ့ပါ။

ဒီတော့ ခုနက-ပြောခဲ့တဲ့ အဖြူဝိုင်းလေးပမာ, ကြယ်ပွင့် ကြယ်ရောင်ပမာ ထွက်ပေါ်နေတဲ့ ပညတ်ရိပ်တွေ ကျတော့ သောက်ခံဘဲ့ပရမတ်မရှိလို့ ( ဝါ ) သညာဝိညာဏ် လုပ်ကြံတဲ့ ပညတ်ရိပ်တွေဖြစ်ခြင်းကြောင့် ရုပ်နာမ်ကို ကူးလို့မရပါ၊ဒီတော့ အင်း ဆေး မှော် စမ စတဲ့ လောကီ ပညာရပ်တွေဟာ ဒီ ပညတ်ကို ကိုင်ကြတယ်၊ အခု ခေမ္မစကြာ ပဋိပတ် သာသနာပြု ရိပ်သာကြီးက ဒီလောကီ သဘာဝတွေကို စကောပုတ်ပြီး တောသုတ်ပစ်လိုက်ပြီ၊ ဒီတော့ သောက်ခံဘဲ့ ပရမတ်ကနေပြီး ပေါ်လာတဲ့ ပညတ်ရိပ်က နေပြီးတော့မှ၊ ရုပ် နာမ် ကူးရမယ်၊ ကိုင်း....နက်ဖြန်ကျမှ ဒီပုံစံကို ဥက္ကောင်းချပါမယ်။

ကိုင်း....သာဓုသာ ခေါ်ကြပါတော့၊

သာဓု....သာဓု....သာဓု။

## ဝါခေါင်လဆုတ် ၁၂-ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၁၈)

ပညတ်ပေါ်တာကို နားလည်ပြီလား၊ဒီတော့ ပရမတ်ထောက် ခံတဲ့ပညတ်, ပရမတ်မထောက်ခံတဲ့ ပညတ်ဆိုပြီး ၂-မျိုးရှိတယ်၊ ပရမတ်ထောက်ခံတဲ့ပညတ်ဆိုတာ ဘယ်လိုဟာမျိုးလဲ၊ ပရမတ် မထောက်ခံတဲ့ပညတ်ဆိုတာကကော ဘယ်လိုဟာမျိုးလဲ၊ ဒါကို အဘိဓမ္မာထဲကိုချလိုက်ရင် အဆင်းထောက်ခံတဲ့ပညတ်, အဆင်း မထောက်ခံတဲ့ ပညတ်လို့ ဆိုလိုတယ်၊ ဒီ သဘာဝတွေကို နား လည်ထားရမယ်၊ ဒါမှ ရုပ်နာမ်ကူးလို့ရမယ်၊ အဆင်းထောက် ခံတဲ့ပညတ်ဆိုတာက မရှိဘူးလို့ပြောလို့မရပါ၊ ဒီတော့ အရှင် ဝိပဿနာဆရာတွေက "ပညတ်ဟူက၊ မည်နာမ၊ မုခံတွင်းက" လို့ဟောပြောလာကြတယ်၊ ဒါဟာ အဘိတ်, အနာဂတ်ကနေ ဖြစ်နေတဲ့ ပရမတ်မထောက်ခံတဲ့ (ဝါ) အဆင်းမထောက်ခံတဲ့ ပညတ်တွေကို ပြောနေတာပါ၊ ဒီတော့ ပရမတ်ထောက်ခံတဲ့ (ဝါ) အဆင်းထောက်ခံတဲ့ပညတ်ကျတော့ မရှိဘူးလို့ပြောလို့ မရပါ၊ အဲဒါ ထောက်ခံထားတဲ့ အဆင်းပရမတ်က ရှိနေတယ်၊ ဒါကြောင့်ရှိတယ်လို့ယူရမယ်၊ ဒီကနေမှ ရုပ်နာမ်ကူးရမယ်။

ဒီတော့ အသိဉာဏ်ကို နှိုက်ပြအုံးမယ် ဘုရားရှင်ပရိနိဗ္ဗာန် ပြုပြီ တဲ့နောက်ပိုင်းမှာ စေတီထိုက်တာဟာ.... (၁) ဘုရား (၂) ပစ္စေကဗုဒ္ဓါ၊ (၃) ရဟန္တာအရိယာ၊ (၄) စကြာ ဝတေးမင်း ဒီ ၄-ပါးဟာ စေတီထိုက်တယ်၊ ဒီတော့ စေတီထိုက် တာကို အဋ္ဌကထာ ဆရာကြီးတွေက ဝေဘန်တဲ့ အခါမှာ

ကောင်းရာသုဂတိကို ပို့ဆောင်ပေးနိုင်ဘဲ့ပုဂ္ဂိုလ်မှ စေတီထိုက်တယ်လို့ ဝေဘန်ပြလာတယ်၊ ဒီတော့ မိဘကို သားသမီးတွေက စေတီဘည်ပြီး ဆည်းကပ်ကိုးကွယ် ပူဇော်ကြတယ်၊ ဒါဟာ သားသမီးများသာလျှင် ကောင်းရာသုဂတိရောက်မှာဘဲ မဟုတ်သလား၊ ကျန်တဲ့ပုဂ္ဂိုလ်တွေဟာ ကောင်းရာသုဂတိ ရောက်နိုင်မလား၊ ဗိသဘာဝတွေဟာ ဝေဘန်စရာမတွေ့ဘဲ မဟုတ်လား။

စကြာဝဠာမင်းကျတော့ ကောင်းရာသုဂတိကို ပို့ဆောင်နိုင်တယ်၊ ဘာ့ကြောင့်သဲ၊ စကြာဝတေးမင်းဟာ လေးကျွန်းလုံးကို လှည့်သည်ပြီး ငါးပါးသီလကို ဟောကြားတဲ့အတွက်ကြောင့် ကောင်းရာသုဂတိကို ရောက်အောင် ပို့ဆောင်ပေးနိုင်တယ်၊ အချုပ်မှာ နတ်ရွာသုဂတိကိုပေးနိုင်ရင် (ဝါ)ရောက်အောင် ပို့ဆောင်ပေးနိုင်ရင် စေတီထိုက်တယ်လို့သာ မှတ်လိုက်ပါတော့၊ ဒီ နတ်ရွာသုဂတိကိုမှ မပို့ဆောင်နိုင်ရင် စေတီမထိုက်ပါ၊ ဒါဟာ ဘုရားရှင်ရဲ့အလိုတော်ကျပါဘဲ။

(ဥပမာ) ရုပ်ပွားဆင်းထုတော် တဆူကိုဘဲ ကိုးကွယ်ထားတယ် ဆိုကြပါစို့၊ ဒီ ရုပ်ပွားဆင်းထုတော်ဆိုတဲ့နာမပညတ်မှာ အဆင်းဟာ ထောက်ခံထားတယ်၊ ဒါဖြင့် ဒီနာမပညတ်ဟာ ဘယ်သူကမှည့်ခေါ်လာတာလဲ၊ အဲဒါ ဘယ်သူကမှည့်ခေါ်လာတယ်ဆိုတာကို ရှာလို့မရတော့ပါ၊ ဒီတော့ ဒီနာမပညတ်ဟာ အတိတ်သဘောပါ၊ ဒါဟာ ကိုးကွယ်သူရဲ့အစွဲပါ၊ ဒါဖြင့် ဒီ အစွဲဘုရားကကော အကျိုးမပေးဘူးလား၊ ပေးနိုင်တယ်၊ နိဗ္ဗာန်ချမ်းသာကိုသာ မပေးနိုင်တာပါ၊ ကောင်းရာသုဂတိကိုတော့ ပို့ပေးနိုင်တယ်၊ ဘာ့ကြောင့်လဲ ဒီ ရုပ်ပွားဆင်းထုတော်မှာ ပစ္စုပ္ပန် ပရမတ္ထဂုဏ်နဲ့ပြည့်စုံနေတယ်၊ ဒါကြောင့် အကျိုး

ပေးနိုင်တာပါ၊ ဒါကြောင့် ဒီ ရုပ်ပွားဆင်းထုတော်တွေကို စွန့်ပစ်လို့မရပါ။

ဒီတော့ ဘုရားရှင်မှာ နိဗ္ဗာန်သို့ ပို့ဆောင်နိုင်တဲ့ ဂုဏ်တွေဟာလဲ အများကြီး ရှိနေတယ်၊ ဒီသဘာဝတွေကိုလဲ နားလည်ထားရမယ်၊ ဒါ့ကြောင့် ဒီဆင်းထုတော် ရုပ်ပွားတော်ကို စွန့်လို့မရပါ၊ ဒီတော့ အာနာပါနတရားတော်ကြီးဟာ ဂိုဏ်းပညာထဲကို ရောက်သွားရင် အိမ်ရာထောင် မဂ်ကို မရနိုင်တော့ပါ၊ ဒါ့ကြောင့် ဒီဂိုဏ်းပညာထဲ မရောက်အောင် (၀၁) ပရမတ်မထောက်ခံတဲ့ ပညတ်ထဲ မကျအောင် ပရမတ် ထောက်ခံတဲ့ ပညတ်ကိုလိုက်ရှာပါ၊ ဒီတော့ " စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ " ဒါကို အခြေခံထားပြီး ထွက်လေ ဝင်လေကို နှာသီးဖျားနဲ့ နှုတ်ခမ်းဖျားကနေပြီး မှတ်လာတဲ့အခါမှာ ထွက်လေဝင်လေဟာ နှာသီးဖျားနဲ့ နှုတ်ခမ်းဖျား အရပ်ကို ထိပြီး ထွက်သွားတယ်၊ဝင်လာတယ်၊ဒီလိုထိသွားတာသည်ပင် ဖေါဋ္ဌဗ္ဗ ပထဝီဘဲမဟုတ်လား၊ ဒီထိလာတာကို မှတ်လာကြတော့ ကာယပသာဒ ပထဝီလို့ခေါ်တယ်။

ဒီတော့ ဖေါဋ္ဌဗ္ဗပထဝီသညာနဲ့၊ ကာယပသာဒ ပထဝီ ၂ပါး ပေါ်တိုင်း ပေါ်တိုင်း မပျောက်အောင် မှတ်ဆိုပြီး မှတ်ခိုင်းလာတယ်၊ ဒါက အဘိဓမ္မာနည်းပါ၊ ကိုင်း ထွက်တဲ့လေနဲ့ ဝင်တဲ့လေမှာ သညာလေး ၂-လုံး ရှိနေတာကိုသိပြီလား၊ ဒီတော့ ဝင်လေမှာ အဆင်းသညာ၊ထွက်လေမှာ အကြည်သညာပြဋ္ဌာန်းနေတယ်၊ ဒီသညာလေး ၂-လုံးဟာ ထွက်လေ-ဝင်လေကို ရှုမှတ်ပါများလာတော့ ဝိညာဏ်ရိပ်မှာ ထင်လာတော့တယ်၊ ဥပမာ ကျက်မှတ်ထားတဲ့ စာတောင်မှ ဝိညာဏ်ရိပ်ထဲဝင်လာမှ စာပြန်

လို့ရလာသလို အခုလဲ ဒီသညာလေး ၂-လုံးဟာ ဝိညာဏ်ရိပ်ထဲမှာ ထင်လာရမယ်၊ အဲဒါ ဝိညာဏ်ရိပ်ထဲကို သတိအနေနဲ့ ဝင်ရမယ်၊ ဒီလိုသတိလေးအနေနဲ့ ဝင်သွားတာကို အဘိဓမ္မာက စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်ဆိုပြီး ပြလာတယ်၊ သုတ္တန်နည်းကျတော့ သတိလို့ မဟာသတိပဋ္ဌာန်တရားတော်ကြီးမှာ ဟောကြားလာတယ်။

ဒီတော့ အဆင်းသညာနဲ့ အကြည်သညာ ၂-ပါးဆုံတဲ့အခါမှာ စက္ခုဝိညာဏ်သညာ ဖြစ်လာတာကို ဘုရားရှင်က "စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"လို့ ဟောကြားလာတာပါ၊ ဒီတော့ အဆင်းသညာနဲ့ အကြည်သညာ ဒီ ၂-ပါးကပေါင်းဆုံပေးရုံသာရှိတယ်၊ စက္ခုဝိညာဏ် သညာကမှတ်ပြီး သတိလေးအနေနဲ့ မနောဝိညာဏ်ထဲကို ယူသွားတယ်၊ ဒီတော့ အဆင်းသညာ၊ အကြည်သညာတို့ဟာ မပြဋ္ဌာန်းတော့ဘဲ ပညတ်ရိပ်အနေနဲ့သာ လိုက်ရမည်၊ အဲဒါ အဆင်းသညာ နာမပညတ်၊ အကြည်သညာသဏ္ဌာနပညတ် ဒီအနေနဲ့လိုက်ရတယ်၊ ဒီတော့ သတိလေးမြဲလာအောင် ပညတ်ရိပ်အနေနဲ့ စောင့်ရှောက်လာရတယ်၊ ဒီတော့မှ ဝိညာဏ်ကြီးက ပညတ်ရိပ်ကို ဆွဲလာတယ်၊ ဒီတော့မှ ပညတ်ရိပ်ဟာမြဲလာတယ်။

ဒီတော့ ပညတ်ရိပ်ကို ၂-မျိုးခွဲလိုက်ပါ၊ ဒီတော့လေကြောင်းနိမိတ်ဟာ အကြည်ဓာတ်တွေမှာ ပေါ်လာပြီ၊ ဒီလိုပေါ်ပြီးမြဲနေမှ ရုပ်နာမ်ကူးဆိုရင် ဘယ်လိုကူးမလဲ၊ ဒီပညတ်ရိပ်တွေကို ရုပ်နာမ်ဆိုပြီး မကူးပါနဲ့၊ ဒီပညတ်ရိပ်တွေ သည်းဆိတ်မှ ပရမတ်ရုပ်နာမ်ကိုတွေ့မယ်၊ ဒီတော့ ပရမတ်ကို မတွေ့အောင် ပညတ်တွေက ဖုံးကွယ်ထားတယ်၊ တချို့ဝိပဿနာဆရာကြီးတွေက

သံဃာကိုဘုန်းကြီးက ကွယ်နေတယ်လို့ ဟောပြောလာကြတယ်၊ ဒီတော့ပရမတ်အစစ်ကိုတွေ့ချင်ရင် ဒီလေကြောင်းနိမိတ် ပညတ်လေးကို သုဉ်းဆိတ်အောင် လုပ်ရမယ်၊ ဒီတော့နာမပညတ်နဲ့ သဏ္ဌာနပညတ် ၂ ပါးကို ဘယ်လို ဆွဲထုတ်မလဲ၊ ဒီသဘာဝကို စဉ်းစားပါ။

ပြောပြမယ်၊ ဆွဲထုတ်တယ်ဆိုတာဟာ ဘာကိုခေါ်တာလဲ၊ အဲဒါသဘာဝကိုမြင်သွားတာကို ဆွဲထုတ်တယ်လို့ ခေါ်တယ်၊ ဒီတော့ သဘာဝအနေနဲ့ မြင်အောင်ကြည့်ရမယ်၊ ကြည့်ပုံကို ပြောပြမယ်၊ ထွက်တဲ့လေရဲ့လေကြောင်းနိမိတ်လေးထွက်နေတာဟာ သူ့သဘာဝနဲ့သူ ထွက်နေတာလား လေလှေးထွက်လို့ မှတ်လာတာလား သူ့ဟာသူထွက်တာလား ဆိုတာကိုသိရအောင် လေကို မရှူဘဲအောင့်ထားလိုက်ပါ၊(ဝါ) အသက်အောင့်ထားလိုက်ပါ၊ ဒီလိုအသက်အောင့်ထားတဲ့အခါမှာ ဒီလေကြောင်းနိမိတ်လေးဟာ မရပ်ဘဲထွက်နေရင် သူ့သဘာဝအတိုင်းဖြစ်နေပြီလို့ယူပါ၊ ဒီတော့ အသက်အောင့်ထားတဲ့ အခါမှာ ဒီလေကြောင်းနိမိတ်လေးဟာ ရပ်နေရင်သူ့သဘာဝအတိုင်း မဟုတ်သေးပါ၊ ဒီလိုစစ်ရမယ်၊ ဝင်တဲ့လေကိုလဲ ဒီအတိုင်းဘဲစစ်ကြည့်ပါ ရပ်နေသေးရင် သူ့သဘာဝအတိုင်း မဟုတ်သေးပါ၊လေကြောင့်ဖြစ်နေတာပါ၊ ဒီတော့သူ့သဘာဝအတိုင်း ဖြစ်အောင် အားထုတ်ရမယ်။

ဒီလို စမ်းသပ်လို့ သဘာဝအတိုင်း မှန်သွားရင် ထွက်လေဝင်လေမှာကို သတိမထားတော့ဘဲ အပ်ချိမျှင်သေးပမာ၊ ဖလီချောင်းလေးပမာ ဖြစ်နေတဲ့လေကြောင်းနိမိတ်လေးဟာ ဘယ်ကစပြီး ဖြစ်လာသလဲဆိုတာကို လိုက်ရှာရတော့မယ်၊ ဒါဟာ

အမှတ်မြဲလာတဲ့ အဘွက် (ဝါ) ခဏိကသမာဓိလေး ရလာတဲ့ အတွက် လိုက်ရှာလို့ရလာပြီ၊ မိမိစိတ်ဟာထားချင်တဲ့နေရာမှာ ထား ထားလို့ရလာပြီ၊ ဒီတော့ထွက်လေဝင်လေဟာ ဘယ်က စပြီးထွက်လာတယ်၊ ဘယ်ထိအောင် ဝင်သွားတယ်ဆိုတာကို ရှာတဲ့အခါမှာ နာမရူပပရိစ္ဆေဒဉာဏ်ဟာဝင်လာပြီ၊ ဒါဟာ လက္ခဏ,ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ဒီ-၄ ချက်သဲ ခင်ရတော့မယ်။

ဒီတော့ ထွက်တဲ့လေနဲ့ ဝင်တဲ့လေဟာ ဘယ်ကစပြီးဖြစ်လာ သလဲဆိုတာကို ရှာတဲ့အခါမှာ သညာဝိညာဏ်အမြင်မစင်ကြယ် သေးတဲ့သူတွေကျတော့ အမှတ်လေးကနေ ထွက်လာတာပါလို့ ပြောမယ်၊ သညာဝိညာဏ်အမြင်စင်ကြယ်တဲ့ သူတွေကျတော့၊ ဝိညာဏ်ရဲ့ အရိပ်မှာရှိတဲ့ သတိလေးရဲ့ ဗျာပါရလေးကနေပြီး ထွက်လာတာပါလို့ ပြောမယ်၊ ဒီသဘာဝတွေကို မြင်လာတဲ့ အခါမှာ ဒီလေလေးထွက်လာတာကို မထွက်နဲ့ဆိုပြီး သတိလေး ကိုလဲရပ်လိုက်ရော ဝိညာဏ်ရိပ်ကြီးဟာပျောက်ပြီး သဘာလေး ဟာ ဥကျောက်အိမ်ထဲဝင်သိုက်တာနဲ့ နာမ်သဘောလေးကို လာတွေ့တော့မယ်။

ဒါဟာအားထုတ်တဲ့ပုဂ္ဂိုလ်ရဲ့ သမာဓိအရိပ်မှာကို သဘာလေး ဟာ ဦးကျောက်အိမ်ထဲကိုရောက်သွားတာနဲ့ ဥကျောက်အိမ်ကြီး ထဲမှာရှိနေတဲ့ မီးခွတ်လေးဟာ ဟုန်းကနဲတောက်လိုက်သလို တောက်သိုက်တာကို ဝေဒနာလေးပေါ်လာတယ်လို့ခေါ်တယ် လို့ပြောတာပါ၊ ဒါကိုနာမ်သဘောလေး ထွက်လာတယ်လို့ ပြောတာ၊ ဒါဟာအမြဲထာဝရ မဟုတ်ပါ၊ တခါ-နှစ်ခါ သာလျှင်ပေါ်တယ်၊ ဒီတော့ကိုယ်ရဲ့ ဥကျောက်အိမ်မှာ ရှိတဲ့ မီးခွတ်တွေကို မမြင်ရင် ပစ္စည်းဥစ္စာတောင်ရှာဖွေလို့မလွယ်ပါ၊

ဒီမီးခါတ်တွေကို မြင်လာမှ (ဝါ) ဒီမီးခါတ်တွေပေါက်လာမှ မီးပွါးဥစ္စာတွေကို ရှာဖွေလို့လွယ်ပါတယ်၊ ဒီနာမ်သဘာဝလေးကို တွေ့ရင် အပြင်ထွက်ပြီးရုပ်တရားကိုရှာပါ၊ ဒီတော့ပဋ္ဌမ နာမ်သဘောကို အရင်ဖမ်းရမယ်၊ ဒီတော့အာနာပါနံတရားဟာ နာမ်တရားကို အမှူးထားပြီး အရင်ရှာရမယ်၊ ဝိပဿနာကျ တော့ ရုပ်တရားကို အမှူးထားပြီးအရင်ရှာရမယ်။

ဒီတော့ ဝိပဿနာကို ကျမ်းကျေလာရင် ဌာန် ၄-ချက်နဲ့ ချလိုက်တဲ့အခါမှာ နားလည်သွားပြီ၊ ကိုင်း…ထပ်ပြောပြအုံးမယ်၊ အဆင်းသညာက လက္ခဏ၊ အကြည်သညာက ရသ၊ အမြင်သဘော စက္ခုဝိညာဏ်သညာက ပစ္စုပဋ္ဌာန်၊ အသိသဘော မနောဝိညာဏ်သညာက ပဒဋ္ဌာန် ဒီလိုချရမယ်။ ဒီ သညာလေး ၄ လုံးကို အာနာပါနတရားကြီးနဲ့ ကြိတ်ချေလိုက်ရင် ဘယ်သဘာဝကျန်မလဲ၊ ဒီတော့ အဆင်းသညာ၊ အကြည်သညာတွေဟာ အလကားပါ၊ ဒီ သညာတွေဟာ ကြိတ်ချေတဲ့အထဲကို ပါသွားမယ်၊ ဒါဟာ အသုံးမကျတဲ့ အတိတ်သညာနဲ့အနာဂတ်သညာတွေပါ၊ ဒီ သညာ ၂-ကောင်ကို ပညတ်ဘက်ကိုချလိုက်ပါ၊ ချလိုက်တဲ့အခါမှာ ဒီ အဆင်းသညာနဲ့ အကြည်သညာတို့ဟာ ကျသွားမယ်။

ဒီတော့ အမြင်သဘော စက္ခုဝိညာဏ်သညာနဲ့ အသိသဘော မနောဝိညာဏ်သညာတို့သာကျန်မယ်၊ ဒီ ၂-ခုကို တခါထပ်ပြီး ချလိုက်ရင် ဘာကျန်မလဲ၊ ဒီတော့ အဆင်းနဲ့အကြည် ဆုံတဲ့ အခါမှာ သန္တိပုနမီးခါတ်ကနေ ထွက်ပြီးမှတ်လိုက်တော့ စက္ခုဝိညာဏ်သညာဖြစ်လာတယ်၊ ဒါကို ကိုင်ထားပါ၊ ဒီကနေမှ မနောဝိညာဏ်ဖြစ်လာတယ်၊ (ဝါ) အသိသဘောသညာဖြစ်လာ

တယ်၊ ဒီသညာ ၂-လုံးကိုလဲ ကြိတ်ချေလိုက်ရင် ဘာကျန်မလဲ ဆိုတော့ နာမသဘောလေးကျန်မယ်၊ (ဝါ) နာမ်သဘောလေး ထွက်လာတော့မယ်၊ ဘယ်လိုထွက်လာတာကိုတွေ့မလဲ၊ ဒီတော့ မနောဝိညာဏ် သညာထဲမှာကို စက္ခုဝိညာဏ် သညာလေးဟာ ကိန်းနေတာကို လာတွေ့တော့မယ်။

ဒီတော့ အာရုံနဲ့တွေ့တဲ့အခါမှာ သန္တာပွနမ်းခေတ် ပွင့်နေတာကို စက္ခုဝိညာဏ်လို့ ပြောတာပါ၊ ဒါကိုဘဲ မြင်မှုနာမ်ခေတ် လေး ပေါ်လာတယ်လို့ ပြောတာပါ၊ နားလည်အောင် အရပ်စကားအနေနဲ့ ပြောရမယ်ဆိုရင် သန္တာပွနမ်းခေတ် ပွင့်တာဟာ ပိုးစုန်းကြူးများလက်နေသလို လက်နေတာကိုခေါ်တယ်၊ ဒီတော့ မနောဝိညာဏ်ကြီးထဲမှာ ကိန်းနေတဲ့ စက္ခုဝိညာဏ် သညာလေးက အာရုံကိုထွက်ပြီးဆွဲတာကို နာမ်ခေတ်လို့ပြောတာပါ၊ နားလည်ပြီလား၊ ဒီတော့ အဋ္ဌကထာဆရာကြီးတွေဟာ သုတ္တန္တဘာဇနီယနည်း၊ အဘိဓမ္မာဘာဇနီယနည်း၊ ပဉှာပုစ္ဆကနည်းဆိုပြီး နည်း ၃-နည်းဖြင့် ဖွင့်လာကြပါတယ်၊ ရှင်တော်မြတ်ဟာလဲ ဒီ နည်း ၃-နည်းဖြင့်ရင် တရားတော်တွေကို ဟောကြားလာပါတယ်၊ ယခုဟောလိုက်တဲ့သဘာဝတွေကို နားလည်ပြီလား။

နက်ဖြန်ကျရင် ပုံစံနှင့်တကွထုတ်ပြီး နောင်ကို တထစ်ကျ ဟောပြောနိုင်အောင် ဟောပြအုံးမယ်၊ ဒါမှ နည်းအမျိုးမျိုးနဲ့ ဟောပြောနိုင်မယ်၊ ရုပ်နာမ်ရဲ့သဘာဝကို နားလည်ပြီလား၊ ဒီနေ့ ပေါ်ထုတ်ရမဲ့ရုပ်နာမ်ဟာ အာရုံ၊ အာရမ္မဏိကရုပ်နာမ်ပါ၊ ဒါဟာ သညာဝိညာဏ်ကဆွဲတဲ့ ရုပ်နာမ်မဟုတ်ပါ၊ ဒီရုပ်နာမ်ကို မြင်သွားရင်ဘဲ ရှေ့ကိုတခါထဲ တက်သွားနိုင်ပြီ၊ အဲဒါ တရားအနေနဲ့တောင် မဟုတ်တော့ဘဲ လောကီစီးပွါးရေး၊ကြီးပွါးရေး

ကျန်းမာရေးတွေဘက်မှာလဲ ပြည့်စုံလာတော့တယ်၊ ဒီ အာနာ ပါနတရားသည်ပင် ရဟန်းတရားဘဲ မဟုတ်လား၊ ဒီတရားကို ကြိုးစားအားထုတ်သွားရင် သာသနာပြုလာနိုင်ပြီ၊ ကိုင်း တရား ဘက်ကို သွားလိုက်ပါအုံး၊ ဒီတော့ ရုပ်ကိုတွေ့ရင် နာမ်ကိုလဲ တွေ့တယ်၊ နာမ်ကိုတွေ့ရင်လဲ ရုပ်ကိုလဲတွေ့တာဘဲ၊ ပြဋ္ဌာန်းတဲ့ နေရာမှာကတော့ နာမ်တရားက ပြဋ္ဌာန်းတယ်၊ ရုပ်တရားက မပြဋ္ဌာန်းပါ၊ တွေ့တဲ့မြင်တဲ့နေရာမှာတော့ အတူတူပါဘဲ။

ပြောပြမယ်၊ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ဒီ ၄-ချက်မှာ "ဉပဋ္ဌာနကရသော၊ ဉာဏ်အားရှေ့ရှုထင်သော အခြင်းအရာ သည်ရင်း။ ဖလံဝါ၊ အကျိုးတရားသည်ရင်း။ ပစ္စုပဋ္ဌာန်နာမ၊ ပစ္စုပဋ္ဌာန်မည်၏" ဒီတော့ အခု ပစ္စုပဋ္ဌာန်နဲ့ ပဒဋ္ဌာန်ကို အရင် ရှင်းပြရမယ်၊ ဒီတော့ ပစ္စုပဋ္ဌာနကို ပုဒ်ခွဲရင်....ပတိ-ဉပဋ္ဌာန၊ ပတိ သဒ္ဒါက ဉာဏ်ကိုဟောတာပါ၊ ဉပဋ္ဌာန-က ရှေ့ရှုပြီးထင်တဲ့ အခြင်းအရာပါ၊ ဒါကြောင့် ဉာဏ်အားရှေ့ရှုထင်သော အခြင်း အရာသည်ရင်းလို့ ပြလာတာပါ၊ ဒီတော့ ယခု ပစ္စုပဋ္ဌာန်နဲ့ ပဒဋ္ဌာန်ကိုသာ ရှင်းပြပါတော့မယ်၊ ဒီတော့ သညာလေး ၄-လုံး မှာ အဆင်းသညာ, အကြည်သညာ ဒီ ၂-ခုကို သိမ်းပြီးပြီ၊ ယခု အမြင်သဘော စက္ခုဝိညာဏ်သညာနဲ့ အသိသဘော မနော ဝိညာဏ်သညာ ဒီ ၂-ခုသာကျန်တော့တယ်၊ ဒါဟာ သံမဏိခဲ လေးတွေပါ။

ဒီ ၂ ခုမှာ ဖြစ်ရာအိမ်လေးတွေအနေနဲ့ ဆောက်နေကြတယ်၊ စက္ခုဝိညာဏ်စိတ်ဖြစ်လာရင်ဘဲ စက္ခုဝတ္ထုရုပ်လေးကိုမှီပြီးတော့ ဖြစ်လာတယ်၊ ဒီ ၂-ကောင်ကို ကြိတ်ချေလိုက်မှ စက္ခုဝိညာဏ်

စိတ်လေးဟာ မနောဝိညာဏ်စိတ်မှာ ကိန်းနေတာကို သတိအနေနဲ့ ယူနိုင်လာမယ်၊ ရှေ့ပိုင်းတုံးက နာမ်သဘောကိုပြောပြလိုက်ပြီ၊ အဲဒါဟာ သန္တာပ္ပနမ်းခတ်မှာကို ဝေဒနာလေးအနေနဲ့ ပေါ်နေတာပါ၊ ဒီတော့ ထွက်လေနဲ့ ဝင်လေကို ခပ်ပြင်းပြင်းလေး ရှုလိုက်တဲ့အခါမှာ နာမ်ခတ်လေးဟာ ဥကျောက်အိမ်မှာ ပေါ်လာတော့တယ်၊ ဒါဟာ ပဥ္စဝိညာဏ်နာမ်ခတ်လေးတွေပါ ဒါကို ထပ်စဉ်းစားပါ၊ ဒါဟာ ဦးကျောက်အိမ်မှာ ဝေဒနာအနေနဲ့ ရှိနေတယ်၊ ဒီတော့ ရုပ်ခတ်ဆိုတာဟာ ဘယ်လိုဟာလဲ၊ ရုပ်ခတ်မှာ ဖဿသဘော, နာမ်ခတ်မှာ ဝေဒနာသဘောပါ။

ဒီသဘာဝတွေကို တွေ့လာရင် ဒီ နာမ်ခတ်လေးဟာ ထွက်လေ ဝင်လေမှာ လိုက်ပါသွားအောင် ရှုလာရင် ဖဿကဝင်တဲ့ လေကို ဆွဲပြီးဝင်သွားတယ်၊ ဒီတော့ ထွက်သွားတဲ့ လေဟာ အပြင်ကလေတွေနဲ့ မရောတော့ပါ၊ ဒီတော့ ထွက်တဲ့လေက ဝင်တဲ့လေလေးကို ဆွဲပြီးပြန်ဝင်လာတယ် ဒါဟာ ရှေ့ကျတော့ ထင်ရှားလာပါလိမ့်မယ်၊ ဒီတော့ အဆင်းသညာ, အကြည်သညာတွေကို ကြိတ်ချေသော်လဲ အဲဒါ ဖဿရုပ်အနေနဲ့ ကျန်နေသေးတယ်၊ ဒီသဘာဝကို ဘာ့ကြောင့် ကြိတ်ချေလို့မရသလဲ၊ အဲဒါ သိမ်မွေ့တဲ့ရုပ်သဘောမို့လို့ပါ၊ ဒါကြောင့် အဆင်းနဲ့ အကြည်ဆုံလိုက်တဲ့ဗျာပါရဖြစ်တဲ့ ဖဿလေးဟာ ကျန်နေတယ်၊ ဒါဟာ ပဥ္စဝိညာဏ်ကရှေ့ရှုပြီးဆွဲယူလိုက်တဲ့ သတိလေးမှာကိုပါသွားပြီ။

ဒီတော့ ဘယ်လိုဘဲချေချေ နာမပညတ်နဲ့ သဏ္ဌာနပညတ်သာ ကျေပြီး ၂-ပါးဆုံတဲ့ ဖဿလေးဟာ ကျန်နေတယ်၊ ဒါဟာ ဝိညာဏ်ကြီးက ဆွဲယူသွားတဲ့ သတိလေးဟာ ဖဿအနေနဲ့ ပါ

သွားတယ်၊ ဒါကို အာရုံသဘောလို့ ခေါ်တာပါ၊ ဒါက ရုပ်သဘောပါ၊ နာမ်သဘောက အာရမ္မဏိကသဘောပါ၊ အာရုံသဘောဆိုတာက ဖဿရုပ်ပါ၊ ဖဿဆိုတာဟာ နှစ်ပါးဆုံတဲ့ သဘောလေးပါ၊ (ဝါ) နှစ်ပါးဆုံတဲ့ဗျာပါရလေးပါ၊ ဒါဟာ သတိလေးမှာကို အာရုံလေးအနေနဲ့ ပါသွားတာပါ၊ ဒီလိုရုပ်မျိုးကို လက္ခဏာသဘော ထုတ်လို့မရပါ၊ ဒီရုပ်မျိုးကို "ရူပယတိတိ ရူပံ" ရူပယတိ၊ ပေါင်းစုတတ်၏။ ဣတိ၊ ထို့ကြောင့်။ ရူပံ၊ ရုပ်မည်၏။ အဲဒါ ပေါင်းစုတဲ့အနေလောက်သာ ယူလို့ရတော့တယ်၊ ဒါဟာ သညာကပ်လို့မရတော့ပါ။

သူ့ရဲ့သဘာဝဟာ ပေါင်းစုတဲ့သဘောလောက်သာ လုပ်လို့ရပါတော့တယ်၊ အချုပ်မှာ ထွက်တဲ့လေဟာ ဝင်တဲ့လေကို ဆွဲယူလာတာသည်ပင် အာရုံသဘောပါ၊ ထွက်တဲ့လေမှာကို ဝင်တဲ့လေလေးဟာ ပါသွားပြီ၊ ဒါကို.... ရူပယတိ-ပေါင်းစုတဲ့ သဘောလို့တင်လိုက်တာပါ၊ ဝိပဿနာအနေနဲ့ကျတော့ "ဥပဋ္ဌာနကရောဝါ ဖလံဝါ ပစ္စုပဋ္ဌာန်နာမ" အဲဒါ ဉာဏ်အားရှေ့ ရှုထင်သောအခြင်းအရာသည်၎င်း၊ အကျိုးတရားသည်၎င်း၊ ပစ္စုပဋ္ဌာန်လို့တင်လာတာပါ။ ဒါကို ရုပ်နာမ်ခွဲတော့ ရှေ့ရှုပြီးဆွဲ တဲ့သဘောက နာမ်သဘောပါ၊ မဟာသတိပဋ္ဌာန် နည်းနဲ့ကျ တော့ ရှုတတ်တဲ့သဘောပါ၊ ရုပ်သဘောကျတော့ ရှေ့ရှုထင် တာက ရုပ်သဘော ရှုအပ်တဲ့သဘောပါ၊ ဒီအနေနဲ့ပြောလို့ ရတယ်။

ဒီတော့ အာနာပါနတရားကို အားထုတ်တဲ့အခါမှာ လေ ကြောင်းနိမိတ်တွေပျောက်၊ ပညတ်သဘောတွေပျောက်ပြီးတော့

ရှုအပ်တဲ့သဘောနဲ့ ရှုတတ်တဲ့သဘောသာကျန်တော့တယ်၊ ဒါကို ရှုအပ်တဲ့သဘောက အာရုံသဘောရုပ်၊ ရှုတတ်တဲ့ သဘောက အာရမ္မဏိက သဘောနာမ်-ဆိုပြီး မိမိရဲ့ စိတ်ဝိညာဏ်ထဲမှာကို မြင်နေပြီ၊ ဒါဟာဘယ်တော့မှ မပျောက်ပျက်တော့ပါ၊ သတိလေးဟာ အမြဲထင်နေပြီ၊ ဒီလိုထင်နေရင် ကိလေသာတရားတွေဟာ မဝင်နိုင်တော့ပါ၊ ( ဝါ ) ဝင်လို့မရတော့ပါ၊ ကိုင်းနက်ဖြန် ပုံစံအသစ်ပြောင်းပြီး ရုပ်နာမ်ကို ထပ်ထုတ်ပြအုံးမယ်၊ ဒါဟာ ပဋ္ဌမတံခါးရဲ့ လုပ်ငန်းစဉ်ပါ။

# ညဟောစဉ်။

ဒီတော့မိမိရဲ့အိမ်မှာ အာနာပါနတရားကြီးကို အားထုတ်တဲ့ အခါမှာ အနှောက်အယှက်တွေ များပြားလှပါတယ်။ ဒီတော့ အင်း-ဆေး-မှော် အစရှိတဲ့လောကီပညာရပ်တွေဟာလဲဒီအာနာ ပါနတရားကိုဘဲ အားထုတ်ကြပါတယ်၊ ဈာန်သမာပတ်တွေ ရအောင်လဲ ဒီအာနာပါနကိုဘဲ အားထုတ်ကြတယ်၊ ဒါကို လောကီအာနာပါနလို့ ခေါ်တယ်၊ ဒီတော့ကမ္ဘာကြီး ရှိလာရင် သတ္တဝါတွေဟာလဲရှိလာတယ် သတ္တဝါတွေရှိလာရင် ဒီလောကီ အာနာပါန တရားကြီးဟာလဲရှိလာတာဘဲ၊ ဒီအာနာပါနဲ့တရား ဟာ လောကီအာနာပါနတရားပါ၊ ဒါကိုကမ္ဘာ့တရား (ဝါ) ဓမ္မတာတရားလို့လဲ ခေါ်တယ်၊ ဒီတော့အာနာပါနတရားဟာ အင်မတန်မှ ကျယ်ဝန်းပါတယ်၊ ကိုင်းဒီတော့ ယခုလောကုတ္တ ရာအာနာပါနတရားကို လုပ်ငန်းစဉ်ပေးလာတာဟာ မနေ့က ပရမတ်ထောက်ခံတဲ့ပညတ်နဲ့ ပရမတ်မထောက်ခံတဲ့ ပညတ်ကို ခွဲပြလိုက်ပြီ။

ဒီတော့ "သော သတောဝ အဿသတိ၊ သတောဝ ပဿ သတိ" လို့ဆိုတဲ့အတိုင်း ထွက်လေဝင်လေကို မှတ်ပါများလာ ရင်ဘဲ စိတ်ဝိညာဏ်မှာကို သတိလေးဟာဝင်လာပြီ၊ ဒါဟာ ထင်ရှားသွားပြီဘဲမဟုတ်လား၊ ဒီကနေရုပ်နာမ်ကူးဆိုရင် ဘယ် လိုကူးမလဲ၊ ဒီတော့အာနာပါနတရားကို ဘယ်သူဘဲပွါးပွါး ပွါး များပါများလာရင် နာမနဲ့သင်္ကာနပညတ် ၂-ပါးဟာပေါ်လာ ပြီ၊ အဲဒါ အဖြူဝိုင်းပမာ၊ အနီဝိုင်းပမာ ပေါ်လာတော့တယ်၊ ဒီနိမိတ်တွေဟာ လောကီအာနာပါနကသုံးတဲ့ နိမိတ်တွေပါ၊ ဒီကနေရုပ်နာမ်ကူးလို့မရပါ၊ ဘာ့ကြောင့်လဲ၊ ထောက်ခံတဲ့

ပရမတ်သဘောမရှိလို့ပါ၊ ပရမတ်ထောက်ခံတဲ့ ပညတ်နိမိတ် ကျမှ ရုပ်နာမ်ကူးလို့ရမယ်၊ ပရမတ်ထောက်ခံတဲ့ ပညတ်ဆိုဟာ ဘာကိုခေါ်သလဲ၊ "စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" လို့ပြလာတဲ့အတိုင်း ပရမတ်ထောက်ခံတဲ့ပညတ်ကို ခွဲပြလာခဲ့ပြီ၊ ဒီတော့ ထွက်လေဝင်လေမှာကို ပရမတ်ထောက်ခံတဲ့ ပညတ်ဟာ ဘယ်လိုပေါ်မလဲ၊ ဒါဘဲရှိတော့တယ်။

"တိက္ခ ဟာသ၊ ဇဝန ဂမ္ဘီ၊ ဉာဏ်လေးလီဖြင့်၊ အခွံကိုခွါ အဘာကိုရှား၊ အသားကိုချေ၊ အနှစ်ကိုတေနိုင်မှ သဘာဝ အနတ္တဉာဏ် တင်မြင်နိုင်သည်၏ အဖြစ်ကိုရင်း" လို့ ပြလာတဲ့ အတိုင်း တကဲ့ကိုသဒ္ဓါတရားတွေထားပြီး ယခုညပိုင်းမှာကိုတရား ဖွင့်ပြနေတာပါ၊ ဒီတရားကိုပေးတဲ့ပုဂ္ဂိုလ်ကပေးတဲ့အခါမှာ ယူတဲ့ ပုဂ္ဂိုလ်ကလဲ ယူနိုင်လာမှ အဆင်ပြေလာမယ်၊ ဒီတော့ ဒီတရားကို ဗဟုသုတအနေနဲ့ နာယူလို့မရပါ၊ ကိုယ်တွေ့လက်တွေ့အနေနဲ့ အားထုတ်ယူမှ ရပါဘယ်၊ ကိုင်းဒီတော့ ထွက်လေဝင်လေကနေ ပရမတ်ထောက်ခံတဲ့ပညတ်ဟာ ဘယ်လိုပေါ်မလဲ၊ ဒါကိုစဉ်း စားပါ၊ ဒီတော့ "သော သတော၀ အဿသတိ၊ သတော၀ ပဿတိ" လို့ပြလာတဲ့အတိုင်းထွက်လေဝင်လေကိုမှတ်ပြီးပညတ် လေးပေါ်လိုက်စမ်းပါ၊ လက်တွေ့အားထုတ်တဲ့ ပုဂ္ဂိုလ်ကျတော့ သူ့ဟာသူမြင်လာပြီ၊ ဘယ်လိုပေါ်မလဲ၊ အဲဒါအားမထုတ်ဘူး တဲ့သူတွေကို သိအောင်ကြံဖန်ပြီး ယခုပြောဟောနေရဘယ်၊ ပရမတ်ထောက်ခံတဲ့ ပညတ်ဟာ ဘယ်လိုပေါ်မလဲ၊ အခုပဥ္စာ ပုစ္ဆာကနည်းအနေနဲ့ ဟောနေတာပါ။

ကိုင်းဘယ်လိုပေါ်မလဲ၊ ဒီတော့ဘုရားရှင်ဟာ တရားတော် တွေကို ဟောကြားတဲ့အခါမှာ သုတ္တန္တဘာဇနီယနည်း, အဘိ

ဓမ္မာဘာဗနိယနည်း၊ ပဥ္စပုစ္ဆကနည်း-ဒီနည်း ၃-နည်းနဲ့ဟော ကြားလာပါတယ်၊ ဒီတော့ သုတ္တန္တဘာဇနီယနည်းနဲ့ အဘိဓမ္မာ ဘာဇနီယနည်းဟာ သတ္တဝါတွေရဲ့ အာသယကို ကြည့်ပြီးတော့ ဟောကြားတာပါ၊ ပဥ္စပုစ္ဆကနည်းက အမေးပုစ္ဆာပြီး အဖြေရမှ ဟောကြားတဲ့နည်းပါ၊ ဒီနည်း ၃-ချက်နဲ့သာ ဟောကြားတော်မူသွားပါတယ်၊ဒီတော့ထွက်လေဝင်လေကို မှတ်လာတဲ့ အခါမှာ ပရမတ်ထောက်ခံတဲ့ပညတ်ရိပ်ဟာ ဘယ်လိုပေါ်မလဲ၊ "စက္ခုံစ ပဋိစ္စ (လှ) စက္ခုဝိညာဏံ" လို့ပြလာတဲ့အတိုင်း ထွက်တဲ့ လေနဲ့ဝင်တဲ့လေဟာ ဘယ်မှာထိပြီးထွက်သလဲ၊ ဝင်သလဲ၊ ထွက်တဲ့လေက နှုတ်ခမ်းဖျားကိုထိပြီး ထွက်သွားတယ်၊ ဝင်တဲ့ လေဟာလဲ နှာသီးဖျားကိုထိပြီး ဝင်လာတယ်၊ ဒါကိုဖောဋ္ဌဗ္ဗ သညာလို့ခေါ်တယ်။

ဒီဖောဋ္ဌဗ္ဗသညာ ထိတိုင်းထိတိုင်း မှတ်လာတာပါ၊ ဘယ်သူက မှတ်လာသလဲ၊ ကာယပသာဒအကြည်သညာက မှတ်လာတာပါ၊ ဒီတော့ ထွက်တယ်-ဝင်တယ်ဆိုတာဟာ ဒီဖောဋ္ဌဗ္ဗသညာနဲ့ ကာယပသာဒ အကြည်သညာ ဒီ ၂ပါးကနေ မှတ်နေတာပါ၊ ဒီလိုမှတ်ပါများလာတော့ အမှတ်လေးဟာ မြဲလာတော့တယ်၊ (ဥပမာ) လဘက်ရေပုဂံဆိုတဲ့အဆင်းနဲ့ မျက်စေ့အကြည်တို့ ၂-ပါးပေါင်းဆုံတဲ့အခါ ပေါင်းဆုံပါများလာတော့ လဘက် ရေပုဂံလေးဟာ မျက်စေ့အကြည်ထဲမှာ စွဲနေသလိုဘဲ၊ ယခုလဲ မှတ်ပါများလာတော့မှ ပညတ်ရိပ်လေးဟာပေါ်လာတော့တယ်၊ ဘယ်လိုပေါ်လာသလဲ၊ ဒီတော့လေကြောင်း နိမိတ်လေးဟာ အပ်ချည်မျှင်လေးပမာ ဖလ်ချောင်းလေးပမာ ပေါ်လာတယ်၊ ဒါဟာနာမပညတ်ရိပ်ပါ၊ ဒါကိုပညတ်ရိပ်ပေါ်တယ်လို့ ပြော တာပါ၊ဒါကိုရှေ့ပိုင်းတုံးကလဲဟောကြားပြီးခဲ့ပြီဘဲမဟုတ်လား။

နားလည်ပြီလား၊ ကိုယ်အားထုတ်နေတဲ့ အလုပ်ကို ပြန်ပြီး စဉ်းစားရင် ဖေါ်ဒွင်္ဂသညာနဲ့ ကာယပသာဒသညာ ဒီ-၂ပါး ဆုံတဲ့ဗျာပါရလေးကနေ နာမပညတ်လေး ပေါ်လာတာဘဲ မဟုတ်လား၊ ဒီလိုလဲပေါ်လာရော ထွက်လေ-ဝင်လေလေးဟာ အပ်ချီမျှင်လေးပမာ, ဖလ်ချောင်းလေးပမာ လေကြောင်းနိမိတ် လေးဟာ ပေါ်လာတော့တယ်၊ ကိုယ်ကမမှတ်သော်လဲ့ ဒီလေ ကြောင်းနိမိတ်လေးဟာ မပျောက်ပျက်တော့ပါ၊ အမြဲပေါ်နေ ပြီ၊ ထပ်ပြောပြအုံးမယ်၊ ပဌမ နာမပညတ်လေး ပေါ်လာတဲ့ အခါမှာ (ဝါ) လေကြောင်းနိမိတ်လေးပေါ်လာတဲ့ အခါမှာ အဲဒါ လွန်ကြီးဆွဲနေသလို, မီးရထားကြီး ခုတ်မောင်းနေသလို ကြမ်းထန်းတဲ့အနေနဲ့ အရင်ပေါ်လာတယ်၊ဒါကိုကြပ်ကြပ်ရှုမှတ် ပါများလာတော့မှ အဲဒါဖလ်ချောင်းလေးပမာ, အပ်ချီမျှင်လေး ပမာ နုနယ်စွာပေါ်လာတော့တယ်၊ ဒီအခါကျတော့ ထွက်လေ ဝင်လေကို မမှတ်သော်လဲ အမြဲပေါ်နေပြီ။

ဒါကိုစမ်းသပ်ချင်ရင် ဒီလေကြောင်းနိမိတ်လေးဟာ ငါလေ ရှူလို့ပေါ်လာတာလား၊ မရှူဘဲနဲ့ပေါ်တာလား ဆိုတာကို သိချင်ရင် အသက်မရှူဘဲထားလိုက်ပါ၊ (ဝါ) အသက်အောင့် ထားလိုက်ပါ၊ ဒီလိုအသက်အောင့်ထားလိုက်တဲ့အခါမှာ ဒီလေ ကြောင်းနိမိတ်လေးဟာ မပေါ်ရင် (ဝါ) ရပ်နေရင် ဒီလေ ကြောင်း နိမိတ်လေးဟာ စိတ်ဝိညာဏ်ထဲကို မဝင်သေးပါ၊ အဲဒါအသက်အောင့်ထားသော်လဲ ဒီလေးကြောင်း နိမိတ်လေး ဟာ ပေါ်နေရင် (ဝါ) မရပ်ဘဲထွက်လိုက် ဝင်လိုက်လုပ် နေရင် စိတ်ဝိညာဏ်မှာ ဝင်ပြီးမြဲနေပြီ၊ ဒီတော့မှ ဒီကနေ ရုပ်နာမ်ကို ရှာရတော့မယ်။

ဒီတော့ထွက်တဲ့လေနဲ့ ဝင်တဲ့လေမှာကို သညာအမှတ်လေးဟာမြဲနေရင် ရုပ်နာမ်ကိုကူးရမယ်၊ ဘယ်လိုကူးမလဲ၊ ဒီပညတ်နိမိတ်ကိုဘဲ ရုပ်နာမ်လို့ကူးမလား၊ ဒီထွက်လေဝင်လေလေးဟာ ဖလ်ချောင်းလေးပမာ၊ အပ်ချိမျှင်လေးပမာ ပေါ်နေတာကို တွေ့ရဲ့သားနဲ့ တခြားမှာ ရုပ်နာမ်သွားရှာရအုံးမလား၊ ဒီလေကြောင်းနိမိတ်လေးကို ကြပ်ကြပ်ရှုမှတ်ပါများလာရင် ဝင်သွားတဲ့လေကို ချေလိုက်ရင် ဘာထွက်လာမလဲ၊ ထွက်သွားတဲ့လေကို ချေရင် ဘာထွက်လာမလဲ ဆိုပြီး ပညာနဲ့မေးလာရမယ်၊ ထွက်လေ ဝင်လေမြဲလာရင် စိတ်ဝိညာဏ်ဟာ ဘယ်ကိုမှမသွားတော့ပါ၊ အဲဒါဝင်တဲ့လေကိုချေရင် ရုပ်သဘောထွက်မယ်၊ ထွက်တဲ့လေကိုချေရင် နာမ်သဘောထွက်မယ်၊ ဒီတော့ ဝင်တဲ့လေဟာ ဘာ့ကြောင့်ဝင်ရသလဲ၊ ဒီတော့ ဝင်တဲ့လေလေးဟာ အပ်ချိမျှင်လေးပမာ၊ ဖလ်ချောင်းလေးပမာ ထင်နေတာကို ချေလိုက်ပါ၊ သူတို့ ဘာ့ကြောင့် ပေါ်သလဲဆိုတာကို လိုက်ရှာလိုက်တော့မှ ရုပ်သဘောကို လာတွေ့မယ်။

ဒါဖြင့်ရင် ရုပ်သဘောဟာ ဘယ်သဘာဝရှိသလဲ၊ ဒီတော့ ဌာန် ၄-ချက်မှာ ပစ္စုပဋ္ဌာန်သဘောထွက်ရမယ်၊ ပစ္စုပဋ္ဌာန်ဆိုတာ ဉာဏ်အား ရှေ့ရှုထင်တဲ့သဘောပါ၊ ဒီတော့ အာနာပါနတရားကို အားထုတ်လို့ လေကြောင်းနိမိတ်လေးလဲ မြဲလာရော ဒီလေကြောင်းနိမိတ်လေးကို သိမ်းလိုက်တဲ့အခါမှာ သူရဲ့ သဘာဝကိုကြည့်ပါ၊ ဒီတော့ ဝင်တဲ့လေဟာ ပဋ္ဌမန္နာသီးဖျားမှာက လက္ခဏာ၊ ဉကျောက်အိမ်ကျတော့ ရသ၊ နှလုံးအိမ်ရင်ချိုင့်ကျတော့ ပစ္စုပဋ္ဌာန်သဘော ထွက်လာတယ်၊ ဒီတော့ သူ့ကို မေးပါ၊ မင်းဆာယ်ကပေါ်လာသလဲလို့မေးရင် နှလုံးအိမ်မှာရှိတဲ့

ဝိညာဏ်ကြီးက နှလုံးသွင်းနေတဲ့အခါမှာ သဘိလေးဟာ ဉာဏ်အားရှေ့ရှုထင်တဲ့ သဘောလေးပါ၊ ဒီကနေ ထွက်လာတာပါလို့ပြောမယ်။

ဒါဟာ သတိသာလျှင် ထွက်တယ်၊ သတိသာလျှင်ဝင်တယ်၊ သတိသာလျှင် ဖမ်းလာတယ်၊ သတိသာလျှင် ချုပ်နှောင်ထားတာကို လာတွေ့ပြီ၊ ဒါကို ရုပ်သဘောလို့ခေါ်တာပါ၊ ဒါကို မဟာသတိပဋ္ဌာန်နည်းနဲ့ကျတော့ အာရုံသဘောလို့ခေါ်တယ်၊ ဖဿသဘောလို့လဲ ခေါ်တယ်၊ ရှုအပ်တဲ့သဘောလို့လဲ ခေါ်တယ်၊ ဒီတော့ ဝင်လေဟာ ဘယ်ထိအောင်ဝင်သွားသလဲ၊ နှလုံးအိမ်ထိအောင် ဝင်သွားတယ်၊ ဒီကနေ ပျောက်သွားတယ်၊ ဒီတော့ နှလုံးအိမ်မှာ ဘာရှိသလဲ၊ ဝိညာဏ်ကြီးရှိတယ်၊ ဒီဝိညာဏ်ကြီးထဲမှာ သတိလေးဟာရှိနေတယ်၊ ဒီသတိလေးဟာ ရှေးရှုထင်တဲ့အနေနဲ့ ရှိနေတယ်၊ ဟိုတုန်းက ပေါ်လာခဲ့တဲ့ အာရုံတွေဟာ ယခု ဒီနေရာမှာ ဖဿအနေနဲ့ရှိနေတယ်၊ ဒါက ပရမတ်သဘာဝရုပ်လေးပါ၊ ဒါက ရုပ်တရားပေါ်ပုံပါ။

နောက် ထွက်တဲ့လေခတ်ကျတော့ ပရမတ်သဘောပါ၊ ဒီ ထွက်တဲ့လေမှာ လေ့ကြောင်းနိမိတ်လေးဟာလဲ မြဲလာရော ဒီ ထွက်တဲ့လေလေးဟာ ဘယ်ကစပြီးထွက်လာသလဲ၊ ချက်တိုင် ပရိပါစကမီးခတ်၊ ကမ္မဇဝါယောဓာတ်ကနေ စပြီးထွက်လာတယ်၊ ဒီ ကမ္မဇဝါယောဓာတ်ကို ချေလိုက်ရင် ဘာထွက်လာမလဲ၊ ဒီတော့ ဒုတိယတံခါးနဲ့ တတိယတံခါးကနေ သညာလေး ၅ လုံး တရှိန်ထဲဖြစ်လိုက်တဲ့အခါ (ဝါ) သန္တပ္ပနမီးခတ်နဲ့ ဥသမမီးခတ် တရှိန်ထဲတောက်လိုက်တဲ့အခါမှာ ဝေဒနာရိပ်အနေနဲ့ နာမ်ခတ်လေးဟာ ပေါ်လာတော့တယ်၊ ဒါက

အာရမ္မဏိကသဘောပါ၊ ဒီတော့ ဝိညာဏ်ရုပ်ထဲမှာ အစဉ်ရှိနေတဲ့ သတိလေးဟာ ဦးကျောက်အိမ်ထဲမှာ မီးခတ်လေးတောက်လိုက်တာကို နာမ်သဘောလို့ ပြောတာပါ၊ ဒါက အာရမ္မဏိကသဘောပါ၊ အဲဒါ ရှုတတ်တဲ့သဘော၊ ဝေဒနာသဘောလို့လဲ ခေါ်တယ်။

ဒီတော့ ပရမတ်ရုပ်နာမ်သဘောကို မဟာသတိပဋ္ဌာန်ပဋိပတ်လုပ်ငန်းစဉ်ထဲသွင်းရင် ဝေဒနာနဲ့ ဖဿသဘောပါ၊ (တနည်း) ရှုတတ်တဲ့သဘောနဲ့ ရှုအပ်တဲ့သဘောပါ၊ (တနည်း) အာရမ္မဏိကသဘောနဲ့ အာရုံသဘောပါ၊ ဒီ ၂-ချက်မှာ ခန္ဓာ လေးကောင်ကို သွင်းရင် ဘယ်ခန္ဓာထဲသွင်းမလဲ၊ ရှုအပ်တဲ့သဘောက သညက္ခန္ဓာပါ၊ ရှုတတ်တဲ့သဘောက သင်္ခါရက္ခန္ဓာပါ၊ ဒီတော့ ရုပ်တရားပြောကျရင် သညက္ခန္ဓာထွက်ရတယ်၊ နာမ်တရားပြောကျရင် သင်္ခါရက္ခန္ဓာထွက်ရတယ်၊ ဒီတော့ ဝင်လေကအာရုံသဘော၊ ဖဿသဘော၊ ရှုအပ်တဲ့သဘော၊ ပစ္စုပ္ပဋ္ဌာန်သဘော သညက္ခန္ဓာ၊ ဒါက ရုပ်သဘောဖြစ်ပြီး ထွက်တဲ့လေက အာရမ္မဏိကသဘော၊ ဝေဒနာသဘော၊ ရှုတတ်တဲ့သဘော၊ ပဒဋ္ဌာန်သဘော သင်္ခါရက္ခန္ဓာ၊ ဒါက နာမ်သဘောဖြစ်တယ်။

ဒါကိုမှ ဥဒယဗ္ဗယဉာဏ်ကိုတင်ပြီး ခန္ဓာတွေကို သေအောင်သတ်ရတော့မယ်၊ ဒီတော့မှ ဓမ္မာနုပဿနာမှာ ဥက္ကောင်းချလို့ရမယ်၊ ဒီ ဓမ္မာနုပဿနာကိုပိုင်ရင် သောတာပန်ဖြစ်ပါတယ်။

ကိုင်း....သာဓုသာ ခေါ်ကြပါတော့၊

သာဓု....သာဓု....သာဓု။

ပုံစံနံပါတ် (၁၉)



ဝါခေါင်လဆုတ် ၁၃-ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၁၉)

အခုပုံစံထုတ်လိုက်တာက မလွဲနိုင်တဲ့နည်းပါ၊ ဒီကဏ္ဍကို တံခါးထဲသွင်းချင် ပဋ္ဌမတံခါးပေါက်ပါ၊ ဝိသုဒ္ဓိမဂ်အလိုဆိုရင် လေရှည်ရဲ့စတုက္ကထဲသွင်းရမယ်၊ ဒီတော့....

ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

လို့ပြလာတဲ့အတိုင်း လေရှည် လေတိုဆိုပြီး ဘာ့ကြောင့်ဖွင့်လာသလဲ၊ ဒီတော့ လေရှည်ရှူရင် ရှူတယ်လို့သိရမယ်၊ လေတိုရှူရင် ရှူဘယ်လို့သိရမယ်၊ ဒါကိုမဟာသတိပဋ္ဌာန်တရားဘော်မှာ လေရှည်လေတိုဆိုပြီးဖွင့်လာတယ်၊ ပဋိသမ္ဘိဒါမဂ်မှာက လေရှည်စတုက္က, လေတိုစတုက္ကဆိုပြီး ၂-ခုခွဲပြီးပြလာတယ်။

အဲဒါစတုက္ကတခု-တခုမှာကို ၄-စတုက္ကရအောင် ခွဲသာတယ်၊ ဒီတော့အာနာပါနတရားတော်မှာ၄-စတုက္ကရှိတာမှာ့စတုက္ကတခုတခုမှာ ၄-ခုစီခွဲလာတာ ဖြစ်ခြင်းကြောင့် ၄-စတုက္ကဆိုတော့ ၁၆-ခုဖြစ်လာတယ်၊ ထွက်လေဝင်လေ ၂-ပါးမှာဆိုတော့ ၃၂ စတုက္ကဖြစ်လာတယ်၊ ဒီလိုပဋိသမ္ဘိဒါမဂ်မှာပြလာတယ်၊ ဒီတော့ လေရှည် လေတိုဆိုပြီး ဘာ့ကြောင့် ၂-ခုထားခွဲသလဲ- ဒါကိုရှာ

ရမယ်၊ "ဒီဃံ ဝါ အဿသန္တော (လ) ရဿံ ဝါ ပဿ သာ မီတိ ပဇာနာတိ" လို့ပြလာတဲ့အတိုင်း ဒီနေရာမှာ ဘုရားရှင်က ဥပမာ ၂-ခုထားပြီးပြလာတယ်၊ အဲဒါ ပွတ်သမားသည်ရင်း၊ ပွတ်သမားရဲ့တပည့်သည်ရင်း ပွတ်ခံတဲ့အခါမှာ အရှည်အတိုဆဲ့ပြီး ပွတ်ခံသလိုဘဲလို့ပြလာတယ်။

ဒီတော့ ဘာ့ကြောင့်ဥပမာ ၂-ခုထားပြီးပြသလဲ၊ တခုထဲ ထုတ်ပြရင် မပြီးဘူးလား၊ ဒါဟာ ပါဠိတော်၏ နက်နဲခြင်းပါ၊ ဘာ့ကြောင့်ကတ္တားပုဒ် ၂-ပုဒ်ထားပြီးပြသလဲ၊ အဲဒါပွတ်သမား သည်ရင်း၊ ပွတ်သမားရဲ့ တပည့်သည်ရင်း၊ ဆိုပြီးကတ္တားပုဒ် ၂-ပုဒ်ထုတ်ပြီးပြလာတယ်၊ ဒါဟာဘယ်လောက် သေချာသလဲ၊ ဘာ့ကြောင့်ဒီလို ၂-ပုဒ်ထားပြီးပြရသလဲဆိုတော့ လေရှည်လေ တိုရဲ့ကဏ္ဍဟာ ကိုယ့်ဟာကိုအားထုတ်လို့မရပါ၊ "သော သ တောဝ အဿသတိ၊ သတောဝ ပဿသတိ" ဆိုတဲ့ပဋ္ဌမတံခါး ကတော့ ဆရာမရှိလဲ ကိုယ့်ဟာကို အားထုတ်လို့ရတယ်၊ ယခု လေရှည်လေတိုကဏ္ဍကျတော့ ကိုယ်ဟာကို အားထုတ်လို့မရပါ၊ ဒါကြောင့် ဆရာ့ထံမှာနည်းခံပြီးမှ လေရှည်လေတိုကို ကိုင်ရ တာဖြစ်ခြင်းကြောင့်ကတ္တားပုဒ် ၂-ပုဒ်ထားပြီးဖွင့်ပြလာတာပါ။

ဒီကနေမှ ရုပ်နာမ်ကိုကူးလို့ရမယ်၊ ဒီတော့ကမ္မဋ္ဌာန်းအလုပ် မှန်ရင် ဘယ်ပုဂ္ဂိုလ်ဘဲအားထုတ်အားထုတ် ဆရာ့ထံမှာ နည်းခံ ပြီးမှ အားထုတ်ရတယ်၊ ဒါကြောင့်ဆရာ့ထံမှာနည်းခံစေလို၍ ကတ္တား ၂-ပုဒ်( ဝါ )ဥပမာ ၂-ခုထုတ်ပြီးပြလာတာပါ၊ ဒါဟာ ပါဠိတော်ရဲ့ နက်နဲခြင်းလို့ ခေါ်တယ်၊ ဒီတော့ကမ္မဋ္ဌာန်းကို အားထုတ်မယ်ဆိုရင် ( ဝါ ) အာနာပါနတရားကို အားထုတ် မယ်ဆိုရင် ဆရာရဲ့မေတ္တာစေတ်ကို အရင်ခံယူရတယ်၊ အဲဒီလို

အားထုတ်မှ လေရှည်လေတိုကိုမှုထားပြီးဖွင့်လို့ရတယ်၊ ဒီတော့ ထွက်လေဝင်လေကို မှတ်ပါများလာတော့ လေကြောင်းနိမိတ် လေးဟာမြလာပြီ၊ အဲဒါအပ်ချည်မျှင်လေးပမာ၊ ဖလ်ချောင်း လေးပမာ ဝင်တာထွက်တာကို မြင်လာမယ်၊ ဒါက သာမည လောက်သာပြောတဲ့စကားပါ၊ဒါကိုထပ်ပြီးခွဲရအုံးမယ်၊ ဒီကနေ ရုပ်နာမ်ကူးလို့မရသေးပါ၊ ဒီလေကြောင်းနိမိတ်လေးကို တံခါး ၄-ပေါက်လုံးမှာ ထင်လာအောင် အားထုတ်ရအုံးမယ်၊ ဒီလို ရှုမှတ်ပါများလာတော့မှ တံခါး " ၄ " ပေါက်မှာကို ထင်လာ တော့မယ်၊ ဒီလိုတံခါး ၄ ပေါက်လုံးမှာ လေကြောင်း နိမိတ် လေးထင်လာတာကို လေရှည်လို့ခေါ်တယ်။

ဒီလိုလဲ တံခါး ၄-ပေါက်မှာထင်လာရော ပရိပါစကမီးခဲတ် ဥသမမီးခဲတ်မှာရှိတဲ့ ပစ္စုပဋ္ဌာန်နဲ့ ပဒဋ္ဌာန်ကနေ ပရမတ်ရုပ် နာမ်ကို ကူးနိုင်လာပြီ၊ ဒီလိုကူးနိုင်လာမှ တိုဟိတ်ပုဂ္ဂိုလ်ပါ၊ ဒီကအောင် အားထုတ်နိုင်လာရင် ထိုပုဂ္ဂိုလ်မှာ သက်ထန့်ရောင် ကြီး ပေါက်လာတော့မယ်၊ သာမညလို့မထင်ပါနဲ့၊ ဒီတော့ အပ်ချည်မျှင်လေးပမာ၊ ဖလ်ချောင်းလေးပမာ လေကြောင်း နိမိတ်လေးကို နှာသီးဖျားနဲ့နှုတ်ခမ်းဖျားအရပ်ကနေ ချက်တိုင် ထိအောင် ရှုနိုင်လာရင် ဒီကနေ ရုပ်နာမ်ကူးဆိုရင်ဘဲ ပရမတ် နယ်မှာရှိတဲ့ ပစ္စုပဋ္ဌာန်နဲ့ပဒဋ္ဌာန်ကို ကူးနိုင်လာပြီ၊ ဒီတော့ ဝိညာဏ်သဘောဆိုတာက၊ ပစ္စုပ္ပန်ဝေဒနာကံရိပ်လေးကို ခေါ် တယ်၊ ဒါကို ပဒဋ္ဌာန်လို့ခေါ်တယ်၊ ဒီတော့ ပရိပါစကမီးခဲတ် ရဲ့အရိပ်ကနေ ဥသမမီးခဲတ် တောက်လာတာကို သတိသို့ပြော တာပါ၊ ဒီတော့ အခု ပစ္စုပဋ္ဌာန်နဲ့ ပဒဋ္ဌာန်၊ ဥသမမီးခဲတ်နဲ့ ပရိပါစကမီးခဲတ်တို့ကို လှာတွေ့မယ်၊ ဒီတော့ ထွက်လေဟာ ချက်တိုင်ကနေ စဆွက်ပြီး နှုတ်ခမ်းဖျားအရပ်မှာဆုံးတယ်။

ဝင်လေကျတော့လဲ နှာသီးဖျားအရပ်က စဝင်ပြီး ချက်တိုင်မှာ လာဆုံးတယ်၊ ဒီတော့ ချက်တိုင်ကိုလဲ ဝင်ကိုင်လိုက်ရော ချက်တိုင်မှာရှိတဲ့ ပရိပါစကမီးဓာတ်ကို လာတွေ့မယ်၊ ဒီတော့ ပရိပါစကမီးဓာတ်ဟာ (၁) ရေနံခွက်က တောက်တဲ့မီးရောင်၊ (၂) ဖယောင်းတိုင်မီးကတောက်တဲ့မီးရောင်၊ (၃) လျှပ်စစ်ကနေ တောက်တဲ့မီးရောင်-ဆိုပြီး ၃-မျိုးရှိတဲ့အနက်မှာ တရောင်ရောင်အနေနဲ့ ပြေးနေတာကို လာတွေ့တော့မယ်၊ ဒီလိုလဲ တွေ့လိုက်ရောဒီ ပရိပါစကမီးဓာတ်ကနေပြီးထွက်လာတဲ့လေလေးဟာ ဒီမီးဓာတ်ရဲ့ မီးညွန့်လေးကနေ လေဓာတ်လေးဟာ ပါလာပြီး နှလုံးအိမ်လဲရောက်လာရော ပိုးစုန်းကြူးလေးများ လက်နေသလို ချက်တိုင်ပရိပါစကမီးဓာတ်နဲ့ နှလုံးအိမ်ဥသမမီးဓာတ်တွေဟာ ကူးယှက်နေတာကို တွေ့သာတော့မယ်။

ဒီတော့ ဖဿနဲ့ ဝေဒနာဟာ ဒီ ချက်တိုင်နဲ့ နှလုံးအိမ်မီးဓာတ်သဘောကနေ ထွက်နေတယ်၊ ဒါဟာ ရုပ်နာမ်သဘောပါ၊ ဒီဟာကို ဖဿနဲ့ ဝေဒနာအနေနဲ့ ခံစားနေတယ်၊ သမာပတ် ၈-ပါးရနေတဲ့ ပုဂ္ဂိုလ်တွေဟာလဲ ဒီကဘဲကိုင်ရတယ်၊ ဒီသဘာဝကိုမြင်ရင် ရုပ်နာမ်ကိုတွေ့တယ်၊ အခု ဒီနေရာမှာ ပစ္စုပဋ္ဌာန်ရှေ့ရှုထင်တဲ့သဘော၊ ပဒဋ္ဌာန်ပြဋ္ဌာန်းတဲ့သဘော ဒီအနေလောက်သာ ယူနိုင်ပါသေးတယ်၊ ဒီရုပ်နာမ်ကို ကူးနိုင်လာရင်ဘဲ ပရမတ်နယ်ရဲ့ရုပ်နာမ်ကိုမြင်လာပြီ၊ ဒါဟာလေရှည်ရဲ့ကဏ္ဍပါ၊ ဒီလိုလဲကူးလို့ရပါတယ်၊ နောက်ဆလကြောင်းနိမိတ်ဟာ ဒုတိယတံခါးဖြစ်တဲ့ ဦးနှောက်အိမ်မှာသာ မြင်နေသေးတယ်၊ ဟိုဘက်ရောက်အောင် မဆွဲနိုင်သေးဘူးဆိုရင် ဒီကနေ ရုပ်နာမ်ကူးရင် လက္ခဏာနဲ့ရသရုပ်နာမ် (ဝါ) ပညတ်နယ် (ဝါ) သမုတိနယ်

ဖြစ်ဘဲ့ ပထဝီနဲ့ အာပေါ (ဝါ) အဆင်းနဲ့ အကြည် ဒီအနေနဲ့ သာကူးလို့ ရပါသေးတယ်။

ဒါဟာ သန္တပ္ပနမီးခေတ်သာ ပွင့်ပါသေးတယ်၊ ဒီတော့ အာရုံကအဖမ်းခံရတဲ့ အဆင်းသညာလေးပါ၊ အာရမ္မဏိက သဘောက သွားဖမ်းတဲ့ အကြည်သဘောသညာပါ၊ (ဝါ) သန္တပ္ပနမီးခေတ် ပွင့်နေတဲ့သဘောကို ခေါ်တယ်၊ ဒီတော့ (ဥပမာ) လဘက်ရေပုဂံကိုစမ်းရင်မာတယ်၊ ဘာ့ကြောင့်မာသလဲ အာပေါခေတ်ကဖွဲ့စည်းပေးနေလို့ပါ၊ ဒီအနေလောက်သာလျှင် စီနေရာမှာ ပြောလို့ရပါသေးတယ်၊ ဒီလောက်သာလျှင် ရုပ်နာမ် ကူးလို့ရသေးတယ်၊ ဒီတော့ အာရုံ ၅-ပါးမှာရှိတဲ့ သညာနဲ့ အကြည်ခေတ်မှာရှိတဲ့ သညာ ၅-ပါးတွေပေါင်းပြီး ထွက်လာတဲ့ ရုပ်နာမ်ကျတော့ အာရုံနဲ့ အာရမ္မဏိကရုပ်နာမ် ဒီလောက်သာ ယူလို့ ရပါတယ်၊ (ဝါ) လက္ခဏာနဲ့ ရသ ဒီ လောက်သာ ရသေးတယ်။

ဒီတော့ဦးကျောက်အိမ်ကနေပြီး ထွက်ဆွဲတာဘဲ၊ သွားဆွဲလို့ ထင်လာတာက အာရုံသဘောရုပ်၊ သွားဆွဲတာက အာရမ္မဏိက သဘောနာမ်၊ ဒီဘော့ ဘယ်ဟာကိုဘဲ မြင်မြင် အာရုံနဲ့ အာရမ္မဏိက သဘောတွေပါဘဲ၊ ဒါကြောင့် တကယ်ပေါက်ချင်ရင် ရုပ်နာမ်ကနေစပြီး ကိုင်ရတယ်၊ နောက်တချက်က လောကီရေး ရာနယ်မှာလဲ အဆင်ပြေမှုတွေဖြစ်သာအောင် ဒီသန္တပ္ပနမီးခေတ် ပေါက်အောင် ကြိုးစားပါ၊ ဒီမီးခေတ်ဟာ ယောကျ်ားကောင်း ယောကျ်ားမြတ်တွေ အားထုတ်သင့် အားထုတ်ထိုက်တဲ့မီးခေတ် ပါ၊ သာသနာပြုမဲ့ပုဂ္ဂိုလ်ဟာလဲ ဒီမီးခေတ်ကို ပေါက်အောင်

အားထုတ်ရမယ်၊ ဒါမှကြံတိုင်းအောင် ဆောင်တိုင်းမြောက် လုပ်တိုင်းပြီးစီးနိုင်ပါတယ်၊ အခုပြတဲ့ အာရုံနဲ့ အာရမ္မဏိက ရုပ်နာမ်သဘောကို နားလည်ပြီလား။

ဒီတော့ထွက်လေဝင်လေဟာ ပဓာနပါဘဲ၊ ဒီတော့တံခါး ၂-ပေါက်သာ လေကြောင်းနိမိတ်လေးဟာထင်နေသေးရင် လက္ခဏာနဲ့ရသ, အာရုံအာရမ္မဏိက ရုပ်နာမ်သာ ကူးလို့ရသေးတယ်၊ ဒီကျမှ ရှေ့မီးခွတ်တွေ ပေါက်မယ်၊ ဒီကနေရုပ်နာမ်ကိုကူးရင် ၊နာမရူပပရိစ္ဆေဒဉာဏ်ရဲ့ရုပ်နာမ်ကိုကူးရမယ်၊ဒီနာမရူပပရိစ္ဆေဒ ဉာဏ်က ဌာန် '၄' ချက်ဟာ ဝိညာဏ်မြင် ဉဒယဗ္ဗယဉာဏ်ထိ အောင်တက်တယ်၊ ဒါကြောင့်ပရမတ်ရုပ်နာမ်ကို ရှာတဲ့အခါမှာ ဒီဌာန် ၄-ချက်ကနေဘဲစပြီးရှာရတယ်၊ အာနာပါနတရားကနေ ရုပ်နာမ်ရှာရင်လဲ ဒီဌာန် ၄-ချက်ကနေဘဲ ရှာရတယ်၊ ဒီဌာန် ၄-ချက်ကို ပိုင်လာမှ ရှေ့ကိုတက်လို့ရတယ်၊ ဒါကြောင့်ဌာန် ၄-ချက်ကိုစိတ်ဝင်စားရမယ်၊ ဒီတော့ရုပ်နာမ်ကို ရှာတဲ့အခါမှာ ပဌမ ဌာန် ၄-ချက်နဲ့ရှာရမယ်၊ ဒီဌာန် ၄-ချက်ဟာအမြင်သာ ကျဉ်းပေမဲ့ သဘာဝက ကျယ်ဝန်းလှပါတယ်။

ဌာန် ၄ ချက်ရဲ့သဘာဝကိုမြင်လာရင်ဘဲ လောကုတ္တရာဘက် မှာရော လောကီဘက်မှာပါ သူများရဲ့ အလှည့်အပတ်ကို မခံရ တော့ပါ၊ နှိုက်ပြအုံးမယ်၊ ( ဉပမာ ) ထန်းလျက်ဘူးထဲက ထန်းလျက်တခဲကို အပေါ်တင်ပြီး ဒီထန်းလျက်ကနေ သဘာဝ ၄-ချက်ရအောင်ခွဲပြစမ်းပါ၊ ဒါဟာဘယ်လောက် ကျယ်သလဲ၊ သဘာဝဆိုတာဟာ သညာဝိညာဏ်က လုပ်ကြံတာမဟုတ်ပါ၊ ဆရာတော်တို့သဘာဝကိုနှိုက်လာတဲ့ အခါမှာနောက်ဆုံးမီးခွတ် ကိုသာ .လာတွေ့တော့တယ်၊ နောက်နိဗ္ဗာနခွတ်ရဲ့ သဘာဝ

ဟာလဲ မီးခါတ်အနေဘဲလာတွေ့တယ်၊ ဒါကြောင့် ကမ္ဘာကြီးဖြစ်လာတာဟာ ကမ္ဘာကြီးပျက်သွားတာဟာ ဒီမီးခါတ်ရဲ့သဘာဝတွေဘဲ၊ ဒီတော့နာမရူပပရိစ္ဆေဒဉာဏ်ဟာ အင်မတန်မှ ကျယ်ဝန်းပါတယ်။

ဒီဉာဏ်ဟာ လောကီရော လောကုတ္တရာပါ ( ဝါ ) သမုတိသစ္စာနယ်ရော ပရမတ္ထသစ္စာနယ်ပါ ကိုင်လာတယ်၊ ဒါကြောင့် ဒီဉာဏ်ကြီးတွေကို ကြပ်ကြပ်ဝေဖန်လာရမယ်၊ ဒါမှ သဘာဝတွေပေါ်လာတော့မယ်၊ ဒီလေရှည်ကဏ္ဍမှာ ပညတ်ကိုဖမ်းမှ ပရမတ်ကိုမိမယ်၊ ဒီတော့ ထွက်လေဝင်လေမှာကို သူ့သဘာဝအတိုင်း လေကြောင်းနိမိတ်လေးဟာ ဖြစ်လာတယ်၊ ဒါကို ဌာန် ၄-ချက်နဲ့ ဝေဖန်လေ့ကျင့်ပေးရမယ်၊ ( ဥပမာ ) ဘယ်သဘာဝကိုဘဲမြင်မြင် ဌာန် ၄–ချက်နဲ့ဝေဖန်လာရမယ်၊ ဒီလိုလေ့ကျင့်လာမှ သဘာဝတွေမြင်လာမယ်၊ ( ဥပမာ ) သီလဟာ ကာယကံ ဝစီကံတို့ကိုစောင့်ရှောက်တဲ့လက္ခဏာရှိတယ်၊ နောက် ကာယကံနဲ့ ဝစီကံကို ဖြူစင်စေတဲ့ရသရှိတယ်၊ နောက်ရသမျှနဲ့ ရောင့်ရဲတင်းတိမ်နိုင်တဲ့ ပစ္စုပဋ္ဌာန်ရှိတယ်၊ နောက်အလိုနည်းသည်၏အဖြစ်လျှင် နီးစွာသောအကြောင်းရှိတယ်ဆိုပြီး ဒီလိုကို ဌာန် ၄-ချက်နဲ့ ဝေဖန်ရမယ်။

ဒီတော့ ဧသဘာဝတွေကို ကြပ်ကြပ်ဝေဖန် နိုင်လာရင် နောက်ဆုံးမှာ အနတ္တခါတ်ကြီးဟာ မိမိရဲ့နှလုံးအိမ်ထဲ ဝင်ထိုင်လာပြီ၊ ဒီတော့ ပိဋကတ် ၃-ပုံဟာ ငါ့မှာရှိနေပြီ ဆိုတာကို မှတ်ထားပါ၊ ဒီတော့ သဘာဝကို ကြပ်ကြပ်လေ့လာ လာမှ အနတ္တခါတ်ထွက်ပြီး အဲဒါ သောတာပတ္တိမဂ်ကို မပင်မပန်းဘဲနဲ့ ရနိုင်တယ်ဆိုတာကိုယုံကြည်ပါ၊ ဒါကြောင့် အောက်မဂ်ကို

ရဘို့ဟာ ဋ္ဌာန် ၄-ချက်ရဲ့ သဘာဝထဲမှာဘဲရှိတယ်၊ ပိဋကတ်တွေမှာ ပြလာတာဟာလဲ ဒီ ဋ္ဌာန် ၄-ချက်နဲ့ လွတ်ပြီး မချပါ၊ အဲဒါ သဘာဝကိုမြင်အောင်လို့ ဋ္ဌာန် ၄-ချက်နဲ့ ရှာခိုင်းတာပါ၊ ရှာနိုင်လာရင် သဘာဝနယ်ထဲ ရောက်သွားပြီ၊ ယခု သဘာဝနယ်ထဲ ရောက်နေပြီ၊ ဒါကြောင့် သဘာဝနယ်ကို ချဲ့ပေးနေတာပါ၊ သဘာဝနယ်ကျယ်လာမှ မဂ်ကိုရနိုင်ပါတယ်။

ဒီတော့ နာမရူပပရိစ္ဆေဒဉာဏ်ဟာ သဘာဝနယ်ကို ပန္နက်ရိုက်ပြီး ဖွင့်တဲ့ဉာဏ်ပါ၊ ကိုင်း....ဒီတော့ ဓာတ် ၄-ပါးကိုဘဲ ပြန်ကြည့်ပါအုံး၊ ဓာတ် ၄-ပါးကို ဋ္ဌာန် ၄-ချက်ထဲသွင်းစမ်းပါ၊ ပထဝီဓာတ် လက္ခဏာသဘော၊ အာပေါဓာတ် ရသသဘော၊ ဝါယောဓာတ် ပစ္စုပဋ္ဌာန်သဘော၊ တေဇောဓာတ် ပဒဋ္ဌာန်သဘော၊ ဒီအတိုင်း သဘာဝတွေကို ခွဲလာပါ။ ဒီသဘာဝတွေကို မပြောဘဲနဲ့ မြင်လာရမယ်၊ ဒါမှ သဘာဝဉာဏ်တွေ ထွက်လာမယ်၊ နောက် အဆင်း အကြည် အမြင် အသိ ဒီ ၄-ချက်ကို ဋ္ဌာန် ၄-ချက်နဲ့ ချတဲ့အခါမှာ အဆင်းလက္ခဏာသဘော၊ အဲဒါ အဆင်းလို့ မှတ်လာတာဟာ အကြည်လေးက မှတ်လာတာပါ၊ ဒီတော့ အကြည်ဓာတ်က ရသသဘောပါ၊ နောက် ပစ္စုပဋ္ဌာန်ဆိုတာက ဝိညာဏ်လေး ၅-လုံးခေါ်တဲ့အမြင်သဘောပါ၊ သူ့မှာ မှတ်တဲ့ဗျာပါရလေးမရှိသော်လဲ ရှိနေတယ်၊ နောက် ပဒဋ္ဌာန်ကျတော့ မနောဝိညာဏ်ခေါ်တဲ့ အသိသဘောကြီးက စားပွဲထိုင်နေတာဘဲ မဟုတ်လား။

ဒီ ဋ္ဌာန် ၄-ချက်ကို တကယ်မြင်လာရင် မဂ်တရားကိုမရသည့်တိုင်အောင် ဣဿရနိမ္မာနဒိဋ္ဌိကြီးတွေ ကျွတ်သွားမယ်၊ ဒီတော့ သဘာဝတွေကိုမမြင်ကြလို့ အစွဲလောကကြီးတွေ ဖြစ်နေတာပါ၊

သဘာဝနယ်ကိုမြင်လာရင် အဇ္ဈတ္တနယ်ကြီးပွင့်ပြီး တနေ့ဘခြားရုပ်တရားနာမ်တရားတွေကို မြင်လာတော့မယ်၊ အခုတော့ နာမရူပပရိစ္ဆေဒဉာဏ်ကို မပိုင်ကြလို့ ကိုးကွယ်မှု အမျိုးမျိုးတွေ ဖြစ်နေတာပါ၊ ဒါကို သဘာဝနယ်ကျမှ သိမ်းဆည်းနိုင်တယ်၊ ဒီတော့ ဝင်တဲ့လေကရုပ်, ထွက်ဘဲ့လေကနာမ်၊ (ဝါ) အာရုံသဘောကရုပ်, အာရမ္မဏိက နာမ်သဘော၊ (ဝါ) သန္တာပ္ပနမီးခွတ်မှာရှိတဲ့ သညာလေး ၅-လုံးက လိုက်ဆွဲနေတာပါ၊ ဆွဲလို့ သာထင်တာကရုပ်, လိုက်ဆွဲတဲ့သဘောကနာမ်၊ ဒီသဘာဝတွေကို နားလည်ရမယ်။

ဒီတော့ ဩဒိဿမေတ္တာအစစ်နဲ့ တကယ်မေတ္တာပို့လာရင် ရန်သူတွေကို အောင်မြင်နိုင်ပါတယ်၊ (ဝါ) ရန်ညိုးထားတဲ့ သူတွေတောင်မှ ပြေပျောက်နိုင်တယ်၊ ဘာကြောင့်လဲ၊ ဒီသန္တာပ္ပနမီးခွတ်ရဲ့ သဘာဝတွေကြောင့်ပါ၊ ဒီ သန္တာပ္ပနမီးခွတ်ဟာ လောကီပညာအရပ်ရပ်တွေကို ပြီးစီးစေနိုင်တယ်၊ ဒါကြောင့် ဒီ သန္တာပ္ပနမီးခွတ် ပေါ်အောင် အားထုတ်စမ်းပါ၊ လောကီပညာရပ်ဘေ့မှန်သမျှဟာ ဒီ မီးခွတ်ရဲ့ သဘာဝတွေပါဘဲ၊ ဒီ အာနာပါန တရားတော်ကြီးဟာ လောကီရော လောကုတ္တရာပါ အသုံးချနိုင်တယ်၊ ဥဒယဗ္ဗယဉာဏ်ကြီးကျမှ သူ့ရဲ့သဘာဝအတိုင်း လောကီကိုပယ်ပြီး လောကုတ္တရာဖြစ်တဲ့ မဂ်တရား ဖိုလ်တရားဘက်ကိုသာ တက်သွားတော့တယ်၊ ကိုင်း....ဒီနေ့ ထုတ်ပြလိုက်တဲ့ ပုံစံကို စိတ်ဝင်စားကြပါ။

# ညဟောစဉ်။

"သာသနာတော်'၃' ရပ် ပဋိပတ်တွင်၊ ခေတ် ၄-ပါး၊ ခေတ် ၆-ပါး၊ ခေတ် ၈-ပါး စကားပညတ်၊ ခေတ်ချင်တိုင်းခေတ်ကြတော့၊ ပိဋကတ် ၃-ပုံ၊ ဒီခေတ်တွင်ကြုံခါမှ၊ တုလိုတုံရုံလိုရုံ ခေါင်းမြီးခြုံကြ၊ သဘာဝ ဝိသဘာဝနှင့် မနေ၊ ဗေဒင်ကဇဗေဒင်၊ စကြာတရားတော်ကလဲ မမှုစကြာ၊ လာချင်တိုင်းလာကြတော့၊ ၈-ငယ်လုံးခု၊ အင်္ဂြရှစ်ထူး ကြက်ဥတွေထောင်းသည့်နှယ်၊ ခေတ်ပေါင်းတွေစုံလင်၊ ဝက်ပါ ဝ၊ ဆံကေတော်မြတ် စံကိန်းဝပ်သည်၊ မေ့ခေတ်တော်အစုံ၊ ကိုးသွယ်ဂုဏ် အတုမရှိ၊ ပူရာသည့် မဟာသတိပဋ္ဌာန်၊ ပဋိပတ်လုပ်ငန်းစဉ် တရားခေတ်ကြီးရဲ့ ဂုဏ်ကို၊ မယုံလျှင်စမ်းမလား၊ ရွှေနန်းတော်ကြီးရဲ့ မိတ်ဖက်၊ ကြက်သရေတော်ဝင်းပြောင်၊ တောင်ဝေဘူ အလုံးကို၊ အသုံးတော်ရပြီမို့၊ ပညာရှိအရေး၊ အမေးတော်ထွက်ခါမှ၊ ဉာဏ်လက်နက်ဝရဇိန်နဲ့၊ တထိန်ထိန်ထွန်းလတံ့၊ ရွှေမော်ကွန်းရောင်၊ တပြောင်ပြောင်သည်၊ ကမ္ဘာလောင်ဆူဝေလို့ မကြာစဘမ်း....လို့ တရားပိုင်ခေတ်ပိုင်တော်မူကြသော ဆရာတော်ကြီးများ မိန့်တော်မူခဲ့သည့်အတိုင်း—

အခု မဟာသတိပဋ္ဌာန် တရားတော်ကြီးကို တက်လာတာနဲ့ ကိုယ့်ရဲ့ ခန္ဓာကိုယ်ကြီးမှာ ရှိတဲ့ ရုပ်တရားနာမ်တရားတွေဟာ ဘယ်အနေနဲ့ရှိနေသလဲဆိုတာကို တွေ့လာတော့မယ်၊ ဒီတော့ ဘုရားရှင်ရဲ့ သာသနာတော် မြတ်ကြီးနဲ့ တွေ့တဲ့ အခါမှာ

အတ္တဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ တွေပြုတ်ဘို့ရာ အရေးကြီးပါတယ်၊ မိုယ်းနုတ်ပြဿနာကြီးကို ဘုရားရှင်ဟောကြားတဲ့အခါမှာ—

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။
( သံယုတ်ပါဠိတော် )

သတ္တိယာ၊ အသွား ၂-ဖက် မြမြထက်သော ကြီးစွာသော လှံမကြီးဖြင့်။ ဩမဋ္ဌော၊ ရင်ဝ၌စူးဝင်၍နေသော။ ပုရိသော၊ ယောကျ်ားသည်။ တံ၊ ထိုစူးဝင်၍နေသောလှံမကြီးကို။ မုဉ္စိတုံ၊ အမြန်ပယ်နုတ်ခြင်းငှါ။ အာရဗ္ဘတိ ဝိယ၊ လွန်စွာကြိုးကုတ် အားထုတ်ဘိသကဲ့သို့ရင်း။

မတ္ထကေ၊ ဦးခေါင်းထက်၌။ ဍယှမာနော၊ အလျှံပြောင်ပြောင် မီးလောင်၍နေသော။ ပုရိသောစ၊ ယောကျ်ားသည်လည်း။ တံ၊ ထိုလောင်သောမီးကို။ နိဗ္ဗာပေတုံ၊ အမြန်ငြိမ်းစေခြင်းငှါ။ အာရဗ္ဘတိဝိယစ၊ လွန်စွာကြိုးကုတ် အားထုတ်ဘိသကဲ့သို့ရင်း။ ဧဝမေဝ၊ ဤရင်ဝလှံစူး ဦးခေါင်းမီးလောင်သောပုဂ္ဂိုလ်အတိုင်းသာလျှင်။ သက္ကာယဒိဋ္ဌိံ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်ကို ဖေါက်ပြန်ယူမှား သက္ကာယဒိဋ္ဌိအစွဲတရားကြီးကို။ ပဟာနာယ၊ အရိယာမဂ်ဒါး၊ဉာဏ်စိန်သွားဖြင့် အမြန်ပယ်သတ်နိုင်ခြင်းငှါ။ ဘိက္ခု၊ အပါယ်ဝဋ်ဘေး လွတ်မြောက်ရေးကို ကြံတွေးဆင်ခြင် ရဟန်းရှင်လူအပေါင်းသည်။ သတော၊ ဓမ္မစကြာ သစ္စာ ၄—ချက် ဉာဏ်ဝရဇိန် လက်နက်နှင့် ပြည့်စုံသည်ဖြစ်၍။ ပရိဗ္ဗဇေ၊ ဖြေထွက်နိုင်အောင် ကျင့်ဆောင်ရာ၏လို့။ ( သံယုတ်ပါဠိတော်မှာ ) ဟောကြားတော်မူလာပါတယ်။

ယခုတရားနာ ယူကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဦးခေါင်းမီးလောင်ရင်လေ့ စူးနေတဲ့ ဥပမာလို ဒီသက္ကာယဒိဋ္ဌိကြီးကို နှုတ်ချင်လို့ လာပြီး တရားနာနေကြတာဘဲ မဟုတ်လား၊ ဒိဋ္ဌိကို နှုတ်ချင်ရင် အတ္တနဲ့ အနတ္တမှာ အနတ္တကို တွေ့အောင်ရှာရမယ်၊ ဒီတော့ အနတ္တတရားကို မတွေ့အောင် ဘယ်တရား ဖုံးလွှမ်းထားသလဲ၊ အတ္တတရားက ဖုံးလွှမ်းထားတယ်၊ ဒီတော့အတ္တစင်ပြီး အနတ္တတရား ထင်လာအောင် ပဋ္ဌမရုပ်နာမ်ကို ရှာရမယ် ရုပ်နာမ်တရားကိုမြင်မှ အနတ္တတရားကိုတွေ့မယ်၊ အနတ္တတရားကိုတွေ့ရင် သက္ကာယဒိဋ္ဌိကြီး ကျွတ်သွားမယ်၊ ဒီတော့ ပရမတ်ရုပ်နာမ်ကို မြင်လာတာနဲ့ ရှေ့က တရားပိုင်တဲ့ပုဂ္ဂိုလ်ကြီးတွေက ကြုံးဝါးလာတော့တယ်။

ဒီတော့ ပရမတ်ရုပ်နာမ်အစစ်ကို တွေ့ဘို့ရာဟာ ခဲယဉ်းပါတယ်၊ ပိဋကတ်တတ်သော်လဲ မတွေ့နိုင်ပါ၊ စာသင်နေတဲ့သူတွေဟာလဲ အဲဒါပညတ်ရုပ်နာမ်သာလျှင် တွေ့နေသေးတယ် ဒါဟာ နာမပညတ်နဲ့ သဏ္ဌာနပညတ်၊ လက္ခဏနဲ့ ရသက ထွက်နေတဲ့ ရုပ်နာမ်မျိုးပါ၊ ဒီပညတ်ရုပ်နာမ်ကို (၇)ဆင့်ထွင်းဖေါက်သိုက်မှ ဌာန် ၄-ချက်ကို လာတွေ့မယ်၊ ဒီတော့မှ ပရမတ်ရုပ်နာမ်ကို လာတွေ့မယ်၊ တွေ့ရင် ကလျာဏပုဂ္ဂိုလ် ဖြစ်သွားပြီလို့ မှတ်ပါ၊ အခုတော့ ကလျာဏမှဖြစ်ကြလို့ သညာဝိညာဏ်ရုပ်နာမ်သာ (ဝါ) ပညာတ်ရုပ်နာမ်သာ (ဝါ) နာမသဏ္ဌာနပညတ်ရုပ်နာမ် တွေနဲ့သာ အချိန်ကုန်နေကြတော့တယ်၊ ဒီတော့ မသိတာချုပ်၊ သိတာက နာမ်ဆိုတာသည်ပင် ပညတ်ထွက်ပြီး လက္ခဏာလေးတော့ ပြဌာန်းနေတဲ့အတွက် ပရမတ်အစစ် ရုပ်နာမ်လို့ မယူပါနဲ့၊ ပရမတ်အစစ် ရုပ်နာမ်ကိုတွေ့ရင် “ ဉာမိနာပနဉာဏေန၊ ဉာဉာဏ်နှင့်။ သမ္ဘာဂတော၊ ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်

သည်။ ဤမြတ်စွာဘုရား သာသနာတော်၌။ ဣမသာသနေ၊ လဒ္ဓိသာသော၊ ရအပ်သော သက်သာရာရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်တည်ရာရှိသည်ဖြစ်၍။ နိယတဂတိကော၊ မြဲသောဂတိရှိသည်ဖြစ်၍။ စတုသစ္စာပဋိဝေဒံ၊ စတုသစ္စာပဋိဝေဒနာမ၊ စတုသစ္စာပဋိဝေဓကို ထိုးထွင်းသိမြင်ခြင်းကို၊ ပဋိဝိဇ္ဈဿတိ၊ ထိုးထွင်းသိမြင်လိမ့်မည်သာ ဖြစ်၏။ ဓမ္မသေနာပတိ သာရိပုတ္တရာ မထေရ်ကြီးကို ဟောတော်မူ၏။" လို့ ဝိသုဒ္ဓိမဂ်ကြီးက ပြလာတယ်။

ဒါဟာ တဘာဝတော့ အပါယ်မကျတော့ပါ၊ ကိုင်း....ပရမတ်ရုပ်နာမ်ကိုတွေ့အောင် ဘယ်သို့ရှာမလဲ၊ ဒါကိုကြပ်ကြပ်တွေးပါ၊ အမျိုးသမီးကြီးတွေ့အတွက် ပြောပြအုံးမယ်၊ တရားနာမြဲတာသည်ပင် သောတာပန်ရဲ့မျိုးစေ့ကျပြီလို့မှတ်ပါ၊ ကိုင်းပရမတ်ရုပ်နာမ်ကိုရှာရမယ်၊ ဒီတော့ အာနာပါနတရားတော်က ရုပ်နာမ်ကို တချက်ထဲ ခွဲပြမယ်၊ အာနာပါနရုပ်နာမ်ကို ရှာတဲ့အခါမှာ အကြည်ဓာတ် ၅-ပါးကဆွဲတဲ့ရုပ်နာမ်ကိုလဲနားလည်ထားရမယ်၊ ဒါကိုလဲ အာနာပါနတရားက ကိုင်တယ်၊ ဒါကတကဏ္ဍပါ၊ ဒါကမြင်မှုရုပ်နာမ်, ကြားမှု, နံမှု, လျက်မှု, ထိတွေ့မှု ရုပ်နာမ်ဆိုပြီး ရုပ်နာမ်လေးတွေ ထွက်လာတယ်၊ ဒါကိုလဲ တင်ဆက်ပြမယ်။

နောက်ဒီအကြည်ခာတ် ၅-ပါးက မဆွဲသော်လဲ့ ဝိညာဏ်ကြီးက ထွက်ပြီးဆွဲဘဲ့အခါမှာ ပေါ်လာဘဲ့ရုပ်နာမ်၊ ဒါကဓမ္မာရုံကနေထွက်တဲ့ရုပ်နာမ်ပါ၊ဒီတော့ ရုပ်နာမ်ဘာ ၂-မျိုးဖြစ်သာပြီ၊ ဒီရုပ်နာမ် ၂-မျိုးကို တင်ဆက်ပြမယ်၊ (ဥပမာ) လဘက်ရေပုဂံကိုကြည့်တဲ့အခါ ဘာကိုမြင်သလဲ၊ အဆင်းကို မြင်တယ်၊ ဒီတော့အဆင်းကရုပ်, မြင်တာကနာမ်၊ ဒီလိုပြောတာလဲပရမတ်ရုပ်နာမ်ထဲမဝင်သေးပါ၊ ဓမ္မာစရိယပုဂ္ဂိုလ်တွေ့အဘွက် နှိုက်ပြ

အုံးမယ်၊ အဆင်းဆိုတာ ဘာကိုပြောတာလဲ အဖြူ အနီလို့ ပြောတာလား၊ ဒီလိုပြောတာဟာလဲ ဘယ်သူက မှတ်လာတာလဲ၊ သညာကမှတ်တာဘဲမဟုတ်လား၊ ဒါဟာ ကိုယ်ရဲ့သညာကမှတ်တာလား၊ ဒီသညာကမှတ်လို့ ထွက်လာတဲ့ရုပ်ကို ပရမတ် ရုပ်လို့ ပြောလို့ရမလား၊ သညာကမှတ်ပြီးပြောနေတဲ့ အဆင်းဟာ ပရမတ်မဟုတ်ပါ။

ဒါဟာ ပညတ်သိရုပ်နာမ်ပါ၊ အဲဒါ မာတာကရုပ်၊ သိတာက နာမ် ဆိုတာနဲ့ ဘာထူးသေးသလဲ၊ အတူတူပါဘဲ၊ ဒီလိုကို နှိုက်လာရမယ်၊ ဒါမှသဘာဝတွေ ကျမ်းကြေလာမယ်၊ ဒီတော့ ဝဏ္ဏဆိုတာက ဓါတ် ၄-ပါး ဓါတ် ဂ-ပါးမှာရှိတဲ့ရုပ်ပါ၊ ဝဏ္ဏာယတန ဆိုတာက အကြည်ဓါတ်နဲ့ ဆုံလိုက်တဲ့အခါမှာ အကြည်ဓါတ်မှာ ပေါ်လာတဲ့ ရုပ်သဘာဝလေးပါ၊ ဒီသဘာဝတွေကို တွေ့လာရင် ပရမတ်ရုပ်နာမ်ကို တွေ့တော့မယ်၊ နောက် ရူပနဲ့ ရူပါယတန ကွာခြားပုံတွေကိုလဲ နားလည်ထားရမယ်၊ ဒီဘော့ မျက်စေ့က ဆွဲတဲ့သဘာဝဘွေကိုတွေ့ရင် တန်ဘိုးရှိလှပါပြီ၊ ဒီတော့ အခု အာနာပါနတရားမှာ ပဥ္စဝိညာဏ် ၅ ပါးက ထွက်လာတဲ့ရုပ်နာမ် ဓမ္မာရုံကနေ ထွက်လာတဲ့ရုပ်နာမ်ဆိုပြီး ၂-မျိုးရှိတယ်။

ဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ်တွေမှာ ဓမ္မာရုံကထွက်လာတဲ့ ရုပ်နာမ်ကို တချက်ထဲတွေ့နိုင်တယ်၊ ဒီတော့ ပရမတ်ရုပ်နာမ်ကို တွေ့ချင်ရင် ဝဏ္ဏနဲ့ ဝဏ္ဏာယတနကို ကွဲအောင်လုပ်ပြီး ဝဏ္ဏာယတနကို တွေ့အောင်ရှာရမယ်၊ ဒီတော့ အဆင်းအကြည် ၂-ပါးဆုံတဲ့အခါမှာ အဆင်းရိပ်မှာက နာမပညတ်ရိပ်ရှိတယ်၊ ဒီ နာမပညတ်ရိပ်ဟာ သညာကချထားတာပါ၊ ဒီလို ချထားတဲ့အတွက်ကြောင့် မြင်လိုက်တဲ့အခါမှာ ယောကျ်ားမိန်းမအနေနဲ့ သွားဆွဲတာပါ၊

နောက် အကြည်ခေတ်မှာလဲ သညာရဲ့အရိပ်လေးဟာရှိနေတယ်၊ ဒီသညာလေးတွေကဆွဲပြီး ရုပ်နာမ်လို့ ပြောနေတာကို မြင်မှုမှာ ပေါ်တဲ့ ရုပ်နာမ်သဘောလို့ ယူလိုက်ပါ၊ ဒါကို ဝဏ္ဏလို့ခေါ်တယ်၊ နောက် ဝဏ္ဏာယတနဆိုတာက အဆင်းကို သွားမဆွဲတော့ဘဲ အဆင်းမှာချထားတဲ့ နာမပညတ်ကို အကြည်သညာက သွားဆွဲပြီး အကြည်ခေတ်မှာ လာထင်နေတဲ့သဘောပါ၊ ဒါဟာ ပဥ္စဝိညာဏ်ခလေး ၅-လုံးကထွက်လာတဲ့ ရုပ်နာမ်သဘောပါ။

နောက် မနောဝိညာဏ် ဓမ္မာရုံက ထွက်လာတဲ့ ရုပ်နာမ်ကျတော့ မြင်မှု ကြားမှု နံမှု လျက်မှု ထိတွေ့မှုတွေ ပေါင်းဆုံလာတဲ့အခါမှာ မှတ်လာတဲ့သညာရဲ့ အမှတ်လေးတွေဟာ နှလုံးအိမ်ကြီးထဲမှာရှိနေတယ်၊ ဒီတော့ သိတယ်ဆိုတာဟာ အဆင်းနဲ့ အကြည် ၂-ပါးဆုံလိုက်တဲ့အခါမှာ သိတယ်လို့ သာမည လော့ကသာ တင်နေတာပါ၊ စင်စစ်မှာ ကိုယ်ရဲ့နှလုံးအိမ်က ထွက်ပြီးဆွဲတာပါ၊ ဒါဟာ အရင်ကမှတ်လာတဲ့ သညာလေးတွေက ထွက်ပြီးဆွဲတာပါ၊ ဒါကို မဟာသတိပဋ္ဌာန်ကြီးက သတိလို့ပြောတာပါ၊ ဥဒယဗ္ဗယဉာဏ်ကြီးကျတော့ ခန္ဓာလို့ ပြောတာပါ၊ ဒါကို ဝိသုဒ္ဓိမဂ်ကြီးက....

အဒဿနတော အာယန္တိ၊ ဘဂ္ဂါ ဂစ္ဆန္တ္ဟ ဒဿနံ။
အာကာသေ ဝိဇ္ဇုပ္ပါဒေါဝ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။

လို့ပြလာတယ်။ ဒါဟာ ဝိညာဏ်ကြီးက ထွက်ဆွဲတာဘဲ မဟုတ်လား၊ ဒါဟာ မှတ်ထားတာရှိလို့ သိတာဘဲမဟုတ်လား၊ (ဝါ) ဘာဘဲလို့ပြောနိုင်တာဘဲ မဟုတ်လား၊ ကိုယ်ကမှ မှတ်သားထားတာမရှိရင် (ဝါ) တခါမှ မတွေ့ဘူး မမြင်ဘူး မကြား

ဘူးရင် အဆင်းနဲ့အကြည် ၂-ပါးဆုံသော်လဲ မသိပါ၊ အဲဒါ မှတ်သားထားတဲ့သညာအမှတ်တွေရှိနေလို့သာ မြင်လိုက်တာနဲ့ သိတာပါ၊ ဒါဟာ ကိုယ်ရဲ့နှလုံးအိမ်က ထွက်ဆွဲလိုက်တာပါ၊ အဆွဲခံရဘာက ရုပ်သဘော၊ သွားဆွဲတာက နာမ်သဘော၊ ဒီတော့အဆင့်အတန်းမြင့်လာပြီဘဲ မဟုတ်လား၊ ဒီသဘာဝ တွေကိုနားလည်ထားဘို့ အရေးကြီးပါတယ်။

ဥပမာ....ပရိယတ်ဟာ ကမ်းနဲ့တူတယ်၊ ပဋိပတ်ဟာ လှိုင်း တံပိုးနဲ့တူတယ်၊ ဒီတော့ လှေငယ်နဲ့သွားတဲ့အခါမှာ လေပြင်း မုန်တိုင်းကျရောက်ရင် ကမ်းကိုလဲ မကပ်နဲ့၊ ဘာ့ကြောင့်လဲ၊ ကမ်းကိုကပ်သွားရင် လှိုင်းတံပိုးတွေဟာ ကမ်းနဲ့ရိုက်လိုက်ရင် ဒီလှေငယ်ဟာ မှောက်ဘတ်တယ်၊ နောက် ကမ်းနဲ့လွတ်ပြီး ဝေးတဲ့နေရာကိုလဲ မသွားနဲ့၊ ဘာ့ကြောင့်လဲ လှေမှောက်ဘဲ့ အခါမှာ ကမ်းပေါ်သို့ တက်နိုင်အောင်လို့ပါ၊ ဒီဥပမာလိုဘဲ ဆိုလိုရင်းကတော့ ပရိယတ်ကိုလဲမပယ်နဲ့၊ နောက်ဒီပရိယတ်ကိုလဲ အနှစ်အသားအနေနဲ့ မဆွဲပါနဲ့၊ ဒါမှ ပရမတ်ရုပ်နာမ်ကို တွေ့မယ်။

ကိုင်း....နားလည်ရင် လုပ်ငန်းစဉ်ကိုသွားမယ်၊

ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာ နာတိ၊ ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာ နာတိ၊ ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာ မီတိ ပဇာနာတိ။

လို့ပြလာတဲ့အတိုင်း ဒီတော့ လေရှည်ကိုရှူရင် လေရှည်ကို ရှူတယ်လို့သိရမယ်၊ လေတိုကိုရှူရင် လေတိုကိုရှူတယ်လို့

သိရမယ်၊ ဒီတော့ လေရှည်ကိုရှုတယ်ဆိုတာဟာ ဘယ်လိုသဲ၊ ဒီတော့ ထွက်လေဝင်လေကို နှာသီးဖျားနဲ့ နှုတ်ခမ်းဖျားအရပ်မှာ ချည်တိုင်ထားပြီး မှတ်လာရင် နာရီဝက်သောက် ကြာလာရင် အမှတ်မြဲလာမယ်၊ အမှတ်မြဲလာရင် လေကြောင်းလေးဟာ အပ်ချည်မျှင်လေးပမာ ဖလ်ချောင်းလေးပမာ နိမိတ်ထင်လာတော့မယ်၊ အဲဒါ ထွက်လိုက်ဝင်လိုက်နဲ့ နိမိတ်လေးထင်လာပြီ၊ အဲဒါ သဏ္ဍာန် အရိပ် နိမိတ်လက္ခဏာအနေနဲ့ ထင်နေပြီ။

ဒီတော့ သဏ္ဍာန်ဆိုတာက အပ်ချည်မျှင်လေးပမာ ဖလ်ချောင်းလေးပမာ ထင်နေတဲ့သဘောလေးပါ၊ အရိပ်ဆိုတာက စိတ်ဝိညာဏ်မှာ ပေါ်တဲ့သဘောပါ၊ နိမိတ်ဆိုတာက အကြည်ခေတ်မှာပေါ်တဲ့သဘောပါ၊ လက္ခဏာဆိုတာက အားလုံးထင်ရှားစွာ ပေါ်တဲ့သဘောပါ၊ အဲဒီလိုလဲ ထင်လာရော ဒီကနေ ရုပ်နာမ်ကူးရတော့မယ်၊ ရုပ်နာမ်ကူးတော့မယ်ဆိုတော့ ဒီလေကြောင်းနိမိတ်လေးဟာ ဘယ်ကစပြီးထွက်လာတာလဲ ဆိုတာကို ပြန်ကြည့်ပါ၊ ဒီတော့ ထွက်တဲ့လေဟာ ငယ်ထိပ်ဥကျောက် သန္တပ္ပနမီးခေတ်ကစပြီး ထွက်လာတာဟာ နှုတ်ခမ်းဖျားအရပ်ကျတော့ ချုပ်သွားတယ်၊ ဝင်လေမှာလဲ နှာသီးဖျားအရပ်ကစပြီး ဝင်လာတာဟာ ငယ်ထိပ်ဥကျောက်အရပ် သန္တပ္ပနမီးခေတ်ကျတော့ ချုပ်ပျောက်သွားတာကို တွေ့မယ်၊ နှလုံးအိမ် ဥသမမီးခေတ် တတိယတံခါးနဲ့ ချက်တိုင်ပရိပါစကမီးခေတ် စတုတ္ထတံခါးတွေကို မရောက်သေးပါ၊ ဒီအထိရောက်အောင် တကူးအနေနဲ့ အားထုတ်ရပါသေးတယ်။

ဒီတော့ ထွက်တဲ့လေက ငယ်ထိပ်ဦးကျောက်ကစပြီး ထွက်လာတယ်၊ နှုတ်ခမ်းဖျားအရပ်မှာ ချုပ်သွားတယ်၊ ဝင်လေကျတော့

လဲ နှာသီးဖျားအရပ်က စဝင်လာပြီး ငယ်ထိပ်ဦးခေါင်းကျ တော့ ပျောက်သွားတယ်၊ ဒါကို ရှုမှတ်ပါများလာရင်ဘဲ အဲဒီ ဒုတိယတံခါး ငယ်ထိပ်ဦးခေါင်းမှာရှိတဲ့ သန္တပ္ပနမီးခါတ်ဟာ ပိုးစုန်းကြူးများလက်နေသလို လက်နေတာကို လာတွေ့တော့ တယ်၊ (ဝါ) သန္တပ္ပနမီးခါတ် အရောင်တွေဟာ လက်လာ တော့တယ်။

ဒီလိုလက်လာရင်ဘဲ နှလုံးအိမ်ရောက်အောင် ပွင့်နိုင်လာပြီ၊ ဒီတော့ ဒီလို ထွက်လေဝင်လေကို မြင်လာရင် ဒီကနေ တကထ္တ ရုပ်နာမ်ကူးနိုင်ပြီ၊ နောက်ဝင်လေကိုလဲ ချက်တိုင်ရောက်အောင် ဖမ်းနိုင်လာရင်ဘဲ ပရိပါစကမီးခါတ်ရဲ့ ရုပ်နာမ်ကိုကူးနိုင်လာ မယ်၊ ဒါက ဓမ္မာရုံကနေ ထွက်နေတဲ့ရုပ်နာမ်မျိုးပါ၊ ဒုတိယ တံခါးကနေ ကူးတဲ့ရုပ်နာမ်မျိုးကျတော့ ပဥ္စဝိညာဏ် ၅-လုံးက ထွက်လာတဲ့ရုပ်နာမ်မျိုးပါ၊ ဒီတော့ ဒုတိယတံခါးကနေ ရုပ်နာမ် ကူးမယ်ဆိုတော့ ဒီဝင်လေဟာ ဘယ်မှာ ပျောက်သွားသလဲ၊ (ဝါ) ဘယ်မှာသွားချုပ်သလဲ၊ ဒီသဘာဝကိုကြည့်ပါ၊ ဒီတော့ ငယ်ထိပ်ဦးခေါင်းမှာ ချုပ်တယ်၊ ဘာ့ကြောင့် ချုပ်ရသလဲ၊ ဘယ်သဘာဝရှိနေလို့လဲဆိုတာကို ရှာရမယ်။

ရှာပြမယ်၊ ဒီတော့ အာရုံသညာလေး ၅-လုံးနဲ့ အကြည် သညာလေး ၅-လုံးပေါင်းဆုံပြီး ကြက်ဖခွပ်သလို ခွပ်လိုက်တဲ့ အခါမှာ ဒီသညာလေးတွေဟာ ဦးခေါင်းအိမ်ကြီးထဲမှာရှိတဲ့ သန္တပ္ပနမီးခါတ်အနေနဲ့ မီးခါတ်လေးဟာ ပွင့်လာတော့တယ်၊ စက္ခုအကြည်က စက္ခုဝိညာဏ်ကိုမှီပြီး ဦးခေါင်းအိမ်ကြီးထဲမှာ ပိုးစုန်းကြူးများလက်သလို မီးခါတ်တွေဟာ လက်လာတော့ တယ်၊ ဒီတော့ ဦးခေါင်းအိမ်မှာ သညာနာမ်ခါတ်လေးတွေ

ပေါက်ဖွားနေတာဟာ သန္တပ္ပနမီးခေတ်ကနေပြီး မီးပွင့်နေတာပါ၊ ဒါကို စက္ခုသညာ၊ သောတသညာ၊ ဃာနသညာ၊ ဇိဝှါသညာ၊ ကာယသညာဆိုပြီး သုတ္တန်နည်းက ပြလာတာပါ၊ ဒါကို အခု အာနာပါနတရားကြီးက နာမ်ခေတ်လို့ ခေါ်တယ်။

ဒီ နာမ်ခေတ်ဟာ ဘာ့ကြောင့် ပေါ်ရသလဲ၊ ဒီသဘာဝကို အားထုတ်တဲ့အခါမှာ တွေ့လာပါလိမ့်မယ်၊ ဒီရုပ်နာမ်ကို တွေ့ပြီးတော့မှ သက်တန့်ရောင်ကြီးတွေ ထွက်လာလိမ့်မယ်၊ ဒီတော့ ထပ်ပြောပါအုံးမယ်၊ အဘိဓမ္မာညဝါကို ဆင်ခြင်တဲ့ အခါမှာ ဦးနှောက်အိမ်မှာရှိတဲ့ မီးခေတ်ဟာ မရပ်ဘဲအမြဲပွင့်နေတယ်၊ သွားရေးသွီးရေး စီးပွားရေးတွေကို ဆင်ခြင်တဲ့အခါမှာ မီးဖွားကျရုံလောက်သာ လက်တယ်၊ အရောင်မထွက်ပါ၊ ဒီတော့ ဦးနှောက်အိမ်က ထွက်တဲ့မီးခေတ်ကို မြင်လာတာကို ဒါဟာ သညာနာမ်ခေတ်လေးတွေပါလားလို့ ဆိုတာလာတွေ့တော့မယ်၊ ဒီဥနှောက်အိမ်မှာရှိတဲ့ သညာနာမ်ခေတ်လေးဟာ ပရမတ်သဘောလေးပါ၊ ဒီတော့ သညာနာမ်ခေတ်လေးဟာ ဘာကြောင့် မီးပွင့်ရသလဲဆိုတာကို လိုက်စစ်လိုက်တဲ့အခါမှာ အကြည်ခေတ် ၅-ပါးက ဆွဲယူလာတဲ့သဘောဘဲရှိတယ်။

ဒီတော့ ဝင်တဲ့လေသဘောက ရူပသညာစတဲ့ သညာ၅ လုံးကို ဆွဲလာတယ်၊ ဒါက အာရုံသဘောပါ၊ အဲဒါ အဆင်းဆိုတာမှာ သညာဝိညာဏ်က အပြုအမဲချပြီး ပြောလို့မရတော့ပါ၊ ဒီအာရုံသဘောကို ရုပ်သဘောလို့ပြောတာပါ၊ နာမ်သဘောကျတော့ ဒီရုပ်သဘောကို သွားဆွဲတဲ့သဘောကို လာတွေ့ဘယ်၊ ဒါကအာရမ္မဏိကသဘောပါ ဒီတော့အာရုံအာရမ္မဏိကသဘောဆိုပြီးပြလာတယ်၊ အာရမ္မဏိကနာမ်သဘောဆိုတာက ဥနှောက်

အိမ်မှာရှိတဲ့ သညာ ၅-လုံးကထွက်ပြီး ရူပသညာစတဲ့ သညာ ၅-လုံးကို ထွက်ဆဲ့တဲ့သဘောပါ၊ ဒီ ရူပသညာ ၅-လုံးက အာရုံအနေနဲ့ ပါလာတယ်၊ ဒီတော့ သညာဝိညာဏ် နယ်မှာသာ အဆင်းလို့ ပြောတာပါ၊ အခုအာနာပါနနဲ့ ရှုသိုက်တဲ့အခါမှာ အာရုံသဘောကို လာတွေ့တယ်၊ ဝိပဿနာကျတော့ အဆင်းဆိုတာ သညာရဲ့ အမှတ်ပါ၊ အခု အာနာပါနနဲ့ ကျတော့ အာရုံသဘောပါ၊ ဒီတော့ ဒီသညာလေးတွေ အညီအညွတ်ပေါင်းဆုံတာကို ဖဿသဘောပါ၊ ဒါကို အာရုံသဘောရုပ်၊ ဒါက မဟာသတိပဋ္ဌာန်နည်းနဲ့ ပြောတာပါ၊ဒီလိုပေါင်းဆုံပြီးဝိညာဏ်ကြီးက စားပွဲထိုင်လိုက်တာကျတော့ ဝေဒနာ သဘောပါ၊ ဒါက အာရမ္မဏိကသဘော နာမ်တရားပါ။

ကိုင်း....သာဓုသာ ခေါ်ကြပါတော့၊

သာဓု....သာဓု....သာဓု။

## တော်သလင်းလဆန်း ၁-ရက် နေ့ဟောစဉ်

# ပုံစံနံပါတ် (၁၉)

ဒုတိယ တံခါးပေါက်ကျတော့ တော်တော်လေး သိမ်မွေ့လာပြီ၊ သန္တပ္ပနမီးခေတ်ကနေ တိုက်ရိုက်ကျောက်နဂါးမီးခေတ် ဦးခေါင်းပိုင်းကြီးထွက်လာမယ်၊ ဒီနေ့ ပဌမတံခါးကို ဥက္ကောင်း ချရတော့မယ်၊ ဒီတော့ အာနာပါန ရုပ်နာမ်ကို တွေ့ပြီလားလို့ မေးရင် ဘယ်လိုပြောမလဲ၊ ဒီတော့ အာနာပါနမှာ အနုစိတ်ပြီးတော့ ရှာလာတာဟာ ပဉ္စဝိညာဏ်ကပေါ်တဲ့ ရုပ်နာမ် (ဝါ) အဆင်းနဲ့ အကြည် ဆုံတဲ့အခါမှာ ပေါ်လာတဲ့ရုပ်နာမ် (ဝါ) အာရုံငါးပါးနဲ့ ပသာဒ ၅-ပါးတို့ ဆုံတဲ့အခါမှာ ပေါ်လာတဲ့ ရုပ်နာမ်, နောက် စိတ်ဝိညာဏ်ကနေပြီး ပြန်တွေးလိုက်တဲ့အခါ ပေါ်လာတဲ့ ရုပ်နာမ်ဆိုပြီး အကျဉ်းနည်းဖြင့်ရင် ၂-မျိုးသာ ရှိတယ်။

ဒီတော့ အချုပ်စကားမှာ အဆင်းနဲ့ အကြည် ဆုံတဲ့အခါမှာ ရုပ်နာမ်ဘယ်လိုပေါ်သလဲ၊ ဒါဘဲရှိတော့တယ်၊ ဒါကို ပြောစမ်းပါ၊ ဒီတော့ အာရုံဟာ ဘယ်သဘောလဲ၊ အာရမ္မဏိကဟာ ဘယ်သဘောလဲ၊ ဒီတော့ အာရုံဟာ ရုပ်သဘော၊ ဒါဟာ ဘယ်အနေနဲ့ ပေါ်လာသလဲ၊ ဒါကို လိုက်ရှာရမယ်၊ ဒီတော့ အဆင်းကို အကြည်ခေတ်က ဆွဲတဲ့အခါမှာ သညာဝိညာဏ် သဘောမပါဘဲနဲ့ ဆွဲပြစမ်းပါ၊ သညာဝိညာဏ် သဘောနဲ့ ဆွဲတာကလွယ်တယ်၊ အဲဒါ ဆရာ့ဘဲ အဝါဘဲ ယောကျ်ားဘဲ မိန်းမဘဲ စသည်ဖြင့် နာမပညတ်နဲ့ သဏ္ဌာနပညတ်တွေကို ပြောမှာဘဲ မဟုတ်လား၊ ဒီတော့ သညာဝိညာဏ်သဘောမပါဘဲနဲ့ ဆွဲပြစမ်းပါ ဘယ်လိုဆွဲမလဲ။

ဒီတော့ အခုကလျှာကို အစွမ်းကုန်နှိုက်ပြလိုက်ပြီ၊ ကိုင်း ဒီတော့ အဆင်းနဲ့ အကြည်ဆိုတဲ့အခါမှာ ( ဥပမာ ) လဘက်ရေပုဂံနဲ့ မျက်စေ့နဲ့ ဆိုတဲ့အခါမှာ သညာဝိညာဏ်သဘော မပါဘဲနဲ့ ဆွဲပြစမ်း ဘယ်လိုဆွဲသလဲ၊ ပြောစမ်းပါ၊ အဆင်းလေးကို အကြည်ခါတ်လေးက ဘယ်အနေနဲ့ဆွဲသလဲ၊ အဲဒါ အဆင်းကို နာမပညတ်၊ သဏ္ဌာနပညတ်တွေအနေနဲ့ ပြောလို့မရဘောပါ၊ ဒီတော့ ဘာကိုဆွဲသလဲ၊ အဲဒါ ပဋ္ဋပွန်ဆတ်ဆတ်ပေါ် သဘော လေးအနေနဲ့ ဆွဲတယ်၊ ဒီတော့ အဆင်းလေးဟာ ဘယ် သဘာဝအနေနဲ့ လိုက်လာသလဲ၊ အဲဒါ ရှေ့ရှုထင်တဲ့ သဘော လေးအနေနဲ့ လိုက်ပါလာတယ်။

ဒီတော့ သံသရာကြီးမှာ နယ်ချဲ့နေတာဟာ သညာဝိညာဏ်က လှည့်ပတ်နေလို့ တဏှာ မာန ဒိဋ္ဌိတို့က နယ်ချဲ့နေတာပါ၊ အဲဒီလို သညာဝိညာဏ်နောက်ကို အလိုက်မှားလာလို့ ဥပါဒါန် အစီး အပွားနယ်ကြီးဟာ ကျယ်ပြီးနေတာပါ၊ ဒီတော့ သညာဝိညာဏ် ကို ရိုက်ချိုးလိုက်မှ ဥပါဒါန်ရဲ့ အစီးအပွား နယ်ကြီးထဲက လွတ် မယ်၊ ဒီတော့ သညာဝိညာဏ်ဟာ ဝိပ္ပလ္လာသထဲမှာ ပါနေတယ်၊ သညာက သညာဝိပ္ပလ္လာသ၊ ဝိညာဏ်က စိတ္တဝိပ္ပလ္လာသပါ၊ နောက် ဒိဋ္ဌိဝိပ္ပလ္လာသဆိုပြီး ဝိပ္ပလ္လာသ ၃-မျိုးရှိတယ်၊ ဒီလို ဝိပ္ပလ္လာသတွေမှာကို သညာဝိညာဏ်တို့က ရှေ့ဆောင်ပြီးလုပ်နေ တာပါ၊ ဒီသညာဝိညာဏ်နောက်လိုက်ပြီး နေကြတဲ့ပုဂ္ဂိုလ်တွေ ဟာ အာနာပါနကို ဘယ်မှာအားထုတ်လို့ရမလဲ၊ ဒီတော့ သညာ ဝိညာဏ်က လုပ်ကြံလိုက်တဲ့ နိမိတ်တွေရလာရင်ဘဲ ဟုတ်တယ် ထင်နေကြပြီ။

ဒီတော့ အချုပ်စကားပြောမယ်၊ အာနာပါနတရားကို အားထုတ်လို့ ၁၀-ရက်အတွင်းမှာ နိမိတ်ထင်လာရင်ဘဲ ထိုပုဂ္ဂိုလ်

မှာ စုန်းကဝေဘာဟာကပ်နေပြီ၊ (ဝါ) စုန်းကဝေပညာတွေ ရှိနေပြီ၊ ဒါကိုခေါ်သွင်းပြီးမေးရင် ဝန်ခံသာရမယ်၊ ဒီတော့ ယခုပြောလိုက်တဲ့သဘာဝကို ခံနိုင်ရင် တရားသာနာကြပါ၊ မခံနိုင်ရင် တရားလာမနာကြပါနဲ့၊ဒီတော့အာနာပါန အားထုတ်လို့ ၁-ရက် ၂-ရက်လောက်ရလာဘာနဲ့ နိမိတ်ထင်လာရင်ဘဲ ပါရမီရှိပြီလို့ထင်နေကြတယ်၊ ဒါဟာ သူ့မှာ စုန်းကဝေပညာတွေရှိနေတယ်၊ ဒီတော့ အာနာပါနကြီးဟာ အဲဒီ စုန်းကဝေပညာဝဲထဲသာ ရောက်နေကြတော့တယ်၊ ဒါကိုဆရာတော်က ဆွဲထုတ်ပြီးတော့ အာနာပါနတရားကနေ ရုပ်တရားကနေ ရုပ်တရားနာမ်တရားကို ရအောင်အားထုတ်ချင်ရင် စုန်းကဝေပညာတွေကနေပြီး ပေါ်လာတဲ့ နိမိတ်တွေမှန်ရင် အကုန်လုံးပယ်ပစ်ရမယ်။

ဒီတော့သညာဝိညာဏ်လုပ်ကြံတဲ့ဘက်ကို လိုက်မှားလာကြတဲ့အတွက်ကြောင့် အာနာပါနတရားကြီးဟာ အစစ်အမှန်ကို မရောက်ဘဲ စုန်းကဝေပညာဝဲထဲမှာသာ ကျနေကြတယ်၊ ဒီသဘာဝတွေကိုအခုခမ္မစကြာပဋိပတ် သာသနာပြုရိပ်သာကြီးက ရိုက်ချိုးပြီး အာနာပါနတရားကနေ ပရမတ် ရုပ်နာမ်ကို တွေ့အောင်ရှာပြမယ်၊ ကိုင်း အဆင်းနဲ့အကြည်ဆိုတဲ့အခါမှာ သညာဝိညာဏ်မပါဘဲနဲ့ အဆင်းလေးကို အကြည်လေးက ဘယ်အနေနဲ့ဆွဲသလဲ၊ စာတတ်တိုင်း တရားပေါက်မယ်မျှား ထင်နေကြသလား၊ နောက်စာမတတ်တဲ့အတွက် တရားမပေါက်တော့ပါဘူးလို့ကော ပြောနိုင်သလား၊ အချုပ်မှာ သဘာဝဥာဏ်ကျယ်လာရင် ဘယ်ပုဂ္ဂိုလ်ဘဲဖြစ်ဖြစ် တရားပေါက်နိုင်တယ်၊ဒီတော့သဘာဝဥာဏ်ကျယ်လာအောင် တရားပေးတဲ့ဆရာထံမှာ နည်းခံပြီးသင်ယူရပါသေးတယ်။

ဒီတော့ သဘာဝနယ်ကျယ်လာမှ မကျယ်ရင် အဲဒါဝိပဿနာတရားကိုဟောရင်ဘဲ ဝိပဿနာ အူပေါက်ဖြစ်ပြီး နောက်ဆုံးမှာ ဝါစာဝိက္ကေပဒိဋ္ဌိ အမရာဝိက္ခေပဒိဋ္ဌိထဲကျကုန်မယ်၊ ကိုင်းအခုမေးနေတဲ့ဟာ စာမပေါ်ပါ၊အဆင်းနဲ့ အကြည်ဆုံတဲ့အခါမှာ သညာဝိညာဏ်မပေါ်ဘဲနဲ့ အကြည်ဓာတ်လေးက အဆင်းလေးကို ဘယ်လိုဆွဲသလဲ၊ ဘယ်သဘာဝကိုသာဆွဲသလဲ၊ ဒါကိုကြံစည်ရမယ်၊ ပြောပြမယ်၊ အာရုံပြုထားပါ၊ အဆင်းမှာက သညာရိပ်လေးဟာ အမြဲရှိနေတယ်၊ ဆုံလိုက်တဲ့အခါမှာ ဘာပေါ်မလဲ၊ အတိတ်သညာက သမ္ပသနဉာဏ်လုပ်ငန်းစဉ်ကျမှ ပေါ်မှာပါ၊ ဒါကြောင့်ယခုဒီနေရာမှာ ခက်နေတာပါ။

ဒီတော့ "စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော" လို့ပြလာတဲ့အတိုင်း အဆင်း-အကြည်-အမြင် ဒီ ၃-ပါးပေါင်းလိုက်တဲ့အခါမှာ အဆင်းမှာလဲ ပစ္စုပ္ပန်သညာလေးပေါ်တာဘဲ၊ အကြည်မှာလဲပေါ်တာဘဲ၊ အမြင်မှာလဲ ပစ္စုပ္ပန်သညာတွေဟာပေါ်တာဘဲ၊ ဒီနေရာမှာ ဒီလိုယူရတယ်၊ ရှေ့ကဏ္ဍတွေကျတော့မှ သမ္ပသနဉာဏ်မှာ အတိတ်သညာလို့ပြောလာတာပါ၊ အခုဒီနေရာမှာက ဒီလိုအတိတ်သညာလို့ပြောလို့မရသေးပါ၊ ဒီတော့ အဆင်း-အကြည် အမြင် သုံးပါးဆုံလိုက်တော့ ပစ္စုပ္ပန်သညာသုံးလုံးဟာ ပေါင်းပြီးပေါ်ကြတယ်၊ အဲဒါပေါင်းဆုံခြင်းဟာ ပစ္စုပ္ပန်ဘဲမဟုတ်သား၊ပစ္စုပ္ပန်ဆိုတာ.... ပတိဉပ္ပန္နမျက်မှောက်ဖြစ်ပေါ်လာတာကိုပစ္စုပ္ပန်လို့ခေါ်တာပါ။

ဒီတော့ အဆင်းမှာလဲ ပစ္စုပ္ပန်သညာလေး ပေါ်လာရတယ် အကြည်မှာလဲပေါ်လာတယ်၊ အမြင်မှာလဲ ပစ္စုပ္ပန်သညာလေး ပေါ်လာရတယ်၊ ဒီတော့ ဆုံတယ်ဆိုတာဟာ ပစ္စုပ္ပန်သညာတွေ

ပေါ်လာမှ ဆုံတယ်လို့ခေါ်တယ်၊ ပစ္စုပ္ပန်သညာမှ မပေါ်ရင် ရှေ့ရှုရောက်နေသော်လဲ ဘာရယ်လို့မသိပါ၊ အဲဒါ ပစ္စုပ္ပန် သညာလေးပေါ်လာမှ ဆုံတယ်လို့ခေါ်တယ်၊ ဒီတော့ အဆင်း အကြည် အမြင်တို့လဲ ပေါင်းဆုံလိုက်ရော ပစ္စုပ္ပန်သညာလေး ၃-လုံးဟာ ပေါင်းပြီးပေါ်ကြတယ်၊ ဒီတော့ အဆင်းမှာပေါ်တဲ့ ပစ္စုပ္ပန်သညာလေးနဲ့ အကြည်ဓာတ်မှာပေါ်တဲ့ ပစ္စုပ္ပန်သညာ လေးဟာ ဘာ့ကိုဆွဲသလဲ၊ ဒီ ၂-ကောင်မှာ ဘယ်သူကဆွဲလို့ ဘယ်သူက အဆွဲခံရမလဲ၊ အဲဒါ အဆင်းမှာရှိတဲ့ သညာလေးက အဆွဲခံရမယ်၊ အကြည်ဓာတ်မှာရှိတဲ့ သညာကဆွဲမယ်၊သူ့မှာက ဗျာပါရလေးရှိနေတယ်။

အကြည်သညာဟာ နာမ်ဓာတ်ကနေပြီး ပေါ်လာတဲ့အတွက် ကြောင့်သူ့မှာ ဗျာပါရလေးရှိနေတယ်၊ အဆင်းသညာကျတော့ ရုပ်ဘက်က ထွက်လာတာ ဖြစ်ခြင်းကြောင့် ဗျာပါရမရှိပါ၊ ဒီတော့ အဆင်းသညာလေးကို အကြည်သညာလေးက ဘယ်လို ဆွဲသလဲ၊ ဒီတော့ အခုအာနာပါနတရားမှာ အဆွဲခံရတာကရုပ်၊ ဆွဲတာကနာမ်ဆိုပြီး ပြောလာတာပါ၊ အချုပ်မှာ ဘယ်လို ဆွဲသလဲ၊ ဒါဟာ ပဋ္ဌိပတ်ရဲ့လုပ်ငန်းစဉ်ပါ၊ ပဋ္ဌိပတ်သဘောဟာ ကျဉ်းနိုင်သမျှ ကျဉ်းပေးရမယ်၊ သညာဝိညာဏ်သဘော (ဝါ) ပရိယတ်သဘောကသာ ကျယ်တာပါ။

ကိုင်း... ဒီတော့ ဘယ်လိုဆွဲသလဲ၊ ဆွဲတဲ့ဗျာပါရလေးကို မြင်ရင် နာမ်တရားကို မြင်တယ်လို့ခေါ်တယ်၊ အဆွဲခံရတာကို မြင်ရင် ရုပ်တရားကိုမြင်ပြီ၊ ဒီတော့ အခု ဆုံတဲ့အခါမှာ ပစ္စုပ္ပန် ပေါ်တဲ့သညာလေးကိုသာ ဆွဲတာပါ၊ အနွဲတွေ့ထင်သလို အဖြူ အနီ၊ အဝါစသော အဆင်းကိုလဲ မဆွဲတော့ပါ၊ အဖြူ အနီ

စသည့်ဟာတွေကို ဆွဲတယ်လို့ထင်နေတာက အမှားပါ၊ ဒါဟာ အန္ဓတွေသိတဲ့ အသိမျိုးပါ၊ အခုဆိုတဲ့အခါမှာ ပဋ္ဌပွန်သညာလေးတွေဟာ ထွက်လာပြီ၊ အကြည်ဓာတ်ကထွက်တဲ့ ပဋ္ဌပွန်သညာကအဆင်းက ထွက်လာတဲ့ပဋ္ဌပွန်သညာကိုသွားဆွဲတာပါ၊ ဒီတော့ သွားဆွဲတာက အာရမ္မဏိက နာမ်သဘောပါ၊ အဆွဲခံရတာက အာရုံသဘော ရုပ်သဘောပါ။

ဒီတော့ ရုပ်နာမ်ဆိုတာ အဆင်းကိုလဲ ပြောတာမဟုတ်ပါ၊ အကြည်ဓာတ်ကိုလဲပြောတာမဟုတ်ပါ၊ ပဋ္ဌပွန်သညာလေးတွေကိုသာ ရုပ်နာမ်လို့ပြောတာပါ၊ ပြောပြမယ်၊ အကြည်ဓာတ်မှာ ပဋ္ဌပွန်သညာဟိတ်လေး ရှိနေတယ်၊ ဒါကို ထုတ်ပြမယ်၊ ဒီတော့ အဆင်းနဲ့အကြည်ဆိုတာဟာ ဘယ်သူကခိုင်းလို့ ဆုံကြတာလဲ အဲဒါ သညာဝိညာဏ်ကခိုင်းလို့ ဆုံတာပါ၊ ဘာ့ကြောင့် ခိုင်းသလဲ၊ ခံစားချင်လို့ခိုင်းတာပါ၊ ဒီတော့ သညာဝိညာဏ်ဟာ ခံစားရရင်ဘဲ ကောင်းသွားပြီ၊ ဒီသညာဝိညာဏ်ရဲ့ခံစားချင်တဲ့ ဗျာပါရလေးဟာ စက္ခုဝိညာဏ် (၀ါ) အမြင်သဘောလေးမှာ ပါလာတယ်၊ ဒီတော့ အဆင်းနဲ့အကြည်နဲ့လဲ ဆုံလိုက်ရော အကြည်ဓာတ်မှာရှိတဲ့ သညာထဲကို ဒီခံစားချင်တဲ့ ဗျာပါရလေးကို ကပ်ထည့်ပေးလိုက်တော့တယ်၊ ဒီတော့မှ အကြည်ဓာတ်မှာ ဣဋ္ဌ, အနိဋ္ဌတွေ ပေါ်ထွက်လာတာပါ။

အဲဒီလိုအကြည်ဓာတ်မှာ ဣဋ္ဌ,အနိဋ္ဌတွေ ပေါ်ထွက်လာတာသည်ပင် အာရမ္မဏိကနာမ်သဘော ဝေဒနာအရိပ်လေးပါ၊ အာရမ္မဏိကထဲမှာ ခံစားချင်တဲ့ သဘောလေးရှိတယ်၊ ဒီတော့ ဒီလိုပေါ်လာတာကိုမှ သညာဝိညာဏ်က ကောင်းတယ်, မကောင်းဘူးလို့ပြောလာတာပါ၊ ဒါကသညာဝိညာဏ်နဲ့ခံစား

တဲ့ဝေဒနာပါ၊ နောက်အရိပ်ကင်းတဲ့ဝေဒနာကို ပြောပြအုံးမယ်၊ ဒီတော့ အဆင်းနဲ့အကြည် ဆုံလိုက်တဲ့အခါမှာ အဆင်းခေတ်မှာ ဝေဒနာမပေါ်ပါ၊ အကြည်ခေတ်မှာသာ နာမ်ရဲ့ဗျာပါရလေးရှိနေခြင်းကြောင့် ဝေဒနာလေး ပေါ်ရတာပါ၊ ဒါဟာ အင်မတန်မှ ကြမ်းထန်းတဲ့ ဩဠာရိက ရုပ်သဘောနဲ့ နူးညံ့သိမ်မွေ့တဲ့သုခုမရုပ်တို့ တိုက်လိုက်တဲ့အခါမှာ သုခုမရုပ်ပေါ်မှာ ဒဏ်ရာဒဏ်ချက်အနေနဲ့ ဝေဒနာလေး လာပေါ်တာပါ။

ဒီတော့ ၂ ပါးဆုံလိုက်တော့ စက္ခုအကြည်မှာရှိတဲ့ ပစ္စုပ္ပန်သညာလေးကလဲ သွားဆွဲလိုက်ရော ပစ္စုပ္ပန်ဝေဒနာအရိပ်လေးဟာ နှလုံးအိမ်မှာရှိတဲ့ မီးခေတ်လေးက ဖွါးကနဲဆိုပေါ်လာတာကို နာမ်သဘောလို့ပြောတာပါ၊ဒီဟာကို အာရမ္မဏိကသဘောလို့ပြောတာပါ၊ ဒီတော့ အကြည်ခေတ်ပစ္စုပ္ပန် သညာမှာကို ခံစားချင်တဲ့မီးခေတ် ဝေဒနာသဘောလေးဟာ ပါလာတယ်၊ ဒီတော့မှ အဆင်းနဲ့အကြည်သဲဆုံလိုက်ရော အဲဒါ ကောင်း၊ မကောင်းဆိုတဲ့အနေနဲ့ အကြည်ခေတ်မှာရှိတဲ့ပစ္စုပ္ပန်သညာလေးက ဆွဲလာတော့တယ်၊ ဒီတော့မှ သညာဝိညာဏ်တို့ကလိုက်ဆွဲပြီး သုခဝေဒနာ, ဒုက္ခဝေဒနာဆိုပြီးတော့ မှတ်တမ်းတင်လာတော့တာပါ။

ဒီတော့ ရုပ်သဘောက အဆင်းသညာလေးထွက်လာတာပါ၊ နာမ်သဘောက အကြည်ခေတ်သညာလေး ထွက်လာတာပါ၊ သန္တပ္ပနမီးခေတ်ကထွက်လာတဲ့ ဝေဒနာသဘောလေးလောက်ကို နာမ်သဘောလို့ယူပါ၊ ရုပ်ကျတော့ အဆင်းလေးဟာ အလကားဘဲ၊ အဆင်းကထွက်လာတဲ့ သညာလေးကျတော့ ပေါ်သဘော၊ ဒါဟာ ဉာဏ်အားရှေ့ရှုထင်တဲ့သဘောပါ၊ ဒါဟာ အဆင်းရိပ်မှာ ပစ္စုပ္ပန်သညာရိပ်လေးဟာ ရုပ်သဘောပါ၊ ဘာ့ကြောင့်လဲ၊

အကြည်ဓာတ်သညာရဲ့ အဆွဲခံရတဲ့အတွက်ကြောင့် ရုပ်သဘော ပါ၊ ဒါကအာရုံသဘောပါ၊ အာရုံသဘောဆိုတာ တည်းတည်း ( ဒီး ဒီး ) လေးအနေနဲ့ အဖူး-အနီလို့ မရှိတော့ဘဲ ပေါင်းမှုပေါ် ရတာပါ၊ ဘာ့ကြောင့်ပေါ်သလဲ။

ဒီတော့ပေါင်းမှုပေါ်ရသောင်လဲ့ ဖယာရိပ်လေးအနေနဲ့ သူ့ မှာရှိနေတဲ့အတွက် သူ့မှာ တည်းတည်း ( ဒီးဒီး ) လေးအနေနဲ့ မရှိပါ၊ ဒါကိုလက်တွေ့ဝေဖန်ချလိုက်ရင် အကြည်ဓာတ်ဖြစ်တဲ့ အာရမ္မဏိကသဘောတို့ရဲ့ ပေါင်းစုပြီး ဖြစ်ပေါ်နေတာဟာ ရုပ် သဘောဘဲ ဒီအနေလောက်သာရှိတော့တယ်၊ ဒီတော့ ဘယ် မှာအသင်ကြီးစရာရှိတော့သလဲ၊ မသိခင်တုံးကတော့ ရုပ်တရား တွေကတည်ပြီးတော့မှ နာမ်တရားတွေတည်နေတဲ့ လောကကြီး ဘဲလို့ ယူလာခဲ့ကြတယ်၊ အခုတော့ လုပ်ငန်းစဉ်အနေနဲ့ ကြည့် လိုက်တော့ နာမ်တရားတို့ရဲ့ ပေါင်းစုံပြီးတော့နေတဲ့ သဘော လေးကို ရုပ်တရားလို့ ဆိုပါသား ဆိုတာကိုလာတွေ့နေပြီ၊ ဒီတော့ လောကကြီးတခုလုံးကို ကြည့်လိုက်တဲ့အခါမှာ သာယာစရာများ ရှိတော့သလား ဘယ်မှာရှိတော့သလဲ၊ အဲဒါနာမ်သဘောတို့ရဲ့ ပေါင်းစုံတဲ့ သဘာဝလေးကိုသာ ရုပ်လို့မြင်နေပြီဘဲ၊ ကိုင်းနား လည်သောက်ပြီ၊

ဒီသဘာဝကိုသိရင်ရှေ့ကိုတက်ရတော့မယ်၊ရှေ့ကျတော့ရုပ်ဆို တာ ဘယ်ဟာလဲဆိုရင် အပြင်မှာမယူတော့ပါ၊ဥပမာကြေးမုံပြင် မှာပေါ်တဲ့ရုပ်သဘာဝလောက်သာ ယူတော့မယ် ရှေ့ကျတော့ ဒီသဘာဝတွေဟာ ကြမ်းနေသေးတယ်၊ အဲဒါနောက် ဒီထက် သိမ်မွေ့တဲ့ ရုပ်ကိုရှာရတော့မယ်၊ ဒီတော့ ဒီထိအောင် တက် သွားတော့မယ်၊ ကိုင်း ဒီနေ့ အာနာပါန ပဌမတံခါးကို ဥက္ကောင်းချလိုက်ပါပြီ၊ နက်ဖြန် ဒုတိယတံခါးကို တက်မယ်။

# ညဟောစဉ်။

" တိက္ခဟာသ၊ ဇဝနဂမ္ဘီ၊ ဉာဏ်လေးလီဖြင့်၊ အခွံကိုခွာ၊ အကာကိုရှား၊ အသားကိုချေ၊ အနှစ်ကိုတေနိုင်မှ၊ သဘာဝ ဉာဏ်နက် ကျယ်သည်၏အဖြစ်ကိုရှင်း " လို့ တရားပိုင်ခေတ်ပိုင် တဲ့ပုဂ္ဂိုလ်ကြီးများ မိန့်တော်မူလာခဲ့သည့်အတိုင်း ယခု ပရမတ် ရုပ်နာမ် သဘာဝအနတ္တခေတ်လေးကိုမြင်တာနဲ့ ကလျာဏ ဘုမ္မိထဲကို ရောက်ပါတယ်၊ ဒီတော့ အာနာပါန ပဌမတံခါးကို ဟောခဲ့တာဟာ ၅-ရက်ရှိသွားပြီ၊ ဒီ ပဌမတံခါးကို ဥာကျောင်း ချုသိုက်ရင် ဒုတိယတံခါးကို တက်ရတော့မယ်၊ ဒီနေ့ ပဌမ တံခါးကို လုပ်ငန်းစဉ် အပြီးသတ် ဥကျောင်းချုရတော့မယ်၊ ဒီတော့ အာနာပါနတရားက ပေါ်လာတဲ့ ပရမတ်ရုပ်နာမ်ကို တွေ့ကြရဲ့လား၊ အလွယ်တကူနဲ့ပြောရရင် အာရုံ အာရမ္မဏိက ရုပ်နာမ်ပါ။

ဒီတော့ အာရုံနဲ့ အာရမ္မဏိက ရုပ်နာမ်တရားဟာ ဘယ်အနေ နဲ့ ရှိသလဲ၊ ဒီတော့ အာနာပါနတရားကိုလိုချင်ကြလို့ နေ့မပျက် ညမပျက် လာပြီးတရားနာနေကြတာဟာ အခု အာနာပါန တရားကထွက်လာတဲ့ ပရမတ်ရုပ်နာမ်ကိုတွေ့ပြီလား၊ ဒီတော့ ပဌမတံခါးကထွက်လာတဲ့ ရုပ်နာမ်ကို ထပ်ပြီးရှင်းပြလိုပါသေး တယ်၊ (ဥပမာ, " စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" ဆိုတဲ့ ပါဠိတော်ရဲ့ လုပ်ငန်းစဉ်ကို ယခု တင်ဆက်ကြည့်လိုက်ရင် နောက်တုံးက နာကြားလာခဲ့တဲ့ နာမရူပပရိစ္ဆေဒဉာဏ်ကို ပြန် ကိုင်ကြည့်ပါ၊ နာမရူပပရိစ္ဆေဒဉာဏ်ဟာ ရုပ်သဘာဝကိုရှာတဲ့ အခါမှာ ဌာန် ၄-ချက်နဲ့ ရှာလာဘယ်၊ ဒီလိုရှာလာရင်ဘဲ ဘယ်

နည်းနဲ့မှ မလွှဲတော့ပါ၊ အဲဒါ ပရမတ်ရုပ်နာမ်ကို တွေ့တော့တာဘဲ ဒီတော့ ဘယ်သဘာဝမဆို ဒီ ဋ္ဌာန် ၄-ချက်နဲ့ ရှာလိုက်ရင် တွေ့တော့တာဘဲ။

ဒီသဘာဝ ၄-ချက်နဲ့ စိတ်စေတသိက် ခေတ် ၄-ပါး ၈-ပါးတို့ကို ရှာရင်လဲ တွေ့တာဘဲ၊ ဒီ သဘာဝ ၄-ချက်ဟာ လိုရင်းပါဘဲ၊ ကိုင်းရှာပြမယ်၊ " စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော" လို့ပြလာတဲ့အတိုင်း အဆင်းအကြည် အမြင် အသိ ဒီ ၄-ပါးပေါင်းတာကို သိမှုပေါ်လာတယ်လို့ ပြောတာဘဲ မဟုတ်လား၊ အဆင်းဆိုဘာ လက္ခဏာရဲ့သဘောလို့မှတ်ပါ၊ ကိုင်း အဆင်းက အာရုံသဘော၊ အကြည်က သွားဆွဲတဲ့ အာရမ္မဏိကသဘော၊ ဒါဟာ ဘယ်လိုသွားဆွဲသလဲ၊ "တက္ခ-ဟာသ၊ ဇဝန-ဂမ္ဘီ၊ ဉာဏ်လေးလှီဖြင့် (လ) ထင်မြင်နိုင်သည်၏အဖြစ်ကိုရင်း" လို့ ပြလာတဲ့အတိုင်း အဲဒါ စိန္တာမယဉာဏ်ကြီးနဲ့ သဘာဝနှိုက်ရမယ်၊ အဆင်းလေးကို အကြည်ခေတ်က ဘယ်အနေနဲ့သွားပြီးဆွဲသလဲ၊ ဒါကိုဘဲ ရှုဆင်ခြင်နေပါ။

ပြောပြမယ်၊ အဆင်းနဲ့အကြည် ၂-ပါးဆုံတဲ့ အခါမှာ အဆင်းဆိုဘာ ဘယ်ဟာကိုခေါ်ဘာလဲ၊ အဖြူ အနီ အဝါလို့ ပြောတဲ့အဆင်းတွေဟာ တကယ့်ပရမတ်မဟုတ်ပါ၊ သညာဝိညာဏ်နဲ့ ပြောနေတာ ဖြစ်ခြင်းကြောင့် တကယ့်ပရမတ်အစစ် မဟုတ်ပါ၊ ဒီတော့ ပရမတ်သဘောအဆင်းလေးဟာ ဘယ်အနေနဲ့ရှိသလဲ ဆိုတော့ " မောင်ကောင်းကြီး " ကပစ္စုပ္ပန်ဆတ်ဆတ် ရွှေ့ရှုထင်တဲ့သဘောလို့ပြောတယ်၊ ဒါဟာမှန်သော်လည်း စိန္တာမယဉာဏ်ထဲ

မဝင်သေးပါ၊ ဒီတော့ အဆင်းနဲ့ အကြည်ဆိုတဲ့အခါမှာ အဆင်းဟာဘယ်ဟာလဲ၊ သညာဝိညာဏ်မပါစေနဲ့၊ မပါရင် အဝါဘဲ အနီဘဲ အဖြူဘဲလို့ ပြောလို့မရတော့ပါ။

ဒီတော့ အဲဆင်းလေးဟာ ဘယ်အနေနဲ့ရှိသလဲ၊ ပစ္စုပ္ပန်ဆတ်ဆတ် ပေါ်သဘောလေးအနေနဲ့ ရှိတယ်လို့ ပြောတာပါ၊ သညာဝိညာဏ်နဲ့ ဆွဲပြီးပြောရင် အဲဒါ အနီဘဲ-အဖြူဘဲ စသည်ဖြင့်ပြောလာတော့မယ်၊ ဒီတော့ ပစ္စုပ္ပန်ဆတ်ဆတ် ပေါ်သဘောဆိုတာဟာဘယ်ဟာလဲဆိုတော့ဟိုဘက်ကို "မောင်ကောင်းကြီး" မပြောတတ်တော့ပါ၊ ဒီနေရာကျတော့ သုတမယဉာဏ်နဲ့မရတော့ပါ၊ စိန္တာမယဉာဏ်နဲ့သာ လိုက်ရတော့မယ်၊ ဒါ့ကြောင့် "လူသာမန် နတ်သာမန်ပုထုဇဉ်သာမန်တို့ မကြံအပ် မကြံစည်နိုင်ရာ စိန္တာမယပညာ ဝရဇိန်မိုယ်းကြိုးစက်သွားမော ဝဋ္ဋဒုက္ခတို့ရဲ့ကုန်ရာ တိဟိတ်ပုဂ္ဂိုလ်တို့နှင့်သာ ထိုက်တန်ရာသော" လို့ ရေးလာတာပါ။

ဒီတော့ ပစ္စုပ္ပန်ဆတ်ဆတ် ပရမတ်ပေါ်သဘောလေးဟာ ဘယ်သဘောလေးလဲဆိုတာကို စစ်ပြမယ်၊ ဒီတော့ ပေါ်သဘောလေးဟာ ဘယ်သဘာဝလဲ၊ "စက္ခုံ စ ပဋိစ္စ ရူပေစ (လ) ဗသော" ဒီတော့ ပေါ်သဘောဆိုတာ အဆင်း အကြည် အမြင် ဒီ ၃ ပါးပေါင်းဆုံပြီးဖြစ်တာကို ပေါ်သဘောလို့ ပြောတာပါ၊ ဒါကိုပစ္စုပ္ပန်လို့ခေါ်တယ်၊ သူ့ဟာသူ လဘက်ရည်ပုဂံကြီးဘဲချထားရင် အကျိုးပစ္စုပ္ပန်လို့သာ ပြောသို့ရမယ်၊ အခုတော့ အဆင်းအကြည်အမြင် ဒီ ၃ ပါးပေါင်းပြီး ပေါ်လိုက်တာကို ပစ္စုပ္ပန်ဆတ်ဆတ်လေးရလာပြီ၊ ၃ ပါးပေါင်းတာက ပစ္စုပ္ပန်

ဆတ်ဆတ်၊ ဒါကသညာဝိညာဏ်မဆွဲနိုင်တာပါ၊ ပေါ်သဘော ဆိုတာက သညာလေးထွက်လာတာပါ၊ ဒါကြောင့် ပစ္စုပ္ပန်ဆတ် ဆတ်ပေါ်သဘောလို့ခေါ်တာပါ၊ ဒီလိုယူပါ၊ လဘက်ရေပုဂံ ကြီးကို သွားမယူပါနဲ့။

ကိုင်း စိန္တာမယပညာဖြင့်ရင် မြင်လာရမယ်၊ ပရိယတ်နဲ့ လိုက်နိုက်ရမယ်၊ ဒီတော့ ပစ္စုပ္ပန်သညာလေး ၃-လုံးမှာ၊ ဘယ် ဟာကရုပ်လဲ၊ ဘယ်ဟာကနာမ်လဲ ဆိုတော့ အဆင်းရုပ်သဘော၊ အကြည်ရုပ်သဘောလို့ ယူလို့မရတော့ပါ၊ အခုဒီနေရာမှာ သညာလေး ၃-လုံးကိုသာ ရုပ်-နာမ် ခွဲရတော့မယ်၊ ဒီတော့ အဆင်းနဲ့ အကြည် ၂-ပါးဆုံလိုက်တဲ့အခါမှာ သဘာဝနယ်မှာ သညာလေး၃-လုံးဟာပေါ်လာတော့တယ်၊ ဒါကိုသညာဝိညာဏ် ကဝင်ဆွဲလိုက်တော့မှ အဲဒါ ယောကျာ်းဘဲ မိန်းမဘဲ သတ္တဝါဘဲ ဆိုပြီးနောက်ဆုံး ပဋိစ္စသမုပ္ပါဒ်ကြီး လည်လာတာပါ၊ ဒါကိုနား လည်ရင် ဒီသညာလေး ၃ လုံးကိုသာ ဘယ်ဟာကရုပ်လဲ၊ ဘယ် ဟာကနာမ်သဘောလဲဆိုတာကို ခွဲပါတော့မယ်။

ကိုင်းခွဲပြမယ်၊ အဆင်းက ပေါ်လာတဲ့သညာက ရုပ်သဘော၊ အကြည်ဓာတ်က ပေါ်လာတဲ့သညာက နာမ်သဘောလို့ ခေါ် တယ်၊ ဘာ့ကြောင့်လဲ အကြည်ဓာတ်ကပေါ်လာတဲ့ သညာကို ဘာ့ကြောင့် နာမ်လို့ခေါ်သလဲ၊ ပြောပြမယ်၊ အဆင်းနဲ့ အကြည် ၂ ပါးဆုံတဲ့ အခါမှာ အကြည်ဓာတ်မှာ သန္တပ္ပန မီးဓာတ်ရှိနေတယ်၊ အဆင်းမှာက အကြည်ဓာတ်မရှိပါ၊ (ဝါ) သန္တပ္ပနမီးဓာတ်မရှိပါ၊ ဒါကြောင့် သူ့မှာ ဥဟာမီးဓာတ် လောင် မြိုက်နေတာဘဲ ရှိတော့ဘယ်၊ ဒီတော့ အဆင်းနဲ့ အကြည် ၂ ပါး

ဆိုလိုက်တဲ့ အခါမှာ ဘယ်သူ့မှာ ဒဏ်ရာဒဏ်ချက်ကျသလဲ ဆိုတော့ အကြည်ခါတ်မှာသာ ဒဏ်ရာဒဏ်ချက် လာပေါ်တာပါ၊ ဘာ့ကြောင့်လဲ၊ အကြည်ခါတ်မှာ သဏ္ဍာန်ပွန်မီးခါတ် ရှိနေလို့ပါ။

ဒီတော့ အကြည်ခါတ်မှာက ခံစားတဲ့ဝေဒနာလေးဟာ ဒဏ်ရာဒဏ်ချက်အနေနဲ့ အမြဲပေါ်နေတယ်၊ ဒါကို သညာက ရူဋ္ဌ, အနိဋ္ဌအနေနဲ့ မှတ်မယ်၊ ဝိညာဏ်ကြီးက သုခဝေဒနာ ဒုက္ခဝေဒနာအနေနဲ့ ခံစားပြီး ဟိုဘက်မှာ တဏှာ, ဥပါဒါန်,ဘဝ ဆိုပြီးတော့ ပဋိစ္စသမုပ္ပါဒ်ကြီး လှည့်နေပြီ၊ ဒီတော့ ဝေဒနာလေးဟာ အဆင်းခါတ်မှာ သဏ္ဍာန်ပွန်မီးခါတ်မရှိလို့ ဒဏ်ရာဒဏ်ချက် မပေါ်တာပါ၊ အကြည်ခါတ်မှာသာ သဏ္ဍာန်ပွန်မီးခါတ် ရှိနေလို့ ခံစားတဲ့ဝေဒနာအရိပ်လေး ပေါ်လာတယ်၊ အဲဒါဟာ ဥဇောက်အိမ်မှာကို သဏ္ဍာန်ပွန်မီးခါတ်လေးက ပွားကနဲ မီးခါတ်လေး ပွင့်လာတော့တယ်၊ ဒါဟာ အကြည်ခါတ်က ခံစားလိုက်တာသည်ပင် အာရမ္မဏိက နာမ်သဘောပါ၊ ဒါဟာ သဘာဝ ပစ္စုပ္ပန်ဝေဒနာလေးတွေ ပေါ်တာပါ၊ ဒါကို အာရမဏိက သဘောလို့ ခေါ်တာပါ။

အဆင်း ပစ္စုပ္ပန် သညာလေးကျတော့ အာရမ္မဏိကနာမ် သဘောက ဆွဲတဲ့အဘွက်ကြောင့် ရုပ်သဘော၊ ဒီတော့ အဆင်းက ထွက်လာတဲ့ ပစ္စုပ္ပန်သညာလေးကို ဘာ့ကြောင့် ဆွဲရသလဲ၊ ပြောပြမယ်၊ သူ့ကိုမှမဆွဲရင် သညာလို့မပြောနိုင်ပါ၊ ဒီတော့ သညာလို့ပြောနိုင်အောင်လို့ သူကဟန်ရေးပန်ရေးပြနေတာပါ၊ ဒါမှ အာရမ္မဏိကသဘောက ဆွဲလာတာပါ၊ ဒါကို ဝိပဿနာ

ဆရာကြီးတွေက " ဥပဋ္ဌာနကဧရာဝါဖလံဝါ ပစ္စုပဋ္ဌာန်နာမ" ဆိုပြီးပြလာတာပါ။

ဒီတော့ ပစ္စုပ္ပန်သညာ ခ·ပါး ပေါင်းဆုံလိုက်တာက နာမ် သဘောလေးပါ၊ ဒီ ခ·ပါးပေါင်း ပေါ်နေတဲ့ သဘာဝလေးဟာ ဖဿသဘောရုပ်ပါ၊ ဒီတော့ ရုပ်တရားဆိုတာကို မမြင်တဲ့သူက လဘက်ရေပုဂံ, လဘက်ရေအိုးဘဲလို့ ပြောနေတယ်၊ အခု ရုပ် နာမ်တရားဟာ ပစ္စုပ္ပန်ဆတ်ဆတ်ပေါ်တဲ့ ဗျာပါရလေးသာ ရှိတော့တယ်၊ သူတို့မှာ အနှစ်အသားအနေနဲ့ မရှိတဲ့အနေနဲ့ သာ ပေါ်နေတာဘဲဆိုတာကို လိုပုဂ္ဂိုလ်မြင်လိုက်ရင် သံတလောက ကြီး တခုလုံးမှာကို အနှစ်အသားအနေနဲ့ မဆွဲတော့ဘဲ အဲဒါ အနတ္တခေတ် အနေနဲ့သာ ယူသွားတော့မယ်။

ကိုင်း.... သာဓုသာ ခေါ်ကြပါတော့

သာဓု....သာဓု....သာဓု။

အာနာပါန ပဋ္ဌမ တံခါး ဥက္ကောင်းကျပါပြီ။

၁၀၄၄၅

( သု ) တေသိနံ သုမိတ္တာနံ၊
( ခ ) ဏောန အတ္တသာမကာ။
( ဝ ) စေ့တ္တနု သုခုမာပညာ၊
( တိ ) ရေတ္တနု ဘဝအဏ္ဏဝါ။

**သုတေသိနံ**၊ အနာကုလ တတ်သိပ္ပကို လုံ့လအားသီး ဖွေရှာ မျိုးကြကုန်သော။ သုမိတ္တာနံ၊ ငါးပါးမလွတ် မိတ်ကောင်းဝတ်မှ မချွတ်ယွင်းပေ ချစ်မိတ်ဆွေတို့အား။ **ခဏောန**၊ နှောင့်ယှက်လွတ် ကင်း ခဏခြင်းဖြင့်။ အတ္တသာမကာ၊ လောကဓမ္မ နှစ်ဝအကျိုး ဆောင်ပိုးပြီးမြောက်စေတတ်ကုန်သော။ သုခုမာပညာ၊ သမုဒ် နက်ကျယ် ယုန်သူငယ်သို့ နိုင်းဘွယ်မရှေ့ သိမ်မွေ့နက်နဲ ခက်ခဲ လှစွာမြတ်ပညာတို့သည်။ **ဝစေ့တ္တနု**၊ တနေ့တခြားကျယ်ပြန့်ပွားရှ ဖွံ့ ထွားတိုးတက်တော်မူကြပါစေကုန်သတည်း။ ဘဝအဏ္ဏဝါ၊ သုံးပါးဘဝ ဒုက္ခဇပြာကျယ်ဝဲ့ပင်လယ်မှ။ **တိရေတ္တနု**၊ မဂ်ပေါက် ဖိုလ်ပေါက်နိဗ္ဗာန်ရောက်အောင် ကူးမြောက်တော်မူနိုင်ကြပါစေ ကုန်သတည်း။

**ဘာသာရေးဆိုင်ရာ စာပေ ခွင့်ပြုချက် အမှတ် ( ၃၀၈၂ )**

ပုံနှိပ်သူ- ဦးစိန်တင်၊ ( ပ/၀၈၇၄ ) **သုခဝတီစာပုံနှိပ်တိုက်**၊
၈၄-ဗိုလ်ချုပ်လမ်း၊ မန္တလေးမြို့တွင် ရိုက်နှိပ်၍

ထုတ်ဝေသူ၊ ဦးစိန်တင်၊ ( ထ-မြ/၀၆၄၂ ) **သုခဝတီစာပေတိုက်**၊
၈၄ ဗိုလ်ချုပ်လမ်း၊ မန္တလေးမြို့မှ ထုတ်ဝေသည်။

ဖုံးနံပါတ် (၆၇၆)
တီ-၇/ ၆၅၂